နန္ဒမေဓာဘိ သိရိသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု

ဘွဲ့တံဆိပ်တော်ရ

ထန်းတပင် သာသနာပိုင်ဆရာတော်

အရှင်နန္ဒမေဓာ

စီရင်တော်မူအပ်သော

# ယမိုက်အာရကောက်

နှင့်

## ဂဏ္ဌိ–အနုဂဏ္ဌိ အချိုး အမျိုးမျိုး

---

ရန်ကုန်မြို့ ပြည်လမ်း မူလပဋ္ဌာန်းဆရာတော် ဦးနာရဒ-က ပြင်ဆင်တော်မူ၍
“အဘိဓဇ မဟာရဋ္ဌဂုရု” ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးက
ထပ်မံ၊ အဆုံးသတ် တည်းဖြတ် သုတ်သင်တော်မူသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၃၇ ဩဂုတ်လ ၁၉၇၅

၉၀၃၃

နန္ဒမေဓာဘိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု

ဘွဲ့တံဆိပ်တော်ရ

ထန်းတပင် သာသနာပိုင်ဆရာတော်

**အရှင်နန္ဒမေဓာ**

စီရင်တော်မူအပ်သော

# ယမိုက်အာရကောက်

နှင့်

## ဂဏ္ဍိ–အနုဂဏ္ဍိ အချိုး အမျိုးမျိုး

---

ရန်ကုန်မြို့ ပြည်လမ်း မူလပဋ္ဌာန်းဆရာတော် ဦးနာရဒ-က ပြင်ဆင်တော်မူ၍
“အဘိဓဇ မဟာရဋ္ဌဂုရု” ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးက
ထပ်မံ၍ အဆုံးသတ် တည်းဖြတ် သုတ်သင်တော်မူသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၄ ကောဇာ ၁၃၂၂

# ယမိုက်အရကောက်


၁။ စတင်ရိုက်နှိပ်ခြင်း .... .... .... .... ၁၉၅၈-ခု

၂။ ပဌမအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၆၃-ခု

၃။ ဒုတိယအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၆၅-ခု

၄။ တတိယအကြိမ် (ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၆၇-ခု

၅။ စတုတ္ထအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၆၉-ခု

၆။ ပဥ္စမအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၇၀-ခု



ပ-မ-ဗ-သ-စ—၁၀၁၇—၁၇-၆-၇၀—၃၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင်
အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A.,M.S.,B.L.
(မှတ်ပုံတင်အမှတ် ၀၈၇၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

# ဂန္ထာရမ္ဘကထာ ဒီပနီ

### သိရီရတ္တ—

(၁) စက္ကဝါဠေဟိ သုဏိတုံ၊ ပစုရာ သုရာ ဥပါဂမုံ။
ဓမ္မဝိဘုံ နယဝိဒုံ၊ ဝန္ဒေသုံ သိရသာ ဂရုံ။ ။

(၂) နယာတိနယမဏ္ဍိတံ၊ မဟေသိ တိဒသာလယေ။
ဓမ္မာဘိဓမ္မဂမ္ဘီရံ၊ အဒေသယိ သိလာသနေ။ ။

(၃) သန္တုသိ တပ္ပမုခေဟိ၊ သုရေဟိ ပရိမဏ္ဍိတော။
ဝိဇမ္ဘိတော ဝ တေမာသံ၊ ဒေဝါနံ ဟိတမာဝဟိ။ ။

[၃-သီတိဆန္ဒာနုဂတိ]

**ထူးကဲသော တရားမြတ်** "အဘိဓမ္မ" ဟူသည် သုတ္တန္တဓမ္မ ထက် ထူးကဲလွန်မြတ်သော တရားဟု ဆိုလိုပေသည်။ ဥပမာအားဖြင့် စိုက်ထူထားအပ်သော အလံတံခွန်များတွင် အခြားသော အလံတံခွန်တို့ထက် မြင့်မားနေသော အလံတံခွန်ကို "လွန်ကဲသော အလံတံခွန်"ဟု ခေါ်ဆိုရသကဲ့သို့ငြား၊ အသွေးအရောင်အားဖြင့် ထူးခြားနေသော အလံတံခွန်ကို "ထူးသော အလံတံခွန်" ဟု ခေါ်ဆိုရသကဲ့သို့ငြား ထို့အတူ သုတ္တန္တဓမ္မထက် လွန်ကဲထူးမြတ်နေသော ဓမ္မကိုလည်း (ဓမ္မထက်ဓမ္မ) "အဘိဓမ္မ"ဟု ခေါ်ဆိုရပေသည်။

မည်သို့ ထူးကဲလွန်မြတ်နေသနည်း?

ထိုထိုသုတ္တန္တဓမ္မများကို ဟောကြားရာတွင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ လေးဖြာသော ပရမတ္ထတရားများကို အသေးစိတ်ခွဲခြား၍ ဟောကြားတော် မမူခဲ့ပေ။ အလျဉ်း သင့်သလို အကျဉ်းဖြင့်သာ ဟောကြားတော်မူခဲ့ပေသည်။ အဘိဓမ္မာသို့ ရောက်မှသာလျှင် သုတ္တန်ဝေဘန်နည်း, အဘိဓမ္မာ ဝေဘန်နည်း, မေးနည်း ဖြေနည်းများဖြင့် တန်းဆာဆင်၍ အကြွင်းမဲ့ ဟောကြားတော်မူခဲ့ပေသည်။

ထို့ကြောင့်လည်း ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓ-ဟူသော နက်နဲခြင်း လေးရပ်ဖြင့် ပြည့်စုံလေသည်။ သမုဒ်ပင်လယ်သည် ယုန်သားငယ်တို့အတွက် ထောက်တည်ရန် ခက်ခဲဘိ၏သို့ ဤအဘိဓမ္မာ သမုဒ်ပြင်ကျယ်သည်လည်း မန္ဒဗုဒ္ဓိ အသိဉာဏ် မရင့်ကျက်သူတို့အတွက်မူ သက်ဝင်ရန် ခဲကတ်, အလဗ္ဘနေယျ ပတိဋ္ဌော ဒုက္ခောဂါဠှ ဖြစ်ကြရလေတော့သည်။

ခေတ်ပညာတတ်နှင့်
ဗုဒ္ဓအဘိဓမ္မာ

ထို့ကြောင့် လောကီယ အရာတွင် ပါရဂူကြီးများပင် အဘိဓမ္မာ နယ်ပယ်တွင် ယုန်သားငယ်သာ ဖြစ်ကြရလေသည်။ အမှန်အားဖြင့်လည်း တရား၏အရသာ, တရား၏နက်နဲခြင်းကို တရားနှင့်နေသူမှသာ သိနိုင်လေသည်။ အဘိဓမ္မာသဘာဝနှင့် လောကီယပါရဂူသည် မည်သို့မျှဆက်စပ်၍ မရစကောင်းချေ။

ထိုအချက်ကို ပိုမိုထင်ရှားစေရန် **ရှင်သိဂ္ဂဝထေရ်နှင့် တိဿလုလင်တို့၏** ပညာရေး ဆွေးနွေးစမ်းသပ်ဟန်ကို အနည်းငယ် ဖော်ပြရန်လိုအပ်ပေမည်။ တိဿလုလင်ကား ဗြာဟ္မဏနွယ်ဇာစ် တဆဲ့ခြောက်နှစ်မျှသာ ရှိပေသေးသည်။ သို့သော် သူကား သာမညလုလင်မဟုတ်ပေ။ "ဝေဒပါရဂူ" (ခေတ်ပညာတတ်) တယောက်ပင် ဖြစ်ပေသည်။

ထို့ကြောင့်လည်း သူသည် ရှိရင်းစွဲ ဇာတိမာန်တွင် ပညာတံခွန်ကို အထွတ်တင်ထားလေသည်။ တနေ့သော် အိမ်သို့ (သာသနာပြုရန် အကြံဖြင့်) ဆွမ်းခံကြွလာသော ရှင်သိဂ္ဂဝထေရ်အား ဝေဒနှင့်ပတ်သက်သော ပြဿနာများကို မေးမြန်း စမ်းသပ်လေတော့သည်။

ထိုပြဿနာများမှာ မေးသူ (တိဿ) ကိုယ်တိုင်လည်း အဖြေမှန် ရှာမရရုံသာမက သူ့ဆရာ ဗြာဟ္မဏပဏ္ဍိတ်ကြီးများပင်လျှင် လက်မြှောက်ထားရသော ခက်ဆစ်ပြဿနာများ ချည်းသာ ဖြစ်လေသည်။

သို့သော် ရှင်သိဂ္ဂဝထေရ်သည် မူလကပင် **"ဝေဒပါရဂူ"** ဖြစ်သည့်အပြင် **"ပဋိသမ္ဘိဒါပတ္တ"** ဘွဲ့ထူးလည်း ထပ်ဆင့်ရရှိထားသူ ဖြစ်သဖြင့် မဆိုင်းမတွပင် ပညာ ဒိုင်း, လှံ, ကာချပ်များဖြင့် ကြိုးစားခုခံ၍ တခုမကျန် အဖြေမှန် ပေးစွမ်းနိုင်သည်ချည်းသာ ဖြစ်လေသည်။

တိဿလုလင်သည် မေးတိုင်းပင် အဖြေကို ရရှိနေသဖြင့် တီးခေါက်စမ်းသပ်ရန် အကြံဉာဏ်များ ပါးလျား၍ စကားဆိတ်နေစဉ် ရှင်သိဂ္ဂဝထေရ်သည် သူ့အား ဖြေဆိုသူအဖြစ် အောက်ပါပုစ္ဆာဖြင့် အလှည့် ပေးလိုက်လေသည်။

"အမောင်တိဿ ပုဂ္ဂိုလ်တဦးတယောက်အတွက် ဖြစ်ပေါ်နေဆဲ (ချုပ်ပျောက်နေဆဲ မဟုတ်သော) စိတ်ဝိညာဉ်သည် နောင်အခါတွင် ချုပ်လည်း ချုပ်ပျောက်ဦးမည်, ထပ်မံ၍လည်း မဖြစ်နိုင်တော့-ဟု ဆိုနိုင်မည်လား?

တနည်းအားဖြင့်—ချုပ်ပျောက်လေရမည်သာ ဖြစ်၍၊ ထပ်မံ ဖြစ်ပေါ်လာနိုင်ခွင့်မရှိသော စိတ်ဝိညာဉ်သည် ဖြစ်ပေါ်နေဆဲ (ချုပ်ပျောက်နေဆဲမဟုတ်) ဟု ဆိုနိုင်မည်လား? "

ဤပြဿနာမှာ စိတ္တယမိုက်တွင် ဘုရားရှင် ဟောထားတော်မူသော (ပြဿနာများတွင် အလွယ်ကူဆုံးသော) ပြဿနာပင် ဖြစ်ပေသည်။

သို့သော် တိဿလုလင်အဘို့ကား အလွယ်ကူဆုံးသော ပုဒ်ဦးထွက် ဤပြဿနာသည် ပဟေဠိ (စကားထာ) ဝှက်သလိုသာ ဖြစ်နေပေသည်။ အဖြေကို မဆိုထားဘိ အမေးစကားကိုပင် နားလည်နိုင်စွမ်း မရှိတော့သဖြင့် "ဒါ ဘာမန္တန်ပါလဲ"ဟု လက်မြှောက်စကား လျှောက်ထား အရှုံးပေးရပေပြီ။ ရှင်သိဂ္ဂဝထေရ်လည်း ဗုဒ္ဓမန္တန် ဖြစ်ကြောင်း အမိန့်ရှိလျှင်ပင် ထိုမန္တန်ကို လိုချင်လှသော တိဿလုလင်သည် သာသနဘောင်သို့ ခိုဝင်ရောက်ရှိလာလေတော့သည်။

[ဤသည်ပင် ကန်တော့ဆွမ်းကိုသော်မျှ မရဘဲလျက် ခုနစ်နှစ် ခုနစ်မိုး ကြိုးစားကျိတ်မှိတ်ကာ ဆွမ်းရပ်ခဲ့ရသော ရှင်သိဂ္ဂဝထေရ်၏ သာသနာပြုအကြံသည် (သို့မဟုတ်) ရွှံ့နှံ့မှ ရွှေကောင်း, မြေခရောင်းမှ ကျောက်ကောင်းတစေ့ တွေ့ရှိရေးကြိုးစားချက်သည် ယခုမှပင် ကောင်းစွာအောင်မြင်ပေတော့သည်]။

တိဿလုလင်ဆိုသူမှာ အခြားသူမဟုတ်၊ နောင် တခေတ် သာသနာဝင်တွင် "တိပိဋကဓရ"ဘွဲ့ခံ၍ တတိယသံဂါယနာ၌ သံဃနာယက (မောဂ္ဂလိပုတ္တတိဿထေရ်) ဖြစ်တော်မူလှာအံ့သော လုလင်ပေတည်း။ အမှန်အားဖြင့် ထိုလုလင်သာမဟုတ်၊ ဦးခေါင်းရိုးကိုခေါက်ကြည့်ရုံမျှနှင့် ရောက်လေမည့် ဘုံဘဝကို အတပ်ပြောစွမ်းနိုင်သော ဗြာဟ္မဏပဏ္ဍိတ်ကြီးများပင် အကုန်အစင်မသိ။ အဘိဓမ္မာပညာရှင်တို့အတွက် ချွင်းချက်ပြုကြရစမြဲ ဖြစ်၏။ ရုပ်ဓာတ်, နာမ်ဓာတ်နှင့် ပတ်သက်လာလျှင် (အဘိဓမ္မာမှတပါး) အခြား မည်သည့် ပညာရပ်များမှာပင် ဖော်ပြနိုင်စွမ်း မရှိပေ။ ဤသည်ပင် (တနည်းအားဖြင့်) အဘိဓမ္မာ၏နက်နဲသော ဂုဏ်အသွင်ကို ဆောင်ခြင်းပေတည်း။

**ယမိုက်နိဿယ စာတော်မူများ** ယင်းသို့ နက်နဲသော အဘိဓမ္မာ ကျမ်းစာများအနက် ခြောက်ခုမြောက်သော ကျမ်းစာမှာ "ယမိုက်ပါဠိတော်"ပင် ဖြစ်၏။ ထိုပါဠိတော်ကို မြန်မာဘာသာအားဖြင့် ဖွင့်ဆိုရေးသားထားသော (နိဿယခေါ် အရကောက်) ကျမ်းစာများမှာ ခြောက်စောင်မျှရှိကြောင်း (ပိဋကတ်သမိုင်းတွင်) အောက်ပါအတိုင်း တွေ့ရပေသည်။

၁။ တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ ပဌမ တောင်ဘီလာ ဆရာတော် (အရှင်မုနိန္ဒဃောသ) မူ။

၂။ "အဂ္ဂဓမ္မာလင်္ကာရ မဟာရာဇဂုရု"ဘွဲ့တံဆိပ်တော်ရမြောက်နန်းကျောင်း ဆရာတော်မူ။

၃။ "အနန္တဓဇမဟာရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ တောင်ဘီလူးဆရာတော်မူ။ (ထန်းတပင်၏ဆရာဖြစ်သည်)။

၄။ ‘ တိပိဋကာလင်္ကာရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု,” “နန္ဒမေဓာဘိသိရိပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော် (နှစ်ထပ်)ရ ထန်းတပင် ဆရာတော်မှူ (ဤကျမ်းပင်)။

၅။ ညောင်ကန် (ဆရာတော် ဦးပိုး, ဦးဗုဓ်တို့၏ ဆွေမျိုး အမည်မသိ) ဆရာတော်မှူ။

၆။ “ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု,” “ဇမ္ဗုဒီပဓဇမုနိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု” ဘွဲ့တံဆိပ်တော်(နှစ်ထပ်) ရ နေရင်း (မာရ်အောင်) ဆရာတော်မှူ ဟူ၍ ဖြစ်လေသည်။

**ထန်းတပင် ဆရာတော်** ထို နိဿယ ကျမ်းပြု ဆရာတော်များ အနက် (ဤ အရကောက် ကျမ်းပြု) ထန်းတပင် ဆရာတော် ဘုရားကြီး၏ ထေရုပ္ပဒါန်, အကြောင်း မှန်ကို ကြည်ညိုသိရှိရန် လိုအပ်လေသည်။ လေ့လာရသမျှ ဖြစ်ကြောင်းကုန်စင်ကို သာသနာဝင် တင်အပ်လှပေသည်။ ထိုဆရာတော်ဘုရားကြီးကား ဇေတုတ္တရာမြို့တွင် ဖွားမြင်တော်မူ၍ နောင်အခါ ရွှေဘိုမြို့မြောက်လက် (ထန်းတပင်ရွာ) ထန်းတပင်မြို့သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ အဘိဓမ္မာ (ညဝါ) ပညာရပ်များကို “အနန္တဓဇ **မဟာရာဇဂုရု**” ဘွဲ့တံဆိပ်တော်ရ တောင်ဘီလူး ဆရာတော်ဘုရားကြီး ထံတွင် သုံးနှစ်တိုင်တိုင် လေ့လာဆည်းပူးတော်မူခဲ့လေသည်။

ထန်းတပင်မြို့ အရှေ့မြောက်အရပ်၌ အလောင်းမင်းတရားကြီး၏ ကျွန်ယုံတော်အမတ်ကြီး (**နန္ဒသီဟကျော်ထင်**) ဆောက်လုပ်လှူဒါန်းသော (**ဗောဓိ**) ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ၁၁၂၁-ခုနှစ်တွင် ယမိုက်နှင့် ပဋ္ဌာန်းပါဠိတော် အရကောက်ကျမ်းများကို(လေးလစီနှင့်အပြီး)စီရင်တော်မူခဲ့လေသည်။

၎င်းနောက် စစ်ကိုင်းတောင်ရိုးရှိ တိလောကဂုရုကျောင်းတိုက် ဘုံသုံးဆင့်ကျောင်းတွင် သီတင်းသုံးတော်မူသည်။ ထို့ကြောင့် “တိလောကဂုရုဆရာတော်ဘုရားကြီး” ဟုလည်း တွင်သည်။ ၎င်းနောက် ပုညစေတီ၏ အနောက်အရပ်၌ “**မင်းရဲမင်းလှရွှေတောင်**” (ငယ်မည် မောင်ရွှေဝိုင်းတွင်သော) မင်းသားသည် ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ ငါးနှစ်ပတ်လုံး သီတင်းသုံးတော်မူသည်။ ထိုစဉ်အတွင်း ရှေးကစီရင်၍ မပြီးပြတ်သေးသော ပဋ္ဌာန်းပါဠိတော်နိဿယကို ဆက်လက်စီရင်တော်မူသည်။ ၁၁၃၉-ခုနှစ်တွင် ပြီးသည်။ ။(ဤသည်ကို ထောက်ဆခြင်းအားဖြင့်၎င်း၊ စာသွား စာလာကို ထောက်ဆခြင်းအားဖြင့်၎င်း အရကောက်နှင့် နိဿယအတူတူပင်ဆိုသော ပိဋကတ်သမိုင်းစကားကို ဆင်ခြင်အပ်၏)။

ထိုမှတပါး ဘိက္ခုပါတိမောက် ပါဠိတော်နိဿယ, ဘိက္ခုနီပါတိမောက် ပါဠိတော်နိဿယ, ကစ္စည်းသဒ္ဒါရှစ်စောင် နိဿယများကိုလည်း စီရင်တော်မူခဲ့လေသည်။ စရစ်သာသနာပိုင် ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူသည့်နောက်တွင် သာသနာပိုင်ဖြစ်ကြောင်း, ဗားကရာဆရာတော်နှင့် ကူးတို့ဆရာတော်များပင် ၎င်း၏ထံတော်၌ (ညဝါ) သင်ယူဘူးကြောင်း, ၎င်းပြင် အတင်ဂိုဏ်းဝင်ဖြစ်ကြောင်း **(သီလဝိသောဓနီကျမ်းတွင်)** အဆိုရှိလေသည်။ ထိုမှတပါး အင်းဝမြို့တွင် မိုးထိကျောင်းဟောင်းရာ၌ ဆောက်လုပ်သော (မဟာမင်္ဂလာရွှေဘုံ) ကျောင်းကိုလည်း အလှူခံတော်မူရကြောင်း **(သုသောဓိတ ရာဇဝင်တွင်)** အဆိုရှိပေသည်။

**ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ကြိုးပမ်းချက်**

အဆိုပါ ထန်းတပင် ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ဤကျမ်းစာမှာ ယမိုက်ပါဠိတော်၌ ကွယ်ဝှက်နေသော (နေယျတ္ထ) အဓိပ္ပါယ်များကို အာစရိယဝါဒ, ခက်ဆစ်အဓိပ္ပါယ်, အစစ်ကောက်, အတုကောက်, ရသင့်ကောက်များဖြင့် တန်းဆာဆင်ထားပေသည်။ သို့အတွက် သာသနာတော် တခေတ်တွင် ထွန်းသစ်သော နေ့,လ, ပမာ အလွန်တရာမှ ကျေးဇူးများလှပေသည်။ နက်ရှိုင်းကျယ်ပြန့်သော အဘိဓမ္မာ လမ်းခရီးတွင် မီးရှူးတန်ဆောင်ပမာလည်း ညွှန်ပြလျက်သာ ရှိပေသည်။ သို့ရာတွင် အနှစ်-နှစ်ရာတိုင်တိုင်ပင် ကာလချိန်တာ ကြာညောင်းခဲ့ပြီဖြစ်သဖြင့် ထိုသည့် အတောအတွင်း အဆင့်ဆင့် ကူးယူလာခဲ့ကြခြင်းဖြင့် (ပတ္တမြားပင် မှန်သော်လည်း ဂေါ်မစင်, ချော်ဝင်သည့် ဘော်စင်ငွေသား ဟူ၍သို့) ချွတ်ယွင်း တိမ်းပါးချက်ကလေးများပင် စွက်ဖက်ဝင်လာခဲ့မည်ကို မည်သူမျှမငြင်းဆိုနိုင်ရာပေ။

ထို့ကြောင့် သာသနာတော်အား ဤမျှအကျိုးပြုနေသော ကျမ်းစာတစောင်ကို အစွန်း အထင်းများမှ ကင်းစင်သန့်ရှင်းလာစေရန် လိုလားတောင့်တရင်းစွဲရှိသော **နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးက** (ရန်ကုန်မြို့,ပြည်လမ်းတွင် သီတင်းသုံးတော်မူသော ပဋ္ဌာန်းပါရဂူ, ယမိုက်ပါရဂူစသော ကျမ်းများကိုပြုစုပြီးလျှင် ပြည်တွင်း,ပြည်ပမှ အဘိဓမ္မာလိုက်စားသူတို့အား သင်ကြားလျက်ရှိသော) **မူလပဋ္ဌာန်းဆရာတော် ဦးနာရဒအား** ဤကျမ်းကို ပြင်ဆင်ပေးတော်မူပါရန် လျှောက်ထားတောင်းပန်ခဲ့လေသည်။ လျှောက်ထားတောင်းပန်ချက်ကို လက်ခံတော်မူ၍ တာဝန်ယူ သုတ်သင်ပြင်ဆင်မှုကို ဆောင်ရွက်တော်မူခဲ့လေသည်။

ထိုမှတပါး (ရွှေပေါ်မြတင် ဟူသကဲ့သို့) အထူးသဖြင့် စင်ကြယ်သန့်ရှင်းလာစေရန် သံဂါယနာတင် ပါဠိကျမ်းစာများနည်းတူ "ပဋိဝိသောဓကနှင့် ဩသာနသောဓေယျ"အဖွဲ့များကို ဖွဲ့စည်းတော်မူ၍ ထပ်မံ အဆုံးသတ် တည်းဖြတ် ပြင်ဆင်ပေးတော်မူပါရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ လျှောက်ထားချက်အရ

ဆဋ္ဌသံဂါယနာဝန်ဆောင် **သံဃအဖွဲ့ကြီးက** အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သော **ဆဋ္ဌ သံဂါယနာ သံဃနာယက အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးအား** လျှောက်ထားလွှဲအပ်တော် မူခဲ့ကြလေသည်။

အဘိဓမ္မာပါရဂူဖြစ်တော်မူသော ဆရာတော်ဘုရားကြီးကလည်း ကိုယ်တော် တိုင် ဦးစီးညွှန်ပြကာ အောက်ပါတပည့်များပါဝင်သော "**ပဋ္ဌာနဝိသောဓကနှင့် ဩသာနသောဓေယျပတ္တပါဌက**"အဖွဲ့ကို ဖွဲ့စည်းစေတော်မူခဲ့လေသည်။

**၁။ လားရှိုးမြို့ မဟာဗောဓာရုံဆရာတော် ဦးကေသရ၊**

**၂။ ဦးဥတ္တမာနန္ဒာစရိယ (မစိုးရိမ်ကထိက,ဓမ္မာစရိယ)၊**

**၃။ ဦးတေဇောသာရ ( မစိုးရိမ်ကထိက,သက္ကျသီဟဓမ္မာစရိယ)၊**

**၄။ ဦးကောသလိနယ (မစိုးရိမ်ကထိက,ဓမ္မာစရိယ)၊**

ယင်းသို့ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ အံ့ချီးဖွယ်သော စေတနာကို အရင်းခံ၍ အဖန်ဖန် အထပ်ထပ် ဝါဂွမ်းဖတ်သကဲ့သို့ စေ့စပ်စေ့ငုကြည့်ရှု ပြင်ဆင် အပ်သော ဤကျမ်းစာသည် "အကြွင်းမဲ့သန့်စင်ကောင်းမွန်ပါပြီ"ဟု မဆိုနိုင် ငြားလည်း ယခင်နှင့် နှိုင်းစာလျှင် အမှားအမှန်,အသွင်အပြင်,အထားအသိုမှစ၍ များစွာခန့်ညား တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပေမည်။

ထို့ကြောင့် ပဋ္ဌာနပြန်ပွဲဝင် အရှင်မြတ်များနှင့်တကွ အဘိဓမ္မာကို လိုက်စား သော ပုဂ္ဂိုလ်များသည် သန့်ရှင်းသော စာတော်မူကို အလွယ်တကူ ကြည့်ရှုလေ့ လာနိုင်ကြ၍ အဘိဓမ္မာအရသာကို အောင်မြင်စွာခံစားနိုင်ကြလိမ့်မည်ဟု ယုံကြည် မြော်လင့်ရပါကြောင်း။ ။

မောင်းထောင် အရှင်ကောသလိနိယ

ဗုဒ္ဓနှေ့၁၃၂၀-ပြည့်နှစ်။

# ယမိုက်အရကောက် မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁။ | .... ပဏာမပဋိညာဉ် .... .... .... .... | ၁ |
| ၂။ | .... ၁-မူလယမိုက် .... .... .... .... | ၆ |
| ၃။ | .... ၂-ခန္ဓယမိုက် .... .... .... .... | ၅၀ |
| ၄။ | .... ၃-အာယတနယမိုက် .... .... .... | ၁၀၇ |
| ၅။ | .... ၄-ဓာတုယမိုက် .... .... .... .... | ၂၀၃ |
| ၆။ | .... ၅-သစ္စယမိုက် .... .... .... .... | ၂၀၇ |
| ၇။ | .... ၆-သင်္ခါရယမိုက် .... .... .... .... | ၃၀၃ |
| ၈။ | .... ၇-အနုသယယမိုက် .... .... .... | ၃၀၇ |
| ၉။ | .... ၈-စိတ္တယမိုက် .... .... .... .... | ၄၅၅ |
| ၁၀။ | .... ၉-ဓမ္မယမိုက် .... .... .... .... | ၄၆၉ |
| ၁၁။ | .... ၁၀-ဣန္ဒြိယယမိုက် .... .... .... .... | ၅၁၁ |
| ၁၂။ | .... နိဂုံးဂါထာများ .... .... .... .... | ၆၀၁ |
| ၁၃။ | .... ပဋိညာဝါရအရကောက်သစ် .... .... | ၆၀၇ |


### ယမိုက်ဂဏ္ဌိ


| | | |
|---|---|---|
| ၁၄။ | .... မူလယမိုက်ဂဏ္ဌိ .... .... .... .... | ၆၂၅ |
| ၁၅။ | .... ခန္ဓယမိုက်ဂဏ္ဌိ .... .... .... .... | ၆၃၉ |
| ၁၆။ | .... အာယတနယမိုက်ဂဏ္ဌိ .... .... .... | ၆၄၉ |
| ၁၇။ | .... ဓာတုယမိုက်ဂဏ္ဌိ .... .... .... .... | ၆၅၅ |
| ၁၈။ | .... သစ္စယမိုက်ဂဏ္ဌိ .... .... .... .... | ၆၅၉ |
| ၁၉။ | .... သင်္ခါရယမိုက်ဂဏ္ဌိ .... .... .... .... | ၆၆၇ |
| ၂၀။ | .... ယမိုက်ချီး .... .... .... .... | ၆၇၅ |


### ယမိုက်အနုဂဏ္ဌိ


| | | |
|---|---|---|
| ၂၁။ | .... မူလယမိုက်အနုဂဏ္ဌိ .... .... .... | ၆၇၉ |
| ၂၂။ | .... ခန္ဓယမိုက်အနုဂဏ္ဌိ.... .... .... .... | ၇၀၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၂၃။ .... | .... အာယတနယမိုက်အနုဂဏ္ဍိ .... | .... ၃၂၅ |
| ၂၄။ .... | .... ဓာတုယမိုက်အနုဂဏ္ဍိ .... .... | .... ၃၄၀ |
| ၂၅။ .... | .... သစ္စယမိုက်အနုဂဏ္ဍိ .... .... | .... ၃၄၅ |
| ၂၆။ .... | .... သင်္ခါရယမိုက်အနုဂဏ္ဍိ .... .... | .... ၃၆၂ |


မာတိကာ ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဏာမ ပဋိညာဉ်

(၁) ယမဿ ဝိသယာတီတံ၊ လောကနာထံ ဘိဝန္ဒိယ။
ဓမ္မံ သံဃဉ္စ အမလံ၊ ဂုဏာသာမိဉ္စ မေ ဂရုံ။ ။
(တတိယ နကာရ ဝိပုလာ ပထျာဝတ္တ)

(၂) ပေါရာဏေဟိ ကတာနေကာ၊ သန္တိ ကိဉ္စာပိ နိဿယာ။
အတိသင်္ခေပဝိတ္ထာရာ၊ န သက္ကာ သမ္မ သိက္ခိတုံ။ ။
(ပထျာဝတ္တ)

(၃) ယမကဉ္စ ပကရဏံ၊ ကရိဿံ တေန နိဿယံ။
သိဿာနုသိဿသိက္ခတ္ထံ၊ ကာမေ ဇောတိံ ဝ သာသနံ။ ။
(ပဉ္စမ နကာရ ဝိပုလာ ပထျာဝတ္တ)

(၁) အဟံ၊ငါသည်။ ယမဿ၊ယမမင်း၏။ ဝိသယာတီတံ၊ အရာကိုလွန်တော်မူပြီးထသော။ လောကနာထံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဘိဝန္ဒိယ-အဘိဝန္ဒာမိ၊အလွန်ရှိသေစွာ ရှိခိုးပါ၏။အဘိဝန္ဒိယ-အဘိဝန္ဒိတွာ၊၍။ အမလံ၊ အညစ်အကြေး ကင်းထသော။ တနည်းကား။ အညစ်အကြေး၏ ဆန့်ကျင်ဘက်လည်း ဖြစ်ထသော။ဓမ္မဉ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိ ဟု ဆိုအပ်သော ၁၀-ပါးသော တရားတော်ကိုရင်း။ အမလံ၊ ကိလေသာကင်းထသော။သံဃဉ္စ၊မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထ သံဃာတော်ကိုရင်း။ဂုဏာသာမိံ၊ ကျေးဇူးသခင် အရှင်ဖြစ်တော်မူသော။ မေ၊ ငါ၏။ ဂရုဉ္စ၊ ဆရာကိုရင်း။ အဘိဝန္ဒိယ-အဘိဝန္ဒာမိ၊ အလွန်ရှိသေစွာ ရှိခိုးပါ၏။ အဘိဝန္ဒိယ-အဘိဝန္ဒိတွာ၊ ၍။ယမကဿ၊ ယမိုက်ကျမ်း၏။ နိဿယံ၊ နိဿျကို။ ကရိဿံ ကရိဿာမိ၊ ပြုပေအံ့။

[ကရိဿံ ၌ အတ္တနောပုဒ် ဿံ ဝိဘတ်သည် ဘောကံ ကတ္တားသုံးပါးတို့တွင် ဘောကံ ကို မဟော၊ ကတ္တားကို ဟောသည်ဟု သိစေခြင်းငှါ ကရိဿာမိဟု ပရဿပုဒ် . ဿာမိဝိဘတ်နှင့် ဖွင့်သည်။ ထို့ကြောင့် ဆရာ

တို့လည်း ပရဿပဒမာချာတံ၊ ကတ္တုနောယေဝ ဝါစကံ။ အတ္တနောပဒမာချာတံ၊ဘာဝေ ကမ္မနိ ကတ္တရိ။ ဟု မိန့်အပ်ပြီ]။

(၂) ပေါရာဏေဟိ၊ ရှေး၌ဖြစ်ကုန်သော ဆရာမြတ်တို့သည်။ ကတာ၊ ပြုအပ်ကုန်သော။ အနေကာ၊များစွာကုန်သော။ ယမကဿ၊ ယမိုက်ကျမ်း၏။နိဿယာ၊ နိသျှတို့သည်။ ဝါ၊ မှီရာတို့သည်။ ကိဉ္စာပိ သန္တိ၊ အကယ်၍ကား ရှိကုန်၏ရှင့်။ပန တထာပိ၊ ထိုသို့ပင် ရှိလေငြားသော်လည်း။ တေသံ နိဿယာနံ၊ ထိုနိသျှတို့၏။ အတိသင်္ခေပဝိတ္ထာရာ-အတိသင်္ခေပအတိဝိတ္ထာရတ္တာ၊ အလွန်ကျဉ်းလွန်း အလွန်ကျယ်လွန်းသည်၏အဖြစ်ကြောင့်။ ယမကံ၊ ယမိုက်ဖြစ်သော။ ပကရဏဥ္စ၊ကျမ်းကိုလည်း။ သမ္မာ၊ ကောင်းစွာ။ သိက္ခိတုံ၊ သင်အံ့သောငှါ။ ယသ္မာ၊ အကြင့်ကြောင့်။ န သက္ကာ၊ မတတ်ကောင်း။

(၃) တေန တသ္မာ ကာရဏာ၊ထို့ကြောင့်။ သိဿာနုသိဿသိက္ခတ္ထံ၊အဆက်ဆက်သော တပည့်သားတို့ သင်ကြားစေခြင်းအကျိုးငှါ။ သာသနံ သာသနဿ၊ သာသနာတော်၏။ ဇောတိံ၊ ထွန်းလင်းတောက်ပခြင်းကို။ ကာမောဝ ကာမေဝေ၊ အလိုရှိသည်ဖြစ်၍သာလျှင်။ ယမကပကရဏဿ၊ ယမိုက်ကျမ်း၏။ နိဿယံ၊ နိသျှကို။ဝါ၊မှီရာကို။ကရိဿံ ကရိဿာမိ၊ပြုပေအံ့။တနည်းကား။စီရင်ပေအံ့။

[အတိသင်္ခေပဝိတ္ထာရာ ၌ ဆန္ဒာနုရက္ခဏအလို့ငှါ ဝိတ္ထာရ ရှေ့၌အတိသဒ္ဒါ,နောက်၌ တ္တပစ္စည်းကျေသည်။ ။ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊ ဒွေစာပရေ ဝဏ္ဏဝိကာရနာသာ၊အစရှိသော ဂါထာနှင့်အညီ နိရုတ္တိနည်းငါးပါးတွင် မေခလာကဲ့သို့ ဝဏ္ဏနာသ ကြံသည်။သမ္မ သိက္ခိတုံ ၌လည်း ဆန္ဒာနုရက္ခဏအလို့ငှါ ရဿပြုသည်။ကာမော ဇောတိံ ဝ သာသနံ ၌ ဝေသဒ္ဒါကား အဋ္ဌာနပယုဂ် အညယောဂတည်း။ဝေသဒ္ဒါဖြင့် အတ္တုက္ကံသန ပရဝမ္ဘနအစရှိသော အကုသိုလ်ဓမ္မကိုကန့်။ သာသနာတော်၏ စည်ပင်ထွန်းပခြင်းကို အလိုရှိသော သမ္မာဆန္ဒကို သန္နိဋ္ဌာန၊ပညာဝစုန-အစရှိသောအကျိုးတို့ကို အနုညာတယူလေ]။

## ယမကအဓိပ္ပါယ်

ဤယမိုက်ကျမ်းသည်ကား **ကေနဋ္ဌေန ယမကန္တိ ယုဂဋ္ဌေန၊ ယုဂဋ္ဌ ယမကန္တိ ဝုစ္စတိ** အစရှိသော အဋ္ဌကထာပါဌ်နှင့်အညီ **ယမက ပါဠိဟာရိယံ ယမကသာလာနမန္တရေ** အစရှိသည်တို့ကဲ့သို့ အစုံဟူသော အနက်ကို ဟောသော အနိပ္ဖန္န ပါဠိပဒိကသဒ္ဒါတည်း။ ထို့ကြောင့် ဝိဂ္ဂိုဟ်မပြုကောင်း။ ဤကျမ်း၌ အနုလောမ-ပဋိလောမ အစုံ၊ သန္နိဋ္ဌာန်-သံသယ အစုံ၊ ပုစ္ဆာ-ဝိဿဇ္ဇနာ အစုံ။ ဤသို့ အစုံ အစုံသော ဒေသနာတို့၏ အစွမ်းအားဖြင့် ဟောအပ်သောကြောင့်

**ယမကမည်၏**။ **တနည်း**။ ဝိဂ္ဂိုဟ်ပြုသော်ကား **ယမနံ ဥပရမနံ ယမော**။ ယမနံ ဥပရမနံ၊ကင်းခြင်း။ ယမော၊ ကင်းခြင်း။ ယမုဓာတ် အပစ္စည်း၊ အရကား ၁၀ တ္တဝါတို့၏ ထိုထိုသော ဘဝမှ ကင်းခြင်းတည်းဟူသော မရဏ ရ၏။ **ယမဿ ဝိသယော ယမော**။ ယမဿ၊ သေခြင်း၏။ ဝိသယော၊ အကြောင်းအရာတည်း။ ယမော၊ သေခြင်း၏ အကြောင်းအရာ။ (ဥတ္တရလောပ ဆဋ္ဌီတပ္ပုရိသ်သမာသ်) ယမော-ဟူသော သမာသ်ပုဒ်၏အရကား မရဏသည် အပ္ပဓာနအားဖြင့် ရ၏။ မရဏ၏ အကြောင်းဖြစ်သော ဇာတိသည် ပဓာနအားဖြင့် ရ၏။ ဝါ-မရဏ၏ အရာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးတို့သည်ကား ပဓာနအားဖြင့် ရ၏။ **ကမတိ အတိက္ကမတီ-တိ ကော**။ ယော ဘဂဝါ၊ သည်။ ကမတိ အတိက္ကမတိ၊ လွန်တတ်၏။ ဣတိ၊ ကြောင့်။ သော ဘဂဝါ၊ သည်။ ကော၊ က-မည်တော်မူ၏။ (ကတ္တုသာဓနေ ကိတ်ပုဒ်ဝိဂ္ဂိုဟ်၊ ကမုဓာတ်၊ ကွိပစ္စည်း) ကမုဓာတ်၏ အရကား မဂ်လေးပါးတို့၏ ကိလေသပဟာနသတ္တိသည် မုချ၊ ကိလေသာတို့၏ အဘာဝသည် ကာရဏူပစာရတ္ထ၊ ဇာတိ၏ အဘာဝ ဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော ခန္ဓမာရ်၏ အဘာဝသည် ကာရဏူ။ ကွိပစ္စည်း၏ အရကား ထိုမုချ ဥပစာရတ္ထ တို့ဖြင့် မှတ်အပ်သော မြတ်စွာဘုရား ရ၏။ **ယမံ ကော ယမကော**။ ယမံ၊ သေခြင်း၏ အကြောင်းဖြစ်သော ဇာတိ၊ သေခြင်း၏အရာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးကို။ ကော၊ အကြောင်းကို ပယ်တော်မူသဖြင့် လွန်တော်မူတတ်သည်တည်း။ယမကော၊ သည်။(ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ်ဝိဂ္ဂိုဟ်၊ ယမပုဒ်၊ ကပုဒ်) ယမကော ဟူသော သမာသ်ပုဒ်၏အရကား သေခြင်း၏အကြောင်းဖြစ်သော ဇာတိ၊ သေခြင်း၏အရာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးသည် အပ္ပဓာနအားဖြင့် ရ၏။ လွန်တတ်သော မြတ်စွာဘုရားသည် ပဓာနအားဖြင့် ရ၏။ **ယမကဿ ဣဒံ ယမကံ**။ ယမကဿ၊ သေခြင်း၏အကြောင်းအရာကို လွန်ပြီးသော မြတ်စွာဘုရား၏။ ဣဒံ ပကရဏံ၊ ကျမ်းတည်း။ ယမကံ၊ သေခြင်း၏ အကြောင်းအရာကို လွန်ပြီးသော မြတ်စွာဘုရား၏ကျမ်း။ (ယမကဿ ဣဒံ ကား ဣဒံတဒ္ဓိတ်ပုဒ်ဝိဂ္ဂိုဟ်၊ ယမကံ ကား တဒ္ဓိတ်ပုဒ်၊ ယမကပုဒ်၊ ဏပစ္စည်း) ဣဒံအနက်၌ သက်သော ဏပစ္စည်းအရကား မြတ်စွာဘုရားသည် အပ္ပဓာန၊ ယမိုက်ကျမ်းသည် ပဓာနအားဖြင့် ရ၏။

**တနည်းကား**။ ယမတိ န ပရိဝိသတီတိ ယမော။ ယော ရာဇာ၊ အကြင်ယမမင်းသည်။ ယမတိ န ပရိဝိသတိ၊ မသွင်းတတ်။ ဣတိ၊ ကြောင့်။ သော ရာဇာ၊ သည်။ ယမော၊ မည်၏။ (ကတ္တုသာဓနေကိတ်ပုဒ်ဝိဂ္ဂိုဟ်၊ ယမုဓာတ် အပစ္စည်း) ယမုဓာတ်၏အရကား ယမမင်း၏ဘဝသို့ မသွင်းတတ်သော သတ္တိရ၏။ အပစ္စည်း အရကား သတ္တိမန္တဖြစ်သော ယမမင်းရ၏။ ယမဿ ဝိသယော ယမော။ ယမဿ၊ ယမမင်း၏။ ဝိသယော၊ အရာတည်း။ ယမော၊ ယမမင်း၏အရာ။ (ယမောကား ဥတ္တရလောပ ဆဋ္ဌီတပ္ပုရိသ် သမာသ်ပုဒ်ဝိဂ္ဂိုဟ်၊ ယမပုဒ်-ဝိသယပုဒ်)

ယမော ဟူသော သမာသ်ပုဒ်၏အရကား ယမမင်းသည် အပ္ပဓာနအားဖြင့် ရ၏။ ထိုယမမင်း၏ အရာဖြစ်သော မရဏသည် ၎င်း, ထိုယမမင်း၏ အာဏာဖြစ်ရာ အရပ်သည်၎င်း ပဓာနအားဖြင့် ရ၏။ ကမတိ အတိက္ကမတီတိ ကော။ ယော ဘဂဝါ၊ သည်။ ကမတိ အတိက္ကမတိ၊ ၏။ ဣတိ၊ ကြောင့်။ သော ဘဂဝါ၊ သည်။ ကော၊ က-မည်၏။ (ကောကား ကိတ်ပုဒ်ဝိဂြိုဟ်၊ ကမုဓာတ် ကွိပစ္စည်း) ကမုဓာတ် ၏အရကား မင်္ဂ၏သမုစ္ဆေဒပဟာနသတ္တိသည် မုချ၊ ကိလေသမာရ်၏ အဘာဝ သည် ကာရဏူ၊ ထိုကိလေသမာရ်လျှင် အကြောင်းရင်းရှိသော မစ္စုမာရ်-ခန္ဓမာရ် တို့၏ အဘာဝသည် ကာရဏူ။ ကွိပစ္စည်းအရကား ထိုမုချတ္ထ-ဥပစာရတ္ထတို့ဖြင့် မှတ်အပ်သော မြတ်စွာဘုရား ရ၏။ ယမံ ကော ယမကော။ ယမံ၊ ယမမင်း၏ အရာကို။ ကော၊ လွန်တတ်သည်တည်း။ ယမကော၊ သည်။ (ယမကောကား ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ်ဝိဂြိုဟ်၊ ယမပုဒ်၊ ကပုဒ်) ယမကောဟူသော သမာသ်ပုဒ်၏ အရကား ယမမင်း၏အရာဖြစ်သော မရဏ အာဏာပဝတ္တိဋ္ဌာန သည် အပ္ပဓာနအားဖြင့် ရ၏။ မြတ်စွာဘုရားသည် ပဓာနအားဖြင့် ရ၏။ ယမ ကေန ဒေသိတံ ယမကံ။ ယံ ပကရဏံ၊ အကြင်ကျမ်းကို။ ယမကေန၊ ယမမင်း၏ အရာကို လွန်ပြီးသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သည် တည်း။ ဣတိ၊ ကြောင့်။ တံ ပကရဏံ၊ သည်။ ယမကံ၊ မည်၏။ (ယမကံကား ဒေသိတ တဒ္ဓိတ်ပုဒ်ဝိဂြိုဟ်၊ ယမကပုဒ်၊ ဏပစ္စည်း) ဏပစ္စည်း၏ အရကား မြတ်စွာ ဘုရားသည် အပ္ပဓာနအားဖြင့်ရ၏။ ယမိုက်ကျမ်းသည် ပဓာနအားဖြင့် ရ၏။ ဤဝစနတ္ထသည်ကား "ယမဿ ဝါ ရညော ဝိသယံ"အစရှိသော ဋီကာပါဠိနှင့် အညီတည်း။

**တနည်းကား**။ ယမဿ ရာဇဿ ဝိသယံ ကမတိ အတိက္ကမတိ ဧတေနာတိ ယမကံ။ ဧတေန၊ ဤကျမ်းဖြင့်။ ယမဿ ရာဇဿ၊ ၏။ ဝိသယံ၊ အရာကို။ ကမတိ အတိက္ကမတိ၊ လွန်တတ်၏။ ဣတိ၊ ထိုသို့လွန်ကြောင်းဖြစ်သော သတ္တိ ကြောင့်။ တံ ပကရဏံ၊ ထိုကျမ်းသည်။ ယမကံ၊ ၏။ (ယမကံကား ကရဏသာဓန ကိတ်ပုဒ် ဝိဂြိုဟ်၊ ယမသဒ္ဒူပပဒ-ကမုဓာတ်၊ကွိပစ္စည်း) ကမုဓာတ်၏ အရ ကတ္တုတ္ထ ကြိယာကား ဝေနေယျတို့၏ မင်္ဂဖိုလ်၏ ပဟာနသတ္တိသည် မုချ။ ကရဏတ္ထကြိယာ အရကား ထိုမင်္ဂအား တပ်သော ယမိုက်ကျမ်း၏ ပကတူပနိဿယသတ္တိသည် ဖလူ၊ ကွိပစ္စည်း အရကား ထိုဖလူဖြင့် မှတ်အပ်သော ယမိုက်ကျမ်းရ၏။

**တနည်းကား**။ နိဗ္ဗာနံ ယန္တိ ဂစ္ဆန္တိ ဧတေနာတိ ယံ။ ဧတေန ပကရဏေန၊ ဖြင့်။ နိဗ္ဗာနံ၊ သို့။ ယန္တိ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိ၊ ကြောင့်။ တံ ပကရဏံ၊ သည်။ ယံ၊ ယ မည်၏။ (ယံကား ကရဏသာဓန ကိတ်ပုဒ်ဝိဂြိုဟ်၊ ယာဓာတ်, ဏပစ္စည်း) ယာဓာတ်၏ အရ ကတ္တုတ္ထကြိယာကား နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော မင်္ဂဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့၏ ဥပ္ပါဒဘောသည် မုချ၊ ကရဏတ္ထကြိယာအရ

ကား ထိုဉာဏ်တို့အား တပ်သော ယမိုက်ကျမ်း၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာရတ္တအားဖြင့် ရ၏။ ဏပစ္စည်းအရကား ထိုဖလူပစာရတ္တဖြင့် မှတ်အပ်သော ယမိုက်ကျမ်းရ၏။ မနန္တိ ဇာနန္တိ ပရမတ္ထမမ္ဗံ ဧတေနာတိ မံ။ ဧတေန ပကရဏေန၊ ဖြင့်။ ပရမတ္ထမမ္ဗံ၊ ကို။ မနန္တိ ဇာနန္တိ၊ သိကုန်၏။ ဣတိ၊ ကြောင့်။ တံ ပကရဏံ၊ သည်။ မံ၊ မ-မည်၏။ (မံကား ကရဏသာဓန ကိတ်ပုဒ် ဝိဂ္ဂိုဟ်၊ မနဓာတ်၊ ကွိပစ္စည်း) မနဓာတ်၏ အရ ကတ္တုတ္ထကြိယာကား ပရမတ္ထတရားကို အာရုံပြု၍ ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္ထကြိယာကား ထို စိတ္တုပ္ပါဒ်အား တပ်သော ကျမ်း၏ ပကတူပနိဿယ သတ္တိသည် ဖလူ။ ကွိပစ္စည်း၏ အရကား ထိုဖလူဖြင့် မှတ်အပ်သောကျမ်း ရ၏။ ကမတိ အတိက္ကမတိ ဝိစိကိစ္ဆံ ဧတေနာတိ ကံ။ ဧတေန ပကရဏေန၊ ဖြင့်။ ဝိစိကိစ္ဆံ၊ ယုံမှားခြင်းကို။ ကမတိ အတိက္ကမတိ၊ လွန်တတ်၏။ ဣတိ၊ ကြောင့်။ တံ ပကရဏံ၊ သည်။ ကံ၊ က-မည်၏။ (ကံကား ကရဏသာဓနကိတ်ပုဒ် ဝိဂ္ဂိုဟ်၊ ကမုဓာတ်၊ ကွိပစ္စည်း) ကမုဓာတ်၏အရ ကတ္တုတ္ထကြိယာကား အဓိမောက္ခပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၏ ဥပ္ပါဒဘောသည် မုချ။ ကရဏတ္ထကြိယာကား ထိုစိတ္တုပ္ပါဒ်အား တပ်သောကျမ်း၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ကွိပစ္စည်း၏ အရကား ထိုဖလူဖြင့်မှတ်အပ်သော ကျမ်းရ၏။ ယဥ္စ တံ မဥ္စ ကဥ္စာတိ ယမကံ။ တံ ပကရဏံ၊ ထိုကျမ်းသည်။ ယဥ္စ၊ နိဗ္ဗာန်သို့သွားကြောင်းသည်လည်း။ ဟောတိ၊ ၏။ မဥ္စ၊ ပရမတ္ထမမ္ဗကိုသိကြောင်း သည်လည်း။ ဟောတိ၊ ၏။ ကဥ္စ၊ ယုံမှားခြင်းကို လွန်ကြောင်း သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ယမကံ၊ မည်၏။ (ယမကံကား၊ တိပဒကမ္မဓာရည်းသမာသ်ပုဒ်ဝိဂ္ဂြိုဟ်) ယမကံ ဟူသော သမာသ်ပုဒ်အရကား ၃-ပုဒ်တို့၏ တုလျတ္ထ ဖြစ်သော ယမိုက်ကျမ်း ရ၏။ ဤဝစနတ္ထသည်ကား "မာရေနေ္တာ ဂစ္ဆ- တီတိ မဂ္ဂေါ" အစရှိသော ပါဠိတို့နှင့်အညီတည်း။

# ယမိုက်အရကောက်

## ၁-မူလ ယမိုက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဥဒ္ဒေသ-ကုသလတိက်

ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ **ယမိုက်ကျမ်း** ကိုဟောတော်မူ၏။ ထိုယမိုက်ကျမ်းသည်လည်း မူလယမက, ခန္ဓယမက, အာယတနယမက, ဓာတုယမက, သစ္စယမက, သင်္ခါရယမက, အနုသယယမက, စိတ္တယမက, ဓမ္မယမက, ဣန္ဒြိယယမကအားဖြင့် ၁၀-ပါး အပြားရှိ၏။ ထို ၁၀-ပါးတို့တွင် မူလယမကကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမူလယမကသည်လည်း ဥဒ္ဒေသ-နိဒ္ဒေသအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါး တို့တွင် ဥဒ္ဒေသကိုရှေးဦးစွာဟောတော်မူ၏။ ထိုဥဒ္ဒေသသည်လည်း တိကမာတိကာဥဒ္ဒေသ-ဒုကမာတိကာ ဥဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် တိကမာတိကာဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထို တိကမာတိကာဥဒ္ဒေသသည်လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ၂၂-ပါး အပြားရှိ၏။ ထို ၂၂-ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလတိက်သည်လည်း မူလဝါရ, ဟေတုဝါရ, နိဒါနဝါရ, သမ္ဘဝဝါရ, ပဘဝဝါရ, သမုဋ္ဌာနဝါရ, အာဟာရဝါရ, အာရမ္မဏဝါရ, ပစ္စယဝါရ, သမုဒယဝါရအားဖြင့် ၁၀-ပါးအပြားရှိ၏။ ထို ၁၀-ပါး တို့တွင် မူလဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

---

### မူလဝါရ-မူလ နယ

ထိုမူလဝါရသည်လည်း ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, နာမပဒ အားဖြင့် ၄-ပါး အပြားရှိ၏။ ထို ၄-ပါးတို့တွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏။ ထို ကုသလပဒသည်လည်း မူလနယ, မူလမူလနယ, မူလကနယ, မူလမူလကနယ

အားဖြင့် ၄-ပါး အပြားရှိ၏။ ထို ၄-ပါးတို့တွင် မူလနယကို ရှေးဦးစွာဟောတော်မူ၏။ထို မူလနယသည်လည်း မူလ ယမက, ကေမူလ ယမက, အညမညမူလ ယမက အားဖြင့် ၃-ပါး အပြားရှိ၏။

(၁) ထို ၃-ပါးတို့တွင် **မူလယမက** ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို မူလယမကသည်လည်း အနုလောမပုစ္ဆာ, ပဋိလောမပုစ္ဆာအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် အနုလောမပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို အနုလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား "ယေကေစိ ကုသလာ ဓမ္မာ"** ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ကုသလမူလာ" ဟူသည်တည်း။"ယေကေစိ ကုသလာ ဓမ္မာ" ကား သန္နိဋ္ဌာန်၊ သဗ္ဗေ တေ ကုသလမူလာ ကား သံသယ၊ သန္နိဋ္ဌာန် သံသယ ၂-ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ ထိုပဋိလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား "ယေ ဝါ ပန ကုသလ-မူလာ"** ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသည်တည်း။ "ယေ ဝါ ပန ကုသလမူလာ" ကား သန္နိဋ္ဌာန်၊ "သဗ္ဗေ တေ ဓမ္မာ ကုသလာ"ကား သံသယ၊သန္နိဋ္ဌာန် သံသယ ၂-ပါးကို ပေါင်းသည်ရှိသော် ပဋိလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ ၂-ပါးကို ပေါင်းသည်ရှိသော် မူလနယ၌ ရှေးဦးစွာသော မူလယမကသည် ဖြစ်၏။

["ယေကေစိ ကုသလာ ဓမ္မာ"ကို သန္နိဋ္ဌာန်၊"သဗ္ဗေ တေ ကုသလမူလာ"ကို သံသယ ဟူ၍အဘယ့်ကြောင့် ဆိုအပ်သနည်း။ အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် သန္နိဋ္ဌာန်၊ယုံမှားအပ်သော အနက်ရှိသောကြောင့် သံသယဟူ၍ ဆိုအပ်၏။ ။အဘယ်သို့ အမြဲမှတ်အပ်သော အနက်ရှိသနည်း။ အဘယ်သို့ ယုံမှားအပ်သော အနက်ရှိသနည်းဟူမူကား "ယေကေစိ ကုသလာ ဓမ္မာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၌ ကုသိုလ်ကေဝိသ၊ စေတသိက် အဋ္ဌတိံသ ဤတရားတို့သည် ကုသိုလ်မည်ကုန်သလော၊ မမည်ကုန်သလော ဟု ယုံမှားဘွယ်မရှိ၊ ကုသိုလ်မည်သည်သာလျှင် ဖြစ်၏ဟု အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် ဤ"ယေကေစိ ကုသလာ ဓမ္မာ"ဟူသော ပုဒ်သည် သန္နိဋ္ဌာန်မည်၏။

* စာမျက်နှာ ခေါင်းစီးနောက်ရှိ လက်သည်းကွင်းပြ ဂဏန်းများသည် ဆဋ္ဌသံဂါယနာမူ ပါဠိတော် မျက်နှာနံပါတ်များ ဖြစ်ပါသည်။ ။

"သဗ္ဗေ တေ ကုသလမူလာ"၌ ကုသလမူလ ၃-ခုတို့သည် ကုသိုလ်သာ မည်ကုန်သလော၊ ထိုသို့မဟုတ် ကုသလမူလ မည်ကုန်သလော၊ မမည်ကုန်သလော ဟု ယုံမှားအပ်သောအနက်ရှိသောကြောင့် "သဗ္ဗေ တေ ကုသလမူလာ" ဟူသော ပုဒ်သည် သံသယမည်၏။ ထို့ကြောင့် အဋ္ဌကထာ၌"ယေကေစိ ကုသလာ ဓမ္မာတိ ကုသလေသု ကုသလာ နုခေါ် န နုခေါ် ကုသလာတိ သန္ဒေဟာဘာဝတော ဣမသ္မိံ ပဒေ သန္နိဋ္ဌာနတ္တော ဝေဒိတဗ္ဗော" အစရှိသည်ကို မိန့်အပ်ပြီ။ ဤနည်းကိုမှီ၍ ခပ်သိမ်းသော ယမကတို့၌ သန္နိဋ္ဌာန် သံသယအဖြစ်ကို သိအပ်၏။ စကားချုပ်]။

**အနက်ကား**။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ **တနည်းကား**။ အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိကုန်သော။ ဓမ္မာ၊တရားတို့သည်။သန္တိ၊ရှိကုန်၏။သဗ္ဗေ၊ခပ်သိမ်းကုန်သော။တေ ဓမ္မာ၊ထိုတရားတို့သည်။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သလော။ ယေ ဝါ ပန၊ အကြင်သို့ သဘောရှိကုန်သော။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော။ ဓမ္မာ၊တရားတို့သည်။ သန္တိ၊ ရှိကုန်၏။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။

၂။ မူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဧကမူလယမက**ကို ဟောတော်မူ၏။ ထို ဧကမူလယမက သည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် အနုလောမပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် ၂-ပါး အပြားရှိ၏။ထို ၂-ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။**ဟောဟန်ကား**"**ယေကေစိ** ကုသလာ ဓမ္မာ"ဟူသည်တည်း၊ထို့နောင်သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား**"သဗ္ဗေ တေ ကုသလမူလေန ဧကမူလာ"ဟူသည်တည်း။ "ယေကေစိ ကုသလာ ဓမ္မာ"ကား သန္နိဋ္ဌာန်၊ "သဗ္ဗေ တေ ကုသလမူလေန ဧကမူလာ"ကား သံသယ၊ သန္နိဋ္ဌာန်သံသယ ၂-ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာဖြစ်၏။ အနုလောမပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ ထို ပဋိလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "**ယေ ဝါ ပန** ကုသလမူလေန ဧကမူလာ"ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏ **ဟောဟန်ကား** "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသည်တည်း။ "ယေ ဝါ ပန ကုသလမူလေန ဧကမူလာ"ကား သန္နိဋ္ဌာန်၊ "သဗ္ဗေ တေ ဓမ္မာ ကုသလာ"ကား သံသယ။ သန္နိဋ္ဌာန် သံသယ ၂-ပါးကို ပေါင်းသည်ရှိသော် ပဋိလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ

၂-ပါးကို ပေါင်းသည်ရှိသော် မူလနယ၌ ၂-ခုမြောက်သော ကေမူလယမကသည် ဖြစ်၏။

ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သောမူလနှင့်။ **တနည်းကား**။ မူလအားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သလော။ ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ **တနည်းကား**။ မူလအားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ခပ်သိမ်းကုန်သော။တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။

၃။ ကေမူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဒုမူလမညမူလယမက** ကို ဟောတော်မူ၏။ ထို အညမည မူလယမကသည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် အနုလောမပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါး တို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "**ယေကေစိ** ကုသလမူလေန ကေမူလာ ဓမ္မာ" ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ" ဟူသည်တည်း။ "ယေကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ"ကား သန္နိဋ္ဌာန်၊ "သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ"ကား သံသယ။ သန္နိဋ္ဌာန်သံသယ ၂-ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ ထို ပဋိလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် ၂-ပါး အပြားရှိ၏။ထို နှစ်ပါး တို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာဟောတော်မူ၏။ **ဟောဟန်ကား** "**ယေ ဝါ ပန** ကုသလမူလေန အညမညမူလာ"ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသည်တည်း။ "ယေ ဝါ ပန ကုသလမူလေန အညမညမူလာ"ကား သန္နိဋ္ဌာန်၊ "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ကား သံသယ။သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမပုစ္ဆာ ဖြစ်၏။အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ ၂-ပါးကို ပေါင်းသည်ရှိသော် မူလနယ၌ သုံးခုမြောက်သော အညမညမူလယမကသည် ဖြစ်၏။

ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ ကေမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊တရားတို့သည်။ သန္တိ၊ ရှိကုန်

၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထို တရားတို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သော မူလအားဖြင့်။ အညမညမူလာ၊ တပါးသည် တပါး၏ မူလရှိကုန်သလော။ ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သော မူလအားဖြင့်။ အညမညမူလာ၊ တပါးသည် တပါး၏ မူလမည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။ ။ ဤသို့လျှင် မူလနယ၌ ယမကသုံးပါး၊ ပုစ္ဆာ ခြောက်ပါး၊ အတ္ထ တဆဲ့နှစ်ပါး ဖြစ်သတည်း။

[ကေမူလာ၌ ကေ သဒ္ဒါသည် အရေအတွက်သင်္ချာသဒ္ဒါကို မဟော၊ တူသောအနက်ကို ဟော၍ ဝစနတ္ထပြုသော်ကား "ကေံ မူလံ ယေသန္တေတိ ကေမူလာ"ဟုပြုရာ၏။ ယေသံ၊ အကြင်တရားတို့အား။ ကေံ၊ တူသော။ မူလံ၊ မူလသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ ထို တရားတို့သည်။ ကေမူလာ၊ မည်ကုန်၏။ (ဗဟုဗ္ဗီဟိသမာသ်) ထို့ကြောင့် အဋ္ဌကထာ၌"ဂဏနဋ္ဌေန ကေမူလတံ အဂ္ဂဟေတွာ သမာနဋ္ဌေန ဂဟေတဗ္ဗာ"ဟုဆိုအပ်ပြီ။ တူသော မူလရှိ၏ ဟူသော်ကား ဖဿ, ဝေဒနာ, သညာ, စေတနာ အစရှိသော တရားတို့၏ မူလသည် အလောဘ အစရှိသော တပါးပါးလျှင်တည်း။ ထိုကြောင့် အဋ္ဌကထာ၌"ယံ ဖဿဿ မူလံ တဒေဝ ဝေဒနာဒီနံ"ဟု မိန့်အပ်ပြီ။ ဆရာတူ ဥပဇ္ဈာယ်တူ ဆိုသကဲ့သို့ ယူလေ။ တတိယ ယမက ပဋိလောမပုစ္ဆာ၌ အနုလောမနှင့်ညီအောင်"ယေ ဝါ ပန ကုသလ မူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလမူလေန ကေမူလာ"ဟူ၍မဟောမူ၍ အဘယ့်ကြောင့်"သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟု ဟောတော်မူလေသနည်း။ "အတ္ထဝိသေသာဘာဝတော" ဟု အဋ္ဌကထာ၌ ဟိတ်ခတ်၏။ အနက်ထူးမရှိသောကြောင့် ဟောတော်မူသည် ဆိုလိုသည်။ အဘယ်သို့ အထူးမရှိသနည်း ဟူမူကား "သဗ္ဗေ တေ ကုသလမူလေန ကေမူလာ" ဟူ၍ ပုစ္ဆာကို ပြုသည်ရှိသော်"မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ" အစရှိသော ပဋိလောမဝိဿဇ္ဇနာကိုပင် ဖြေအပ်သည် ဖြစ်ရာ၏။ ဤသို့ဖြစ်သည်ရှိသော် အနုလောမ ပဋိလောမ ဝိဿဇ္ဇနာ တူရာသောကြောင့် "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟု ဟောတော်မူသည် ဟူလိုသည်။ (**အဋ္ဌကထာနည်း**) ကေမူလအရကား အကျယ်၊ အညမညမူလ အရကား အကျဉ်းဖြစ်သောကြောင့် အညမညမူလကို သန္နိဋ္ဌာန် ဆုံးဖြတ်ပြီးသော် ကေမူလကို သံသယရှိဘွယ် မရှိသောကြောင့် "သဗ္ဗေ တေ ကုသလမူလေန ကေမူလာ" ဟု မဟောမူ၍ အညမညမူလရှိကုန်သော ဓမ္မတို့၏ ကုသလ မည်သော အဖြစ်ကို မေးခြင်းငှါလျှင် "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူ၍ ဟောတော်မူလေသတည်း။ (ဤကား **ဋီကာ**အလို တည်း)။ "သဗ္ဗေ တေ

ကုသလမူလေန ကေမူလာ”ဟု မေးလျှင်လည်း အာမန္တာ၊ “သဗ္ဗေ တေ ဓမ္မာ ကုသလာ” ဟု မေးလျှင်လည်း အာမန္တာပင်။ ကုသလမူလ သုံးခုသာရ၍ ဝိဿဇ္ဇနာအထူးမရှိသောကြောင့် “သဗ္ဗေ တေ ဓမ္မာ ကုသလာ”ဟု ဟောတော်မူသည်။ ဤကား **ဆရာနည်းတည်း**]။

---

## မူလဝါရ-မူလမူလ နယ

၁။ မူလနယကို ဟောတော်မူသည်၏ အခြားမဲ့၌ **မူလမူလနယကို** ဟောတော်မူ၏။ ထိုမူလမူလနယသည်လည်း မူလမူလယမက, ကေမူလမူလယမက, အညမညမူလမူလယမကအားဖြင့် သုံးပါး အပြားရှိ၏။ ထို...တွင် မူလမူလယမက ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို...လည်း အနုလောမပုစ္ဆာ, ပဋိလောမပုစ္ဆာ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို...တွင် အနုလောမပုစ္ဆာ ကို ရှေးဦးစွာဟောတော်မူ၏။ ထို...လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို...တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏ **ဟောဟန်ကား**“**ယေကေစိ** ကုသလာ ဓမ္မာ”ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** “သဗ္ဗေ တေ ကုသလမူလမူလာ”ဟူသည်တည်း။“ယေကေစိ ကုသလာ ဓမ္မာ”ကား သန္နိဋ္ဌာန်၊“သဗ္ဗေ တေ ကုသလမူလမူလာ”ကား သံသယ၊ သန္နိဋ္ဌာန် သံသယ နှစ်ပါး ကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ ။အနုလောမ ပုစ္ဆာကို ဟော တော်မူသည်၏ အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ ထို...လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို...တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏၊ **ဟောဟန်ကား “ယေ ဝါ ပန** ကုသလမူလမူလာ”ဟူသည်တည်း။ ထိုနောင် သံသယကို ဟောတော်မူ၏။**ဟောဟန်ကား**“သဗ္ဗေ တေ ဓမ္မာ ကုသလာ” ဟူသည်တည်း။

“ယေ ဝါ ပန ကုသလမူလမူလာ”ကား သန္နိဋ္ဌာန်၊“သဗ္ဗေ တေ ဓမ္မာ ကုသလာ” ကား သံသယ၊ သန္နိဋ္ဌာန် သံသယ ၂-ပါးကို ပေါင်းသည်ရှိသော် ပဋိလောမ ပုစ္ဆာဖြစ်၏။ အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ ၂-ပါးကို ပေါင်းသည်ရှိသော် မူလ မူလနယ၌ ရှေးဦးစွာသော မူလမူလယမကသည် ဖြစ်၏။ ။**အနက်ကား**၊ကုသလ မူလမူလာ၊ ကုသိုလ်မူလဟုဆိုအပ်သော မူလမည်ကုန်သလော။ (ဤမျှသာ ထူး သည်။ မူလနယအတိုင်း ယောဇနာလေ)။ (၂) ထို့နောင် **ကေမူလမူလယမက** ကို ဟောတော်မူ၏။ (စစ်၍ဟောမြဲ)။ ကေမူလမူလာ၊ တူသောမူလဟု ဆိုအပ် သော မူလရှိကုန်သလော။ (ဤသို့ အနက်ယောဇနာ)။ (၃) **အညမညမူလမူလ ယမက** ၌လည်း အညမညမူလမူလာ၊ တပါးသည် တပါး၏ မူလဟုဆိုအပ်သော

မူလရှိကုန်သလော။ ဤသို့လျှင် မူလမူလနယ၌ ယမက သုံးပါး၊ ပုစ္ဆာ ခြောက်ပါး၊ အတ္ထ တဆဲ့နှစ်ပါးဖြစ်သတည်း။

---

## မူလဝါရ-မူလက နယ

၁။ မူလမူလနယကို ဟောတော်မူသည်၏ အခြားမဲ့၌ မူလကနယကို ဟောတော်မူ၏။ ထိုမူလကနယသည်လည်း မူလကယမက, ကေမူလကယမက, အညမညမူလကယမက အားဖြင့် သုံးပါး အပြားရှိ၏။ထို....တွင် မူလကယမကကို ရှေးဦးစွာ ဟောတော်မူ၏။ ကုသလမူလကာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလရှိကုန်သလော။ (၂-၃) ကေမူလကာ၊ တူသောမူလရှိကုန်သလော။ အညမညမူလကာ၊ တပါးသည် တပါး၏ မူလရှိကုန်သလော။ ။ဤသို့လျှင် မူလကနယ၌ ယမက သုံးပါး၊ ပုစ္ဆာ ခြောက်ပါး၊ အတ္ထ တဆဲ့နှစ်ပါး ဖြစ်သတည်း။

---

## မူလဝါရ-မူလမူလက နယ

၁။ မူလကနယကို ဟောတော်မူသည်၏ အခြားမဲ့၌ မူလမူလကနယ ကို ဟောတော်မူ၏။ ထို....လည်း မူလမူလကယမက, ကေမူလမူလကယမက, အညမည မူလမူလကယမက အားဖြင့် သုံးပါး အပြားရှိ၏။ ထို....တွင် မူလမူလကယမကကို။ ၏။(စစ်မြဲ)။ ။ကုသလမူလမူလကာ၊ ကုသိုလ်မူလဟုဆိုအပ်သော မူလရှိကုန်သလော။ (၂-၃)ကေမူလမူလကာ၊ တူသောမူလဟု ဆိုအပ်သော မူလရှိကုန်သလော။ အညမညမူလမူလကာ။ တပါးသည် တပါး၏ မူလဟု ဆိုအပ်သော မူလရှိကုန်သလော။ ။ဤသို့လျှင် မူလမူလကနယ၌ ယမကသုံးပါး၊ ပုစ္ဆာ ခြောက်ပါး၊ အတ္ထ တဆဲ့နှစ်ပါး ဖြစ်သတည်း။ ဤသို့လျှင် ကုသလပဒ၌ နယ လေးပါး၊ ယမက တဆဲ့နှစ်ပါး၊ ပုစ္ဆာ နှစ်ဆဲ့လေးပါး၊ အတ္ထ လေးဆဲ့ရှစ်ပါး ဖြစ်သတည်း။

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ **အကုသလပဒ** ကိုဟောတော်မူ၏။ ထို....လည်း မူလနယ၊ မူလမူလနယ၊ မူလကနယ၊ မူလမူလကနယအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် မူလနယကို ရှေးဦးစွာ ဟောတော်မူ၏။ (အကြွင်းကို ကုသလပဒကဲ့သို့ စစ်၍ဟောလေ)။ ဤသို့လျှင် အကုသလပဒ၌ နယလေးပါး၊ ယမက တဆဲ့နှစ်ပါး၊ ပုစ္ဆာ နှစ်ဆဲ့လေးပါး၊ အတ္ထ လေးဆဲ့ရှစ်ပါး ဖြစ်သတည်း။

အကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒ ကို ဟောတော်မူ၏။ (ကုသလပဒကဲ့သို့ စစ်၍ဟောလေ)။ ဤသို့လျှင် အဗျာ

ကတပဒ၌ နယ လေးပါး၊ ယမက တဆဲ့နှစ်ပါး၊ ပုစ္ဆာ နှစ်ဆဲ့လေးပါး၊ အတ္ထ လေးဆဲ့ရှစ်ပါး ဖြစ်သတည်း။

အဗျာကတပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ **နာမပဒကို** ဟောတော်မူ၏။ ထိုနာမပဒသည်လည်း မူလနယ၊ မူလမူလနယ၊ မူလကနယ၊ မူလမူလကနယ အားဖြင့် ၄-ပါး အပြားရှိ၏။ထို ၄-ပါးတို့တွင် မူလနယကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမူလနယသည်လည်း (အကြွင်းကုသလပဒကဲ့သို့ စစ်၍ဟောလေ)။ နာမမူလာ၊ နာမ်ဟုဆိုအပ်သော မူလမည်ကုန်သလော။ ဤသို့လျှင် နာမပဒ၌ နယ လေးပါး၊ ယမက တဆဲ့နှစ်ပါး၊ ပုစ္ဆာ နှစ်ဆဲ့လေးပါး၊ အတ္ထ လေးဆဲ့ရှစ်ပါးဖြစ်သတည်း။ ဤသို့လျှင် မူလဝါရ၌ ပဒလေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့် မူလမည်သနည်း ဟူမူကား"မူလတိ ပတိဋ္ဌာတိ ဖလံ တ္တောတိ မူလံ"။ ။တ္တေ ကာရဏေ၊ ဤအကြောင်း၌။ဖလံ၊သည်။ မူလတိ ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ မူလံ၊ မည်၏။ မူလံကား အဓိကရဏသာဓနေ ကိတ်ပုဒ်ဝိဂ္ဂိုဟ်၊ မူလဓာတ်၊ အပစ္စည်း။ မူလဓာတ်၏ အရ ကတ္တုတ္ထကြိယာကား၊ အကျိုးပစ္စယုပ္ပန်ဖြစ်သော သမ္ပယုတ္တခန္ဓာ, သဟိတ် စိတ္တဇရုပ်, သဟိတ်ကမ္မဇရုပ်တို့၏ ဥပ္ပါဒဘောသည် မုချ။ အဓိကရဏတ္ထ ကြိယာကား ဟိတ် ၆-ခု တို့၏ သဟဇာတအစရှိသော ပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထိုဖလူပစာရတ္ထဖြင့် မှတ်အပ်သော ဟိတ် ၆-ခု ရ၏။ဤသို့လျှင် အကျိုးပစ္စယုပ္ပန် တရားတို့၏ တည်ရာဖြစ်သောကြောင့် မူလမည်ကုန်၏။ ထိုမူလ အားဖြင့်ဟောသော ဝါရဖြစ်သောကြောင့် မူလဝါရမည်၏ ဟူလိုသော်]။

---

## ဟေတုဝါရ

မူလဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဟေတုဝါရကို** ဟောတော်မူ၏။ ထိုဟေတုဝါရသည်လည်း ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, နာမပဒ အားဖြင့် လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် **ကုသလပဒကို** ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒသည်လည်း ဟေတုနယ, ဟေတုဟေတုနယ, ဟေတုကနယ, ဟေတုဟေတုကနယ အားဖြင့် လေးပါး အပြားရှိ၏။ ထို...တွင် **ဟေတုနယကို** ရှေးဦးစွာ ဟောတော်မူ၏။ ထို...လည်း ဟေတုယမက, ကေဟေတုယမက, အညမညဟေတုယမကအားဖြင့် သုံးပါး အပြားရှိ၏။ ထို...တွင် **ဟေတုယမကကို** ရှေးဦးစွာ ဟောတော်မူ၏။ (စစ်မြဲ)။ **ဟောဟန်ကား "ယေကေစိ** ကုသလာ ဓမ္မာ၊သဗ္ဗေ တေ ကုသလဟေတူ။ **ယေ ဝါ ပန** ကုသလဟေတူ၊သဗ္ဗေ တေ

ဓမ္မာ ကုသလာ" တည်း။ ။(ကေမူ၌ "ကုသလဟေတုနာ ကေဟေတူ"။ ။ **အညမညမူ၌** "ကုသလဟေတုနာ အညမညဟေတူ"ဆိုလေ။ ။အကြွင်းကို မူလဝါရ ကဲ့သို့ စစ်၍ဟောလေ)။ ဤသို့လျှင် ဟေတုဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့ နှစ်ပါး ဖြစ်သတည်း။

[ အဘယ့်ကြောင့် ဟေတုဝါရ မည်သနည်းဟူမူကား "ဟိနောတိ ပဝတ္တတိ ဖလံ တေသ္မာတိ ဟေတု"။ ။တေသ္မာ ကာရဏာ၊မှ။ဖလံ၊သည်။ ဟိနောတိ ပဝတ္တတိ၊ ၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ ဟေတု၊ မည်၏။ ။ဟေတုကား အပါဒါနသာဓန ကိတ်ပုဒ်ဝိဂြိုဟ်၊ ဟိဓာတ် တုပစ္စည်း။ ဟိဓာတ်၏ အရ မူလနှင့်အတူပင်။ အကျိုးပစ္စယုပ္ပန် တရား တို့၏ ဖြစ်ရာဖြစ်သောကြောင့် ဟေတုမည်၏။ ထိုဟေတုအားဖြင့် ဟောသော ဝါရဖြစ်သောကြောင့် ဟေတုဝါရမည်၏ ဟူလိုသော်]။

---

## နိဒါနဝါရ

ဟေတုဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒါနဝါရကို ဟောတော်မူ၏။ ထိုနိဒါနဝါရသည်လည်း။ (ကုသလပဒအစရှိသည်တို့ကို စစ်မြဲ) နိဒါန နယ, နိဒါန နိဒါန နယ, နိဒါနက နယ, နိဒါနနိဒါနက နယအားဖြင့် လေးပါး အပြားရှိ၏။ (အကြွင်းကို မူလဝါရအတိုင်းစစ်၍ဟောလေ) ။ဤသို့လျှင် နိဒါနဝါရ၌ ပဒလေး ပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့် နိဒါနဝါရ မည်သနည်းဟူမူကား"အတ္တနော ဖလံ နိဒေတိတိ နိဒါနံ" ။ ။ယံ ကာရဏံ၊သည်။အတ္တနော၊၏။ဖလံ၊ အကျိုးကို။နိဒေတိ၊ နှင်းတတ်၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ နိဒါနံ၊ မည်၏။ နိဒါနံ ကား ကတ္တုသာဓန ကိတ်ပုဒ်ဝိဂြိုဟ်၊ နိပုဗ္ဗ ဒါဓာတ် ယုပစ္စည်း။ နိပုဗ္ဗ ဒါဓာတ်၏ အရကား ဟိတ်ခြောက်ခုတို့၏ ဟေတု သဟဇာတ အစ ရှိသော ပစ္စယသတ္တိသည် ရ၏။ ယုပစ္စည်း၏ အရကား သတ္တိမန္တဖြစ် သော ဟိတ်ခြောက်ခု ရ၏။ မိမိတို့၏ အကျိုးတို့ကို နှင်းတတ်သော ကြောင့် ဟိတ်ခြောက်ခုတို့သည် နိဒါန မည်ကုန်၏။ ထိုနိဒါနအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် နိဒါနဝါရမည်၏ ဟူလိုသော်]။

## သမ္ဘဝဝါရ

နိဒါနဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ **သမ္ဘဝဝါရ**ကို ဟောတော်မူ၏။ ထိုသမ္ဘဝဝါရ သည်လည်း ကုသလပဒ အစရှိသော အားဖြင့် လေးပါးအပြား ရှိ၏။ ထိုလေးပါးတို့တွင် **ကုသလပဒ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....လည်း သမ္ဘဝနယ, သမ္ဘဝသမ္ဘဝနယ, သမ္ဘဝကနယ, သမ္ဘဝသမ္ဘဝကနယအားဖြင့် လေးပါး အပြားရှိ၏။ (အကြွင်းကို မူလဝါရကဲ့သို့ စစ်၍ဟောလေ)။ ဤသို့လျှင် သမ္ဘဝ ဝါရ၌ ပဒလေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့် သမ္ဘဝဝါရ မည်သနည်းဟူမူကား "သမ္ဘောတိ ဖလံ ဧတသ္မာတိ သမ္ဘဝေါ"။ ။ဧတသ္မာ ကာရဏာ၊မှ။ဖလံ၊သည်။သမ္ဘောတိ၊ ၏။ဣတိ၊ ကြောင့်။တံ ကာရဏံ၊ ထိုအကြောင်းသည်။ သမ္ဘဝေါ၊မည်၏။ သမ္ဘဝေါကား အပါဒါနသာဓန ကိတ်ပုဒ်ဝိဂ္ဂြိုဟ်၊ သံပုဗ္ဗ ဘူဓာတ် ဏပစ္စည်း။ အရကား ဟေတုနှင့်အတူ။ အကျိုးတရားတို့၏ ကောင်းစွာ ဖြစ်ရာ ဖြစ်သောကြောင့် သမ္ဘဝမည်၏။ ထိုသမ္ဘဝအားဖြင့် ဟောသော ဝါရဖြစ်သောကြောင့် သမ္ဘဝဝါရမည်၏ ဟူလိုသော်]။

---

## ပဘဝဝါရ

သမ္ဘဝဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ **ပဘဝဝါရ** ကို ဟောတော်မူ ၏။ ထိုပဘဝဝါရ သည်လည်း ကုသလပဒ အစရှိသောအားဖြင့် လေးပါး အပြား ရှိ၏။ (မူလဝါရကဲ့သို့ စစ်၍ဟောလေ)။ ဤသို့လျှင် ပဘဝဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့်ပဘဝဝါရ မည်သနည်း ဟူမူကား "ပဘဝတိ ဖလံ ဧတသ္မာတိ ပဘဝေါ"။ ။ဧတသ္မာ ကာရဏာ၊ မှ။ ဖလံ၊ သည်။ ပဘဝတိ၊ ၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ ပဘဝေါ၊ မည်၏။ ။ပဘဝေါ ကား။ အပါဒါနသာဓန ကိတ်ပုဒ်ဝိဂ္ဂြိုဟ်၊ ပပုဗ္ဗ ဘူဓာတ် ဏပစ္စည်း၊ အရကား ဟေတုနှင့်အတူ။ အကျိုးတရားတို့၏ အပြားအားဖြင့် ဖြစ်ရာ ဖြစ်သောကြောင့် ပဘဝမည်၏။ ထို ပဘဝတို့၏အစွမ်းအားဖြင့် ဟော တော်မူအပ်သောကြောင့် ပဘဝဝါရမည်၏ ဟူလိုသော်]။

## သမုဋ္ဌာနဝါရ

ပဘာဝဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ **သမုဋ္ဌာနဝါရ** ကို....၏။ ထို.... လည်း (ကုသလပဒအစရှိသည်ကိုစစ်မြဲ)"ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလသမုဋ္ဌာနာ။ ယေ ဝါ ပန ကုသလသမုဋ္ဌာနာ သဗ္ဗေ တေ ဓမ္မာ ကုသလာ" (အစရှိသော နည်းဖြင့် ဟောလေ)။ ဤသို့လျှင် သမုဋ္ဌာနဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါးဖြစ်သတည်း။

[အဘယ့်ကြောင့် သမုဋ္ဌာန။ပ။ကား "သမုဋ္ဌာတိ ဖလံ ဧတေနာတိ သမုဋ္ဌာနံ"။ ။ဧတေန ကာရဏေန၊ဖြင့်။ဖလံ၊သည်။ သမုဋ္ဌာတိ၊၏။ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ သမုဋ္ဌာနံ၊ မည်၏။ ကရဏသာဓနေ ကိတ်ပုဒ် ဝိဂ္ဂြိုဟ်၊ သံပုဗ္ဗ ဥပုဗ္ဗ ဌာဓာတ် ယုပစ္စည်း။ အရကား ဟေတု နှင့်အတူ။ အကျိုးတရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် သမုဋ္ဌာန မည်၏။ ထိုသမုဋ္ဌာနအားဖြင့် ဟောအပ်သောကြောင့် သမုဋ္ဌာနဝါရ မည်၏ ဟူလိုသော်]။

---

## အာဟာရဝါရ

သမုဋ္ဌာနဝါရကို....၌ **အာဟာရဝါရ**ကို....၏။ ထို....လည်း (စစ်၍ဟောမြဲ) ဤသို့လျှင် အာဟာရဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ခြောက်ပါး၊ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့် အာဟာရ။ပ။ ကား "အတ္တနော ဖလံ အာဟရတီတိအာဟာရော"။ ။ယံ ကာရဏံ၊ သည်။ အတ္တနော၊ ၏။ ဖလံ၊ ကို။ အာဟရတိ၊ ၏။ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ အာဟာရော၊၏။ ကတ္တုသာဓနေ ကိတ်ပုဒ်ဝိဂ္ဂြိုဟ်၊ အာပုဗ္ဗ ဟရဓာတ် ဏပစ္စည်း။ အရကား နိဒါနနှင့်အတူ။အကျိုးတရားတို့ကို ဆောင်တတ်သောကြောင့် အာဟာရ မည်၏။ ထိုအာဟာရတို့၏ အစွမ်းအားဖြင့် ဟောအပ်သောကြောင့် အာဟာရဝါရမည်၏ ဟူလိုသော်]။

---

## အာရမ္မဏဝါရ

အာဟာရဝါရ ကို....၌ **အာရမ္မဏဝါရ** ကို....၏။ (စစ်၍ဟောမြဲ)။ ။ဤသို့လျှင် အာရမ္မဏဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့် အာလမ္ဗဏ မည်သနည်း ဟူမူကား။ [၁] အတ္တနော ဖလေန အာလမ္ဗီယတီတိ အာလမ္ဗဏံ။ ။ယံ ကာရဏံ၊ကို။အတ္တနော၊၏။ ဖလေန၊ သည်။ အာလမ္ဗီယတိ၊ ဆွဲအပ်၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ အာလမ္ဗဏံ၊ ၏။ အာလမ္ဗဏံ ကား ကမ္မသာဓန ကိတ်ပုဒ်ဝိဂြိုဟ်၊ အာပုဗ္ဗ လမ္ဗဓာတ် ယုပစ္စည်း။ အာပုဗ္ဗ လမ္ဗဓာတ်၏အရ ကတ္တုတ္ထ ကြိယာကား အကျိုးတရားတို့၏ ပစ္စယအာဒါနသတ္တိသည် မုချ၊ ကမ္မတ္ထ ကြိယာကား ဟိတ်တို့၏ ပစ္စယအာဒါနသတ္တိသည် ဖလူ။ ယုပစ္စည်း၏ အရကား ထိုဖလူဖြင့်မှတ်အပ်သော ဟိတ်ခြောက်ခု ရ၏။အကျိုးတရား တို့သည် ဆွဲအပ်သောကြောင့် အာလမ္ဗဏ မည်၏။ ထိုအာလမ္ဗဏအား ဖြင့် ဟောအပ်သောကြောင့် အာလမ္ဗဏဝါရမည်၏ ဟူလိုသော်]။

## ပစ္စယဝါရ

အာရမ္မဏဝါရကို....၌ **ပစ္စယဝါရ**ကို....၏။ထို....လည်း(စစ်၍ဟောမြဲ)။ ။ဤ သို့လျှင် ပစ္စယဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ရှစ် ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

[အဘယ့်ကြောင့် ပစ္စယ။ပ။ ကား။ ပဋိစ္စ ဧတိ ဖလံ ဧတသ္မာတိ ပစ္စယော။ ။ယံ ကာရဏံ၊ အကြင်အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ဧတသ္မာ ကာရဏာ၊ မှ။ ဖလံ၊ သည်။ ဧတိ-ပဝတ္တတိ၊ ၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ ပစ္စယော၊ ၏။ ပစ္စယောကား အပါဒါနသာဓန ကိတ် ပုဒ်ဝိဂြိုဟ်၊ ပတိပုဗ္ဗ ဣဓာတ် ဏပစ္စည်း။ အရကား ဟေတုနှင့်အတူ။ အကျိုးတရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပစ္စယမည်၏။ ထိုပစ္စယအား ဖြင့်။ ပ။ ပစ္စယ ဝါရမည်၏ ဟူလိုသော်]။

## သမုဒယဝါရ

ပစ္စယဝါရကို....၌ **သမုဒယဝါရ**ကို....၏။ထို....လည်း။(စစ်၍ဟောမြဲ)။ ဤသို့ လျှင် သမုဒယဝါရ၌ ပဒ လေးပါး၊ နယ တဆဲ့ခြောက်ပါး၊ ယမက လေးဆဲ့ ရှစ်ပါး၊ ပုစ္ဆာ ကိုးဆဲ့ခြောက်ပါး၊ အတ္ထ တရာ့ကိုးဆဲ့နှစ်ပါး ဖြစ်သတည်း။

---

၁။ ပါဠိတော်နိဿယနှင့် အရကောက်တို့၌ ''အတ္တနော ဖလေန အာလမ္ဗီယတီတိ အာရမ္မဏံ''ဟု ရှိကြ၏။ဤဝိဂ္ဂဟအလို နိပ္ဖန္နတွင် ''အာလမ္ဗဏံ'' ဟု ရှိရမည်။ အဋ္ဌကထာ၌လည်း အာပုဗ္ဗ လဗိ(လမ္ဗ)ဓာတ်နှင့်သာ ဖွင့်သည်၊ ဝဏ္ဏနာနှင့်ရင်း,ပါဠိတော်နှင့်ရင်းညီစေရန်''ပစ္စယုပ္ပန္နဓမ္မာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ''ဟု-အာပုဗ္ဗ ရမုဓာတ် ယုပစ္စည်းနှင့် ရှိသင့်၏။

[အဘယ့်ကြောင့် သမုဒယဝါရ။ ပ။ ကား။ သမုဒေတိ ဖလံ ဧတသ္မာ-တိ သမုဒယော။ ။ဧတသ္မာ ကာရဏာ၊ မှ။ ဖလံ၊ သည်။ သမုဒေတိ၊ ကောင်းစွာတက်တတ်၏။ ဣတိ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ သမုဒယော၊ မည်၏။ သမုဒယောကား အပါဒါနသာဓန ကိတ်ပုဒ်ဝိဂြိုဟ်၊ သံပုဗ္ဗ ဥပုဗ္ဗ ဣဓာတ် ဏပစ္စည်း။ အရကား ဟေတုနှင့်အတူ။ အကျိုးတရားတို့၏ ကောင်းစွာတက်ရာဖြစ်သောကြောင့် သမုဒယ မည်၏။ ထိုသမုဒယအားဖြင့် ဟောအပ်သောကြောင့် သမုဒယဝါရ မည်၏ ဟူလိုသော်]။

[ဤဆယ်ပါးသော ဝါရ တို့သည်ကား သဒ္ဒါသာ ပြား၏၊ အနက်အပြားမရှိ။ မူလသဒ္ဒါဖြင့် ဟောတော်မူလျှင် ကျွတ်အံ့သော သတ္တဝါကိုရည်၍ မူလဝါရကို ဟောတော်မူ၏။ ဟေတုအစရှိသော သဒ္ဒါဖြင့် ဟောတော်မူလျှင် ကျွတ်အံ့သော သတ္တဝါကိုရည်၍ ဟေတုဝါရ အစရှိသည်ကို ဟောတော်မူ၏။ ဤသို့ ဝေနေယျဇ္ဈာသယအားဖြင့် ဟောတော်မူ၏]။

ဤသို့လျှင် မူလဝါရ။ ပ။ သမုဒယဝါရ အားဖြင့် ဆယ်ပါးအပေါင်းသည်လျှင် ကုသလတိကပဒ၏ ဥဒ္ဒေသမည်၏။ ဤသို့လျှင် ကုသလတိက်၌ ဝါရ တဆယ်၊ ပဒ လေးဆယ်၊ နယ တရာ့ခြောက်ဆယ်၊ ယမက လေးရာ့ရှစ်ဆယ်၊ ပုစ္ဆာ ကိုးရာ့ခြောက်ဆယ်၊ အတ္ထ တထောင့် ကိုးရာ့နှစ်ဆယ် ဖြစ်သတည်း။

---

## ဝေဒနာတိက်

ကုသလတိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဝေဒနာတိက်ကို** ဟောတော်မူ၏။ပ။ (သနိဒဿနသပ္ပဋိဃတိက် တိုင်အောင် အစဉ်အတိုင်း ဟောတော်မူ၏)။ ။ထိုဝေဒနာတိက် အစရှိသော တိက်တို့၌လည်း ဝါရ တဆယ်စီ၊ ပဒ လေးဆယ်စီ၊ နယ တရာ့ခြောက်ဆယ်စီ၊ ယမက လေးရာ့ရှစ်ဆယ်စီ၊ ပုစ္ဆာ ကိုးရာ့ခြောက်ဆယ်စီ၊ အတ္ထ တထောင့် ကိုးရာ့ နှစ်ဆယ်စီ ရကောင်း၏။ ဤသို့လျှင် တိကမာတိကာဥဒ္ဒေသ၌ တိက်နှစ်ဆဲ့နှစ်ပါး၊ ဝါရ နှစ်ရာ့နှစ်ဆယ်၊ ပဒ ရှစ်ရာ့ရှစ်ဆယ်၊ နယ သုံးထောင့်ငါးရာ့နှစ်ဆယ်၊ ယမက တသောင်း ငါးရာ့ခြောက်ဆယ်၊ ပုစ္ဆာ နှစ်သောင်း တထောင့် တရာ့ နှစ်ဆယ်၊အတ္ထ လေးသောင်းနှစ်ထောင့် နှစ်ရာ့လေးဆယ် ဖြစ်သတည်း။

**တိကမာတိကာ** ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဒုကမာတိကာ ဥဒ္ဒေသ**ကို ဟောတော်မူ၏။ ထို....လည်း ဟေတုဒုကဥဒ္ဒေသ အစရှိသောအားဖြင့် တရာအပြား ရှိ၏။ ထို....တွင် ဟေတုဒုကဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....လည်း မူလဝါရ အစရှိသောအားဖြင့် ဆယ်ပါး အပြား ရှိ၏။ ထို....တွင် မူလဝါရကို....၏။ ထို....လည်း ဟေတုပဒ, နဟေတုပဒ, နာမပဒအားဖြင့် သုံးပါး အပြား ရှိ၏။ ထို....တွင် **ဟေတုပဒ**ကို...၏။ ထို....လည်း မူလနယ အစရှိသောအားဖြင့် လေးပါး အပြား ရှိ၏။ထို....တွင် **မူလနယ**ကို....၏။ ထို....လည်း မူလယမက, ကေမူလယမက, အညမညမူလယမက အားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် **မူလယမက**ကို....၏။ ထို....လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် အနုလောမပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို....တွင် သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား "ယေကေစိ ဟေတူ ဓမ္မာ"**ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ဟေတုမူလာ" ဟူသည်တည်း။

"ယေကေစိ ဟေတူ ဓမ္မာ"ကား သန္နိဋ္ဌာန်၊ "သဗ္ဗေ တေ ဟေတုမူလာ"ကား သံသယ။ သန္နိဋ္ဌာန် သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ ။အနုလောမပုစ္ဆာကို....၌ ပဋိလောမပုစ္ဆာကို။ပ။ အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် မူလနယ၌ ရှေးဦးစွာသော မူလယမကသည် ဖြစ်၏။ မူလယမကကို....၌ ကေမူလယမကကို။ပ။ အညမညမူလယမကကို။ပ။ ဤသို့လျှင် မူလနယ၌ ယမက သုံးပါး၊ ပုစ္ဆာ ခြောက်ပါး၊ အတ္ထ တဆဲ့နှစ်ပါး ဖြစ်သတည်း။ မူလမူလနယ၌ နည်းတူ။ မူလကနယ၌လည်း နည်းတူ။ ။မူလမူလကနယ၌လည်း နည်းတူ။ ။ယမက သုံးပါး၊ ပုစ္ဆာ ခြောက်ပါး၊ အတ္ထ တဆဲ့နှစ်ပါး ဖြစ်သတည်း။ ဤသို့လျှင် ဟေတုပဒ၌ နယ လေးပါး၊ ယမက တဆဲ့နှစ်ပါး၊ ပုစ္ဆာ နှစ်ဆဲ့လေးပါး၊ အတ္ထ လေးဆဲ့ရှစ်ပါး ဖြစ်သတည်း။ ။ဟေတုပဒကို....၌ န ဟေတုပဒကို....၏။ပ။ ဤသို့လျှင် နဟေတုပဒ၌ နယ လေးပါး၊ ယမက တဆဲ့နှစ်ပါး၊ ပုစ္ဆာ နှစ်ဆဲ့လေးပါး၊ အတ္ထ လေးဆဲ့ရှစ်ပါး ဖြစ်သတည်း။ ။နဟေတုပဒကို....၌ နာမပဒကို။ပ။ ဤနာမပဒ ၌။ပ။ အတ္ထ လေးဆဲ့ရှစ်ပါး ဖြစ်သတည်း။ ဤသို့လျှင် မူလဝါရ၌ ပဒ သုံးပါး၊ နယ တဆဲ့နှစ်ပါး၊ ယမက သုံးဆဲ့ခြောက်ပါး၊ ပုစ္ဆာ ခုနစ်ဆဲ့နှစ်ပါး၊ အတ္ထ တရာ့လေးဆဲ့လေးပါး ဖြစ်သတည်း။ ။ဟေတုဝါရ အစရှိသော ကိုးဝါရတို့၌နည်းတူဖြစ်၏။ ဤသို့လျှင် ဟေတုဒုက်၌ ဝါရတဆယ်၊ ပဒ သုံးဆယ်၊ နယ တရာ့နှစ်ဆယ်၊ ယမက သုံးရာ့ခြောက်ဆယ်၊ ပုစ္ဆာ ခုနစ်ရာ့ခုနစ်ဆယ်၊ အတ္ထ တထောင့်လေးရာ့ လေးဆယ် ဖြစ်သတည်း။ ။သဟေတုကဒုက် အစရှိသော ကိုးဆဲ့ကိုးဒုက်တို့၌ ဤနည်းတူ ရအပ်ကုန်၏။ ဤသို့လျှင်

ဒုကမာတိကာဥဒ္ဒေသ၌ ဝါရ တထောင်၊ ပဒ သုံးထောင်၊ နယ တသောင်းနှစ်ထောင်၊ ယမက သုံးသောင်းခြောက်ထောင်၊ပုစ္ဆာ ခုနစ်သောင်း နှစ်ထောင်၊ အတ္ထ တသိန်းလေးသောင်း လေးထောင် ဖြစ်သတည်း။ ။ဤသို့လျှင် တိကမာတိကာ ဒုကမာတိကာ နှစ်ပါးကို ပေါင်းသည်ရှိသော် ဝါရ တထောင့် နှစ်ရာ့ နှစ်ဆယ်၊ ပဒ သုံးထောင့် ရှစ်ရာ့ ရှစ်ဆယ်၊ နယ တသောင်း ငါးထောင့် ငါးရာ့ နှစ်ဆယ်၊ ယမက လေးသောင်း ခြောက်ထောင့် ငါးရာ့ ခြောက်ဆယ်၊ပုစ္ဆာ ကိုးသောင်း သုံးထောင့် တရာ့ နှစ်ဆယ်၊အတ္ထ တသိန်း ရှစ်သောင်း ခြောက်ထောင် နှစ်ရာ့ လေးဆယ် ဖြစ်သတည်း။

**တေနဝုတိသဟဿာနိ၊ ဝီသာဓိက သတမ္ပိ စ။**
**ပုစ္ဆာ သမ္ပိဏ္ဍိတာ ဟောန္တိ၊ ဥဒ္ဒေသေ မူလယမကေ။ ။**

မူလယမကေ၊ သော။ ဥဒ္ဒေသေ၊ ၌။သမ္ပိဏ္ဍိတာ၊ ပေါင်းအပ်ကုန်သော။ ပုစ္ဆာ၊ တို့သည်ကား။ တေနဝုတိသဟဿာနိ၊ ကိုးသောင်း သုံးထောင် တို့သည်ငှင်း။ ဝီသာဓိကသတမ္ပိ စ၊ နှစ်ဆယ်အလွန်ရှိသော တရာသည်ငှင်း။ ဟောန္တိ၊ကုန်၏။

**မူလံ ဟေတု နိဒါနဥ္စ၊ သမ္ဘဝေါ ပဘဝေန စ။**
**သမုဋ္ဌာနာဟာရာရမ္မဏာ[၁]၊ ပစ္စယော သမုဒယေန စာတိ။ ။**

(ဤဂါထာကို နှုတ်ကျက်ဆောင်)။

ဥဒ္ဒေသ ပြီး၏။

---

နိဒ္ဒေသ

မူလဝါရ

၁။ ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏။ ထိုနိဒ္ဒေသသည်လည်း တိကမာတိကာနိဒ္ဒေသ, ဒုကမာတိကာနိဒ္ဒေသအားဖြင့် နှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတို့တွင် **တိကမာတိကာနိဒ္ဒေသ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုတိကမာတိကာနိဒ္ဒေသသည်လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါး အပြားရှိ၏။ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် **ကုသလတိက်** ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလတိက်သည်လည်း မူလဝါရ။ ပ။သမုဒယဝါရ

---

၁-အချို့ပါဠိတော်၌ "သမုဋ္ဌာနာဟာရာရမ္မဏာ" ဟု လည်း ရှိသည်၊

အားဖြင့် ဆယ်ပါး အပြားရှိ၏။ ထိုဆယ်ပါးတို့တွင် မူလဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမူလဝါရသည်လည်း ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, နာမပဒအားဖြင့် လေးပါးအပြားရှိ၏။ထိုလေးပါးတို့တွင် **ကုသလပဒ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒသည်လည်း မူလနယ, မူလမူလနယ, မူလကနယ, မူလမူလက နယအားဖြင့် လေးပါးအပြား ရှိ၏။

---

## ကုသလပဒ မူလနယ

ထိုလေးပါးတို့တွင် **မူလနယ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမူလနယ သည်လည်း မူလယမက, ကေမူလယမက, အညမညမူလယမက အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် **မူလယမက**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမူလယမက သည်လည်း အနုလောမ ပဋိလောမအားဖြင့် နှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတို့တွင် အနုလောမကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမ သည်လည်း ပုစ္ဆာ ဝိဿဇ္ဇနာအားဖြင့် နှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတို့တွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "**ယေကေစိ** ကုသလာ ဓမ္မာ" ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ကုသလမူလာ" ဟူသည်တည်း။ ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာကို ဟောတော်မူ၏။ **ဟောဟန်ကား** "တီဏေဝ ကုသလမူလာနိ၊ အဝသေသာ ကုသလာ ဓမ္မာ န ကုသလမူလာ" ဟူသည်တည်း။

(၂) အနုလောမကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမကို ဟောတော်မူ၏။ ထိုပဋိလောမသည်လည်း ပုစ္ဆာ ဝိဿဇ္ဇနာအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌။ပ။ **ဟောဟန်ကား** "**ယေ ဝါ ပန** ကုသလမူလာ" ဟူသည်တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသည်တည်း။ ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာကို ဟောတော်မူ၏။ **ဟောဟန်ကား** "အာမန္တာ" ဟူသည်တည်း။

(၁) ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ် မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သလော။ ဣတိ ပုစ္ဆာယံ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်။ တီဏေဝ တီဏိ ဝေ၊ အလောဘ

အဒေါသ, အမောဟ ဟု ဆိုအပ်သော ကုသလမူ သုံးခုတို့သည်သာလျှင်။ ကုသလမူလာနိ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်၏။ အဝသေသာ၊ ကုသလ မူလ သုံးခုတို့မှ ကြွင်းကုန်သော။ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ ကုသိုလ် ဓေတသိက်ပဥ္စတိံသတို့သည်။န ကုသလမူလာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမမည်ကုန်။ ဣတိ ဝိဿဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ၏။

(၂) ယေ ဝါ ပန၊ ကုန်သော။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

(၁) "ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ" ဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ "ယေကေစိ ကုသလာ ဓမ္မာ"ဟူသော **သန္နိဋ္ဌာန်ပုဒ်၏အရကား** ကုသိုလ်စိတ်ဧကဝီသ, ကုသလမူ သုံးခုကြဉ်သော စေတသိက် ပဥ္စတိံသ ရ၏။ ကုသလမူ သုံးခုလည်း ရ၏။ "သဗ္ဗေ တေ ကုသလ မူလာ" ဟူသော **သံသယပုဒ်၏အရကား** ကုသလမူ သုံးခုသာ ရ၏။

### ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် ခပ်သိမ်းကုန်သော ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သလော ဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပုရေပဉှာ ပစ္ဆာပဉှာ နှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသာ ဖြစ်၍ သံသယပုဒ်၏အရမဖြစ်ကောင်းသော ကုသိုလ်ဧကဝီသ, ကုသလမူ သုံးခုမှ တပါး စေတသိက်ပဥ္စတိံသကို ပုရိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ် မြစ်၍၊ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူသုံးခုကို ပစ္ဆိမ ကောဋ္ဌာသတင်တော်မူ၍ ဖြေတော်မူအပ်လျက် မဖြေမူ၍ **"အဝသေသာ"** ဟူ သောပါဌ်ဖြင့် အကြွင်းကို သိလွယ်စိမ့်သောငှါ သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရ ဖြစ်သော ကုသလမူသုံးခုကို **"တီဏေဝ ကုသလမူလာနိ"** ဟု ပုရိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ် မမြစ်မူ၍ သန္နိဋ္ဌာန်ပုဒ်၏အရသာဖြစ်၍ သံသယ ပုဒ်၏ အရမဖြစ်ကောင်းသော ကုသိုလ်ဧကဝီသ, ကုသလမူ သုံးခုမှတပါး

စေတသိက်ပဋ္ဌတီ`သ ကို **"အဝသေသာ ကုသလာ ဓမ္မာ န ကုသလမူလာ"**ဟု ပစ္ဆိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍ အဖြေငါးပါးတို့တွင် ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြတော်မူသောအားဖြင့် သရူပဒဿနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

"ယေဝါ ပန ကုသလမူလာ၊သဗ္ဗေ တေ ဓမ္မာ ကုသလာ"ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ "ယေ ဝါ ပန ကုသလမူလာ"ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ကုသလမူ သုံးခုရ၏။ "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသော သံသယ ပုဒ်၏ အရလည်း ကုသလမူ သုံးခု ရင်း ရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် အကြင်သို့သဘောရှိကုန်သော ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလော ဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူသော ပစ္ဆာပဥ္စာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သည်သာလျှင် ဖြစ်သော ကြောင့် သန္နိဋ္ဌာန်ပုဒ်၏အရကို ဝန်ခံတော်မူသောအားဖြင့် အဖြေငါးပါးတို့တွင် "အာမန္တာ"ဟု ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

၁။ မူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ ကေမူလယမကကို ဟောတော်မူ၏။ ထို....လည်း အနုလောမ ပဋိလောမအားဖြင့် နှစ်ပါး အပြား ရှိ၏။ ထို....တွင် အနုလောမ ကို....၏။ ထို....လည်း ပုစ္ဆာ ဝိဿဇ္ဇနာအားဖြင့် နှစ်ပါး... ၏။ ထို....တွင် ပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန်သံသယအားဖြင့် နှစ်ပါး....၏။ ထို....တွင် သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား** "**ယေကေစိ ကုသလာ ဓမ္မာ**"တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ကုသလမူလေန ကေမူလာတိ" တည်း။ ပုစ္ဆာကို....၌ ဝိဿဇ္ဇနာကို....၏။ **ဟောဟန်ကား** "အာမန္တာ" တည်း။

(၂) အနုလောမကို....၌ ပဋိလောမကို....၏။ ထို....လည်း ပုစ္ဆာ ဝိဿဇ္ဇနာ အားဖြင့် နှစ်ပါး....၏။ ထို....တွင် ပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယ အားဖြင့် နှစ်ပါး....၏။ ထို....တွင် သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား** "**ယေ ဝါ ပန** ကုသလမူလေန ကေမူလာ"တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား** "သဗ္ဗေ တေ ဓမ္မာ ကုသလာ"တည်း။ ။ပုစ္ဆာကို....၌ ဝိဿဇ္ဇနာကို....၏။ **ဟော**

**ဟန်ကား** "ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေန ကေမူလ န ကုသလံ၊ ကုသလံ ကုသလမူလေန ကေမူလဋ္ဌေ၀ ကုသလဋ္ဌ"တည်း။

(၁) ယေကေစိ၊ ကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သဗ္ဗေ၊ ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သောမူလနှင့်။ (ဝါ) ကုသိုလ်ဟု ဆိုအပ်သောမူလအားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ) မူလအားဖြင့် တူသောမူလရှိကုန်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

(၂) ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ကုသလမူလေန၊ကုသိုလ်ဟု ဆိုအပ်သောမူလနှင့်။(ဝါ)အားဖြင့်။ ကေမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သဗ္ဗေ၊ ရှိကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊တို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ကုသလသမုဋ္ဌာနံ၊ ကုသိုလ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပံ၊စိတ္တဇရုပ် သတ္တရသသည်။ ကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ကေမူလံ၊ တူသော မူလရှိ၏။ န ကုသလံ။ ကုသိုလ်မမည်။ ကုသလံ၊ သည်။ ကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ကေမူလဋ္ဌေ၀၊ တူသော မူလလည်း ရှိ၏။ ကုသလဋ္ဌ၊ ကုသိုလ်လည်း မည်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

(၁) "ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ကေမူလာ" ဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ ပါဠိတော်မြတ်ပါဌ်၌ "ယေကေစိ ကုသလာ ဓမ္မာ"ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ကုသိုလ်ကေဝိသ, စေတသိက် အဋ္ဌတိံသ ရ၏။"သဗ္ဗေ တေ ကုသလမူလေန ကေမူလာ"ဟူသော **သံသယပုဒ်၏ အရလည်း** ကုသိုလ်ကေဝိသ, စေတသိက် အဋ္ဌတိံသ ၎င်း ရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် ခပ်သိမ်းကုန်သော ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်ဟုဆိုအပ်သောမူလနှင့် တူသော မူလရှိကုန်သလော ဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေး လေးပါးတို့တွင် ပဌမကောဋ္ဌာသ၏ အရနှင့်တူသော ပစ္ဆာပဋ္ဌာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ ကုသိုလ်မည်ကုန်သောတရားတို့သည် ကုသိုလ်ဟုဆိုအပ်သော မူလနှင့် တူသောမူလရှိကုန်သည်သာလျှင် ဖြစ်သောကြောင့် သန္နိဋ္ဌာန်ပုဒ်၏အရကို ဝန်ခံတော်မူသော

အားဖြင့် အဖြေငါးပါးတို့တွင် "အာမန္တာ"ဟု ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

(၂) "ယေ ဝါ ပန ကုသလမူလေန ဧကမူလာ သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ "ယေ ဝါ ပန ကုသလမူလေန ဧက- မူလာ" ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် ရ၏။ ကုသိုလ်ဧကဝီသ,စေတသိက်အဋ္ဌတိံသလည်း ရ၏။ "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသော **သံသယပုဒ်၏ အရကား** ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတိံသ သာ ရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် အကြင်သို့ သဘောရှိကုန်သော ကုသိုလ်ဟုဆိုအပ်သော မူလနှင့် (ဝါ) မူလအားဖြင့် တူသောမူလရှိကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလော ဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေး လေးပါးတို့တွင် ပုရေပဉှာ ပစ္ဆာပဉှာနှစ်ပါး၏ လက္ခဏာနှင့်ပြည့်စုံသော ပရိ ပုဏ္ဏပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသာ ဖြစ်၍ သံသယပုဒ်၏အရ မဖြစ်ကောင်းသော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ် သော စိတ္တဇရုပ်ကို "ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေ န ဧကမူလံ၊ နကုသ လံ" ဟု ပုရိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတိံသကို "ကုသလံ ကုသလမူလေန ဧကမူလဉ္စေဝ ကုသလဉ္စ"ဟု ပစ္ဆိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ်မမြစ်မူ၍ အဖြေငါးပါးတို့တွင် ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏သရုပ်ကို ပြသောအားဖြင့် သရူပဒဿနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

(၁) ဧကမူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **အညမညမူလ ယမက** ကို ဟောတော်မူ၏။ ထို....လည်း အနုလောမ ပဋိလောမအားဖြင့် နှစ်ပါး....၏။ ထို....တွင် အနုလောမကို....၏။ထို....လည်း ပုစ္ဆာ ဝိဿဇ္ဇနာအားဖြင့် နှစ်ပါး....၏။ ထို....တွင် ပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး....၏။ ထို....တွင် သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား** "ယေကေစိ ကုသလ မူလေန ဧကမူလာ ဓမ္မာ"တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား**

"သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ" တည်း။ ပုစ္ဆာကို....၌ ဝိဿဇ္ဇနာကို....၏။ ဟောဟန်ကား "မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိ စေဝ အညမညမူလာနိ စ၊ အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ ကုသလမူလေန ဧကမူလာ၊ န စ အညမညမူလာ"တည်း။ အနုလောမကို....၌ ပဋိလောမကို....၏။ ထို....လည်း ပုစ္ဆာ ဝိဿဇ္ဇနာအားဖြင့် နှစ်ပါး....၏။ ထို....တွင် ပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့်နှစ်ပါး....၏။ ထို....တွင် သန္နိဋ္ဌာန်ကို....၏။ ဟောဟန်ကား "ယေ ဝါ ပန ကုသလမူလေန အညမညမူလာ" တည်း။ ထို့နောင် သံသယကို....၏။ ဟောဟန်ကား "သဗ္ဗေ တေ ဓမ္မာ ကုသလာ" တည်း။ ပုစ္ဆာကို....၌ ဝိဿဇ္ဇနာကို....၏။ ဟောဟန်ကား "အာမန္တာ" တည်း။

(၁) ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သော မူလနှင့်။ (ဝါ) အားဖြင့်။ ဧကမူလာ၊ တူသောမူလရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ အညမညမူလာ၊ တပါးသည် တပါး၏ မူလဟုဆိုအပ်သော မူလမည်ကုန်သလော။ (ဝါ) မူလရှိကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ကုသလမူလာနိ၊ ကုသလမူလဟု ဆိုအပ်ကုန်သော။ ယာနိ မူလာနိ၊ အကြင်မူလတို့သည်။ ဧကတော၊ တကွနက်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တာနိ မူလာနိ၊ ထိုကုသလမူလ သုံးခုတို့သည်။ ဧကမူလာနိ စေဝ၊ တူသောမူလလည်း ရှိကုန်၏။ အညမညမူလာနိ စ၊ တပါးသည်တပါး၏ မူလလည်း မည်ကုန်၏။ (ဝါ) ရှိကုန်၏။ အဝသေသာ၊ ကုသလမူလ သုံးခုမှကြွင်းကုန်သော။ ကုသလမူလသဟဇာတာ၊ ကုသလမူလ သုံးခုနှင့်တကွဖြစ်ကုန်သော။ ဓမ္မာ၊ ကုသိုလ်ဧကဝီသ, ကုသလမူလ သုံးခုမှတပါး စေတသိက် ပဥ္စတိံသ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် ဧကဝီသ, စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ) အားဖြင့်။ ဧကမူလာ၊ တူသောမူလ ရှိကုန်၏။ န စ အညမညမူလာ၊ တပါးသည် တပါး၏ မူလမမည်ကုန်။ (ဝါ) တပါးသည် တပါး၏ မူလမရှိကုန်။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

(၂) ယေ ဝါ ပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလေန၊ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ အညမည မူလာ၊ တပါးသည် တပါး၏ မူလ မည်ကုန်သော။ (ဝါ) ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ တို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ကုသိုလ်ဟု ဆိုအပ်သော

မူလအားဖြင့် တပါးသည် တပါး၏မူလမည်ကုန်သော တရားတို့သည် ကုသိုလ် မည်ကုန်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

(၁) "ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလ-မူလေန အညမညမူလာ"ဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ "ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ကုသိုလ် ဧကဝီသ ကုသလမူသုံးခုမှတပါး စေတသိက်ပဉ္စတိံသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် သတ္တရသ ရ၏။ ကုသလမူ သုံးခုလည်း ရ၏။ "သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ" ဟူသော သံသယပုဒ်၏အရကား ကုသလမူ သုံးခုသာ ရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် ခပ်သိမ်းကုန်သော ကုသိုလ်ဟုဆိုအပ်သော မူလနှင့် တူသော မူလရှိကုန်သော တရားတို့သည် ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့် တပါးသည်တပါး၏ မူလ မည်ကုန်သလောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပုရေပဉှာ ပစ္ဆာပဉှာနှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏အရ မဖြစ်ကောင်းသော ကုသိုလ် ဧကဝီသ ကုသလမူ သုံးခုကြဉ်သော စေတသိက် ပဉ္စတိံသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ,စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသကို ပုရိမကောဋ္ဌာသတင်တော်မူ၍ သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူ ၃-ခုကို ပစ္ဆိမကောဋ္ဌာသတင်တော်မူ၍ ဖြေတော်မူအပ်လျက် "အဝသေသာ" ဟူသော ပါဠိဖြင့် အကြွင်းကို သိလွယ် စိမ့်သောငှါ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူ ၃-ခုကို "မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိ စေဝ အညမည မူလာနိ စ" ဟု ပုရိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိဓ်မဖြစ်မူ၍ သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏အရ မဖြစ်ကောင်းသော ကုသိုလ် ဧကဝီသ, ကုသလမူ ၃-ခုမှတပါး စေတသိက် ပဉ္စတိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ် သောအခါ ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် သတ္တရသကို "အဝသေသာ ကုသလမူလ သဟဇာတာ ဓမ္မာ ကုသလမူလေန ဧကမူလာ၊ န စ အညမညမူလာ"ဟု

ပစ္ဆိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍ အဖြေငါးပါးတို့တွင် ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသနှစ်ပါး၏ သရုပ်ကို ပြတော်မူသောအားဖြင့် သရူပဒဿနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

(၂) "ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ"ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ "ယေ ဝါ ပန ကုသလ မူလေန အညမညမူလာ"ဟူသော **သန္နိဋ္ဌာန်ပုဒ်၏အရကား** ကုသလမူ သုံးခု ရ၏။ "သဗ္ဗေ တေ ဓမ္မာ ကုသလာ"ဟူသော သံသယပုဒ်၏အရလည်း ကုသလမူ သုံးခု ၎င်း ရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့် တပါးသည် တပါး၏မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလော ဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပစ္ဆိမကောဋ္ဌာသ၏အရနှင့် တူသော ပစ္ဆာပဥ္စာဖြင့် မေးတော်မူသည်အား လျှောက်ပတ်စွာ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့် တပါးသည် တပါး၏ မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သည်သာ ဖြစ်သောကြောင့် သန္နိဋ္ဌာန်ပုဒ်၏အရကို ဝန်ခံတော်မူသောအားဖြင့် အဖြေငါးပါးတို့တွင် "အာမန္တာ"ဟု ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။ မူလနယပြီး၏။

---

## မူလမူလနယာဒိ

မူလနယကို ဟောတော်မူသည်၏အခြားမဲ့၌ မူလမူလနယကို ဟောတော်မူ၏။ (မူလနယအတိုင်းဟောလေ။ "မူလမူလာ" ဟူ၍ မူလသဒ္ဒါတခု ထည့်ရသည်သာ ထူးသည်)။ ။မူလမူလနယ ပြီး၏။

မူလမူလနယကို....၌ **မူလကနယကို**....၏။ ထို....လည်း မူလက ယမက ဧကမူလက ယမက, အညမညမူလက ယမကအားဖြင့် သုံးပါး....၏။ ထို....တွင် မူလက ယမကကို....၏။ ထို....လည်း (အနုလောမ၊ ပဋိလောမ၊ ပုစ္ဆာ၊ ဝိဿဇ္ဇနာ၊ သန္နိဋ္ဌာန်၊သံသယတို့ကိုစစ်မြဲ) ။**ဟောဟန်ကား "ယေကေစိ** ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလကာတိ။အာမန္တာ"။ ။"**ယေ ဝါ ပန** ကုသလမူလကာ၊သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလကံ န ကုသလံ၊ ကုသလံ ကုသလမူလကဉ္စေဝ ကုသလဉ္စ"တည်း။ ။(ကုသလမူလကာ၊ ကုသိုလ်ဟုဆိုအပ်

သော မူလရှိကုန်သလော။ အနက်ယောဇနာ။ အရကောက်မှာ ကေမူလ ယမက အတိုင်းကောက်လေ။ ကေမူလက ယမက၌လည်း ကေမူလကာ၊ တူသောမူလ ရှိကုန်သလော။ အနက်။ အညမညမူလက ယမက၌လည်း အညမညမူလကာ၊ တပါးသည် တပါး၏ မူလရှိကုန်သလော။ အနက်)။

[“မူလံ အဿ အတ္ထီတိ မူလကံ”။ အဿတ္ထိတဒ္ဓိတ်။ ။“ဧကံ မူလံ ယေသန္တေတိ ကေမူလကာ”။ ။“အညမညဿ မူလံ ယေသန္တေတိ အညမညမူလကာ”။ (ဗဟုဗ္ဗိဟိ)။ ။မူလကသည် ကေမူလနှင့်တူ၏ဟု အမြဲမှတ်လေ။ ။မူလမူလက နယလည်း· မူလကနယနှင့်တူပြီ။ ။ ဤမူလယမိုက်၌ သာမညသဘာဝလက္ခဏာကား လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤဟိတ်ခြောက်ခုသည် မူလမည်၏။ သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်တရား အပေါင်းသည် ကေမူလမည်၏။ မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ်ခြောက်ခုသည် အညမညမူလမည်၏။ ဤသို့ သာမညလက္ခဏာကိုမှတ်၍ ပုဒ်အားလျော်စွာ ဝိသေသလက္ခဏာကို သိရာ၏]။

ကုသလပဒ ပြီး၏။

## အကုသလပဒ မူလနယ

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။ ထို....လည်း (မူလနယအစရှိသည်တို့ကို ကုသလပဒကဲ့သို့ စစ်လေ)။ **ဟောဟန်ကား** “ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အကုသလမူလာတိ။ တီဏေဝ အကုသလမူလာနိ၊ အဝသေသာ အကုသလာ ဓမ္မာ န အကုသလမူလာ”။ ။“ယေ ဝါ ပန အကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ အကုသလာတိ။ အာမန္တာ” တည်း။ ။ယေကေစိ၊ ခပ်သိမ်းကုန်သော။ အကုသလာ၊ အကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ (အကြွင်းပေးမြဲ)။ ယေကေစိ အကုသလာ ဓမ္မာ။ ပ ။ ဦ။ “ယေကေစိ အကုသလာ ဓမ္မာ” ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** အကုသိုလ် ဒွါဒသ, အကုသလမူသုံးခု ကြဉ်သော စေတသိက် စတုဝီသ ရ၏။ အကုသလမူ သုံးခုလည်း ရ၏။ “သဗ္ဗေ တေ အကုသလမူလာ” ဟူသော **သံသယပုဒ်၏ အရကား** အကုသလမူ သုံးခုသာ ရ၏။ ထိုသို့ရသော ကြောင့် (ကောဋ္ဌာသ တင်မြဲ)။ ပဋိလောမ၌။ ယေ ဝါ ပန။ ပ ။ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** အကုသလမူ သုံးခုသာ ရ၏။ **သံသယလည်း** အကုသလမူ သုံးခု ရင်း ရ၏။ (ကောဋ္ဌာသ တင်မြဲ)။

မူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **ကေမူလယမကကို** ဟောတော်မူ၏။ (စစ်မြဲ) ။**ဟောဟန်ကား** "**ယေကေစိ** အကုသလာ ဓမ္မာ၊သဗ္ဗေ တေ အကုသလမူလေန ကေမူလာတိ။ အဟေတုကံ အကုသလံ အကုသလမူလေန န **ကေမူလံ**၊ သဟေတုကံ အကုသလံ အကုသလမူလေန ကေမူလံ"။ ။"**ယေ ဝါ ပန** အကုသလမူလေန ကေမူလာ၊သဗ္ဗေ တေ ဓမ္မာ အကုသလာတိ။အကုသလသမုဋ္ဌာနံ ရူပံ အကုသလမူလေန ကေမူလံ၊ န အကုသလံ၊ အကုသလံ အကုသလမူလေန **ကေမူလဉ္စေဝ** အကုသလဉ္စ"။ ။အဟေတုကံ၊ အဟိတ်ဖြစ်သော၊ အကုသလံ၊ အကုသိုလ်သည်။ အကုသလမူလေန၊ အကုသိုလ်ဟူဆိုအပ်သော မူလနှင့်။ န ကေမူလံ၊ တူသောမူလ မရှိ။ သဟေတုကံ၊ သဟိတ်ဖြစ်သော။ အကုသလံ၊ အကုသိုလ်သည်။ အကုသလမူလေန၊ နှင့်။(ဝါ) အားဖြင့်။ ကေမူလံ၊ တူသောမူလ ရှိ၏။ ။ ယေဝါ ပန၊ ပဋိလောမ၌ ကုသလပဒကိုမှီ၍ ယောဇနာလေ။

၁။ ယေကေစိ အကုသလာ ဓမ္မာ။ပ။ ၌ "ယေကေစိ အကုသလာ ဓမ္မာ" ဟူသော **သန္နိဋ္ဌာန်ပုဒ်၏အရကား** မောဟမူဒွေး၌ မောဟ ရ၏၊ အကုသိုလ်ဒွါဒသ, မောဟ မူဒွေး၌ မောဟကြဉ်သော စေတသိက်သတ္တဝီသလည်း ရ၏။ "သဗ္ဗေ တေ အကုသလမူလေန ကေမူလာ"ဟူသော **သံသယပုဒ်၏အရကား** အကုသိုလ်ဒွါဒသ, **မောဟ** မူဒွေး၌ မောဟကြဉ်သော စေတသိက်သတ္တဝီသသာ ရ၏။ ။(ကောဋ္ဌာသတင်မြဲ)။

(၂) "ယေ ဝါ ပန အကုသလမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ အကုသလာ" ဟူ၍။ပ။ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ, စေတသိက်သတ္တဝီသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် သတ္တရသ ရ၏။ အကုသိုလ်ဒွါဒသ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသလည်း ရ၏။ "သဗ္ဗေ တေ ဓမ္မာ အကုသလာ" ဟူသော **သံသယပုဒ်၏ အရကား** အကုသိုလ်ဒွါဒသ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသသာ ရ၏။ (ကောဋ္ဌာသတင်မြဲ)။

ကေမူလ ယမကကို....၌ **အညမညမူလယမကကို**....၏။ ။(စစ်မြဲ)။**ဟောဟန်ကား** "ယေကေစိ အကုသလမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ အကုသလမူလေန အညမညမူလာတိ။ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ အကုသလမူလာနိ ကေမူလာနိ စေဝ အညမညမူလာနိ စ၊ အဝသေသာ အကုသလမူလသဟဇာတာ ဓမ္မာ အကုသလမူလေန ကေမူလာ၊ န စ အညမညမူလာ"။ ။"**ယေ ဝါ ပန** အကုသလမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ အကုသလာတိ။ **အာမန္တာ**"။ တည်း။ (အနက်ကို ကုသလပဒကိုမှီ၍ ယောဇနာလေ)။

၁။ ယေကေစိ။ပ။ အနုလောမပုစ္ဆာ၌ "ယေကေစိ အကုသလမူလေန ဧက မူလာ ဓမ္မာ"ဟူသော သန္နိဋ္ဌာန်ပုဒ်၏ **အရကား** အကုသိုလ်ဒွါဒသ, အကုသလမူ သုံးခုမှတပါး စေတသိက်စတုဝီသ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ,စေတသိက်သတ္တဝီသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် သတ္တရသ ရ၏။မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ သုံးခုလည်းရ၏။

၂။ "သဗ္ဗေ တေ အကုသလမူလေန အညမညမူလာ"ဟူသော **သံသယပုဒ်၏ အရကား**....မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ သုံးခုသာ ရ၏။ (ကောဋ္ဌာသတင်မြဲ)။ ယေ ဝါ ပန အကုသလမူလေန အညမညမူလာ။ပ။ ပဋိ- လောမပုစ္ဆာ၌ ယေ ဝါ ပန....ကား မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ သုံးခု ရ၏။**သံသယပုဒ်အရလည်း** မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ သုံးခုရင်းရ၏။ ။(ကောဋ္ဌာသတင်မြဲ)။ ။မူလနယပြီး၏။ ။မူလမူလနယ လည်း မူလနယနှင့် တူပြီ။

---

## မူလက နယ

မူလမူလနယကိုဟောတော်မူသည်၏အခြားမဲ့၌ မူလကနယကိုဟောတော်မူ၏။ (စစ်မြဲ)။ ။**ဟောဟန်ကား** "**ယေကေစိ** အကုသလာ ဓမ္မာ၊သဗ္ဗေ တေ အကုသလ မူလကာတိ။ အဟေတုကံ အကုသလံ န အကုသလမူလကံ၊သဟေတုကံ အကုသလံ အကုသလမူလကံ"။ ။"**ယေ ဝါ ပန** အကုသလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ အကု သလာတိ။ အကုသလသမုဋ္ဌာနံ ရူပံ အကုသလမူလကံ န အကုသလံ၊ အကုသလံ အကုသလမူလကဥ္စေဝ အကုသလဥ္စ" တည်း။

အနုလောမပုစ္ဆာ၌ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** မောဟမူဒွေး၌ မောဟရ၏။ အကုသိုလ်ဒွါဒသ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ လည်း ရ၏။ "သဗ္ဗေ တေ အကုသလမူလကာ"ဟူသော **သံသယပုဒ်၏ အရကား** အကုသိုလ်ဒွါဒသ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသသာ ရ၏။ ။ယေ ဝါ ပန။ပ။**သန္နိဋ္ဌာန်ပုဒ်၏အရကား** ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်ဒွါဒသ, စေတသိက် သတ္တဝီသနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ် သော စိတ္တဇရုပ် ရ၏။ အကုသိုလ်ဒွါဒသ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်သတ္တဝီသလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။(ကောဋ္ဌာသ တင်မြဲ)။ ။ကေမူလကယမကလည်း နည်းတူ။အညမညမူလက ယမကလည်း မူလနယနှင့် နည်းတူ။ မူလမူလကနယလည်း မူလက နယနှင့် တူပြီ။

**အကုသလပဒ ပြီး၏။**

## အဗျာကတပဒ မူလနယ

အကုသလပဒကိုဟောတော်မူသည်၏အခြားမဲ့၌ အဗျာကတပဒကိုဟောတော်မူ၏။ ထို....လည်း မူလနယ, မူလမူလနယ, မူလကနယ, မူလမူလကနယအားဖြင့် လေးပါး အပြားရှိ၏။ (ကုသလပဒအတိုင်းစစ်လေ)။ **ဟောဟန်ကား** “**ယေကေစိ** အဗျာကတာ ဓမ္မာ၊သဗ္ဗေ တေ အဗျာကတမူလာတိ။တီဏေဝ အဗျာကတမူလာနိ အဝသေသာ အဗျာကတာ ဓမ္မာ၊ န အဗျာကတမူလာ”။ ။“**ယေ ဝါ ပန** အဗျာကတမူလာ၊ သဗ္ဗေ တေ ဓမ္မာ အဗျာကတာတိ။အာမန္တာ” တည်း။ ။ယေကေစိ၊ ကုန်သော။ပ။ အဗျာကတမူလာ၊ အဗျာကတဟု ဆိုအပ်သော မူလမည်ကုန်သလော။ဣတိ ပုစ္ဆာယံ၊သည်။သတိ၊ သော်။တီဏေဝ တီဏိ ဝေ၊အဗျာကတမူလ ၃-ခု တို့သည်သာလျှင်။ အဗျာကတမူလာနိ၊ အဗျာကတ ဟု ဆိုအပ်သော မူလမည်ကုန်၏။အဝသေသာ၊အဗျာကတမူလ ၃-ခုမှ ကြွင်းကုန်သော။အဗျာကတာ၊အဗျာကတဖြစ်ကုန်သော။ဓမ္မာ၊ဝိပါက်ဆတ္တိံသ,ကြိယာဝီသအဗျာကတမူလ ၃-ခုမှတပါး စေတသိက် ပဥ္စတိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ န အဗျာကတမူလာ၊ အဗျာကတဟုဆိုအပ်သော မူလ မမည်ကုန်။ (တနည်းကား) အဝသေသာ၊ အဗျာကတမူလ ၃-ခုမှ ကြွင်းကုန်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, စေတသိက် ပဥ္စတိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ အဗျာကတာ၊ အဗျာကတဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ ဓမ္မမည်ကုန်၏။ န အဗျာကတမူလာ၊ ကုန်။ ။(ဤသို့ အဋ္ဌကထာ၌ နှစ်နည်း ယောဇနာ၏။ ဤနည်းအတူ ကုသလပဒ အစရှိသည်တို့၌လည်း ယောဇနာလေ)။

(၁) ယေကေစိ အဗျာကတာ ဓမ္မာ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏အရကား** ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, အဗျာကတမူ ၃-ခုမှ တပါး စေတသိက် ပဥ္စတိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရ၏။ အဗျာကတမူ ၃-ခုလည်း ရ၏။ “သဗ္ဗေ တေ အဗျာကတမူလာ” ဟူသော **သံသယပုဒ်၏အရကား** အဗျာကတမူ ၃-ခုသာ ရ၏။ ။(ကောဋ္ဌာသ တင်မြဲ)။ ။(၂) ယေ ဝါ ပန။ပ။**သန္နိဋ္ဌာန်ပုဒ်၏အရကား** အဗျာကတမူ ၃-ခုရ၏။ **သံသယ** ၎င်း ရ၏။ ။(ကောဋ္ဌာသ တင်မြဲ)။

မူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **ကေမူလယမက** ကို ဟောတော်မူ၏။ (စစ်မြဲ)။ ။**ဟောဟန်ကား** “**ယေကေစိ** အဗျာကတာ ဓမ္မာ၊ သဗ္ဗေ တေ အဗျာကတမူလေန ကေမူလာတိ။ အဟေတုကံ အဗျာကတံ အဗျာကတမူလေန န ကေမူလံ၊သဟေတုကံ အဗျာကတံ အဗျာကတမူလေန ကေမူလံ”။ ။“**ယေ ဝါ ပန** အဗျာကတမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ အဗျာကတာတိ။ အာမန္တာ”တည်း။ ။ယေကေစိ၊ ကုန်သော။ ပ။ အဟေတုကံ၊ အဟိတ် ဖြစ်သော။ အဗျာကတံ၊ သည်။ အဗျာကတမူလေန၊ အဗျာကတဟု ဆိုအပ်သော

မူလနှင့်။ (ဝါ) အားဖြင့်။ န ကေမူလံ၊ တူသောမူလ မရှိ။ သဟေတုကံ၊ သဟိတ် ဖြစ်သော။ အဗျာကတံ၊ အဗျာကတသည်။ အဗျာကတမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ကေမူလံ၊ တူသော မူလ ရှိ၏။ ။(ပဋိလောမ လွယ်ပြီ)။

(၁) "ယေကေစိ အဗျာကတာ ဓမ္မာ၊ သဗ္ဗေ တေ အဗျာကတမူလေန ကေမူလာတိ" ဟူသော အနုလောမပုစ္ဆာ၌ ယေကေစိ အဗျာကတာ ဓမ္မာ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏အရကား** အဟိတ်စိတ် အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်း ဒွါဒသ, ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေးပဉ္စဝိညာဉ်တဆယ် ကြဉ်သော ကုသိုလ်, အကုသိုလ်, အဟိတ်ဝိပါက်, အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာ ရဟပြုအပ်သော စိတ္တဇရုပ်, အဟိတ် ပဋိသန္ဓေနှစ်ခုနှင့် ယထာရဟအတူ ဥပါဒ် သော အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်, နိဗ္ဗာန် ရ၏။ သဟိတ်ဝိပါက် ကေဝိသ, သဟိတ်ကြိယာသတ္တရသ, စေတသိက် အဋ္ဌတိံသ၊ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော သဟိတ်ဝိပါက်, သဟိတ် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်, သဟိတ်ပဉ္စဝေါ ကာရ ပဋိသန္ဓေတေရသ တို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏။ "သဗ္ဗေ တေ အဗျာကတမူလေန ကေမူလာ" ဟူသော **သံသယပုဒ်၏ အရကား** နောက်သာ ရ၏။ ။(ကောဋ္ဌာသ တင်မြဲ)။ ။ ပဋိလောမလည်း ယခင်သံသယ အရပင်။ ။

[ရုပ်သည် အဗျာကတပင် ဖြစ်သော်ကြောင့် ကုသလပဒတို့ကဲ့သို့ အဗျာကတသမုဋ္ဌာန်ရုပ် မထွက်မူ၍။ အာမန္တာ။ဟု ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေတော်မူသည်။ကုသိုလ် အကုသိုလ် ပြုအပ်သော စိတ္တဇရုပ်သည် အဗျာ ကတဟိတ် မရှိသောကြောင့် "အဟေတုကံ အဗျာကတံ" အရ၌သွင်း၍ ကောက်သည်]။

ကေမူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **အညမညမူလယမက** ကို ဟောတော်မူ၏။ပ။ **ဟောဟန်ကား ယေကေစိ** အဗျာကတမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ အဗျာကတမူလေန အညမညမူလာတိ။ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ အဗျာကတမူလာနိ ကေမူလာနိ စေဝ အညမညမူလာနိစ။ အဝသေသာ အဗျာကတမူလသဟဇာတာ ဓမ္မာ အဗျာကတမူလေန ကေမူလာ။ န စ အညမညမူလာ။ ။**ယေ ဝါ ပန** အဗျာကတမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ အဗျာကတာတိ။ အာမန္တာ တည်း။ ။အဗျာကတမူလာနိ၊ အဗျာ ကတမူလဟုဆိုအပ်ကုန်သော။ ယာနိမူလာနိ၊ အကြင်မူလတို့သည်။ပ။ အဝ သေသာ၊ အဗျာကတမူလသုံးခုတို့မှ ကြွင်းကုန်သော။ အဗျာကတမူလသဟဇာ

တာ၊ အဗျာကတမူလနှင့်တကွဖြစ်ကုန်သော။ ဓမ္မာ၊ သဟိတ်ဝိပါက်ကေဝိသ, သဟိတ်ကြိယာ သတ္တရသ, စေတသိက် ပဉ္စတိံသ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် လေးခု ရဟန္တာတို့စုတိကြည်သော သဟိတ်ဝိပါက်, သဟိတ် ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်, သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအဘူ ဉပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တို့သည်။ (အကြွင်းသိသာပြီ)။

(၁) ယေကေစိ အဗျာကတမူလေန ကေမူလာ ဓမ္မာ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** သဟိတ်ဝိပါက်ကေဝိသ, သဟိတ်ကြိယာ သတ္တရသ, အဗျာကတ မူသုံးခုမှတပါး စေတသိက်ပဉ္စတိံသ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ရဟန္တာတို့စုတိကြည်သော သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်, သဟိတ်ပဉ္စဝေါ-ကာရပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အဘူဉပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ အဗျာကတမူသုံးခုလည်းရ၏။ သဗ္ဗေ တေ။ပ။ ဟူသော **သံသယ ပုဒ်၏ အရကား** အဗျာကတမူ သုံးခုသာရ၏။ ။ပဋိလောမ၌ ယခင်သံသယကို **ကောက်**။ မူလနယ ပြီး၏။

## အဗျာကတပဒ-မူလမူလနယ

မူလမူလနယလည်း မူလနယနှင့်တူပြီ။ (မူလကနယ၌ စစ်မြဲ)။ ။**ယေကေစိ အ**ဗျာကတာ ဓမ္မာ၊ သဗ္ဗေ တေ အဗျာကတမူလကာတိ အဟေတုကံ အဗျာကတံ န အဗျာကတမူလကံ။ သဟေတုကံ အဗျာကတံ အဗျာကတမူလကံ။ ။**ယေ ဝါ ပန** အဗျာကတမူလကာ၊ သဗ္ဗေ တေ ဓမ္မာ အဗျာကတာတိ။ အာမန္တာ။ [မူလနယ ကေမူအတိုင်း ကောက်လေ။ ကေမူလက လည်း မူလကနှင့်တူပြီ။ အညမညမူလကလည်း မူလနယ၊ အညမညမူလ ယမကနှင့် တူပြီ။ မူလမူလက နယလည်း မူလကနယနှင့်တူပြီ]။ အဗျာကတပဒ ပြီး၏။

---

## နာမပဒ-မူလနယ

အဗျာကတပဒကို...၌။ **နာမပဒကို**...၏။ ထို...လည်း မူလနယ, မူလမူလ နယ, မူလကနယ, မူလမူလကနယအားဖြင့် လေးပါး အပြားရှိ၏။ ထို...တွင် **မူ**လနယကို...၏။ (စစ်မြဲ) **ဟောဟန်ကား ယေကေစိ** နာမာ ဓမ္မာ၊ သဗ္ဗေ တေ နာမမူလာတိ။ နဝေဝ နာမမူလာနိ၊ အဝသေသာ နာမာ ဓမ္မာ၊ န နာမ-မူလာ။ ။**ယေ ဝါ ပန** နာမမူလာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ။ အာမန္တာ။ ။ နဝေဝ-နဝဧဝ၊ နာမမူလကိုးခုတို့သည်သာလျှင်။ နာမမူလာနိ၊ နာမ်ဟုဆိုအပ်

သော မူလမည်ကုန်၏။ အဝသေသာ၊ နာမမူလကိုးခုမှ ကြွင်းကုန်သော စိတ်တခု ယုတ်ကိုးဆယ်, စေတသိက်ဆစတ္တာလီသ, နိဗ္ဗာန်တို့သည်။ နာမာ၊ နာမ်ဟု ဆိုအပ် ကုန်သော။ ဓမ္မာ၊ ဓမ္မမည်ကုန်၏။ န နာမမူလာ၊ နာမ်ဟု ဆိုအပ်သော မူလ မမည်ကုန်။ [အကြွင်းသိသာပြီ]။

(၁) ယေကေစိ နာမာ ဓမ္မာ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** စိတ်တခု ယုတ်ကိုးဆယ်, နာမမူ ကိုးခုကြဉ်သော စေတသိက် ဆစတ္တာလီသ, နိဗ္ဗာန်ရ၏။ နာမမူ ကိုးခုလည်း ရ၏။ (၂) သဗ္ဗေ တေ နာမမူလာ ဟူသော **သံသယပုဒ်၏ အရကား** နာမမူကိုးခုသာ ရ၏။

> [ကုသလမူ သုံးခု၊ အကုသလမူ သုံးခု၊ အဗျာကတမူ သုံးခုကို နာမမူ ကိုးခုဆိုသည်။ ။စိတ် စေတသိက် တရားတို့သည် မိမိလည်း အာရုံသို့ ညွတ်သောကြောင့်၎င်း။ မိမိသို့ အာရမ္မဏိက တရားတို့ကို ညွတ်စေတတ် သောကြောင့်၎င်း နာမ်မည်၏။ ။နိဗ္ဗာန်သည်ကား။ အာရမ္မဏိက ဖြစ်သော မဂ်ဖိုလ် အစရှိသော စိတ်စေတသိက် တရားတို့ကို ညွတ်စေတတ် သောကြောင့် နာမ်မည်၏။ အာရမ္မဏံ နမတီတိ နာမံ။ (စိတ် စေတ သိက်ရ)။ အတ္တနိ အာရမ္မဏိကဓမ္မေ နာမေတီတိ နာမံ။ (စိတ် စေတ သိက်လည်း ရ၊ နိဗ္ဗာန်လည်းရ)။ ဤသို့ ဝစနတ္ထကြံလေ]။

မူလယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ **ကေမူလယမကကို** ဟော တော်မူ၏။(စစ်မြဲ)။ **ဟောဟန်ကား ယေကေစိ** နာမာ ဓမ္မာ၊ သဗ္ဗေ တေ နာမ မူလေန ကေမူလာတိ။ အဟေတုကံ နာမံ နာမမူလေန န ကေမူလံ၊ သဟေတုကံ နာမံ နာမမူလေန ကေမူလံ။ ။**ယေ ဝါ ပန** နာမမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ။ နာမသမုဋ္ဌာနံ ရူပံ နာမမူလေန ကေမူလံ န နာမံ။ နာမံ နာမမူလေန ကေမူလဉ္စေဝ နာမဉ္စ တည်း။ ။ယေကေစိ၊ ကုန်သော။ပ။ အဟေတုကံ၊ အဟိတ်ဖြစ်သော။ နာမံ၊ နာမ်သည်။ နာမမူလေန၊ နာမ်ဟု ဆိုအပ် သောမူလနှင့်။ (ဝါ) အားဖြင့်။ န ကေမူလံ၊ တူသောမူလမရှိ။ သဟေတုကံ၊ သဟိတ်ဖြစ်သော။ နာမံ၊ နာမ်သည်။ နာမမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ကေမူလံ၊ တူသောမူလရှိ၏။ (အကြွင်းလွယ်ပြီ)။

(၁) ယေကေစိ နာမာ ဓမ္မာ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** အဟိတ်စိတ် အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ, မောဟမူဒွေး၌မောဟ, နိဗ္ဗာန် ရ၏။ သဟိတ်စိတ်ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသလည်းရ၏။ **သံသယပုဒ်၏ အရကား** သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသသာရ၏။ (၂) ယေ

ဝါ ပန။ပ။ **သန္နိဋ္ဌာန်ပုဒ်၏အရကား** ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ် စိတ္တဇရုပ်, သဟိတ် ပဥ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟာ အတူ ဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသလည်း ရ၏။ **သံသယကား** သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသသာရ၏။ (ကောဋ္ဌာသတင်မြဲ)။

ကေမူလယမကကို....၌ **အညမညမူလယမက** ကို....၏။ **ဟောဟန်ကား** **ယေကေစိ** နာမမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ နာမမူလေန အညမညမူလာတိ။ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ နာမမူလာနိ ကေမူလာနိ စေဝ အညမညမူလာနိ စ။ အဝသေသာ နာမမူလသဟဇာတာ ဓမ္မာ နာမမူလေန ကေမူလာ။ န စ အညမညမူလာ။ ။ယေ ဝါ ပန နာမမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ။ အာမန္တာ၊ တည်း။ (အနက်လွယ်ပြီ)။

(၂) ယေကေစိ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏အရကား** သဟိတ်စိတ် ကေသတ္တတိ နာမမူ ကိုးခုကြဉ်သော စေတသိက် ဆစတ္တာလီသ။ ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟာ ပြုအပ်သော သဟိတ် စိတ္တဇရုပ်, သဟိတ် ပဥ္စဝေါကာရပဋိသန္ဓေ တေရသတို့နှင့် ယထာရဟာ အတူ ဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ မောဟမူဒွေး၌ မောဟ ကြဉ်သော နာမမူ ကိုးခုလည်း ရ၏။ **သံသယကား** နောက်သာရ၏။ (၂) ယေ ဝါ ပန။ပ။ **သန္နိဋ္ဌာန်ပုဒ်၏အရကား** မောဟမူဒွေး၌ မောဟကြဉ်သော နာမမူကိုးခု ရ၏။ **သံသယ** လည်း ၎င်းရ၏။

## နာမပဒ-မူလမူလနယ

မူလမူလနယလည်း မူလနယနှင့် တူပြီ။ (မူလကနယ၌ စစ်မြဲ)။ **ယေကေစိ** နာမာ ဓမ္မာ၊ သဗ္ဗေ တေ နာမမူလကာတိ။ အဟေတုကံ နာမံ န နာမမူလကံ၊ သဟေတုကံ နာမံ နာမမူလကံ။ ယေ ဝါ ပန နာမမူလကာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ။ နာမသမုဋ္ဌာန ရူပံ နာမမူလကံ န နာမံ။ နာမံ နာမမူလကဥ္စေဝ-နာမဥ္စ။ [မူလကနယ၌ ကေမူလယမကအဘိုင်း ကောက်လေ။ ကေမူလနှင့် တူ၏။ မူလမူလက လည်း မူလကနှင့် တူ၏]။

မူလဝါရ ပြီး၏။

## ဟေတုဝါရ

မူလဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ **ဟေတုဝါရကို** ဟောတော်မူ၏။ (စစ်မြဲ)။ **ယေကေစိ** ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလဟေတူတိ။ တယော ဝေ ကုသလဟေတူ။ အဝသေသာ ကုသလာ ဓမ္မာ။ န ကုသလဟေတူ။ ။**ယေ ဝါ ပန** ကုသလဟေတူ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ အာမန္တာ။ ။**ယေကေစိ** ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလဟေတုနာ ကေဟေတူတိ။ အာမန္တာ။ ။**ယေ ဝါ ပန** ကုသလဟေတုနာ ကေဟေတူ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ ကုသလသမုဋ္ဌာနံ ရူပံ ကုသလဟေတုနာ ကေဟေတူ။ န ကုသလံ။ ကုသလံ ကုသလဟေတုနာ ကေဟေတူ စေဝ ကုသလဉ္စ။ ။ (ကောက်မြဲ။ ကုသလဟိတ်ဆို၍ကောက်)။ ။**ယေကေစိ** ကုသလဟေတုနာ ကေဟေတူ ဓမ္မာ၊ သဗ္ဗေ တေ ကုသလဟေတုနာ အညမညဟေတူတိ။ ဟေတူ ယေ ကေတော ဥပ္ပဇ္ဇန္တိ ကုသလဟေတူ ကေဟေတူစေဝ အညမညဟေတူ စ၊ အဝသေသာ ကုသလဟေတုသဟဇာတာ ဓမ္မာ ကုသလဟေတုနာ ကေဟေတူ။ န စ အညမညဟေတူ။ ။**ယေ ဝါ ပန** ကုသလဟေတုနာ အညမညဟေတူ။ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ အာမန္တာ။ (ဤနည်းကိုမှီ၍ ဟေတုဝါရ ကုန်အောင် ရွတ်လေ)။

ဟေတုဝါရ ပြီး၏။

---

## နိဒ္ဒေသဝါရာဒိ

[နိဒ္ဒေသဝါရလည်း မူလဝါရကဲ့သို့ **တိကောဝ နိဒ္ဒေသနိ** ဟု န ပုလ္လိင်နှင့်ရွတ်။ သမ္ဘဝဝါရ, ပဘဝဝါရ, အာဟာရဝါရ, ပစ္စယဝါရ, သမုဒယဝါရ ဤဝါရတို့ကို ဟေတုဝါရကဲ့သို့ **တယော ဝေ** ဟု ပုလ္လိင်နှင့်ရွတ်။ သမုဋ္ဌာနဝါရ, အာရမ္မဏဝါရ တို့ကိုလည်း မူလဝါရကဲ့သို့ **တိကောဝ** ဟု န ပုလ္လိင်နှင့် ရွတ်လေ]။

ကုသလတိက် ပြီး၏။

---

## ဝေဒနာတိက်

ကုသလတိက်ကို...၌ **ဝေဒနာတိက်ကို**....၏။ (စစ်မြဲ)။ ။**ဟောဟန်ကား ယေကေစိ** သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ သဗ္ဗေ တေ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလာတိ။ ပဌမံ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလာနိ၊ **အဝသေသာ** သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ န သုခါယ ဝေဒနာယ သမ္ပယုတ္တမူလာ။ ။

**ယေ ဝါ ပန** သုခါယ ဝေဒနာယ သမ္ပယုတ္တမူလာ၊ သဗ္ဗေ တေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာတိ။ အာမန္တာ။

(၁) အနုလောမဥ္စ သန္နိဋ္ဌာန်ကား သုခသဟဂုတ် ခြောက်ဆဲ့သုံးခု, သုခါယ ဝေဒနာယ သမ္ပယုတ္တမူ ငါးခုကြဉ်သောစေတသိက် ကေစတ္တာလီသ ရ၏။ သုခါယ ဝေဒနာယ သမ္ပယုတ္တမူ ငါးခုလည်းရ၏။ **သံသယကား** နောက်သာရ၏။ ။ (၂) ပဋိလောမဥ္စလည်း သံသယအရပင်။

**ယေကေစိ** သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ သဗ္ဗေ တေ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလာတိ။ အဟေတုကံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန န ကေမူလံ၊ သဟေတုကံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလံ။ ။ **ယေ ဝါ ပန** သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာတိ။ သုခဋ္ဌ သုခါယ ဝေဒနာယ သမ္ပယုတ္တသမုဋ္ဌာနဥ္စ ရူပံ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလံ၊ န သုခါယ ဝေဒနာယ သမ္ပယုတ္တံ၊ သုခါယ ဝေဒနာယ သမ္ပယုတ္တံ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလဥ္စေဝ သုခါယ ဝေဒနာယ သမ္ပယုတ္တဥ္စ။

(၂) **အနုကား**။ အဟိတ် သုခသဟဂုတ်စိတ် သုံးခု, ဆန္ဒဝေဒနာ ကြဉ်သော အညသမာန်း ကောဒသရ၏။ သဟိတ် သုခသဟဂုတ်စိတ် ခြောက်ဆယ်၊ ဝေဒနာ၊ ဒေါသ၊ကုက္ကုစ္စ၊ဝိစိကိစ္ဆာ၊ ကြဉ်သော စေတသိက် ဆစတ္တာလီသ လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ ။**ပဋိကား**။ သဟိတ် သုခသဟဂုတ်စိတ် ခြောက်ဆယ်၌ရှိသော သုခဝေဒနာခြောက်ဆယ်၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ် သုခသဟဂုတ် နာမက္ခန္ဓာတို့ သည်ယထာရဟပြုအပ်သောသဟိတ် စိတ္တဇရုပ်၊သုခသဟဂုတ် ပဋိသန္ဓေ နာမက္ခန္ဓာ ရှစ်ခုတို့နှင့် ယထာရဟအတူ ဉပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ သဟိတ် သုခသဟဂုတ်စိတ် ခြောက်ဆယ်။ စေတသိက်ဆစတ္တာလီသလည်း ရ၏။ **သံသယ ကား**။ နောက်သာ ရ၏။

ထို့နောင် **အညမညမူလယမကကို** ဟောတော်မူ၏။ **ဟောဟန်ကား** **ယေကေစိ** သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန အညမညမူလာတိ။မူလာနိ ယာနိ ကေတော ဉပ္ပဇ္ဇန္တိ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလာနိ ကေမူလာနိ စေဝ အညမညမူလာနိ စ။အဝသေသာ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလသဟဇာတာ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန ကေမူလာ၊ န စ အညမညမူလာ။ ။**ယေ ဝါ ပန**

သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန အညမညမူလာ။ သဗ္ဗေ တေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာတိ။ အာမန္တာ တည်း။

(၃) **အနုကား**။သဟိတ် သုခသဟဂုတ်စိတ်ခြောက်ဆယ်၊သုခါယ ဝေဒနာယ သမ္ပယုတ္တမူငါးခု။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဒွေစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ် သုခသဟဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်၊ သုခသဟဂုတ် ပဋိသန္ဓေ ရှစ်ခုတို့နှင့် ယထာရဟ အတူ ဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ သုခါယ ဝေဒနာယ သမ္ပယုတ္တမူ ငါးခု လည်း ရ၏။**သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ** လည်း ယခင် သံသယ အရပင်။ ။ကြုံနည်းကိုမှီ၍ ဝေဒနာတိက် ကုန်အောင် ဟောလေ။ ။ဒုက္ခမှာ ဒွေယေဝ ထုတ်လေ၊ အဒုက္ခမသုခ မှာ ပဉ္စေဝ။ နာမမူမှာ ဒွါဒသေဝ ထုတ်လေ]။

ဝေဒနာတိက်ပြီး၏။

---

## ဝိပါကတိက်

ဝိပါကတိက်၌ **ယေကေစိ** ဝိပါကာ ဓမ္မာ၊ သဗ္ဗေ တေ ဝိပါကမူလာတိ။ တီဏေဝ ဝိပါကမူလာနိ အဝသေသာ ဝိပါကာ ဓမ္မာ၊ န ဝိပါကမူလာ။ ။ **ယေ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား**။ ဝိပါက်ဆတ္တိံသ။ ဝိပါကမူသုံးခု ကြဉ်သော စေတသိက်ပဉ္စတိံသ ရ၏။ ဝိပါကမူ သုံးခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ**၌လည်း ယခင်သံသယ အရပင်။

**ယေကေစိ** ဝိပါကာ ဓမ္မာ၊သဗ္ဗေ တေ ဝိပါကမူလေန ဧကမူလာတိ။အဟေတုကံ ဝိပါကံ ဝိပါကမူလေန န ဧကမူလံ။ သဟေတုကံ ဝိပါကံ ဝိပါကမူလေန ဧကမူလံ။ ။**ယေ ဝါ ပန** ဝိပါကမူလေန ဧကမူလာ၊ သဗ္ဗေ တေ ဓမ္မာ ဝိပါကာတိ။ ဝိပါကသမုဋ္ဌာနံ ရူပံ ဝိပါကမူလေန ဧကမူလံ၊ န ဝိပါကံ။ဝိပါကံ ဝိပါကမူလေန ဧကမူလဉ္စေဝ ဝိပါကဉ္စ။ ။**အနုကား**။ အဟိတ်ဝိပါက်ပန္နရသ၊ ဆန္ဒ,ဝီရိယကြဉ်သော အညသမာန်းကောဒသရ၏။ သဟိတ် ဝိပါက်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ လည်းရ၏။ **သံသယကား** နောက်သာရ၏။**ပဋိကား**။ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပ ဝိပါက်လေးခု၊ ရဟန္တာတို့စုတိကြဉ်သော သဟိတ်ဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ရ၏။

သဟိတ် ဝိပါက်ကေဝိသ၊ စေတသိက် အဌတိံသလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

**ယေကေစိ** ဝိပါကမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ ဝိပါကမူလေန အညမညမူလာတိ။ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ ဝိပါကမူလာနိ ကေမူလာနိ စေဝ အညမညမူလာနိစ။ အဝသေသာ ဝိပါကမူလသဟဇာတာ ဓမ္မာ ဝိပါကမူလေန ကေမူလာ၊ န စအညမညမူလာ။ ။**ယေ ဝါ ပန**။ပ။အာမန္တာ။ ။**အနုကား**။ သဟိတ်ဝိပါက် ကေဝိသ၊ ဝိပါကမူ ၃-ခုမှတပါး စေတသိက် ပဉ္စတိံသ။ ပဋိသန္ဓေ ကာလ... အရူပဝိပါက်လေးခု၊ ရဟန္တာတို့စုတ်ကြည်သောသဟိတ် ဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ဝိပါကမူ ၃-ခုလည်းရ၏။ **ပဋိလောမ**၌လည်း ယခင် သံသယပင်။ ။[**ဒုတိယပုဒ်**မှာ ကုသိုလ်ဟိတ်သုံးခု၊ အကုသိုလ်ဟိတ်သုံးခု၊ ဆဌေဝ ဝိပါကဓမ္မမူလာနိ ဟု ထုတ်]။

**ကေမူလ** မှာ အဟေတုကံ ဝိပါကဓမ္မဓမ္မံ ဟု ထုတ်။ ။**သန္နိဋ္ဌာန်ကား** မောဟမူဒွေး၌ မောဟရ၏။ အကုသိုလ်ဒွါဒသ၊ကုသိုလ် ကေဝိသ၊မောဟမူဒွေး၌ မောဟကြည်သောစေတသိက်ဒွေပညာသလည်းရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ**မှာ။ ကုသိုလ်အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ကို သန္နိဋ္ဌာန် ကောက်။ ။အညမညမူ၌ လွယ်ပြီ။

**တတိယပုဒ်**၌ တီကောဝ နေဝဝိပါက နဝိပါကဓမ္မဓမ္မမူလာနိ ဟု ထုတ်။ ။**သန္နိဋ္ဌာန်ကား**။ ကြိယာဝိသ၊ ကြိယာမူ ၃-ခုမှတပါး စေတသိက်ဗာတ္တိံသ၊ ရုပ် အဌဝိသ၊ နိဗ္ဗာန်ရ၏။ ကြိယာမူ ၃-ခုလည်း ရ၏။ **သံသယကား** နောက်သာရ၏။

**ကေမူလ**၌ အဟေတုကံ နေဝဝိပါက နဝိပါကဓမ္မဓမ္မံ နေဝဝိပါက န ဝိပါကဓမ္မ ဓမ္မမူလေန န ကေမူလံ၊ သဟေတုကံ နေဝဝိပါက နဝိပါကဓမ္မဓမ္မံ နေဝ ဝိပါက နဝိပါကဓမ္မဓမ္မမူလေန ကေမူလံ။ ။**ယေ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား**။အဟိတ် ကြိယာ ၃-ခု၊ဆန္ဒကြည်သော အညသမာန်းဒွါဒသ၊ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ အရူပဝိပါက် လေးခု၊ ဒွေးပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတ်ကြည်သော ကုသိုလ်,အကုသိုလ်, ဝိပါက်ဗာဝီသ၊ အဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်၊ ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်ရ၏၊ သဟိတ်ကြိယာသတ္တ-ရသ၊ စေတသိက်ပဉ္စတိံသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သောသဟိတ်စိတ္တဇရုပ်လည်း ရ၏။ **သံသယ**

ကား နောက်သာရ၏။ ။ပဋိလောမ၌လည်း ယခင်သံသယပင်။ ။[အညမည မူ၌လည်း ယခင်သံသယအရပင်။ မူ ၃-ခုကို နုတ်၍နှစ်စုခွဲ၍ကောက်လေ။ ။ နာမမူ၌ ဒွါဒသေဝ နာမမူလာနိ ဟု ဟောလေ။ ကုသလတိက်အတိုင်း ကောက် လေ]။

ဝိပါကတိက် ပြီး၏။

## ဥပါဒိန္နတိက်

**ဥပါဒိန္နတိက်၌ ယေကေစိ** ဥပါဒိန္နုပါဒါနိယာဓမ္မာ၊ သဗ္ဗေ တေ ဥပါဒိန္နု ပါဒါနိယမူလာတိ။ တီဏေဝ ဥပါဒိန္နုပါဒါနိယမူလာနိ။ပ။ အာမန္တာ။ ။ **အနုကား**။ လောကီဝိပါက် ဗာတ္တိံသ၊ ဥပါဒိန္နုပါဒါနိယ မူသုံးခုကြဉ်သော စေတသိက်ဗာတ္တိံသ၊ ကမ္မဇရုပ် နှစ်ဆယ် ရ၏။ မူသုံးခုလည်းရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိလောမ**လည်း ယခင် သံသယပင်။

**ကေမူလ၌** အဟေတုကံ ဥပါဒိန္နုပါဒါနိယံ ဥပါဒိန္နုပါဒါနိယမူလေန န ကေမူလံ။ သဟေတုကံ ဥပါဒိန္နုပါဒါနိယံ ဥပါဒိန္နုပါဒါနိယမူလေန ကေမူလံ။ ။ ယေ ဝါ ပန။ ပ။ ဥပါဒိန္နုပါဒါနိယသမုဋ္ဌာနံ ရူပံ ဥပါဒိန္နုပါဒါနိယမူလေန ကေမူလံ။ပ။ ဥပါဒိန္နုပါဒါနိယံ။ပ။ဥ္။ **အနုကား** အဟိတ် ဝိပါက်ပန္နရသ၊ ဆန္ဒ-ဝီရိယကြဉ်သော အညသမာန်း တေရသ၊ အဟိတ် ပဋိသန္ဓေနှစ်ခုနှင့် ယထာ-ရဟ အတူဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ရ၏။ သဟိတ် လောကီ ဝိပါက် သတ္တရသ။ စေတသိက် ပဉ္စတိံသ။ သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိကား** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ် လောကီဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ် ရ၏။ သဟိတ် လောကီဝိပါက်သတ္တရသ စေတသိက် ပဉ္စတိံသ၊ ပဉ္စ-ဝေါကာရ ပဋိသန္ဓေ တေရသ တို့နှင့် ယထာရဟ အဘူဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

**အညမညမူ၌** ပါဠိရှုတ်မြဲ။ ။**အနုကား** သဟိတ် လောကီဝိပါက် သတ္တရသ။ မူသုံးခုကြဉ်သော စေတသိက် ဗာတ္တိံသ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ် လောကီ ဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဉ္စ-ဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အဘူဥပါဒ်သော သဟိတ်

ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ ဥပါဒိန္န။ပ။ မူသုံးခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိလောမပုစ္ဆာ၌** ယခင် သံသယပင်။

**ဒုတိယပုဒ်၌** ဆဋ္ဌေဝ အနုပါဒိန္နုပါဒါနိယမူလာနိ ဟု ရွတ်ဆိုလေ။ **သန္နိဋ္ဌာန်ကား** အကုသိုလ် ဒွါဒသ, လောကီကုသိုလ် သတ္တရသ, ကြိယာဝီသ, မူခြောက်ခုကြည်သော စေတသိက် ဆစတ္တာလီသ, တိဇရုပ် သတ္တရသ ဇရတာ, ဘင်, ရ၏။ မူခြောက်ခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

**ကေမူလ၌**။ အဟောဘုကံ အနုပါဒိန္နုပါဒါနိယံ အနုပါဒိန္နုပါဒါနိယမူလေန န ကေမူလံ။ သဟောတုကံ အနုပါဒိန္နုပါဒါနိယံ။ပ။လံ။ ။ယေ ဝါ ပန၊ အာမန္တာ။ ။ **သန္နိဋ္ဌာန်ကား** အဟိတ် ကြိယာသုံးခု, ဆန္ဒကြည်သော အညသမာန်း ဒွါဒသ, မောဟမူဒွေး၌မောဟ, ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု, ဒွေးပဉ္စဝိညာဉ်တဆယ်, ရဟန္တာတို့ စုတိကြည်သော လောကီဝိပါက်, အဟိတ်ကြိယာ, လောကုတ္တရာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ် ရ၏။ အကုသိုလ် ဒွါဒသ, လောကီကုသိုလ် သတ္တရသ, သဟိတ် ကြိယာ သတ္တရသ, မောဟမူဒွေး၌ မောဟကြည်သော စေတသိက်ဒွေပညာသ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ လောကီကုသိုလ်, အကုသိုလ်, သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ [အညမည-မူ၌ ယခင် သံသယကိုပင် မူခြောက်ခု နုတ်၍ နှစ်စုခွဲကောက်လေ]။

**တတိယပုဒ်၌**။ တိဒဏ္ဍေဝ အနုပါဒိန္နအနုပါဒါနိယမူလာနိ ဟု ဟောလေ။ **ကေမူလ၌**။ အဟောတုကံ အနုပါဒိန္နအနုပါဒါနိယံ။ပ။ သဟောတုကံ အနုပါဒိန္နအနုပါဒါနိယံ။ပ။ ယေ ဝါ ပန။ ပ။ အနုပါဒိန္နအနုပါဒါနိယသမုဋ္ဌာနံ ရူပံ။ ပ။ ကေမူလံ။ န အနုပါဒိန္နအနုပါဒါနိယံ။ ပ။ ဥဇ္ဈ။ **အနုကား** နိဗ္ဗာန် ရ၏။ လောကုတ္တရာစိတ်ရှစ်ခု, စေတသိက် ဆတ္တိံသလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိကား** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ လောကုတ္တရာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသ ရ၏။ လောကုတ္တရာစိတ်ရှစ်ခု, စေတသိက် ဆတ္တိံသလည်း ရ၏။ [အညမညမူ၌ ကေမူအရာဘွင် မူသုံးခုကိုနုတ်၍ နှစ်စုခွဲ၍ကောက်။ **နာမပဒ၌** ဒွါဒသေဝ နာမမူလာနိ ဟု ဟောလေ]။

## သံကိလိဋ္ဌတိက်

[သံကိလိဋ္ဌတိက်၌ ပဌမပဒကို အကုသလပဒအတိုင်း ကောက်လေ။ **ဒုတိယပဒ၌**။ တိဏေဝ အသံကိလိဋ္ဌသံကိလေသိကမူလာနိ ဟု ဟော]။ **သန္နိဋ္ဌာန်ကား** လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာဝီသ၊ မူသုံးခု ကြဉ်သော စေတသိက် ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသ ရ၏။ မူသုံးခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

**ကေမူလ၌** အဟေတုကံ အသံကိလိဋ္ဌသံကိလေသိကံ အသံကိလိဋ္ဌ။ပ။ သဟေတုကံ အသံကိလိဋ္ဌသံကိလေသိကံ။ပ။ လံ။ ။ယေ ဝါ ပန။ပ။ အာမန္တာ။ **အနုကား**။ အဟိတ်စိတ်အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ, ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေးပဉ္စဝိညာဉ် တဆယ်ကြဉ်သော အကုသိုလ် အဟိတ်ဝိပါက် အဟိတ်ကြိယာ လောကုတ္တရာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ နှစ်ခုနှင့် ယထာရဟ အတူ ဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ် ရ၏။ လောကီကုသိုလ် သတ္တရသ, သဟိတ် လောကီဝိပါက် သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု, ရဟန္တာတို့ စုတိကြဉ်သော လောကီကုသိုလ်၊ သဟိတ်လောကီဝိပါက်၊ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ၌**လည်း ယခင်သံသယ ပင်။ ။[**အညမည**မူ၌လည်း ယခင်သံသယကိုပင် မူသုံးခုကိုနုတ်၍ နှစ်စုခွဲ ကောက်။ ။တတိယပုဒ်လည်း ဥပါဒိန္နတိက် တတိယနှင့် တူပြီ။ နာမပဒလည်း ကုသလတိက် **နာမပဒ**အတိုင်း]။

သံကိလိဋ္ဌတိက်ပြီး၏။

---

## ဝိတက္ကတိက်

ဝိတက္ကတိက်၌။ ဆဋ္ဌေဝ သဝိတက္က သဝိစာရမူလာနိ ဟုရှုတ်။ **သန္နိဋ္ဌာန်ကား** သဝိတက္ကသဝိစာရစိတ် ငါးဆဲ့ငါးခု, မူခြောက်ခု, ဝိတက် ဝိစာရကြဉ်သော စေတသိက် လေးဆဲ့လေးခု ရ၏။ မူခြောက်ခုလည်း ရ၏။

**ကေမူလ၌ ယေကေစိ** ။ပ။ အဟေတုကံ သဝိတက္ကသဝိစာရံ သဝိတက္ကသဝိစာရမူလေန န ကေမူလံ။ သဟေဘုကံ။ပ။ လံ။ ။**ယေ ဝါ ပန**။ပ။ ဝိတက္ကဝိစာရဋ္ဌ သဝိတက္ကသဝိစာရသမုဋ္ဌာနဥ္စ ရူပံ။ (သဝိတက္ကသဝိစာရသဟဇာတံ

ရူပံ။ပ။ဥ္စ။ သော်လည်းဆို)။**အနုကား**။ ဒွေးပဥ္စဝိညာဉ်တဆယ် ကြဉ်သော အဟိတ်စိတ်ရှစ်ခု။ ဆန္ဒ, ဝိတက်, ဝိစာရ ကြဉ်သော အညသမာန်း တဆယ်။ မောဟမူဒွေး၌ မောဟ ရ၏။ သဟိတ်သဝိတက္ကသဝိစာရ လေးဆဲ့ခုနစ်ခု။ မောဟမူဒွေး၌ မောဟ။ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ငါးဆယ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိကား**။ ဝိတက်, ဝိစာရ။ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်သဝိတက္ကသဝိစာရ, နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်၊ သဟိတ်သဝိတက္ကသဝိစာရ ပဋိသန္ဓေ ကိုးခုတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ သဟိတ် သဝိတက္ကသဝိစာရစိတ် လေးဆဲ့ခုနစ်ခု။ မောဟမူဒွေး၌ မောဟ, ဝိတက်, ဝိစာရကြဉ်သော စေတသိက် ပညာသလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။[**အညမည** မူ၌ ကေမူအရတွင် မူခြောက်ခုကို နုတ်၍ နှစ်စုခွဲ၍ ဟောလေ]။

**ဒုတိယပုဒ်၌** တီကောဝ အဝိတက္ကဝိစာရမတ္တမူလာနိ ဟု ဟောလေ။ ။**သန္နိဋ္ဌာန်ကား** ဒုတိယဈာန် ကောဒသ၊ မူသုံးခု ဝိတက်, ဝိစာရ ကြဉ်သော စေတသိက် တေတ္တိံသ၊ ပဉ္စမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သော ဝိတက်စေတသိက် ငါးဆဲ့ငါးခုရ၏။ မူသုံးခုလည်း ရ၏။ **ကေမူ၌** အဟေတုကံ အဝိတက္ကဝိစာရမတ္တံ။ပ။သဟေတုကံ။ပ။ ။ယေ ဝါ ပန။ပ။ ဝိစာရဥ္စ အဝိတက္ကဝိစာရမတ္တာသမုဋ္ဌာနဥ္စ ရူပံ။ပ။ဥ္စ။ ။**အနုကား**။ ပဉ္စမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သော အဟိတ် ဝိတက်စေတသိက် ရှစ်ခုရ၏။ ဒုတိယဈာန် ကောဒသ၊ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက်ဆတ္တိံသ၊ ပဉ္စမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သော သဟိတ်ဝိတက် စေတသိက် လေးဆဲ့ခုနစ်ခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိကား**။ ဒုတိယဈာန် ကောဒသနှင့်သမ္ပယုတ်ဖြစ်သော ဝိစာရစေတသိက် တဆဲ့တခု၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဒုတိယဈာန် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်။ ဒုတိယဈာန် ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ယထာရဟ အတူဥပါဒ်သော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ ဒုတိယဈာန် ကောဒသ။ ဝိတက်, ဝိစာရကြဉ်သော စေတသိက်ဆတ္တိံသ၊ ပဉ္စမပုဒ်၏ အရနှင့် သမ္ပယုတ်ဖြစ်သော သဟိတ် ဝိတက်စေတသိက် လေးဆဲ့ခုနစ်ခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။[**အညမည** မူ၌ ကေမူအရတွင် မူ ၃-ခုကို နုတ်၍ နှစ်စုခွဲ၍ဟောလေ]။

**တတိယပုဒ်၌** တီကောဝ အဝိတက္ကအဝိစာရမူလာနိ ဟုရွတ်လေ။ **သန္နိဋ္ဌာန်ကား** အဝိတက္က အဝိစာရစိတ် ငါးဆဲ့ငါးခု။ မူသုံးခု။ ဝိတက်, ဝိစာရကြဉ်သော စေတသိက်တေတ္တိံသ။ ဒုတိယဈာန် ကောဒသနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရ

စေတသိက် တဆဲ့တခု။ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ မူသုံးခုလည်း ရ၏။ **သံသယ ကား** နောက်သာရ၏။

**ကေမူလဠ်** အဟေတုကံ အဝိတက္ကအဝိစာရံ။ပ။ သဟေတုကံ။ပ။ ။ယေ ဝါ ပန။ပ။ အာမန္တာ။ ။**အနုကား**။ ဒွေးပဉ္စဝိညာဉ်တဆယ်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု။ ဒုတိယစျာန် ကောဒသနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရစေတ သိက်တဆဲ့တခု။ ပဉ္စဝေါကာရဘုံဌ်ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဝိတက္က သဝိစာရ၊ အဝိတက္က ဝိစာရမတ္တ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်၊ သဝိတက္ကသဝိစာရ, အဝိတက္က ဝိစာရမတ္တပဋိသန္ဓေတဆဲ့ နှစ်ခုတို့နှင့် ယထာရဟ အတူ ဉပါဒ်သော ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဉတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်ရ၏။ သဟိတ်အဝိတက္ကအဝိစာရစိတ် လေးဆဲ့ငါးခု။ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက်ဆတ္တ သ၊ ပဉ္စဝေါကာရဘုံဌ် ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်အဝိတက္ကအဝိစာရနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ ပဉ္စဝေါကာရ အဝိတက္ကအဝိစာရ ပဋိသန္ဓေသုံးခုနှင့် ယထာရဟအတူ ဉပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ**လည်း ယခင် သံသယ အရပင်။ ။**အညမညမူ**ဠ်လည်း ယခင် သံသယအရတွင် မူသုံးခုကိုနုတ်၍ နှစ်စုခွဲ၍ကောက်လေ။ ။ဝိတက္ကတိက်ပြီး၏။ ။[ဤနည်းကိုမှီ၍ ပီတိတိက် အစရှိသော တိက်တို့ကိုဟောလေ]။

---

## သနိဒဿနသပ္ပဋိဃတိက်

အဆုံး သနိဒဿနသပ္ပဋိဃတိက်ကို ဆိုပေအံ့။ ။**ယေကေစိ** သနိဒဿန သပ္ပဋိဃာ ဓမ္မာ၊ သဗ္ဗေ တေ သနိဒဿနသပ္ပဋိဃမူလာတိ။ နော။ **ယေ ဝါ ပန**။ပ။ နတ္ထိ။ ။ကေမူဠ်။ ယေကေစိ သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊ သဗ္ဗေ တေ သနိဒဿနသပ္ပဋိဃမူလေန ကေမူလာတိ။ နတ္ထိ[၁]။ ။ယေ ဝါ ပန။ နတ္ထိ။ ။အညမညမူဠ်လည်း။ နတ္ထိ။ ဒုတိယပုဒ်လည်းနည်းတူ။ ။ယေကေစိ အနိဒဿန အပ္ပဋိဃာ ဓမ္မာ၊ သဗ္ဗေ တေ အနိဒဿနအပ္ပဋိဃမူလာတိ ။ ဆဋ္ဌေဝ အနိဒဿနအပ္ပဋိဃမူလာနိ။ ။ယေ ဝါ ပန။ပ။ အာမန္တာ။ ။**သန္နိဋ္ဌာန်ကား** စိတ်တခုယုတ် ကိုးဆယ်။ မူခြောက်ခု ကြဉ်သော စေတသိက် ဆစတ္တာလီသ။

---

၁–သန္နိဋ္ဌာန်အရ ရူပါရုံချ၍ ယမိုက်ဝိဘင်းစည်းမျဉ်းအတိုင်း "နော"ဟု ထုတ်ရ ပေမည်။

သုခုမရုပ်သော၌သာ။ နိဗ္ဗာန်ရ၏။ ။မူခြောက်ခုလည်းရ၏။ ။**သံသယကား** နောက်သာရ၏။

**ကေမူလ၌** ယေကေစိ။ပ။ အဟေတုကံ အနိဒဿနအပ္ပဋိဃံ။ပ။ သဟေတုကံ။ပ။ လံ။ ။ယေ ဝါ ပန။ပ။ အာမန္တာ[၁]။ ။**သန္နိဋ္ဌာန်ကား** အဟိတ်စိတ် အဋ္ဌရသ၊ ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ၊ မောဟမူဒွေး၌မောဟ၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ဒွေးပဉ္စဝိညာဉ်တဆယ် ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇ သုခုမရုပ်၊ အဟိတ်ပဋိသန္ဓေနှစ်ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ်ပဋိသန္ဓေ ကမ္မဇသုခုမရုပ်၊ ပဝတ္တိကမ္မဇ သုခုမရုပ်၊ နိဗ္ဗာန်ရ၏။ သဟိတ်စိတ်ကေသတ္တတိ။ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇသုခုမရုပ်၊ သဟိတ်ပဋ္ဌဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇသုခုမရုပ်လည်း ရ၏။ **သံသယကား** နောက်သာရ၏။ ။ယေ ဝါ ပန။ **သန္နိဋ္ဌာန်ကား** ပဋ္ဌဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ် သော သဟိတ်စိတ္တဇဩဠာရိကရုပ်၊ သဟိတ်ပဋ္ဌဝေါကာရ ပဋိသန္ဓေ တေရသ တို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇဩဠာရိကရုပ်ရ၏။ သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ။ပ။ လည်းရ၏။ **အနုလောမ** က သံသယပင်။ ။

**အညမညမူလယမက၌** **သန္နိဋ္ဌာန်ကား** သဟိတ်စိတ် ကေသတ္တတိ။ ဟိတ်ခြောက်ခုကြဉ်သော စေတသိက်ဆစတ္တာလီသ၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိ ကြဉ်သော ကုသိုလ်, အကုသိုလ်, သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋ္ဌဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ မောဟမူဒွေး၌ မောဟကြဉ် သော ဟိတ် ခြောက်ခုလည်းရ၏။ **သံသယကား** နောက်သာရ၏။ **ပဋိလောမ** ၌လည်း အတူ။ နာမပဒ၌လည်း ဆဋ္ဌေဝ ဟု ထုတ်။

တိကမာတိကာ ပြီး၏။

---

၁-ဝိဘင်း၌ အာပန္နာ ၁ျှိနေ၏။ အရကောက်ကိုကား ဝိဘင်းရှည် ကောက်ပြသဖြင့် ''အနိဒဿန အပ္ပဋိဃသမုဋ္ဌာန် ရှုပ်''ဟု ရှိသင့်၏။ ။

## ဒုကမာတိကာ-ဟေတုဂေါစ္ဆက

**ဟေတုဂေါစ္ဆကဉ္စ ယေကေစိ** ဟေတူ ဓမ္မာ၊ သဗ္ဗေ တေ ဟေတုမူလာတိ။ အာမန္တာ။ ။**ယေ ဝါ ပန**။ပ။ အာမန္တာ။ ။ဟိတ်ခြောက်ခုရ၏။ ။**ကေမူလ ဉ္စ ယေကေစိ** ဟေတူ ဓမ္မာ၊ သဗ္ဗေ တေ ဟေတုမူလေန ကေမူလာတိ။ အဟေ-တုကံ ဟေတု ဟေတုမူလေန န ကေမူလံ၊ သဟေတုကံ ဟေတု ဟေတုမူလေန ကေမူလံ။ ။**ယေ ဝါ ပန** ဟေတုမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ ဟေတူ-တိ။ ဟေတုသဟဇာတာ ဓမ္မာ ဟေတုမူလေန ကေမူလာ၊ နဟေတူ။ ဟေတူ ဟေတုမူလေန ကေမူလာ စေဝ ဟေတူ စ။ ။ **အနုကား** မောဟမူဒွေး၌ မောဟ ရ၏။ မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ်ခြောက်ခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိလောမကား** သဟိတ်စိတ် ကေသတ္တတိ။ ဟိတ်ခြောက်ခုကြဉ်သော စေတသိက် ဆ စတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ အရူပဝိပါက်လေးခု, ရဟန္တာတို့စုတိကြဉ်သော ကုသိုလ်,အကုသိုလ်, သဟိတ် ဝိပါက်, သဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ် စိတ္တဇရုပ်။ သဟိတ် ပဉ္စဝေါကာရပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ ဥပါဒ် သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ်ခြောက်ခုလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။အညမညမူ၌၊ လည်း ယခင် ပဋိလောမအတိုင်းပင်။ နဟေတုဒုက်၌ ယေကေစိ နဟေတူ ဓမ္မာ သဗ္ဗေ တေ နဟေတုမူလာတိ။နော။ ။**ယေ ဝါ ပန**။နတ္ထိ။ ကေမူ၌လည်း။နော။ နတ္ထိပင်။ ။အညမညမူ၌ နတ္ထိချည်းသာ။ နဟေတုပုဒ်၌ မူမရှိသောကြောင့် မရသည်။ နာမပဒ၌။ ဆဋ္ဌေဝထုတ်လေ။ **အရကား** ကုသလတိက်အတိုင်းပင်[၁]။ သဟေတုကဒုက်၌ ဆဋ္ဌေဝ သဟေတုကမူလာနိ ဟုထုတ်။ ။ကေမူ၌။အနုလောမ ၌။ အာမန္တာ။ ပဋိလောမ၌။သဟေတုကသမုဋ္ဌာနံ ရူပံ။ပ။ ဉ္စ။ ဟု ဟော။ ။ **ပဋိလောမ၌** သဟေတုကသမုဋ္ဌာနံအရကို သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ကို ကောက်။

အဟေတုကဒုက်၌ **ယေကေစိ** အဟေတုကာ ဓမ္မာ။ပ။ ကေယေဝ အဟေ တုကမူလံ။ အဝသေသာ အဟေတုကာ ဓမ္မာ၊ န အဟေတုကမူလာ။ ။ **ယေ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား** အဟိတ်စိတ်အဋ္ဌာရသ၊ ဆန္ဒကြဉ် သော အညသမာန်းဒွါဒသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ မောဟမူဒွေး၌

၁-ကုသလတိက်အတိုင်းပင်-ဟု မှာထားသည်ကား ကုသလတိက် သဘောအတိုင်း စိတ်တခုယုတ် ကိုးဆယ်, ဟိတ်ခြောက်ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ နိဗ္ဗာန်ရ၏။ စသည်ဖြင့် ကောက်ယူရန် မှာထားခြင်း ဖြစ်၏။

မောဟလည်း ရ၏။ ။ကေမူဠ်။အနုလောမဠ်။ နော။ ပစ္စနီယလောမဠ် နတ္ထိ[၁]။ ။ **တနည်းလည်း** မောဟမူဒွေးပြုအပ်သော စိတ္တဇရုပ်သည် အဟေတုက, သဟေတုက ဖြစ်၍ ကေမူမည်၏။ ကြွင်းသောပုဒ်အရသည် အဟေတုကအဟေတုကမည်၏၊ ပစ္စနီလောမဠ်။ အဟေတုကမူလသမ္ပယုတ္တာ ဓမ္မာဟု ထုတ်လို၏။ ပစ္ဆိမကောဋ္ဌာသ-အရကို အဟေတုကမူလသမ္ပယုတ္တသမုဋ္ဌာနံ ရူပံ ဟု ထုတ်လို၏။ ။**ပဋ္ဌိကား** မောဟမူဒွေး၊ မောဟကြဉ်သော စေတသိက် ပန္နရသ ရ၏။ ။မောဟမူဒွေး ပြုအပ်သော စိတ္တဇရုပ်လည်း ရ၏။ ။**အညမညမူဠ်**။ နော။ နတ္ထိသာတည်း။ ။ [ဤနည်းကိုမှီ၍ ဟေတုဂေါစ္ဆက ကုန်အောင် ဟောလေ]။

---

### အာသဝဂေါစ္ဆက

**ယေကေစိ** အာသဝါ ဓမ္မာ၊ သဗ္ဗေ တေ အာသဝမူလာတိ။ ဒွေယေဝ အာသဝမူလာနိ၊ အဝသေသာ အာသဝါ ဓမ္မာ၊ န အာသဝမူလာ။ ။**ယေ ဝါ ပန**။ အာမန္တာ။ ။**အနုကား**။ ဗိဋ္ဌ် ရ၏။ လောဘ, မောဟလည်း ရ၏။ **သံသယ-ကား** နောက်သာ ရ၏။ ပစ္စနီလောမဠ် ယခင်သံသယပင်။ ။ကေမူဠ် **ယေကေစိ** အာသဝါ ဓမ္မာ၊ သဗ္ဗေ တေ အာသဝမူလေန ကေမူလာတိ။ အဟေတုကံ အာသဝံ အာသဝမူလေန န ကေမူလံ၊ သဟေတုကံ အာသဝံ။ပ။လံ။**ယေ ဝါ ပန** ပ။အာသဝမူလသဟဇာတာ ဓမ္မာ အာသဝမူလေန ကေမူလာ။ န အာသဝါ။ အာသဝံ အာသဝမူလေန ကေမူလဥ္စေဝ အာသဝဥ္စ။ ။**အနုကား** ဒေါသမူ မောဟမူဒွေး၌ မောဟ ရ၏။ ဒေါသမူဒွေး, မောဟမူဒွေး၌ မောဟကြဉ်သော, အာသဝတရားကိုယ် သုံးပါးလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။ **ပဋ္ဌိကား** အကုသိုလ်ဒွါဒသ၊ အာသဝ တရားကိုယ် သုံးပါးကြဉ်သော စေတသိက်စတုဝီသ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ရ၏။ ဒေါသမူဒွေး မောဟမူဒွေး၌ မောဟ ကြဉ်သော အာသဝတရားကိုယ် သုံးပါးလည်း ရ၏။ **သံသယ-ကား** နောက်သာ ရ၏။ **အညမညမူဠ်လည်း** ယခင်ပစ္စနီလောမအရတွင် အာသဝမူနှစ်ခုကို နုတ်၍ကောက်။ ဒေါသမူဒွေး, မောဟမူဒွေး၌ မောဟကြဉ်သော အာသဝမူ နှစ်ခုသည် သန္နိဋ္ဌာန်၊ သံသယ နှစ်ပုဒ်လုံး၏ အရတည်း။

---

၁-ကေမူဠ် မူတရားမှာ အဟိတ်စိတ် အဋ္ဌာရသ,ဆန္ဒကြဉ်သော အညသမာန်း, ဒွါဒသ, မောဟမူဒွေး၌ မောဟ။ ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။ မူလီတရားမှာ မောဟမူဒွေး၌ မောဟပြုအပ်သော စိတ္တဇရုပ်ကို ရသဖြင့် "အနုလောမဠ်။ နော။ ပစ္စနီလောမဠ်။ နတ္ထိ"ဟု ပြဆိုချက်ကို ဆင်ခြင်အပ်၏။ "တနည်းလည်း၌" ထုတ်ပြအပ်သော တရားများကား လျောက်ပတ်၏။ ဝိဘင်းအရကောက်များကိုကား ဆင်ခြင်အပ်၏။

**နောအာသဝပဒ**၌။ စတ္တာရောဝ နောအာသဝမူလာနိ ဟု ထုတ်။ ။ **ကေမူ**၌။ အဟေတုကံ နောအာသဝံ။ပ။ သဟေတုကံ နောအာသဝံ။ပ။ ။ ယေ ဝါ ပန။ ပ။ အာသဝံ အာသဝမူလေန ကေမူလံ၊ န နောအာသဝံ။ အာဝ-သေသာ အာသဝမူလသဟဇာတာ ဓမ္မာ အာသဝမူလေန ကေမူလဥ္စေဝ နောအာသဝဥ္စ။ ။အနုလောမလွယ်ပြီ။ ။**ပဋိကာ**း ဒေါသမူဒွေး မောဟ-မူဒွေး၌ မောဟကြဉ်သော အာသဝ သုံးပါး ရ၏။ ။သဟိတ်စိတ် ကေသတ္တတိ၊ အာသဝ သုံးပါးကြဉ်သော စေတသိက် လေးဆဲ့ကိုးခု, သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်လည်း ရ၏။ ။**အညမည**မူ၌ ပဋိလောမအရတွင် မူသုံးခုကိုနုတ်၍ နှစ်စုခွဲ၍ ဟောလေ။ ။[ဤနည်းကိုမှီ၍ ပညာရှိသောသူသည် အလုံးစုံသောမူလယမိုက်၌ သိအပ်သောငှါ စွမ်းနိုင်ရာ၏။ ထို့ကြောင့် ဤနည်းကို ကောင်းစွာ နှလုံးပြုကုန်ရာ၏]။

## နိဂုံး

ထန်းတပင်အရပ်၌ သီတင်းသုံးနေသော **နန္ဒမေဓာ** အမည်ရှိသော မဟာထေရ်သည် အဆက်ဆက်သော ဆရာတို့၏အထံမှ ဆောင်အပ် ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ကိုသိသော တောင်ဘီလူးဆရာတော် **အနန္တဓဇမဟာရာဇဂုရု** အထံတော်မှ ရအပ်သော မူလယမိုက် အနက် အဓိပ္ပါယ်အရကောက်ကို စီရင်ရေးသား အပ်သည် ပြီးပြီ။ ။နောက်နောင်သော အမျိုးကောင်းသား ပညာရှိတို့သည် သင်ကြားလေ့ကျက် ဆောင်ရွက် မှတ်သား စေကုန်သတည်း။ ။

မူလယမိုက် အရကောက် ပြီး၏။

# ၂-ခန္ဓယမိုက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ

မူလယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ **ခန္ဓယမိုက်** ကိုဟောတော်မူ၏။ ထိုခန္ဓယမိုက်သည်လည်း ပဏ္ဏတ္တိဝါရ၊ ပဝတ္တိဝါရ၊ ပရိညာဝါရ အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါး တို့တွင် ပဏ္ဏတ္တိဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပဏ္ဏတ္တိဝါရ သည်လည်း။ ဥဒ္ဒေသ၊ နိဒ္ဒေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် **ဥဒ္ဒေသ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥဒ္ဒေသ သည်လည်း ပဒိသောဓဝါရ, ပဒိသောဓနမူလစက္ကဝါရ, ဝိဘာဂဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ **တနည်းကား** ခန္ဓုဒ္ဒေသ, နာမဝဝတ္ထာန်, နယဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ခန္ဓုဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** ပဉ္စက္ခန္ဓာ ဟူသည်တည်း။ ထို့နောင် နာမ ဝဝတ္ထာန်ကို ဟောတော်မူ၏။**ဟောဟန်ကား** ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော, ဟူသည်တည်း။ ။ပဉ္စ၊ ငါးပါး ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာဇင်း။ ဝေဒနာက္ခန္ဓော၊ ဇင်း။ သညာက္ခန္ဓော၊ ဇင်း။ သင်္ခါရက္ခန္ဓော၊ ဇင်း။ ဝိညာဏက္ခန္ဓော၊ ဇင်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။ **တနည်းကား** ရူပက္ခန္ဓော၊ ဇင်း။ပ။ ဝိညာဏက္ခန္ဓော၊ ဇင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါး ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### ၁-ပဒသောဓနဝါရ

နာမဝဝတ္ထာန်ကို ဟောတော်မူသည်၏ အခြားမဲ့၌ နယဝါရကိုဟောတော်မူ၏။ ထိုနယဝါရသည်လည်း ပဒသောဓနဝါရ, ပဒသောဓနမူလစက္ကဝါရ, သုဒ္ဓခန္ဓဝါရ, သုဒ္ဓခန္ဓမူလစက္ကဝါရအားဖြင့် လေးပါး အပြားရှိ၏။ထိုလေးပါး တို့တွင်**ပဒသောဓနဝါရ**ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပဒသောဓနဝါရ သည်လည်း အနုလုံ၊ ပစ္စနိက်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။

[ဤ၌ **အဓိပ္ပါယ် စကားချုပ်ကား** ခန္ဓာတို့၏ အမည်ပညတ်ကို သုဓ်သင်သောအားဖြင့် ဖြစ်သောကြောင့် **ပဏ္ဏတ္တိဝါရ** မည်၏။ ခန္ဓာတို့၏ စုတိ-ပဋိသန္ဓေ၊ အဖြစ်အပျက်၊ ဥပ္ပါဒ၊နိရောဓအားဖြင့် ဖြစ်ခြင်းကိုသုဓ်သင်တတ်သောကြောင့် **ပဝတ္တိဝါရ** မည်၏။ ထိုအစဉ်ဖြင့် ဖြစ်သောခန္ဓာတို့ကို

အကျဉ်းအားဖြင့်သုံးပါးသော ပရိညာကိုပြလျက် ဖြစ်တတ်သောကြောင့် **ပရိညာဝါရ** မည်၏။ ခန္ဓာကား ဤမျှသာ အယုတ်အလွန်မရှိဟူ၍ ပိုင်းခြားသောကြောင့် **ပရိစ္ဆေဒဝါရ**မည်၏။ ပိုင်းခြားအပ်ပြီးသော ခန္ဓာတို့ကို အကျဉ်းပြသောကြောင့် **ပရိစ္ဆိန္နုဒ္ဒေသဝါရ** မည်၏။ ဤနည်းလေးပါးဖြင့် ခွဲခြမ်း၍ပြသောကြောင့် **ဝိဘာဂဝါရ** မည်၏။ (နောက်သုံးနည်းလည်းအတူတူ)။ပုဒ်ကိုသုဓ်သင်သောအားဖြင့် ဖြစ်သောကြောင့် **ပဒသောဓနဝါရ** မည်၏။ ပဒသောဓနလျှင် အရင်းရှိသောစက်ကိုဖွဲ့၍ ဖြစ်သောကြောင့် **ပဒသောဓနမူလစက္ကဝါရ** မည်၏။ သက်သက်သောခန္ဓာကို ဟောသောကြောင့် **သုဒ္ဓခန္ဓဝါရ** မည်၏။ သက်သက်သောခန္ဓာကို အရင်းပြု၍ စက်ကိုဖွဲ့သောကြောင့် **သုဒ္ဓခန္ဓမူလစက္ကဝါရ** မည်၏။ ဤကား အဓိပ္ပါယ် စကားချုပ်တည်း]။

ထိုအနုလုံသည်လည်း ရူပက္ခန္ဓ ယမက အစရှိသောအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါး တို့တွင် **ရူပက္ခန္ဓယမက** ကို ရှေးဦးစွာဟောတော်မူ၏။ ထိုရူပက္ခန္ဓယမကသည်လည်း အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါး တို့တွင် အနုလောမပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန်သံသယအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** ရူပံ၊ ဟူသည်တည်း။ ထို့နောင်သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** ရူပက္ခန္ဓော၊ ဟူသည်တည်း။ ။ရူပံကား သန္နိဋ္ဌာန်။ ရူပက္ခန္ဓောကား သံသယ၊ သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာဖြစ်၏။ ။အနုလောမပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ ထိုပဋိလောမပုစ္ဆာသည်လည်း။ သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** ရူပက္ခန္ဓော၊ ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** ရူပံ၊ ဟူသည်တည်း။ ။ရူပက္ခန္ဓောကား သန္နိဋ္ဌာန်။ ရူပံကား သံသယ၊ သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမပုစ္ဆာ ဖြစ်၏။ ။အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရအနုလုံ၌ ရှေးဦးစွာသော ရူပက္ခန္ဓယမကသည် ဖြစ်၏။ ။ရူပံ၊ ရုပ်မည်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်သလော။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ ရူပံ၊ ရုပ်မည်သလော။

ရူပက္ခန္ဓယမကကို....၌ **ဝေဒနာက္ခန္ဓယမကကို**....၏။ ထို....လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့် နှစ်ပါး....၏။ ထို....တွင် အနုလောမပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး....၏။ ထို....တွင် သန္နိဋ္ဌာန်ကို...

၏။ **ဟောဟန်ကား** ဝေဒနာ....တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား** ဝေဒနာက္ခန္ဓော....တည်း။ ။ဝေဒနာကား သန္နိဋ္ဌာန်၊ ဝေဒနာက္ခန္ဓောကား သံသယ၊ သန္နိဋ္ဌာန်သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာကို....၌ ပစ္စနီကလောမပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး....၏ ။ထို....တွင် သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား** ဝေဒနာက္ခန္ဓော....တည်း။ထို့နောင် သံသယကို....၏။ **ဟောဟန်ကား** ဝေဒနာ....တည်း။ ။ဝေဒနာက္ခန္ဓောကား သန္နိဋ္ဌာန်၊ ဝေဒနာကား သံသယ၊ သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် ပစ္စနီကလောမပုစ္ဆာဖြစ်၏။ ။အနုလောမ ပုစ္ဆာ,ပစ္စနီကလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရအနုလုံ၌ နှစ်ခုမြောက်သော ဝေဒနာက္ခန္ဓယမကသည် ဖြစ်၏။ ။ဝေဒနာ၊ ဝေဒနာ မည်၏။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်သလော။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်၏။ ဝေဒနာ၊ ဝေဒနာမည်သလော။ ။ဝေဒနာက္ခန္ဓယမက ကို....၌ **သညာက္ခန္ဓယမက**ကို....၏။ (စစ်မြဲ)။ ။အနုလောမပုစ္ဆာ,ပစ္စနီကလောမ ပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရ အနုလုံ၌ သုံးခုမြောက်သော သညာက္ခန္ဓယမကသည် ဖြစ်၏။ ။သညာ၊ ၏။ သညာက္ခန္ဓော၊ လော။ သညာက္ခန္ဓော။ပ။ လော။ ။သညာက္ခန္ဓယမကကို....၌ **သင်္ခါရက္ခန္ဓယမက** ကို....၏။ (စစ်မြဲ)။ ။သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ သင်္ခါရက္ခန္ဓော၊ လော။ သင်္ခါရက္ခန္ဓော၊ ၏။ သင်္ခါရာ၊ ကုန်သလော။ သင်္ခါရက္ခန္ဓယမကကို....၌ ဝိညာ-ဏက္ခန္ဓယမကကို....၏။ (စစ်မြဲ)။ ။ဝိညာဏံ၊၏။ ဝိညာဏက္ခန္ဓော၊ လော။ဝိညာ-ဏက္ခန္ဓော၊ ၏။ ဝိညာဏံ၊ လော။ ဤသို့လျှင် ပဒသောဓနဝါရအနုလုံ၌ ယမက ငါးပါး၊ ပုစ္ဆာ ဆယ်ပါး၊ အတ္ထ နှစ်ဆယ်ဖြစ်သတည်း။

အနုလုံကို....၌ **ပစ္စနီက်** ကို....၏။ ထို....လည်း။ နရူပက္ခန္ဓယမက အစရှိသောအားဖြင့် ငါးပါး....၏။ ထို ...တွင် နရူပက္ခန္ဓယမကကို....၏။ ထို....လည်း။ အနုလောမပုစ္ဆာ, ပစ္စနီကလောမပုစ္ဆာအားဖြင့် နှစ်ပါး....၏။ ထို....တွင် အနုလောမ ပုစ္ဆာကို....၏။ထို....လည်း။ သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး....၏။ ထို....တွင် သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား** နရူပံ....တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား** နရူပက္ခန္ဓော....တည်း။ ။နရူပံကား သန္နိဋ္ဌာန်၊ နရူပက္ခန္ဓောကား သံသယ၊ သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာကို....၌ ပစ္စနီကလောမပုစ္ဆာကို....၏။ (စစ်မြဲ)။ ။ နရူပက္ခန္ဓော နရူပံ။ပ။ ။အနုလောမပုစ္ဆာ, ပစ္စနီကလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရပစ္စနီက်၌ ရှေးဦးစွာသော နရူပက္ခန္ဓယမက သည် ဖြစ်၏။ နရူပံ၊ ရုပ်မမည်။ နရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မမည်သလော။ နရူ-ပက္ခန္ဓော၊ ရူပက္ခန္ဓာ မမည်။ နရူပံ၊ ရုပ် မမည်သလော။

နရူပက္ခန္ဓယမကကို....၌။ (စစ်မြဲ)။ ။နဝေဒနာ နဝေဒနာက္ခန္ဓော။ နဝေဒ-နာက္ခန္ဓော နဝေဒနာ။ နသညာ နသညာက္ခန္ဓော၊ နသညာက္ခန္ဓော နသညာ။ န သင်္ခါရာ န သင်္ခါရက္ခန္ဓော။ န သင်္ခါရက္ခန္ဓော န သင်္ခါရာ။ န ဝိညာဏံ န ဝိညာဏက္ခန္ဓော။ န ဝိညာဏက္ခန္ဓော န ဝိညာဏံ။ ။ဤသို့လျှင် ပဒသောဓနေဝါရပစ္စနိက်၌ ယမက ငါးပါး၊ ပုစ္ဆာ ဆယ်ပါး၊ အတ္ထ နှစ်ဆယ်ဖြစ်သတည်း။ ။ အနုလုံ ပစ္စနိက် နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနေဝါရ၌ နယ နှစ်ပါး၊ ယမက ဆယ်ပါး၊ ပုစ္ဆာ နှစ်ဆယ်၊ အတ္ထ လေးဆယ်ဖြစ်သတည်း။ ။ပဒသောဓနေဝါရ ပြီး၏။

## ၂-ပဒသောဓနေ မူလစက္ကဝါရ

ပဒသောဓနေဝါရကို....၌ **ပဒသောဓနေမူလစက္ကဝါရကို....၏။** ထို....လည်း အနုလုံ-ပစ္စနိက်အားဖြင့် နှစ်ပါး....၏။ ထို....တွင် **အနုလုံကို....၏။** ထို....လည်း။ ရူပက္ခန္ဓမူ, ဝေဒနာက္ခန္ဓမူ အစရှိသောအားဖြင့် ငါးပါး....၏။ ထို....တွင် **ရူပက္ခန္ဓမူကို....၏။** ထို....လည်း။ ဝေဒနာက္ခန္ဓမူလီ အစရှိသောအားဖြင့် လေးပါး....၏။ ထို....တွင်။ **ဝေဒနာက္ခန္ဓမူလီကို....၏။** ထို....လည်း။ အနုလောမပုစ္ဆာ, ပဋိလောမပုစ္ဆာအားဖြင့် နှစ်ပါး....၏။ ထို....တွင် အနုလောမပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့်နှစ်ပါး....၏။ထို....တွင်သန္နိဋ္ဌာန်ကို....၏။**ဟောဟန်ကား** ရူပံ....တည်း။ထို့နောင် သံသယကို....၏။**ဟောဟန်ကား** ရူပက္ခန္ဓော....တည်း။ရူပံကားသန္နိဋ္ဌာန်၊ ရူပက္ခန္ဓောကား သံသယ၊ သန္နိဋ္ဌာန်-သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမ ပုစ္ဆာဖြစ်၏။ ။အနုလောမပုစ္ဆာကို....၌။ ပဋိလောမပုစ္ဆာကို....၏။ထို....လည်း။(စစ်မြဲ)။ ။ဟောဟန်ကား ခန္ဓာ ဝေဒနာက္ခန္ဓော....တည်း။ ခန္ဓာကားသန္နိဋ္ဌာန်၊ ဝေဒနာက္ခန္ဓောကားသံသယ၊သန္နိဋ္ဌာန်သံသယနှစ်ပါးကိုပေါင်းသည်ရှိသော်၊ ပဋိလောမပုစ္ဆာဖြစ်၏။ အနုလောမ ပုစ္ဆာ၊ ပဋိလောမပုစ္ဆာနှစ်ပါးကိုပေါင်းသည်ရှိသော် ပဒသောဓနေမူလစက္ကဝါရ အနုလုံ၌ ရှေးဦးစွာသော ဝေဒ-နာက္ခန္ဓမူလီ ရူပက္ခန္ဓယမကသည် ဖြစ်၏။ရူပံ၏။ရူပက္ခန္ဓော၊ လော။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ ဝေဒနာက္ခန္ဓော၊ လော။ ။[သညာက္ခန္ဓ မူလီအစရှိသည်တို့၌လည်း ဤနည်းအတူစစ်၍ ဟောလေ။ နှစ်ခုမြောက်၊ သုံးခုမြောက်၊ လေးခုမြောက်သော ဟု အစဉ်အတိုင်း ဝိသေသနလောင်း၍ဆိုလေ]။ ။ဤသို့လျှင် ရူပက္ခန္ဓမူ၌ ယမက လေးပါး၊ ပုစ္ဆာ ရှစ်ပါး၊ အတ္ထ တဆဲ့ခြောက်ပါးဖြစ်သတည်း။

ရူပက္ခန္ဓမူကို....၌ **ဝေဒနာက္ခန္ဓမူကို....၏။** ထို....လည်း ရူပက္ခန္ဓမူလီ၊ သညာက္ခန္ဓမူလီအစရှိသောအားဖြင့် လေးပါး....၏။ ထို....တွင်။ ရူပက္ခန္ဓမူလီကို....၏။(စစ်မြဲ)။ ။ဝေဒနာ ဝေဒနာက္ခန္ဓော။ခန္ဓာ ရူပက္ခန္ဓော။ပ။ဤသို့လျှင် ပဒသော ဓနေမူလစက္ကဝါရ အနုလုံ၌ ရှေးဦးစွာသော ရူပက္ခန္ဓမူလီ ဝေဒနာက္ခန္ဓယမကသည်

ဖြစ်၏။ ။ထို့နောင် သညာက္ခန္ဓမူလီကို....၏။ပ။ဝိညာဏက္ခန္ဓမူလီကို....၏။ပ။ဤသို့ လျှင်ဝေဒနာက္ခန္ဓမူ၌ ယမက လေးပါး၊ပုစ္ဆာ ရှစ်ပါး၊ အတ္ထ တဆဲ့ခြောက်ပါးဖြစ် သတည်း။ထို့နောင်သညာက္ခန္ဓမူကို....၏။ (မူလီလေးပါးသွတ်မြဲ)။ ။ထို့နောင် သင်္ခါရက္ခန္ဓမူကို....၏။(မူလီလေးပါးသွတ်မြဲ)။ ။ထို့နောင် ဝိညာဏက္ခန္ဓမူကို.... ၏။ (မူလီလေးပါးသွတ်မြဲ။)ဤသို့လျှင် ပဒသောဓနမူလစက္ကဝါရအနုလုံ၌ မူလငါး ပါး၊ယမက နှစ်ဆယ်၊ ပုစ္ဆာ လေးဆယ်၊ အတ္ထ ရှစ်ဆယ် ဖြစ်သတည်း။

အနုလုံကို....၌။ပစ္စနိက်ကို....၏။ထို....လည်း။နရူပက္ခန္ဓမူ။အစရှိသောအားဖြင့် ငါးပါး....၏။ ထို....တွင်။ နရူပက္ခန္ဓမူကို....၏။ (အနုလုံကဲ့သို့ မူလီလေးပါးစီသွတ် လေ)။ဤသို့လျှင် ပဒသောဓနမူလစက္ကဝါရပစ္စနိက်၌ မူလငါးပါး၊ယမက နှစ်ဆယ်၊ ပုစ္ဆာ လေးဆယ်၊ အတ္ထ ရှစ်ဆယ်ဖြစ်သတည်း။ ။အနုလုံ ပစ္စနိက် နှစ်ပါးကို ပေါင်းသည်ရှိသော်။ နယ နှစ်ပါး၊ မူလ တဆယ်၊ ယမက လေးဆယ်၊ ပုစ္ဆာ ရှစ်ဆယ်၊ အတ္ထ တရာ့ခြောက်ဆယ် ဖြစ်သတည်း။ ။ပဒသောဓနမူလစက္ကဝါရ ပြီး၏။

## ၃-သုဒ္ဓခန္ဓဝါရ

ပဒသောဓနေ မူလစက္ကဝါရကို....၌ **သုဒ္ဓခန္ဓဝါရ**ကို....၏။ ထို....လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါး....၏။ ထို....တွင်။ အနုလုံကို....၏။ ထို....လည်း။ရူပက္ခန္ဓ ယမက။ပ။ ငါးပါး(ပဒသောဓနဝါရအတိုင်းစစ်လေ)။ ရူပံ ခန္ဓော၊ ခန္ဓာ ရူပံ။ ရူပံ၊ ရုပ်မည်၏။ ခန္ဓော၊ ခန္ဓာမည်သလော။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ ရူပံ၊ ရုပ် မည်သလော။ ။ဤသို့လျှင် သုဒ္ဓခန္ဓဝါရအနုလုံ၌ ရှေးဦးစွာသော ရူပက္ခန္ဓ ယမကသည်ဖြစ်၏။ ။(ဝေဒနာက္ခန္ဓယမက။ စသည်တို့ကိုဟောမြဲ)။ ။ဤသို့ လျှင် သုဒ္ဓခန္ဓဝါရအနုလုံ၌ ယမက ငါးပါး၊ ပုစ္ဆာ တဆယ်၊ အတ္ထ နှစ်ဆယ် ဖြစ် သတည်း။ ။

**ပစ္စနိက်**၌လည်း နည်းတူစစ်။ နရူပံ နခန္ဓော။ နခန္ဓာ နရူပံ။ပ။ နဝိညာဏံ နခန္ဓော။ နခန္ဓာ နဝိညာဏံ။ ။ဤသို့လျှင် သုဒ္ဓခန္ဓဝါရပစ္စနိက်၌ ယမက ငါးပါး၊ ပုစ္ဆာ တဆယ်၊ အတ္ထ နှစ်ဆယ်ဖြစ်သတည်း။ အနုလုံ ပစ္စနိက်နှစ်ပါးကို ပေါင်း သည်ရှိသော် သုဒ္ဓခန္ဓဝါရ၌ နယ နှစ်ပါး၊ ယမက တဆယ်၊ပုစ္ဆာ နှစ်ဆယ်၊ အတ္ထ လေးဆယ်ဖြစ်သတည်း။ ။သုဒ္ဓခန္ဓဝါရပြီး၏။

## ၄-သုဒ္ဓခန္ဓမူလစက္ကဝါရ

(**သုဒ္ဓခန္ဓမူလစက္ကဝါရ**၌လည်း ပဒသောဓနမူလစက္ကဝါရကဲ့သို့ မူလမူလီကို နှလုံးသွင်း၍ဟောလေ။ ယမကပေါင်း အတူပင်)။

ဥဒ္ဒေသဝါရ ပြီး၏။

[ဤဥဒ္ဒေသဝါရ၌ ရူပံ ခန္ဓော။ ခန္ဓာ ရူပံဟူသောပါဠိတော်၌ခန္ဓာ ရူပက္ခန္ဓော ဟူသော အနက်ကိုယူအပ်၏။ ထို့ကြောင့် အဋ္ဌကထာ ၌ "ခန္ဓာ ရူပန္တိ အာဒီသု ခန္ဓာ ရူပက္ခန္ဓော၊ ခန္ဓာ ဝေဒနာက္ခန္ဓောတိ အတ္ထော ဂဟေတဗ္ဗော။ ကသ္မာ နိဒ္ဒေသဝါရေ ဧဝံ ဘာဇိတတ္တာ" အစရှိသည်ကို မိန့်အပ်၏]။ ။ဤသို့လျှင် ခန္ဓယမိုက်ပဏ္ဏတ္တိဝါရ၏ ဥဒ္ဒေသဝါရ၌ ဝါရ လေးပါး၊ နယ ရှစ်ပါး၊ ယမက တရာ၊ ပုစ္ဆာ နှစ်ရာ။ အတ္ထ လေးရာ ဖြစ်သတည်း။

**သောဠသေ ဝိသသုဒ္ဓေ စ၊စက္ကေသွာသိတိ ပိဏ္ဍိတာ။**
**ပုစ္ဆာ ခန္ဓယမကသ္မိ၊ ပဏ္ဏတ္တိမှိ သတာနိ ဒွေ။ ။**

ဤ ခန္ဓယမိုက်သည် အဘယ်မှ ထွက်သနည်း ဟူမူကား ခန္ဓဝိဘင်းမှထွက်၏။ ထွက်ဟန်ကား မြတ်စွာဘုရားသည်။ ခန္ဓဝိဘင်း၌ ငါးပါးသော ခန္ဓာတို့ကို အဘိဓမ္မဘာဇနီ၊ သုတ္တန္တဘာဇနီ၊ ပဉှာပုစ္ဆကဟူသော နည်းသုံးပါးတို့ဖြင့် ဟော တော်မူ၏။ ထိုခန္ဓာငါးပါးတို့ကိုကား ကာလအားဖြင့်ရှင်း ဘုံ,ပုဂ္ဂိုလ်အားဖြင့်ရှင်း၊ ပရိညာအားဖြင့်ရှင်း၊ အဘယ်သို့လျှင် သိအပ်ကုန်သနည်း။ ဤသို့သံသယရှိသော ဝေနေယျတို့၏ သံသယကို ပယ်ဖျောက်ခြင်းငှါ ဤခန္ဓယမိုက်ကို ဟောတော်မူသ တည်း။ ဝါ၊ မူလယမိုက်မှ ထွက်၏။ **ထွက်ဟန်ကား** မြတ်စွာဘုရားသည် မူလယမိုက် ကို ဟောတော်မူသောကြောင့် ကုသိုလ်တရားတို့၏ မူလမည်ဟန်,မမည်ဟန် အစရှိ သည်ကိုကား ယုံမှားမရှိမှတ်ရပြီ။ ဤ မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်အစရှိကုန်သောတရားတို့၏ခန္ဓာအားဖြင့် ဖြစ်ဟန်ကိုကား အဘယ်သို့လျှင် သိရအံ့နည်း။ ဤသို့သံသယရှိသော ဝေနေယျတို့၏ သံသယကို ပယ်ဖျောက်အံ့ သောငှါ ဤခန္ဓယမိုက်ကို ဟောတော်မူသည် ဟူလိုသော်။ [ဤစကားကား "မူလယမကေ ဒေသိတေယေဝ ကုသလာဒိဓမ္မေ" အစရှိသော အဋ္ဌကထာပါဌ်နှင့် အညီတည်း]။

---

## ပဏ္ဏတ္တိဝါရ နိဒ္ဒေသ

### ၁-ပဒသောဓနဝါရ

ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏။ ထို နိဒ္ဒေသသည်လည်း ပဒသောဓနဝါရ၊ပဒသောဓန မူလစက္ကဝါရ၊သုဒ္ဓခန္ဓဝါရ၊သုဒ္ဓခန္ဓ မူလစက္ကဝါရအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် **ပဒသောဓနဝါရကို** ရှေးဦးစွာဟောတော်မူ၏။ထိုပဒသောဓနဝါရသည်လည်း အနုလုံ၊ပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် အနုလုံကိုရှေးဦးစွာဟောတော်မူ၏။ထိုအနုလုံ

သည်လည်း ရူပက္ခန္ဓယမက။ ပ။ ဝိညာဏက္ခန္ဓယမကအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် ရူပက္ခန္ဓယမကကို ရှေးဦးစွာဟောတော်မူ၏။ ထိုရူပက္ခန္ဓယမက သည်လည်း အနုလောမ၊ ပဋိလောမအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့ တွင် အနုလောမကိုရှေးဦးစွာဟောတော်မူ၏။ ထိုအနုလောမသည်လည်း ပုစ္ဆာ-ဝိဿဇ္ဇနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပုစ္ဆာကိုရှေးဦးစွာ ဟော-တော်မူ၏။ထိုပုစ္ဆာသည်လည်း သန္နိဋ္ဌာန်၊ သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကိုရှေ ဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** ရူပံ၊ ဟူသည်တည်း။ ထို့နောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား** ရူပက္ခန္ဓော၊ ဟူသည်တည်း။ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာကို ဟောတော်မူ၏။ **ဟောဟန်ကား** ပိယရူပံ သာတရူပံ ရူပံ၊နရူပက္ခန္ဓော၊ ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓောစ။ ဟူသည်တည်း။ အနုလောမကို....၌ ပဋိလောမကို....၏။ ထို....လည်း ပုစ္ဆာ၊ဝိဿဇ္ဇနာအားဖြင့်နှစ်ပါး....၏။ထို....တွင် ပုစ္ဆာကို....၏။ထို....လည်း သန္နိဋ္ဌာန် သံသယအားဖြင့်နှစ်ပါး....၏။ ထို....တွင်။ သန္နိဋ္ဌာန်ကို....၏။ ဟောဟန်ကား ရူပက္ခန္ဓော....တည်း။ထို့နောင်သံသယကို....၏။**ဟောဟန်ကား**ရူပံ တည်း။ထို့နောင်ဝိဿဇ္ဇနာကို....၏။ **ဟောဟန်ကား** အာမန္တာတည်း။ ။ရူပံ၊ ရုပ်မည်၏။ ရူပက္ခန္ဓော၊ရူပက္ခန္ဓာမည်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့သောအမေး သည်။သတိ၊ သော်။ ပိယရူပံ၊ ပိယရုပ်သည်။ သာတရူပံ၊သာတရုပ်သည်။ ရူပံ၊ရုပ် မည်၏။နရူပက္ခန္ဓော၊ရူပက္ခန္ဓာမမည်၊ရူပက္ခန္ဓော၊သည်။ရူပဉ္စေဝ၊ ရုပ်လည်းမည်၏။ ရူပက္ခန္ဓောစ၊ ရူပက္ခန္ဓာလည်းမည်၏။ ဣတိဝိဿဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ ရူပံ၊ ရုပ်မည်သလော။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ရှိသော်။အာမန္တာ၊ ရူပက္ခန္ဓာမည်သောတရားသည် ရုပ်မည်၏။ဣတိ ဝိဿဇ္ဇနာ၊ သည်။ဟောတိ။၏။

ရူပံ ရူပက္ခန္ဓောဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ ရူပံဟူသော **သန္နိဋ္ဌာန်ပုဒ်၏အရကား** တဏှာ၏ အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော လောကီစိတ်ကောသိတိ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အ ပေါင်းဖြစ်သောပိယရုပ်, သာတရုပ်ရ၏။ရုပ္ပနလက္ခဏာရှိသော အစိတ်ဖြစ်သောရုပ် အဋ္ဌဝီသဟုဆိုအပ်သော ရူပက္ခန္ဓာလည်းရ၏။ (**တနည်းကား**) တဏှာ၏ အာရုံဖြစ် ထိုက်သော ချစ်အပ်သာယာအပ်သော လောကီစိတ် ကောသိတိ စေတသိက်ဒွေ ပညာသ ဟုဆိုအပ်သော ပိယရုပ်,သာတရုပ်ရ၏။ ရုပ္ပနလက္ခဏာရှိသော ရုပ်အဋ္ဌ ဝီသဟုဆိုအပ်သော ရူပက္ခန္ဓာလည်းရ၏။ [ငင်းနှစ်နည်းတွင်ရှေ့နည်းကို ပယ်၍ နောက်နည်းကိုသာ ချရှိးပြုတော်မူသည်။ ။ပယ်သင့်ကြောင်းကို နောက်၌ဆို လတ္တံ့]။ ရူပက္ခန္ဓော ဟူသော သံသယပုဒ်အရကား ရုပ္ပနလက္ခဏာရှိသောအစိတ်

ဖြစ်သောရုပ်အင်္ဂဝိသဟု ဆိုအပ်သောရူပက္ခန္ဓာသာရ၏။ ။ရူပက္ခန္ဓော ရူပံ၊ ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ ရူပက္ခန္ဓောဟူသော **သန္နိဋ္ဌာန်ပုဒ်၏အရကား** ရူပက္ခန္ဓာ ရ၏။ **သံသယ** ၎င်းရ၏။

[အပေါင်းဖြစ်သော ပိယရုပ်၊ သာတရုပ်ဟူသည်ကား စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ။ အစရှိသည်ကို ဟောတော်မူသောကြောင့် လောကီစိတ် ကောသိတ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အင်္ဂဝိသ ဤလောကီခန္ဓာငါးပါးအပေါင်း သည် ချစ်အပ် သာယာအပ်သော သဘောရှိသောကြောင့် ပိယရုပ်, သာတရုပ်မည်၏။ ရုပ္ပနသဘောမရှိသောကြောင့် ရူပက္ခန္ဓာမမည်။ ရူပ ဟူသော သာမညသညာကိုသာ ရ၏။ ရူပက္ခန္ဓာ ဟူသော ဝိသေသ- သညာကိုမရ။ လောကီခန္ဓာအစိတ်ဖြစ်သော ဘူတရုပ် ဥပါဒါရုပ် တည်း ဟူသော ရူပက္ခန္ဓာသည်ကား။ ချစ်အပ် သာယာအပ်သော သဘော ရှိသောကြောင့် ပိယရုပ်, သာတရုပ်ဟုဆိုအပ်သော ရူပလည်း မည်၏။ ရုပ္ပနသဘော ရှိသောကြောင့် ရူပက္ခန္ဓာလည်းမည်၏။ ရူပဟူသော သာမညသညာကိုလည်း ရ၏။ ရူပက္ခန္ဓာဟူသော ဝိသေသသညာကိုလည်း ရ၏။ ဤသို့ ကောက်ခြင်းသည်ကား။ ယံ ပဥ္စက္ခန္ဓသမုဒယဘူတံ ပိယရူပံ သာတရူပံ။ တံ ကေဒေသေန ရူပက္ခန္ဓော ဟောတိ အစရှိသော ဋီကာ နှင့်အညီတည်း။ ။တနည်းလည်း။လောကီစိတ် ကောသိတ်,စေတသိက် ဒွေပညာသကိုသာ ပိယရူပံ သာတရူပံ အရသို့ သွင်း၍ ကောက်ကုန်၏။ ရုပ်အင်္ဂဝိသကိုမကောက်ကုန်။ ဤနှစ်နည်းတွင် ရှေ့နည်းကို စက္ခု- လောကေ ပိယရူပံ သာတရူပံ။ အစရှိသော ပါဠိတော်နှင့်အညီ ဆရာတို့ နှစ်သက်တော်မူကြကုန်၏ဟု အမှာအထားစကားများကို ဆိုကြကုန်၏။ သို့သော်လည်း ရူပံ ခန္ဓောတိ အာမန္တာဟု သုဒ္ဓခန္ဓဝါရပါဠိတော်၌ ဟောတော်မူသောကြောင့်၎င်း၊ ထိုပါဠိတော်၏အဖွင့်ဖြစ်သော အဋ္ဌ- ကထာ၌လည်း "တတ္ထ ယသ္မာ ပိယရူပံ သာတရူပံ ဝါ ဟောတု ဘူတုပါဒါရူပံ ဝါ၊ သဗ္ဗံ ပဥ္စသု ခန္ဓေသု သင်္ဂဟံ ဂစ္ဆတေဝါတိ အာဟ ရူပံ ခန္ဓောတိ အာမန္တာတိ" ဟု ဖွင့်ပြတော်မူသောကြောင့်၎င်း၊ ပိယရုပ် သာတရုပ်၌ရှိသော ရုပ်အင်္ဂဝိသသည် ရူပက္ခန္ဓာမည်သည်သာဖြစ်၍ ပိယရုပ်, သာတရုပ်၌ ရူပက္ခန္ဓာကို ဟောတော်မူသော်လည်း ရူပက္ခန္ဓော ရူပဥ္စေဝ ရူပက္ခန္ဓောစ ဟု ရူပက္ခန္ဓာကို ဟောတော်မူလတ္တံ့ ဖြစ်၍ ပါရိသေသနည်းအားဖြင့် ဟောလတ္တံ့သော ရူပက္ခန္ဓာမှ အကြွင်း ဖြစ်သော နာမက္ခန္ဓာကိုသာ ပိယရူပံ သာတရူပံ အရကို ကောက်ခြင်း သည် သုဒ္ဓခန္ဓဝါရ ပါဠိတော် အဋ္ဌကထာတို့နှင့် အလွန်ညီညွတ်သည်

ထင်ပေသည်။ ပိယရူပံ သာတရူပံ အရမှာ ရုပ်အဋ္ဌဝိသကို ထည့်သွင်း၍ ကောက်လျှင် ၎င်းသုတ္တခန္ဓဝါရ ပါဠိ၊ အဋ္ဌကထာတို့နှင့်ညီသည်မထင်။ ဆင်ခြင်စဉ်းစား၍ ရှုကြပါကုန်။ ။တဏှာ၏ အာရုံ ဖြစ်ခိုက် တဏှာ၏အာရုံဖြစ်သောဟု ပိယရုပ် သာတရုပ်ကို ဝိသေသန မှ၍ ကောက်ခြင်းသည် တဏှာ၏အာရုံမဟုတ် ဝိပဿနာကုသိုလ် စသည်တို့၏ အာရုံဖြစ်သော လောကီတရားကို နရူပံဟူသော ပစ္စနိက်၌ ရသင့်သကဲ့သို့ဖြစ်၏။ ရကား-မရ။ လောကုတ္တရာ တရား၊ ပညတ် တရားကိုသာ ရသည်ဖြစ်၍ အနုလုံနှင့် ပစ္စနိက်သည် အညမည ဝိရောဓိဖြစ်ခဲ့၏။ ထို့ကြောင့် ပိယရုပ် သာတရုပ်ကို တဏှာ၏အာရုံဖြစ်ထိုက်သောဟု ဝိသေသနမှ၍ ကောက်ခြင်းသည် သင့်မြတ်သည်ထင်သည်။ တဏှာ၏ အာရုံဖြစ်ထိုက်သောဟု ဝိသေသနကို မှသည်ရှိသော် တဏှာ၏ အာရုံ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ လောကီတရားအားလုံးကိုပင် ပိယရုပ် သာတရုပ်ဟုဆိုအပ်သောကြောင့် နရူပံ ဟူသော ပစ္စနိက်၌ လောကုတ္တရာတရား၊ ပညတ်တရားကို ကောက်ရခြင်းသည် အနုလုံ ပစ္စနိက်မဆန့်ကျင်ခြင်းကြောင့် အညမညဝိရောဓိ မဖြစ်။ ထို့ကြောင့် မှာထားသမျှစကားကို သတိသမ္ပဇညတရားဖြင့် စဉ်းစားဆင်ခြင်၍ ယူတော်မူကြပါကုန်။ ရူပက္ခန္ဓော ဟူသောပုဒ်၌ အချို့ဆရာတို့က သတ္တဝါ ဟိုသန္တာန်၌ဖြစ်သော ရုပ်သာလျှင် ရူပက္ခန္ဓာမည်သည်။ တုံးတိုင် စသည်၌ဖြစ်သော ဗာဟိရ ရုပ်သည် ရူပက္ခန္ဓာ မမည်ဟု ဆိုကြကုန်၏။ ထိုစကားမသင့်။ အဘဲ့ကြောင့်နည်းဟူမူကား **ဓာတုကထာပါဠိတော်**၌ "အဗျာကတာ ဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ ပဉ္စဟိ ခန္ဓေဟိ သင်္ဂဟိတာ"ဟု အဗျာကတ တရားတို့ကို နိဗ္ဗာန်ကို ထား၍ ငါးပါးသော ခန္ဓာတို့ဖြင့် ရေတွက်အပ်သောကြောင့်၎င်း၊ **ပဋ္ဌာန်းပါဠိတော်**၌လည်း "အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ဗာဟိရံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ" စသည်ဖြင့် အဗျာကတ၌ ဗာဟိရရုပ်ကို ဟောတော်မူအပ်သောကြောင့်၎င်း၊ **ပဋ္ဌာန်းအဋ္ဌကထာ**၌လည်း "ဗာဟိရန္တိ ပထဝီပါသာဏာဒီသု ဌိတံ သန္တာယ ဝုတ္တံ"ဟု ပထဝီပါသာဏ စသည်၌တည်သော သတ္တဝါ သန္တာန်၌ မဖြစ်သော ရုပ်ကိုသာ ဗာဟိရဟုဖွင့်ပြတော်မူအပ်သောကြောင့်၎င်း၊ ထိုဆရာတို့စကားသည် ယခင်ပါဠိအဋ္ဌကထာတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သည်ဖြစ်၍ မသင့်ဟူ၍ မှတ်သင့်သည် ထင်ပေသည်။ ။စကားချုပ်]။

ရူပက္ခန္ဓယမကကို....၌ **ဝေဒနာက္ခန္ဓယမကကို....**၏။ (စစ်မြဲ)။ ဝေဒနာ **ဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ ဝေဒနာက္ခန္ဓော ဝေဒနာတိ။ အာမန္တာ။** ။

ဝေဒနာ၊ ၏။ ဝေဒနာက္ခန္ဓော၊ လော။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ဝေဒနာမည်သောတရားသည် ဝေဒနာက္ခန္ဓာ မည်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။ ပဋိလောမ ပေးမြဲ။ ။ဝေဒနာ ဝေဒ-နာက္ခန္ဓောဟူ၍။ပ။ ဥ။ ဝေဒနာ ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ဝေဒနာ စေတသိက် ရ၏။ ဝေဒနာက္ခန္ဓောဟူသော သံသယပုဒ်၏အရကား ဝေဒနာ စေတသိက် ၎င်းရ၏။ ။ပဋိကား။ ဝေဒနာက္ခန္ဓာ ရ၏။ ။သံသယ ၎င်းရ၏။

သညာ သညာက္ခန္ဓောတိ။ ဒိဋ္ဌိသညာ သညာ၊ န သညာက္ခန္ဓော။ သညာက္ခန္ဓော သညာစေဝ သညာက္ခန္ဓော စ။ ။သညာက္ခန္ဓော သညာတိ။ အာမန္တာ။ ။သညာ၊ ၏။ သညာက္ခန္ဓော၊ လော။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ဒိဋ္ဌိသညာ၊ ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သော သညာသည်။ သညာ၊ ၏။ န သညာက္ခန္ဓော၊ မမည်။ သညာက္ခန္ဓော၊ သည်။ သညာစေဝ၊ လည်း မည်၏။ သညာက္ခန္ဓော စ၊ လည်းမည်၏။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။ (ပဋိလောမ လွယ်ပြီ)။

သညာ သညာက္ခန္ဓောဟူ၍။ပ။ ဥ။ သညာဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သော သညာ ရ၏။ သညာနုလက္ခဏာရှိသော သညာက္ခန္ဓာလည်း ရ၏။ သံသယကား နောက်သာ ရ၏။ ။ပဋိကား။ သညာက္ခန္ဓာ ရ၏။ ။သံသယ ၎င်းရ၏။

သင်္ခါရာ သင်္ခါရက္ခန္ဓောတိ။ သင်္ခါရက္ခန္ဓံ ထပေတွာ အဝသေသာ သင်္ခါရာ န သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓော သင်္ခါရာစေဝ သင်္ခါရက္ခန္ဓော စ။ ။သင်္ခါရက္ခန္ဓော သင်္ခါရာတိ။ အာမန္တာ။ ။သင်္ခါရက္ခန္ဓံ၊ ကို။ ထပေတွာ၊ ၍။ အဝသေသာ၊ ကြွင်းကုန်သော။ သင်္ခါရာ၊ တို့သည်။ န သင်္ခါရက္ခန္ဓော၊ မမည်။ ဝါ၊ အဝသေသာ၊ တို့သည်။ သင်္ခါရာ၊ ကုန်၏။ န သင်္ခါရက္ခန္ဓော၊ မမည်။ (နှစ်နည်း)။ ။အနုကား။ စိတ်တခုယုတ် ကိုးဆယ်၊ ဝေဒနာ, သညာ, ရုပ်အဋ္ဌဝီသ ရ၏။ သင်္ခါရက္ခန္ဓာငါးဆယ်လည်း ရ၏။ သံသယကား နောက်သာ ရ၏။ ။[သရူပဒဿန ကောဋ္ဌာသ တင်မြဲ၊ အဖြောင့်။ အဝသေသာ ရှိသည် ဟူ၍ အပြန်မယူလေနှင့်]။ ။ပဋိကား။ သင်္ခါရက္ခန္ဓာငါးဆယ် ရ၏။ သံသယ ၎င်းရ၏။

ဝိညာဏံ ဝိညာဏက္ခန္ဓောတိ။ အာမန္တာ။ ။ဝိညာဏက္ခန္ဓော ဝိညာဏန္တိ။ အာမန္တာ။ ။အနုကား။ ဝိညာဏက္ခန္ဓာရ၏။ သံသယ ၎င်းရ၏။ ပဋိလောမ ၎င်းရ၏။ ။ပဒသောဓနဝါရ အနုလုံပြီး၏။

## ပစ္စနိက်

ပစ္စနိက်၌။ နရူပံ နရူပက္ခန္ဓောတိ။ အာမန္တာ။ ။နရူပက္ခန္ဓော နရူပန္တိ။ ပိယရူပံ သာတရူပံ နရူပက္ခန္ဓော ရူပံ၊ ရူပဉ္စ ရူပက္ခန္ဓဉ္စ ထပေတွာ အဝသေသာ န စေဝ ရူပံ နစ ရူပက္ခန္ဓော။ ။ပဋိလောမ၌။ န ရူပက္ခန္ဓော၊ မမည်။ န ရူပံ၊ လော။ပ။ ပိယရူပံ၊ ပိယရုပ်သည်။ သာတရူပံ၊ သာတရုပ်သည်။ န ရူပက္ခန္ဓော။ မမည်။ ရူပံ၊ ရုပ်သော်ကားမည်၏။ ရူပဉ္စ၊ ကိုဎင်း။ ရူပက္ခန္ဓဉ္စ၊ ကိုဎင်း။ ထပေတွာ၊ ၍။ အဝသေသာ၊ တို့သည်။ န စေဝ ရူပံ၊ မမည်။ နစ ရူပက္ခန္ဓော၊ မမည်။ ။အနုကား။လောကုတ္တရာစိတ်ရှစ်ခု၊စေတသိက်ဆတ္တိံသ၊ နိဗ္ဗာန် ပညတ် ရ၏။ သံသယ ဎင်းရ၏။ ပဋိကား။ တဏှာ၏အာရုံဖြစ်သော ချစ်အပ် သာယာ အပ်သော လောကီစိတ်ကောသီတိ၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ် သာတရုပ် ရ၏။ တနည်းကား။ တဏှာ၏ အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသဟု ဆိုအပ်သော ပိယရုပ် သာတရုပ် ရ၏။ လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်, ပညတ်လည်း ရ၏။ သံသယကား နောက်သာ ရ၏။

နဝေဒနာ နဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ ။န ဝေဒနာက္ခန္ဓော န ဝေဒ-နာတိ။ အာမန္တာ။ ။အနုကား။ ဝေဒနာက္ခန္ဓာမှတပါး ခန္ဓာလေးပါး၊ နိဗ္ဗာန်၊ ပညတ် ရ၏။ သံသယ ဎင်းရ၏။ ။ပဋိလောမ၌ သန္နိဋ္ဌာန် သံသယလည်း အတူ။

နသညာ နသညာက္ခန္ဓောတိ။ အာမန္တာ။ ။န သညာက္ခန္ဓော န သညာ-တိ။ ဒိဋ္ဌိသညာ န သညာက္ခန္ဓော သညာ၊ သညဉ္စ သညာက္ခန္ဓဉ္စ ထပေတွာ အဝသေသာ န စေဝ သညာ န စ သညာက္ခန္ဓော။ ။ဒိဋ္ဌိသညာ၊ ဒိဋ္ဌိသညာ သည်။ နသညာက္ခန္ဓော၊ မမည်။ သညာ၊ သညာသော်ကားမည်၏။ သညဉ္စ၊ ကိုဎင်း။(လွယ်ပြီ။ ။ဒိဋ္ဌိသညာ သညာ နသညာက္ခန္ဓောဟု အနုလုံကဲ့သို့ပါဌ် အချို့ရှိ၏)။ ။အနုကား ဒိဋ္ဌိသညာ, သညာက္ခန္ဓာမှတပါး ခန္ဓာလေးပါး၊ နိဗ္ဗာန်, ပညတ်ရ၏။ သံသယ ဎင်းရ၏။ ။ပဋိကား။ ဒိဋ္ဌိ စေတသိက် ဟု ဆိုအပ်သော သညာရ၏။ ဒိဋ္ဌိသညာ, သညာက္ခန္ဓာမှ တပါး ခန္ဓာ လေးပါး၊နိဗ္ဗာန်, ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။ ။

နသင်္ခါရာ နသင်္ခါရက္ခန္ဓောတိ၊ အာမန္တာ။ ။နသင်္ခါရက္ခန္ဓော နသင်္ခါရာတိ။ သင်္ခါရက္ခန္ဓံ ထပေတွာ အဝသေသာ န သင်္ခါရက္ခန္ဓော သင်္ခါရာ၊ သင်္ခါရေ စ သင်္ခါရက္ခန္ဓဉ္စ ထပေတွာ အဝသေသာ နစေဝ သင်္ခါရာ န စ သင်္ခါရက္ခန္ဓော။ ။ [ဤ၌လည်း အဝသေသာ သင်္ခါရာ နသင်္ခါရက္ခန္ဓော ဟု အချို့ပါဌ် ရှိ၏]။

**အနုကား**။နိဗ္ဗာန်, ပညတ် ရ၏။ **သံသယ** ၎င်းရ၏။ ။**ပဋိကား**။ စိတ်တခုယုတ်ကိုးဆယ်၊ ဝေဒနာ,သညာ,ရုပ်အဋ္ဌဝီသ ရ၏။ နိဗ္ဗာန်, ပညတ်လည်း ရ၏။ **သံသယကား** နောက်သာရ၏။

နဝိညာဏံ။ပ။အာမန္တာ။ ။**အနုကား**။ ဝိညာဏက္ခန္ဓာမှ တပါး ခန္ဓာ လေးပါး။ နိဗ္ဗာန်, ပညတ် ရ၏။ **သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်း ရ၏။

ပဒသောဓနဝါရ ပြီး၏။

---

## ၂-ပဒသောဓန မူလစက္ကဝါရ

ပဒသောဓန မူလစက္ကဝါရ၌။ ရူပံ ရူပက္ခန္ဓောတိ။ ပိယရူပံ။ပ။ ရူပက္ခန္ဓော စ။ ။ခန္ဓာ ဝေဒနာက္ခန္ဓောတိ။ ဝေဒနာက္ခန္ဓော ခန္ဓောစေဝ ဝေဒနာက္ခန္ဓော စ အဝသေသာ ခန္ဓာ နဝေဒနာက္ခန္ဓော။ ။[**အနုလောမ** ကောက်မြဲ]။

**ပဋိကား**။ ဝေဒနာက္ခန္ဓာမှ တပါး ခန္ဓာလေးပါးရ၏။ ဝေဒနာက္ခန္ဓာလည်း ရ၏။ ။[အကြွင်းလေးပါးကို ဤနည်းအတူသွတ်၍ ဟောလေ]။

ဝေဒနာ ဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ ။ခန္ဓာ ရူပက္ခန္ဓောတိ။ရူပက္ခန္ဓော ခန္ဓောစေဝ ရူပက္ခန္ဓောစ၊ အဝသေသာ ခန္ဓာ နရူပက္ခန္ဓော။ ။**ပဋိကား**။ ရူပက္ခန္ဓာမှ တပါး ခန္ဓာလေးပါး ရ၏။ ရူပက္ခန္ဓာလည်း ရ၏။ [ကောဋ္ဌာသပြန်။ အကြွင်းထည့်မြဲ။ ကြွင်းသော သညာက္ခန္ဓာ အစရှိသည်တို့၌လည်း ရူပက္ခန္ဓာ အစရှိသော ခန္ဓာလေးပါးတို့ကို ထည့်၍ဟောလေ]။

အနုလုံစက်ပြီး၏။

---

## ပစ္စနိက်

**ပစ္စနိက်**၌။ နရူပံ နရူပက္ခန္ဓောတိ။ အာမန္တာ။ ။နခန္ဓာ နဝေဒနာက္ခန္ဓောတိ အာမန္တာ။ ။(**အနုလောမ**၌ ပဒသောဓန က အတိုင်းကောက်)။ **ပဋိကား**။ နိဗ္ဗာန်, ပညတ်ရ၏။ **သံသယ** ၎င်း။ ။ပဋိလောမဟူသမျှ နိဗ္ဗာန်, ပညတ်သာ ရ၏။ [အနုလောမမှာလည်း ပဒသောဓန က အတိုင်းကောက်လေ]။ ။ပစ္စနိက် ပြီး၏။ ။ပဒသောဓန မူလစက္ကဝါရ ပြီး၏။

## ၃-သုဒ္ဓခန္ဓဝါရ

သုဒ္ဓခန္ဓဝါရ၌။ရူပံ ခန္ဓောတိ။ အာမန္တာ။ ။ခန္ဓာ ရူပက္ခန္ဓောတိ။ရူပက္ခန္ဓော ခန္ဓောစေဝ ရူပက္ခန္ဓောစ၊ အဝသေသာ ခန္ဓာ နရူပက္ခန္ဓော။ ။**အနုကား**။ တဏှာ၏အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ ရ၏။ **သံသယ** ၄င်းရ၏။

[တတ္ထ ယသ္မာ ပိယရူပံ သာတရူပံ ဝါ ဟောတု ဘူတုပါဒါရူပံ ဝါ၊ သဗ္ဗံ ပဉ္စသု ခန္ဓေသု သင်္ဂဟံ ဂစ္ဆတေဝ၊ ဟု အဋ္ဌကထာလာသောကြောင့်၊ ပိယရုပ်, သာတရုပ်နှင့် တကွရုပ်အဋ္ဌဝီသကို ကောက်သည်]။

**ပဋိကား**။ ရူပက္ခန္ဓာမှတပါး ခန္ဓာလေးပါး ရ၏။ ရူပက္ခန္ဓာလည်းရ၏။ **သံသယကား**။ နောက်သာ ရ၏။ ။

ဝေဒနာ ခန္ဓောတိ။ အာမန္တာ။ ။ခန္ဓာ ဝေဒနာက္ခန္ဓောတိ။ပ။ နဝေဒနာက္ခန္ဓော။ ။**အနုကား**။ ဝေဒနာက္ခန္ဓာ ရ၏။ **သံသယ** ၄င်းရ၏။ **ပဋိကား**။ ဝေဒနာက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ ဝေဒနာက္ခန္ဓာလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။

သညာက္ခန္ဓ ယမက၌။ **အနုကား**။ ဒိဋ္ဌိသညာ၊ သညာက္ခန္ဓာ ရ၏။ **သံသယ** ၄င်းရ၏။ ။(ပဋိလောမကောက်မြဲ)။ ။

သင်္ခါရက္ခန္ဓ ယမက၌။ **အနုကား**။ စိတ်တခုယုတ် ကိုးဆယ်။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသ ရ၏။ **သံသယ** ၄င်းရ၏။ ။**ပဋိလောမ** နည်းတူ ကောက်။ ။

ဝိညာဏက္ခန္ဓ ယမက၌ **အနုကား**။ ဝိညာဏက္ခန္ဓာ ရ၏။ **သံသယ** ၄င်းရ၏။ ။ **ပဋိလောမ** နည်းတူ။ ။အနုလုံပြီး၏။ ။

---

## ပစ္စနိက်

**ပစ္စနိက်**၌ နရူပံ နခန္ဓောတိ။ ရူပံ ဌပေတွာ အဝသေသာ ခန္ဓာ နရူပံ ခန္ဓာ၊ ရူပဉ္စ ခန္ဓေ စ ဌပေတွာ အဝသေသာ နစေဝရူပံ နစခန္ဓာ။ ။နခန္ဓာ နရူပက္ခန္ဓောတိ။ အာမန္တာ။ ။နရူပံ၊ ရုပ်မမည်။ နခန္ဓော၊ ခန္ဓာမမည် သလော။ပ။ရူပံ၊ ရုပ်ကို။ ဌပေတွာ၊ ထား၍။ အဝသေသာ၊ ရုပ်မှကြွင်းကုန်သော။ ခန္ဓာ၊ တို့သည်။ နရူပံ၊ ရုပ်မမည်။ ခန္ဓာ၊ ခန္ဓာသော်ကားမည်ကုန်၏။ ။ **အနုကား**။ လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆတ္တိံသ ရ၏။ နိဗ္ဗာန်, ပညတ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ**၌ နိဗ္ဗာန် ပညတ် သာ ရ၏။ ။

နဝေဒနာ နခန္ဓောတိ။ ဝေဒနံ ထပေတွာ အဝသေသာ ခန္ဓာ နဝေဒနာ ခန္ဓာ၊ ဝေဒနဉ္စ ခန္ဓေ စ ထပေတွာ အဝသေသာ နစေဝဝေဒနာ န စ ခန္ဓာ။ ။နခန္ဓာ နဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ ။**အနုကား**။ ဝေဒနာက္ခန္ဓာမှတပါး ခန္ဓာ လေးပါး ရ၏။ နိဗ္ဗာန်, ပညတ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိလောမ** ၎င်းရ၏။ ။

နသညာ နခန္ဓောတိ။ သညံထပေတွာ။ပ။ အာမန္တာ။ ။**အနုကား**။ ဒိဋ္ဌိသညာ, သညာက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ နိဗ္ဗာန်, ပညတ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိလောမ** သံသယနှင့်အတူ။ ။

နသင်္ခါရာ နခန္ဓောတိ။ အာမန္တာ။ ။နခန္ဓာ နသင်္ခါရက္ခန္ဓောတိ၊အာမန္တာ။ **အနုကား**။ နိဗ္ဗာန် ပညတ် ရ၏။ ။**သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ။ [ဤယမကဌ် အချို့သောပါဌ်၌ အာမန္တာ ရှိ၏၊ အချို့သောပါဌ်၌ ဝိဘင်္ဂ(ရှည်) ရှိ၏၊ အာမန္တာရှိသောပါဌ်သည် သင့်မြတ်၏ဟု ဆရာတို့မိန့်တော်မူကုန်၏]။ ။

နဝိညာဏံ နခန္ဓောတိ။ ဝိညာဏံ ထပေတွာ။ပ။အာမန္တာ။ ။**အနုကား**။ ဝိညာဏက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။နိဗ္ဗာန်, ပညတ်လည်း ရ၏။**ပဋိလောမ၌**။ နိဗ္ဗာန် ပညတ် ရ၏။ ။သုဒ္ဓခန္ဓဝါရပြီး၏။ ။

---

## ၄-သုဒ္ဓခန္ဓ မူလစက္ကဝါရ

သုဒ္ဓခန္ဓမူလစက္ကဝါရ၌ အကောက်မထူးပြီ။ သုဒ္ဓကိုမှီ၍ ကောက်လေ။ [ဤပဏ္ဏတ္တိဝါရ၌ ဌာနဟူသော်ကား နှစ်ဆဲ့ ခြောက်ဌာန ရကောင်း၏။ နှစ်ဆဲ့ခြောက်ဌာန ဟူသော်ကား—

**ဆစတ္တာရိ ဆဆစတု၊ ဌာနာနိ ကမတော သိယုံ။**
**ခန္ဓေသု ဣတိ ဆဗ္ဗိသ၊ ခန္ဓပဏ္ဏတ္တိ ဝါရကေ။ ။**

ဟူသောဂါထာနှင့်အညီ ရူပက္ခန္ဓ ဌာနခြောက်ပါး၊ ဝေဒနာက္ခန္ဓ ဌာနလေးပါး၊ သညာက္ခန္ဓ ဌာနခြောက်ပါး၊ သင်္ခါရက္ခန္ဓ ဌာနခြောက်ပါး၊ ဝိညာဏက္ခန္ဓ ဌာနလေးပါး၊ ဤသို့အားဖြင့် နှစ်ဆဲ့ ခြောက်ဌာနဖြစ်သတည်း။ ။

(၁) ရူပက္ခန္ဓဋ္ဌာန ခြောက်ပါး ဟူသော်ကား ပိယရူပံ သာတရူပံလည်း တပါး၊ ရူပက္ခန္ဓောလည်း တပါး၊ရူပဉ္စ ခန္ဓေ စ ထပေတွာလည်း တပါး၊ ရူပက္ခန္ဓော ခန္ဓောစေဝ ရူပက္ခန္ဓောစ လည်း တပါး၊ အဝသေသာ ခန္ဓာ လည်း တပါး၊ ရူပံ ထပေတွာလည်း တပါး၊ ဤသို့အားဖြင့် ခြောက်ပါးတည်း။ ။

(၂) **ဝေဒနာက္ခန္ဓ၌ ၁န လေးပါး** ဟူသော်ကား ဝေဒနာက္ခန္ဓော ခန္ဓော စေဝ ဝေဒနာက္ခန္ဓောစလည်း တပါး၊ အဝသေသာလည်းတပါး၊ ဝေဒနံ ဌပေတွာလည်း တပါး၊ ဝေဒနဉ္စ ခန္ဓေစ ဌပေတွာလည်း တပါး၊ ဤသို့အားဖြင့် လေးပါးတည်း။

(၃) **သညာက္ခန္ဓ၌ ၁န ခြောက်ပါး** ဟူသော်ကား ဗိဋ္ဌိသညာလည်း တပါး၊ သညာက္ခန္ဓောလည်း တပါး၊ သညဉ္စ ခန္ဓေစ ဌပေတွာလည်း တပါး၊ သညာက္ခန္ဓော ခန္ဓောစေဝ သညာက္ခန္ဓောစလည်း တပါး၊ အဝသေသာလည်း တပါး၊ သညံ ဌပေတွာလည်း တပါး၊ ဤသို့အားဖြင့် ခြောက်ပါးတည်း။

(၄) **သင်္ခါရက္ခန္ဓ၌ ၁န ခြောက်ပါး** ဟူသော်ကား သင်္ခါရက္ခန္ဓံ ဌပေတွာလည်း တပါး၊ သင်္ခါရက္ခန္ဓောလည်း တပါး၊ သင်္ခါရေစ ခန္ဓေစ ဌပေတွာလည်း တပါး၊ သင်္ခါရက္ခန္ဓော ခန္ဓောစေဝ သင်္ခါရက္ခန္ဓောစလည်း တပါး၊ အဝသေသာ လည်း တပါး၊ သင်္ခါရေ ဌပေတွာလည်း တပါး၊ ဤသို့အားဖြင့် ခြောက်ပါး တည်း ။ ။

(၅) **ဝိညာဏက္ခန္ဓ၌ ၁န လေးပါး** ဟူသော်ကား ဝိညာဏက္ခန္ဓော ခန္ဓောစေဝ ဝိညာဏက္ခန္ဓောစလည်း တပါး၊ အဝသေသာလည်း တပါး၊ ဝိညာဏံ ဌပေတွာ လည်း တပါး၊ ဝိညာဏဉ္စ ခန္ဓေစ ဌပေတွာလည်း တပါး၊ ဤသို့အားဖြင့် လေး ပါး တည်း]။ ။ပဏ္ဏတ္တိဝါရပြီး၏။

---

## ပဝတ္တိဝါရ ဥပ္ပါဒ ပုဂ္ဂလဝါရ ရူပက္ခန္ဓမူ

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ **ပဝတ္တိဝါရ** ကို ဟောတော်မူ၏။ ထိုပဝတ္တိဝါရသည်လည်း ဥပ္ပါဒဝါရ၊ နိရောဓဝါရ၊ ဥပ္ပါဒ နိရောဓဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် **ဥပ္ပါဒဝါရ** ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥပ္ပါဒဝါရသည်လည်း ပစ္စုပ္ပန္နဝါရ၊ အတီတဝါရ၊ အနာဂတဝါရ၊ ပစ္စုပ္ပန္နာတီတ ဝါရ၊ ပစ္စုပ္ပန္နာနာဂတဝါရ၊ အတီတာနာဂတဝါရ အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုခြောက်ပါးတို့တွင် ပစ္စုပ္ပန္နဝါရကိုရှေးဦးစွာဟောတော်မူ၏။ ထိုပစ္စုပ္ပန္နဝါရသည် လည်း အနုလုံ-ပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထို နှစ်ပါးတို့တွင် **အနုလုံကို** ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလုံသည်လည်း ပုဂ္ဂလဝါရ၊ ဩကာသဝါရ၊ ပုဂ္ဂ လောကာသဝါရ အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် **ပုဂ္ဂလဝါရကို** ရှေးဦးစွာ ဟောတော်မူ၏။ ထိုပုဂ္ဂလဝါရ၌ တုံသော်လည်း။ ရူပက္ခန္ဓမူ။ပ။ သင်္ခါ ရက္ခန္ဓမူ အားဖြင့် လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် ရူပက္ခန္ဓမူကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုရူပက္ခန္ဓမူသည်လည်း ဝေဒနာက္ခန္ဓမူလီ အစရှိသော အားဖြင့်

လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် **ဝေဒနာက္ခန္ဓမူလီကို** ရှေးဦးစွာ ဟောတော်မူ၏။ ထိုဝေဒနာက္ခန္ဓမူလီသည်လည်း အနုလောမ၊ ပဋိလောမ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် **အနုလောမကို** ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမသည်လည်း ပုစ္ဆာ၊ ဝိဿဇ္ဇနာ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို နှစ်ပါးတို့တွင် **ပုစ္ဆာကို** ရှေးဦးစွာ ဟောတော်မူ၏။ ထို ပုစ္ဆာသည်လည်း သန္နိဋ္ဌာန်၊ သံသယ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို နှစ်ပါးတို့တွင် **သန္နိဋ္ဌာန်ကို** ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား ယဿ** ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ ဟူသည်တည်း။ ထိုနောင် သံသယကို ဟောတော်မူ၏။ **ဟောဟန်ကား တဿ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ ဟူသည်တည်း။ ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာကို ဟောတော်မူ၏။ **ဟောဟန်ကား** အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊နော စ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ၊ ဟူသည်တည်း။ ။အနုလောမကို ဟောတော်မူသည်၏ အခြားမဲ့၌ **ပဋိလောမကို** ဟောတော်မူ၏။ ထို ပဋိလောမသည်လည်း ပုစ္ဆာ-ဝိဿဇ္ဇနာအားဖြင့် နှစ်ပါး အပြား ရှိ၏။ (စစ်မြဲ)။ ။**ယဿ ဝါ ပန**။ပ။ အရူပံ ဥပပဇ္ဇန္တာနံ။ပ။ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ။ပ။ ။ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထို ရူပက္ခန္ဓာ ဖြစ်ဆဲသောပုဂ္ဂိုလ်အား။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ။ ရှိသော်။ အသညသတ္တံ-အသညသတ္တဘဝေ၊ အသည-သတ်ဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တေသံ၊ တို့အား။ ဝေဒနာက္ခန္ဓော၊ သည်။ နောစဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ ပဉ္စဝေါကာရံ-ပဉ္စဝေါကာရဘဝေ၊ ပဉ္စဝေါကာရဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ကုန်သော။ တေသံ၊ တို့အား။ ရူပက္ခန္ဓောစ၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ ဝေဒနာက္ခန္ဓောစ၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ [ပဋိလောမ၌လည်း နည်းဘူပေး။ အရူပံ- အရူပဘဝေ၊ ၌။ ဤမျှသာ ထူးသည်]။

ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ။ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ ဟူ၍ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** အစစ္စသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိအဟိဘ်ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇကလာပ် သုံးစည်း, ခုနစ်စည်း, လေးစည်း တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် လေးယောက်။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက် လည်းရ၏။ ။[ဂဗ္ဘသေယျကကိုရည်၍ သုံးစည်း၊ သံသေဒဇ-ဩပပါတိကကို

ရည်၍ ခုနစ်စည်း၊ ရူပါဝစရကိုရည်၍ လေးစည်းဆိုသည်]။ ။**သံသယကား** နောက်သာရ၏။

**ကောဋ္ဌာသတင်ပုံ**

ထိုသို့ရသောကြောင့် အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဆဲ၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဆဲလောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပုရေပဉှာ ပစ္ဆာပဉှာ နှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏အရသာဖြစ်၍ သံသယပုဒ်၏ အရ မဖြစ်ကောင်းသော အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ကို "အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နော စ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ"ဟု ပုရိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိမ် မြစ်၍ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏အရ ဖြစ်သော ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသ, စေတသိက်ပဉ္စတိံသ။ ကမ္မဇကလာပ်သုံးစည်း, ခုနစ်စည်း,လေးစည်းတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ကို "ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ"ဟု ပစ္ဆိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ် မမြစ်မူ၍ အဖြေ ငါးပါးတို့တွင် ပုရိမကောဋ္ဌာသ၊ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြတော်မူသော အားဖြင့် **သရူပဒဿန ဝိဿဇ္ဇနာ**ဖြင့် ဖြေတော်မူ၏။

[**အမေးလေးပါး** ဟူသော်ကား။ ။ပုရေပဉ္ဟော ပစ္ဆာပဉ္ဟော ပရိပုဏ္ဏပဉ္ဟော မောဃပဉ္ဟောတိ ဣမေ စတ္တာရော ပဉှာနာမ။ ။ဟု အဋ္ဌကထာ၌ ဆိုသည်။ မောဃပဉှာ၌ ပဋိသေဓဝိဿဇ္ဇနာ, ပဋိက္ခေပ ဝိဿဇ္ဇနာ နှစ်ပါးကို ရအပ်၏။ ပုရေပဉှာ၌ ပါဠိဂတိ။ ပစ္ဆာပဉှာ၌ ပဋိဝစန။ ပရိပုဏ္ဏပဉှာ၌ သရူပဒဿန။ ။ပဉ္စဝေါကာရ၌ ဝေါကာရ သဒ္ဒါသည် ခန္ဓာကိုဟော၏။ စတုဝေါကာရ၌လည်း အတူ။ ဥတ္တရပဒလောပ။ ဘာဝသဒ္ဒါကြေသည်]။

ယဿ ဝါ ပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ပ။ **သန္နိဋ္ဌာန်ပုဒ်၏ အရကား** အရူပ ပဋိသန္ဓေလေးခု, စေတသိက်တိံသတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော အရူပ ဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ, စေတသိက် ပဉ္စတိံသ။ ကမ္မဇကလာပ်

သုံးစည်း, ခုနစ်စည်း, လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်လည်း ရ၏။ ။**သံသယကား** နောက်သာရ၏။ ။[**ကောဋ္ဌာသတင်မြဲ**။ ။ထို့နောင် သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကို အစဉ်အတိုင်း သွတ်၍ ဝေဒနာက္ခန္ဓ မူလီအတိုင်း ဟောလေ]။

## ဝေဒနာက္ခန္ဓမူ

ရူပက္ခန္ဓမူကို....၌ **ဝေဒနာက္ခန္ဓမူကို**....၏။ ထို....လည်း သညာက္ခန္ဓမူလီ အစရှိသော အားဖြင့် သုံးပါးအပြား ရှိ၏။ ထို....တွင် သညာက္ခန္ဓမူလီကို....၏။ ထို....လည်း အနုလောမ ပဋိလောမ အားဖြင့် နှစ်ပါး....၏။ ထို....တွင် အနုလောမကို....၏။ ထို....လည်း ပုစ္ဆာ-ဝိဿဇ္ဇနာ အားဖြင့် နှစ်ပါး....၏။ ထို....တွင်၊ ပုစ္ဆာကို....၏။ ထို....လည်း သန္နိဋ္ဌာန် သံသယ အားဖြင့် နှစ်ပါး....၏။ ထို....တွင်၊ သန္နိဋ္ဌာန်ကို....၏။ **ဟောဟန်ကား ယဿ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ....တည်း။ ထို့နောင် သံသယကို....၏။ **ဟောဟန်ကား တဿ** သညာက္ခန္ဓော ဥပ္ပဇ္ဇတိ....တည်း။ ထို့နောင် ဝိဿဇ္ဇနာကို....၏။ **ဟောဟန်ကား** အာမန္တာ....တည်း။ (ပဋိလောမလည်း နည်းတူစစ်၍ ဟောလေ)။ ။အနုလောမပုစ္ဆာ၌ "ယဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ" ဟူသော **သန္နိဋ္ဌာန်ပုဒ်၏ အရကား** ပဋိသန္ဓေစိတ် ဧကူနဝီသ, စေတတိက် ပဉ္စတိံသ။ ကမ္မဇကလာပ် သုံးစည်း, ခုနစ်စည်း, လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ-ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ **သံသယ** ၎င်းရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုသို့ရသောကြောင့် အကြင်ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဆဲ၊ ထိုဝေဒ-နာက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား သညာက္ခန္ဓာ ဖြစ်ဆဲလောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဗျာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူသော ပစ္စာပဥ္စာဖြင့် မေးတော်မူသည်အား လျှောက်ပတ်စွာ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား သညာက္ခန္ဓာ ဖြစ်ဆဲဟုတ်သည်သာ ဖြစ်သောကြောင့် သန္နိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံတော်မူသောအားဖြင့် အဖြေငါးပါးတို့တွင် "အာမန္တာ"ဟု **ပဋိဝစန-ဝိဿဇ္ဇနာ**ဖြင့် ဖြေတော်မူ၏။ ။**ပဋိလောမလည်း** နည်းတူ။ ။[သင်္ခါရ။ ဝိညာဏမူလည်း နည်းတူဟော။ ။သညာတည်၍ သင်္ခါရ၊ ဝိညာဏထည့်။ **နှစ်ယမက**။ ။သင်္ခါရတည်၍ ဝိညာဏထည့်။တယမက။ဝေဒနာမူအတိုင်း]။ ။ **ပုဂ္ဂလဝါရ ပြီး၏**။

## ဩကာသဝါရ ရူပက္ခန္ဓမူ

ပုဂ္ဂလဝါရကို....၌ **ဩကာသဝါရ**ကို....၏။ (စစ်မြဲ)။ ။**ယတ္ထ** ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတီတိ။ အသညသတ္တေ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ပဉ္စဝေါကာရေ တတ္ထ ရူပက္ခန္ဓောစ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓောစ ဥပ္ပဇ္ဇတိ။ ။**ယတ္ထ ဝါ ပန**။ပ။ အရူပေ တတ္ထ။ပ။ ပဉ္စဝေါကာရေ တတ္ထ။ ။ယတ္ထ၊ အကြင်ဘုံ၌။ပ။ အသညသတ္တေ-အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဆဲ။ တတ္ထ။ ၌။ပ။ ဝေဒနာက္ခန္ဓော၊ သည်။ နောစ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ ပဉ္စဝေါကာရေ၊ ၌။ အရူပေ-အရူပဘဝေ၊ ၌။ တတ္ထ၊ ၌။ ။ **အနုကား**။ ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံရ၏။ ခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ **သံသယကား** နောက်သာရ၏။ **ပဋိကား**။ နာမက္ခန္ဓာလေးပါး၏သာ ဖြစ်ရာဖြစ်သော အရူပ လေးဘုံ ရ၏။ ခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက် ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။[**ကောဋ္ဌာသတင်မြဲ**။ ။ သညာ၊ သင်္ခါရ၊ ဝိညာဏထည့်ရာ၌လည်း အဘူတူပင်]။

**ဝေဒနာက္ခန္ဓမူ၌ ယတ္ထ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တတ္ထ သညာက္ခန္ဓော ဥပ္ပဇ္ဇတီတိ။ အာမန္တာ။ ။**ယတ္ထ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား**။ နာမက္ခန္ဓာ လေးပါး၏သာဖြစ်ရာဖြစ်သော စတုဝေါကာရလေးဘုံ၊ ခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ ရ၏။ **သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ။ဩကာသဝါရ ပြီး၏။

---

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌**။ ။**ယဿ ယတ္ထ** ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတီတိ။ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ ပ။ အရူပံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ယဿ၊ အား။ ယတ္ထ၊ ၌။ ပ။ အသညသတ္တံ-အသညသတ္တဘဝေ၊၌။ ဥပပဇ္ဇန္တာနံ၊ ကုန်သော။ တေသံ၊ တို့အား။ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ (လွယ်ပြီ)။ ။ **အနုကား**။ အစစ္စာသော ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် တို့အား အသညသတ်ဘုံ ရ၏။ ။ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ, စေတသိက်

ပဋ္ဌတိံသ။ ကမ္မဇကလာပ် သုံးစည်း, ခုနစ်စည်း, လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့အား ပဋ္ဌဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ॥**(ကောဋ္ဌာသတင်မြဲ)**॥

**ပဋိကား** အရူပ ပဋိသန္ဓေလေးခု, စေတသိက်တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အရူပဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား အရူပလေးဘုံ ရ၏။ ပဋ္ဌဝေါကာရ ပဋိသန္ဓေ ပန္နရသ ॥ပ॥ ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား ပဋ္ဌဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။
**သံသယကား** နောက်သာ ရ၏။ ॥**(ကောဋ္ဌာသတင် မြဲ)**॥

**ယဿ ယတ္ထ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သညာက္ခန္ဓော ဥပ္ပဇ္ဇ-တီတိ။ အာမန္တာ။ ॥**ယဿ ဝါ ပန ယတ္ထ**॥ ပ॥ အာမန္တာ။ ॥**အနုကား**॥ ပဋိသန္ဓေစိတ် ကျေနဝိသ, စေတသိက် ပဋ္ဌတိံသ။ ကမ္မဇကလာပ် သုံးစည်း, ခုနစ်စည်း, လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ-ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဋ္ဌဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ ရ၏။ **သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ॥ပုဂ္ဂလောကာသဝါရ ပြီး၏။ ॥ အနုလုံပြီး၏။

---

## ပစ္စနိက် ပုဂ္ဂလဝါရ ရူပက္ခန္ဓမူ

အနုလုံကို....၌ ပစ္စနိက်ကို....၏။ (စစ်မြဲ)။ ॥**ယဿ** ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ။ အရူပံ ဥပပဇ္ဇန္တာနံ တေသံ။ သဗ္ဗေသံ စဝန္တာနံ တေသံ။ ॥**ယဿ ဝါ ပန**॥ ပ॥ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ။ အရူပံ-အရူပဘဝေ၊ ၌။ ဥပပဇ္ဇန္တာနံ၊ ကုန်သော။ တေသံ၊ တို့အား။ ရူပက္ခန္ဓော၊ သည်။ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ တေသံ၊ တို့အား။ ဝေဒနာက္ခန္ဓော၊ သည်။ နော စ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။

[ဒွိပဋိသေဓော ပကတျတ္ထော။ ဟူသော ပရိဘာသာနှင့်အညီ။ ပဋိသေဓ နှစ်ပါးရှိသောကြောင့် ဥပ္ပဇ္ဇတိ ဟူသော ပကတိ သဒ္ဒါ၏ အနက်ရှိ၏]။ ॥

**တနည်းကား**॥နုပ္ပဇ္ဇတိ၊ဖြစ်ဆဲမဟုတ်သည်။ နော၊ မဟုတ်။ဥပ္ပဇ္ဇတိဝေ၊ ဖြစ်ဆဲဟုတ်သည်သာလျှင်ကတည်း။ [ပဋိသေဓ၊ နှစ်ပါးပြမှု၊ ဝေသဒ္ဒါ ယှဉ်မြဲရာ။ ॥ ဟု နိယံဆရာတို့ဆိုသောကြောင့် ဝေသဒ္ဒါနှင့်ယှဉ်၍လည်း ယောဇနာရ၏။ ပဋိလောမ၌လည်း နည်းတူပေး]။

**အနုကား**။ အရူပ ပဋိသန္ဓေလေးခု, စေတသိက်တိ ံသတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော အရူပ ဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဥ်၊အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက် ရ၏။ စုတိစိတ် ကျေနဝီသ, စေတသိက် ပဥ္စတိ ံသ။ အဆုံး စွန်သော ကမ္မဇရုပ်, ဇီဝိတ နဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ် သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဥ်လေးယောက်၊ ဖလဋ္ဌာန် လေး ယောက်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိကား** အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိ အဟိတ် ပုထုဇဥ် ပုဂ္ဂိုလ်ရ၏။ စုတိစိတ် ကျေန ဝီသ။ပ။ဖလဋ္ဌာန် လေးယောက်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

**ယဿ** ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ သညာက္ခန္ဓော နုပ္ပဇ္ဇတီတိ။အာမန္တာ။ **ယဿ ဝါ ပန**။ပ။အာမန္တာ။ **အနုကား**။ စုတိစိတ်ကျေနဝီသ, စေတသိက် ပဥ္စတိ ံသ။ အဆုံးစွန်သော ကမ္မဇရုပ်, ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီ ဟု ဆိုအပ်သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဥ် လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ အစစ္စာသော ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဥ် ပုဂ္ဂိုလ် ရ၏။ **သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ။ပုဂ္ဂလဝါရပြီး၏။ ။

---

## ဩကာသဝါရ

**ဩကာသဝါရ၌**။ ။**ယတ္ထ** ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ။ ဥပ္ပဇ္ဇတိ။ ။**ယတ္ထ ဝါ ပန**။ပ။ဥပ္ပဇ္ဇတိ။ **အနုကား**။ နာမက္ခန္ဓာ လေးပါး၏သာ ဖြစ်ရာဖြစ်သော အရူပလေးဘုံ ရ၏။ **ကောဋ္ဌာသတင်ပုံ**။ထိုအရူပ လေးဘုံသည် ရူပက္ခန္ဓာ၏ ဖြစ်ရာသော်ကား မဟုတ်။ ဝေဒနာက္ခန္ဓာ၏သာ ဖြစ်ရာ ဖြစ်သောကြောင့် တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ၊ ဟူသောသံသယပုဒ်၏ အရမရှိ။ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏ အရမရှိသောကြောင့် အကြင်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်။ ထိုရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်သောဘုံ၌ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲမဟုတ်လောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယ သည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေး လေးပါးတို့တွင် ပုရိမကောဋ္ဌာသ၏ အရနှင့်တူသော ပုရေပဥ္စာဖြင့် မေးတော်မူ သည်အား လျှောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသို့လိုက်၍ နုပ္ပဇ္ဇတိ ဟူသော ပုစ္ဆာပါဠိ၌ န အက္ခရာကိုပယ်တော်မူ၍၊ အနုလုံပါဠိဖြင့် ဥပ္ပဇ္ဇတိ·ဟု **ပါဠိဂတိ ဝိဿဇ္ဇနာ**ဖြင့် ဖြေတော်မူ၏။ ။**ပဋိကား** ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံ ရ၏။ ။(**ကောဋ္ဌာသတင်မြဲ**)။ ။

**ဝေဒနာက္ခန္ဓမူ၌** အာမန္တာ၊ အရကား။ အသညသတ်ဘုံ ရ၏။ (ပဋိဝစန)။ ။ သြကာသဝါရပြီး၏။ ။

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌**။ ။**ယဿ ယတ္ထ** ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ။ အရူပံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ သဗ္ဗေသံ စဝန္တာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ပ။ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ သဗ္ဗေသံ စဝန္တာနံ တေသံ တတ္ထ။ ။**အနုကား** အရူပ ပဋိသန္ဓေလေးခု၊ စေတသိက်တိံသ။ပ။တို့အား။ အရူပ လေးဘုံရ၏။ စုတိစိတ် ကျေနဝီသ။ပ။ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက် ဘုံ၊ အသညသတ်ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိကား**။ အစစ္စာသော ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသည သတ်ဘုံ ရ၏။ ယခင် **သံသယ** လည်း ရ၏။ ။

**ယဿ ယတ္ထ** ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ တတ္ထ သညာက္ခန္ဓော နုပ္ပဇ္ဇတီတိ။ အာမန္တာ။ **ယဿ ဝါ ပန ယတ္ထ**။ပ။အာမန္တာ။ **အနုကား** စုတိစိတ် ကျေနဝီသ၊ စေတသိက် ပဉ္စတိံသ။ အဆုံးစွန်သော ကမ္မဇရုပ်၊ ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ် လေး ယောက်၊ ဖလဋ္ဌာန် လေးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ၊ အသညသတ်ဘုံ။ အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ **သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ပစ္စုပ္ပန္နဝါရပြီး၏။ ။

## အတီတပုဂ္ဂလဝါရ

ပစ္စုပ္ပန္နဝါရကို....၌ အတီတဝါရကို....၏။ (စစ်မြဲ)။ ။**ယဿ** ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။ အာမန္တာ။ **ယဿ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား** ခပ်သိမ်းသော ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ် လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်ရ၏။ ။**သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ။ဝေဒနာက္ခန္ဓမူလည်း နည်းတူ။ ပုဂ္ဂလဝါရပြီး၏။ ။ **သြကာသဝါရလည်း** ပစ္စုပ္ပန္နဝါရအတိုင်း။ ။

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌**။ ။**ယဿ ယတ္ထ** ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။ အသညသတ္တာနံ တေသံ တတ္ထ။ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ **ယဿ ဝါ ပန ယတ္ထ**။ပ။ အရူပါနံ တေသံ တတ္ထ။ အသညသတ္တာနံ၊ အသညတ်ဘုံ၌ ဖြစ်ကုန်သော၊ တေသံ၊ တို့အား။ ပဉ္စဝေါကာရာနံ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ကုန်သော။ တေသံ၊ တို့အား။ ။**အနုကား** အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ပဉ္စဝေါကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်းရ၏။ **သံသယကား** နောက်သာရ၏။ ။**ပဋိကား** အရူပ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား အရူပ လေးဘုံရ၏။ ပဉ္စဝေါကာရ။ပ။ လည်း ရ၏။

**ဝေဒနာက္ခန္ဓမူ၌**။ အာမန္တာ။ ။**သန္နိဋ္ဌာန်ကား**။ စတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံရ၏။ **သံသယ** ၎င်းရ၏။ (**သုဒ္ဓါဝါသ ဘူးမရ၊ အကနိဋ္ဌ တုမရ**·ဟု ဆိုကုန်၏။ ထို့ကြောင့် သုဒ္ဓါဝါသကို အတိတ်၌ မရ)။ အနုလုံ ပြီး၏။

---

## ပစ္စနိက်-ပုဂ္ဂလဝါရ

**ပစ္စနိက်၌**။ ။**ယဿ** ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာ**တိ**။ **နတ္ထိ**။ **ယဿ ဝါ ပန**။ပ။ နတ္ထိ။ ။ယဿ၊ အား။ ရူပက္ခန္ဓော၊ သည်။ နုပ္ပဇ္ဇိတ္ထ၊ မဖြစ်ဘူးလေ။ပ။ နတ္ထိ။ ရူပက္ခန္ဓာ မဖြစ်ဘူးသော ပုဂ္ဂိုလ်မည်သည် မရှိ။ ။ **အနုလောမပုစ္ဆာ၌ ကောဋ္ဌာသတင်ပုံ**။ ဘဝများစွာ သံသရာ၌ ရူပက္ခန္ဓာ မဖြစ်ဘူးသော ပုဂ္ဂိုလ်မည်သည် မရှိ။ ဖြစ်ဘူးသော သူသာရှိသောကြောင့် "ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရမရှိ။ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရမရှိလျှင် "တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထ" ဟူသော သံသယပုဒ်၏ အရလည်း မရှိ။ ထိုသို့ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရ မရှိသောကြောင့် အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ မဖြစ်ဘူးလေ။ ထို ရူပက္ခန္ဓာ မဖြစ်ဘူးသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ မဖြစ်ဘူးလေသလော ဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် မောဃပဉ္ဟာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ

သန္နိဋ္ဌာန်ပုဒ်၏ အရကို ပယ်တော်မူသောအားဖြင့် အဖြေငါးပါးတို့တွင် "နတ္ထိ"ဟု ပဋိက္ခေပဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။ ဝေဒနာက္ခန္ဓမူလည်း နည်းတူ။ ။ **ဩကာသဝါရ**လည်း ပစ္စုပ္ပန္နဝါရ အတိုင်း။

---

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ**၌။ ။**ယဿ ယတ္ထ** ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ။ အရူပါနံ တေသံ တတ္ထ။ သုဒ္ဓါဝါသာနံ တေသံ တတ္ထ။ **ယဿ ဝါ ပန ယတ္ထ**။ပ။ အသညသတ္တာနံ တေသံ တတ္ထ။ **အနုကား** အရူပ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား အရူပလေးဘုံရ၏။ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံလည်း ရ၏။ (ယထာလာဘနည်း)။ ။[ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန်၊ စဝန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန်ဟု ခွဲ၍သော်လည်းဆို]။ ။**ပဋိကား**။ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ယခင် သံသယလည်း ရ၏။

**ဝေဒနာက္ခန္ဓမူ**၌။ အာမန္တာ။ ။**သန္နိဋ္ဌာန်အရကား**။ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တဖြစ်သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် တို့အား သုဒ္ဓါဝါသ ငါးဘုံ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် တို့အား အသညသတ်ဘုံ ရ၏။ အတီတဝါရ ပြီး၏။

---

## အနာဂတ ပုဂ္ဂလဝါရ

**အနာဂတဝါရ**၌။ ။**ယဿ** ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။ အာမန္တာ။ ။**ယဿ ဝါ ပန**။ပ။ ယေ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။ ဣတရေသံ တေသံ။ ။ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အရူပံ-အရူပဘဝေ၊ အရူပဘုံ၌။ **(တနည်းကား)** အရူပံ-အရူပဘဝံ၊ အရူပဘုံသို့။ ဥပပဇ္ဇိတွာ၊ဖြစ်ကုန်၍။ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ဣတရေသံ၊ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်မှ တပါးကုန်သော ပုဂ္ဂိုလ်တို့အား။ ။**အနုကား**။ ပဋ္ဌဝေါကာရ ဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံး

ယောက်။ အသညသတ် အရူပ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ်၊ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ် ရ၏။ ။**သံသယ** ၎င်းရ၏။ ။**ပဋိကား။** ကာမသုဂတိ ခုနစ်ဘုံ့ သုဘကိဏှတိုင်အောင်သော ရူပါဝစရကိုးဘုံမှ အောက်မဂ်ကိုရ၍ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပဋ္ဌဝေါကာရဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဥပပဇ္ဇန္တစဝန္တဖြစ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်။အရူပဘုံချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော အရူပဥပပဇ္ဇန္တစဝန္တဖြစ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်ရ၏။ ။ပဋ္ဌဝေါကာရဘုံ၌နောင်ဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်၊ အသညသတ် အရူပဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်လည်းရ၏။ **သံသယကား** နောက်သာရ၏။

**[ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။**
**နပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။**
**ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊အရိယာ နောပပဇ္ဇရေ။**

ဝေဟပ္ဖလေ၊ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌၎င်း။ ဘဝဂ္ဂေစ၊ နေဝသညာနာသညာယတနဘုံ၌၎င်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အရိယပုဂ္ဂလာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊တဖန်။ အညတ္ထ၊ တပါးသောဘုံ၌။နဇာယန္တိ၊မဖြစ်ကုန်။ဗြဟ္မလောကဂတာ၊ အထက်အထက်ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော။ အရိယာ၊ တို့သည်။ ဟေဋ္ဌာ၊ အောက်အောက်သောဘုံ၌။ နောပပဇ္ဇရေ၊ မဖြစ်ကုန်။ ။ဤဂါထာနှင့်အညီ သုဘကိဏှတိုင်အောင်သောရူပါဝစရကိုးဘုံမှ ဟူ၍ဆိုသည်။ ။ဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ဥပပဇ္ဇန္တစဝန္တဖြစ်သော အောက်ဖလဋ္ဌာန်ကောက်သည်ကား။ တိဟိတ်ပုထုဇဉ် ဥပပဇ္ဇန္တ ပုဂ္ဂိုလ်သည် ပဝတ္တိအခါမဂ်ရ၍ အရိယာအဖြစ်ဖြင့် စုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေမည့်သူကို ရည်၍ကောက်သည်။ တိဟိတ်ပုထုဇဉ် စဝန္တပုဂ္ဂိုလ်ကို မရ။ အဘဲ့ကြောင့် မရသနည်းဟူမူကား။အရူပဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် **ပရတောဃောသ**ပစ္စည်းကိုမရသည်ဖြစ်၍ မဂ်ကိုမရနိုင်သောကြောင့်တည်း။ မဂ်ရသောသူသာ အရူပဘုံ၌ဘဝဆုံးနိုင်သည်။ ဘဝဆုံးမှလည်း ရူပက္ခန္ဓာ မဖြစ်လတ္တံ့ရမည်]။

**ယဿ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊ တဿ သညာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။ အာမန္တာ။ ။ယဿ ဝါ ပန။ပ။အာမန္တာ။ ။**အနုကား**။ပစ္ဆိမဘဝိကမှတပါး ခပ်သိမ်းသောဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်ရ၏။**သံသယ**၎င်းရ၏။**ပဋိလောမ** ၎င်းရ၏။ ။ပုဂ္ဂလဝါရပြီး၏။ ။(ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

ပုဂ္ဂလောကာသဝါရ၌။ ။**ယဿ ယတ္ထ** ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။ အသညသတ္တာနံ တေသံ တတ္ထ။ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ပ။ အရူပါနံ တေသံ တတ္ထ။ ။**အနုကား** အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား သုဒ္ဓါဝါသကြဉ်သောပဉ္စဝေါကာရနှစ်ဆဲ့တဘုံလည်းရ၏။**သံသယကား** နောက်သာရ၏။ ။**ပဋိကား**။မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အရူပဥပပဇ္ဇန္တစဝန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား အရူပလေးဘုံရ၏။ **အနုလောမသံသယ**လည်း ရ၏။ ။

**ယဿ ယတ္ထ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊တဿ တတ္ထ သညာက္ခန္ဓော ဥပ္ပဇ္ဇိဿ **တီတိ**။အာမန္တာ။ ။**ယဿ ဝါ ပန ယတ္ထ**။ပ။ အာမန္တာ။ ။**အနုကား**။မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော စတုဝေါကာရ ပဉ္စဝေါကာရဥပပဇ္ဇန္တ **စဝန္တ**ဖြစ်သော ပုထုဇဉ်လေးယောက်၊အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား **စတုဝေါကာရ**လေးဘုံ၊သုဒ္ဓါဝါသကြဉ်သောပဉ္စဝေါကာရနှစ်ဆဲ့တဘုံရ၏။ **သံသယ ၎င်း**ရ၏။ **ပဋိလောမ** ၎င်းရ၏။ ။အနုလုံပြီး၏။

---

## ပစ္စနိက်-ပုဂ္ဂလဝါရ

**ပစ္စနိက်၌**။ ။**ယဿ** ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။ ယေ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။ ပစ္ဆိမဘဝိကာနံ တေသံ။ ။**ယဿ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား**။ကာမသုဂတိ ခုနစ်ဘုံ၊ သုဘာကိဏှာတိုင်အောင်သော ရူပါဝစရကိုးဘုံမှ အောက်မဂ်ကို ရ၍ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဥပပဇ္ဇန္တစဝန္တ ဖြစ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်၊ အရူပဘုံချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော အရူပဥပပဇ္ဇန္တစဝန္တ ဖြစ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက် ရ၏။ ပစ္ဆိမဘဝိကစတုဝေါကာရ ပဉ္စဝေါ-ကာရ ဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်သုံးယောက်၊ စဝန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ **ပဋိလောမ**လည်း နောက်သာ ရ၏။

**ယဿ** ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ သညာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။ အာမန္တာ။ **ယဿ ဝါ ပန**။ပ။ အာမန္တာ။ ။**အနုကား** ယခင် သံသယ အရ ပင်။ ။ဩကာသဝါရ လွယ်ပြီ။

---

## ပုဂ္ဂလောကာသဝါရ

ပုဂ္ဂလောကာသဝါရ၌။ ။**ယဿ ယတ္ထ** ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။ အရူပါနံ တေသံ တတ္ထ။ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ပ။ အသညသတ္တာနံ တေသံ တတ္ထ။ ။**အနုကား** မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အရူပ ဥပပဇ္ဇန္တ-စဝန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့အား အရူပလေးဘုံ ရ၏။ ပစ္ဆိမဘဝိက စတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်၊ စဝန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ (အစစ်)။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန် ကောင်းသော စတုဝေါကာရ-ပဉ္စဝေါကာရဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိ အဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံလည်း ရ၏။ (အတု)။**သံသယကား** နောက်သာရ၏။ ။**ပဋိကား** အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ်ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ယခင် သံသယလည်း ရ၏။ **သံသယလည်း** အတူတူပင်။

> [အနုလုံ၌ အသညသတ္တာနံ၏အရ ဖြစ်ပြန်ကောင်းသော အသညသတ်တည်း။ မဖြစ်ပြန်ကောင်းသော အသညသတ်ကို ပစ္ဆိမဘဝိကာနံ၏ အရ၌ အတုသွင်းလေ။ ပဉ္စဝေါကာရာနံ၏အရလည်း မိမိဘုံတွင် ဖြစ်ပြန် ကောင်းသော ပဉ္စဝေါကာရ ပုဂ္ဂိုလ်တည်း။ မဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရပုဂ္ဂိုလ်တို့ကို ပစ္ဆိမဘဝိကာနံ၏ အရတွင် အတုသွင်း၍ ကောက်။ အကနိဋ္ဌဘုံ၌ အတုမရ။ ပစ္ဆိမဘဝိက အစစ်သာတည်း။ ထိုစကားသည် မှန်၏။ အကနိဋ္ဌဘုံ၌ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်သည် မိမိဘုံတွင်လည်း ထပ်၍မဖြစ်။ တခြားဘုံတွင်လည်း မပြောင်းပြီ။ အကနိဋ္ဌဘုံတွင်သာ ရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန်ပြုလေတော့သည်။ ထို့ကြောင့် ပစ္ဆိမဘဝိကအစစ်သာတည်း။ ဝေဟပ္ဖလေ အကနိဋ္ဌေ-အစ

ရှိသော ဂါထာကိုလည်း အောက်၌ ဆိုခဲ့ပြီ။ ။ဤသုံးဘုံသည်**ဘူမိသီသ** တည်း။ ဤသုံးဘုံ၌ဖြစ်သော အရိယာတို့သည် တပါးဘုံသို့ မပြောင်းပြီ။ ထိုသုံးဘုံတွင် အကနိဋ္ဌဘုံ၌ အရိယာသာ၊ ပုထုဇဉ်မရှိ။ ထိုအရိယာလည်း တဖန် ပဋိသန္ဓေမနေ။ တပါးဘုံ၌လည်းမဖြစ်။ ထို့ကြောင့် ပစ္ဆိမဘဝိကအစစ်သာ။ အတုမရှိ။ ဝေဟပ္ဖိုလ်ဘုံ၊ နေဝသညာ နာသညာ ယတနဘုံ၌ကား တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိဘုံတွင်လည်းထပ်၍ ဖြစ်၏။ တပါးဘုံ၌လည်းဖြစ်၏။ ထို့ကြောင့် အတု ရသတည်း]။

**ယဿ ယတ္ထ** ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊တဿ တတ္ထ သညာက္ခန္ဓော နုပ္ပဇ္ဇိဿ-**တီတိ**။ **အာမန္တာ**။ **ယဿ ဝါ ပန ယတ္ထ**။ပ။ **အာမန္တာ**။ **အနုကား** ပစ္ဆိမဘဝိက စတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်၊ စဝန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတုဝေါ-ကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ (အစစ်)။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စတုဝေါကာရ ပဉ္စဝေါကာရ ဥပ-ပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ (ဤကား အတု)။ ။အသညသတ် ဥပပဇ္ဇန္တ ဝစန္တ ဖြစ်သော သုဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ **သံသယ** ၎င်းရ၏။ **ပဋိလောမ** ၎င်းရ၏။ ။အနာဂတဝါရ ပြီး၏။

---

## ပစ္စုပ္ပန္နာတီတပုဂ္ဂလဝါရ

အနာဂတဝါရကို....၌ ပစ္စုပ္ပန္နာတီတဝါရကို....၏။ (စစ်မြဲ)။ ။**ဟောဟာန်ကား ယဿ** ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ။ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။အာမန္တာ။ **ယဿ ဝါ ပန**။ပ။ သဗ္ဗေသံ စဝန္တာနံ အရူပံ ဥပပဇ္ဇန္တာနံ တေသံ။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ။ ။**ပဋိကား**။ စုတိစိတ်ကျေနဝီသ၊ စေတသိက်ပဉ္စတိံသ, အဆုံးစွန်သော ကမ္မဇရုပ်, ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟု ဆိုအပ်သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်။ အရူပ ပဋိသန္ဓေလေးခု, စေတသိက်တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အရူပဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက် ရ၏။ ။ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ, စေတသိက်ပဉ္စတိံသ။ ကမ္မဇကလာပ်သုံးစည်း, ခုနစ်စည်း,လေစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။ အစစ္စာသော ဇီဝိတ

နဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

**ယဿ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ သညာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။ **အာမန္တာ**။ ။**ယဿ ဝါ ပန**။ပ။ သဗ္ဗေသံ စဝန္တာနံ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ။ ။စတုဝေါကာရံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ။ ။**ပဋိကား**။ စုတိစိတ် ကျေနဝိသ။ (ကောက်မြဲ)။ ။အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။ ။ပဋိသန္ဓေစိတ် ကျေနဝိသ, စေတသိက် ပဉ္စတိံသ။ ကမ္မဇကလာပ်သုံးစည်း, ခုနစ်စည်း, လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ-ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။ပုဂ္ဂလဝါရပြီး၏။ ။(ဩကာသဝါရလွယ်ပြီ)။

---

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌**။ ။ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ။ဣတရေသံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ပ။ ပဉ္စဝေါကာရာ စဝန္တာနံ, အရူပါနံ တေသံ တတ္ထ။ ။သုဒ္ဓါဝါသံ-သုဒ္ဓါဝါသဘဝေ၊သုဒ္ဓါဝါသဘုံ၌။ ဥပပဇ္ဇန္တာနံ၊ တို့အားရင်း။ အသညသတ္တံ-အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ ဥပပဇ္ဇန္တာနံ၊တို့အားရင်း။ ဣတရေသံ၊ သုဒ္ဓါဝါသဥပပဇ္ဇန္တမှ တပါးကုန်သော။ ပဉ္စဝေါကာရံ-ပဉ္စဝေါကာရဘဝေ၌။ ဥပပဇ္ဇန္တာနံ၊ တို့အား။ ။(ပဋိလောမ၌)။ ပဉ္စဝေါကာရာ၊ပဉ္စဝေါကာရဘုံမှ။စဝန္တာနံ၊စုတေဆဲ ဖြစ်ကုန်သောပုဂ္ဂိုလ်တို့အားရင်း။ အရူပါနံ၊တို့အားရင်း။ ။**အနုကား** ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေတခု, စေတသိက်တိံသ။ ကမ္မဇကလာပ် လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သုဒ္ဓါဝါသဥပပဇ္ဇန္တဖြစ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ ။အစဝ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသ,စေတသိက် ပဉ္စတိံသ။ ကမ္မဇကလာပ်သုံးစည်း,ခုနစ်စည်း,လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော ပဉ္စဝေါကာရဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် လေးယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်းရ၏။ **သံသယကား** နောက်သာ ရ၏။ ။

**ပဋိကား**။ ပဋ္ဌဝေါကာရ စုတိပန္နရသ, စေတသိက်ပဋ္ဌတိံသ။ အဆုံးစွန်သော ကာမ္ဘဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဋ္ဌဝေါကာရစဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား သုဒ္ဓါဝါသကြဉ် သော ပဋ္ဌဝေါကာရနှစ်ဆဲ့တဘုံ။ အရူပ ဥပပဇ္ဇန္တစဝန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား အရူပ လေးဘုံရ၏။ယခင်သံသယလည်းရ၏။

**ယဿ ယတ္ထ** ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သညာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာ တိ။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရံ ပဋ္ဌဝေါ ကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ပ။ စတုဝေါကာရာ ပဋ္ဌဝေါကာရာ စဝန္တာနံ တေသံ တတ္ထ။ ။**အနုကား** ရူပါဝစရပဋ္ဌမဈာန် ပဋိသန္ဓေ တခု,စေတသိက်တိံသ။ကာမ္ဘဇကလာပ် လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ် သော သုဒ္ဓါဝါသဥပပဇ္ဇန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံရ၏။ ပဋိသန္ဓေစိတ် ကျေနုဝီသ, စေတသိက် ပဋ္ဌတိံသ။ ကာမ္ဘဇကလာပ် သုံးစည်း, ခုနစ်စည်း, လေးစည်းတို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော စတုဝေါ ကာရ ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဋ္ဌဝေါ ကာရ နှစ်ဆဲ့တဘုံလည်းရ၏။ **သံသယကား** နောက်သာရ၏။ **ပဋိကား** စုတိစိတ် ကျေနုဝီသ, စေတသိက်ပဋ္ဌတိံသ။ အဆုံးစွန်သောကာမ္ဘဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော စတုဝေါကာရ ပဋ္ဌဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဋ္ဌဝေါကာရ နှစ်ဆဲ့တဘုံရ၏။ ယခင် သံသယလည်းရ၏။ ။အနုလုံပြီး၏။

---

## ပစ္စနိက်-ပုဂ္ဂလဝါရ

ပစ္စနိက်၌။ ။**ယဿ** ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ။ ဥပ္ပဇ္ဇိတ္ထ။ **ယဿ ဝါ ပန**။ပ။ နတ္ထိ။ ။**အနုကား** စုတိစိတ် ကျေနုဝီသ, စေတသိက် ပဋ္ဌတိံသ၊ အဆုံးစွန်သော ကာမ္ဘဇရုပ်, ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟုဆိုအပ်သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ အရူပပဋိသန္ဓေလေးခု, စေတသိက်တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အရူပဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက် ရ၏။

## ကောဋ္ဌာသတင်ပုံ

ထို ပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသော်ကား ဖြစ်ဆဲမဟုတ်၊ ဝေဒနာက္ခန္ဓာ ဖြစ်ဘူးပြီး ဖြစ်သောကြောင့် "တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထ"ဟူသော သံသယ

[ဤအရာ၌ အချို့သော ဆရာတို့သည် မဂ္ဂင်ရှစ်ပါး၏ ဥပ္ပါဒက္ခဏ သမင်္ဂီပုဂ္ဂိုလ်ကိုသာ မဂ္ဂသစ္စာဖြစ်ဆဲ ကောက်ကုန်၏။ မဂ္ဂင်ရှစ်ပါးမှ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် နှစ်ဆဲ့ကိုးခု၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ပုဂ္ဂိုလ်ကို မကောက်ကုန်။ ဤသို့ကောက်ခြင်းကို ဆရာမြတ်တို့ နှစ်သက်တော်မမူကုန်။ အဘယ့်ကြောင့် နည်းဟူမူကား မဂ္ဂင်ရှစ်ပါး၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်နှင့် ကြွင်းသော မဂ်စိတ္တုပ္ပါဒ်နှစ်ဆဲ့ကိုးခု၊ စိတ္တဇရုပ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်သည် အထူးအခြား မပြားပြီ။ တဦးထည်းပင် ဖြစ်သောကြောင့် မဂ်ခဏ၌ ကြွင်းသောစိတ္တုပ္ပါဒ် နှစ်ဆဲ့ကိုးခု၊ စိတ္တဇရုပ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်လည်း မဂ္ဂသစ္စာဖြစ်ဆဲ ပုဂ္ဂိုလ်

ပင်ဖြစ်သည်ဟု အယူရှိ၍ ဆရာမြတ်တို့ ယခု ကောက်ရိုး အတိုင်းပင် ကောက်တော် မူကုန်သည်။ ကေစိဆရာ မြတ်တို့ ကောက်သည့် အတိုင်း ကောက်သော် အဘယ်အပြစ် ရောက်သနည်း ဟူမူကား"အရူပေ-မဂ္ဂဿ ဥပ္ပါဒက္ခဏေ" အရ၌ မဂ္ဂင်ရှစ်ပါး၏ ဥပ္ပါဒက္ခဏသမင်္ဂီ ပုဂ္ဂိုလ်ကိုသာ ကောက်သည်ရှိသော် မဂ္ဂင်ရှစ်ပါးမှတပါး မဂ်စိတ္တုပ္ပါဒ် နှစ်ဆဲ့ကိုးခု၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်သည် အလွတ် ဖြစ်ခဲ့ရာ၏။ ထိုသို့လွတ်သည်ရှိသော် ပစ္စနိက်၌ "သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ အရူပေ ဖလဿ ဥပ္ပါဒက္ခဏေ" ဟူ၍သာ ခပ်သိမ်းသော စဝန္တ၊ ခပ်သိမ်းသော ဘင်္ဂက္ခဏ၊ အရူပဘုံ၌ ဖိုလ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်ကိုသာ ဟောတော်မူသောကြောင့် အနုလုံ၌လည်း မဝင်၊ ပစ္စနိက်၌လည်း မဝင်သော အပြစ်သည် ရောက်၏။ ထို့ကြောင့် ထိုအယူကို ဆင်ခြင်အပ်၏]။ ။

**ပစ္စနိက်ကား** သဗ္ဗေသံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ ဖလဿ ဥပ္ပါဒက္ခဏေ တေသံ။ ။စုတိစိတ် ကျေနဝီသ။ပ။ ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်။ ပဝတ္တိ အခါ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်။ အရူပဘုံ၌ ဖိုလ်လေးခု၊ စေတသိက်ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဖလဋ္ဌာန်လေးယောက် ရ၏။ ။

[ဤသစ္စယမိုက်၏ ပဝတ္တိဝါရ၌ ဒုက္ခသစ္စမူ သုံးယမက၊ သမုဒယသစ္စမူ နှစ်ယမက၊ နိရောဓသစ္စမူ တယမကအားဖြင့် ခြောက်ယမကရသင့်သော်လည်း နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တရားသည်ကား ဥပါဒ်၊ ဋီ၊ ဘင် ခဏတ္တယမရှိရကား ဥပ္ပဇ္ဇတိဟူ၍ငှင်း၊ နိရုဇ္ဈတိဟူ၍ငှင်း မဟောအပ်။ ပဝတ္တိဝါရသည်လည်း ဥပ္ပါဒဝါရ၊ နိရောဓဝါရကို ဟောသည်ဖြစ်သောကြောင့် နိရောဓသစ္စာနှင့်စပ်သော ယမကကို မရကောင်း။ ထို့ကြောင့် ဒုက္ခသစ္စမူ၌ သမုဒယ၊ မဂ္ဂထည့်၍ နှစ်ယမက၊ သမုဒယမူ၌ မဂ္ဂထည့်၍ တယမက၊ ဤသို့ သုံးယမကသာလျှင် ပါဠိတော်၌ လာ၏]။ ။

## သမုဒယသစ္စမူ

**ယဿ** သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ။နော။ ။**ယဿ ဝါ ပန**။ နော။ ။**အနုကား** လောဘမူစိတ် ရှစ်ခု၊ စေတသိက်ဗာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သောပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက် ရ၏။

## ကောဋ္ဌာသတင်ပုံ

ထိုပုဂ္ဂိုလ်တို့အား သမုဒယသစ္စာသော်ကား ဖြစ်ဆဲ ဟုတ်၏။ မဂ္ဂသစ္စာ ဖြစ်ဆဲ **မဟုတ်**သောကြောင့် "တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ" ဟူသော သံသယပုဒ်၏အရမရှိ။ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏အရသာရှိ၍ သံသယပုဒ်၏ အရမရှိသောကြောင့် အကြင်ပုဂ္ဂိုလ်အား သမုဒယသစ္စာဖြစ်ဆဲ၊ ထိုသမုဒယသစ္စာဖြစ်ဆဲ ပုဂ္ဂိုလ်အား မဂ္ဂသစ္စာဖြစ်ဆဲလောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဇ္ဈာသယ အားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် **မောဃ ပဉ္ဟာ**ဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ သမုဒယသစ္စာ ဖြစ်ဆဲပုဂ္ဂိုလ်အား မဂ္ဂသစ္စာ ဖြစ်ဆဲမဟုတ်သည်သာ ဖြစ်သောကြောင့် သံသယပုဒ်၏အရကို မြစ်တော်မူသောအားဖြင့် အဖြေငါးပါးတို့ဘွင် "နော"ဟု **ပဋိသေဓဝိဿဇ္ဇနာ**ဖြင့် ဖြေတော်မူ၏။ ။

**ပဋိကား** မဂ်စိတ်လေးခု၊ စေဘသိက် ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် ရ၏။**သံသယ** အရမရှိ။ ။[ကောဋ္ဌာသကို အနုလောမနှင့် နည်းတူဆိုလေ]။ ။**ပစ္စနိက်ကား** သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, တဏှာဝိပ္ပယုတ္တ မဂ္ဂဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ။ ။ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, တဏှာကင်းသော မဂ်ကင်းသော စိတ် ခုနစ်ဆဲ့ခုနစ်ခု။ လောဘ၊ ဒိဋ္ဌိ၊ မာန ကြဉ်သော စေတသိက်ကျေနပညာသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အရိယာရှစ်ယောက်။ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်။ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။ ။ပုဂ္ဂလဝါရ ပြီး၏။ ။

## ဩကာသဝါရ

**ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ။ အသညသတ္တေ တတ္ထ။ စတုဝေါကာရေ, ပဉ္စဝေါကာရေ တတ္ထ။ ။**ယတ္ထ ဝါ ပန**။ အာမန္တာ။ ။ **အနုကား** ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံ ရ၏။ ခန္ဓာလေးပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရ လေးဘုံ၊ ခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ပဋိလောမ၌လည်း ယခင်သံသယ ရ၏။ ။**ပစ္စနိက်ကား** နတ္ထိနှင့် ပါဠိဂတိ။ ။

**ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ။ အပါယေ, အသည-သတ္တေ တတ္ထ။ အဝသေသေ စတုဝေါကာရေ, ပဉ္စဝေါကာရေ တတ္ထ။ ။**ယတ္ထ ဝါ**

ပန္။ အာမန္တာ။ ။**အနုကား** လောကီခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော အပါယ်လေးဘုံ၊ ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံ ရ၏။ လောကီ လောကုတ္တရာ ခန္ဓာလေးပါး, ငါးပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။ပဋိလောမ၌ ယခင် သံသယ ရ၏။ ။**ပစ္စနိက်ကား** နတ္ထိနှင့် ပါဠိဂတိ။

**ယတ္ထ** သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ။ အပါယေ တတ္ထ။ အဝသေသေ စတုဝေါကာရေ,ပဉ္စဝေါကာရေ တတ္ထ။ ။**ယတ္ထ ဝါ ပန္**။အာမန္တာ။ ။ **အနုကား** လောကီခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော အပါယ်လေးဘုံ ရ၏။ လောကီ လောကုတ္တရာ ခန္ဓာလေးပါး, ငါးပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံလည်း ရ၏။ ။ **ပစ္စနိက်ကား** အသညသတ္တေ တတ္ထ။ ။[သြကာသဝါရ အနုလုံဟူသမျှကို ဤအတိုင်းချည်းသာ ဟောလေ]။ ။

## ပုဂ္ဂလောကာသဝါရ

### ဒုက္ခသစ္စမူ

**ပုဂ္ဂလောကာသဝါရ၌**။ ။**ယဿ ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ။ (ဝိဘင်း ပုဂ္ဂလဝါရနှင့် မထူးပြီ)။ ။**အနုကား** ပဋိသန္ဓေစိတ် ကျေနဝီသ။ပ။ ခပ်သိမ်းသော ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ၊ အသညသတ်ဘုံ။ ပဉ္စဝေါကာရပဝတ္တိအခါ အရူပဝိပါက်လေးခုမှတပါး တဏှာကင်းသောစိတ် ခုနှစ်ဆဲ့ခုနစ်ခု၊ လောဘ၊ ဒိဋ္ဌိ၊ မာန ကြဉ်သော စေတသိက် ကျေနုပညာသ၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်တို့အား ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ။ စတုဝေါကာရ ပဝတ္တိအခါ မောဟမူဒွေ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပစိတ် တဆဲ့နှစ်ခု။ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိက် အဋ္ဌတိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်တို့အား စတုဝေါကာရလေးဘုံ ရ၏။ ပဉ္စဝေါကာရဘုံ၌ လောဘမူစိတ်ရှစ်ခု၊ စေတသိက် ဗာဝီသ၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့အား ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ၊ စတုဝေါကာရဘုံ၌ လောဘမူစိတ်ရှစ်ခု၊ စေတသိက် ဗာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ်၊

အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပဋိလောမ၌** ယခင် သံသယအရ ရ၏။ ။**ပစ္စနိက်ကား** သဗ္ဗေသံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ မဂ္ဂဿစ ဖလဿစ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။စုတိစိတ် ဧကူနဝီသ၊ စေဘသိက်ပဥ္စတိံသ။ပ။ အဆုံးစွန်သော ကမ္ဘဇရုပ်၊ ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ခပ်သိမ်းသော စဝန္တ ဖြစ်သော ပုထုဇဉ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ၊ အသညသတ်ဘုံ။ ပဝတ္တိအခါ ပဋိသန္ဓေမှ စ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက်တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ၊ အရူပဘုံ၌ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်တို့အား အရူပလေးဘုံ ရ၏။ ။

[ဤနည်းကိုမှီ၍ ပုဂ္ဂလဝါရအတိုင်းကောက်၍ ဘုံသတ်လေ။ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မှာ အပါယ်လေးဘုံကိုကြဉ်၍ကောက်။ ။ပစ္စနိက်၌ သမုဒယနှင့် မဂ္ဂ ပုဂ္ဂလောကာသဝါရမှာ နိရောဓသမာပတ်ကို ချန်၍ကောက်။ ပစ္စနိက် မှာ အနုလုံအတိုင်းတွင် အနုလောမ ပဋိလောမလည်းရ၍ဟောလေ]။ ။

ပစ္စုပ္ပန္နဝါရ ပြီး၏။

---

## အတီတပုဂ္ဂလဝါရ

### ဒုက္ခသစ္စမူ

ပစ္စုပ္ပန္နဝါရကို....၌ အတီတဝါရကို....၏။ (ဝဝတ္တာန် ဆိုမြဲ)။ ။**ယဿ** ဒုက္ခ သစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ အာမန္တာ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။**အနုကား** ခပ်သိမ်းသော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက် ရ၏။ **သံသယ** ၎င်းရ၏။ ။**ပဋိလောမ** ၎င်းရ၏။ ။**ပစ္စနိက်ကား** နတ္ထိချည်းသာ။ ။

**ယဿ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ အနဘိသမေတာဝီနံ တေသံ။ အဘိသမေတာဝီနံ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။အနဘိ- သမေတာဝီနံ၊ သစ္စာ၄လေးပါးတရားတို့ကို သိဘူးပြီးသော အဖြစ်သို့ မရောက် ကုန်သေးသော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ အဘိသမေတာဝီနံ၊ သစ္စာ

လေးပါးတရားတို့ကို သိဘူးပြီးသောအဖြစ်သို့ ရောက်ကုန်ပြီးသော။ တေသံ၊ ထို ပုဂ္ဂိုလ်တို့အား။ ။

["အဘိသမေတာဝီနန္တိ အဘိသမိတသစ္စာနံ"။ **အဋ္ဌကထာပါဌ်**။ ။ အဘိ, သံ ရှေးရှိသော ဣဓာတ်၊ တာဝီပစ္စည်း။ "ယေ ဂတျတ္ထာ တေ ဗုဒ္ဓျတ္ထာ"ဟူ၍ ဆိုသောကြောင့် ဣဓာတ်သည် သိခြင်းအနက်ကို ဟော၏။ ဤသို့ကြံသော် အဘိ, သံ ဥပသာရသည် ဓာတွတ္ထာနုဝတ္တက၊ ပကတိ ဂတိအနက်ကို ဟောသော ဣဓာတ်ယူသော် ဓာတွတ္ထဝိသေသကဖြစ်၍ သိခြင်းအနက်ကို ဟော၏။ ဤသို့ နှစ်နည်းကြံသော် သင့်မည်ထင် သည်]။ ။

**အနုကား** အစမထင်သံသရာမှစ၍ သောတာပတ္တိမဂ်တိုင်အောင် သစ္စာလေး ပါးတရားတို့ကို သိဘူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော ပုထုဇဉ်လေး ယောက်၊ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ သောတာပတ္တိ မဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် သစ္စာလေးပါး တရားတို့ကို သိဘူးပြီးသော အဖြစ်သို့ ရောက်ကုန်ပြီးသော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်လေးယောက်လည်း ရ၏။ ။[**ပစ္စနိက် သံသယမရှိ**။ အနုလောမ။ နတ္ထိ၊ပဋိကမ္မေ၊ ။ပဋိလောမ။ ဥပ္ပဇ္ဇိတ္ထ။ ပါဠိဂတိ။ **သမုဒယနှင့်မဂ္ဂ** အတူပင်]။ ။ပုဂ္ဂလဝါရပြီး၏။ ။ (ဩကာသဝါရ လွယ်ပြီ)။ ။

## ပုဂ္ဂလောကာသဝါရ

### ဒုက္ခသစ္စမူ

**ပုဂ္ဂလောကာသဝါရ၌**။ ။**ယဿ ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ သမု ဒယသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။ **ယဿ ဝါ ပန ယတ္ထ**။ အာမန္တာ။ ။ဒုတိယေ၊ နှစ်ခုမြောက်သော။ စိတ္တေ၊ ပဋိသန္ဓေ နောင်ပဌမဘဝင်စိတ်သည်။ ဝတ္တမာနေ၊ ဖြစ်လတ်သော်။ သုဒ္ဓါဝါသာနံ၊ သုဒ္ဓါဝါသ ဘုံ၌ဖြစ်ကုန်သော။တေသံ၊ ထိုပုဂ္ဂိုလ်တို့အားရင်း။ အသညသတ္တာနံ၊ အသညသတ် ဘုံ၌ ဖြစ်ကုန်သော။ တေသံ၊ တို့အားရင်း။ တတ္ထ၊ ထိုသုဒ္ဓါဝါသဘုံ-အသညသတ် ဘုံ၌။ ဣတရေသံ၊ သုဒ္ဓါဝါသဘုံ၌ဒုတိယစိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်မှ တပါးကုန် သော။စတုဝေါကာရာနံ၊ တို့အားရင်း။ပဉ္စဝေါကာရာနံ၊ တို့အားရင်း။ ။**အနုကား** သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင်ပဌမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် **တံသဒိသ ဒုတိယစိတ်ဟု**ဆိုအပ်သော ဘဝင်တဆဲ့ငါးချက်၊

မနောဒ္ဓါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော၊ ဤတဆဲ့ ရှစ်ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ၊ အသညသတ် ဥပပဇ္ဇန္တစဝန္တ ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်။ ကြွင်းသောစတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။**သံသယကား** နောက်သာရ၏။ ။[ပဋိလောမဥ္စ ယခင် သံသယကိုကောက်]။ ။**ပစ္စနိက်ကား** သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေတခု၊ စေတသိက်တိ သတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံရ၏။ ။

**ဒုက္ခနှင့်မဂ္ဂဥ္စ**။ ။သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အနဘိသမေတာဝီနံ, အသညသတ္တာနံ တေသံ တတ္ထ။ အဘိသမေတာဝီနံ တေသံ တတ္ထ။ ။ **ယဿ ဝါ ပန ယတ္ထ**။ အာမန္တာ။ ။(အနက်နည်းတူ)။ ။**အနုကား** သုဒ္ဓါဝါသ ဘုံ၌ ပဋိသန္ဓေနောင်ပဌမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသော ကြောင့် တံသဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ဒုတိယ ဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

> [ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် စုတိတိုင်အောင်သော စိတ်တို့သည် မဂ္ဂသစ္စာ မဖြစ်ဘူးခြင်းတူသောကြောင့် သဒိသူပစာရအားဖြင့် ဒုတိယစိတ်မည်သတည်း။ပဌမဘဝင်စိတ်ကား မုချအားဖြင့် ဒုတိယေ စိတ္တေ အရတည်း]။

ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကိုမရ သသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆို အပ်သောပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါ ကာရ လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံ။ ။[ဤကား **အနဘိသမေတာဝီအစစ်တည်း**]။ ။**တပါးဘုံက**ပင် အောက်မဂ်ကို ရငြားသော်လည်း မိမိဖြစ်ခိုက်သောဘုံ၌မဂ်ကို မရဘူးသေးသောကြောင့် တတ္ထ အနဘိသမေ

တာဝီမည် ကောင်းသော ပုဂ္ဂိုလ်တို့တွင် တပါးဘုံက သောတာပတ္တိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သော ဘုံ၌ သကဒါဂါမိမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သကဒါဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ **သကဒါဂါမိ** မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။**တပါးဘုံက** သကဒါဂါမိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သော ဘုံ၌ အနာဂါမိမဂ်ကိုမရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အနာဂါမိ မဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။**တပါးဘုံက** အနာဂါမိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရဆယ်ဘုံ။ (ဤကား **အတုတည်း**)။ အသညသတ် ဥပပတ္တိ စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။

သုဒ္ဓါဝါသဖြစ်အံ့၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။ ကြွင်းသော စတုဝေါကာရ-ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်သော ဘုံ၌ **ရှေးဘဝက**မဂ်ကို ရဘူးသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, **ဤဘဝတွင်မှ**သာ ရသသူဖြစ်အံ့၊ ရစ,သော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံလည်း ရ၏။ **သံသယကား** နောက်သာရ၏။ ॥ [ပဋိလောမ၌ ယခင် သံသယအရကို ကောက်]။ ॥**ပစ္စနိက်ကား** သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ॥(ဒုက္ခနှင့် သမုဒယ အတိုင်းပင် ကောက်မြဲ)။ ॥

**သမုဒယမူ မဂ္ဂသစ္စမူလီ၌**။ ॥သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ အနဘိသမေတာဝီနံ တေသံ တတ္ထ။ အဘိသမေတာဝီနံ တေသံ တတ္ထ။ ॥ဒုတိယေ၊ နှစ်ခုမြောက်သော။ အကုသလေ၊ အကုသိုလ်ဖြစ်သော။ စိတ္တေ၊ စိတ်သည်။ ဝတ္တမာနေ၊ဖြစ်လတ်သော်။သုဒ္ဓါဝါသာနံ၊ ကုန်သော။ တေသံ၊ တို့အားရင်း။ (အကြွင်းပေးမြဲ)။ ॥**အနုကား** သုဒ္ဓါဝါသ ဘုံ၌ ဘဝနိကန္တိက ဒုတိယဇောဟု ဆိုအပ်သော မုချဒုတိယ အကုသိုလ်စိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာ ဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့်

တံသဒိသ ဒုတိယ စိတ်ဟုဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ တတိယဇောမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ တတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကိုမရသသူ ဖြစ်အံ့။ ။[အကြွင်းကို ဒုက္ခနှင့်မဂ္ဂ သန္နိဋ္ဌာန်သံသယအတိုင်း အလုံးတူပြီ။ ကောက်မြဲ]။

**ပစ္စနိက်ကား** သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ။ ။သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော မုချ ဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ, မဂ္ဂသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ပဋိသန္ဓေ၊ ဘဝင်တဆဲ့ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော။ ဤတဆဲ့ကိုးချက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ အသညသတ် ဥပပဇ္ဇန္တ ဝတ္တ ဖြစ်သော **သု**ာတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။ အနုလုံပြီး၏။ ။**[ပစ္စနိက် သံသယ**ကို ဆိုခဲ့ပြီ]။ အနုလုံအတိုင်းတွင် အနုလောမ ပဋိလောမလည်း၍ ဟောလေ]။ ။အတီတဝါရ ပြီး၏။ ။

---

## အနာဂတဝါရ

### ဒုက္ခသစ္စမူ

အနာဂတဝါရ၌။ ။**ယဿ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ။ အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ဣတရေသံ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။ အဂ္ဂမဂ္ဂသမင်္ဂီနံ၊ အရဟတ္တမဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့အားငင်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အားငင်း။ ယဿ စိတ္တဿ၊ အကြင်ဝေါဒါန်စိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ အဂ္ဂမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ တေန၊ ထိုဝေါဒါန်စိတ်နှင့်။ သမင်္ဂီနံ၊ ပြည့်စုံကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားငင်း။ ။ **အနုကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏

အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်။ **သောတာပန်** ဖြစ်ပြီးမှ တဏှာ ခြားမှုကား အဆုံးစွန်သောတဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ အလယ်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အလယ်ဖလဋ္ဌာန် နှစ်ယောက်။ **သကဒါဂါမ်** ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သကဒါဂါမိ ဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်။ **အနာဂါမ်** ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သောတဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

[ဤ၌ အရဟတ္တမဂ်၏ ရှေးဝေါဒါန်ကား မှုချ။ အဆုံးစွန်သောတဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်သော စိတ်တို့သည်ကား ဝေါဒါန်နှင့် သမုဒယသစ္စာ မဖြစ်လတ္တံ့ချင်း တူသောကြောင့် သဒိသူပစာတည်း။ ထို့ကြောင့် ထိုစိတ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ကိုလည်း ကောက်သတည်း]။

တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်။ **သောတာပန်** ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော ပုထုဇဉ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။ **သကဒါဂါမ်** ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှုစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင်။ပ။ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန် နှစ်ယောက်၊ **အနာဂါမ်** ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှုစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်။ မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

[ဤ၌ ဖြစ်ထိုက်သော ခဏတ္တယသမင်္ဂီ ဆိုလျှင် နိရောဓသမာပတ်ဝင်စားခိုက်ပုဂ္ဂိုလ်, အသညသတ်ကြွင်းရာ၏။ ထို့ကြောင့် ခဏတ္တယ

သမင်္ဂီကို ချ၍သော်လည်း ဆိုရိုးပြုကုန်၏]။ ။**ပဋိလောမ**၌ ယခင် သံသယ ရ၏။

**မဂ္ဂသစ္စမူလီ**၌။ ။အဂ္ဂမဂ္ဂသမင်္ဂီနံ့, အရဟန္တာနံ့, ယေစ ပုထုဇ္ဇနာ မဂ္ဂံ နပဋိလဘိဿန္တိ တေသံ။ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေစညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။**အနုကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံ တိုင်အောင်။ပ။ ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။ **ပဋိလောမ**၌ ယခင်သံသယ ရ၏။ ။**ပစ္စနိက်ကား** ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ။ ။ (သမုဒယမူလီ, မဂ္ဂမူလီနှစ်ပါး သံသယကြွင်း) တိဟိတ်စုတိတေရသ၊ စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

### သမုဒယသစ္စမူ

**ယဿ** သမုဒယသစ္စံ ဉပ္ပဇ္ဇိဿတိ၊ တဿ မဂ္ဂသစ္စံ ဉပ္ပဇ္ဇိဿတီတိ။ ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ။ ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ။ **ယဿ ဝါ ပန**။ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ယေစညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ။အညေ၊ ဝေါဒါန်စိတ်၏ ခဏတ္တယ **သမင်္ဂီ**ပုဂ္ဂိုလ်မှတပါးကုန်သော။ ယေစ၊ အကြင် ပုဂ္ဂိုလ်တို့သည်လည်း။မဂ္ဂံ၊မဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ ။**အနုကား** မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက် သော ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ် အံ့၊ အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သောပုထုဇဉ် ပုဂ္ဂိုလ်။ **သောတာပန်**ဖြစ်ပြီးမှ တဏှာခြားမူကား အစမထင် သံသရာမှစ၍အဆုံး စွန်သော တဏှာ၏ အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော ပုထုဇဉ်၊သောတာ ပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။ **သကဒါဂါမိ်**ဖြစ်ပြီးမှ တဏှာခြား မူကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်နှစ်ယောက်။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်။ **အနာဂါမိ်**ဖြစ်ပြီးမှ တဏှာခြားမူကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော ပုထုဇဉ်၊

အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်လည်း ရ၏။ ။ **သံသယကား** နောက်သာရ၏။ ။**ဒုက္ခနှင့်သ မုဒယ၌** သံသယပင်။

**ပဋိကား** အရဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ တဏှာမခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက် ဖလဋ္ဌာန် သုံးယောက်။ **သောတာပန်**ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံ တိုင်အောင်။ပ။ သောတာပတ္တိဖလဋ္ဌာန်၊ အလယ် မဂ္ဂဋ္ဌာန်နှစ်ယောက်၊ အလယ် ဖလဋ္ဌာန် နှစ်ယောက်။**သကဒါဂါမ်**ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်။ပ။သကဒါ-ဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ **အနာဂါမ်**ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်။ပ။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ ။ အနုလောမ သံသယလည်း ရ၏။ ။**ပစ္စနိက်ကား** အဂ္ဂမဂ္ဂသမင်္ဂီနံ့, အရဟန္တာနံ တေသံ။ ။အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ ။ပုဂ္ဂလဝါရ ပြီး၏။ ။(ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

### ဒုက္ခသစ္စမူ

**ပုဂ္ဂလောကာသဝါရ**၌။ ။**ယဿ ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ။ အဂ္ဂမဂ္ဂသမင်္ဂီနံ့, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, အသညသတ္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ, ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ အာမန္တာ ။ ။**အနုကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရ-ဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်

ပုထုဇဉ်၊ အောက် မဂ္ဂဋ္ဌာန်သုံးယောက်၊အောက်ဖလဋ္ဌာန်သုံးယောက်။ **သောတာပန်**ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ အလယ် မဂ္ဂဋ္ဌာန်နှစ်ယောက်၊အလယ် ဖလဋ္ဌာန်နှစ်ယောက်။ **သကဒါဂါမိ်**ဖြစ်ပြီးမှ တဏှာ ခြားမှုကား အဆုံးစွန်သောတဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရ ဖြစ်သော အနုလုံတိုင်အောင်။ပ။ သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ **အနာဂါမိ်** ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှုစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်။ ပ ။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စ-နှစ်ဆဲ့နှစ်ဘုံ။ မိမိ။ပ။ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့၊ ပဉ္စမဇောမှုစ၍ စုတိအနန္တရတိုင်အောင်, ဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇောဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှုစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။

တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်။ **သောတာပန်**ဖြစ်ပြီးမှ တဏှာခြားမှုကား ပဋိသန္ဓေမှုစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။ **သကဒါဂါမိ်** ဖြစ်ပြီးမှ တဏှာခြားမှုကား ပဋိ-သန္ဓေမှုစ၍ အဆုံးစွန်သော တဏှာ၏အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန်နှစ်ယောက်။ **အနာဂါမိ်** ဖြစ်ပြီးမှ တဏှာခြားမှုကား ပဋိသန္ဓေမှုစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ စတုတ္ထဇောတိုင်အောင်, ဒေါသမူ၊ မောဟမူ၊

မဟာကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဒါရုံ၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါ-ကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်းရ၏။ ။**သံသယကား** နောက်သာ်ရ၏။ ။**ပဋိလောမ**၌လည်း ယခင် သံသယပင်။

**ပစ္စနိက်ကား** ပစ္ဆိမစိတ္တသမင်္ဂီနံ့ တေသံ တတ္ထ။ ။တိဟိတ်စုတိတေရသ၊ စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ နှစ်ဘုံ။ (ဤကား အစစ်တည်း)။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း သော စုတိစိတ်ကျေနဝီသ၊ စေတသိက်ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ် သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စ ဝေါကာရ နှစ်ဆဲ့ငါးဘုံ၊ အသညသတ်ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။(ဤကား အတုတည်း)။ ။

**မဂ္ဂသစ္စမူလိ၌**။ ။အဂ္ဂမဂ္ဂသမင်္ဂီနံ့, အရဟန္တာနံ့, ယေစ ပုထုဇ္ဇနာ မဂ္ဂံ နပဋိ-လာဘိဿန္တိ,အာပါယိကာနံ့,အသညသတ္တာနံ့ တေသံ တတ္ထ။ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလာဘိဿန္တိ, ယေစညေ မဂ္ဂံပဋိလာဘိဿန္တိ တေသံ တတ္ထ။ ။**ယဿ ဝါ ပန** ယတ္ထ။အာမန္တာ။ ။**အနုကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကိုမရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်၊ပုထုဇဉ်ပုဂ္ဂိုလ်တို့အား စတုဝေါ

ကာရလေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ။ ။(ဤကား **ယေ စ ပုထုဇ္ဇနာ အစစ်**တည်း)။

မိမိဖြစ်ခိုက်သောဘုံ၌ **ဤဘဝ**သာ အောက်မဂ်ကိုရ၍ တပါးဘုံမှာမှ အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ အဆုံးစွန်သောမဂ်မှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ အဆုံးစွန်သောမဂ်မှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော အောက် မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်။ မိမိဖြစ်ခိုက်သောဘုံ၌ **ရှေးဘဝ**ကသာ အောက်မဂ်ကိုရ၍ တပါးဘုံမှာမှ အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတုဝေါကာရသုံးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါဝစရကိုးဘုံ။ **တပါး**ဘုံကသာ အောက်မဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကိုမရလတ္တံ့သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား အာကိဉ္စညာယတန တိုင်အောင်သော စတုဝေါကာရသုံးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါဝစရကိုးဘုံ၊ သုဒဿီ တိုင်အောင်သော သုဒ္ဓါဝါသ လေးဘုံ။ ။(ဤကား **ယေ စ ပုထုဇ္ဇနာ အတု**တည်း)။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရ တိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ်လေးဘုံ။ အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ် ဉပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ ။အရဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ **ဤဘဝ** မဂ်ကို မရမူ၍ နောင်ဘဝမှ ရလတ္တံ့သောသူဖြစ်သော်ငြား၊ **ဤဘဝ**အောက်မဂ်ကိုသာ ရ၍ နောင်ဘဝမှ အထက်မဂ်ကို ရလတ္တံ့သောသူဖြစ်သော်ငြား၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော

တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ **ဤဘဝ**သာ မဂ်ကိုရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်သော်၎င်း၊ မဖြစ်ပြန် ကောင်းသောသူဖြစ်သော်၎င်း၊ မဂ်ကိုရပြီးမှ တဏှာမဥပါဒ်သသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်။ မဂ်ရပြီးမှ တဏှာဉပါဒ်သသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သောမဂ်၏ ရှေးဂေါတြဘူ ဝေါဒါန် တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံလည်း ရ၏။ ။**သံသယကား** နောက်သာရ၏။

**တနည်းကား** မိမိဖြစ်ခိုက်သော ဘုံ၌ **ဤဘဝ**သာ မဂ်ကိုရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော သူဖြစ်သော်၎င်း၊ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာ ဉပါဒ်သသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော မဂ်၏ရှေး ဂေါတြဘူ ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်တို့အား အာကိဉ္စညာယတန တိုင်အောင်သော စတုဝေါကာရ သုံးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ သုဘာကိဏှတိုင်အောင်သော ရူပါဝစရ ကိုးဘုံ။ မဂ်ရပြီးမှ တဏှာမဥပါဒ်သသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ **အဆုံးစွန်**သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ**သမင်္ဂီဟု** ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။[ဤနှစ်နည်းတွင် နောက်နည်းကို ငါတို့ပုဂံအတွင်းဝန် ဆရာတော်ဘုရားကြီး ချရိုးပြုတော်မူသည်]။ ။

**ပဋိကား** အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ မိမိဖြစ်ခိုက်သောဘုံ၌ **ဤဘဝ**သာမဂ်ကို ရလတ္တံ့၊ ဤဘုံ၌ နောင်မဖြစ်ပြန်လတ္တံ့သော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာမဥပါဒ်သသူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ အဆုံးစွန်ရသောမဂ်၏ ရှေးဂေါတြဘူ ဝေါဒါန်၊ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော

တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ ရ၏။ ။**အနုလောမသံသယလည်း** ရ၏။

**ပစ္စနိက်ကား** အဂ္ဂမဂ္ဂသမင်္ဂီနံ့ အရဟန္တာနံ့ အသညသတ္တာနံ တေသံ တတ္ထ။ ။ အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇော ဖြစ်အံ့၊ ပဉ္စမဇောမှစ၍ စုတိတိုင်အောင်, ဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ်လေးဘုံ။ ။**(အာပါယိကာနံ၏ အကြွင်းတည်း)**။

မိမိဖြစ်ခိုက်သော ဘုံ၌ မဂ်ကို မရလတ္တံ့သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်မဖြစ်ပြန်လတ္တံ့သော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇော ဖြစ်အံ့၊ ပဉ္စမဇောမှစ၍ စုတိတိုင်အောင်, ဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ။မိမိဖြစ်ခိုက်သော ဘုံ၌ **ဤဘဝသာ** အောက်မဂ်ကိုရ၍ တပါးဘုံမှာမှ အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာမဉပါဒ်သသူ ဖြစ်အံ့၊ အဆုံးစွန်သော မဂ်မှစ၍ စုတိတိုင်အောင်, ဥပါဒ်သသူ ဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။ မိမိဖြစ်ခိုက်သော ဘုံ၌ **ရှေးဘဝကသာ** အောက်မဂ်ကို ရ၍ တပါးဘုံမှာမှ အထက် မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်ပြန်လတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင်။ပ။ အောက်ဖလဋ္ဌာန် သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတန တိုင်အောင်သော စတုဝေါကာရ သုံးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ သုဘကိဏှတိုင်အောင်သော ရူပါဝစရ ကိုးဘုံ။ **တပါးဘုံကသာ** အောက်မဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကိုမရလတ္တံ့၊ ဤဘုံ၌ နောင် မဖြစ်ပြန်လတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်

ပုဂ္ဂိုလ် သုံးယောက်တို့အား အာကိဉ္စညာယတန တိုင်အောင်သော စတုဝေါကာရ သုံးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ သုဘာကိဏှာတိုင်အောင်သော ရူပါဝစရ ကိုးဘုံ၊ သုဒဿီ တိုင်အောင်သော သုဒ္ဓါဝါသလေးဘုံ။ ။(**ယေ စ ပုထုဇ္ဇနာ က အစစ် အတုကြွင်း**)။

**အသညသတ်** ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။အနုလုံပြီး၏။ ။**ပစ္စနိက်သံသယ**ကို ဆိုခဲ့ပြီ။ ။ [အနုလုံအတိုင်း အနုလောမ ပဋိလောမလည်း၍ ဟောလေ]။ ။အနာဂတဝါရ ပြီး၏။

---

**ပစ္စုပ္ပန္နာတီတဝါရ**

**ဒုက္ခသစ္စမူ**

**ပစ္စုပ္ပန္နာတီတဝါရ၌**။ ။**ယဿ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ အာမန္တာ။ ။**ယဿ ဝါ ပန**။ သဗ္ဗေသံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ မဂ္ဂဿစ ဖလဿစ ဥပ္ပါဒက္ခဏေ တေသံ။ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ,ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ။ ။**ပဋိကား** စုတိစိတ်ကျေနဝိသ၊ စေတသိက်ပဉ္စတိံသ။ အဆုံးစွန်သောကမ္မဇရုပ်၊ ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်။ ပဝတ္တိအခါ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက်။ အရူပဘုံ၌အထက်မဂ်သုံးခု၊ ဖိုလ် လေးခု၊ စေတသိက်ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အထက် မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် ရ၏။ ။ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက်ပဉ္စတိံသ။ ကမ္မဇကလာပ် သုံးစည်း၊ ခုနစ်စည်း၊ လေးစည်း၊ အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ခပ်သိမ်းသော ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။ ပဝတ္တိအခါပဋိသန္ဓေ နောင်ပဌမဘဝင်မှစ၍ စုတိတိုင်အောင် အရူပ ဘုံ၌ မဂ်ဖိုလ်မှတပါး ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက်လည်းရ၏။ ။**သံသယကား** နောက်သာရ၏။ ။(အကြွင်းမရှိ)။

**မဂ္ဂသစ္စမူလ၌**။ ။အနဘိသမေတာဝီနံ ဥပပဇ္ဇန္တာနံ, ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ။ အဘိသမေတာဝီနံ ဥပပဇ္ဇန္တာနံ, ပဝတ္တေ စိတ္တဿ

ဥပ္ပါဒက္ခဏေ တေသံ။ ။**ယဿ ဝါ ပန**။ အဘိသမေတာဝီနံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ မဂ္ဂဿစ ဖလဿစ ဥပ္ပါဒက္ခဏေ တေသံ။ ။ **အနုကာ**း သစ္စာလေးပါးတရားကို သိဘူးပြီးသောအဖြစ်သို့ မရောက်ကုန်သော ပဋိသန္ဓေစိတ် ဈေနုဝီသ၊စေတသိက် ပဥ္စတိံသ။ကမ္မဇကလာပ်သုံးစည်း၊ ခုနစ်စည်း၊ လေးစည်း၊ အစစ္စာသော ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ ပဝတ္တိအခါထိုဘဝ၌ မဂ်ကိုမရသသူဖြစ်အံ့ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေနောင်ပဌမဘဝင်မှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် ရ၏။ ။သစ္စာလေးပါးတရားကို သိဘူးပြီးသောအဖြစ်သို့ ရောက်ကုန် ပြီးသော တိဟိတ်ပဋိသန္ဓေတေရသ၊ စေတသိက်ပဥ္စတိံသ။ ကမ္မဇကလာပ်သုံးစည်း၊ ခုနစ်စည်း၊ လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်။ ပဝတ္တိအခါ **ရှေးဘဝက** မဂ်ကိုရဘူးပြီးသသူဖြစ်အံ့၊ ပဋိသန္ဓေ နောင်ပဌမဘဝင်မှစ၍ စုတိတိုင်အောင် ဤဘဝတွင်မှသာ ရသသူဖြစ်အံ့၊ သောတာ ပတ္တိမဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင် အရူပလေးဘုံ၌ မဂ်ဖိုလ်မှတပါးဖြစ်ထိုက် သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန်လေးယောက်လည်း ရ၏။ ။

**ပဋိကာ**း မဂ်ကိုရဘူးပြီးသော တိဟိတ် စုတိတေရသ၊ စေတသိက်ပဥ္စတိံသ။ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်။ပဝတ္တိအခါ **ရှေးဘဝက** မဂ်ကိုရဘူးပြီးသသူဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိ၏အနန္တရတိုင်အောင်, **ဤဘဝတွင်မှသာ** ရသသူဖြစ်အံ့၊ သောတာပတ္တိ မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိ၏ အနန္တရတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်လေးယောက်။ အရူပဘုံ၌ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ စေတသိက်ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန် လေးယောက်ရ၏။ ။ အနုလောမ သံသယလည်းရ၏။

**ပစ္စနိကကာ**း အနဘိသမေတာဝီနံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ။မဂ်ကိုမရဘူးသေးသော စုတိစိတ်ဈေနုဝီသ၊ စေတသိက်ပဥ္စတိံသ။ အဆုံးစွန်သော ကမ္မဇရုပ်၊ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ် သော ပုထုဇဉ်လေးယောက်။ ပဝတ္တိအခါ မဂ်ကိုမရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ် တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်

လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ ။(အနုလောမသန္နိဋ္ဌာန် အဘက်တည်း)။ ။

**သမုဒယသစ္စမူ**

**ယဿ** သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ အနဘိသမေတာဝီနံ တဏှာယ ဥပ္ပါဒက္ခဏေ တေသံ။ အဘိသမေတာဝီနံ တဏှာယ ဥပ္ပါဒက္ခဏေ တေသံ။ ။**ယဿ ဝါ ပန**။ အဘိသမေတာဝီနံ တဏှာယ ဘင်္ဂက္ခဏေ တဏှာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ, နိရောဓသမာပန္နာနံ တေသံ။ ။**အနုကား** မဂ်ကိုမရဘူးသေးသော တဏှာ၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်ရ၏။ ။မဂ်ကိုရဘူးပြီးသော ဒိဋ္ဌိဂတဝိပ္ပယုတ် တဏှာ၏ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန် သုံးယောက်လည်း ရ၏။ ။**ပဋိကား** သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် သစ္စာလေးပါးတရားကို သိဘူးပြီးသော အဖြစ်သို့ရောက်ကုန်ပြီးသော ဒိဋ္ဌိဂတဝိပ္ပယုတ် တဏှာ၏ ဘင်္ဂက္ခဏ သမင်္ဂီ,တဏှာကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်။ နိရောဓသမာပတ် ဝင်စားခိုက်သောအနာဂါမ် ရဟန္တာပုဂ္ဂိုလ် ရ၏။ ။အနုလောမ **သံသယလည်းရ၏**။

**ပစ္စနိက်ကား** အနဘိသမေတာဝီနံ တဏှာယ ဘင်္ဂက္ခဏေ တဏှာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ။ ။အစမထင် **သံသရာမှစ၍ သောတာပတ္တိ** မဂ်တိုင်အောင် သစ္စာလေးပါးတရားတို့ကို သိဘူးပြီးသောအဖြစ်သို့ မရောက်ကုန် သေးသော တဏှာ၏ဘင်္ဂက္ခဏသမင်္ဂီ, တဏှာကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။ ။ပုဂ္ဂလဝါရပြီး၏။ ။(ဩကာသဝါရ လွယ်ပြီ)။

**ပုဂ္ဂလောကာသဝါရ**

**ဒုက္ခသစ္စမူ**

**ပုဂ္ဂလောကာသဝါရ၌**။ ။**ယဿ ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ, အသည- သတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရံ, ပဉ္စဝေါကာရံ ဥပ- ပဇ္ဇန္တာနံ, ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ စတုဝေါကာရေ, ပဉ္စဝေါကာရေ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ မဂ္ဂဿ စ ဖလဿ စ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။**အနုကား** သုဒ္ဓါဝါသဘုံ၌ပဋိသန္ဓေ၊

ဘဝင်တဆဲ့ခြောက်ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကပဌမဇော။ ဤတဆဲ့ကိုးချက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။သုဒ္ဓါဝါသမှ တပါး ပဋိသန္ဓေစိတ်ကျေနဝိသ၊ စေတသိက်ပဉ္စတိံသ။ ကမ္မဇကလာပ်သုံးစည်း၊ ခုနစ်စည်း၊ လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတု-လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စ-နှစ်ဆဲ့တဘုံ။ ပဝတ္တိအခါ သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်, ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေနောင်ပဌမဘဝင်မှစ၍ စုတိတိုင်အောင် အရူပဘုံ၌ မဂ်ဖိုလ်မှတပါး ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်တို့အား စတု-လေးဘုံ၊ ပဉ္စ-နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ ။**သံသယကား** နောက်သာရ၏။

**ပဋိကား** စုတိစိတ်ကျေနဝိသ၊ စေတသိက်ပဉ္စတိံသ။ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ ပဉ္စဝေါကာရစဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်။ ပဝတ္တိအခါ သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိကဒုတိယဇောမှစ၍ စုတိ၏အနန္တရတိုင်အောင်, ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်။ ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ, ပဉ္စ-နှစ်ဆဲ့ခြောက်ဘုံ။ အရူပဘုံ၌ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ စေတသိက် ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ဖလဋ္ဌာန်လေးယောက်တို့အား အရူပလေးဘုံ ရ၏။

**ပစ္စနိက်ကား** သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေ, အသညသတ္တာစဝန္တာနံ တေသံ တတ္ထ။ ။(အနုလောမသန္နိဋ္ဌာန် အဘက်)။

[ဥပပတ္တိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ဘင်္ဂက္ခဏေ၊ဘင်ခဏ၌။(အနက်ယောဇနာ)။ ၂၊သဒိသူပစာ၊ သမီပူပစာရ အားဖြင့် ဘဝင် တဆဲ့ခြောက်ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကပဌမဇော၊ ဤစိတ္တက္ခဏတို့ကိုလည်း ဥပပတ္တိစိတ္တဿတွင် သွင်း၍ကောက်]။

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ၊ ဘဝင်တဆဲ့ခြောက်ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပဌမဇော၊ ဤတဆဲ့ကိုးချက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်

သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ အဆုံးစွန်သော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏာသမင်္ဂီဟုဆိုအပ်သော အသညသတ်စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။

**ယဿ ယတ္ထ** ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ, အနဘိသမေတာဝီနံ ဥပပဇ္ဇန္တာနံ ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ အဘိသမေတာဝီနံ ဥပပဇ္ဇန္တာနံ ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ အဘိသမေတာဝီနံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ,အရူပေ မဂ္ဂဿစ ဖလဿစ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။**အနက** သုဒ္ဓါဝါသဘုံ၌ ထိုဘဝ၌ အရဟတ္တမဂ်ကိုမရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ မဂ်ကို မရဘူးသေးသော ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေတသိက်ပဉ္စတိံသ။ ကမ္မဇကလာပ် သုံးစည်း၊ ခုနစ်စည်း၊ လေးစည်းတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်။ ပဝတ္တိအခါ ထိုဘဝ၌မဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ သောတာပတ္တိမဂ် တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ၊သုဒ္ဓါဝါသကြဉ်သော ပဉ္စ-နှစ်ဆဲ့တဘုံ။တပါးဘုံကပင် အောက်မဂ်ကို ရငြားသော်လည်း မိမိဖြစ်ခိုက်သော ဘုံ၌ မဂ်ကို မရဘူးသေးသောကြောင့် တတ္ထ အနဘိသမေတာဝီ မည်ကောင်းသော ပုဂ္ဂိုလ်တို့တွင် တပါးဘုံက **သောတာပတ္တိမဂ်ကိုရ၍** မိမိဖြစ်ခိုက်သောဘုံ၌ သကဒါဂါမိမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သကဒါဂါမိမဂ်တိုင်အောင် အရူပဘုံ၌ မဂ်ဖိုလ်မှတပါး ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ တပါးဘုံက **သကဒါဂါမိမဂ်** ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အနာဂါမိမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အနာဂါမိမဂ်တိုင်အောင် အရူပဘုံ၌ မဂ်ဖိုလ်မှတပါး ဖြစ်ထိုက်သော စိတ်တို့၏ဥပ္ပါဒက္ခဏာသမင်္ဂီဟုဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ တပါးဘုံက **အနာဂါမိမဂ်** ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်တိုင်အောင် အရူပဘုံ၌ မဂ်ဖိုလ်မှတပါး ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင် ရူပါဝစရဆယ်ဘုံ။ အစစ္စာသော။ ပ ။ အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။

မိမိဖြစ်ခိုက်သော ဘုံ၌ မဂ်ကို ရဘူးပြီးသော တိဟိတ်ပဋိသန္ဓေ တေရသ၊ စေတသိက် ပဉ္စတိံသ။ ကမ္မဇကလာပ် သုံးစည်း၊ ခုနစ်စည်း၊ လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတု-လေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ။ ပဝတ္တိအခါ သုဒ္ဓါဝါသဖြစ်အံ့၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ် တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ကြွင်းသော စတုဝေါကာရ-ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား မိမိဖြစ် ခိုက်သောဘုံ၌ **ရှေးဘဝ** က မဂ်ကို ရဘူးပြီးသသူဖြစ်အံ့၊ ပဋိသန္ဓေနောင် ပဌမ ဘဝင်မှစ၍ စုတိတိုင်အောင်, ဤဘဝတွင်မှသာ ရသသူဖြစ်အံ့၊ ရစ,သောမဂ္ဂါနန္တရ ဖိုလ်မှစ၍ စုတိတိုင်အောင် အရူပဘုံ၌ မဂ်ဖိုလ်မှတပါး ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက်။ ဖလဋ္ဌာန် လေးယောက်၊ ဤပုဂ္ဂိုလ်တို့အား၊ စတု-လေးဘုံ။ အပါယ်ကြဉ်သော ပဉ္စ-နှစ်ဆဲ့ နှစ်ဘုံလည်းရ၏။

**ပဋိကား** မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို ရဘူးပြီးသော တိဟိတ်စုတိ တေရသ၊ စေတသိက်ပဉ္စတိံသ။ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော ဖလဋ္ဌာန်လေးယောက်။ ပဝတ္တိအခါ သုဒ္ဓါဝါသဖြစ်အံ့၊ အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ကြွင်းသော စတုဝေါ- ကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝက မဂ်ကို ရဘူး ပြီးသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်, ဤဘဝတွင်မှသာ ရသသူဖြစ်အံ့၊ ရစ,သော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက် သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အထက် မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်။ ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ။ အပါယ် ကြဉ်သော ပဉ္စ-နှစ်ဆဲ့နှစ်ဘုံ။ အရူပဘုံ၌ ရစ,သော မဂ်ဖိုလ်၏ အထက်မဂ်၊ အထက်ဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အထက် မဂ္ဂဋ္ဌာန်နှစ်ယောက်၊ အထက်ဖလဋ္ဌာန် နှစ်ယောက်တို့အား အရူပလေးဘုံ ရ၏။ ။ **တနည်းကား** မိမိဖြစ်ခိုက်သောအရူပဘုံ၌ ဤဘဝ၌ရှင်း၊ရှေးဘဝ၌ရှင်းမဂ်ကိုရဘူး ပြီးသော အထက်မဂ်နှစ်ခု၊ အထက်ဖိုလ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်

သော အထက်မဂ္ဂဋ္ဌာန်နှစ်ယောက်၊ အထက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား အရူပလေးဘုံ ရ၏။ အနုလောမ သံသယလည်း ရ၏။ ။

**ပစ္စနိက်ကား** သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေ, အနဘိသမေတာဝီနံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အသညသတ္တာ စဝန္တာနံ တေသံ တတ္ထ။ ။ **(အနုလုံ အနုလောမ သန္နိဋ္ဌာန်အဘက်)**။ ။သုဒ္ဓါဝါသဘုံ၌ ထိုဘဝ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ မဂ်ကိုမရဘူးသေးသော စုတိစိတ် ကျေနုဝိသ၊ စေတသိက် ပဋ္ဌတိသ။ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော စတုဝေါကာရ ပဉ္စဝေါကာရ စဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက်။ ပဝတ္တိအခါ မဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ။ သုဒ္ဓါဝါသကြဉ်သော ပဉ္စ-နှစ်ဆဲ့တဘုံ။ တပါးဘုံကပင် အောက်မဂ်ကို ရငြားသော်လည်း မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရဘူးသေးသောကြောင့် တတ္ထ အနဘိသမေတာဝီမည်ကောင်းသော ပုဂ္ဂိုလ်တို့တွင် တပါးဘုံက **သောတာပတ္တိမဂ်ကို** ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ သကဒါဂါမိမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သကဒါဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ တပါးဘုံက **သကဒါဂါမိမဂ်ကို**ရ၍ မိမိဖြစ်ခိုက်သော ဘုံ၌ အနာဂါမိမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အနာဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ တပါးဘုံက **အနာဂါမိမဂ်ကို**ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အရဟတ္တမဂ်ကို မရသသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ် တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတု-လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ။ အရူပဘုံ၌ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ မိမိဖြစ်ခိုက်သော အရူပဘုံ၌ ရအပ်သော အောက်မဂ်၊ အောက်ဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော **အထက်မဂ္ဂဋ္ဌာန်နှစ်ယောက်၊ အလယ်ဖလဋ္ဌာန်နှစ်ယောက်**။

**တနည်း အကျယ်ကား** အရူပဘုံ၌ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။တပါးဘုံက **သကဒါဂါမိမဂ်ကိုရ၍** မိမိဖြစ်ခိုက်သောအရူပဘုံ၌ အနာဂါမိမဂ်ကို မရသသူဖြစ်အံ့၊ သကဒါဂါမိဖိုလ်။ရယသူဖြစ်အံ့၊သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်တို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။တပါးဘုံက**အနာဂါမိမဂ်ကိုရ၍** မိမိဖြစ်ခိုက်သောအရူပဘုံ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ အနာဂါမိဖိုလ်။ ရသသူဖြစ်အံ့၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ ဤ ပုဂ္ဂိုလ်တို့အား အရူပလေးဘုံ။ ။**တနည်းကား** မိမိဖြစ်ခိုက်သော အရူပဘုံ၌ ရစ,သော အောက်မဂ် အောက်ဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ အဆုံးစွန်သော ဇီဝိတ။ပ။ အသညသတ် စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။

> [ဤသို့ အရူပဘုံ၌ မဂ်ဖိုလ် ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်ကို ကောက်ရာ၌ **ပစ္စနိက်** ပါဠိတော်မှာ မရှိ၊ ရသင့်၍သာ ကောက်သည်။ ရသင့်လျက် အဘဲ့ကြောင့် ပါဠိတော်မှာ မရှိသနည်းဟူမူကား အနုလုံ ပဋိလောမ သန္နိဋ္ဌာန်၌ "အရူပေ မဂ္ဂဿစ ဖလဿစ ဥပ္ပါဒက္ခဏေ"ဟု ရှိလေပြီး ဖြစ်သောကြောင့် အနုလုံ၌ ရှိပြီးသောပါဠ်ကို ပစ္စနိက်၌ထပ်၍ မရှိသင့်ပြီဟု ဆရာမြတ်တို့ မိန့်တော်မူကုန်၏။ ဤကဲ့သို့ ကြွင်းသော **အရာ** တိုင်းကိုလည်း နည်းတူ ယူလေ]။ ။

**ယဿ ယတ္ထ** သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။ **အနဘိသမေတာဝီနံ** တဏှာယ ဥပ္ပါဒက္ခဏေ တေသံ ဘတ္ထ။ အဘိသမေတာဝီနံ တဏှာယ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ အဘိသမေတာဝီနံ တဏှာယ ဘင်္ဂက္ခဏေ တဏှာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ တေသံ တတ္ထ။ ။**အနုကား** မဂ်ကို မရဘူးသေးသော တဏှာ၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်တို့အား စတု-လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စ-နှစ်ဆဲ့တဘုံ။ (အစစ်)။ **တပါးဘုံကပင်** အောက်မဂ်ကို ရငြားသော်လည်း မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရဘူးသေးသောကြောင့်။ တတ္ထ အနဘိသမေတာဝီမည်ကောင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်တဏှာ၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတု-လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စ-နှစ်ဆဲ့နှစ်ဘုံရ၏။ (အတု)။ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို ရဘူးပြီးသော **ဒိဋ္ဌိဂတဝိပ္ပယုတ် တဏှာ၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်**

ပုဂ္ဂိုလ်သုံးယောက်တို့အား စတု-လေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

**ပဋိကား** သုဒ္ဓါဝါသဖြစ်အံ့၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝက မဂ်ကိုရဘူးသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ဤဘဝတွင်မှသာ ရသသူဖြစ်အံ့၊ ရစ,သော မဂ္ဂါ-နန္တရဖိုလ်မှစ၍ စုတိတိုင်အောင် ဒိဋ္ဌိဂတဝိပ္ပယုတ်တဏှာ၏ ဘင်္ဂက္ခဏသမင်္ဂီ, တဏှာကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား စတု-လေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ ရ၏။ ။ **အနုလောမ** သံသယလည်း ရ၏။

**ပစ္စနိက်ကား** သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အနဘိသမေတာဝီနံ တဏှာယ ဘင်္ဂက္ခဏေ, တဏှာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ။ ။သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော မုချ ဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေ, ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေ, ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဒိဋ္ဌိဂတဝိပ္ပယုတ်တဏှာ၏ ဘင်္ဂက္ခဏသမင်္ဂီ, တဏှာကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ။ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကို မရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် တဏှာ၏ဘင်္ဂက္ခဏသမင်္ဂီ, တဏှာကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတု-လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စ-နှစ်ဆဲ့တဘုံ။ (အစစ်)။

ကာသ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သဝိတက္ကသဝိစာရ စုတိတဆဲ့နှစ်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ, ရူပါဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊အာဘဿရတိုင်အောင်သော ရူပါဝစရခြောက်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ပဌမဈာန်ကို မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ တတိယဈာန်ဝိပါက်၊ စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရပဋိသန္ဓိမစိတ် ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရ စုတိစိတ်ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အသညသတ်။ပ။ အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။ပစ္စုပ္ပန္နာနာဂတဝါရ ပြီးပြီ။ ။

---

## အတီတာနာဂတ ပုဂ္ဂလဝါရ

### ကာယသင်္ခါရမူ

**အတီတာနာဂတဝါရ၌။** ။**ယဿ** ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယေသဉ္စ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ။ ဣတရေသံ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** တိဟိတ်စုတိစိတ် တေရသ။ပ။ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ တတိယဈာန်ဝိပါက်၊ စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက်လေးခုဟုဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့၊ ပဉ္စမဇော၏ခဏတ္တယသမင်္ဂီ, ဘဝင်နောင် စုတိဖြစ်အံ့၊ ပဉ္စမဇော, ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တ

ဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ ။မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု၊ ပဌမစျာန် ဝိပါက်၊ ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့၊ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်, တတိယစျာန်ဝိပါက်၊ စတုတ္ထစျာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် စျာန်ဝင်စား, မဝင်စားသော ကာမာဝစရ, ရူပါဝစရ,အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် စျာန်ဝင်စား, မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်လည်း ရ၏။ ။ **သံသယကား** နောက်သာ ရ၏။ ။

**ကာယနှင့်စိတ္တ၌အနုလောမ၌ပစ္ဆိမစိတ္တသမင်္ဂီနံ** တေသံ။ဣတရေသံ တေသံ။ ။ **ယဿ ဝါ ပန**။ အာမန္တာ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** တိဟိတ် စုတိစိတ်တေရသ။ပ။ ကာမာဝစရ,ရူပါဝစရ,အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်, ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား, မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် စျာန်ဝင်စား,မဝင်စားသော ကာမာဝစရ,ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ ။[**ဝစီနှင့် စိတ္တ**လည်းနည်းတူပင်။ ။ဤသုံးယမက၌ ပစ္စနိက် သံသယမရှိ]။ ။ပုဂ္ဂလဝါရ ပြီး၏။ ။(ဩကာသဝါရလွယ်ပြီ)။ ။

## **ပုဂ္ဂလောကာသဝါရ**

## **ကာယသင်္ခါရမှု**

**ပုဂ္ဂလောကာသဝါရ**၌။ ။**ယဿ ယတ္ထ** ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ။ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ, ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ တေသံ တတ္ထ။ ပဌမဇ္ဈာနံ သမာပန္နာနံ, ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** ကာမတိဟိတ် စုတိလေးခု၊ စေတသိက်တေတ္တိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ကာမစုတိ တဆယ်။ပ။ ကာမာဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမစျာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစျာန်၏

ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဋ္ဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ဒုတိယဈာန်ဇောတဆယ်၊ တတိယဈာန်ဇောတဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ ရ၏။ ။ပဋ္ဌမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူဖြစ်အံ့. အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဋ္ဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်, နောင် ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဋ္ဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်, တတိယဈာန်ဝိပါက်၊စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် ပဋ္ဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်, တတိယဈာန်ဝိပါက်၊စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၊

အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။အနုလောမသံသယ **လည်း** ရ၏။ ။**သံသယကား** နောက်သာ ရ၏။ ။

**ပစ္စနိက်သံသယကား** ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဇ္ဈာနံ သမာပန္နာနံ, အသညသတ္တာနံ တေသံ တတ္ထ။ ။မဟာဂ္ဂုတ်စုတိကိုးခု၊ စေတသိက် ပဥ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ တဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော မဟဂ္ဂုတ်စုတိကိုးခု၊ စေတသိက် ပဥ္စတိံသ တို့၏။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ စာန္တပုဂ္ဂိုလ်တို့အား အသ ညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့၊ ပဥ္စမဇော၏ ခဏတ္တယသမင်္ဂီ, ဘဝင်နောင်စုတိ ဖြစ်အံ့၊ ပဥ္စမဇော, ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ် ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္က အဝိစာရစိတ်ဖြင့် စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့၊ ပဥ္စမ ဇော၏ ခဏတ္တယသမင်္ဂီ, ဘဝင်နောင် စုတိဖြစ်အံ့၊ ပဥ္စမဇော, ဘဝင်တို့၏ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ အသညသတ်။ပ။ အသညသတ် ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။

## ကာယမူ စိတ္တမူလိ

**ကာယနှင့် စိတ္တ၌** အနုလောမကား ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ။ ပဌမဇ္ဈာနံ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ, ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ 'စတုတ္ထဇ္ဈာနံ သမာပန္နာနံ, ရူပါဝစရာနံ, အရူပါဝစရာနံ တေသံ တတ္ထ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** ကာမတိဟိတ် စုတိလေးခု။ပ။ ကာမာဝစရ အရဟတ္တဖလဋ္ဌာန်

ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ်။ပ။ ကာမာဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမစျာန် ဒုတိယစျာန် တတိယစျာန်ကို မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစျာန်၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ,ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်ဟု ဆိုအပ်သော စျာနောကာသ ရ၏။ ။ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစျာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစျာန်၏ အနန္တရတိုင်အောင် စျာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်ဟုဆိုအပ်သော စျာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် စျာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်, နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ စျာန် မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ တဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** စတုတ္ထစျာန်ကို ဝင်စားလတ္တံ့သော သူဖြစ်အံ့ အဆုံးစျာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစျာန်၏ အနန္တရတိုင်အောင် စျာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ စျာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ စျာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်။ပ။ စျာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။အနုလောမသံသယလည်း ရ၏။ ။**သံသယကား နောက်**သာ ရ၏။

**ပစ္စနိက် သံသယကား** ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တသမင်္ဂိနံ့, အသည-သတ္တာနံ တေသံ တတ္ထ။ ။မဟဂ္ဂုတ် စုတိကိုးခု။ပ။ ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော မဟဂ္ဂုတ်စုတိကိုးခု။ပ။ ခဏတ္တယ။ပ။ အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မော-ကာသ။ စတုတ္ထချာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးချာန်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ချာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထချာန်ဟု ဆိုအပ်သော ချာနောကာသ။ အသညသတ်။ပ။ အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ဝစိမူ စိတ္တမူလီ

**ဝစိနှင့် စိတ္တ၌။** ။သဝိတက္ကသဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂိနံ တေသံ တတ္ထ။ ဌာတရေသံ သဝိတက္ကသဝိစာရဘူမိယံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန** ယတ္ထ။ အဝိတက္ကအဝိစာရဘူမိယံ တေသံ တတ္ထ။ ။**အနု-လောမ၌ သန္နိဋ္ဌာန်ကား** တိဟိတ်စုတိ တေရသ။ပ။ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနပ်သ။ပ။ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမချာန်ကို မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးချာန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ချာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမချာန်ဟု ဆိုအပ်သော ချာနောကာသ ရ၏။ ။ ပဌမချာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးချာန်တိုင်အောင်, မဝင်စား လတ္တံ့သောသူဖြစ်အံ့၊ အဆုံးချာန်၏ အနန္တရတိုင်အောင် ချာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမချာန်ဟု ဆိုအပ်သော ချာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ ချာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန် ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတ်၏ အနန္တရတိုင်အောင်။ပ။ ချာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။

သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက **ပဌမဇောမှစ၍** ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်, ကြွင်းသော ရူပါဝစရ, အရူပါဝစရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရ တိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ပဌမဇောမှစ၍ စုတိ၏အနန္တရ တိုင်အောင်, ကြွင်းသော ရူပါဝစရ, အရူပါဝစရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ် တို့အား အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန် ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယ ကား** နောက်သာ ရ၏။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ၊ ဘဝင်တဆဲ့ခြောက်ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဤတဆဲ့ရှစ်ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ် သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ ရ၏။ ။အနုလောမ သံသယလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

**ပစ္စနိက် သံသယကား** အဝိတက္ကအဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ့, အသည သတ္တာနံ တေသံ တတ္ထ။ ။ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို မဝင်စား လတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ အသညသတ်။ပ။ အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။အတီတာနာဂတဝါရ ပြီး၏။

ဥပ္ပါဒဝါရ ပြီး၏။

## ပဝတ္တိဝါရ နိဒ္ဒေသ ပစ္စုပ္ပန္နဝါရ

[နိရောဓဝါရ၌ **ပစ္စုပ္ပန္နဝါရ**သည် ဥပ္ပါဒပစ္စုပ္ပန္နဝါရနှင့်တူပြီ။ ဥပ္ပါဒဝါရ၌ ဥပ္ပါဒက္ခဏကို နိရောဓဝါရ၌ ဘင်္ဂက္ခဏဆိုသည်သာ ထူးသည်။ **အတီတဝါရ**လည်း အလုံးတူပြီ]။

## အနာဂတပုဂ္ဂလဝါရ

### ကာယသင်္ခါရမူ

**အနာဂတဝါရ၌ ကာယနှင့်ဝစီ** အနုလောမ အာမန္တာ။ ။**ယဿ ဝါ ပန**။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ, ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ,ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ။ ဣတရေသံ တေသံ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ကာမတိဟိတ် စုတိလေးခု၊ စေတသိက်တေတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန် အဿာသပဿာသနှင့်တကွချုပ်သော စိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ၊ မရဏာသန္နပဉ္စမဇော၊ ဘဝင်တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်, အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စား-မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ကာမသုဂတိခုနစ်ဘုံမှ ရူပါဝစရ, အရူပါဝစရဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော အဿာသပဿာသနှင့် တကွချုပ်သော စိတ်မှသည် စုတိတိုင်အောင် ကာမာဝစရ စဝန္တပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရ ဘုံချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် အသညသတ်, အကနိဋ္ဌ ကြဉ်သော ရူပ,အရူပ ပုဂ္ဂိုလ် ရ၏။ ။[ဥပ္ပါဒ၌လည်း အသညသတ် အကနိဋ္ဌ ကြဉ်လို၏]။

ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော အဿာသပဿာသနှင့်တကွ ချုပ်သောစိတ်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စား-မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ကာမ သုဂတိခုနစ်ဘုံမှ ရူပါဝစရ အရူပါဝစရဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော အဿာသပဿာသနှင့်တကွ ချုပ်သောစိတ်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စား မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။

ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ကာမာဝစရပုဂ္ဂိုလ်၊ သုဒ္ဓါဝါသမှ တပါး ရူပ, အရူပပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

**ပစ္စနိက် သံသယကား** သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ, အဝိတက္က အဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ။ ။မဟာဝိပါက်ဉာဏသမ္ပယုတ် လေးခု၊ ပဋ္ဌမစျာန်ဝိပါက်၊ ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရ ပစ္ဆိမစိတ်ခြောက်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ,ရူပါဝစရ, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ တတိယစျာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်ခုနစ်ခု တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။ အဝိတက္ကအဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့၊ ပဌမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင်စုတိ ဖြစ်အံ့၊ ပဌမဇော၏ ဘင်၊ ဘဝင်၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

[**ကာယနှင့်စိတ္တလည်း** ကာယနှင့်ဝစီအတိုင်း တူပြီ]။ ။ပဋိလောမ **သန္နိဋ္ဌာန် ကား** ကာမာဝစရာနံ (အစရှိသည်၏ အရကို ကောက်မြဲ)။ ။ရူပါဝစရေ အရူပါ ဝစရေ အရကား ပဋိသန္ဓေမှ စ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် စျာန်ဝင်စား- မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ [ဤမျှသာ ထူးသည်။ အကြွင်းကို ကာယနှင့်ဝစီအတိုင်း ကောက်လေ]။

## ဝစီမူ စိတ္တမူလီ

**ဝစီနှင့်စိတ္တ၌** အနုလောမ အာမန္တာ။ ။**ယဿ ဝါ ပန**။ အဝိတက္က အဝိစာရပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ။ ဣတရေသံ တေသံ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန် ကား** တတိယစျာန်ဝိပါက်၊ စတုတ္ထစျာန်ဝိပါက်၊ ပဉ္စမစျာန်ဝိပါက်၊ အရူပဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရပစ္ဆိမစိတ်ခုနစ်ခု တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။ အဝိတက္ကအဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့၊ ပဌမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင်စုတိ ဖြစ်အံ့၊ ပဌမဇော၏ ဘင်၊ ဘဝင်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ ။မဟာဝိပါက်ဉာဏသမ္ပယုတ် လေးခု၊ ပဋ္ဌမစျာန်ဝိပါက်၊ ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်, တတိယ

ချုန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ မရဏာသန္နပဥ္စမဇောဇ၏ ဉပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ချုန်ဝင်စား-မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော။ပ။ ချုန်ဝင်စား-မဝင်စားသော အကနိဋ္ဌ ကြဉ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ (ချုန်ဝင်စား မဝင်စား မဆိုသော်လည်း သင့်၏)။

**ပစ္စနိက် သံသယကား** ကာယနှင့်စိတ္တ၊ ဝစီနှင့်စိတ္တ ဤနှစ်ယမကဉ် ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ။တိဟိတ်စုတိ တေရသ။ပ။ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် ရ၏။ ။ပုဂ္ဂလဝါရ ပြီး၏။ ။(ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

## ကာယသင်္ခါရမူ

**ယဿ ယတ္ထ** ကာယသင်္ခါရော နိရုဇ္ဈိဿတိ၊ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိ-ဿတီတိ။ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ တေသံ တတ္ထ။ ပဉ္စမဇ္ဈာနံ သမာပန္နာနံ, ကာမာဝစရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဉပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ ကာမာ-ဝစရာနံ ပစ္ဆိမစိတ္တံ ဉပ္ပဇ္ဇိဿတိ, ရူပါဝစရာနံ, အရူပါဝစရာနံ တေသံ တတ္ထ။ ။ [**အနုလောမ၌ သန္နိဋ္ဌာန်သံသယ**ကို ဉပ္ပါဒဝါရ အနာဂတ်အတိုင်းတွင် အဆုံးစွန် အဿာသပဿာသနှင့် တကွ ချုပ်သောချုန်၏ ဉပါဒ်တိုင်အောင်, စိတ်၏ဉပါဒ် တိုင်အောင် ဆို၍ကောက် မထူးပြီ]။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ကာမတိဟိတ် စုတိလေးခု၊ စေတသိက်တေတ္တိံသတို့၏ ဉပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ချုန် မဝင်စားသောကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း သော ကာမစုတိတဆယ်တို့၏ ဉပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ချုန်မဝင်စား သော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန် အဿာသပဿာသနှင့်တကွ ချုပ်သော စိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ၊ မရဏာသန္နပဥ္စမဇော ဘဝင်တိုင်အောင် ကာမာဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန် ကောင်းသော သူဖြစ်အံ့၊ အဆုံးစွန် အဿာသပဿာသနှင့်တကွချုပ်သော စိတ်မှ သည် စုတိ၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ၊ မရဏာသန္နပဥ္စမဇော ဘဝင်

တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ကာမာဝစရဘုံ၌ ပဌမဈာန်ကို မဝင်စားလတ္တံ့, ရူပါဝစရ အရူပါဝစရဘုံ၌သာ ဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်။ ရူပါဝစရ,အရူပါဝစရဘုံ၌လည်း မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန် အဿာသပဿာသနှင့်တကွ ဖြစ်သော ဈာန်မှသည် အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ,ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်, တတိယဈာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင်, ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်, အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။**[သံသယကို ဥပ္ပါဒအတိုင်းကောက်]**။

**ပစ္စနိက်သံသယကား** သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ, အဝိတက္ကအဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ, စတုတ္ထဇ္ဈာနံ သမာပန္နာနံ, အသညသတ္တာနံ တေသံ တတ္ထ။ ။ မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု၊ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရ ပစ္ဆိမစိတ်ခြောက်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ, ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အာဘဿရတိုင်အောင်သော ရူပါဝစရခြောက်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ်။ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရ စုတိစိတ်တဆဲ့နှစ်ခု၊ စေတသိက်ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု

ဆိုအပ်သော ကာမာဝစရ, ရူပါဝစရ ပုဂ္ဂိုလ်တို့အားကာမ တဆဲ့တဘုံ၊ အာဘဿရတိုင်အောင်သော ရူပါဝစရခြောက်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမစျာန်ကို မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစျာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ,ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမစျာန်ဟု ဆိုအပ်သော စျာနောကာသ။ တတိယစျာန်ဝိပါက်၊ စတုတ္ထစျာန်ဝိပါက်၊ ပဉ္စမစျာန်ဝိပါက်၊ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမစျာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရ စုတိစိတ် ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်တို့အားပဌမစျာန်,အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့၊ ပဉ္စမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင်စုတိဖြစ်အံ့၊ ပဉ္စမဇော၏ဘင်၊ ဘဝင်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမစျာန် အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္က အဝိစာရစိတ်ဖြင့် စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့၊ ပဉ္စမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင် စုတိဖြစ်အံ့၊ ပဉ္စမဇော၏ဘင်၊ ဘဝင်၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမစျာန်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ကာမာဝစရဘုံ၌ ဒုတိယစျာန်၊တတိယစျာန်ကို မဝင်စားလတ္တံ့,ရူပါဝစရ အရူပါဝစရဘုံ၌သာဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစျာန်တိုင်အောင် စျာန်ဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရဘုံ၌လည်း မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန် အဃာသပဃာသနှင့်တကွ ချုပ်သောစျာန်မှသည် အဆုံးစျာန်တိုင်အောင် စျာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယစျာန်ဟု ဆိုအပ်သော စျာနောကာသ။

**တနည်းကား** ကာမာဝစရဘုံ၌ ဒုတိယစျာန်၊ တတိယစျာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန် အဃာသပဃာသနှင့်တကွ ချုပ်သောစျာန်မှသည် အဆုံးစျာန်တိုင်အောင် စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ အစစ္စွာဝင်စားသော စျာန်မှသည် အဆုံးစျာန်တိုင်အောင် စျာန်ဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယစျာန်၊ တတိယစျာန်ဟု ဆိုအပ်သော စျာနောကာသ။

[ရှေးအကောက်သည် ရူပါဝစရ အရူပါဝစရဘုံ၌ ဈာန်ဝင်စားလတ္တံ့,, မဝင်စားလတ္တံ့ဟုလိုရင်းမဟုတ်သည်ကိုထည့်၍ကောက်သောကြောင့်၎င်း၊ အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သော ဈာန်မှသည်ဟု ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်ကိုဆို၍ ကောက်သောကြောင့်၎င်း ဦးနက,အဓိက အပြစ်တင်၍ တနည်းကောက်လိုက်သည်]။

စတုတ္ထဈာန်ဇောတဆဲ့ချစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ အသညသတ်။ပ။ အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။

## ကာယမူ စိတ္တမူလီ

**ကာယနှင့်စိတ္တ အနုလောမ အာမန္တာ**။ ။ပဋိလောမ၌ ကာမာဝစရာနံ ပစ္ဆိမ စိတ္တဿ ဥပ္ပါဒက္ခဏေ,ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ, စတုတ္ထဇ္ဈာနံ သမာပန္နာနံ, ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ။ ပဌမဇ္ဈာနံ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ, ဧတရေသံ ကာမာဝစရာနံ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား**[ကာမာဝစရာနံပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေအရ ကာမတိဟိတ်စုတိလေးခု(အစစ် အတု ကောက်မြဲ)။ ။ယဿ စိတ္တဿ။ပ။ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ-အရ ပစ္ဆိမစိတ်မှပြန်၍ရေသော်။ပ။ အစစ် အတု ကောက်မြဲ]။ ။ ကာမာဝစရဘုံ၌ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ကို မဝင်စားလတ္တံ့,, ရူပါဝစရ, အရူပါဝစရဘုံ၌သာ ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်။ ရူပါဝစရ, အရူပါဝစရဘုံ၌လည်း မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန် အဿာသပဿာသနှင့်တကွ ချုပ်သောဈာန်မှသည် အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ။

**တနည်းကား** ကာမာဝစရဘုံ၌ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ကို မဝင်စားလတ္တံ့,, ရူပါဝစရ အရူပါဝစရဘုံ၌သာ ဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန် အဿာသပဿာသနှင့်တကွ ချုပ်သောဈာန်မှသည် အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။အစဉ်ဝင်စားသော ဈာန်မှသည် အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရဘုံ၌လည်း မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန် အဿာသ ပဿာသနှင့်တကွ ချုပ်သောဈာန်မှသည် အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်

ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ အစစ္စဝင်စားသော ဈာန်မှသည် အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် ဟု ဆိုအပ်သော ဈာနောကာသ။ [ဤနှစ်နည်းတွင် နောက်နည်းကို ငါတို့ကျေးဇူးရှင်ဖြစ်တော်မူသော ဒိုင်းဝန်ဆရာတော်ဘုရား ချရိုးပြုတော်မူသည်]။ ။စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

ကာမာဝစရဘုံ၌ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ,ရူပါဝစရ ပုဂ္ဂိုလ်။ မဝင်စားလတ္တံ့ သောသူဖြစ်အံ့၊ အဆုံးစွန် အဿာသပဿာသနှင့် တကွဖြစ်သော ဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ အဆုံးစွန် အဿာသပဿာသနှင့်တကွ ဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာ-ဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မော-ကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန် အဿာသပဿာသနှင့်တကွ ဖြစ်သောစိတ်၏ အနန္တရတိုင်အောင်, ဖြစ်ပြန်ကောင်းသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

**ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တသ ဘင်္ဂက္ခဏေ, အသညသတ္တာနံ တေသံ တတ္ထ။ ။တိဟိတ်စုတိ တေရသ။ပ။ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ,

ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပတဆ့်ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ်ကျေနပ်ဝီသ၊ စေတသိက်ပဋ္ဌတိ ံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ကာမ, ရူပ, အရူပစဝဋ္ဌပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ အသညသတ်။ပ။ အသညတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ဝစီမူ စိတ္တမူလီ

**ဝစီနှင့်စိတ္တ၌** အနုလောမ အာမန္တာ။ ။ပဋိလောမ၌ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ, ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ စတုတ္ထဇ္ဈာနံ သမာပန္နာနံ တေသံ တတ္ထ။ ပဌမဇ္ဈာနံ သမာပန္နာနံ, ကာမာဝစရာနံ, ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်ခုနစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရ စုတိစိတ်ခုနစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။[တတိယဈာန်ဝိပါက်၊ စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့၊ ပဉ္စမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင်စုတိဖြစ်အံ့။ ပဉ္စမဇော၏ဘင်၊ ဘဝင်၏ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်မချုပ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္က အဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့။ ပဉ္စမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ,

ဘဝင်နောင် စုတိဖြစ်အံ့၊ ပဋ္ဌမဇောဧ်ဘင်၊ ဘဝင်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသ-ညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ]။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ် တို့အား ဒုတိယဈာန်၊တတိယဈာန်၊စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ ရ၏။

ပဌမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စား လတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, မဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန် ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် တတိယဈာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နပဋ္ဌမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသည သတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် ပဌမဈာန် ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် စုတေ လတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်, တတိယ ဈာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နပဋ္ဌမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန် မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်, အကနိဋ္ဌ ကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၊ အရူပလေးဘုံဟု

ဆိုအပ်သော ဘုမ္မောကာသလည်းရ၏။ ။**သံသယကား** နောက်သာရ၏။ ။**ပစ္စနိက်သံသယကား**။ [ကာယနှင့် စိတ္တအတိုင်းပင်]။ ။ အနာဂတဝါရ ပြီး၏။ ။ [**ပစ္စုပ္ပန္နာတီတဝါရ**ကို ဥပ္ပါဒဝါရ ပစ္စုပ္ပန္နာတီတဝါရအတိုင်းတွင် ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏ၊ ဘင်္ဂက္ခဏကို ဥပ္ပါဒက္ခဏလည်း၍ ကောက်လေ]။ ။

## ပစ္စုပ္ပန္နာနာဂတပုဂ္ဂလဝါရ

### ကာယသင်္ခါရမူ

**ပစ္စုပ္ပန္နာနာဂတဝါရ**၌။ ။ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ **ဝစီသင်္ခါရော** နိရုဇ္ဈိဿတီတိ။ အာမန္တာ။ ။**ယဿ ဝါ ပန**။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ,ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ,နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ ။အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ။ ။ ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** မဟာဝိပါက်ဉာဏသမ္ပယုတ် လေးခု၊ ပဌမစျာန်ဝိပါက်၊ ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ဥပါဒ်တိုင်အောင်, တတိယစျာန်ဝိပါက်။ပ။ အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နပဥ္စမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့**၏** ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့**၏** ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား-မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏ။ပ။ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်။ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်။ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ ။ အဿာသပဿာသနှင့်တကွ ပဌမစျာန်ဇောနှစ်ဆယ်၊ ဒုတိယစျာန်ဇောတဆယ်၊ တတိယစျာန်ဇောတဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားသော **ကာမာဝစရပုဂ္ဂိုလ်**။ ဒွေးပဥ္စဝိညာဉ်တဆယ်ကြဉ်သော အဿာသပဿာသနှင့်တကွ ကာမစိတ်လေးဆဲ့လေးခုတို့**၏** ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာရ၏။ ။ **ပစ္စနိက်သံသယကား**။ ။[ဤ နိရောဓအနာဂတ် သက်သက်အတိုင်း မထူးပြီ]။ ။

### ကာယမူ စိတ္တမူလီ

**ကာယနှင့်စိတ္တ**၌လည်း ကာယ ဝစီ ဝိဘင်းနှင့် တူပြီ။ ။**ပဋိလောမ**၌ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏ

သမင်္ဂီ,အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား-မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား, မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်။ နိရောဓ။ပ။ အသညသတ်။ပ။၏။ [အဿာသပဿာသာနံ အရကို ကောက်မြဲ]။ ။ပစ္စနိက်**သံသယကား** ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ။ ။(အကောက်လွယ်ပြီ)။

## ဝစိမူ စိတ္တမူလီ

**ဝစီနှင့်စိတ္တ၌** အနုလောမကား သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ဣတရေသံ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ။ ။**ယဿ ဝါ ပန**။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ,ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ,နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ။ ။ အနုလောမ၌ **သန္နိဋ္ဌာန်ကား** မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု၊ ပဥ္စမစျာန်ဝိပါက်၊ ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရပစ္ဆိမစိတ် ခြောက်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ကာမာဝစရ, ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ ။ပစ္ဆိမစိတ်မှတပါး သဝိတက္ကသဝိစာရစိတ် ခြောက်ဆဲ့ ခြောက်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ် တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဝိတက္ကအဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဝိတက္ကအဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား-မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်။ နိရောဓသမာပတ်။ပ။ အသညသတ်။ပ။ ရ၏။အနုလောမ သံသယအရလည်းရ၏။ **သံသယကား** နောက်သာရ၏။ ။**ပစ္စနိက် သံသယကား** အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ။အဝိတက္က အဝိစာရ ပစ္ဆိမစိတ် ခုနစ်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် ရ၏။ ။ပုဂ္ဂလဝါရ ပြီး၏။ ။(ဩကာသဝါရ လွယ်ပြီ)။ ။

## ပုဂ္ဂလောကာသဝါရ

### ကာယသင်္ခါရမူ

**ပုဂ္ဂလောကာသဝါရ**၌။ ။**ယဿ ယတ္ထ** ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ။ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ။ ပဥ္စမဇ္ဈာနံ သမာပန္နာနံ, ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ ပဥ္စမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ, တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ, ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** အဿာသပဿာသနှင့်တကွ ဒုတိယစျာန်ဇောတဆယ်၊ တတိယစျာန်ဇောတဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယစျာန်၊တတိယစျာန်ဟုဆိုအပ်သော စျာနောကာသ။[ပဥ္စမစျာန်ကို မဝင်စား လတ္တံ့သောသူ ဖြစ်အံ့၊ အဿာသပဿာသနှင့်တကွ အဆုံးစျာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ပဥ္စမစျာန်ဟုဆိုအပ်သော စျာနောကာသ] ရ၏။ ။[ပဥ္စမစျာန်ကို ဝင်စားလတ္တံ့ သောသူဖြစ်အံ့၊ အဆုံးစျာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံး စျာန်၏ အနန္တရ တိုင်အောင်] အဿာသပဿာသနှင့်တကွ ပဥ္စမစျာန်ဇော နှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ပဥ္စမစျာန်ဟု ဆိုအပ်သော စျာနောကာသ။ ဒွေးပဥ္စဝိညာဉ်တဆယ် ကြဉ်သော အဿာသပဿာသနှင့်တကွ ကာမစိတ် လေးဆဲ့လေးခုတို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ တဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဥ္စမစျာန်ကို ဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစျာန်တိုင်အောင် မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစျာန်၏ ဥပါဒ် တိုင်အောင် ပဥ္စမစျာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသ ကင်းသော ပဥ္စမစျာန်ဇော နှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန် ဝင်စားသောကာမာဝစရ,ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်တို့အား ပဥ္စမစျာန်ဟု ဆိုအပ် သောစျာနောကာသ။ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန် ကောင်းသောသူ ဖြစ်အံ့၊ ပဋိ

သန္ဓေမှုစ၍ စုတိတိုင်အောင်, မဖြစ်ပြန် ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ စုတိ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်။ တတိယဈာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရ စိတ်ဖြင့် စုတေလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ စုတိ၏ ဥပါဒ်တိုင်အောင် တတိယဈာန် ဝိပါက်။ပ။ အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါ-ဝစရပုဂ္ဂိုလ်တို့အား အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော။ပ။ ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၊အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ အနု-လောမသံသယလည်း ရ၏။ ။**သံသယကား နောက်သာ ရ၏**။

**ပစ္စနိက်သံသယကား** သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ, အဝိတက္က အဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ, ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ အဿာသပဿာ-သာနံ ဥပ္ပါဒက္ခဏေ, တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ,စတုတ္ထဇ္ဈာနံ သမာပန္နာနံ,အသညသတ္တာနံ တေသံ တတ္ထ။ ။မဟာ-ဝိပါက် ဉာဏသမ္ပယုတ် လေးခု၊ ပဌမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရပစ္ဆိမစိတ် ခြောက်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆို အပ်သော ဈာန်မဝင်စားသော ကာမာဝစရ, ရူပါဝစရ အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ အာဘဿရတိုင်အောင်သော ရူပါဝစရခြောက်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ်၊ပဌမဈာန်ဝိပါက်၊ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရ စုတိစိတ် တဆဲ့နှစ်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စား သော ကာမာဝစရ, ရူပါဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ အာဘဿရတိုင်

အောင်သော ရူပါဝစရခြောက်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန်ကို မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဿာသပဿာသကင်းသော အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ,ရူပါဝစရ,အရူပါ-ဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟုဆိုအပ်သော ဈာနောကာသ။ တတိယဈာန်ဝိပါက်။ပ။ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန် ကောင်းသော အဝိတက္က အဝိစာရ စုတိစိတ် ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ [တတိယဈာန်ဝိပါက်၊ စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက်လေးခု ဟုဆိုအပ်သော အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့၊ ပဉ္စမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင် စုတိဖြစ်အံ့၊ ပဉ္စမဇော၏ဘင်၊ ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မော-ကာသ။ ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်မချုပ်ပြန်ကောင်းသော အဝိတက္က အဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့၊ ပဉ္စမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ, ဘဝင်နောင် စုတိ ဖြစ်အံ့၊ ပဉ္စမဇော၏ဘင်၊ ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟုဆိုအပ်သောဘုမ္မောကာသ]။ ။ဒုတိယဈာန်ဇောတဆယ်၊ တတိယဈာန်ဇောတဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသ ကင်းသော ဒုတိယဈာန်ဇောတဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ,အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်ဟုဆိုအပ်သော ဈာနောကာသ။ စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟုဆိုအပ်သောဈာနောကာသ။ အသညသတ်။ပ။ အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ကာယမူ စိတ္တမူလီ

**ကာယနှင့်စိတ္တ၌** အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ။

အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ။ ။[1][အနုဋ္ဌ **သန္နိဋ္ဌာန်ကား** ပဌမ စျာန်၊ ဒုတိယစျာန်၊ တတိယစျာန်ကို မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဿာသ ပဿာသနှင့်တကွ အဆုံးစျာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင် စား သော ကာမပုဂ္ဂိုလ်တို့အား ပဌမစျာန်၊ဒုတိယစျာန်၊ တတိယစျာန်ဟုဆိုအပ်သော စျာနောကာသရ၏။ပဋိလောမ **သံသယလည်း** ရ၏။ ။**သံသယကား** နောက်သာ ရ၏]။

ပဋိလောမ၌**သန္နိဋ္ဌာန်ကား**ပဌမစျာန်၊ဒုတိယစျာန်၊တတိယစျာန်၊စတုတ္ထစျာန် ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊အဆုံးစျာန် တိုင်အောင်, မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစျာန်၏ ဉပါဒ်တိုင်အောင် ပဌမစျာန်ဇောနှစ်ဆယ်။ပ။ စတုတ္ထ စျာန်ဇောတဆဲ့ရှစ်ခုတို့၏ ဉပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ပဌမ စျာန်ဇောနှစ်ဆယ်။ ဒုတိယ။ပ။စတုတ္ထစျာန်ဇောတဆဲ့ရှစ်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့ အား ပဌမစျာန်။ပ။ စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနောကာသ။ ပဋိသန္ဓေမှ စ၍ ပစ္ဆိမစိတ်၏ ဉပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဉပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆို အပ်သော စျာန်မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ် ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ဉပါဒ်တိုင်အောင် ဖြစ်ထိုက် သောစိတ်တို့၏ ဉပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ,ရူပါ ဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့ကဘုံ၊ အသညသတ်, အကနိဋ္ဌကြဉ် သောရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက် သော ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဉပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ဖြစ် ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ,ဟုဆိုအပ်သော စျာန်မဝင်စားသော ကာမာ ဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ ဝေဟပ္ဖိုလ်တိုင် အောင်သော ရူပါဝစရဆယ်ဘုံ၊အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

ပဌမစျာန်၊ဒုတိယစျာန်၊တတိယစျာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံး စျာန်တိုင်အောင်,မဝင်စားလတ္တံ့သော သူဖြစ်အံ့၊အဆုံးစျာန်၏အနန္တရတိုင်အောင်

---

၁–[သဘောရသင့်၍ ကောက်ပြသည်၊ ပါဠိမရှိ။]

**အဿာသပဿာသနှင့်တကွ** ပဌမစျာန်ဇောနှစ်ဆယ်၊ ဒုတိယစျာန်ဇောတဆယ်၊ တတိယစျာန်ဇော တဆယ်တို့၏ ဘင်။ပ။ ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယ စျာန်ဟုဆိုအပ်သော စျာနောကာသ။ဒွေးပဉ္စဝိညာဉ်တဆယ်ကြဉ်သော အဿာသ ပဿာသနှင့်တကွ ကာမစိတ်လေးဆဲ့လေးခုတို့၏ ဘင်ကွဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ ။**ပစ္စနိက် သံသယ ကား** ပစ္ဆိမစိတ္တဿ ဘင်ကွဏေ, အသညသတ္တာနံ တေသံတတ္ထ။ ။တိဟိတ်စုတိစိတ် တေရသ။ ဘင်။ပ။အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသည သတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ **မိမိဖြစ်ခိုက်**သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ်ကျေနဝီသ။ဘင်။ပ။ (အတုကောက်)။ပဌမစျာန်။ပ။ စတုတ္ထစျာန်ကို မဝင်စားလတ္တံ့သောသူ ဖြစ်အံ့၊ အဿာသပဿာသကင်းသော အဆုံးစျာန်၏ဘင်ကွဏသမင်္ဂီဟု ဆိုအပ်သောစျာန် ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမစျာန်။ပ။ စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနောကာသ။ အသညသတ်။ပ။ အသညသတ် ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။

[ဥပ္ပါဒဝါရ၌လည်း ဤကဲ့သို့ အနုလုံအရ စျာန်ကို အသီးအခြား ကောက်လေ။ ။ပစ္ဆိမစိတ်သုံးပါးမှတပါး ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အဿာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ် တို့၏ ဘင်ကွဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား- မဝင်စားသော ကာမာဝစရ,ရူပါဝစရ,အရူပါဝစရပုဂ္ဂိုလ်တို့အား စျာနောကာသလေးပါး၊ ဘုမ္မောကာသသုံးပါး ရ၏-ဟူ၍ အကျဉ်းတနည်းကောက်]။ ။

## ဝစီမူ စိတ္တမူလီ

**ဝစီနှင့်စိတ္တ၌**။ ။သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်ကွဏေ တေသံ တတ္ထ။ ဣတရေသံ ဝိတက္ကဝိစာရာနံ ဘင်ကွဏေ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ သဗ္ဗေသံစိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်ကွဏေ တေသံ တတ္ထ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** မဟာဝိပါက်ဉာဏသမ္ပယုတ်လေးခု၊ ပဌမ စျာန်ဝိပါက်၊ ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရပစ္ဆိမစိတ် ခြောက်ခုတို့၏ ဘင်ကွဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရအရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အာဘဿရတိုင် အောင် ရူပါဝစရခြောက်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိ တဆယ်၊ ပဌမစျာန်ဝိပါက်၊ဒုတိယစျာန် ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစုတိစိတ်တဆဲ့နှစ်ခုတို့၏ ဘင်ကွဏသမင်္ဂီ

ဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ, ရူပါဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ အာဘဿရတိုင်အောင်သော ရူပါဝစရခြောက်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ **အဆုံးဈာန်၏** ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ ရ၏။ ။ ပစ္ဆိမစိတ် သုံးပါးမှတပါး သဝိတက္ကသဝိစာရစိတ် ခြောက်ဆဲ့ခြောက်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား-မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ကာမတဆဲ့တဘုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။

[၁] [**တနည်းကား** ပဌမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စားလတ္တံ့သောသူဖြစ်အံ့၊ အဆုံးဈာန်၏ အနန္တရတိုင်အောင် ပဌမဈာန်ဇောနှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမ,ရူပ,အရူပ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမ,ရူပ,အရူပ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိ ၇-ဘုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမ,ရူပ,အရူပ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိခိုက်ဖြစ်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရ စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမ,ရူပ,အရူပ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏]။

---

၁ - ဝစီဝိတ္တ အနုလောမ နှစ်ဘက်ရ အရကောက်မှာ အရကောက် ဆရာတော်သည် ''သိသာပြီ''ဟု သဘောရသဖြင့် အကျဉ်းမျှကောက်ပြသည်ကို ပို၍ ရှင်းလင်းစေရန် အကျယ်ကောက် (တနည်းကား)ကို [ဤကဲ့သို့ လက္ခဏာအဝွင်း] ထည့်သွင်းလိုက်သည်။ ။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးဈာန်တိုင်အောင်, မဝင်စားလတ္တံ့သော သူဖြစ်အံ့၊ အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ပဌမဈာန်ဇောနှစ်ဆယ်၊ ဒုတိယဈာန်ဇောတဆယ်၊ တဘိယဈာန်ဇောတဆယ်၊ စတုတ္ထဈာန်ဇောတဆဲ့ရှစ်ခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီ, ဒုတိယဈာန်ဇောတဆယ်၊ တတိယဈာန်ဇောတဆယ်၊ စတုတ္ထဈာန်ဇောတဆဲ့ရှစ်ခုတို့၏ ဘင်္ဂက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီ, ဖြစ်ထိုက်သော အဝိတက္ကအဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်။ပ။ ဈာန်မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏာ။ပ။ ဈန်မဝင်စားသော ကာမာဝစရ, ရူပါစဝရ, အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ **အနုလောမ သံသယ**လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ ။[ဥပ္ပါဒဝါရ၌လည်း ဤကဲ့သို့ ဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်တို့အား ဈာနောကာသကို အသီးကောက်လေ။ ။အကျဉ်းတနည်းလည်း ပစ္ဆိမစိတ်သုံးပါးမှတပါး ဆို၍ ကောက်လေ]။

**ပစ္စနိက်သံသယကား** အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ, အသညသတ္တာနံ တေသံ တတ္ထ။ ။အဝိတက္ကအဝိစာရ ပစ္ဆိမစိတ် ခုနစ်ခုတို့၏ ဘင်္ဂက္ခဏာသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရ စုတိစိတ် ခုနစ်ခုတို့၏ ဘင်္ဂက္ခဏာ။ပ။ ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို မဝင်စားလတ္တံ့သော သူဖြစ်အံ့၊အဆုံးဈာန်၏ ဘင်္ဂက္ခဏာသမင်္ဂီဟု ဆိုအပ်

သော ဈာန်ဝင်စားသော ကာမ, ရူပ, အရူပပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေ၁ကာသ။ အသညသတ်။ပ။ အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ ။ပစ္စုပ္ပန္နာနာဂတဝါရ ပြီးပြီ။

## အတီတာနာဂတပုဂ္ဂလဝါရ

### ကာယသင်္ခါရမူ

စိတ်၏ အနန္တရတိုင်အောင် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဖြစ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်၊ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံ တိုင်အောင်။ပ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ ။အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့။ အစမထင် သံသရာမှ စ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင်။ပ။ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်၊ မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ ။(ဒုက္ခနှင့် သမုဒယမူလီ အလားတူ)။ ။**ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ။ ။(ကောက်မြဲ)။ ။ပုဂ္ဂလဝါရ ပြီး၏။ ။(ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌**။ ။**ကုသိုလ်နှင့် အကုသိုလ် အနုလောမ၌** ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ ဧတေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။ပဋိလောမ၌ အာမန္တာ။ ။**အနုလောမ၌ သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီ ဖြစ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံ တိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံ တိုင်အောင် အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်ဇောမှ စ၍ စတုတ္ထဇော တိုင်အောင် ဖြစ်ထိုက်သော။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ

လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ ရ၏။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင်, အကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော ကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော ကုသိုလ်ဇောမှစ၍ စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်တို့အား ကာမတဆဲ့တဘုံ ရ၏၊ **အနုလောမ သံသယ**လည်း ရ၏။ ။[သန္နိဋ္ဌာန်အရမှာ ပါဠိမရှိ။ ရသင့်၍ ကောက်သည်]။

## ကုသိုလ်နှင့်အဗျာကတ

**ကုသိုလ်နှင့် အဗျာကတ**၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ အဂ္ဂမဂ္ဂသမင်္ဂီနံ့,အရဟန္တာနံ့, အသညသတ္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။**ပဋိလောမ၌ သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း

သောပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်အံ့၊ ပဋမဇောမှစ၍ စုတိ၏ အနန္တရတိုင်အောင်, အကုသိုလ်ဇောဖြစ်အံ့၊ အဆုံးစွန်သော ကုသိုလ်ဇောမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ်ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်, အကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍အဆုံးစွန်သော ကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့တဘုံလည်း ရ၏။ ။သံသယကား နောက်သာရ၏။ ။

## အကုသိုလ်နှင့်အဗျာကတ

**အကုသိုလ်နှင့် အဗျာကတ** အနုလောမ၌ အာမန္တာ။ ။ပဋိလောမ၌ အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, အသညသတ္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ **အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။အနာဂါမ်**

ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သော အကုသိုလ်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင်။ပ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ ပဉ္စမဇောမှစ၍ စုတိ၏အနန္တရတိုင်အောင်, ကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်ဇောမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ် သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်, ကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့တဘုံလည်း ရ၏။ ။**သံသယကား နောက်သာ ရ၏။**

**ပစ္စနိက်သံသယ ကုသိုလ် အကုသိုလ်၌** အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, အသညသတ္တာနံ တေသံ တတ္ထ။ ။အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဉ္စမဇောမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။

မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲငါးဘုံ။ အသညသတ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။

**ကုသိုလ်နှင့်အဗျာကတ၌ ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ။ ။တိဟိတ် စုတိတေရသ။ပ။ ဒုရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနဝီသ။ပ။ ပုဘုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ (အကုသိုလ်နှင့်အဗျာကတလည်း **ပစ္စနိက်သံသယ**တူပြီ)။ ။အနာဂတဝါရ ပြီးပြီ။

---

## ပစ္စုပ္ပန္နာတီတပုဂ္ဂလဝါရ

**ပစ္စုပ္ပန္နာတီတဝါရ၌**။ ။**ယဿ** ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိတ္ထာတိ။ အာမန္တာ။ ။**ယဿ ဝါ ပန**။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ။ အကုသိုလ်ဒွါဒသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်အော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်။ နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ် ရ၏။ ကုသိုလ် ဧကဝီသ၊ စေတသိက်အဋ္ဌတိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာခုနစ်ယောက်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။ပစ္စနိက်သံသယမရှိ။ ။အဗျာကတမူလီလည်း နည်းတူ။

**အကုသိုလ်မူ အဗျာကတမူလီ၌** အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, အကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ အကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, ကုသိုလ်ဧကဝီသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု

ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်။ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်။ အသညသတ်ပုဂ္ဂိုလ် ရ၏။ အကုသိုလ် ဒွါဒသ၊ စေတသိက်သတ္တဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်လည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပစ္စနိက်သံသယ** မရှိ။ ။ပုဂ္ဂလဝါရ ပြီး၏။ ။ (ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ**၌။ ။**ကုသလမူ အကုသလမူလီ၌ အနုလောမ အာမန္တာ**။ ။ ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်, ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ ရ၏။ ကုသိုလ်ကေဝီသ၊ စေတသိက်အဋ္ဌတိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ် သော ပုထုဇဉ်လေးယောက်၊ အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာခုနစ်ယောက် တို့အား စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပစ္စနိက်သံသယကား** သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ။ (အတိတ် သက်သက်အတိုင်း ကောက်)။ ။**ကုသိုလ်နှင့်အဗျာကတ**၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, အသည- သတ္တာနံ တေသံ တတ္ထ။ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** သုဒ္ဓါဝါသဖြစ်အံ့၊ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍စုတိတိုင်အောင်, ကြွင်းသောစတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံ၊ အသညသတ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ကုသိုလ် ကေဝီသ။ပ။ (ကောက်မြဲ)။ ။**ပစ္စနိက်သံသယကား** သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ။ ။[အတိတ် ကအတိုင်းကောက်။ **အကုသိုလ်နှင့်အဗျာကတ**လည်း နည်းတူ]။ ။ပစ္စုပ္ပန္နာတီတ ဝါရ ပြီးပြီ။ ။

## ပစ္စုပ္ပန္နာနာဂတပုဂ္ဂလဝါရ

**ပစ္စုပ္ပန္နာနာဂတဝါရ၌**။ ။**ယဿ** ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ။ အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ။ ဣတရေသံ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ။ ။**ယဿ ဝါ ပန**။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။အရဟတ္တမဂ်၏ရှေးဝေါဒါန်၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်နောင်ဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ အောက်မဂ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ **သောတာပန်ဖြစ်ပြီး**မှ အကုသိုလ်ခြားမှုကား အဆုံးစွန်သောအကုသိုလ်နောင် ဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ အလယ် မဂ္ဂဋ္ဌာန်နှစ်ယောက်၊ အလယ် ဖလဋ္ဌာန်နှစ်ယောက်။ **သကဒါဂါမ်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သော အကုသိုလ်နောင် ဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ အနာဂါမိမဂ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ **အနာဂါမ်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သော အကုသိုလ်နောင် ဖြစ်ထိုက်သော လောကီကုသိုလ် သတ္တရသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ အကုသိုလ် မခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သောအကုသိုလ်၏ ရှေးဖြစ်ထိုက်သော လောကီကုသိုလ် သတ္တရသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သောပုထုဇဉ်။ **သောတာပန်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သော အကုသိုလ်၏ ရှေးဖြစ်ထိုက်သော လောကီသိုလ်သတ္တရသ၊ သောတာပတ္တိမဂ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သောကျွတ်ထိုက်သောပုထုဇဉ်၊သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။**သကဒါဂါမ်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သော အကုသိုလ်၏ ရှေးဖြစ်ထိုက်သောလောကီကုသိုလ် သတ္တရသ၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်နှစ်ယောက်၊ အောက်ဖလဋ္ဌာန်နှစ်ယောက်။**အနာဂါမ်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သောအကုသိုလ်၏ ရှေးဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ အောက်မဂ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်

သော ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊အောက် ဖလဋ္ဌာန် သုံးယောက်။ မဂ်ကိုမရလတ္တံ့သော သူဖြစ်အံ့၊ ဖြစ်ထိုက်သော လောကီ ကုသိုလ်သတ္တရသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်သော ပုထုဇဉ် ပုဂ္ဂိုလ်လည်း ရ၏။ **သံသယကား နောက်သာ** ရ၏။

ပဋိလောမပုစ္ဆာ၌ **သန္နိဋ္ဌာန်ကား** အကုသိုလ်မခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့ သောသူဖြစ်အံ့၊ အစမထင် သံသရာမှစ၍ အဆုံးစွန်သောအကုသိုလ်၏ အနန္တရတိုင် အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အကုသိုလ်ဒွါဒသ၊အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်။ **သောတာပန်** ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အစမထင် သံသရာမှ စ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ သောတာပတ္တိဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်၊ သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။ **သကဒါဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အစမထင် သံသရာမှ စ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန် နှစ်ယောက်။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အစမထင် သံသရာမှ စ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ မဂ်ကိုမရလတ္တံ့သောသူ ဖြစ်အံ့၊ ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ဗာတ္တိံသ တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်သော ပုထုဇဉ် ပုဂ္ဂိုလ်။ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်ပုဂ္ဂိုလ်။ အသညသတ် ပုဂ္ဂိုလ် ရ၏။ **အနုလောမ သံသယ**လည်း ရ၏။

**ပစ္စနိက်သံသယကား** အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ အရဟန္တာနံ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ။အရဟတ္တ မဂ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါ နန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။ အရဟတ္တ မဂ်၏ ရှေးဝေါဒါန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။

အကုသိုလ်မခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ဗာတ္တိံသ၊ အောက်ဖိုလ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်။ **သောတာပန်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ အလယ်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အလယ်ဖလဋ္ဌာန် နှစ်ယောက်။ **သကဒါဂါမ်** ဖြစ်ပြီးမှ အကုသိုလ် ခြားမူကား အဆုံးစွန်သော အကုသိုလ်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ် ခြားမူကား အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အနာဂါမိဖိုလ် တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက်သော ရဟန္တာပုဂ္ဂိုလ် ရ၏။

## ကုသိုလ်နှင့်အဗျာကတ

**ကုသိုလ်နှင့်အဗျာကတ**၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဋိသန္ဓေမှ စ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အရိယာ ရှစ်ယောက်၊ ဘဝမဆုံးသေးသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ဗာတ္တိံသ၊ အောက်ဖိုလ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက် - ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်။ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်။ အသညသတ်ပုဂ္ဂိုလ် ရ၏။ ကုသိုလ် ကေဝီသ၊စေတသိက်

အဠတိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အရဟတ္တဖလဋ္ဌာန် ကြဉ်သော အရိယာခုနစ်ယောက်လည်း ရ၏။ **ပစ္စနိက် သံသယကား ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ**။ ။(အနာဂတ်အတိုင်း ကောက်)။

## အကုသိုလ်နှင့်အဗျာကတ

**အကုသိုလ်နှင့်အဗျာကတ၌** အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, အကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓ သမာပန္နာနံ,အသညသတ္တာနံ တေသံ။ အကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ။ ။ပဋိ လောမ၌**သန္နိဋ္ဌာန်ကား** ပဋိသန္ဓေမှစ၍ပစ္ဆိမစိတ်၏အနန္တရတိုင်အောင်ဖြစ်ထိုက် သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, ကုသိုလ်ကေဝီသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ တို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သောတိဟိတ်ပုထုဇဉ်၊ အရိယာ ခုနစ်ယောက်။ဘဝမဆုံးသေးသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ် ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ အာဝဇ္ဇန်းဒွေး၊လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ဥပ္ပါဒက္ခဏသမင်္ဂီ **ဟု** ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံး ယောက်၊အောက်ဖလဋ္ဌာန်သုံးယောက်။နိရောဓသမာပတ်ဝင်စားခိုက်သော အနာ ဂါမ်ရဟန္တာပုဂ္ဂိုလ်။ အသညသတ်ပုဂ္ဂိုလ်ရ၏။ အကုသိုလ်ဒွါဒသ၊စေတသိက် သတ္တ ဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်လည်း ရ၏။ ။**ပစ္စနိက် သံသယကား** ပစ္ဆိမစိတ္တ သမင်္ဂီနံ တေသံ။ ။(ကောက်မြဲ)။ ။ပုဂ္ဂလဝါရ ပြီးပြီ။ ။(ဩကာသဝါရ လွယ်ပြီ)။ ။

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌ ကုသလမူ အကုသလမူလီ၌** အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခ ဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဥပ္ပါဒက္ခ ဏေ တေသံ တတ္ထ။ ဠတရေသံ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။[စာကိုယ်၌ စတုဝေါကာရေ ပဉ္စဝေါကာရေရှိ၏။အောက်ယမိုက်နှင့် မညီ]။အနုလောမ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ် သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။အကုသိုလ်မခြားဘဲမဂ်လေးတန် ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်နောင် ဖြစ်ထိုက်သော လောကီကုသိုလ် သတ္တရသ၊ အောက်မဂ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ် သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်

ဖလဋ္ဌာန် သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား [ပုဂ္ဂလဝါရ အတိုင်းဆို] ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ့၊အဆုံးစွန်သော အကုသိုလ်နောင်ဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ အောက်မဂ်သုံးခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံရ၏။ အကုသိုလ် မခြားဘဲမဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ရှေးဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်။**သောတာပန်**ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား ပဋိသန္ဓေမှစ၍အဆုံးစွန်သော အကုသိုလ်၏ ရှေးဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ သောတာပတ္တိမဂ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။ **သကဒါဂါမ်**။ပ။**အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ ရှေးဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ အောက်မဂ်သုံးခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သောတိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ ရှေးဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ၊ အောက်မဂ်သုံးခု တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ မရဏာသန္နဇောသည် အကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ရှေး ဖြစ်ထိုက်သော လောကီကုသိုလ် သတ္တရသ တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ရှေး ဖြစ်ထိုက်သော လောကီကုသိုလ် သတ္တရသ၊အောက်မဂ် သုံးခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်း ရ၏။ ။**သံသယကား နောက်သာ ရ၏**။

[မရဏာသန္နအကုသိုလ်ဇောကို ပုထုဇဉ်၌သာ ရအပ်၏။ အရိယာတို့၌ မရအပ်။ ပုထုဇဉ်၌လည်း ဒုဂ္ဂတိ၌ဖြစ်လတ္တံ့သောသူ၌သာ ရအပ်၏]။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်။ **သောတာပန်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ သောတာပတ္တိဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်။ **သကဒါဂါမ်အပ။ အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထဇောတိုင်အောင်, ကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက် - ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ဗာတ္တိံသ၊ အောက်ဖိုလ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံ ရ၏။ **အနုလောမ သံသယ** အရလည်း ရ၏။

**ပစ္စနီက်သံသယကား** အဂ္ဂမဂ္ဂသ ဘင်္ဂက္ခဏေ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဘင်္ဂက္ခဏေ, အသညသတ္တာနံ

တေသံ တတ္ထ။ ။အရဟတ္တမဂ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ဗာတ္တိံသ၊ အောက်ဖိုလ် သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား အဆုံးစွန်သော အကုသိုလ်မှ စ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အနာဂါမိဖိုလ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ ပဉ္စမဇောမှစ၍ စုတိတိုင်အောင်, ကုသိုလ်ဇောဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်ဇောမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ၊ အသညသတ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။

## ကုသိုလ်နှင့်အဗျာကတ

**ကုသိုလ်နှင့်အဗျာကတ**၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တာသ ဥပ္ပါဒက္ခဏေ, အသညသတ္တာနံ တေသံ တတ္ထ။ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏

ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်လေးယောက်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့တဘုံ၊ အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ကုသိုလ်ကေဝီသ၊ စေတသိက်အဋ္ဌတိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာခုနစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ ။ ပစ္စနိက်သံသယကား ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ။ ။(အနာဂတ်အတိုင်းကောက်လေ)။

## အကုသိုလ်နှင့်အဗျာကတ

**အကုသိုလ်နှင့် အဗျာကတ၌** အနုလောမ အာမန္တာ။ ။ပဋိလောမ၌ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, အကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, အသညသတ္တာနံ တေသံ တတ္ထ။ အကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ။ ။ ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, ကုသိုလ်ကေဝီသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏ

သမင်္ဂီ, အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ဗာတ္တိံသ၊ အောက်ဖိုလ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော မကျွတ် ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စ ဝေါကာရနှစ်ဆဲ့တဘုံ။ အသညသတ်ဘုံ၌ နေခြင်ဖြစ်ပြန်ကောင်းသော သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။အကုသိုလ်ဒွါဒသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆဲ့ခြောက်ဘုံလည်း ရ၏။ **ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ။ ။အတူတူ။ ။ ပစ္စုပ္ပန္နာနာဂတဝါရ ပြီးပြီ။

---

### အတီတာနာဂတပုဂ္ဂလဝါရ

**အတီတာနာဂတဝါရ၌။** ။**ယဿ** ကုသလာ ဓမ္မာ ဥပ္ပဇ္ဇိတ္ထ၊ တဿ အကု သလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ။ အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလာဘိဿန္တိ တေသံ။ ဣတရေသံ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ် တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ [အကြွင်းကို အနာဂတ်သက်သက် ကုသိုလ်နှင့် အဗျာကတ အတိုင်းကောက်လေ။ ။**ပစ္စနိက်သံသယမရှိ**]။ ။ **အဗျာကတမူလ၌** ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ;; ဣတရေသံ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** တိဟိတ်စုတိ တေရသ, ပစ္ဆိမ စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ အစမထင် သံသရာမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ကျွတ်ထိုက်သော ပုထုဇဉ်၊ အရိယာ ရှစ်ယောက်၊ မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ် ပုဂ္ဂိုလ်လည်း ရ၏။ ။(အကုသိုလ် အဗျာကတလည်း ဤအတိုင်း)။ ။ပုဂ္ဂလ ဝါရ ပြီးပြီ။ ။(ဩကာသဝါရ လွယ်ပြီ)။

### ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ၌ ယဿ ယတ္ထ** ကုသလာ ဓမ္မာ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ။ အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလာဘိဿန္တိ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ သုဒ္ဓါဝါသာနံ ဒုတိယေ

စိတ္တေ ဝတ္တမာနေ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။အနုလောမဉ္စ သန္နိဋ္ဌာနံကား အရဟတ္တမဂ်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာနံပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာနံပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာနံပုဂ္ဂိုလ်။အကုသိုလ် မခြားဘဲ မင်္ဂလေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့ အဆုံးစွန်သော အကုသိုလ်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊အောက်မဂ္ဂဋ္ဌာနံ သုံးယောက်၊အောက်ဖလဋ္ဌာနံ သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ အနာဂါမ်။ပ။ အနာဂါမိဖလဋ္ဌာနံပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ ပဋ္ဌမဇောမှစ၍ စုတိတိုင်အောင်၊ ကုသိုလ်ဇောဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်ဇောမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာနံသုံးယောက်၊ အောက်ဖလဋ္ဌာနံသုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ ရ၏။ အကုသိုလ်မခြားဘဲ မင်္ဂလေးတန်ကိုရလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သောအကုသိုလ်၏ အနန္တရတိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ အနာဂါမ်ဖြစ်ပြီးမှ အကုသိုလ်ခြားသောပုဂ္ဂိုလ်တို့တွင် သုဒ္ဓါဝါသဖြစ်အံ့၊ ရှေးဦးစွာသော မဟာကုသိုလ် ဒုတိယဇောမှစ၍အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင်၊ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာနံ သုံးယောက်၊ အောက်ဖလဋ္ဌာနံ သုံးယောက်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သုဒ္ဓါဝါသဖြစ်အံ့၊ ရှေးဦးစွာသော မဟာကုသိုလ် ဒုတိယဇောမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင်၊ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့ ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထဇောတိုင်အောင်၊ ကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်၊ အောက် မဂ္ဂဋ္ဌာနံ သုံးယောက်၊ အောက်ဖလဋ္ဌာနံ သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်

ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှာစ၍စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သောပဉ္စဝေါကာရနှစ်ဆဲ့တဘုံလည်းရ၏။ **သံသယကား** နောက်သာရ၏။ ။ပဋိလောမပုစ္ဆာ၌ **သန္နိဋ္ဌာန်ကား** သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင်ပဌမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့်ကုသိုလ်ဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့်တူသောကြောင့် တံသဒိသဒုတိယစိတ်ဟု ဆိုအပ်သော ပဋိသန္ဓေ, ဒုတိယဘဝင်မှစ၍ ရှေးဦးစွာသော မဟာကုသိုလ်ပဌမဇောတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံရ၏။ ယခင်သံသယလည်း ရ၏။ **ပစ္စနိက်သံသယကား** အသညသတ္တာနံ တေသံ တတ္ထ။ ။အသညသတ် ပုဂ္ဂိုလ်ဘို့အား အသညသတ်ဘုံ ရ၏။ ။

## ကုသိုလ်နှင့်အဗျာကတ

**ကုသိုလ်နှင့်အဗျာကတ** အနုလောမ၌ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ,အသညသတ္တာနံ တေသံ တတ္ထ။ ။ အနုလောမ၌ **သန္နိဋ္ဌာန်ကား** တိဟိတ်စုတိတေရသ။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော စုတိစိတ်ကျေနပ်သ။ပ။ စတုဝေါကာရ ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အားစတုဝေါကာရလေးဘုံ၊အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံရ၏။ သုဒ္ဓါဝါသဖြစ်အံ့၊ ရှေးဦးစွာသော မဟာကုသိုလ် ဒုတိယဇောမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်, ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်ဖြစ်ထိုက်။ပ။ကျွတ်ထိုက်သောတိဟိတ်ပုထုဇဉ်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သုဒ္ဓါဝါသဖြစ်အံ့၊ ရှေးဦးစွာသောမဟာကုသိုလ် ဒုတိယဇောမှစ၍ စုတိ၏အနန္တရတိုင်အောင်, ကြွင်းသောစတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ ပ ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊

သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့တဘုံလည်းရ၏။ ။**ပဋိလောမ**၌(သုဒ္ဓါဝါသာနံ အရကို အကုသိုလ်မူလီအတိုင်းကောက်)။ အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ ။**ပစ္စနိက်သံသယ**အကြွင်းပါဠိမရှိ။ ပါဠိဂတိ။ အသညသတ်ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ (အကြွင်း**အကုသိုလ်နှင့် အဗျာကတ**လည်း ဤနည်းအတူ။ ။သုဒ္ဓါဝါသမှာ ဘဝနိကန္တိက ဒုတိယဇောမှစ၍ ဆိုရသည်သာ ထူးသည်။သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ အရကိုလည်း အတီတဝါရအတိုင်း ကောက်)။ ။ဥပ္ပါဒဝါရ ပြီးပြီ။ ။

---

## နိရောဓဝါရ

**နိရောဓဝါရ**၌ ပစ္စုပ္ပန္နဝါရကို (ဥပ္ပါဒပစ္စုပ္ပန္နဝါရအတိုင်းတွင် ဥပါဒ်ဘင်ကိုလည်း၍ ဆိုလေ။ ။အတီတဝါရလည်း တူပြီ)။ ။**အနာဂတဝါရ**၌ **ယဿ** ကုသလာ ဓမ္မာ နိရုဇ္ဈိဿန္တိ၊ တဿ အကုသလာ ဓမ္မာ နိရုဇ္ဈိဿန္တီတိ။ အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ,ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ဣတရေသံ တေသံ။ ။**ယဿ ဝါ ပန**။ အာမန္တာ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ ဘင်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက် ဖလဋ္ဌာန်သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်**။ပ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့၊ အစမထင်သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သောပုထုဇဉ်၊ သောတာပန်။ပ။ သကဒါဂါမ်။ပ။ အနာဂါမ်။ပ။ ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက် ဖလဋ္ဌာန်သုံးယောက်။ မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ ။**ပစ္စနိက် သံသယကား** အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ, အရဟန္တာနံ တေသံ။ ။အရဟတ္တမဂ်၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

## ကုသိုလ်နှင့်အဗျာကတ

**ကုသိုလ်နှင့်အဗျာကတ** အနုလောမ၌ အာမန္တာ။ ။ပဋိလောမ၌ အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ, အရဟန္တာနံ တေသံ။ ဣတရေသံ တေသံ။ ။အရဟတ္တမဂ်၏

ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တ မဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ဥပါဒ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ဥပါဒ်တိုင်အောင် ကျွတ်ထိုက်သော ပုထုဇဉ်၊ အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာခုနစ်ယောက်။ မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ **ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ။ ။တိဟိတ်စုတိ တေရသ။ပ။ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

## အကုသိုလ်နှင့်အဗျာကတ

**အကုသိုလ်နှင့် အဗျာကတ**၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ အဂ္ဂမဂ္ဂသမင်္ဂိနံ့, အရဟန္တာနံ့, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ဣတရေသံ တေသံ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်။ပ။အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တ မဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ ဘင်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်**။ပ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။ ။အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့၊ အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ ဥပါဒ်တိုင်အောင်။ပ။ ကျွတ်ထိုက်သောပုထုဇဉ်ပုဂ္ဂိုလ်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်**ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ဥပါဒ်တိုင်အောင်။ပ။ ကျွတ်ထိုက်သောပုထုဇဉ်။ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ ။**သံသယကား** နောက်သာ ရ၏။ **ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ။(ကောက်မြဲ)။ ပုဂ္ဂလဝါရ ပြီးပြီ။ ။(ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

**ပုဂ္ဂလောကာသဝါရ**၌။ ။**ကုသိုလ်နှင့်အကုသိုလ်** အနုလောမ၌ အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ တတ္ထ။

ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။**ယဿ ဝါ ပန ယတ္ထ**။ အာမန္တာ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ဈေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ဘင်မှစ၍ ဝေါဒါန်၏ ဈေးအနုလုံတိုင်အောင်ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်**။ပ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်ဇော၏ဘင်မှစ၍ပဉ္စမဇော၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်သော။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်ပုဂ္ဂိုလ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ငါးဘုံရ၏။

အကုသိုလ်မခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သော သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်** ဖြစ်ပြီးမှ အကုသိုလ်ခြားမူကား။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်၏ ဥပါဒ်တိုင်အောင်၊ အကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော ကုသိုလ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။

ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်

သော ကုသိုလ်၏ ဘင်မှစ၍ ပဠမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်တို့အား ကာမ တဆဲ့တဘုံ ရ၏။ ။(ပါဠိမရှိ၊ ရသင့်၍ ကောက်သည်။ ။ပါဠိမရှိကြောင်းကို သစ္စယမိုက်၌ ဆိုခဲ့ပြီ)။ ။**ပစ္စနိက်သံသယကား** အဂ္ဂမဂ္ဂသ ဘင်္ဂက္ခဏေ, အရဟန္တာနံ, အသညသတ္တာနံ တေသံ တတ္ထ။ ။အရဟတ္တမဂ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဠမဇော၏ ဘင်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ၊ အသညသတ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။

## ကုသိုလ်နှင့်အဗျာကတ

**ကုသိုလ်နှင့် အဗျာကတ**၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ အဂ္ဂမဂ္ဂသ ဘင်္ဂက္ခဏေ, အရဟန္တာနံ, အသညသတ္တာနံ တေသံ တတ္ထ။ ။ဩကာသေ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ့၊ ပဠမဇော၏ ဘင်မှ စ၍ စုတိ၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် သုံးယောက်။ အကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော ကုသိုလ်၏ ဘင်မှစ၍ စုတိ၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ပုထုဇဉ်လေးယောက်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ၊ အသညသတ်ဘုံ၌ နောင် ချုပ်ပြန်ကောင်းသော သုဂတိ အဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။

ပဋိသန္ဓေမှစ၍ အရဟတ္တမဂ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အရဟတ္တဖလဋ္ဌာန် ကြဉ်သော အရိယာ ခုနစ်ယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပဠမဇော၏ ဥပါဒ်တိုင်အောင်,

အကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော ကုသိုလ်၏ ဥပါဒ်တိုင် အောင် ဖြစ်ထိုက်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌ ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက် သော။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသ ကြဉ် သော ပဉ္စဝေါကာရ နှစ်ဆဲ့တဘုံလည်း ရ၏။ ။**သံသယကား** နောက်သာရ၏။

**ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ။ ။တိဟိတ်စုတိ တေရသ။ပ။ ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ် ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ်ကျေနဝ်သ။ပ။ စတုဝေါကာရ ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလ ဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သောပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ ။

## အကုသိုလ်နှင့် အဗျာကတ

**အကုသိုလ်နှင့်အဗျာကတ၌** အနုလောမ အာမန္တာ။ ။ပဋိလောမ၌ အဂ္ဂမဂ္ဂ သမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, အသည သတ္တာနံ တေသံ တတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ် သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ် တိုင်အောင်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တမဂ်၏ ရှေးဝေါဒါန် စိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ဘင်မှစ၍ ဝေါဒါန်၏ ရှေးအနုလုံတိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်**။ပ။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့ နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရ ဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ ပဉ္စမဇော၏ဘင်မှစ၍ စုတိ၏ဥပါဒ်တိုင် အောင် ကုသိုလ်ဇော ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ဘင်မှစ၍ စုတိ၏ဥပါဒ်

တိုင်အောင်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဥ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ အသညသတ်ဘုံ၌ နောင်ချုပ်ပြန်ကောင်းသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ **ရ၏**။

အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သောအကုသိုလ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ **အနာဂါမ်။ပ။** အဆုံးစွန်သော အကုသိုလ်၏ ဥပါဒ်တိုင်အောင်။ပ။ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဥ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ ပဥ္စမဇော၏ ဥပါဒ်တိုင်အောင်၊ ကုသိုလ်ဇောဖြစ်အံ့။ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အကုသိုလ်ဇော၏ ဥပါဒ်တိုင်အောင် မကျွတ်ထိုက်-ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဥ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန် ကောင်းသောသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်။ပ။ မကျွတ်ထိုက်-ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား စတုဝေါကာရလေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဥ္စဝေါကာရ နှစ်ဆဲ့တဘုံလည်း ရ၏။ **သံသယကား** နောက်သာ ရ၏။ ။**ပစ္စနိက်သံသယကား** ကုသလမူနှင့် နည်းတူ။ ။အနာဂတဝါရ ပြီး၏။ ။(ပစ္စုပ္ပန္နာတီတဝါရကား ဥပ္ပါဒနှင့် နည်းတူ။ ဥပါဒ်နှင့်ဘင် လည်း၍ ဆိုလေ)။

---

## ပစ္စုပ္ပန္နာနာဂတဝါရ

**ပစ္စုပ္ပန္နာနာဂတဝါရ၌ ယဿ** ကုသလာ ဓမ္မာ နိရုဇ္ဈန္တိ၊ တဿ အကုသလာ ဓမ္မာ နိရုဇ္ဈိဿန္တီတိ။ အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ဣတရေသံ ကုသလာနံ ဘင်္ဂက္ခဏေ တေသံ။ ။**ယဿ ဝါ ပန**။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဘင်္ဂက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** (ဥပ္ပါဒအတိုင်းတွင် ဘင်္ဂက္ခဏ ဆိုသည်သာထူးသည်)။ ။ပဋိလောမ၌ **သန္နိဋ္ဌာန်ကား** အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့၊ အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏

ဥပါဒ်တိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ, အကုသိုလ်ဒွါဒသ၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက်ဗာတ္တိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်။ သောတာပန်။ပ။ သကဒါဂါမ်။ပ။ အနာဂါမ်။ပ။ (ဥပ္ပါဒနှင့် နည်းတူ။ အကုသိုလ်၏ ဥပါဒ်တိုင်အောင် ဆိုသည်သာထူးသည်)။ ။ **ပစ္စနိက်သံသယကား** အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ။ ။ အရဟတ္တမဂ်၏ ဥပ္ပါဒက္ခဏ။ပ။ (ဥပ္ပါဒကိုမှီ၍ ကောက်။ အဆုံးစွန်သော အကုသိုလ်၏ဘင်မှစ၍ဆို။ ။**ကုသိုလ်နှင့် အဗျာကတ**။ ။**အကုသိုလ်အဗျာကတ**လည်း လွယ်ပြီ။ ။ပဋိလောမ၌ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဆိုသည်သာထူးသည်။ ဥပ္ပါဒနှင့်နည်းတူဆို)။ ။**ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ (ဩကာသဝါရလွယ်ပြီ။**ပုဂ္ဂလောကာသဝါရ**၌ကုသိုလ်နှင့်အကုသိုလ်ဥပ္ပါဒဝါရနှင့်နည်းတူ။ဥပါဒ်ကို ဘင်လည်း၍ဆိုသည်သာထူးသည်)။ ။**ပစ္စနိက်သံသယကား** အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ, အသညသတ္တာနံ တေသံ တတ္ထ။ ။ (ကုသိုလ်နှင့်အဗျာကတ, အကုသိုလ်နှင့်အဗျာကတ။ဥပ္ပါဒနှင့်နည်းတူ။ ပစ္ဆိမစိတ်၏ ဥပါဒ်။ အတုမှာ စုတိ၏ ဥပါဒ်တိုင်အောင်ဆို)။ ။**ပစ္စနိက်သံသယကား** ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ။ အစစ်အတုကောက်မြဲ။ ။ပစ္စုပ္ပန္နာနာဂတဝါရ ပြီးပြီ။ ။

---

## အတီတာနာဂတဝါရ

**အတီတာနာဂတဝါရ၌ ယဿ** ကုသလာ ဓမ္မာ နိရုဇ္ဈိတ္ထ၊ တဿ အကုသလာ ဓမ္မာ နိရုဇ္ဈိဿန္တီတိ၊ အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ။ ဣတရေသံ တေသံ။ ။အနုလောမ၌ **သန္နိဋ္ဌာန်ကား** အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ပ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ (အကြွင်းအနာဂတ်အကုသိုလ်အဗျာကတ ပဋိလောမ အတိုင်းကောက်) **ပစ္စနိက်**မရှိ။ **ကုသိုလ်နှင့်အဗျာကတ** ·အနုလောမ၌ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ။ ဣတရေသံ တေသံ။ ။တိဟိတ်စုတိ တေရသ။ပ။ ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော။ပ။ ပစ္ဆိမဘဝိကဖြစ်သော တိဟိတ်ပုထုဇဉ်၊ အရိယာရှစ်ယောက်။ ဘဝမဆုံးသေးသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်လည်း ရ၏။ ။**အကုသိုလ်နှင့် အဗျာကတ**သည်လည်း ဤအတူ။ ။ **ပစ္စနိက်သံသယမရှိ**။ ။ပုဂ္ဂလဝါရ ပြီး၏။ ။ (ဩကာသဝါရ လွယ်ပြီ)။

## ပုဂ္ဂလောကာသဝါရ

ယင်းသို့ ဇရာမရဏသည် တစုံတရာသော အကြောင်းကြောင့် မဖြစ်သော် **သုတ္တန်ပိဋကတ်၌** "ဇရာမရဏံ ဘိက္ခဝေ။ပ။ ပန္နံ" ဟူ၍ အဘယ့်ကြောင့် ပရိယာယ် အားဖြင့် ဟောပြန်သနည်း။ အလျင်းမဟောဘဲ နေကောင်းသည် မဟုတ်လော ဟူမူ- "ဧတေမ္ပိစ အဘိနိဝေသံ ပဋိသေဓေတုမေဝ ဝုဒ္ဓံ ဝုတ္တံ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နန္တိ" **(ဋီကာအဋ္ဌသာလိနီ)**။

ကုသိုလ်နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော ဟူသည် အဘယ်သို့ ယထာရဟ ပြုသနည်း ဟူမူ- သက်သက်သောအခါ၌ သုဒ္ဓအဋ္ဌကကလာပ်ကို ဖြစ်စေ၏။ ကိုယ်အင်္ဂါကို လှုပ်သောအခါ၌ ကာယဝိညတ္တိနဝက ကလာပ်ကို ဖြစ်စေ၏။ နှုတ်အင်္ဂါကိုလှုပ်သောအခါ၌ ဝစီဝိညတ္တိဒသက ကလာပ်ကို ဖြစ်စေ၏။ ဓာတ်ညီညွတ်သောအခါ၌ လဟုတာဒေကာဒသက ကလာပ်ကို ဖြစ်စေ၏။ ဤသို့ ယထာရဟ ပြုသည်ဟူလို။

ယထာရဟ မဆိုချေသော် စိတ်ဖြစ်တိုင်း စိတ္တဇရုပ်သတ္တရသလုံး ဖြစ်၏ဟူသော အနက်သည် ရောက်ခဲ့၏။ စိတ္တဇရုပ် ဟူသည် စိတ်ကြောင့်သာ ဖြစ်သလော။ စေတသိက်ကြောင့် မဖြစ်သလော ဟူမူ—

"သဗ္ဗေပိဟိ စိတ္တစေတသိကာ ကောဋ္ဌာသ ဟုတွာ ရူပံ သမုဋ္ဌာပေန္တိ" **(ပဋ္ဌာန်းအဋ္ဌကထာ)**။

ယင်းသို့သော် စိတ္တစေတသိကဇရုပ် ဟူ၍ ဆိုပါတော့လော။ အဘယ့်ကြောင့် စိတ္တဇရုပ်ဟု ဆိုလေသနည်း ဟူမူ- "လောကိယဓမ္မဒေသနာယံ ပန စိတ္တဿ အဓိကဘာဝတော တထာဝိဓံ ရူပံ စိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ" (**ဧင်းပဋ္ဌာန်း အဋ္ဌကထာ**)။

ကုသိုလ်နှင့်တူသော မူလရှိ၏ ဟူသည် အတူတကွ ဖြစ်ခါမျှကိုတည်း တူသော မူလရှိ၏ ဟူ၍ ဆိုသလော။ အကျိုးအဖြစ်ဖြင့်စပ်၍ ဖြစ်သည်ကိုတည်း တူသော မူလရှိ၏ဟူ၍ ဆိုသလော။ ။အတူတကွ ဖြစ်ခါမျှကို တူသော မူလရှိ၏ဟူ၍ ဆိုငြားအံ့။ ကုသိုလ်နှင့်အတူ ဉပါဒ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့သည်လည်း ရခဲ့၏။ အကျိုးအကြောင်းအဖြစ်ဖြင့် စပ်၍ဖြစ်သည်ကို တူသောမူလရှိသည် ဟူ၍ ဆိုငြားအံ့။ အဘယ်သို့သော အကျိုးအကြောင်းအဖြစ်ဖြင့် စပ်သနည်း ဟူခဲ့ရ၏။ ။အကျိုးအကြောင်းအဖြစ်ဖြင့် စပ်၍ ဖြစ်သည်ကို ကေမူလဆိုလိုသည်။

အဘယ်သို့ အကျိုးအကြောင်း အဖြစ်ဖြင့် စပ်သနည်း ဟူမူ- "ယထေဝ ဟိ ဖဿာဒီနံ အလောဘာဒယော ဟေတုပစ္စယတ္တာ မူလံ တထာ တံသမုဋ္ဌာနရူပဿာပိ" (**ယမိုက် အဋ္ဌကထာ**) ဟေတုပစ္စယုပ္ပန် ဟေတုပစ္စယသတ္တိ တည်းဟူသော အကျိုးအကြောင်း၏ အဖြစ်ဖြင့် စပ်သည်ဟူလို။

ဟေတုပစ္စယသတ္တိဟူသည် အဘယ်နည်း ဟူမူ- "ဟေတုဘာဝေါပန နေသံ သမ္ပယုတ္တာနံ သုပ္ပတိဋ္ဌိတ ဘာဝသာဓနေ သခ်ါတော မူလဘာဝေါ" (**ဋီကာကျော်**)။ နေသံ၊ ထို အလောဘစသော တရားတို့၏။ ဟေတုဘာဝေါပန၊ ဟေတုသတ္တိ ဟူသည်ကား။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့၏။ သုပ္ပတိဋ္ဌိတဘာဝသာဓနေ သခ်ါတော၊ ခိုင်ခံ့စွာတည်သည်၏အဖြစ်ကို ပြီးစေခြင်းဟု ဆိုအပ်သော။ မူလဘာဝေါ၊ အကြောင်းရင်းအဖြစ်တည်း။ ။ယင်းပါဠ်၌ သမ္ပယုတ္တာနံဟူသည်ကား ဉပလက္ခဏနည်းတည်း။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့၏လည်း သုပ္ပတိဋ္ဌိတဘာဝကို ပြီးစေသည်ပင်တည်း။ ။

"အညမညယမကေ ယေကေစိ ကုသလာတိ အပုစ္ဆိတွာ ယေကေစိ ကုသလမူလေန ဧကမူလာတိ ပုစ္ဆာ ကတာ။ ကသ္မာ။ ဣမိနာပိ ဗျဉ္ဇနေန တဿေဝတ္ထဿ သမ္ဘဝတော" (**အဋ္ဌကထာ**) အညမညယမကေ၊ ၌။ ယေကေစိကုသလာတိ၊ ၍။ အပုစ္ဆိတွာ၊ မမေးမူ၍။ ယေကေစိကုသလမူလေန ဧကမူလာတိ၊ ၍။ ပုစ္ဆာ၊ကို။ ကတာ၊ ပြုတော်မူအပ်၏။ ကသ္မာ၊ ကြောင့်။ကတာ၊ ပြုတော်မူလေသနည်း။ဣတိ၊ သို့။ စေ ပုစ္ဆေယျ၊ အံ့။ဣမိနာပိ ဗျဉ္ဇနေန၊ ဤကုသလာဟူသော သဒ္ဒါဖြင့်လည်း။ တဿေဝ အတ္ထဿ၊ ထိုကုသလမူလေန ဧကမူလာဟူသော သဒ္ဒါဖြင့်မိန့်အပ်သော အနက်၏သာလျှင်။ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်။ ကတာ၊ အပ်၏။ ဣတိ၊ သို့။ ဝိဿဇ္ဇေတဗ္ဗော၊ ၏။ ကုသလာဟူသောပုဒ်၏ အနက်သည် ကုသလမူလေန

**ကေမူလာ**ဟူသောပုဒ်**၏** အနက်၌ ဝင်လေပြီဖြစ်သောကြောင့် ကုသလမူလေန ကေမူလာဟု ပုစ္ဆာကို ပြုတော်မူလေသည်ဟူလို။

ယင်း **အဋ္ဌကထာပါဌ်**ကိုမသင့်ဟု **ဋီကာဆရာ** အပြစ်တင်လေသည်ကား ဣမိနာပိ ဗျဥ္ဇနေန ဟူသောပါဌ်ဖြင့် ကုသလမူလေန ကေမူလာဟူသော ပုဒ်ကို စွဲသော်သာမသင့်ဟူသတည်း။ ကုသလာဟူသောပုဒ်ကို စွဲမူကား အသင့်တည်း။ **(အနု့မဓုကို့ရှုလေ)**။

ယင်းပုစ္ဆာ၏ ဝိဿဇ္ဇနာ၌ မူလာနိ ယာနိဟု ဟောတော်မူပြီးလျက် ကုသလမူလာနိဟု အဘယ့်ကြောင့်ထပ်၍ ဟောပြန်သနည်းဟူမူ- "ကုသလမူလာနီတိ ဣဒံ ပုရိမဿ ဝိသေသနံ၊ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တီတိ ဟိ ဝုတ္တံ၊ တာနိ ပန ကုသလမူလာနိပိ ဟောန္တိ အကုသလအဗျာကတမူလာနိပိ။ ဣဓ ကုသလမူလာ နီတိ ဝိသေသဒဿနတ္ထမိဒံ ဝုတ္တံ" **(ဋင်းအဋ္ဌကထာ)**။

ယင်းအဖြေကိုကား ဉာဏ်ရှိသောသူဖြစ်လျှင် **အဋ္ဌကထာပါဌ်**ကိုပင် မမြင်သော်လည်း တတ်နိုင်ရာ၏။ ယင်းသို့သော်လည်း ထိုပါဌ်၏အထွက်ကို သိစေခြင်းငှါ ရေးလိုက်သည်။

"တဿေဝ ပဋိလောမပုစ္ဆာယ သဗ္ဗေတေ ဓမ္မာ ကုသလမူလေန ကေမူလာတိ အဝတွာ သဗ္ဗေတေ ဓမ္မာ ကုသလာတိ ဝုတ္တံ၊ ကသ္မာ။ အတ္ထဝိသေသာဘာဝတော။ ကုသလမူလေန ကေမူလာတိဟိ ပုစ္ဆာယ ကတာယ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တီတိ ဟောန္တာ ဝုတ္တနယေနေဝ ဝိဿဇ္ဇနံ ကာတဗ္ဗံ ဘဝေယျ၊ ဧဝဉ္စသတိ အတ္ထ ဝိသေသာဘာဝေါ ဟောတိ" **(ဋင်းအဋ္ဌကထာ)**။

ဤ၌အာမန္တာဟူ၍ ဖြေရမည်ကို မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ စသည်ဖြင့် အနုလောမအတိုင်း ဝိဘင်းထွက်၍ ဖြေရာ၏ဟု **အဋ္ဌကထာဆရာ**မိန့်ခြင်းသည် မသင့်ဟု **ဋီကာအရှင်**အပြစ်တင်၏။ **ဋီကာအရှင်သာ**မသင့်ဟု ထင်သည်မဟုတ်။ ပညာနုသောငါတို့သူငါ၏ဉာဏ်၌ပင်သော်လည်း မသင့်သကဲ့သို့ ထင်၏။

**ဋီကာအရှင်**ကား "အညမညမူလတ္တာ ပန ဝိနိစ္ဆိတေ ကေမူလတ္တသံသယာ ဘာဝတော သဗ္ဗေတေ ဓမ္မာ ကုသလမူလေန ကေမူလာတိ ပုစ္ဆာ နကတာတိ ဒဋ္ဌဗ္ဗာ" ဟုမိန့်၏။ ။ယင်းသို့သော် မူလယမက ကေမူလယမကတို့၌ အနုလောမ သန္နိဋ္ဌာန် ကိုပင်ပြန်၍ သဗ္ဗေ တေ ဓမ္မာ ကုသလာ ဟု အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူမူ- "ကုသလမူလဝစနံ ကေမူလဝစနဉ္စ ကုသလ ဘာဝဒီပကံ နဟောတီတိ ကုသလာဘာဝေ သံသယသဗ္ဘာဝါ ပဌမဒုတိယ ယမကေသု သဗ္ဗေတေ ဓမ္မာ ကုသလာတိ ပဋိလောမပုစ္ဆာ ကတာ" **(ဋီကာ)**။

ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သောမူလအားဖြင့်။ အညမညမူလာ၊ တပါးသည်တပါး၏ မူလရှိကုန်သလော။ဝါ။ တပါးသည်တပါး၏ မူလမည်ကုန်

သလော ဟူ၍ အနက်သမ္ဗန်ကြသည်။ အဘယ် အနက်သင့်သနည်းဟူမူ- "အညမညဿ မူလံ ဧတေသန္တိ အညမညမူလာ"ဟု ဋီကာအရှင်မိန့်သော ကြောင့်ရှေးအနက်သာ သင့်သတည်း အညမညမူလတ္တေ ပန စသော စကားနှင့် လည်းညီသည်။ ။

မူလမူလနယကို မူလနယနှင့် အနက်အထူးမရှိဘဲလျက် အဘယ့်ကြောင့် ဟောတော်မူပြန်လေသနည်းဟူမူ- "မူလနယေ ဝုတ္တာဝေ အတ္ထေ ကုသလမူလ ဘာဝေန မူလမူလဿ ဝိသေသနေန သမာနေန မူလေန အညမညဿ စ မူလေန မူလယောဂဒီပနေန စာတိ ဣမိနာ ပရိယာယန္တရေန ပကာသေတုံ မူလမူလ နယော ဝုတ္တော"(ရင်းဋီကာ)။

ယင်းဋီကာပါဠ်ကား အနက်ယောဇနာလည်း ခဲခက်၏။ အဓိပ္ပါယ်လည်းခဲ ခက်၏။ ယင်းဋီကာပါဠ်၌ အနက်ယောဇနာနည်းကို အနုဋီကာဆရာသည် "ကုသလမူလဘာဝေန မူလဿ ဝိသေသနေန မူလယောဂဒီပနေနစ ပကာသေတုံ ကုသလမူလမူလာတိ ကုသလမူလဘူတာ မူလာ ကုသလမူလမူလာတိ သမာသ ယောဇနာ။ မူလဝစနံ ဟိ နိဝတ္တေတဗ္ဗဂဟေတဗ္ဗသာဓာရဏံ အကုသလအဗျာ ကတာပိ မူလဓမ္မာ အတ္ထီတိ ကုသလမူလဘာဝေန မူလဓမ္မာ ဝိသေသိတာ။မူလဂ္ဂဟ ဏေန စ မူလဝန္တာနံ မူလယောဂေါ ဒီပိတော ဟောတိ သမာနေန မူလေန မူလဿ ဝိသေသနေန မူလယောဂဒီပနေန စ ပကာသေတုံ ဧကမူလမူလာတိ အညမညဿ မူလေန မူလဘာဝေန မူလဿ ဝိသေသနေန မူလယောဂဒီပနေန စ ပကာသေတုံ အညမညမူလမူလာတိ မူလမူလနယော ဝုတ္တော"ဟု မိန့်၏။

**မဓုသာရတ္ထဒီပနီ ဆရာကား**"ကုသလမူလဘာဝေနာတိ ဧတံ မူလဿ ဝိသေသ နေနာတိ ဧတဿ ဝိသေသနံ။ မူလဿ ဝိသေသနေန သဟ ပဝတ္တေန ကုသလမူလ သဒ္ဒေန သမာနေန မူလေန တဗ္ဗိသေသနဘူတေန မူလဿ ဝိသေသနေန စ မူလ ယောဂဒီပနေန စ ဧကမူလမူလသဒ္ဒေန။ အညမညဿ မူလေန တဗ္ဗိသေသန ဘူတေန မူလဿ ဝိသေသနေန စ မူလယောဂဒီပနေန စ။ အညမညမူလသဒ္ဒေနာ တိယောဇနာ။ အယံ ပန ယောဇနာ အနုဋီကာယ အသမာနာပိ ဂဟေတဗ္ဗာဝ"ဟု အထူးမိန့်ပြန်၏။ ဂဏ္ဌိ၌လည်း ကျယ်ဝန်းစွာ ဆိုလေ၏ ယူလေ။ ။ယခင် အနု, မဓုပါဌ် တို့ကိုလည်း နှုတ်ကျက်ဆောင်၍ စေ့စေ့ကြံလေ။

အဗျာကတပဒ ဧကမူလယမက အနုလောမ ပုစ္ဆာ၌ အဟိတ်စိတ် အဋ္ဌာရသ။ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ။ အဟိတ် ပဋိသန္ဓေ နှစ်ခု။ ဒွေးပဉ္စဝိညာဉ်တဆယ် ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့ သည် ယထာရဟ ပြုအပ်သော အဟိတ်စိတ္တဇရုပ်။ အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇရုပ်။ ကုသိုလ် အကုသိုလ် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ် နိဗ္ဗာန်

**ရ၏**။ သဟိတ်ဝိပါက် **ကေဝီသ**။ သဟိတ်ကြိယာ သတ္တရသ။ စေတသိက် အဋ္ဌတိံသ။ သဟိတ် ပဋိသန္ဓေ တေရသ။ အရူပဝိပါက် လေးခု။ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော သဟိတ်ဝိပါက် ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏ဟု ကောက်သည်။

ယင်းအကောက်၌ အဟိတ်ပဋိသန္ဓေ နှစ်ခုကို အဘယ့်ကြောင့် ကြဉ်သနည်း။ **သင်္ဂြိုဟ်ဆရာသည်** "အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ"သာ ဆိုသည်မဟုတ်လော ဟူမူ- "ပဋိသန္ဓိစိတ္တံ ပန စုတိစိတ္တဉ္စ ဧကူနဝီသတိဘဝင်္ဂဿဝ အန္တောဂဓတ္တာ စိတ္တန္တရံ နဟောတီတိ၊ နတဿ ဝဇ္ဇနံ ကတံ" (**ဋီကာကျော်**)။ ။သဟိတ် ပဋိသန္ဓေ ရဟန္တာတို့ စုတိစိတ်ကို ကြဉ်ရာ၌လည်း ဤအတူပင်။

ရုပ်ကိုမဖြစ်စေနိုင်သော စိတ်အပေါင်း ဘယ်မျှနည်း ဟူမူ- "သဗ္ဗသတ္တာနဉ္ဇိ ပဋိသန္ဓိစိတ္တံ ခီဏာသဝဿ စုတိစိတ္တံ ဒွေပဉ္စဝိညာဏာနိ စတ္တာရိ အရူပဝိပါကာနီတိ သောဠသ စိတ္တာနိ ရူပံ နသမုဋ္ဌာပေန္တိ" (**သမ္မောဟဝိနောဒနီ**)။

**မူလဋီကာဆရာကား** ခပ်သိမ်းသော သူတို့၏ စုတိစိတ်ပင် ရုပ်ကိုမဖြစ်စေနိုင် ဟူ၏။

**အနုဋီကာဆရာကား** စုတိစိတ်၏ ရှေးသတ္တရသမစိတ်မှ စ၍ ရုပ်ကိုမဖြစ်စေနိုင်ဟူ၏။

အဘယ့်ကြောင့် ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်သနည်း ဟူမူကား- "တတ္ထ ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတတာယ ပစ္စယဝေကလ္လတာယ အာဂန္တုကတာယ စ ရူပံ နသမုဋ္ဌာပေတိ" (**သမ္မောဟဝိနောဒနီပါဠိ**)။

**ပဋ္ဌာန်းအဋ္ဌကထာပါဠိ၌ကား** "ကသ္မာ ပန ပဋိသန္ဓိက္ခဏေ စိတ္တံ စိတ္တဇရူပံ ဇနေတုံ နသက္ကောတီတိ။ ကမ္မဝေဂက္ခိတ္တတာယ စေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယ စ ဒုဗ္ဗလတ္တာ"ဟု အထူးမိန့်ပြန်၏။

ရဟန္တာတို့ စုတိစိတ်ကား အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်း ဟူမူ- "ခီဏာသဝဿ ပန စုတိစိတ္တံ ဝဋ္ဋမူလဿ ဝူပသန္တတ္တာ ရူပံ န သမုဋ္ဌာပေတိ" (**သမ္မောဟဝိနောဒနီ**)။

ဒွေးပဉ္စဝိညာဉ် တဆယ်ကား အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်းဟူမူ- "ဒွိပဉ္စဝိညာဏေသု ပန ဈာနင်္ဂံ နတ္ထိ မဂ္ဂင်္ဂံ နတ္ထိ ဟေတု နတ္ထီတိ စိတ္တင်္ဂံ ဒုဗ္ဗလံ ဟောတီတိ စိတ္တင်္ဂဒုဗ္ဗလတာယ တာနိ ရူပံ နသမုဋ္ဌာပေန္တိ" (**ရင်းသမ္မောဟဝိနောဒနီ**)။

အရူပဝိပါက် လေးခုကား အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်း ဟူမူ- "**စ**တ္တာရိ အရူပဝိပါကာနိ တသ္မိံ ဘဝေ ရူပဿ နတ္ထိတာယ ရူပံ န သမုဋ္ဌာပေန္တိ" (**ရင်းသမ္မောဟဝိနောဒနီ**)။

ဗာဟိရရုပ်သည် ဥတုဇရုပ် ဖြစ်၍ ဥတုဇရုပ် မည်ကောင်းပြီးလျက် အဘယ့်ကြောင့် အသီးကောက်သနည်း ဟူမူ ပဋ္ဌာန်းပါဠိတော်၌ "ဗာဟိရံ အာဟာရ သမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ"ဟု အသီးခွဲ၍ ဟောတော်မူသောကြောင့် အသီး ကောက်သည်။

**ပဋ္ဌာန်းပါဠိတော်၌ကား** အဘယ့်ကြောင့် အသီးခွဲ၍ ဟောတော် မူလေသ နည်း ဟူမူ၊ အနိန္ဒြိယဗဒ္ဓရုပ်, ဣန္ဒြိယဗဒ္ဓရုပ်အဖြစ်ကို ခွဲ၍ ဟောတော်မူလို၍ အသီး ဟောတော်မူလေသည် ဟူလို။

သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ကိုသာ အဗျာကတမူလေန ကေမူလာဟု အဘယ့်ကြောင့် ဆိုသနည်း။ သဟိတ်ပဝတ္တိကမ္မဇရုပ်ကိုကား အဘယ့်ကြောင့် မဆိုသနည်း ဟူမူ- "ကသ္မာ ပနာယံ ဟေတု ပဋိသန္ဓိယမေဝ ကဋတ္တာရူပါနံ ဟေတုပစ္စယော ဟောတိ။ န ပဝတ္တေတိ ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓဝုတ္တိ တာယ။ပ။ ပဝတ္တိယမ္ပန တေသံ စိတ္တေ ဝိဇ္ဇမာနေပိ ကမ္မပ္ပဋိဗဒ္ဓါဝ ပဝတ္တိ နစိတ္တ ပဋိဗဒ္ဓါ။ အဝိဇ္ဇမာနေစာပိ စိတ္တေ နိရောဓသမာပန္နာနံ ဥပ္ပဇ္ဇန္တိယေဝ" (**ပဋ္ဌာန်း အဋ္ဌကထာ**)

အဘယ့်ကြောင့် ပဋိသန္ဓေအခါ၌သာ စိတ်နှင့်စပ်၍ ပဝတ္တိအခါ၌ စိတ်နှင့်မစပ် လေသနည်း ဟူမူ- "သန္ဓေပိ ခေတ္တေ အာပေစ ပဌမုပ္ပတ္တိယံ ဗီဇာနုဘာဝေန ရုက္ခုပ္ပတ္တိ ဝိယ ပဋိသန္ဓိက္ခဏေ စိတ္တာနုဘာဝေန ရူပကာယဿ ဥပ္ပတ္တိ ဗီဇေပန ဝိဂတေပိ ပထဝီအာပါနုဘာဝေန ရုက္ခဿ ဥပရူပရိ ပဝတ္တိဝိယ ဝိနာ စိတ္တေန ကမ္မတောဝ ကဋတ္တာရူပါနံ ပဝတ္တိ ဟောတီတိ ဝေဒိတဗ္ဗာ။ ဝုတ္တမ္ပိစေတံ၊ ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟောတိ" (ဧင်းပဋ္ဌာန်းအဋ္ဌကထာ)။

စိတ် စေတသိက် နိဗ္ဗာန်ကိုသာ အဘယ့်ကြောင့် နာမ်ဟုဆိုလေသနည်း၊ ရုပ် ကိုကား အဘယ့်ကြောင့် နာမ်ဟု မဆိုရသနည်းဟူမူ- "နာမယတိ ဝိနာ နာမေန ပါကဋံ၊ နဟောတီတိ နာမံ။ ရူပယတိ ဝိနာ နာမေန ပါကဋံ ဟောတီတိ ရူပံ" ဟူသော **နိက္ခေပကဏ္ဍအဖွင့် မူလဋီကာအရှင်အမိန့်**နှင့်အညီ၊ ဃဋ္ဍ, ပဋစသည်တို့၌ တည်သောရုပ်သည် အမည်နှင့်ကင်း၍ ထင်ရှားသောကြောင့် နာမ်ဟု မဆိုရ ဟူလေ။ ။

ကေမူလယမက အနုလောမ၌ "အဟေတုကံ နာမံ နာမမူလေန နကေမူလံ" ဟု နာမသဒ္ဒါနှင့်တကွ ရှိလိုသလော။ "အဟေတုကံ နာမမူလေန နကေမူလံ" ဟု နာမသဒ္ဒါနှင့်ကင်း၍ ရှိလိုသလောဟူမူ- "ယဿံပါဠိယံ အဟေတုကံ နာမ မူလေန နကေမူလံ သဟေတုကံ နာမမူလေန ကေမူလန္တိ ပါဠော အာဂတော။ တတ္ထ ယေကေစိ နာမာ ဓမ္မာတိ နာမာနံ နိဒ္ဒါရိတတ္တာ အဟေတုကံ သဟေတု ကန္တိစ ဝုတ္တေ နာမန္တိ စ ဣဒံ ဝိညာယမာနမေဝါတိ န ဝုတ္တန္တိ ဝေဒိတဗ္ဗံ ယတ္ထ ပန

အဟောတုကံ နာမံ သဟောတုကံ နာမန္တိစ ပါဌော။ တတ္ထ သုပါကဋဘာဝတ္တံ နာမန္တိ ဝုတ္တံ” (ဋီကာ)။

နာမသဒ္ဒါနှင့်ကင်း၍ ရှိရာ၌ နာမသဒ္ဒါကိုအဘယ့်ကြောင့် မဟောလေသနည်း စုဒ်ထုတ်။ ။ဝိဿဇ္ဇနာကား ယင်းဋီကာပါဠိ၌ပါပြီ။ ။နာမသဒ္ဒါရှိရာ၌ နာမသဒ္ဒါကို အဘယ့်ကြောင့် ဟောလေသနည်း စုဒ်ထုတ်။ ။ဝိဿဇ္ဇနာကား ယခင်ဋီကာပါဠိ၌ပါပြီ။ ။မူလယမိုက်၌ စိုးစဉ်းမှတ်ဘွယ်ပြီး ပြည့်စုံ၏။ ။

# ခန္ဓယမိုက်ဂဏ္ဌိ

## ပဏ္ဏတ္တိ ဥဒ္ဒေသဝါရ

ပဝတ္တံ မူလယမကေ၊ ကိစ္စံ နိယာမ ပဗ္ဗကံ။
ခန္ဓေဒါနိ ပဝက္ခာမိ၊ တမ္ပိ သုဏန္တု သောတုနော။ ။

မူလယမိုက်၏ အခြားမဲ့၌ အာယတနယမိုက်စသည်ကို မဟောမူ၍။ခန္ဓယမိုက်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်းဟူမူ- "အပ္ပဘေဒတ္တာ" **(ဝိဘင်းဋီကာ)**။

ယင်းသို့သော် သင်္ခါရ ယမိုက်ကို ဟောသင့်သည် မဟုတ်လောဟူမူ- "နိဗ္ဗာန ဝဇ္ဇာနံ သဗ္ဗဓမ္မာနံ သင်္ဂဟိတတ္တာစ" **(ဇုင်းဝိဘင်းဋီကာ)**။

အဘယ့်ကြောင့် ခန္ဓာကို ငါးပါးသာ ဟောတော်မူလေသနည်း။ လေးပါး ခြောက်ပါးစသည်ဖြင့် မဟောလေသနည်း ဟူမူ- "ကသ္မာ ပန ဘဂဝတာ ပဉ္စေဝ ခန္ဓာ ဝုတ္တာ အနူနာ အနဓိကာတိ။ သဗ္ဗသင်္ဂဟသဘာဂေကသင်္ဂဟတော အတ္တတ္တနိယဂ္ဂါဟဝတ္ထုဿ တေပ္ပရမတော အညေသဥ္စ တဒဝရောဓတော" **(သမ္မောဟဝိနောဒနီ)**။

အဘယ့်ကြောင့် ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူလေသနည်း။ ရူပက္ခန္ဓာ စသည်တို့၏ နောက်၌လည်း သညာက္ခန္ဓာစသည်ကို မဟောမူ၍ ဝေဒနာက္ခန္ဓာ စသည်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူမူ- "သုခဂ္ဂဟဏတ္ထံ စက္ခုအာဒီနံ ဝိသယဘူတံ ဩဠာရိကံ ပဌမံ ရူပက္ခန္ဓံ ဒဿေတိ။ တတော ဣဋ္ဌာနိဋ္ဌ ရူပသံဝေဒိတံ ဝေဒနံ။ ယံ ဝေဒယတိ တံ သဉ္ဇာနာတီတိ ဧဝံ ဝေဒနာဝိသယဿ အာကာရဂ္ဂါဟိကံ သညံ။ သညာဝသေန အဘိသင်္ခါရကေ သင်္ခါရေ။ တေသံ ဝေဒနာဒီနံ နိဿယံ အဓိပတိဘူတဉ္စ ဝိညာဏံ" **(သမ္မောဟဝိနောဒနီ)**။

ခန္ဓသဒ္ဒါသည် အဘယ်မျှသောအနက်ကို ဟောလေသနည်း ဟူမူ- "ခန္ဓော ဂုဏေစ ရာသိမှိ။ပဏ္ဏတ္တိယဉ္စ ရုဠ္ဟိယံ"ပြယုဂ်ကား "သီလက္ခန္ဓော သမာဓိက္ခန္ဓော။ ။
အသင်္ချေယျော အပ္ပမေယျော မဟာဥဒကက္ခန္ဓောတွေဝ သင်္ချံ ဂစ္ဆတိ။ ။
အဒ္ဒသခေါ ဘဂဝါ ရုက္ခက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။ ။
ဝိညာဏံ ဝိညာဏက္ခန္ဓော" အစဉ်အတိုင်းဟပ်။ ။

ဤ၌ ခန္ဓသဒ္ဒါကား အဘယ်အနက်ကို ဟောသနည်းဟူမူ- "သွာယမိဓ ရာသိတော အဓိပ္ပေတော" **(သမ္မောဟဝိနောဒနီ)**။

ပထဝီဓာတ် အာပေါဓာတ် စသည်ကို ပေါင်းသောကြောင့် ရူပက္ခန္ဓာဟု ဆိုသလော။ အဘယ်သို့သော တရားကိုပေါင်းသောကြောင့် ရူပက္ခန္ဓာဟု ဆိုလေသနည်းဟူမူ—

အတီတာနာဂတံ ရူပံ၊ ပစ္စုပ္ပန္နမထာပရံ။
အဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ၊ သုခုမောဠာရိကံ တထာ။ ။
ဟီနံ ပဏီတံ ယံဒူရေ၊ သန္တိကေ ဝါ တထေကတော။
သဗ္ဗံ ရူပံ သမောဓာယ၊ ရူပက္ခန္ဓောတိ ဝုစ္စတိ။ ။

## (နာမရူပ ပရိစ္ဆေဒ)

ဝေဒနာက္ခန္ဓာစသည်တို့၌လည်း နည်းတူ။

"အဘိညေယျကထာဟိ အဘိဓမ္မာဒေသနာ" ဟူသော **ဋ္ဌန္တိယ ဝိဘင်းဋီကာ**ပါဌ်နှင့်အညီ အဘိဓမ္မာဒေသနာသည် အဘိညေယျကထာ ဖြစ်သောကြောင့် ပရိညာဝါရကိုသာ ဟောသင့်သည်။ ထိုသို့လျက် ပဏ္ဏတ္တိဝါရကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူမူ-"ပရိညာသု စ န ဝိနာ တီရဏပရိညာယ ပဟာနပရိညာ။ တီရဏာစ္စ သမ္ပုဏ္ဏပရာနုဂ္ဂဟာဿ အဝိပ္ပေတတ္တာ။ ကာလပဂ္ဂ လောကာသဝိဘာဂမုခေန ခန္ဓာနံ ဝိသုံ သဟာစ ဥပ္ပါဒနိရောဓလက္ခဏပရိဂ္ဂဟ ဝသေန သာတိသယံ သမ္ဘဝတိ နအညထာ" **(ယမိုက်အနုဋီကာ)**။

ယင်းသို့သော် ပဝတ္တိဝါရကို ဟောတန်စေ။ ပဏ္ဏတ္တိဝါရကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း။ အကယ်၍တည်း ဟောတော်မူချေသော် အဘိဓမ္မာ ဒေသနာသည် အဘိညေယျကထာ မဟုတ်ဟူသော အနက်သည် မရောက်ခဲ့ပြီလော ဟူမူ- "ယထာ နတီရဏံ ပရိညာယ ဝိနာ ပဟာနပရိညာ။ ဧဝံ တီရဏံ ပရိညာယ ဝိနာ ဉာတပရိညာယ။ သာ စ သုတမယဉာဏမူလိကာတိ ဒေသနာ ကုသလော သတ္ထာ အန္ဒယတော ဗျတိရေကတော စ သမုဒါယာဝယဝပဒတ္ထာဒိ ဝိဘာဂဒဿနမုခေန ခန္ဓေသု ပရိညာပဘေဒံ ပကာသေတုကာမော ပဥ္စက္ခန္ဓာတိအာဒိနာ ဒေသနံ အာရဘိတိ" (**၎င်း ယမိုက် အနုဋီကာ**)။ ခဲ၏။ ။ ကြံလေ။

ပရိညာသုံးပါးသည် မဂ်ခဏ၌ တပြိုင်နက် ဖြစ်၏။ ရှေးအဘို့ဟု ဆိုအပ်သော ပုဗ္ဗဘာဂ၌ကား အသီးသီးဖြစ်၏။ ဤ**ယမိုက် အနုဋီကာ**ပါဌ်၌ကား ပုဗ္ဗဘာဂကို ရည်သတည်း။ ။ပုဗ္ဗဘာဂ၌ အဘယ်အခါမှ စ၍ ဖြစ်သနည်း ဟူမူ- "ရုပ္ပန လက္ခဏံ ရူပံ ဖုသနလက္ခဏော ဖဿောတိအာဒိနာ သာမညဝိသေသ လက္ခဏပရိဂ္ဂါဟိကာ ဒိဋ္ဌိဝိသုဒ္ဓိဝိတရဏဝိသုဒ္ဓိယော ဉာတပရိညာ၊ တတော ပရံ

ယာဝါနုလောမာ တီရဏပရိညာ။ ဥဒယဗ္ဗယာနုပဿနတော ပဋ္ဌာယ ယာဝမဂ္ဂါ ပဟာနပရိညာ" (**ဓမ္မဟဒယ ဝိဘင်းဋီကာ**)။

ယင်းပါဠိ၌ ဥဒယဗ္ဗယာနုပဿနာ ဟူသည်ကား- "သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏတွေတိ ဒသ ဝိပဿနာဉာဏာနိ"ဟု သင်္ဂြိုဟ်ဆရာသည် မိန့်အပ်သော ဝိပဿနာဉာဏ်တည်း။

**စကားရင်းဖေါ်ဦးအံ့**။ အဘိဓမ္မာဒေသနာသည် အဘိဓေယျကထာဟူသော် မူလယမိုက်ဝယ် အဘယ်သို့ အဘိဓေယျကထာ ဖြစ်သနည်း ဟူမူ- "ပစ္စယပရိဂ္ဂဟပရိယောသာနာ ဉာတပရိညာတိ ပစ္စယဒီပကေန မူလယမကေန ဉာတပရိညံ။ပ။ ဝိဘာဝေတွာ" (**အနုသယ ယမိုက်ဋီကာ**)။

ပရိစ္ဆေဒဝါရဟူသည် ပိုင်းခြားတတ်သော ဝါရကို ဆိုလိုသည်။ အဘယ်သို့ ပိုင်းခြားသနည်း ဟူမူ။ ။ငါးပါးသောခန္ဓာတို့သည်ရှိ၏။ ငါးပါးအောက်အယုတ်၊ ငါးပါးထက်အလွန် မရှိ။ ဤသို့ အယုတ်အလွန်ကို ကန့်သောအားဖြင့် ပိုင်းခြားသတည်း။

ပရိစ္ဆိန္နုဒ္ဒေသဝါရ ဟူသည်ကား ပိုင်းခြားအပ်သော ဓမ္မတို့ကို အကျဉ်းပြသော ဝါရဟု ဆိုလိုသည်။

ပဒသောဓနမူလ စက္ကဝါရ၌ စက္ကဟူသည် ဝန်းသောကြောင့် ဆိုလိုသလော။ အဘယ့်ကြောင့် စက္ကဆိုသနည်း ဟူမူ- "ရူပံ ရူပက္ခန္ဓောတိ ဝေမာဒိကံ မူလပဒံ နာဘိံ ကတွာ ခန္ဓာတိ ဣဒံ နေမိံ။ ဝေဒနာက္ခန္ဓောတိအာဒိံ အရေ ကတွာ စက္ကဘာဝေါ ဝုတ္တော။ နမဏ္ဍလဘာဝေန သမ္ဗန္ဓနတော။ ဝေဒနာက္ခန္ဓမူလကာဒီသုပိ ဟိ ဟေဋ္ဌိမံ သောဓေတွာဝ ပါဠော ဂတော နမဏ္ဍလသမ္ဗန္ဓေန" (**ခန္ဓယမိုက်ဋီကာ**) လှည်းဘီးစက်နှင့် တူသောကြောင့် စက်ဆိုသည်။ ဝန်းသောကြောင့် ဆိုသည်မဟုတ် ဟူလို။

သုဒ္ဓခန္ဓဝါရ ပဋိလောမ ပုစ္ဆာ၌ အနက် ယောဇနာ နည်းကား ဤသို့တည်း။ "**ခန္ဓာ** ရူပန္တိအာဒီသု ခန္ဓာ ရူပက္ခန္ဓော ခန္ဓာ ဝေဒနာက္ခန္ဓောတိ အတ္ထော ဂဟေ တဗ္ဗော။ ကသ္မာ နိဒ္ဒေသဝါရေ ဧဝံ ဝိဘဇိတတ္တာ" (**ဤခန္ဓယမိုက် အဋ္ဌကထာ**)။

ရူပံ ဟူ၍သာ သဒ္ဒါရှိသည်ကို သဒ္ဒါကိုလွန်၍ ရူပက္ခန္ဓာ မည်သလောဟု အဘယ့်ကြောင့် အနက်သမ္ဗန်သနည်း။ အကယ်၍တည်း သမ္ဗန်လိုသော် ပါဠိတော်၌ ရူပံမရှိ၊ ရူပက္ခန္ဓောရှိ၏ ဟူသော အနက်သည် မရောက်ခဲ့ပြီလော ဟူမူ- "ဝစနသောဓနေဝိယ ဟိ တွေ ဝစနံ န ပမာဏံ။ ယထာယထာ ပန သုဒ္ဓခန္ဓာ လဗ္ဘန္တိ။ တထာ တထာ အတ္ထောဝ ပမာဏံ" (**ငှင်းခန္ဓယမိုက် အဋ္ဌကထာ**)။

ပါဠိတော်၌ ရူပံဟူ၍ ရှိငြားသော်လည်း သဒ္ဒါကိုပမာဏမပြု၊ အနက်ကို ပမာဏပြု၍ ရူပက္ခန္ဓာမည်သလောဟု အနက်သမ္ဗန်သည်၊ ရူပက္ခန္ဓာဟု ပါဠိရှိသောကြောင့် သမ္ဗန်သည်မဟုတ် ဟူလို။ ။ဥဒ္ဒေသ၌ မှတ်ဘွယ် အမြွက်ပြီး၏။

---

## ပဏ္ဏတ္တိနိဒ္ဒေသဝါရ

ပိယရုပ် သာတရုပ်၌ ရုပ်အဋ္ဌဝီသသည်ပင်လျက် န ရူပက္ခန္ဓောဟုအဘယ့်ကြောင့် ဟောတော်မူလေသနည်းဟူမူ- “ပိယရူပံ သာတရူပန္တိ။ပ။တဏှာဝတ္ထုဘူတံ တေဘူမကံ ဝေဒိတဗ္ဗံ။ တသ္မာ ယံ ပဉ္စက္ခန္ဓသမုဒါယဘူတံ ပိယရူပံ သာတရူပံ တံဧကဒေသေန ရူပက္ခန္ဓော ဟောတီတိ အာဟ ပိယရူပံ သာတရူပံ ရူပံ န ရူပက္ခန္ဓောတိ” **(ဋီကာ)**။

“ဧကဒေသေန ရူပက္ခန္ဓော န သမုဒါယဝသေန။ ဋ္ဌမသ္မိံ ဝိကပ္ပေ ပိယသဘာဝံ ဘူတုပါဒါယရူပံဝ ရူပက္ခန္ဓော န သကလံ ခန္ဓပဉ္စကန္တိ။ န ရူပက္ခန္ဓောတိ ဝုတ္တန္တိ အဓိပ္ပါယော” **(မဓုသာရတ္ထဒီပနီ)**။

တနည်းကား ဤသို့တည်း။ “ပိယသဘာဝတာယဝါ ရူပက္ခန္ဓော ပိယရူပေ ပဝိသတိ။ န ရူပ္ပနသဘာဝေနာတိ ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓောတိ ဝုတ္တံ” **(ဋီကာ)**။

“ရူပ္ပနဋ္ဌေန ရူပက္ခန္ဓပရိယာပန္နမ္ပိ စက္ခာဒိပိယသဘာဝမတ္တဝစနိစ္ဆာဝသေသ ပိယရူပမေဝ အနုပဝိသတိ နရူပက္ခန္ဓန္တိ အာဟ ပိယသဘာဝ။ပ။ နရူပက္ခန္ဓောတိ ဝုတ္တန္တိ” **(အနုဋီကာ)**။

တဏှာအာရုံပြုသောအခါ၌သာ ပိယရုပ်မည်သလော။ မပြုသောအခါ၌ မမည်သလောဟူမူ၊ မပြုသောအခါလည်းမည်၏။ယင်းသို့သော် အာရုံမပြုသောအခါ၌ မချစ်အပ်သည် မဟုတ်လောဟူမူ။ ။မစားအပ်သော အခါ၌လည်း စားခြင်းငှါထိုက်သောကြောင့် ဘောဇဉ်မည်သကဲ့သို့ အာရုံမပြုသောအခါ၌ မချစ်အပ်သော်လည်း ပြုသောအခါ ချစ်ခြင်းငှါ ထိုက်သောကြောင့် ပိယရုပ် မည်၏။ ။ဥပရိက္ခ၂ာဟူလို။ **(သဒ္ဒတ္ထဘေဒစိန္တာဋီကာကိုရှု)**။

ပဒသောဓေ မူလစက္ကဝါရ ပဋိလောမ၌ “နခန္ဓာ နဝေဒနာက္ခန္ဓောတိ အာမန္တာ” ဟူရာဝယ် အဘယ်ကိုကောက်လိုသနည်းဟူမူ- န ခန္ဓာ နဝေဒနာက္ခန္ဓောတိ ဧတ္ထ ပညတ္တိနိဗ္ဗာနသင်္ခါတာ ဓမ္မာ ခန္ဓာ နဟောန္တိ။ တေ ယသ္မာ ဝေဒနာက္ခန္ဓောပိ နဟောန္တိ။ တသ္မာ အာမန္တာတိ အာဟ” **(အဋ္ဌကထာ)**။

"နခန္ဓာ နဝေဒနာက္ခန္ဓောတိ အာမန္တာတိတ္တေ ဧဝံ ခန္ဓသဒ္ဒပဝတ္တိယာ အဘာဝေ ဝေဒနာက္ခန္ဓသဒ္ဒပဝတ္တိယာ စ အဘာဝေါတိ ပဏ္ဏတ္တိသောဓနမတ္တမေဝ ကရောတီတိဒဋ္ဌဗ္ဗံ နအညမ္မေသဗ္ဗာဝေါ ဧဝေတ္ထ ပမာဏံ" **(ဋီကာ)**။

"သဒ္ဒဂ္ဂဟဏဥ္စေတ္ထ သဒ္ဒနိဗန္ဓနတ္တာ ပညတ္တိယာ။ သဒ္ဒသဘာဂတံ ဝါ သန္ဓာယ ကတံ။ ပဏ္ဏတ္တိသောဓနံ ဟောတံ။ တေနာဟ ပဏ္ဏတ္တိသောဓနမတ္တမေဝ ကရောတီတိ။ တေန နိဒ္ဒါရေတဗ္ဗဿ ဓမ္မန္တရဿ အဘာဝံ ဒဿေတိ" **(အနုဋီကာ)**။

သုဒ္ဓခန္ဓဝါရ ရူပံ ခန္ဓော၌ ပိယရူပ် သာတရူပ်ကိုကောက်မည်လော။ ရုပ်အဋ္ဌဝိသကို ကောက်မည်လော ဟူမူ- "ယသ္မာ ပိယရူပသာတရူပသခ်ါတံ ဝါ ရူပံ ဟောတု ဘူတုပါဒါရူပံ ဝါ။ သဗ္ဗံ ပဥ္စသု ခန္ဓေသု သင်္ဂဟံ ဂစ္ဆတေဝ။ တသ္မာ အာမန္တာတိ ပဋိဇာနာတိ" **(အဋ္ဌကထာ)** နှစ်နည်းပင်ကောက်သင့်၏ ဟူလို။ ပဏ္ဏတ္တိဝါရ၌ မှတ်ဘွယ်အမြွက်ပြီး၏။

---

## ပဝတ္တိဝါရ

ပဝတ္တိဝါရ၌ ဖြစ်မှုသာ ချုပ်ရကား။ ဥပ္ပါဒဝါရကို ရှေးဦးစွာ ဟောသော်။ ။ ထိုဥပ္ပါဒဝါရ၌ ပစ္စုပ္ပန် အတိတ် အနာဂတ်တို့တွင် ပစ္စုပ္ပန်တရားသည် ခံစားဆဲဖြစ်၍ သိလွယ်ရကား ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာဟောလေသည်။ ထို့နောင် အတိတ် အနာဂတ်နှစ်ပါးတို့တွင် အတိတ်တရားသည်ခံစားဘူးသော တရားဖြစ်၍ အနာဂတ်ထက်သိလွယ်ရကား အတိတ်ကိုဟောလေသည်။ ထို့နောင်မှ သုဒ္ဓသက်သက်ကိုပြလို၍ မိဿက မဟောမီ အနာဂတ်ကို ဟောလေသည်။ ။ မိဿက၌ ဟောစဉ်ကို သုဒ္ဓကို မှီသဖြင့်သိအပ်၏။ ။အဘယ့်ကြောင့် ကာလအပြားကို ခြောက်ပါး ဟောတော်မူလေသနည်း။ အတီတပစ္စုပ္ပန္န၊ အနာဂတပစ္စုပ္ပန္န၊ အနာဂတအတီတဝါရ။ ဤသုံးပါးကိုထည့်၍ ကိုးပါးဟောသင့်သည်မဟုတ်လောဟူမူ-

"ကာလဘေဒါ ပနေတ္ထ ဆ ဧဝ ဝုတ္တာ အတီတေန ပစ္စုပ္ပန္နော။ အနာဂတေန ပစ္စုပ္ပန္နော အနာဂတေန အတီတောတိ ဧတေ ပန တယော ယထာ ဒဿိတာ မိဿကကာလဘေဒါ ဧဝ တယော န ဝိသုံ ဝိဇ္ဇန္တီတိ နဂဟိတာ။ တတ္ထ တတ္ထ ဟိ ပဋိလောမပုစ္ဆာဟိ အတီတေန ပစ္စုပ္ပန္နာဒယော ကာလဘေဒါ ဒဿိတာ" **(ဋီကာ)**။

ပဏ္ဏတ္တိဝါရ၌ ဝေဒနာက္ခန္ဓမူဝယ် ရူပက္ခန္ဓမူလီ ထည့်သကဲ့သို့ ပဝတ္တိဝါရ၌ ဝေဒနာက္ခန္ဓမူဝယ်။ ရူပက္ခန္ဓမူလီမထည့်မူ၍ သုံးယမက အဘယ့်ကြောင့်ဟောတော်မူလေသနည်း ဟူမူ- "ပဝတ္တိဝါရေ ဝေဒနာက္ခန္ဓာဒိ မူလကာနိ ပစ္ဆိမေနေဝ

သဟ ယောဇေတွာ တီဏိ ဒွေ ကေဠ ယမကာနိ ဝုတ္တာနိ နပုရိမေန။ ကသ္မာ အမိဿကကာလဘေဒေသု ဝါရေသု အတ္တဝိသေသာဘာဂတော” (မူလဋီကာ)

ယင်းသို့သော် သုဒ္ဓကာလ၌ အနက်ထူးမရှိသောကြောင့် မဟောနေတန်စေ။ မိဿကကာလ၌ အနက်အထူးရှိသောကြောင့် ဟောသင့်သည် မဟုတ်လော ဟူမူ- “ပစ္စိန္နတ္တာ” သုဒ္ဓကာလပင် ဟောစဉ် ပြတ်လေပြီး ဖြစ်သောကြောင့် မိဿကကာလ၌ မဟောသည်ဟူလို။ ။ဤကား **အဋ္ဌသာလိနီ**ဝယ် ဝိတက္က နိဒ္ဒေသ၌ တဇ္ဇာသဒ္ဒါကို မဟောကြောင်းကိုဆိုသော စကားကို နည်းယူ၍ ဆိုသည်။

ပဝတ္တိကာလ၌လည်း ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ချုပ်ခြင်းသည် ရှိလျက် အသညသတ္တံ ဥပပဇ္ဇန္တာနံ စသည်ဖြင့် ဥပ္ပါဒဝါရ၌ အသညသတ္တာ စဝန္တာနံ စသည်ဖြင့် နိရောဓဝါရ၌ ပဋိသန္ဓေစုတိတို့ကိုသာ အဘယ့်ကြောင့် ဟောတော်မူလေသနည်းဟူမူ- “သကလေပိ ဟိ ဠမသ္မိံ ခန္ဓယမကေ တတ္ထ တတ္ထ ဥပ္ပန္နာနံ ပဝတ္တေ ယာဝမရဏာ ခန္ဓာနံ အပရိယန္တေသု ဥပ္ပါဒနိရောဓေသု ဝိဇ္ဇမာနေသုပိ လဟုပရိဝတ္တာနံ ဓမ္မာနံ ဝိနိဗ္ဗောဂံ ကတွာ ဥပ္ပါဒနိရောဓေ ဒဿေတုံ နသုကရန္တိ ပဝတ္တိယံ ဥပ္ပါဒနိရောဓေ အနာမသိတွာ အဘိနဝံ ဝိပါကဝဋ္ဋံ နိပ္ပါဒယမာနေန နာနာကမ္မေန နိဗ္ဗတ္တာနံ ပဋိသန္ဓိခန္ဓာနံ ဥပ္ပါဒံ ဒဿေတုံ သုခန္တိ ပဋိသန္ဓိဥပ္ပါဒဝသေနေဝ ဥပ္ပါဒဝါရော ကထိတော။ ဥပ္ပန္နဿ ပန ဝိပါကဝဋ္ဋဿ ပရိယောသာနေန နိရောဓံ ဒဿေတုံ သုခန္တိ မရဏကာလေ နိရောဓဝသေန နိရောဓဝါရော ကထိတော” (**အဋ္ဌကထာ**)။

ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၌ ဥပ္ပဇ္ဇတိကို **ယမိုက်အဋ္ဌကထာ**၌ အထူးမဖွင့်။ **ပဋ္ဌာန်းအဋ္ဌကထာ**၌ကား- “ဥပ္ပဇ္ဇတီတိ ဥပ္ပါဒတော ယာဝ နိရောဓဂမနာ ဥဒ္ဒံ ပဇ္ဇတိ နိဗ္ဗတ္တတီတိ အတ္ထော အတ္ထာနံ လဗ္ဘတိ။ ဥပ္ပါဒါဒယော တယောပိ **ခဏာ** ပါပုဏာတီတိ ဝုတ္တံ ဟောတိ”ဟု ဖွင့်၏။

ထိုသို့ ဖွင့်သောကြောင့် အစစ္စာသော ဇီဝိတဆက္က, ဇီဝိတနဝကတို့၏ **ခဏတ္တယသမင်္ဂီ**ဟု **ကောက်**သင့်သည် မဟုတ်လော။ အဘဲ့ကြောင့် ဥပ္ပါဒက္ခဏ သမင်္ဂီဟု ကောက်သနည်းဟူမူ- “ယာဝ နိရောဓဂမနာ ဥဒ္ဒံ ပဇ္ဇတီတိ ဥပ္ပါဒါဒယော။ပ။ ပါပုဏာတီတိ **ဝစ**နေဟိ ခဏတ္တယသမင်္ဂီ အာပဇ္ဇကီတိ အနုညာတံဝိယ ဟောတိ။ ဥပ္ပါဒက္ခဏသမင်္ဂီယေဝ ပန **ဧဝံ** ဝုတ္တောတိ ဒဋ္ဌဗ္ဗော” (**ပဋ္ဌာန်းဋီကာ**)။

ယင်းသို့သော် **အဋ္ဌကထာ**ရှင်သည် ဥပ္ပါဒက္ခဏံ ပါပုဏာတိ-သာ ဆိုသင့်သည် မဟုတ်လောဟူမူ- “အနတီတံ နအနာဂတံ ခဏေကဒေသံ ခဏတ္တယန္တိ ဝုတ္တံ” (**ဋီကာဒွါရ**)။

ဇီဝိတဆက္က ဟူသည်ကား **မူလဋီကာဆရာ** အလိုအားဖြင့် ဂန္ဓ, ရသ, ဩဇာကိုပယ်၍ ဆက္ကယူသည်။ ။ကမ္မဇကလာပ် လေးစည်းဟူရာ၌လည်း **မူလဋီကာဆရာ** အလိုအားဖြင့် စက္ခုသတ္တက, သောတသတ္တက, ဝတ္ထုသတ္တက, ဇီဝိတဆက္ကဟု လေးပါး။ **အဋ္ဌကထာဆရာ** အလိုအားဖြင့်။ စက္ခုဒသက။ပ။ ဇီဝိတနဝကဟု လေးပါး။ အတိတ်စသော တဆဲ့တပါးသော ရုပ်ကိုပေါင်း၍ **ရူပက္ခန္ဓာ**ဟု ဆိုသည်။ ။ဤ၌ ဇီဝိတနဝကသည် ပစ္စုပ္ပန်သက်သက်သာ ဖြစ်ခဲ့၏။ အတိတ်အနာဂတ်မဟုတ်ခဲ့။ အဘယ့်ကြောင့် ရူပက္ခန္ဓာမည်ခဲ့ရာသနည်းဟူမူ။

ဝေဒနာဒီသုပေကသ္မိံ၊ ခန္ဓသဒ္ဒေါတု ရူဠ္ဟိယာ။
သမုဒ္ဒါဒေကဒေသေတု၊ သမုဒ္ဒါဒိရဝေါ ယထာ။ ။

**(သစ္စသံခိပ်)**

ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ ဟူသောသန္နိဋ္ဌာန်ပုဒ်၏ အရကား အရူပဘုံရ၏။ ။ ထို အရူပဘုံသည် ရူပက္ခန္ဓာ၏ ဖြစ်ရာသော်ကားမဟုတ်။ ဝေဒနာက္ခန္ဓာ၏ဖြစ်ရာ ဖြစ်သောကြောင့် တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိဟူသော သံသယပုဒ်၏အရမရှိ။ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏အရသာရှိ၍ သံသယပုဒ် အရမရှိသောကြောင့် အကြင်ဘုံ၌ **ရူ**ပက္ခန္ဓာဖြစ်ဆဲမဟုတ်၊ ထိုဘုံ၌ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲမဟုတ်လောဟု မြတ်စွာ ဘုရား၌ တစုံတခုသော သံသယသည် မရှိသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပုရိမကောဋ္ဌာသ၏ အရနှင့်တူသော ပုရေပဥ္ဓာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ ရူပက္ခန္ဓာ၏ဖြစ်ရာ မဟုတ်သောဘုံ၌ ဝေဒနာက္ခန္ဓာ ဖြစ်ရာဖြစ်သောကြောင့် နုပ္ပဇ္ဇတိဟူသောပုစ္ဆာ ပါဠိ၌ နအက္ခရာကိုပယ်၍ ပါဠိတော်အားလျော်စွာ အဖြေငါးပါးတို့တွင် ဥပ္ပဇ္ဇတိ ဟု ပါဠိဂတိဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

ပုရိမကောဋ္ဌာသ အရနှင့်တူသောဟူရာ၌ အဘယ်၏ ပုရိမကောဋ္ဌာသနည်း ဟူမူ။ သရူပဒဿနဝိဿဇ္ဇနာ၏ ပုရိမကောဋ္ဌာသတည်း။ (တနည်းတုံ) ပရိပုဏ္ဏပဥ္ဓာ၏ ပုရိမကောဋ္ဌာသတည်း။ "တံ ဝိဿဇ္ဇနဿ ပန ပုရိမကောဋ္ဌာသေန သဒိသတ္တာတာယ ပုရေပဥ္ဓော ပစ္ဆိမကောဋ္ဌာသသဒိသတ္တာတာယ ပစ္ဆာပဥ္ဓောတိ စ နာမံ ဝုတ္တံ" **(ဋီကာ)** "တံသရူပဒဿနေန ဝိဿဇ္ဇနံ တံဝိဿဇ္ဇနံ။ တံ ဝါ ယထာဝုတ္တံ ဝိဿဇ္ဇနံ ဧတဿာတိ တံဝိဿဇ္ဇနော" **(အနုဋီကာ)**

ပုရိမကောဋ္ဌာသဟူသည် သန္နိဋ္ဌာန်ပုဒ်၏အရကိုဆိုသလော။ သန္နိဋ္ဌာန်ပုဒ်ကို ပင်ဆိုသလောဟူမူ "ပုရိမကောဋ္ဌာသေနာတိ ပုရိမေန ဥဒ္ဒေသပဒေန" **(အနုဋီကာ)** ပုရိမကောဋ္ဌာသနှင့် အရတူသောဟူသည် အဘယ်သို့တူသနည်း။ သရုပ်တရားကိုယ်ပင် တူသလောဟူမူ- "ယဒိသတ္တာတာစ သန္နိဋ္ဌာနသံသယပဒ

ဝိသေသံ အဝိစာရေတွာ ဧကေန ပဒေန သင်္ဂဟိတာသာ ခန္ဓသာ ဥပ္ပါဒနိရောဓ လာဘာဘာသာမညမတ္တေန ပုရေပဥှာ ဒဋ္ဌဗ္ဗာ” (ဋီကာ)

“ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထ” ဟူ၍ဟော တော်မူအပ်သော အနုလောမပုစ္ဆာ၌ ဘဝများစွာသံသရာ၌ ရူပက္ခန္ဓာမဖြစ်ဘူး သော ပုဂ္ဂိုလ်မည်သည်မရှိ။ ဖြစ်ဘူးသောပုဂ္ဂိုလ်သာရှိသောကြောင့် ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရမရှိ။ ထိုသို့သန္နိဋ္ဌာန်ပုဒ်၏ အရ မရှိလျှင် တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထဟူသော သံသယပုဒ်၏ အရလည်းမရှိ။ ထိုသို့သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရမရှိသောကြောင့် အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာမဖြစ်ဘူးလေ။ ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာမဖြစ်ဘူးလောဟု မြတ်စွာ ဘုရား၌။ပ။၍။ အမေးလေးပါးတို့တွင် မောဃပဥှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ ဘဝများစွာ သံသရာ၌ ရူပက္ခန္ဓာမဖြစ်ဘူးသော ပုဂ္ဂိုလ်မည်သည် မရှိ။ ဖြစ်ဘူးသောပုဂ္ဂိုလ်သာရှိသောကြောင့် သန္နိဋ္ဌာန်ပုဒ်၏အရကို ပယ်တော် မူသောအားဖြင့် အဖြေငါးပါးတို့တွင် နတ္ထိဟု ပဋိက္ခေပဝိဿဇ္ဇနာဖြင့် ဖြေတော် မူ၏။

ဤယမိုက်ကျမ်း၌ တုစ္ဆပဥှာ မည်သည်ရှိ၏။ ထိုတုစ္ဆပဥှာမည်သည် အဘယ် နည်းဟူမူ၊ ယခင် မောဃပဥှာပင်။ “တုစ္ဆပဥ္ဟောတိပိ ဝုစ္စတိ” (အဋ္ဌကထာ)။

ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား။ပ။ အစစွာ သော ဇီဝိတဆက္က။ပ။ အနာဂါမ်ပုဂ္ဂိုလ်ရ၏။ ထိုပုဂ္ဂိုလ်သည် ရူပက္ခန္ဓာဖြစ်ဆဲ သော်ကားဟုတ်၏။ ဝေဒနာက္ခန္ဓာချုပ်ဆဲ မဟုတ်သောကြောင့် တဿ ဝေဒနာ က္ခန္ဓော နိရုဇ္ဈတိ ဟူသော သံသယပုဒ်၏ အရမရှိ။ ထိုသို့သန္နိဋ္ဌာန်ပုဒ်၏ အရသာ ရှိ၍ သံသယပုဒ်၏အရမရှိသောကြောင့် အကြင်ပုဂ္ဂိုလ်အား။ပ။ဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ် အား။ပ။ချုပ်ဆဲလောဟု မြတ်စွာဘုရား၌။ပ။အမေးလေးပါးတို့တွင် မောဃပဥှာ ဖြင့် မေးတော်မူသည်အားလျောက်ပတ်စွာ ရူပက္ခန္ဓာဖြစ်ဆဲသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ချုပ်ဆဲမဟုတ်သည်သာ ဖြစ်သောကြောင့် သံသယပုဒ်၏ အရကို မြစ်တော်မူသောအားဖြင့် အဖြေငါးပါးတို့တွင် **နော** ဟု ပဋိသေဓဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။ ။

ပဋိက္ခေပဝိဿဇ္ဇနာနှင့် ပဋိသေဓဝိဿဇ္ဇနာသည် အဘယ်သို့ ထူးသနည်းဟူမူ- “သန္နိဋ္ဌာနတ္ထဿေဝ ပဋိက္ခိပနံ ပဋိက္ခေပေါ။ သံသယတ္ထနိဝါရဏံ ပဋိသေဓောတိ အယံ ပဋိက္ခေပပဋိသေဓာနံ ဝိသေသော” (ဋီကာ)။

ပါဠိဂတိဝိဿဇ္ဇနာ၌လည်း သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏ အရ မရှိ။ ပဋိသေဓဝိဿဇ္ဇနာ၌လည်း သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏ အရ မရှိ။ ယင်းသို့သော် အတူတူဖြစ်ခဲ့၏တကားဟူမူ- “ဥပ္ပတ္တိနိရောဓပဋိသေဓဿ

ပဋိသေဓနတ္ထံ ပါဠိဂတိယာ ဝိဿဇ္ဇနံ။ ဥပ္ပတ္တိနိရောဓာနမေဝ ပဋိသေဓနတ္ထံ ပဋိသေဓေန ဝိဿဇ္ဇနံ ကတန္တိ ဝေဒိတဗ္ဗံ” (ရင်းဋီကာ)။

ပုရေပဉှာ ပစ္ဆာပဉှာ နှစ်ပါး၏ လက္ခဏာနှင့်ပြည့်စုံသော ပရိပုဏ္ဏပဉှာဖြင့် မေးတော်မူသည်အားလျောက်ပတ်စွာဟူရာ၌။ အဘယ်ကဲ့သို့ ပုရေပဉှာ, ပစ္ဆာပဉှာ နှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသနည်းဟူမူ။ ပုရိမကောဋ္ဌာသနှင့် အရတူခြင်း သည်လျှင် ပုရေပဉှာ၏ လက္ခဏာ။ ပစ္ဆိမကောဋ္ဌာသနှင့် အရတူခြင်းသည်လျှင် ပစ္ဆာပဉှာ၏ လက္ခဏာ။ ။

ပဝတ္တိဝါရပြီး၏။

---

## ပရိညာဝါရ

ပရိညာဝါရ၌ ဩကာသဝါရ ပုဂ္ဂလောကာသဝါရတို့ကို အဘဲ့ကြောင့်ဟော တော်မမူသနည်းဟူမူ- “ပုဂ္ဂလဝါရေ ဩကာသဝါရေ ပုဂ္ဂလောကာသဝါရေတိ ဣမေသုပန တီသု ပုဂ္ဂလဝါရော လဗ္ဘတိ။ နဣတရာ ဒွေ။ ကိံ ကာရဏာ။ သဒိသ ဝိဿဇ္ဇနတာယ” (**အဋ္ဌကထာ**)။

ဤပရိညာဝါရ၌ ပဝတ္တိဝါရကဲ့သို့ စုတိပဋိသန္ဓေကို မဟောမူ၍ ပဝတ္တိကာလ ကိုသာ အဘဲ့ကြောင့်ဟောတော်မူလေသနည်းဟူမူ- “စုတိ ပဋိသန္ဓိက္ခဏေ ပရိညာ ကိစ္စဿ အဘာဝါ” **ဋီကာ**၌ကား ပဋ္ဌာနနည်းအားဖြင့် “ရူပက္ခန္ဓပရိဇာနနဿ အဘာဝါ”ဟု မိန့်၏။

သစ္စယမိုက်၌ အဘိသမေတာဝီ၏ အရသည် သောတာပန် ပုဂ္ဂိုလ်မှစ၍ဖြစ် ၏။ ထို့ကြောင့် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သိဆဲဖြစ်၏။ ထိုသို့လျက် ယော ရူပက္ခန္ဓံ ပရိဇာနာတိ၌ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို မကောက်မူ၍ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကိုသာ အဘယ်ကြောင့် ကောက်လေသနည်းဟူမူ- “ပရိ ဇာနာတိတိ ပဒေသု အနုလောမနယေ ပရိညာကိစ္စဿ မတ္ထကပ္ပတ္တံ အဂ္ဂမဂ္ဂ သမင်္ဂိံ သန္ဓာယ အာမန္တာတိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ” (**အဋ္ဌကထာ**)။

ဤပါဠိ၌ မတ္ထကပ္ပတ္တံ ဟူသော ဝိသေသနကို ဟေတုမန္တဝိသေသန ကြံ၏။ အဓိပ္ပါယ်ကား “ခာတုနံ ကထာ ခာတုကထာ”ဟူသော ဝစနတ္ထနှင့်အညီ ခန္ဓာ စသော သဘောတရားဟု ဆိုအပ်သော ဓာတ်တို့ကိုဆိုရာဖြစ်သောကြောင့် ဓာတု ကထာမည်၏ဆိုသော်။ ဓမ္မသင်္ဂဏီစသည်တို့၌ ခန္ဓာစသော သဘောတရားတို့ကို ဟောသောကြောင့် ဓမ္မသင်္ဂဏီစသော ကျမ်းတို့သည်လည်း ဓာတုကထာ မည် ကောင်းသည်မဟုတ်လောဟူမူ။ ဓမ္မသင်္ဂဏီစသည်တို့၌ ဟောငြားသော်လည်း သာတိသယအားဖြင့် မဟော။ ဓာတုကထာ ကျမ်း၌သာလျှင် သာတိသယ

အားဖြင့် ဟော၏။ ထို့ကြောင့် ဓါတုကထာကျမ်း တခုသည်သာလျှင် ဓါတုကထာ မည်သကဲ့သို့ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် သိငြားသော်လည်း ပရိညာကိစ္စအပြီးသို့ မရောက်သေးသောကြောင့် သာတိသယအားဖြင့်မသိ။ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်သာ ပရိညာကိစ္စအပြီးသို့ရောက်သောကြောင့် သာတိသယအားဖြင့် သိ၏။ ထို့ကြောင့် အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကိုသာ သိဆဲဟုဆိုအပ်၏ ဟူလို။

"ယေစ ပုထုဇ္ဇနာ မဂ္ဂံ နပဋိလဘိဿန္တိ"၌ အလျဉ်း မဂ်ကိုမရလတ္တံ့ သည်ကိုမရလတ္တံ့ ဆိုသလော။ နှစ်ဘဝ သုံးဘဝ၌သာ မရလတ္တံ့ သည်ကို မရလတ္တံ့ ဆိုသလော ဟူမူ "ဝဋ္ဋခါဏုနာမေသော သတ္တော ပထဝီဂေါပကော ယေဘုယျေန ဝေရူပဿ ဘဝတော ဝုဋ္ဌာနံ နတ္ထိ" **(သီလက္ခန်အဋ္ဌကထာ)**။

"ဝဋ္ဋခါဏုနာမေသောတိ ဣဒံဝစနံ နေယျတ္ထံ။ နနီတတ္ထံ။ တထာဟိ ပပဉ္စသူဒနိယံ တံပနေယ ကေသိံ ယေဝ အတ္တဘာဝေ နိယတော။ ဥဒါဟု အညသ္မိမ္ပိ ကေသိံ ယေဝ နိယတော။ အာသေဝနဝသေန ပန ဒေဝသိကံ ဒိဋ္ဌိံ ရောစေတိ ဝေါတိဝုတ္တံ။ အကုသလံ ဟိ နာမေတံ အဗလံ ဒုဗ္ဗလံ၊ နကုသလံဝိယ မဟာဗလံ။ တသ္မာ ကေသိံ ယေဝ အတ္တဘာဝေ နိယတောတိ ဝုတ္တံ။ အညထာ သမ္မတ္တနိယာမေနဝိယ မိစ္ဆတ္တနိယာမောပိ အစ္စန္တိကော သိယာ။နစ အစ္စန္တိကော သိယာ ယဒိဧဝံ ဝဋ္ဋခါဏုစောဒနာ ကတန္တိ အာဟ အာသေဝနဝသေနာတိ။ တထာဟိ ယထာ သကိံ နိမုဂ္ဂေါ နိမုဂ္ဂေါ ဧဝ ဗာလောတိ ဝုတ္တံ၊ ဧဝံ ဝဋ္ဋခါဏုစောဒနာယ ဒီပေတိ။ ပစ္စယေ ပဋိစ္စ အယံ တံ တံ ဒဿနံ ဩက္ကန္တောပန ကဒါစိ တပ္ပဋိပက္ခေ ပစ္စယေ ပဋိစ္စ တတောပိ သီသုက္ခိပနမဿ ဟောတီတိ နဝတ္တဗ္ဗံ။ တသ္မာ ဝေရူပဿဟိ ယေဘုယျေန ဘဝတော ဝုဋ္ဌာနံ နာမ နတ္ထီတိ ဝုတ္တံ" **(သီလက္ခန်ဋီကာ)**။

ပရိညာဝါရ၌ မှတ်ဘွယ် အမြွက်ပြီး၏။

အဘဲ့ကြောင့် ခန္ဓာမည်သနည်းဟူမူ။ **အဋ္ဌကထာ ဋီကာ အနု မဋီကာတို့၌** အထူးမဆို။ ။"ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခါဒိတဗ္ဗောတိ ခန္ဓော" **(ဉာဏာဒ်)**။ ။"ခံ-အတ္တနိစ္စာဒိသုညံ ဓာရေန္တီတိခန္ဓာ"။ ။**(ကေက္ခရကောသဋီကာ)**။ ။ယင်းဝစနတ္ထနှင့် ပုဒ်ပြီးအနက်ဖြစ်သော ရာသတ္ထသည် အကျိုးအကြောင်း မစပ်ခဲ့တကားဟူမူ- "ယထာ ကထဉ္စိဟိ ဗျုပ္ပတ္တိ ဟောတိ။ သညာတု လောကတောယေဝ ဂန္တဗ္ဗာ" **(အဘိဓာန်ဋီကာ)**။

ခန္ဓယမိုက်၌ စိုးစဉ်းမှတ်ဘွယ် အမြွက်ဖြစ်သော

ကိုဥ္ဒနိယာမ ပဗ္ဗကား ပြီး၏။

# အာယတနယမိုက်ဂဏ္ဌိ

## ပဏ္ဏတ္တိဝါရ

“စက္ခာဒယောပိ ဟိ ဓမ္မာ ဧဝ။ ဧဝံသတိ ဓမ္မာယတနမိစ္စေဝ အဝတွာ ကသ္မာ ဒွါဒသာယတနာနိ ဝုတ္တာနီတိစေ။ ဆဝိညာဏာ ကာယုပ္ပတ္တိဒွါရာရမ္မဏ ဝဝတ္ထာနတော” **(သမ္မောဟဝိနောဒနီ)**။

ဒွါရမှအာရုံတို့ကို အဘယ့်ကြောင့် အသီးပိုင်းခြားသနည်း။ လုံး၍ပင် ဟော တော်မူပါလောဟူမူ- “ဒွါရာရမ္မဏဝိဘာဂဒဿနတ္ထာဟိ အာယတနဒေသနာ” **(အာယတနဝိဘင်းအနုဋီကာ)**။

အဘယ့်ကြောင့် အာယတနမည်သနည်းဟူမူ။ “စိတ္တစေတသိကာ ဓမ္မာ အာယ တန္တိ ဝါယမန္တိ ဃဋေန္တိ စက္ခုရူပါဒီသူတိ အာယတနာနိ” လုံ့လပြုသောဟူ သည် အဘယ်နည်းဟူမူ- “ဝါယမန္တီတိ အတ္တနော ကိစ္စံ ကရောန္တိစ္စေဝ အတ္ထော” **(အာယတနဝိဘင်းဋီကာ)**။

(တနည်းတုံ) “တေဝါ အာယဘူတေ ဓမ္မေ တနောန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ”။ ။(တနည်းတုံ) “အာယတံဝါ သံသာရဒုက္ခံ နယန္တိ ပဝတ္တယန္တီတိ အာယတနာနိ။” ။(တနည်းတုံ)

> သဉ္ဇာတိဒေသေ ဟေတုမှိ၊ ဝါသဋ္ဌာနာကရေသုစ။
> သမောသရဏဋ္ဌာနေစ၊ ယတနံ ပဒပူရဏေ။

**ဟု အဘိဓာန်၌** ဟောအပ်သော ခြောက်နက်တို့တွင် ပဒပူရဏမှ တပါး **ငါးပါးသောအနက်ကြောင့်လည်း အာယတနမည်၏**။

အဘယ့်ကြောင့် သဉ္ဇာတိဒေသဖြစ်သနည်းဟူမူ- “တန္နိဿယာရမ္မဏဘာဝေန တတ္ထေဝ ဥပ္ပတ္တိတော” အဘယ့်ကြောင့် ဟေတုဖြစ်သနည်း “တေသံ အဘာဝေ အဘာဝတော”။ ။အဘယ့်ကြောင့် ဝါသဋ္ဌာနဖြစ်သနည်း။ ။“တဒါယတ္တ ဝုတ္တိတာယ”။ ။အဘယ့်ကြောင့် အာကရဖြစ်သနည်း “တန္နိဿိတတ္တာ တဒါ ရမ္မဏတ္တာစ”။ ။အဘယ့်ကြောင့် သမောသရဏဋ္ဌာနဖြစ်သနည်း “တတ္ထ တတ္ထ ဝတ္ထုဒွါရာရမ္မဏဝသေန သမောသရဏတော” (ယင်းဟိတ်ငါးချက်ကား **သမ္မောဟဝိနောဒနီ)**။

အာယတန တဆဲ့နှစ်ပါးတို့တွင် စက္ခာယတနစသော ခြောက်ပါးသော အာယတနတို့ကို အဘယ့်ကြောင့် ရှေးဦးစွာဟောတော်မူလေသနည်းဟူမူ-

"အဇ္ဈတ္တိကဘာဝေနေဝစ ဝိသယိဘာဝေနစ အဇ္ဈတ္တိကာနံ ပဌမံ ဒဿေတဗ္ဗတ္တာ ဒဿေတိ" (**အာယတန ဝိဘင်းဋီကာ**)။

အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင် စက္ခာယတနကို အဘယ့်ကြောင့် ရှေးဦးစွာ ဟောတော်မူလေ သနည်းဟူမူ- "အဇ္ဈတ္တိကာယတနေသု သနိဒဿနသပ္ပဋိဃာလမ္ဗဏတ္တာ စက္ခာယတနံ ဝိဘူတန္တိ တံ ပဌမံ ဝုတ္တံ။ တဒနန္တရံ အနိဒဿနသပ္ပဋိဃာရမ္မဏာနိ ဣတရာနိ" (**ဋီကာကျော်**)။ "တတ္ထာပိ အသမ္ပတ္တဂ္ဂါဟကသာမညေန စက္ခာယတနာနန္တရံ သောတာယတနံ ဝုတ္တံ" (**ငင်းဋီကာကျော်**)။ "ဣတရေသု သီဃတရံ အာရမ္မဏဂ္ဂဟဏသမတ္ထတ္တာ ဃာနာယတနံ ပဌမံ ဝုတ္တံ။ ပုရတော ဌပိတမတ္တဿဟိ ဘောဇနာဒိကဿ ဂန္ဓော ဝါတာနုသာရေန ဃာနေ ပဋိဟညတိ" (**ငင်း ဋီကာကျော်**)။ ။"တဒနန္တရံ ပန ပဒေသဝုတ္တိသာမညေန ဇိဝှါယတနံ ဝုတ္တံ။ တတော သဗ္ဗဋ္ဌာနိကံ ကာယာယတနံ။ တတော ပဉ္စန္နမ္ပိ ဂေါစရဂ္ဂဟဏသမတ္ထံ မနာယတနံ" (**ငင်း ဋီကာကျော်**)။ ။ဗာဟိရာယတနတို့ကိုကား အဇ္ဈတ္တိကာယတနအား လျော်စွာ ဟောတော်မူလေသည်။

ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဓမ္မစက္ခုဟု စက္ခုသုံးပါးရှိလျက် ထိုသုံးပါတို့ကို မဟောမူ၍ ဒိဗ္ဗစက္ခု ပညာစက္ခုဟု နှစ်ပါးကိုသာ သရုပ်ထုတ်၍ အဘယ့်ကြောင့် ဟောတော်မူလေ သနည်းဟူမူ "ဣတရေသံ ဧတ္ထ သင်္ဂဟိတဘာဝတော" ဤကား "တတ္ထ တံ ဝုစ္စတေ အတ္ထဒွယမေဝ ဝတွာ ပါဠိဿသေနာတိ။ ဣတရေသံ ဧတ္ထ သင်္ဂဟိတဘာဝတော" ဟူသော ကုသလတိက်အဘွင့် **အနုဋီကာ**ပါဌ်ကို နည်းမှီ၍ ထည့်သောဟိတ်တည်း။

တဏှာကို သောတဟူ၍ဆိုသည်။ သဒ္ဒါရုံကို ကြားနာတတ်သလောဟူမူ။ ကြားနာတတ်သောကြောင့် သောတဆိုသည်မဟုတ်။ အာရုံပြုသောအားဖြင့် ဘဝဂ်တိုင်အောင် စီးတတ်သည်ဖြစ်၍ အယဉ်နှင့်တူသောကြောင့် သောတဆိုသည်ဟူလေ။

သမ္မာဝါစာ စသော ဝိရတိသုံးခုတို့ကို ပါဏာတိပါတစသည်မှ ကြဉ်တတ်သောကြောင့် **သီလက္ခန္ဓ**ဟုဆိုအပ်၏။ "သမ္မာဝါစာဒယော တယော **သီလ**မေဝ။ တသ္မာ တေ သဇာတိတော သီလက္ခန္ဓေန သင်္ဂဟိတာ" (**သမ္မောဟဝိနောဒနီ**)။

သမာဓိက္ခန္ဓ၌ သမ္မာသမာဓိကို သမာဓိပင်ဖြစ်၍ သမာဓိက္ခန္ဓဟုဆိုတန်စေ။ သမ္မာဝါယာမ သမ္မာသတိတို့ကို သမာဓိက္ခန္ဓဟုဆိုခြင်းသည် အသို့သင့်အံ့နည်း ဟူမူ- "သမ္မာဝါယာမာဒီသု ပန တီသု သမာဓိ အတ္တနော ဓမ္မတာယ အာရမ္မဏေ ဧကဂ္ဂဘာဝေန အပ္ပေတုံ နသက္ကောတိ။ ဝီရိယေန ပဂ္ဂဟနကိစ္စံ

သာမေန္တေန။ သတိယာစ အပိလာပနကိစ္စံ သာဓေန္တိယာ လဒ္ဓူပကာရော ဟုတွာ သင်္ကောတိ။ တသ္မာ သမာဓိယေဝေတ္ထ သဇာတိတော သမာဓိက္ခန္ဓေန သင်္ဂဟိတော။ ဝါယာမသတိယော ပန ကြိယတော သင်္ဂဟိတာ ဟောန္တိ" (ငင်း **သမ္မောဟဝိနောဒနီ**)။

ပညာက္ခန္ဓ၌လည်း သမ္မာဒိဋ္ဌိကို ပညာပင်ဖြစ်၍ ပညာက္ခန္ဓဟုဆိုတန်စေ။ သမ္မာသင်္ကပ္ပကို ပညာက္ခန္ဓဟုဆိုခြင်းသည် အဘယ့်သို့နည်းဟူမူ- "သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပေသုပိ ပညာ အတ္တနော ဓမ္မတာယ အနိစ္စံ ဒုက္ခံ အနတ္တာတိ အာရမ္မဏံ နိစ္ဆေတုံ နသက္ကောတိ။ ဝိတက္ကေပန အာကောဋေတွာ အာကောဋေတွာ ဒေန္တေ သက္ကောတိ။ပ။ တသ္မာ ဣဓ သမ္မာဒိဋ္ဌိယေဝ သဇာတိတော ပညာက္ခန္ဓေန သင်္ဂဟိတာ။ သမ္မာသင်္ကပ္ပေါ ပန ကြိယတော သင်္ဂဟိတော ဟောတိ" (ငင်း **သမ္မောဟဝိနောဒနီ**)။

သီလစသည်ကို အဘယ့်ကြောင့် ဂန္ဓဟုဆိုသနည်း။ အနံ့မဟုတ်ခဲ့တကားဟူမူ "သီလဂန္ဓောတိ အာဒီနိ ဝါယနဋ္ဌေန သီလာဒီနံယေဝ နာမာနိ" (**အဋ္ဌကထာ**) "ဝါယနဋ္ဌေနာတိ ပသာရဏဋ္ဌေန ပါကဋဘာဝဋ္ဌေန ဝါ" (**ဋီကာ**)။ "ဝါယနံ သဝိသယေ ဗျာပေတွာ ပဝတ္တနံ။ပ။ ယသ္မာ ပန သဝိသယဗျာပနံ၊ တတ္ထ ပသဋဘာဝေါ ပါကဋဘာဝေါ ဝါ ဟောတိ။ တသ္မာ ပသာရဏဋ္ဌေန ပါကဋဘာဝဋ္ဌေနဝါတိ ဝုတ္တံ။ အတ္တနော ဝတ္ထုဿ သူစနံ ဝါ ဝါယနံ" (**အနုဋီကာ**) "ဂန္ဓေတိ အတ္တနော ဝတ္ထုံ သူစေတီတိ ဂန္ဓော" (**ဝိဂြိုဟ်**)။

အတ္ထ ရသစသည်တို့၏ သရုပ်ကို တိကနိပါတ် အင်္ဂုတ္တိုရ်၏ အဋ္ဌကထာကို ကြည့်၍ယူ။ ယင်း အတ္ထ စသည်တို့ကို စားအပ်သော အရသာမဟုတ်ဘဲလျက် အဘယ့်ကြောင့် ရသဟုဆိုလေသနည်းဟူမူ- "အတ္ထရသောတိ အာဒီနိပိ သာဒုမဓုရဋ္ဌေန အတ္ထာဒီနညေဝ နာမာနိ" (**အဋ္ဌကထာ**)။ အဓိပ္ပါယ်ကား။ စားအပ်သော အရသာကိုသာ ရသဟုဆိုအပ်သည် မဟုတ်။ "ရသန္တိ အဿာဒေန္တိ တံ တံ သတ္တာတိ ရသော" ဟူသော ဝစနတ္ထနှင့်အညီ။ သာယာအပ်သော တရားသည် ရသ မည်၏။ အတ္ထ စသည်တို့သည်လည်း သာယာအပ်သော တရားပင်ဖြစ်ကုန်၏။ ထို့ကြောင့် ရသဟု ဆိုအပ်၏ ဟူလို။ ။ပဏ္ဏတ္တိဝါရ၌ မှတ်ဘွယ်အမြွက် ပြီး၏။

---

## ပဏ္ဏတ္တိဝါရ

စက္ခာယတနမူ၌ သဒ္ဒါယတနမူလီကို သွတ်သွင်း၍ ဟောသင့်အံ့လော။မဟောသင့်အံ့လောဟူမူ။ မဟောသင့်။ ။ယင်းသို့သော် "စက္ခာယတနမူလကာနိ ကောဒသ" ဟူသော **အဋ္ဌကထာပါဌ်**ကို အဘယ့်သို့ယူမည်နည်းဟူမူ- "ပဏ္ဏတ္တိ

ဝါရေ စက္ခာယတနမူလကာနိ ကောဒသာတိ ပဋိသန္ဓိစုတိဝသေန ဥပါဒိန္န ပဝတ္တိယာ ဥပ္ပါဒနိရောဓဝသေန တေသွိ အလဗ္ဘမာနဝိဿဇ္ဇနမ္ပိ သဒ္ဒါယတနေန သဒ္ဓိံ ယမကံ ပုစ္ဆာမတ္တလာဘေန သင်္ဂဟိတ္ဝာ ဝဒတီတိ ဒဋ္ဌဗ္ဗံ" (ဋီကာ)။ အဘဲ့ကြောင့် သဒ္ဒါယတနဝိဿဇ္ဇနာကို မဟောရသနည်း ဟူမူ။ ။ယခင်ဋီကာ ပါဠ်၌ မဟောရကြောင်းကို ပါလေပြီ။

စက္ခာယတနသာဖြစ်၍ သောတာယတန မဖြစ်ကောင်းသော ဩပပါတိကာ၌ ဒုဂ္ဂတိအဟိတ်ကိုသာ ကောက်၍ သုဂတိအဟိတ်ကို အဘဲ့ကြောင့် မကောက်လေ သနည်းဟူမူ- "သုဂတိယံ မဟာနုဘာဝေန ကမ္မုနာ နိဗ္ဗတ္တမာနာနံ ဩပပါတိ ကာနံ ဣန္ဒြိယဝေကလ္လာယောဂတော စက္ခုသောတဃာနာလာဘော သံသေ ဒဇာနံ ဘာဝါလာဘော ပဌမကပ္ပိကဩပပါတိကာနံ ဝသေနပိ" (ဋီကာ ကျော်) ဤ၌ နိဗ္ဗတ္တမာနာနံပုဒ်ကို ဟေတုမန္တ ဝိသေသနကြံ၍ နိဗ္ဗတ္တမာ နတ္တာဟု ဟိတ်ခတ်။

အဘဲ့ကြောင့် ဩပပါတိက မည်သနည်း ဟူမူ- "ဥပပါတော နေသံ အတ္ထီတိ ဩပပါတိကာ" (ငင်း ဋီကာကျော်) ဖြစ်ခြင်း ရှိသောကြောင့် ဩပပါတိက မည်၏ဟူလို။ ။ယင်းသို့သော် သံသေဒဇ ဂဗ္ဘသေယျက ပုဂ္ဂိုလ် တို့သည်လည်း ဖြစ်ခြင်းရှိသည် မဟုတ်လော ဟူမူ- "ဥက္ကံသပရိစ္ဆေဒဝသေန စေတ္ထ ဝိသိဋ္ဌဥပပါတော ဂဟိတော။ယထာ အဘိရူပဿ ကညာ ဒါတဗ္ဗာတိ"။ (ငင်းဋီကာကျော်)။ ။အဘဲ့ကြောင့် သံသေဒဇ မည်သနည်း "ကမလ ကုဟာရဂဗ္ဘမလာဒိသံသေဒဋ္ဌာနေသု ဇာတာ သံသေဒဇာ" (ငင်းဋီကာ ကျော်) ။ ဂဗ္ဘသေယျကကိုကား အဘဲ့ကြောင့် ကောက်သနည်း။ ထိုပုဂ္ဂိုလ်အား ပဋိသန္ဓေခဏ၌ စက္ခာယတန သည် မရှိခဲ့တကား ဟူမူ- "အဒ္ဓါပစ္စုပ္ပန္နဉ္စေတ္ထ ဂဓတ္တာ"။ ။အဒ္ဓါပစ္စုပ္ပါန်ဟူသည် အဘယ်နည်းဟူမူ။

ပစ္စုပ္ပန္နံ တိဓာ ဝုတ္တံ၊ ခဏသန္တတိ အဒ္ဓတော။
တတ္ထဟိ ခဏသမ္ပတ္တံ၊ ပစ္စုပ္ပန္နံ ခဏာဒိကံ။ ။
ကေဒ္ဒေ သန္တတိဝါရ၊ ပရိယာပန္နမ္ပိ တမ္ပန။
သန္တတိ ပစ္စုပ္ပန္နန္တိ၊ အာဟု သန္တတိကောဝိဒါ။
ဧကဘဝပရိစ္ဆိန္နံ၊ ပစ္စုပ္ပန္နန္တိ ပစ္စိမံ။ ။

## ( အဘိဓမ္မာဝတာရ )

စက္ခာယတနသာဖြစ်၍ သောတာယတန မဖြစ်မီစုတေလတ္တံ့သောပုဂ္ဂိုလ်တို့ အား သဟိတ် ပဋိသန္ဓေ မနေ၊အဟိတ် ပဋိသန္ဓေသာ နေကြောင်းကို အဘယ် ကိုထောက်၍ သိအပ်သနည်း ဟူမူ- "ဂဗ္ဘသေယျကာနဉ္စ အနုပ္ပန္နေသု စက္ခာ

ဒီသု **စဝန္တာနံ** အဟေတုကပဋိသန္ဓိကတာ သဟေတုကပဋိသန္ဓိကာနံ ကာမာ **ဝစရာနံ** နိယမတော သစက္ခုကာဒိဘာဝဒဿနေန ဒဿိတာ ဟောတိ" **(ဣန္ဒြိယယမိုက်ဋီကာ)**။

သောတာယတန မဖြစ်မီ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့သည် အဘဲ့ကြောင့် သဟိတ်ပဋိသန္ဓေ မနေကုန်သနည်း ဟူမူ- "အဠ္ဌဟိ သဟေတုကမဟာဝိပါကေ ဟိ ကာမာဝစရဒေဝေသုစေဝ မနုဿေသုစ ပုညဝန္တာနံ ပဋိသန္ဓိ ဟောတိ" ဟူသော **သမ္မောဟဝိနောဒနီ** အမိန့်နှင့်အညီ ပုညဝန္တ ပုဂ္ဂိုလ်တို့အားသာ သ ဟိတ် ပဋိသန္ဓေသည်ဖြစ်၏။ ပုညဝန္တပုဂ္ဂိုလ်တို့သည်လည်း ကောင်းမှုကြီးပွါးသူ ဖြစ်၍ သောတာယတန မဖြစ်မီ စုတေခြင်း မည်သည်မရှိ။ ထို့ကြောင့် သော တာယတန မဖြစ်မီ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့သည် သဟိတ်ပဋိသန္ဓေ မနေ ကုန်ဟူလေ။

သောတချို့သော ပုဂ္ဂိုလ်သည် အကုသိုလ်ကံ တားမြစ်၍တည်း သောတ ချို့သလော။ ပဋိသန္ဓေကို ပေးရင်းကံသည်ပင် အားနည်းသည်ဖြစ်၍ သောတ ကို မဖြစ်စေနိုင်သောကြောင့်တည်း သောတချို့သလောဟူမူ- "စက္ခုပ္ပတ္တိ ဝိဗန္ဓကကမ္မပ္ပဋိဗာဟိတသာမတ္ထိယေန ဒိန္နပဋိသန္ဓိနာ ဣတရေနာပိဝါ ကမ္မေန အနုပ္ပါဒေတဗ္ဗစက္ခုကော သတ္တော ဇစ္စန္ဓောနာမ" **(ဋီကာကျော်)** ။

ဂဗ္ဘသေယျက ကို ကောက်ခြင်းသည်ကား **ဋီကာဆရာ** အယူသို့ လိုက်၍ အဒ္ဓါပစ္စုပ္ပန် အားဖြင့် ကောက်သတည်း။ **အဋ္ဌကထာဆရာကား** ခဏ **ပစ္စုပ္ပန်ယူ၍** "သစက္ခုကာနံ အသောတကာနန္တိ အပါယေ ဇာတိဗဓိရဩပ ပါတိကံ သန္ဓာယ ဝုတ္တံ"ဟု မိန့်၏။ ဤ**အဋ္ဌကထာပါဠိ**၌ သံသေဒဇပုဂ္ဂိုလ်ကို ဩပပါတိက၌ သွင်းသတည်း။ ။(တနည်းကား) ပဌာနမဟုတ်သောကြောင့် မကောက်လေသတည်း။ ယင်းသို့ မကောက်အပ်သော အဖြစ်ကိုကား။ **ပဋိစ္စ သမုပ္ပါဒဝိဘင်း အနုဋီကာကို** ရှုသဖြင့် သိအပ်၏။ ။

ဃာနာယတနမူလီ အနုလောမ သန္နိဋ္ဌာန်၌ ဩပပါတိကပုဂ္ဂိုလ်ကို အဘယ့် ကြောင့်မကောက်သနည်းဟူမူ- "ကာမဓာတုယမ္ပန အဃာနကော ဩပပါတိ ကော နတ္ထိ" **(ယမိုက်အဋ္ဌကထာ)** "ဒုဂ္ဂတိယမ္ပန စက္ခုသောတဘာဝါလာဘော ဒိန္နမ္ပိ ဝသေန ဃာနာလာဘော သံသေဒဇာနမေဝ ဝသေန နဩပပါတိကဝသေ နာတိ ဒဋ္ဌဗ္ဗံ" **(ဋီကာကျော်)** သင်္ဂြိုဟ်ဆရာသည် သံသေဒဇဩပပါတိကပုဂ္ဂိုလ် တို့အား ဩမကအားဖြင့် စက္ခု သောတ ဃာန ဘာဝတို့ကို မရအပ်ဟု သာမည ဆိုသည်ကို ဃာနကို မရခြင်းသည် သံသေဒဇပုဂ္ဂိုလ်တို့အားသာ ဟု အဘယ့် ကြောင့်ခွဲခြမ်း၍ ယူရသနည်းဟူမူ- "ကေဟောဂနိဒ္ဒြေဋ္ဌသာပိ ကေဒေသော သမ္ဘန္ဓိ **လာဘတိ"** **(ပဋိစ္စသမုပ္ပါဒဝိဘင်းအနုဋီကာ)** သစက္ခုကာနံ အဃာနကာနံ အရကို

ရူပပုဂ္ဂိုလ်ကိုလည်း ကောက်သည်။ ထိုရူပပုဂ္ဂိုလ်တို့အား နှာခေါင်းမရှိသလော ဟူမူ- "ဃာနံ အတ္ထိ ဃာနပသာဒေါစ ဃာနဝိညာဏဉ္စ နတ္ထိ။ တသ္မာ ဂန္ဓံ နဇာနန္တိ" (**ဇိနာလင်္ကာရဋီကာ**) နှာခေါင်းရှိလျက် ဃာနပသာဒသည် အဘယ့်ကြောင့် မဖြစ်သနည်းဟူမူ- "ဃာနာဒိတ္တယံ နတ္ထိ ဗြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန ဂန္ဓ ရသ ဖောဋ္ဌဗ္ဗေသုပိ ဝိရတ္တတာယ တဗ္ဗိသယပသာဒေသုပိ ဝိရာဂဘာဝတော" (**ဋီကာကျော်**)။

ဂန္ဓာယတနမူလိ၌ အာမန္တာထွက်မည်လော။ ဝိဘင်းထွက်မည်လော ဟူမူ- "အဂန္ဓကာနံ အရသကာနံ အဖောဋ္ဌဗ္ဗကာနန္တိ ယောဇနာ ဝေဒိတဗ္ဗာ" (ဤ**အာယတနယမိုက်အဋ္ဌကထာ**) ယင်းသို့သော် ရူပပုဂ္ဂိုလ်တို့အား ဂန္ဓ မရှိသလောဟူမူ- "ဂန္ဓာဒိနိ စေတ္ထ အာယတနဘူတာနေဝ အဓိပ္ပေတာနိ။ တသ္မာ သရူပကာနံ သဂန္ဓာယတနန္တိ အာယတနဝသေနေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော"(ဋ္ဌင်း) ဤ**အာယတန ယမိုက် အဋ္ဌကထာ**၌ ဂန္ဓရှိ၏။ ဂန္ဓာယတနသာ မဖွဲ့ရသည် ဟူလို။ အဘယ့်ကြောင့် ဂန္ဓသည် ရှိလျက် ဂန္ဓာယတန မဖွဲ့ရသနည်း ဟူမူ- "ယသ္မာပန ရူပဓာတုပရိယာပန္နာနံ သတ္တာနံ ဃာနာယတနာဒိနမဘာဝေန ဂန္ဓာယတနာဒိနိ အာယတနာဒိကိစ္စံ နကရောန္တိ၊ တသ္မာ ရူပဓာတုယာ ဆအာယတနာ နဝဓာတုယောတိအာဒိဝုတ္တံ" (**သမ္မောဟဝိနောဒနီ ဓမ္မဟဒယဝိဘင်းအဖွင့်**) ယင်းသို့သော် ရူပဘုံ၌ရှိသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့ကိုအဘယ်အာယတန ဖွဲ့မည်နည်း။ ဓမ္မာယတနဖွဲ့အပ်၏။ အဘယ့်ကြောင့် ဓမ္မာယတန ဖွဲ့အပ်သနည်း ဟူမူ- "ဓမ္မသဘာဝါ နာတိဝတ္တနတော မနောဝိညာဏဿစ ဝိသယဘာဝူပဂမနတော ဓမ္မာယတနန္တောဂဓေ ကတွာ ပဉ္စာယတနာနီတိ ပါဠိယံ ဝုတ္တံ" (**ပဋိစ္စသမုပ္ပါဒ ဝိဘင်းအနုဋီကာ**)။ ။

ဃာနာယတနမူ ဇိဝှါယတနမူလိ၌ အာမန္တာထွက်မည်လော။ ဝိဘင်း ထွက်မည်လော ဟူမူ- "တေသု ဟိ ဇိဝှါကာယာယတနယမကေသု တိဏ္ဏံပုစ္ဆာနံ အာမန္တာတိ ဝိဿဇ္ဇနေန ဘဝိတဗ္ဗံ။ ပစ္ဆိမပုစ္ဆာယ သကာယကာနံ အဃာနကာနံ ဥပပဇ္ဇန္တာနန္တိ အာဒိနာ"(**အာယတန ယမိုက်ဋီကာ**)ရသင့်လျက်အဘယ့်ကြောင့် ဝိဘင်းမထွက်လေသနည်း ဟူမူ- "ယထာ စက္ခုသောတာနိ ရူပဘဝေ ဃာန ဇိဝှါဟိ ဝိနာ ပဝတ္တန္တိ။နဧဝံ ဃာနဇိဝှါ အညမညံ ဝိနာ ပဝတ္တန္တိ ဒွိန္နမ္ပိ ရူပဘဝေ အနုပ္ပဇ္ဇနတောတိ ဧဝံ ဝိသုံဝိသုံ ကာမဘဝေ အပ္ပဝတ္တိဝသေန တေသံ သဟစရိတာ ဝုတ္တာ" (**ဋီကာကျော်**) အာယတနယမိုက်၌ မှတ်ဘွယ် အမြွက်ပြီး၏။ ။

# ဓာတုယမိုက်ဂဏ္ဍီ

အဘယ့်ကြောင့် ဓာတ်မည်သနည်း ဟူမူ-
ဝိဒဟတိ ဝိဓာနဥ္စ၊ ဓိယတေစ ဝိဓိယတေ။
တောယ ဓိယတေ ဌေ၊ ဉာတိဝါ ဓာတုသမ္မတာ။
သရီရသေလာဝယဝ၊ ဓာတုယောဝိယ ဓာတုယော။ ။

## (ဋီကာကျော် ဆောင်ပါဠိ)

ဓာတုသဒ္ဒါ၏ အနက်ကား အဘယ်နည်း ဟူမူ- "ဓာတွတ္ထောနာမ သဘာဝတ္ထော။ သဘာဝတ္ထောနာမ သုညတတ္ထော။ သုညတတ္ထောနာမ နိဿတ္တတ္ထော" **(သမ္မောဟဝိနောဒနီ)**။ ။

ထိုသို့သော် သုတ်အဘိဓမ္မာတို့၌ ဟောအပ်သော အာရမ္မဏဓာတ် သုတဓာတ် အစရှိသော များစွာသော ဓာတ်တို့သည် ရှိကုန်လျက် အဋ္ဌာရသဟူ၍သာ အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူမူ- "သဘာဝတော ဝိဇ္ဇမာနာနံ သဗ္ဗဓာတူနံ တဒန္တောဂဓတ္တာ" **(ၚင်းသမ္မောဟဝိနောဒနီ)**။

စက္ခုဝိညာဏဓာတ် စသည်တို့ကို ရူပဝိညာဏဓာတ် သဒ္ဒဝိညာဏဓာတ် စသည်ဖြင့် အာရုံအားဖြင့် အမည်ကိုမထုတ်မူ၍ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် စသည်ဖြင့် ဝတ္ထုအားဖြင့် အဘယ့်ကြောင့် အမည်ကို ထုတ်လေသနည်း ဟူမူ- "ရူပါဒီနံ ပစ္စယာနံ အညဝိညာဏသာဓာရဏတ္တာ အသာဓာရဏေန ဝတ္ထုနာ စက္ခုဝိညာဏံ သောတဝိညာဏန္တိ နာမံ ဥဒ္ဒဋ္ဌံ" **(ဓမ္မသင်္ဂဏီဋီကာ အဗျာကတပဒနိဒ္ဒေသအဖွင့်)** အသာဓာရဏနည်း ဟူလို။ ထို့ကြောင့် အနုဋီကာရှင်သည် "အသာဓာရဏေန နာမံ ဥဒ္ဒဋ္ဌံ ဘေရိသဒ္ဒေါ ယဝင်္ကုရောတိ ယထာ" ဟု မိန့်လေသတည်း။

စက္ခုပုဒ်နှင့်ဝိညာဏပုဒ်ကို အသို့ဝါကျလုပ်မည်နည်း ဟူမူ- စက္ခုဿ ဝိညာဏံ စက္ခုဝိညာဏံဟု လုပ်။ ။စက္ခုဿကား အဘယ်သမ္ဗန်နည်း။ ဝိညာဏံကား အဘယ်သမ္ဗန္ဓိနည်း ဟူမူ။ကာရဏသမ္ဗန် ဖလသမ္ဗန္ဓိဟူပေ။ထို့ကြောင့် **အဋ္ဌသာလိနီ**၌ "စက္ခုဝိညာဏန္တိ ကာရဏဘူတဿ စက္ခုဿ"ဟု မိန့်၏။ ။(တနည်းတုံ) "စက္ခုတောဝါ ပဝတ္တံ စက္ခုသ္မိံဝါ နိဿိတံ ဝိညာဏန္တိ စက္ခုဝိညာဏံ" (ၚင်း **အဋ္ဌသာလိနီ**) "မနောဝ ဓာတု မနောဓာတု" (ၚင်း) "အညေသံ စိတ္တာနံ သဘာဝသုညတသဗ္ဗာဝါ မနောဓာတုဘာဝေါ အာပဇ္ဇတီတိစေ။ နဝိသေသသဗ္ဗာဝါ" **(မူလဋီကာ)**။

အဘယ်သို့ ထူးသောသဘောရှိသနည်း ဟူမူ- “စက္ခုဝိညာဏာဒီနဥ္စ စက္ခာဒိ နိဿိတတာ စက္ခာဒီနံ သဝိသယေသု ဒဿနာဒိပဝတ္တိဘာဝတာစ ဝိသေသော။ မနောဝိညာဏဿ ပန အနညနိဿယမနောပုဗ္ဗင်္ဂမတာယ အညနိဿယဝိညာဏဿ အနန္တရပစ္စယတ္တာဘာဝေန မနောဒွါရနိဂ္ဂမနမုခဘာဝါဘာဝတောစ သာတိသယ ဝိဇာနနကိစ္စတာ ဝိသေသော” (**မူလဋီကာ**)။

ဝိသေသန သဘောရှိသော ဓာတ်ကို မနောဓာတ် ဟု မဆိုအပ်ဟူသော် အဘယ်သို့ လက္ခဏာရှိသော ဓာတ်ကို မနောဓာတ် ဟု ဆိုအပ်သနည်း ဟူမူ- “တဗ္ဗိသေသသဝိရဟိတာ မနောမတ္တံ ဓာတု မနောဓာတူတိ တိဝိဓာ မနောဓာတုဧဝ ဝုစ္စတိ န ဝိသေသမနော” (ၡင်း)။

အဘယ့်ကြောင့်ကား အတိသယ ဝိဇာနန ကိစ္စမှကင်းသနည်းဟူမူ “မနော ဒွါရ နိဂ္ဂမနပဝေသနမုခဘာဝတော ပန မနောဓာတုယာ ဝိဇာနနဝိသေသဝိရ ဟော ဒဋ္ဌဗ္ဗော” (ၡင်း)။

ဤမနောဓာတ် သုံးပါးကို အဘယ့်ကြောင့်ကား မနောဝိညာဏဓာတ်ဟု မဆိုသနည်းဟူမူ- “တတောဧဝ မနောဝိညာဏန္တိပိ န ဝုစ္စတိ။ နဟိတံ ဝိညာဏံ မနတော ပဝတ္တံ မနသော ပစ္စယော။ နာပိမနသော ပစ္စယဘူတံ မနတော ပဝတ္တံ ဒဿနာဒီနံပန ပစ္စယော” (ၡင်း)။

မနောဝိညာဏဓာတ်ဟု မဆိုရသော် သင်္ဂြိုဟ်ဝိဘာဝိနီ၌ “ဆဝိညာဏာနိ” ဟူရာဝယ် မနောဝိညာဉ်မှ မလွတ်ခဲ့ပြီလော ဟူမူ- “ယဒိမနောဓာတု မနောဝိညာဏန္တိ န ဝုစ္စတိ။ ဆဝိညာဏကာယာဒိကထံ မနောဓာတုယာ တတ္ထ သင်္ဂဟောတိ သင်္ဂဟောဧဝ ပရိယာယ ဒေသနတ္တာ။ အတ္ထိဟိ သော ပရိယာယော။ မနနမတ္တံ ဝိညာဏံ မနောဝိညာဏန္တိ” (**ဝမ္မသင်္ဂဏီအနုဋီကာ**)။ မှချဖြစ်သော မနော ဝိညာဉ်ကိုကား “မနောယေဝ ဝိသိဋ္ဌဝိဇာနနကိစ္စယောဂတော ဝိညာဏံ မနော ဝိညာဏံ။ မနသော ဝါ ဝိညာဏံ၊ မနောဝိညာဏံ” ဟူပြီ။ (**ဋီကာကျော်**)။ မနောဓာတ် သုံးခုကိုသာ မနောဟုဆိုအပ်၏။ ကြွင်းသောမနောကို မနောဓာတ် ဟု ဆိုအပ်သည်ရှိသော် မနောဧဝဓာတု မနောဓာတုဟူသော အဋ္ဌကထာကို သင့်အောင် အဘယ်သို့အနက်ယောဇနာ မည်နည်းဟူမူ- “မနောဧဝ ဓာတု မနော ဓာတူတိ ဧဝသဒ္ဒေါ မတ္တသဒ္ဒတ္ထော ဒဋ္ဌဗ္ဗော ဝိသေသနနိဝတ္တနတ္ထော ဟိ သော တဝိညာဏဿ” (**ဝမ္မသင်္ဂဏီဋီကာ**)။

ပဝတ္တိဝါရ၌ သဒ္ဒဓာတ်၊ စက္ခုဝိညာဏဓာတ်စသော ခြောက်ပါးသောဓာတ် တို့ကို စုတိပဋိသန္ဓေ အခါမရသောကြောင့် မဟောရ။ ။ခန္ဓာငါးပါးဟူသည်

လည်း ကုသိုလ် အကုသိုလ် အဗျာကတ တရားသုံးပါးပင်။ အာယတန တဆဲ့နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါး ဟူသည်လည်း ထိုတရားသုံးပါးပင်။ ထိုသို့ တရားကိုယ် အတူတူဖြစ်လျက် ခန္ဓယမိုက်စသော ယမိုက်သုံးကျမ်းတွင် တကျမ်းတကျမ်းကိုသာ မဟောမူ၍ သုံးကျမ်းလုံးကို အဘယ့်ကြောင့် ဟောလေသနည်းဟူမူ- "တိဝိဓသတ္တာနုဂ္ဂဟာယ အဓိပ္ပေတတ္တာ။ နာမရူပတဒုဘယသမ္မူဠာနာနံ ဝသေန ဟိ တိက္ခနာတိတိက္ခမုဒိန္ဒြိယဝသေန သင်္ခိတ္တ မဇ္ဈိမ ဝိတ္ထာရ ရုစိဝသေနစ တိဝိဓာ သတ္တာ" **(ဋီကာကျော်)**။

ဓာတုယမိုက် ပြီး၏။

# သစ္စယမိုက်ဂဏ္ဍီ

## ပဏ္ဏတ္တိဝါရ

သစ္စာဟူသည် မဖောက်မပြန်မှန်သည်ဟု ဆိုလိုသည်။ ။အဘယ်သို့မှန်သနည်းဟူမူ—

နာဗာဓကံ ယတော ဒုက္ခံ၊ ဒုက္ခာ အညံ့ နဗာဓကံ။
ဗာဓကတ္တနိယာမေန၊ တတော သစ္စမိဒံ မတံ။ ။
တံဝိနာ နာညတော ဒုက္ခံ၊ နဟောတိ နစ တံ တတော။
ဒုက္ခဟေတုနိယာမေန၊ ဣတိ သစ္စံ ဝိသတ္တိကာ။ ။
နာညာ နိဗ္ဗာနတော သန္တိ၊ သန္တံ နစ နတံ ယတော။
သန္တဘာဝနိယာမေန၊ တတော သစ္စမိဒံ မတံ။ ။
မဂ္ဂါ အညံ နနိယျာနံ၊ အနိယျာနော နစာပိသော။
တစ္ဆနိယျာနဘာဝတ္တာ၊ ဣတိ သော သစ္စသမ္မတော။ ။

အဘယ့်ကြောင့် သစ္စာကို လေးပါးသာ ဟောတော်မူလေသနည်း ဟူမူ။ "ကသ္မာပန စတ္တာရေဝ အရိယသစ္စာနိ ဝုတ္တာနိ အနူနာနိ အနဓိကာနီတိစေ။ အညဿာသမ္ဘဝတော အညတရဿစ အပနေယျာဘာဝတော။ ။အပိစ ပဝတ္တိမာစိက္ခန္တော ဘဂဝါ သဟေတုကံ အာစိက္ခိ။ နိဝတ္တိဉ္စ သဥပါယံ။ ဣတိ ပဝတ္တိ နိဝတ္တိ တဒုဘယဟေတူနံ ဧတပ္ပရမတော စတ္တာရေဝ ဝုတ္တာနိ" (**ဤသုံးရပ်ကား သမ္မောဟဝိနောဒနီ**) "ကသ္မာပန အညေသုပိ ဒုက္ခဟေတူသု သန္တေသု တဏှာယေဝ သမုဒယောတိ ဝုတ္တာတိ။ ပဓာနကာရဏတ္တာ" (**ဋီကာကျော်**)။ အဘယ့်ကြောင့် အကြောင်းဖြစ်သနည်းဟူမူ- "ကမ္မဝိစိတ္တတာ ဟေတုဘာဝေနဟိ ကမ္မဿ သဟာယဘာဝူပဂမနေန စ ဝိစိတ္တတာ ကာရဏတ္တာ တဏှာ ဒုက္ခဿ ဝိသေသကာရဏန္တိ" (**ငင်းဋီကာကျော်**)။

သစ္စာအနက် တဆဲ့ခြောက်ချက်ဟူသည် အဘယ်နည်း ဟူမူ- "ဒုက္ခဿ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော၊ ဣမေ စတ္တာရော ဒုက္ခဿ ဒုက္ခဋ္ဌာ တထာ အဝိတထာ အနညထာ။ သမုဒယဿ အာယူဟနဋ္ဌော၊ နိဒါနဋ္ဌော၊ သံယောဂဋ္ဌော၊ ပလိဗောဓဋ္ဌော။ပ။ နိရောဓဿ နိဿရဏဋ္ဌော၊ ဝိဝေကဋ္ဌော၊ အသင်္ခတဋ္ဌော၊ အမတဋ္ဌော။ပ။ မဂ္ဂဿ နိယျာနဋ္ဌော၊ ဟေတွဋ္ဌော၊ ဒဿနဋ္ဌော၊ အဓိပတေယျဋ္ဌော၊ ဣမေ စတ္တာရော မဂ္ဂဿ မဂ္ဂဋ္ဌာ တထာ အဝိတထာ အနညထာ" (**သမ္မောဟဝိနောဒနီ ဆောင်ပါဠ်**)။

သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာကို အဘယ့်ကြောင့် ရှေးဦးစွာဟောတော်မူလေသနည်း။ "ဩဠာရိကတ္တာ သဗ္ဗသတ္တသာဓာရဏတ္တာစ သုဝိညေယျန္တိ ဒုက္ခသစ္စံ ပဌမံ ဝုတ္တံ။ တဿေဝ ဟေတုဒဿနတ္ထံ တဒနန္တရံ သမုဒယသစ္စံ။ ဟေတုနိရောဓာ ဖလနိရောဓောတိ ဉာပနတ္ထံ တတော နိရောဓသစ္စံ။ တဒဓိဂမုပါယဒဿနတ္ထံ အန္တေ မဂ္ဂသစ္စံ" (**ရှင်းသမ္မောဟဝိနောဒနီ**)။ ။ဒုက္ခဋ္ဌ တံ သစ္စဋ္ဌာတိ ဒုက္ခသစ္စံ ဟူသော ဝစနတ္ထအားဖြင့် ကာယိကဒုက္ခ စေတသိကဒုက္ခ တဏှာမှ တပါးသော တေဘူမကဓမ္မသည် ဝါကျအခိုက်ဝယ်၊ ဒုက္ခမည်လျက်ကို အဝသေသံ ဒုက္ခသစ္စံ န ဒုက္ခံ ဟု အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူမူ- "ဧတ္ထ ကိဉ္စာပိ ဒုက္ခဒုက္ခံ သင်္ခါရဒုက္ခံ ဝိပရိဏာမဒုက္ခန္တိ တီသုပိ ဒုက္ခသဒ္ဒေါ ပဝတ္တတိ။ ဇာတိပိ ဒုက္ခာတိအာဒိနာ ဇာတိအာဒီသု စ။ သော ပန ဒုက္ခဒုက္ခတော အညတ္ထ ပဝတ္တမာနော အညနိရပေက္ခော န ပဝတ္တတီတိ။ သုဒ္ဓေဧတ္ထ ဒုက္ခပဒံ အညနိရပေက္ခံ ဂဟေတွာ ပဏ္ဏတ္တိသောဓနံ ကရောတိ။ တေန နိပ္ပရိယာယတော ဒုက္ခသဘာဝတ္တာ ဧဝ ယံ ဒုက္ခဒုက္ခံ တသ္မိံ ဒုက္ခဒုက္ခေ သေ ဒုက္ခသဒ္ဒေါ" (**သစ္စယမိုက်ဋီကာ**)။

ဤ၌ အဝသေသံ ဒုက္ခသစ္စံ၏ အရကို **တောင်ဘီလာနိဿျ** စသည်တို့၌ လောကီစိတ် စေတသိက် ရူပိန္ဒြိယဗဒ္ဓရုပ်ကိုသာ ကောက်၍ အနိန္ဒြိယဗဒ္ဓရုပ်ကို ပစ္စနိက်၌သွင်းကုန်၏။ ထိုသို့သွင်းရာ၌ "ရူတရံ ပန အရိယသစ္စဒွယံ သိယာ ဒုက္ခံ အနိစ္စတော။ န ပန ယဿ ပရိညာယ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ တထဋ္ဌေန။ သဗ္ဗာကာရေန ပန ဥပါဒါနက္ခန္ဓပဉ္စကံ ဒုက္ခဋ္ဌေဝ အရိယသစ္စဋ္ဌ အညတြ တဏှာယ မဂ္ဂသမ္ပယုတ္တာ ဓမ္မာ သာမညဖလာနိစ ယဿ ပရိညတ္တံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ၊ တထဋ္ဌေန နေဝဒုက္ခံ န အရိယသစ္စံ" (ဟူသော **သမ္မောဟဝိနောဒနီ**)။ ။စတုက္ကဝိနိစ္ဆယ အဆုံးအဖြတ်ပါဌ်ကို နှလုံးသွင်း၍ ဆင်ခြင်။ **ဋီကာအနုတို့၌** အထူးမဘွင့်။ ။ဤပါဌ်နှင့် ဥပါဒါနက္ခန္ဓပဉ္စကံကို ထောက်သော် ကောက်သင့်သကဲ့သို့ ရှိ၏။ မဂ္ဂသမ္ပယုတ္တာ ဓမ္မာ စသောပါဌ်ကို ထောက်မူ မကောက်သင့်။ **ဤယမိုက်အဋ္ဌကထာ၌လည်း** "အဝသေသံ ဒုက္ခသစ္စန္တိ ဒုက္ခဝေဒနာယစေဝ တဏှာယစ ဝိနိမုတ္တာ တေဘူမကဓမ္မာ ဝေဒိတဗ္ဗာ" ဟူ၍သာ လာ၏။ ထိုသို့ကောက်ရာ၌ အနိန္ဒြိယဗဒ္ဓရုပ် အင်္ဂဝိသဟုဆိုခြင်းသည် အယုတ္တတည်း။ အနိန္ဒြိယဗဒ္ဓ၌ ဥတုဇ အဋ္ဌကလာပ်ရုပ် သဒ္ဒနဝက ကလာပ်ကိုသာ ရသောကြောင့်တည်း။

မဂ္ဂသာမည၌ ဖလင်္ဂိကမင်္ဂကို ကောက်သင့်မည်လော။ မကောက်သင့် မည်လောဟူမူ- "မဂ္ဂသဒ္ဒေါစ ဖလင်္ဂေသု မဂ္ဂဖလတ္တာ ပဝတ္တတိ။ နမဂ္ဂကိစ္စသဗ္ဘာဝါ။ ပရိနိဋ္ဌိတနိယျာနကိစ္စာနိဟိ တာနိ။ နိယျာနဝါစကော စေတ္ထ မဂ္ဂသဒ္ဒေါ နနိယျာနဖလဝါစကော" (**သစ္စယမိုက်ဋီကာ** သုဒ္ဓသစ္စဝါရအဘွင့်)။

သုဒ္ဓသစ္စဝါရ ဝယ် "သမုဒယော သစ္စန္တိ အာမန္တာ"၌ သမုဒယသာမည, သမုဒယသစ္စာ နှစ်ပါးလုံးကိုပင် ကောက်မည်လော။ သမုဒယသစ္စာကို ကောက်မည်လောဟူမူ- "သုဒ္ဓသစ္စဝါရေ သစ္စဝိဘင်္ဂေ ဝုတ္တောသု သမုဒယောသု ကောစိ ဖလဓမ္မေသု နတ္ထိ။ န စ ဖလဓမ္မေသု ကောစိ နိရောဓောတိ ဝုစ္စမာနော အတ္ထိ။ မဂ္ဂသဒ္ဒေါစ ဖလင်္ဂေသု မဂ္ဂဖလတ္တာ ပဝတ္တတိ။ နမဂ္ဂကိစ္စသဗ္ဘာဝါ။ ပရိနိဋ္ဌိတ နိယျာနကိစ္စာနိ ဟိ တာနိ။ နိယျာနဝါစကော စေတ္ထ မဂ္ဂသဒ္ဒေါ နနိယျာနဖလ ဝါစကော။ တသ္မာ သမုဒယော သစ္စံ နိရောဓော သစ္စံ မဂ္ဂေါ သစ္စန္တိ ဧတေသုပိ အာမန္တာတ္ဝေစ္စ ဝိဿဇ္ဇနံ ကတံ။ အထ ဝါ ပဒသောဓနေန ပဒေသု သောဓိတေ-သု သစ္စဝိသေသနဘူတာ ဧဝ ဒုက္ခာဒိသဒ္ဒါ ဣဓ ဂဟိတာတိ ဝိညာယန္တိ။ တေသံ ပန ကေဝလေန သစ္စဝိသေသနဘာဝံ သစ္စာနဥ္စ တဗ္ဗိသေသနယောဂဝိသေသံ ဒီပေတုံ သုဒ္ဓသစ္စဝါရော ဝုတ္တောတိ သစ္စဝိသေသနာနံ ဒုက္ခာဒီနံ ကေဝလသစ္စတ္တာ ဒုက္ခံ သစ္စံ နိရောဓော သစ္စံ မဂ္ဂေါ သစ္စန္တိ အာမန္တာတိ ဝုတ္တံ။ ။ယထာ စေတ္ထ ဧဝံ ခန္ဓယမကာဒီသုပိ သုဒ္ဓခန္ဓာဒိဝါရေသု ခန္ဓာဒိဝိသေသနဘူတာနမေဝ ရူပါဒီနံ ဂဟဏံ ဝုတ္တံ" (**သစ္စယမိုက်ဋီကာ**)။ ။ပဏ္ဏတ္တိဝါရပြီး၏။

---

## ပဝတ္တိဝါရ

ပဝတ္တိဝါရ၌ နိရောဓသစ္စာကို အဘဲ့ကြောင့် မဟောရသနည်းဟူမူ- "နိရောဓဿ နေဝ ဥပ္ပါဒေါ နနိရောဓော ယုဇ္ဇတိ" (**အဋ္ဌကထာ**)။ ။ဒုက္ခသစ္စမူ သမုဒယသစ္စမူလီ၌ တဏှာဝိပ္ပယုတ္တစိတ္တဿ၏အရကို စတုဝေါကာရ ပဉ္စဝေါကာရ နှစ်ပါးလုံးပင်ယူမည်လော။ ပဉ္စဝေါကာရ၌သာ ယူမည်လောဟူမူ- "တဏှာဝိပ္ပယုတ္တစိတ္တဿာတိ ဣဒံ ဒုက္ခသစ္စသမုဒယသစ္စေသု ကေကောဋ္ဌာသဿ ဥပ္ပတ္တိ ဒဿနတ္ထံ ဝုတ္တံ။ တသ္မာ ပဉ္စဝေါကာရဝသေနေဝ ဂဟေတဗ္ဗံ" (**သစ္စယမိုက် အဋ္ဌကထာ**)။ "တဏှာဝိပ္ပယုတ္တစိတ္တဿာတိ ဣဒံ ပဉ္စဝေါကာရဝသေနေဝ ဂဟေတဗ္ဗန္တိ ဝုတ္တံ။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ ဧတေန ပန သန္နိဋ္ဌာနေန သဗ္ဗေ ဥပပဇ္ဇန္တာ ပဝတ္တိယံ စတုဝေါကာရေ မဂ္ဂဖလတော အညစိတ္တာနံ ဥပ္ပါဒက္ခဏ သမင်္ဂိနော ပဉ္စဝေါကာရေစ သဗ္ဗစိတ္တာနံ ဥပ္ပါဒက္ခဏသမင်္ဂိနော သင်္ဂဟိတာတိ တေသွေဝ သန္နိဋ္ဌာနေန နိစ္ဆိတေသု ကေစိပဝတ္တေ တဏှာဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါ ဒက္ခဏေတိ ဧတေန ဒုက္ခသမုဒယေသု ကေကောဋ္ဌာသပဝတ္တိသမင်္ဂိနော ဒဿိယန္တိ သန္နိဋ္ဌာနေန ဂဟိတဿေဝ ဝိဘာဂဒဿနတော။ တေန စတုဝေါကာရာနမ္ပိ ဂဟဏံ ဥပပန္နမေဝ။ နဟိ တေသု မဂ္ဂဖလုပ္ပါဒသမင်္ဂီသု ပသင်္ဂတာ အတ္ထိ။ တံသမင်္ဂီနံ တေသံ သန္နိဋ္ဌာနေန အဂဟိတတ္တာ" (**ငင်းသစ္စယမိုက်ဋီကာ**)။

တဏှာဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ၌ ပဝတ္တိဇီဝိတဆက္က ပဝတ္တိဇီဝိတနဝက တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ အသညသတ် ပုဂ္ဂိုလ်ကို ကောက်သင့်မည်လော၊

မကောက်သင့်မည်လောဟူမူ- "တေသံ ပန ပဝတ္တိယံ ဒုက္ခသစ္စဿ ဥပ္ပါဒေါ သဗ္ဗတ္ထ နဂဟိတော၊ တထာ နိရောဓောစ" (**၎င်းသစ္စယမိုက်ဋီကာ**)။ ။ ၎င်းတဏှာဝိပ္ပယုတ္တစိတ္တဿ၏ အရသို့သွင်း၍ ကောက်မည်လော။ ပဝတ္တေ ဆို သောကြောင့် မသွင်းဘဲ ကောက်မည်လောဟူမူ- "ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခ ဏေတိ အာဂတဋ္ဌာနေ ပဋိသန္ဓိစိတ္တဿပိ ဘင်္ဂက္ခဏဿ ဂဟဏံ ဒဋ္ဌဗ္ဗံ။ တထာ ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေတိ အာဂတဋ္ဌာနေ စုတိစိတ္တဿပိ ဥပ္ပါဒက္ခဏဿ" (**၎င်း သစ္စယမိုက်ဋီကာ**)။ ။မဂ္ဂဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ ဟူရာ၌လည်း ဤနည်းကို ယူလေ။

ပုဂ္ဂလောကာသဝါရ၌ အဘယ်သို့ ဘုံသတ်မည်နည်းဟူမူ- "သဗ္ဗေသံ ဥပ ပဇ္ဇန္တာနံ ပဝတ္တေ တဏှာဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထာတိ တေသံ တသ္မိံ ဥပပတ္တိက္ခဏေစ တဏှာဝိပ္ပယုတ္တစိတ္တုပ္ပတ္တိက္ခဏေစာတိ ဝေမေတ္တ ခဏ ဝသေန ဩကာသော ဝေဒိတဗ္ဗော။ အညေသုပိ ဧဝရူပေသု ဧသေဝ နယော" (**အဋ္ဌကထာ**)။ ။"တေသံ တသ္မိံ ဥပ္ပတ္တိက္ခဏေစ တဏှာဝိပ္ပယုတ္တစိတ္တုပ္ပတ္တိက္ခ ဏေစာတိ ဝေမေတ္တ ခဏဝသေန ဩကာသော ဝေဒိတဗ္ဗောတိ ဝုတ္တံ။ ဧဝဉ္စ သတိ ယဿ ယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ ဧတဿ ဝိဿဇ္ဇနေ ပစ္ဆိမကောဋ္ဌာသေ ဣတရေသံ စတုဝေါကာရံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ သမု ဒယသစ္စဉ္စ ဥပ္ပဇ္ဇိဿတီတိ ဣဒံ နယုဇ္ဇေယျ။ နဟိ ဥပပတ္တိက္ခဏေ စိတ္တုပ္ပတ္တိက္ခဏေစ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ။ တသ္မာ ဥပပတ္တိက္ခဏတဏှာဝိပ္ပယုတ္တစိတ္တုပ္ပတ္တိက္ခဏ သမင်္ဂီနံ ပုဂ္ဂလာနံ ယသ္မိံ ကာမာဝစရာဒိဩကာသေ သာ ဥပပတ္တိ စိတ္တပဝတ္တိစ ပဝတ္တမာနာ။ တတ္ထ တေသန္တိ ဩကာသဝသေနေဝေတ္ထ တတ္ထ သဒ္ဒဿ အတ္ထော ယုဇ္ဇတိ။ ပုဂ္ဂလောကာသဝါရော ဟေသ" (ဋီကာ)။

ပစ္စနိက်၌ ပဝတ္တိအခါဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏ၌ ကမ္မဇရုပ်ဖြစ် သောကြောင့် ဒုက္ခသစ္စာ ဖြစ်ဆဲရလျက် ဒုက္ခသစ္စဉ္စ နုပ္ပဇ္ဇတိဟု အဘယ့်ကြောင့် ဟောတော်မူလေသနည်းဟူမူ- "သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ အရူပေ မဂ္ဂဿ စ ဖလဿ စ ဥပ္ပါဒက္ခဏေ တေသံ သမုဒယသစ္စဉ္စ နုပ္ပဇ္ဇတိ ဒုက္ခသစ္စဉ္စ နုပ္ပဇ္ဇတီတိ ဧတ္ထ ပန ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ ဒုက္ခသစ္စံ နုပ္ပဇ္ဇတီတိ စိတ္တပဋိဗဒ္ဓဝုတ္တိတာ စိတ္တဇရူပမေဝ ဣဓာဓိပ္ပေတံ။ နကမ္မဇာဒိရူပံ။ စိတ္တံ အနပေက္ခိတွာဝ ဥပ္ပဇ္ဇနတောတိ ကေစိ ဝဒန္တိ။ ယဿ ဝါ ပန သမုဒယသစ္စံ နုပ္ပဇ္ဇတီတိ ဧတေန ပန သန္နိဋ္ဌာနေန ဂဟိတော ပုဂ္ဂလော န စိတ္တံ အပေက္ခိတွာဝ ဂဟိတော။ အထ ခေါ ယော ကောစိ ဧဝံ ပကာရော။ တသ္မာ တဿ ဒုက္ခသစ္စံ နုပ္ပဇ္ဇတီတိ ဧတေန စ နစိတ္တာပေက္ခမေဝ ဒုက္ခသစ္စံ ဝုတ္တံ။ အထ ခေါ ယံကိဉ္စိ စိတ္တဿ

ဘင်္ဂက္ခဏေ ယံကိဉ္စိ ဒုက္ခသစ္စံ နုပ္ပဇ္ဇတီတိ အယမတ္ထော ဝိညာယတီတိ။ န ဟိ ယမကေ ဝိဘဇိတဗ္ဗေ အဝိဘတ္တာ ပုစ္ဆာ နာမ အတ္ထိ” (သစ္စယမိုက်ဋီကာ)။

အနုဋီကာဆရာကား ကေစိဆရာအယူကို မသင့်ဟုမိန့်၏။ ယင်းသို့သော် ဘင်္ဂက္ခဏ၌ ဖြစ်သော တိဇရုပ်တို့သည် မလွတ်ခဲ့ပြီလောဟူမူ၊ ဘင်္ဂက္ခဏ၌ဖြစ်သော တိဇရုပ်တို့ကို အနုလုံ၌ သွင်း၍ကောက်အပ်၏ဟု မိန့်၏။ ။တနည်းကား။ အလွတ်ပင်ဖြစ်သင့်၏။ အဘယ်ကြောင့်နည်းဟူမူ- “သော ဟိ ယမကာယ ပကတိ။ ယဒိဒံ ယထာလာဘဝသေန ယောဇနာ” ဟုမိန့်၏။ ။ခန္ဓဝိဘင်း အနုဋီကာ၌လည်း “ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ နော” ဟုဟောတော်မူရာ၌။ “အရူပလောကံဟိ သန္ဓာယ စိတ္တ သမုဋ္ဌာနရူပံ ဝါ နော တိ သက္ကာ ဝတ္တုံ။ အယဉ္ဟိ ယမကဒေသနာ ပကတိ ယဒိဒံ ယထာသမ္ဘဝယောဇနာ။ တေန စ စိတ္တသမုဋ္ဌာနရူပမေဝါတိ အာဒိဝစနံ ပဋိက္ခိတ္တံ ဒဋ္ဌဗ္ဗံ။ အထဝါ ပစ္စာသတ္တိဉာယေန ယံ သမုဒယသစ္စံ နိရုဇ္ဈတိ။ တေန ယံ ဒုက္ခသစ္စံ ဥပ္ပါဒေတဗ္ဗံ။ စိတ္တစေတသိကတပ္ပဋိဗဒ္ဓရူပသင်္ခါတံ တဿ တဒါ ဥပ္ပတ္တိ နတ္ထီတိ နော တိ ဝိဿဇ္ဇနံ”ဟု မိန့်၏။

အတီတဝါရ ပုဂ္ဂလောကာသ၌ ဒုတိယေ စိတ္တေအရကို အဘယ်စိတ်ကို ယူမည်နည်းဟူမူ- “သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေတိ ဣဒံ သဗ္ဗန္တိမေန ပရိစ္ဆေ- ဒေန ယဿ ယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ။ နော စ သမုဒယသစ္စံ၊ တံ ဒဿနဝသေန ဝုတ္တံ။ တသ္မိံ ပန ဒဿိတေ တေန သမာနဂတိကတ္တာ ဒုတိယာ ကုသလစိတ္တတော ပုရိမသဗ္ဗစိတ္တသမင်္ဂိနော တေနေဝ ဒဿိတာ ဟောန္တိ” (သစ္စယမိုက်ဋီကာ)။ “ဒုတိယေ စိတ္တေ ဝတ္တမာနေတိ ပဋိသန္ဓိတော ဒုတိယေ ဘဝင်္ဂစိတ္တေ ဝတ္တမာနေ၊ သဟ ဝါ ပဋိသန္ဓိယာ ဘဝင်္ဂ ဝိပါကဝသေန ဧကမေဝ ကတွာ ဘဝနိကန္တိယာ အာဝဇ္ဇနစိတ္တေ။ တဉ္ဟိ ကြိယစိတ္တတ္တာ အဗျာကတဇာတိယံ ဝိပါကတော ဒုတိယံ နာမ ဟောတိ” (ဓမ္မယမိုက်အဋ္ဌကထာ)။

မဂ္ဂသစ္စမူလ၌ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ ဟုအဘယ့်ကြောင့် ဟောတော်မူလေသနည်း။ မိမိဖြစ်ခိုက်သောဘုံ၌ သစ္စာလေးပါးကို မသိဘူးသည် ဖြစ်၍ အနဘိသမေတာဝီနံ ဟူသော ပါဠ်ဖြင့် ပြီးကောင်းပြီ မဟုတ်လောဟူမူ- “အနဘိသမေတာဝီနန္တိ ဂဟိတာ ယေ သဗ္ဗတ္ထ တတ္ထစ အနဘိသမေတာဝိနော။ တေသု သုဒ္ဓါဝါသာနံ ဂဟဏကာလဝိသေသနတ္ထံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေတိ ဝုတ္တံ” (သစ္စယမိုက်ဋီကာ)။

ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိပါဠ်ဖြင့် ဝေါဒါန် စိတ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်ကိုသာ မကောက်မူ၍ အဆုံးစွန်သော တဏှာ သတ္တမဇော

တိုင်အောင်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်တို့ကို အဘယ့်ကြောင့် ကောက်သနည်း။ ထိုပုဂ္ဂိုလ်တို့၏ စိတ်သည် အရဟတ္တမဂ်၏ အနန္တရမဟုတ်ခဲ့ တကားဟူမူ- "ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တီတိ ဧတေန ဝေါဒါနစိတ္တသမင်္ဂီနော သမာနဂတိကာ။ တတော ပုရိမတရစိတ္တသမင်္ဂီနောပိ ယာဝသဗ္ဗန္တိမတဇ္ဇာသမ္ပယုတ္တာ စိတ္တသမင်္ဂီ။ တာဝ ဒဿိတာတိ ဝေဒိတဗ္ဗာ။ သေ နယော အညေသု ဝေရူပေသု" (ဋီကာသစ္စယမိုက်ဋီကာ)။ ။ဤပါဠိ၌ သမာနဂတိကာ ဟူသောပါဠ်ကို ဟေတုမန္တဝိသေသန ကြံ၍ သမာနဂတိကတ္တာ ဟု ဟိတ်ခတ်။ "ယဿ ဒုက္ခသစ္စံ န နိရုဇ္ဈတိ တဿ သမုဒယသစ္စံ န နိရုဇ္ဈိဿတီတိ ဧတဿ ဝိဿဇ္ဇနေ ဒွိသုပိ ကောဋ္ဌာသေသု အရူပေ မဂ္ဂဿ စ ဖလဿ စ ဘင်္ဂက္ခဏေ ရူပစ္စေဝ ဝုတ္တံ။ နဝိသေသိတံ။ ကသ္မာ ကေဿာပိ မဂ္ဂဿ စ ဖလဿစ ဘင်္ဂက္ခဏသမင်္ဂီနော ဉာဘယကောဋ္ဌာသဘာဇနတော။ ယဿ ဒုက္ခသစ္စံ နနိရုဇ္ဈတီတိ ဧတေန သန္နိဋ္ဌာနေန ဂဟိတေသု ဟိ အရူပေ မဂ္ဂဖလဘင်္ဂက္ခဏသမင်္ဂီသု ကေသဉ္စိ တိဏ္ဏံ ဖလာနံ ဒွိန္နဉ္စ မဂ္ဂါနံ ဘင်္ဂက္ခဏသမင်္ဂီနံ နိရန္တရံ အနုပ္ပါဒေတွာ အနန္တရန္တရာ ဝိပဿနာနိကန္တိံ ဘဝနိကန္တိဉ္စ ဥပ္ပါဒေတွာ ယေ ဥပရိမဂ္ဂေ ဥပ္ပါဒေဿန္တိ။ တေသံ သမုဒယသစ္စံ နိရုဇ္ဈိဿတိ။ တေသံယေဝ ပန ကေသဉ္စိ အန္တရာ တဏှံ အနုပ္ပါဒေတွာ ဥပရိမဂ္ဂံ ဥပ္ပါဒေန္တာနံ မဂ္ဂဖလဘင်္ဂက္ခဏသမင်္ဂီနံ သမုဒယသစ္စံ နနိရုဇ္ဈိဿတီတိ သာမညဝစနာပိ စ ပုရိမကောဋ္ဌာသေ ဝုတ္တမာနေန ပစ္ဆိမကောဋ္ဌာသေ ဝက္ခမာနေ ဝဇ္ဇေတွာဝ ဂဟဏံ ဟောတီတိ ဒဿိတောယံ နယောတိ" (ဋီကာသစ္စယမိုက်ဋီကာ)။ ။ပဝတ္တိဝါရပြီး၏။

---

## ပရိညာဝါရ

အဘယ့်ကြောင့် ပရိညာဝါရ၌ နိရောဓသစ္စာ မဂ္ဂသစ္စာတို့ကို မဟောရသနည်းဟူမူ- "ယသ္မာ စ လောကုတ္တရဓမ္မေသု ပရိညာနာမ နတ္ထိ၊ တသ္မာ ဣဓ ဒွေသစ္စာနိ ဂဟိတာနိ" (**အဋ္ဌကထာ**)။

ဒုက္ခသစ္စံ ပရိဇာနာတိဟူရာ၌ ပရိညာသုံးပါးတွင် အဘယ်ပရိညာနည်းဟူမူ- "ဒုက္ခသစ္စံ ပရိဇာနာတီတိ ဉာတ တီရဏ ပရိညာဝသေန ဝုတ္တံ" (**ဋီကာအဋ္ဌကထာ**)။

သမုဒယသစ္စံ ပဇဟတိ ဟူရာ၌လည်း ပရိညာသုံးပါးတွင် အဘယ်ပရိညာနည်းဟူမူ- "သမုဒယသစ္စံ ပဇဟတီတိ ဉာတ ပဟာန ပရိညာဝသေန" (**ဋီကာအဋ္ဌကထာ**)။

အဘယ့်ကြောင့် ဒုက္ခသစ္စာ၌ ပဟာနပရိညာကို မရသနည်း။ သမုဒယသစ္စာ၌ လည်းတီရဏပရိညာကို မရသနည်းဟူမူ- "ဒုက္ခဿ ပရိညေယျတ္တံ သမုဒယဿ စ

ပဟာနတ္တံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတီတိ ပရိညာပဟာနံ သစ္စေသု ဒသေတုံ ဒုက္ခေ တီရဏပရိညာဝ ဝုတ္တာ၊ နပဟာနပရိညာ။ သမုဒယေစ ပဟာနပရိညာ၊ နတီရဏ ပရိညာ"။

ဉာတပရိညာကိုကား သစ္စာနှစ်ပါးလုံး၌ အဘယ့်ကြောင့် ရသနည်းဟူမူ- "မဂ္ဂဉာဏဉ္ဟိ ဒုက္ခသမုဒယာနိ ဝိဘာဝေတီတိ ဉာတပရိညာစ ဟောတိ" (ဤပါဠိနှစ်ချက်ကား ဋီကာ)။

သစ္စာယမိုက်၌ မှတ်ဘွယ်ပြီး၏။

# သင်္ဂါရယမိုက်ဂဏ္ဌိ။

## ပဏ္ဏတ္တိဝါရ

သင်္ဂါရယမိုက်၌ အောက်ယမိုက်တို့ကဲ့သို့ ပဒသောဓနဝါရစသည်ကိုမဟော မူ၍။ ။အဿာသပဿာသာ ကာယသင်္ခါရော။ စသော သရူပဝိဘာဂဝါရကို အဘယ့်ကြောင့် ဟောတော်မူလေသနည်းဟူမူ- “ခန္ဓာဒယော ဝိယ ပုဗ္ဗေ အဝိဘတ္တာ ကာယသင်္ခါရာဒယောတိ တေသံ အဝိညာတတ္တာ အဿာသပဿာသာ ကာယသင်္ခါရောတိ အာဒိနာ တယော သင်္ခါရေ ဝိဘဇန္တိ” (**ဤသင်္ခါရ ယမိုက်ဋီကာ**)။

အဘယ့်ကြောင့် ကာယသင်္ခါရမည်သနည်းဟူမူ- “သင်္ခရိယတီတိ သင်္ခါရော။ ကာယဿ သင်္ခါရော ကာယသင်္ခါရော” (**အဋ္ဌကထာ**)။

အဘယ့်ကြောင့် ဝစီသင်္ခါရမည်သနည်းဟူမူ- “သင်္ခရောတီတိ သင်္ခါရော။ ဝစိယာ သင်္ခါရော ဝစီသင်္ခါရော” (**၄င်း အဋ္ဌကထာ**)။

အဘယ့်ကြောင့် စိတ္တသင်္ခါရ မည်သနည်းဟူမူ- “သင်္ခရိယတီတိ သင်္ခါရော။ စိတ္တဿ သင်္ခါရော စိတ္တသင်္ခါရော” (**၄င်းအဋ္ဌကထာ**)။ ။စိတ္တဿ၊ စိတ်သည်။ သင်္ခါရော၊ ပြုပြင်အပ်သည့်တည်း။ ဤသို့အနက်သမ္ဗန်။

ယင်းသို့သော် “ကရဏတ္ထေ သာမိဝစနံ ကတ္ဝာ စိတ္တဿ သင်္ခါရော စိတ္တ သင်္ခါရော”ဟူသော အဋ္ဌကထာနှင့် မဆန့်ခဲ့ပြီလောဟူမူ- “စိတ္တဿ သင်္ခါရော တိစ ကတ္တုအတ္ထေယေဝ၊ သော ပန ကရဏဝစနဿ အတ္ထောတိ ကတ္ဝာ ကရဏတ္ထေ သာမိဝစနံ ကတ္ဝာတိ ဝုတ္တံ” (**ဋီကာ**)။

ကရဇကာယဟူသည် အသို့ဆိုလိုသနည်းဟူမူ- “ကေ သရီရေ ရဇောတိ ကရ ဇော။ ကိန္တံ။ သုက္ကသောဏိတံ။ ကရဇေ ပဝတ္တော ကာယော ကရဇကာယော” (**ကေကွရကောသဋီကာ**) “ကရောတိ ပုတ္တေ နိဗ္ဗတ္တေတီတိ ကရော။ သုက္ကသော ဏိတံ။ ကရေန ဇာတော ကရဇော။ ကရဇော စ သော ကာယောစာတိ ကရဇ ကာယော” (**မဏိဒီပ**)။

ထွက်သက်ကို အဿာသ၊ ဝင်သက်ကို ပဿာသဆိုမည်လော။ ဝင်သက်ကို အဿာသ၊ ထွက်သက်ကို ပဿာသဆိုမည်လောဟူမူ- “အဿာသောတိ ဗဟိ နိက္ခမနဝါတော။ ပဿာသောတိ အန္တောပဝိသနဝါတော” (**ပါရာဇိကဏ်အဋ္ဌ ကထာ**)။ “အဿာသောတိ အန္တောပဝိသနနာသိကဝါတော။ ပဿာသောတိ

ဗဟိနိက္ခမနနာသိကဝါတော” **(သုတ်မဟာဝါ အဋ္ဌကထာ။ သမ္မောဟ ဝိနောဒနီ။ ဝိသုဒ္ဓိမဂ်)**။

ယင်းသို့သော် အဋ္ဌကထာ အချင်းချင်း ဆန့်ကျင်ခဲ့၏။ အဘယ်အယူသို့ လိုက်ရမည်နည်းဟူမူ- “သုတ္တန္တနယော ဧဝ စေတ္ထ အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တမ္ပိ သာရဒ္ဓါစ ဟောန္တိ ဣဉ္ဇိတာစ ဖန္ဒိတာစ။ ပဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ဗဟိဒ္ဓါ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တမ္ပိ သာရဒ္ဓါစ ဟောန္တိ ဣဉ္ဇိတာစ ဖန္ဒိတာစာတိ ဣမာယ ပါဠိယာ သမေတီတိ ဂဟေတဗ္ဗံ”။ **(ဝိမတိဝိနောဒနီ။ သာရတ္ထဒီပနီလည်း နည်းတူ)**။

ယင်းသို့သော် **ဝိနည်းအဋ္ဌကထာ**အလို့ဌ အဿာသပဿာသတို့ကို အသို့ ဝိဂ္ဂိုဟ်ပြုမည်နည်း။ **သုတ္တန်အဋ္ဌကထာ** အလို့ဌကား အသို့ ဝိဂ္ဂိုဟ်ပြုမည်နည်း။ “အာပဌမံ ဗဟိမုခံ သသနံ အဿာသော။ တတော အန္တောမုခံ ပဋိသသနံ ပဿာသောတိ အာဟ အဿာသောတိ ဗဟိနိက္ခမနဝါတောတိ အာဒိ။ သုတ္တန္တအဋ္ဌကထာသု ပန အာကစ္စနဝသေန အန္တော သသနံ အဿာသော။ ဗဟိပဋိသသနံ ပဿာသောတိ ကတွာ ဥပ္ပတ္တိပါဋိယံ ဝုတ္တံ” **(ဝိမတိဝိနောဒနီ)** သသ-ဇီဝနေ။ ။**(သဒ္ဒနီတိ)**။

ယင်း အဿာသ ပဿာသသည် အဘယ်ပုဂ္ဂိုလ်အား မဖြစ်သနည်းဟူမူ- “ဣမေ အန္တော မာတုကုစ္ဆိယံ နတ္ထိ။ ဥဒကေ နိမုဂ္ဂါနံ နတ္ထိ။ တထာ အသညီဘူတာနံ မတာနံ စတုတ္ထဇ္ဈာနသမာပန္နာနံ ရူပါရူပဘဝသမင်္ဂီနံ နိရောဓသမာပန္နာနန္တိ” **(ပါရာဇိကကဏ်အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်လည်း ယင်းနည်းပင်)**။

အဘယ့်ကြောင့်ကား ပုဂ္ဂိုလ်ခုနစ်ယောက်တို့အား အဿာသပဿာသတို့သည် မဖြစ်လေသနည်းဟူမူ- “ယထာ ဥဒကေ နိမုဂ္ဂဿ နိရောဓကာသတာယ အဿာသပဿာသာ န ပဝတ္တန္တိ။ ဧဝံ အန္တောမာတုကုစ္ဆိယံ။ ယထာ မတာနံ သမုဋ္ဌာပကစိတ္တာဘာဝတော။ ဧဝံ အသညီဘူတာနံ။ တထာ နိရောဓသမာပန္နာနန္တိ အာစရိယဓမ္မပါလတ္ထေရေန ဝုတ္တံ။ မဟာဂဏ္ဍိပဒေပန မုစ္ဆာပရေတာနံ စိတ္တပဝတ္တိယာ ဒုဗ္ဗလဘာဝတောတိ ဝုတ္တံ။ စတုတ္ထဇ္ဈာနသမာပန္နာနံ ဓမ္မတာ ဝသေနေဝ နေသံ အနုပ္ပဇ္ဇနံ။ တထာ ရူပဘဝသမင်္ဂီနံ။ ကေစိ ပန အနုပုဗ္ဗတော သုခုမဘာဝပ္ပတ္တိယာ စတုတ္ထဇ္ဈာနသမာပန္နဿ ရူပဘဝေန ရူပါနံ တဂ္ဂဟဏဿစ သုခုမဘာဝတော ရူပဘဝသမင်္ဂီနံ နတ္ထီတိ ကာရဏံ ဝဒန္တိ” **(သာရတ္ထဒီပနီ)**။

အမိဝမ်းမှ ဘွားသောသူငယ်အား ထွက်သက်တည်း ရှေးဦးစွာဖြစ်သလော။ ဝင်သက်တည်း ရှေးဦးစွာဖြစ်သလောဟူမူ- “သဗ္ဗေသမ္ပိ ဂဗ္ဘသေယျကာနံ မာတုကုစ္ဆိတော နိက္ခမနကာလေ ပဌမံ အဗ္ဘန္တရဝါတော ဗဟိ နိက္ခမတိ။ ပစ္ဆာ

ဗာဟိရဝါတော သုခုမရဇံ ဂဟေတွာ အဇ္ဈတ္တရံ ပဝိသန္တော တာလုံ အာဟစ္စ နိဗ္ဗာယတိ” **(ပါရာဇိကကဏ္ဍအဋ္ဌကထာ)**။ “တာလုံ အာဟစ္စ နိဗ္ဗာယတီတိ တာလုံ အာဟစ္စ နိရုဇ္ဈတိ။ တေန ကိရ သမုဋ္ဌိတဇာတော ဗာလကော ခိပိတံ ကရောတိ” **(သာရတ္ထဒီပနီ)**။

ဤထွက်သက် ဝင်သက်တို့၏ အစ အလယ် အဆုံးကား အဘယ်နည်းဟူမူ- “ဗဟိနိက္ခမနဝါတဿဟိ နာဘိ အာဒိ၊ဟဒယံ မဇ္ဈံ၊ နာသိကဂ္ဂံ ပရိယောသာနံ။ အဇ္ဈတ္တရံ ပဝိသနဝါတဿ နာသိကဂ္ဂံ အာဒိ၊ ဟဒယံ မဇ္ဈံ၊ နာဘိ ပရိယောသာနံ” **(ပါရာဇိကကဏ္ဍ အဋ္ဌကထာ)**။

ပြင်းစွာရှူသောသူအား ထွက်သက်သည် ဗဟိဒ္ဓသို့ရောက်သည်မဟုတ်လော။ အဘယ့်ကြောင့် နာသိကဂ္ဂံ ပရိယောသာနံ ဟုဆိုလေသနည်းဟူမူ၊ ဗဟိဒ္ဓသို့ ထွက်သည်ကား ဥတုဇပရမ္မရတည်း။ စိတ္တဇဟူသမျှသည် ဗဟိဒ္ဓသို့မထွက်။ ထို့ကြောင့် **သာရတ္ထဒီပနီ၌**- “တထာ ဟေတေ စိတ္တသမုဋ္ဌာနာ ဝုတ္တာ။ န ဗဟိဒ္ဓါ စိတ္တသမုဋ္ဌာနံ သမ္ဘဝေါ အတ္ထိ” ဟုမိန့်အပ်သတည်း။

ချက်မှဖြစ်သော ထွက်သက်သည် နှာခေါင်းတိုင်အောင် သွားသလောဟူမူ- “ယတ္ထ ယတ္ထ ဥပ္ပဇ္ဇန္တိ။ တတ္ထ တတ္ထေဝ ဘိဇ္ဇန္တိ။ ဓမ္မာနံ သမီရဏာဘာဝတော။ တထာပစ္စယံ ပန ဒေသန္တရုပ္ပတ္တိယံ ဂတိသမညာ” **(ဇွင်းသာရတ္ထဒီပနီ)**။

အဿာသပဿာသသည် စိတ်ကြောင့် ဖြစ်သောကြောင့် စိတ္တသင်္ခါရဟု ဟောသင့်သည် မဟုတ်လော။ အဘယ့်ကြောင့် ကာယသင်္ခါရဟု ဟောတော်မူလေသနည်းဟူမူ- “အဿာသပဿာသာ ကာယိကာ ဧတေ ဓမ္မာ ကာယပ္ပဋိဗဒ္ဓါ” **(သုတ္တန်ပါဠိတော်)**။ ။ပဋိသန္ဓေအခါ ကမ္မဇရုပ်သည် စိတ်နှင့်စပ်သကဲ့သို့ ဟူလို။

အဘယ့်ကြောင့် ဝိတက်ဝိစာရကို ဝစီသင်္ခါရဟု ဆိုလေသနည်းဟူမူ- “ပုဗ္ဗေ ခေါ အာဝုသော ဝိသာခ ဝိတက္ကေတွာ ဝိစာရေတွာ ပစ္ဆာ ဝါစံ ဘိန္ဒတိ။ တသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော” **(သုတ္တန်ပါဠိတော်)**။

ဝိတက်ဝိစာရတို့သည်လည်း စိတ်သည်ပြုပြင်အပ်သောတရားဖြစ်လျက် စိတ္တသင်္ခါရဟု အဘယ့်ကြောင့် မဆိုရလေသနည်းဟူမူ- “ဝိတက္ကဝိစာရာနံ ပန ဝစီသင်္ခါရဘာဝေန ဝိသုံ ဂဟိတတ္တာ ဌပေတွာ ဝိတက္ကဝိစာရေတိ ဝုတ္တံ” **(ဤယမိုက်အဋ္ဌကထာ)**။ ။**သာရတ္ထဒီပနီ၊ ဝိမတိဝိနောဒနီ၌**ကား ဤကဲ့သို့သော အရာ။ “ဂေါဗလိဗဒ္ဒ ပုညဉာဏသမ္ဘာရာဒယောဝိယ ဒဋ္ဌဗ္ဗာ” ဟုမိန့်၏။

သညာနှင့်ဝေဒနာကိုကား အဘယ့်ကြောင့်အသီး သရုပ်ထုတ်၍ ဟောတော်မူလေသနည်း ဟူမူ- “တတ္ထ တတ္ထ ခန္ဓာဒီသု ဝိသုံ ဂဟိတတ္တာ ပါကဋတ္တာ စ”

ဤသင်္ခါရယမိုက် အဋ္ဌကထာ။ ။အဘယ့်ကြောင့်ကား ခန္ဓာစသည်တို့၌ အသီး ဟောတော်မူသနည်း ဟူမူ—

ဝဏ္ဏမေဝ့သု အဿာဒံ၊ တဒဿာဒေါပသေဝနံ။
ဝိနိဘုဇ္ဇ နိဒဿေတုံ၊ ခန္ဓဒွယမုဒါဟဋံ။ ။
ဝိဝါဒမူလသံသာရ၊ ကာမဟေတုနိဒဿနံ။
သန္ဓာယ ဝေဒနာ သညာ၊ ကတာ နာနာတိ ကေစန။

## (နာမရူပ ပရိစ္ဆေဒ)

"သင်္ခါရဝါရေ ပန ယထာ သင်္ခါရဓမ္မဝါရာဒီသု ရူပံ ခန္ဓော၊ ခန္ဓာ ရူပံ၊ စက္ခု အာယတနံ၊ အာယတနာ စက္ခုတိ အာဒိနာ နယေန ယမကာနိ ဝုတ္တာနိ။ ဧဝံ ကာယော သင်္ခါရော။ သင်္ခါရာ ကာယောတိ အဝတ္ဂာ ကာယသင်္ခါရော ဝစီသင်္ခါရော၊ ဝစီသင်္ခါရော ကာယသင်္ခါရောတိ အာဒိနာ နယေန ကာယသင်္ခါရမူလကာနိ ဒွေ ဝစီသင်္ခါရမူလကံ ကေန္တိ အနုလောမေ တီဏိ၊ ပဋိလောမေ တီဏီတိ သဗ္ဗာနိပိ သုဒ္ဓိကဝါရေ ဆယမကာနိ ဝုတ္တာနိ။ ကိံ ကာရဏာ။ သုဒ္ဓိကဧကေကပဒဝသေန အတ္ထာဘာဝတော" (ၐင်းသင်္ခါရယမိုက်အဋ္ဌကထာ)။

သုဒ္ဓသင်္ခါရမူလစက္ကဝါရကို အဘယ့်ကြောင့် ဤသင်္ခါရယမိုက်၌ မဟော လေသနည်း ဟူမူ- "ဣမ ပန သင်္ခါရယမကေ ကာယာဒိပဒါနံ သင်္ခါရပဒဿ အသမာနာဓိကရဏတ္တာ ကာယော သင်္ခါရော။ သင်္ခါရာ ကာယောတိ အာဒိမှိ ဝုစ္စမာနေ အဓိပ္ပေတတ္ထာပရိစ္စာဂေါ အနဓိပ္ပေတတ္ထပရိဂ္ဂဟော စ ကတော သိယာတိ သုဒ္ဓသင်္ခါရတံ မူလစက္ကဝါရာ နဝုတ္တာ" (ဤသင်္ခါရယမိုက်ဋီကာ)။

ယင်းသို့သော် အဋ္ဌကထာ၌ သုဒ္ဓသင်္ခါရဝါရေ ဟုဆိုသည် မဟုတ်လောဟူမူ- "အဋ္ဌကထာယံ ပန သုဒ္ဓသင်္ခါရဝါရဋ္ဌာနေ ဝုတ္တတ္တာအယံ နယော သုဒ္ဓသင်္ခါရ ဝါရောတိ ဝုတ္တော" (ၐင်းသင်္ခါရယမိုက်ဋီကာ)။ ပဏ္ဏတ္တိဝါရ ပြီး၏။

---

## ပဝတ္တိဝါရ

ပဝတ္တိဝါရ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီ ပဋိလောမပုစ္ဆာ၌ ပဌမစျာန်ကို ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်သည် အဿာသပဿာသ ကင်း၍လည်း ဝင်စား ကောင်း၏ဟု သန္နိဋ္ဌာန်၌ ပဌမစျာန်ကို ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်ကို လည်းဟု **တောင်ဘီလာနိသျ** စသည်တို့၌ကောက်ကုန်၏။ ထိုသို့ကောက်ခြင်း သည်လည်း "ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေတိ

တေန ပန ဒဿိတာ ပုဂ္ဂလာ ပဉ္စမဇ္ဈာနေ သကာဿာ ကာမာဝစရာဒိဩကာသာစ အဿာသပဿာသဝိရဟာဝိသိဋ္ဌာ ဒဋ္ဌဗ္ဗာ” ဟု **ဋီကာဆရာ**သည် ပဉ္စမဇ္ဈာနဩကာသ၌လည်း အဿာသပဿာသ ကင်းခြင်းဖြင့် အထူးပြုသောကြောင့် ကောက်လေသည်။ ထိုသို့ယူခြင်းမသင့်။ အဘယ့်ကြောင့်နည်း ဟူမူ အဿာသပဿာသ ကင်းခြင်းဖြင့် အထူးပြုခြင်းသည်ကား ကာမဘုံ၌ အဿာသပဿာသ ကင်းသော ပဉ္စမဈာနဩကာသ ရှိသောကြောင့် အထူးပြုသည်မဟုတ်။ ရူပါဝစရ, အရူပါဝစရဘုံ၌ ပဉ္စမဈာနဩကာသကို ယူစေလို၍ အထူးပြုသတည်း။ ထို့ကြောင့် **အနုဋီကာဆရာ**သည် “ပဉ္စမဇ္ဈေတ္ထ ပဉ္စမဇ္ဈာနသမင်္ဂီနံ ရူပါရူပါဝစရာနံ ဂဟဏံ” ဟုမိန့်လေသည်။ ။ယင်းသာလည်း မဟုတ်သေး၊ **အနုဋီကာ**၌- “ပဉ္စမဇ္ဈာနံ သမာပန္နာနန္တိ ဈာနေ သကာသဝသေန ပုဂ္ဂလံ ဒဿေတိ၊ ကာမာဝစရာနန္တိ ဘုမ္မောကာသဝသေန။ဒ္ဝိပ္ပကာရာနမ္ပိ ပန တေသံ ဝိသေသနတ္ထမာဟ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေတိ။ တေန ရူပါရူပါဝစရေသု ပဉ္စမဇ္ဈာနသမာပန္နကေ ကာမာဝစရေ ဂဗ္ဘဂတာဒိကေစ နိဝတ္တေတိ” ဟု ရူပါဝစရအရူပါဝစရ ကိုသာ **ဋီကာဆရာ**တို့ဆိုသဖြင့် ကာမဘုံ၌ ပဉ္စမဈာန် ဒုတိယဈာန် တတိယဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အဿာသပဿာသကင်းခြင်းမည်သည် မရှိ- ဟု **ကေန်မှတ်အပ်၏။**

ပဉ္စမဇ္ဈာနံ သမာပန္နာနံ ၏ အရကို အဘယ်ဈာန်ကို ယူမည်နည်းဟူမူ “အဝိတက္က ဝိစာရမတ္တံ ဒုတိယဇ္ဈာနံ ဝိစာရဝသေန ပဉ္စမဇ္ဈာနေ သင်္ဂဟံ ဂစ္ဆတီတိ ဒဋ္ဌဗ္ဗံ။ မုချဘူတံ ဒုတိယဇ္ဈာနံ ဂဟေတွာ ဣတရံ အသင်္ဂဟိတန္တိဝါ” **(ရင်းဋီကာ)**

အဘဲ့ကြောင့် ဈာန်ကို ဩကာသဟု ဆိုအပ်သနည်း။ ထို ဈာန်သည် ပုဂ္ဂိုလ်၏ တည်ရာမဟုတ်ခဲ့တကား ဟူမူ- “သင်္ခါရာနံ ပုဂ္ဂလာနဉ္စ ဩကာ သတ္တာ ဈာနံ ဘူမိစ ဝိသုံ ဩကာသဘာဝေန ဂဟိတာ” **(ရင်းဋီကာ)**။ ပုဂ္ဂိုလ်၏တည်ရာ မဟုတ်သော်လည်း သင်္ခါရတို့၏တည်ရာ ဖြစ်၍ ဩကာသ ဟု **ဆိုအပ်၏** ဟူလို။

အတိတ်ပစ္စနိက် ဝစီသင်္ခါရ မူလီ၌ ပဋိသန္ဓေစိတ်ကပင် ဝစီသင်္ခါရ မဖြစ်ဘူး ရသောကြောင့် သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ ဟု ဟောသင့်သည် မဟုတ်လော။ အဘယ့်ကြောင့် သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေဟု ဟောတော်မူလေသနည်းဟူမူ- “ကာမဉ္စေတံ ပဋိသန္ဓိစိတ္တေပိ ဝတ္တမာနေ တေသံ တတ္ထ နုပ္ပဇ္ဇိတ္ထေဝ။ ယာဝ ပန အဗ္ဗောကိဏ္ဏော ဝိပါကစိတ္တံ ဝတ္တတိ။တာဝ နုပ္ပဇ္ဇိတ္ထေဝ နာမာတိ ဒဿနတ္ထမေတံ ဝုတ္တံ” **(ယမိုက်အဋ္ဌကထာ)**။

ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတီတိ၌ ရဟန္တာတို့ စုတိစိတ်ကိုသာတည်း ပစ္ဆိမစိတ်ဟုဆိုမည်လော။ ကာမဘုံမှသည် ရူပ အရူပဘုံ

သို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်၏ စုတိစိတ်နှင့်တကွ ရဟန္တာတို့ စုတိစိတ်ကိုတည်း ပစ္ဆိမစိတ် ဆိုမည်လော ဟူမူ- “ခီဏာသဝါနံ စုတိစိတ္တန္တိ ဝိသေသေတ္ဗာ ဝုတ္တံ။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတီတိ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ နောစ တေသံ ကာယသင်္ခါရော နိရုဇ္ဈိဿတီတိ ပန ဝစနတော၊ အညေသမ္ပိ စုတိစိတ္တံ ရူပံ နသမုဋ္ဌာပေတီတိ ဝိညာယတိ၊ နဟိ ရူပသမုဋ္ဌာပကဿ ဂဗ္ဘဂမနာဒိဝိနိဗဒ္ဓါဘာဝေန ကာယသင်္ခါရသမုဋ္ဌာပကံ အတ္ထိ။ နစယုတ္တံစုတောစ စိတ္တသမုဋ္ဌာနဥ္စဿ ပဝတ္တတီတိ။ နာပိ စုတိစိတ္တံ ရူပံ သမုဋ္ဌာပေတီတိ ပါဠိအတ္ထိ” (**ဓမ္မသင်္ဂဏီဋီကာ၊ စိတ္တုပ္ပါဒကဏ္ဍအဖွင့်**)။

“ပစ္ဆိမစိတ္တန္တိ အဝိသေသေန စုတိစိတ္တံ ဝုတ္တန္တိ အဓိပ္ပါယေန အညေသမ္ပိ စုတိစိတ္တံ။ပ။ ဝိညာယတီတိ ဝုတ္တံ။ ။အထဝါ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ ဝစီသင်္ခါရောနိရုဇ္ဈိဿတိ နောစ တေသံ ကာယသင်္ခါရော နိရုဇ္ဈိဿတီတိ ရူပါ ရူပဘဝူပပန္နကာနံ ကာမာဝစရ စုတိစိတ္တဿာပိ ကာယသင်္ခါရသမုဋ္ဌာပနဝစနေန ခီဏာသဝေဟိ အညေသမ္ပိ။ပ။ ဝိညာယတီတိ ဝုတ္တံ” (**ဓမ္မသင်္ဂဏီ အနုဋီကာ**)။

“ယဿစ ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ။ တဿ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ အာမန္တာတိ။ ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ။ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ အာမန္တာတိစ။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရောစ နနိရုဇ္ဈတိ စိတ္တသင်္ခါရောစ နနိရုဇ္ဈိဿတီတိအာဒိဝစနတောစ ပစ္ဆိမစိတ္တဿ ပုရတော သောဠသမေန စိတ္တေန တတော ဩရိမေန ဝါ သဒ္ဓိံ အဿာသပဿာသာ နဥပ္ပဇ္ဇန္တီတိသိဒ္ဓံ။ ယဒိဥပ္ပဇ္ဇေယျုံ။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော နနိရုဇ္ဈတီတိ နဝဒေယျ။ ဝုတ္တဉ္စေတံ။တသ္မာ ဟေဋ္ဌိမကောဋိယာ စုတိတော ပုရိမေန သတ္တရသမေန ဥပ္ပန္နာ အဿာသပဿာသာ စုတိယာ ဟေဋ္ဌာ ဒုတိယေန စိတ္တေန သဒ္ဓိံ နိရုဇ္ဈန္တီတိ။ တေန ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတီတိ စုတိစိတ္တဿ အနန္တရပစ္စယဘူတဿာပိ စိတ္တဿ ကာယသင်္ခါရသမုဋ္ဌာပနတာ ဝုတ္တာ” (**ငင်းဓမ္မသင်္ဂဏီ အနုဋီကာ**)။

“အထဝါ ယဿ စိတ္တဿာပိ ယေန စိတ္တေန သဗ္ဗပစ္ဆိမော ကာယသင်္ခါရော ဥပ္ပဇ္ဇတိ။ တံ စိတ္တံ ဝုတ္တန္တိ ဂဟေတဗ္ဗံ။ နပစ္ဆိမစိတ္တဿ အနန္တရပစ္စယဘူတံ အနန္တရာတိဟိ ကာယသင်္ခါရုပ္ပါဒနံ အန္တရံ ဝိနာ။ ယတော ပဋ္ဌာ ကာယသင်္ခါရုပ္ပါဒနေန အနန္တရိတံ ဟုတွာ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတီတိ အတ္ထော။ ကသ္မာ ဉာတ ရေသံ ဝစီသင်္ခါရောစ နိရုဇ္ဈိဿတိ ကာယသင်္ခါရောစ နိရုဇ္ဈိဿတီတိ ဝုတ္တတ္တာ

အညထာ ပစ္ဆိမစိတ္တတော ပုရိမတတိယစိတ္တသမင်္ဂိနံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိတိ အာပဇ္ဇတိတိ” (ဋ္ဌင်းဓမ္မသင်္ဂဏီ အနုဋီကာ)။

**အနုဋီကာ**ရှင် မိန့်အပ်သော ရှေးနည်းအတိုင်း ကောက်ချေသော် ယေစ ရူပါဝစရံ အရူပါဝစရံ၏ အရသည် အထူးမရှိပြီ။ ထိုသို့ အထူးမရှိသောကြောင့် မဟောနေသင့်သည် မဟုတ်လော ဟူမူ- “ဓမ္မနာနုတ္တာဘာဝေပိဟိ ပဒတ္ထနာ နတ္တေန ဒုကန္တရံ ဝုစ္စတိ။ နဟိ ဓမ္မာနံ အဝုတ္တတာပေက္ခံ ဒုကန္တရဝစနန္တိ နတ္ထိ ဒေါသော” ဟူသော **ဋီကာဒွါရ** ပါဠိကိုနည်းမှီ၍ သိအပ်၏။

ဝစီသင်္ခါရမူ၌ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ တေသံ ၏ အရကို ဇောနေ့ာင် တဒါရုံနေ့ာင် စုတိကျသော ပုဂ္ဂိုလ်ကို ကောက်မည်လော။ ဘဝင်နေ့ာင် စုတိကျသော ပုဂ္ဂိုလ်ကို ကောက်မည်လော ဟူမူ။ ဇောနေ့ာင် ဘဝင်နေ့ာင် စုတိကျသော ပုဂ္ဂိုလ်ကို ကောက်အပ်၏။ တဒါရုံ နေ့ာင်စုတိကျသော ပုဂ္ဂိုလ်ကိုမကောက်အပ်။ အဘယ့်ကြောင့်နည်း ဟူမူ။ အဝိတက္က အဝိစာရ ပစ္ဆိမစိတ် ဟူသည် ရူပါဝစရ ပဉ္စမဈာန်ဝိပါက် အရူပဝိပါက် ကိုဆိုသည်။ ထိုစိတ်တို့သည်လည်း ရူပ, အရူပဘုံ၌သာ ဖြစ်ခဲ့သည်။ ရူပ, အရူပ ဘုံ၌ တဒါရုံမဖြစ်သင့်။ ထို့ကြောင့် မကောက်အပ် ဟူလေ။ အနာဂတ် ပဂ္ဂလော ကာသ၌ ပဌမဈာနံ သမာပန္နာနံ ၏ အရကို ပဌမဈာန်ဇော နှစ်ဆယ်လုံးပင် ယူမည်လော ဟူမူ။ ယူမည်ဆိုအပ်၏။ ယင်းသို့သော် “မဂ္ဂါဘိညာ သကိံမတာ” ဟူသည်နှင့်အညီ မဂ်ပဌမဈာန် လေးခုသည် တကြိမ်သာဖြစ်သည် မဟုတ်လော ဟူမူ- တကြိမ်သာ ဖြစ်ငြားသော်လည်း အကျိုးဖြစ်သော ဖိုလ်ပဌမဈာန်နှင့် သဟာစရဏအားဖြင့် အခြားမဲ့၌ဖြစ်၍ ဖိုလ်ပဌမဈာန်၌ ဖြစ်လတ္တံ့ဆိုသည် ဟူပေ။ ထို့ကြောင့် ပစ္စနိက်၌ ပဌမ, ဒုတိယ, တတိယ မဂ္ဂဈာနသမင်္ဂိနံ ဟု ဝိဘင်းထုတ် ၍ ဟောတော်မူလေ သတည်း။ ။ဤမျှသာ မူအစောင်စောင် ရှိသည်။ ။

ရေမြေသခင် ဘုရင်အလောင်းမင်းတရား ဆရာတော်၊ **တောင်တွင်း ဆရာ တော် ဦးပျော်** စီရင်အပ်သည့် ညဝါဂဏ္ဍိ ပြီး၏ ။

ယမိုက်ခြောက်ကျမ်းဂဏ္ဍိ ပြီးပြီ။

# ယမိုက်ချိုး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ရတနတ္တယံ အဟံ ဝန္ဒာမိ။

## ဝိဘင်းခြောက်ပါး ယမိုက်ချိုး

သန္နိဋ္ဌာန်-သံသယ။ လုံးတူမျှ သည် ပုစ္ဆာ။ အာမန္တာဝိဘင်းနှင့်။ မယှဥ်းကြရာ။ သန္နိဋ္ဌာန်များ ကျယ်သာလျှင်။ သာသည်ကိုရွေထုတ်။ နှစ်ပုဒ်ရ တူလုံးစုံကို။ မြဲကြည့်ယုံ နောက်ဝိဘင်းထုတ်။ ။

နှစ်ပုဒ်အရ အဖြာဖြာတွင်။ သံသယာဓိပ္ပါယ်များ၍။ မှတ်သားဘွယ်ထွေလာ။ ယဥ်ဆန်းတဲ့မူရာကို။ အာမန္တာ ဖြေလိုက်သင့်လေး။ ။

ယမိုက်တော် ရွှေကျမ်းမှာ။ နည်းဆန်းတဲ့မှတ်စရာ။ သန္နိဋ္ဌာန် မရသာလျှင်။ နတ္ထိမှာမယှဥ်း။သံသယာဓိပ္ပါယ်ကင်း၍။အလျှင်းပင် မပါ။နှ,မြစ်လို့မေးလာလျှင်။ နှ,ကိုသာ ပယ်လိုက်တော့မင်း။ ။

သံသယအလျှင်း။ နှ,မသွင်း မေးပုစ္ဆာ။ ရွှေဉာဏ်တော် မတွေးတောနှင့်။ နော,ဖြေသင့်ပါ။ စာသင်ပျိုနု မှတ်စရာကို။ ဝိဘင်းခြောက်ဖြာ ညွှန်းသကို ရှင့်လေး။ ။

## ပုစ္ဆာ ဝိဿဇ္ဇနာ ယမိုက်ချိုး

သန္နိဋ္ဌာန်သာ ပုဒ်အရနှင့်။ နောက်သံသယမရှိချေ။ ပုရေပဥ္စာ မေးပါဘိရော့။ ပါဠိဂတိအဖြေကျ။ ကောဋ္ဌာသက ပုရိမေ။ အနုလုံပုစ္ဆာတွင်း။ သွင်းကောက်ကြလေ။ ။

သန္နိဋ္ဌာန်ပါသံသယနှင့်။ နှစ်ပုဒ်အရ ဟူပြန်မေ။ ပဋိဝစနသူ့အနေ။ပစ္ဆာပဥ္စာ မေးလေမြဲပ။ ကောဋ္ဌာသက ပစ္ဆိမာ။ အာမန္တာ ထုတ်တော့မလဲ့။ ။

သန္နိဋ္ဌာန်မှာ အရကဲ၍။ သံသယပုဒ် သူကနဲလျှင်။ ထုတ်မြဲဝိဘင်းနှစ်ပါးပင်။ ပရိပုဏ္ဏာပဥ္စာတင်၍။ ဖြေသောအခါလျှင် သရူပ။ သန္နိဋ္ဌာန်မျှ မရှိက။ ပဋိက္ခေပ ပယ်၍ဖြေ။ နတ္ထိအနေ ဝိဘင်းထုတ်။ ရှေပုဒ်နောက်ပုဒ် မတူရှိလျှင်။ ပဋိသေဓ-နောဟုလာ။ မောဃပဥ္စာမေးလေမြဲပ။ အလိုရှိက ဤလကာ။ နှုတ်မှာအာဂုံ ဆောင်ကြမလဲ့။ရွှေကျမ်းယမိုက် ဆယ်စောင်တွင်။ကြီးဘိဂုဏ်အင် ထွန်းလိမ့်ရဲရဲ။ ။

**အာယတနဆောင်ပုဒ်**

ဘုမ္မဇိုဝ်းပယ်၊ ကြွင်းဝယ်များစွာ၊ နတ်တကာနှင့် နိဗ္ဗာမတဏှိက၊ နိရယတို့၊ နေကြလေရာ၊ ယောနိမှာ၊ တခုသာမှတ်၊ ဥပပတ်။ ။

ဘုမ္မဇိုဝ်းလူ၊ ထို့တူတိရစ္ဆာန်၊ နိဗ္ဗာမ်ပယ်လျှင်း၊ ကြွင်းသည့်ပြိတ္တာ၊ယောနိမှာ၊ လေးပါးသာမှတ်။ ။

ဒုနှင့်သုမှာ၊ သံသေဒါ၊ ငါးဖြာဒသက၊ ချီကောင်းလှ။ ။
ဒုဂ္ဂတိမှာ၊ ဩပပါ၊ ဃာနာမချီရ။ ။
ကြွင်းလေးပါးမှာ၊ ဩပပါ၊ ဒုမှာချီသင့်စွ။ ။
ကြွင်းဩပပါ်၊ သုဋ္ဌမှာ၊ ငါးဖြာဒသက၊ မချီရ။ ။
ကမ္ဘာဦးသာ၊ ဩပပါ၊ ဘာဝါချီကောင်းစွ။ ။

ယောနိလေးထွေ၊ ခွဲစိတ်ဝေပိမ့်၊ သံသေ-ဩပ၊ အဏ္ဍ-ဇလာ၊ ဤလေးဖြာတို့၊ ဘုမ္မာဒေဝ၊ မနုဿ,တိရစ္ဆာန်၊ နိဗ္ဗာမ်မယှဉ်၊ ထိုပြင်ပြိတ္တာ၊ လေးယောက်မှာလျှင်၊ ရလေချင်၏၊ ဘုမ္မဇညတြ၊ နတ်တို့မှလျှင်၊ နိဗ္ဗာမရဲသူ၊ သုံးယောက်မှူကား၊ ရှုပဥပပတ်၊ တခုသာမှတ်၊ ကာမဘုံသတ်၊ ဥပပတ်မူ၊ ချီလတ်ဣန္ဒြေ၊ မရှိချေ တည့်၊ ကပ္ပေအစ၊ မနုဿမူ၊ ဘာဝချီလေ၊ သံသေဒဇာ၊ ပုဂ္ဂိုလ်မှာကား၊ စက္ခု-သောတ၊ ဃာနချီဘိ၊ ဒုဂ္ဂတိ ဥပပတ်မှာ၊ယင်း၌သာလျှင်၊ဃာနာနုတ်လျှင်း၊ ဘာဝသွင်း၍၊ ယင်းဒုဘုံနေ၊ သံသေဒေါ်မူ၊ ပုဂ္ဂိုလ်စုမှာ၊ စက္ခုသောတ၊ ဃာန ဘာဝါ၊ ချီအပ်စွာသည်၊ **ကျမ်းလာမှုနှင့် မမှားတည်း**။ ။

နတ်ဘုံမှာ ပယ်ရှင်းလို့၊ ကြွင်းသမျှဒေဝါ။ ။ငရဲအောက်ရွာနှင့်၊ နိဗ္ဗာမာ ပြိတ္တာစု၊ သွင်းမှုမှန်စွာ။ ။သန္ဓေမှာ၊ ဥပပတ်သာ အမြဲ။ ။ကြွင်းပြိတ္တာ ဘုမ္မာ နတ်ကယ်နှင့်၊ တိရစ္ဆာန် လူတရပ်ကယ်တို့၊ လေးပါးစုံ သန္ဓေကပ်သတဲ့၊ ထုံးမှတ်လို့စွဲ။ ။

ဘုံကာမမှာလ၊ ဃာနနှင့်ဇိဝှါ။ ။ကျမ်းထွက်မှန် ကေန်မြဲ။ စွဲမှတ်ကြပါ။ ။ အောက်ငရဲမှာတဲ့၊ မြဲချေ၏ဃာနာ၊ ကောက်ပါလေမမှား။ ။စက္ခုသောတာတို့၊ ဘုံကာမာ ကဒါစိ၊ တွေးသိဉာဏ်သွား။ ။

ဘုံ ကာမမှာလ၊ သဒ္ဒကို ပယ်ရှင်းလို့၊ ကြွင်းသမျှ ကောက်ပါလေ။ ။ ဆဲ့ငါးဖြာဘုံရူပမှာလ။ မနဓမ္မာနှင့်၊ ရူပါရုံ စက္ခု သော၊ ဟောတော့မသွေ။ ။

နာမ်မယှဉ် သညာသတ်မှာလ၊ ရူပနှင့်ဓမ္မေ၊ အရူပေမနော။ ။ဓမ္မ ပေါင်းမြှောင် လို့၊ ကျမ်းဆယ်စောင် ဤယမိုက်ကို၊ နားစိုက်လို့ဟော။ ။

## ဣန္ဒြိယ ဆောင်ပုဒ်

သုခ ဒုက္ခနှင့်၊ ဒေါမနဿ ဝေဒနာ။ ။လောကုတ်ကယ် ပညိန်နှင့်၊ ဣန္ဒြေ ဤခြောက်ပါး၊ ထားခဲ့သေချာ။ ။ကြွင်းသေသာ၊ ဟောပါလေအများ။ ။ ပသာဒငယ်နှင့်၊ မနဘာဝါတို့၊ ဤရှစ်ဖြာသန္ဓေတွင်း၊ သွင်းတော့မမှား။ ။

ဇီဝိတငယ်နှင့်၊ သောမနဿ ဥပေက္ခာ။ ။သဒ္ဓါ ဝီရိနှင့်၊ သတိပါ သမာဓိ၊ သွင်းဘိသေချာ။ ။လောကီမှာ၊ ပညာလေတဝ။ ။ပဝတ္တိငယ်နှင့်၊စုတိ သန္ဓေပ၊ ဣန္ဒြေ ဤအရကို၊ ဟောတော့မှန်စွ။ ။

ပသာဒ ငယ်နှင့်၊ မနကိုတဲ့ ရှေးနည်းတူ။ ။ဘုံပုဂ္ဂိုလ် တူသဘော၊ ဟောတော့ လွယ်ကူ။ ။ဣတ္ထိယ ငယ်နှင့်၊ ပုံဘာဝ နှစ်မူ၊ ယူပါလေ ကာမ။ ။ ဇီဝိတငယ်နှင့်၊ မန တူစေလို့၊ ဣန္ဒြေ ဗိုလ်ပဉ္စကိုတဲ့၊ နာမ်ရှိရာ ဘုံဌာနမှာ၊ ဟောတော့မှန်လှ။ ။

သန္ဓေခါအပါယနှင့်၊ အရူပ ဝေဟပ္ဖိုလ်။ ။သုဒ္ဓါဝါ ဘုံတရပ်ကယ်နှင့်၊ နာမ် မယှဉ် သညသတ်ကို၊ ထုးမှတ်လို့ဆို။ ။ဘုံတခို ဉာဏ်ပျိုတဲ့စိတ်ကူး။ ။ သောမနကိုတဲ့၊ မရ ပယ်ခွါလို့၊သညာသန် ထိုကိုသွင်းကာနှင့်၊ ဥပေက္ခာ သန္ဓေတွင်း၊ သွင်းတော့အထူး။ ။

သုဂတိ၊ ဘုမ္မိတဲ့ ကာမာ။ ။သောမနသ်ငယ်နှင့်၊ မှတ်ယူလေ သန္ဓေတွင်း၊ သွင်းဥပေက္ခာ။ ။နှစ်ပါးသာ ဖြစ်ရာဌာန။ ။ဝေဟပ္ဖိုလ်ထိုဘုံအောက်ကိုလ၊ ရူပမှာ ဘုံတလျှောက်ကိုမှ၊ ကောက်ပါလေ သန္ဓေနေ့ာပါဘူး၊ သောမနဿ။ ။

---

## မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးရေး

## ယမိုက် ကဗျာ

သန္နိဋ္ဌာန၊ သံသယတို့၊ အရတူရာ၊ ရှေ့နည်းရာလည်း၊ ပစ္စာမည်ရှိ၊ ပဥ္စာ သိလေ့၊ ပဋိဝစနာ၊ အာမန္တာဖြေ၊ ရှေ့မှာများဘိ၊ ပရိပုဏ္ဏာ၊ သရူပဟု၊ ဒဿနဖြေ၊ ရှေ့မှဲလေက၊ ပဋိက္ခေပ၊ မောဃနတ္ထိ၊ နောက်မရှိလည်း၊ ပဋိသိမ်နော၊ မေး မောဃာပင်၊ ထိုဘောတူညီ၊ ပစ္စနီမူ၊ ပုရေဟူ၏။ ဖြေမူပါဋ္ဌိ၊ ဂတိမည်ပေး၊ အမေး လေးထွေ၊ အဖြေငါးပါး၊ စပ်၍ထားသည်။ ခြောက်ပါးဝိဘင်း ကဗျာတည်း။ ။

၁-သန္နိဋ္ဌာန်, သံသယ,အရတူလျှင်၊ ပစ္စာပဥ္စာ ပဋိဝစန-အာမန္တာဖြေ။ ။

၂-သန္နိဋ္ဌာန်နည်းလျှင်လည်း နည်းတူ။ ။

၃-သန္နိဋ္ဌာန်များလျှင်၊ ပရိပုဏ္ဏပဥှာ၊ သရူပဒဿန ့ဖြေ။ ။

၄-သန္နိဋ္ဌာန်အရ မရှိလျှင်၊ မောဃပဥှာ၊ နတ္ထိ ့ဖြေ-ပဋိက္ခေပဝိဘင်း။ ။

၅-သံသယ အရမရှိလျှင်လည်း၊ မောဃပဥှာ၊ အနုလုံမှာနော ့ ဖြေ-ပဋိသေဓဝိဘင်း။ ။

၆-ပစ္စနိက်၌ဖြစ်မှုကား၊ ပုရေပဥှာ ပါဠိဂတိ ့ဖြေ။ ။

ယမိုက်ဆယ်ကျမ်း၌ အမေးလေးထွေ့အဖြေငါးပါးကိုစပ်၍ ဝိဘင်း ခြောက်ပါး ထုတ်ပုံ အမှာနှင့်တကွ ကဗျာပြီး၏။ ။

ယမိုက်ချိုးပြီး၏။

# ယမိုက်အနုဂဏ္ဌိ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သဿဇင်္ဂေဟိ သော ဘဂ္ဂေ၊ တာရေတံ မုနိနာဝိကော။
ဘာသတောဘိဓမ္မဏ္ဏဝံ၊ ယမကဿာနုဂဏ္ဌိယံ။ ။

## မူလယမိုက်

ယမိုက်ဂဏ္ဌိ၌တိမ်မြုပ်ကွယ်ဝှက်သော အနက်အဓိပ္ပါယ်တို့ကို ပေါ်လွင်ထင်ရှားစေလျက် ကိုးကားသော သာဓကပါဠိတို့ကိုလည်း အနက်မြန်မာပြန်ဆို၍ စာသင်ငယ်တို့နှင့်လျော်ရုံ တိုတိုကျဉ်းကျဉ်း လိုရင်းမျှ ဖြစ်သော အမေးအဖြေ တို့ဖြင့် တန်ဆာဆင်ကာ ရန်ကုန်မြို့ သုဓမ္မဝတီပိဋကတ် ပုံနှိပ်တိုက်ပါဠိဆရာ ပဋ္ဌမကျော်-ဦးကြီးဖေ သည် "ယမိုက်အနုဂဏ္ဌိ" ကို ရေးသားစီရင် အပ်သတည်း။

[အထူးမှာထားရန်မှာ ကျမ်းကြီးမည် စိုး၍ မာတိကာအနုဂဏ္ဌိ, ဓာတုကထာအနုဂဏ္ဌိတို့၌ကဲ့သို့ အမေး, အဖြေများစွာ မထည့်သွင်းတော့ဘဲ ထူးနိုးရာ အမေး, အဖြေ လောက်ကိုသာ ထည့်သွင်းပါမည်]။

## ဥဒ္ဒေသဝါရ

**ဂဏ္ဌိစကား ရှင်းလင်းချက်**

**မေး။** ။ကထာ ဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို ဟောတော်မမူဘဲ အဘယ့်ကြောင့် ယမိုက်ကျမ်းကို ဟောတော်မူသနည်း။

**ဖြေ။** ။ကထာဝတ္ထုကျမ်းဝယ် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော တရားတို့၌ သန္နိဋ္ဌာန်သံသယတို့၏ အစွမ်းအားဖြင့် အထူးထူးသော နည်းတို့၌ လိမ္မာစေခြင်းငှါ ပဋ္ဌာန်းကျမ်းကို ဟောတော်မမူဘဲ ယမိုက်ကျမ်းကို ဟောတော်မူပါသည်။

[**မှတ်ချက်။** ။အထူးထူးသော နည်းတို့၌ လိမ္မာခြင်းသည် ကုသိုလ်စသော တရားတို့၌ ဖေါက်ပြန်ချက်ယွင်းသော အယူကို ယူသောသူမဖြစ်နိုင်။ ထိုကုသိုလ်စသော တရားတို့၌ ဖေါက်ပြန်ချတ်ယွင်းသော အယူကိုလည်း ကထာဝတ္ထု ကျမ်းဖြင့်ပင် ပယ်ဖျောက်တော်မူသည်။ ဤသို့ အကြောင်းအကျိုး စပ်သောကြောင့် ဟောတော်မူသည် ဟူလို]။

ကထာဝတ္ထုပကရဏေန သခေ်ပေနေဝ ဒေသိတေန ဓမ္မေသု ဝိပရိတဂ္ဂဟဏံ နိဝါရေတွာ တေသွေဝ ဓမ္မေသု ဓမ္မသင်္ဂဟာဒီသု ပကာသိ

တေသု ဓမ္မပုဂ္ဂလောကာသာဒိနိဿယာနံ သန္နိဋ္ဌာနသံသယာနံ ဝသေန နာနပ္ပကာရကောသလ္လတ္ထံ ယမကပ္ပကရဏံ အာရဒ္ဓံ။ ။

## ယမိုက်မူလဋီကာ

သခေ်ပေနေ၀၊ အကျဉ်းအားဖြင့်သာလျှင်။ ဒေသိတေန၊ ဟောတော်မူအပ်သော။ ကထာဝတ္ထုပကရဏေန၊ ကထာဝတ္ထုကျမ်းဖြင့်။ ဓမ္မေသု၊ ခန္ဓာစသော ကုသိုလ်စသော တရားတို့၌။ ဝိပရီတဂ္ဂဟဏံ၊ မှားယွင်းဖောက်ပြန်သော အယူကို။ နိဝါရေတွာ၊ တားမြစ်၍။ ဓမ္မသင်္ဂဟာဒီသု၊ ဓမ္မသင်္ဂဏီစသော ကျမ်းတို့၌။ ပကာသိတေသု၊ ပြအပ်ပြီးကုန်သော။ တေသ္ဝေ ဓမ္မေသု၊ ထိုခန္ဓာစသော ကုသိုလ်စသော တရားတို့၌သာလျှင်။ ဓမ္မပုဂ္ဂလောကာသာဒိနိဿယာနံ၊ တရားပုဂ္ဂိုလ် ဘုံစသည်လျှင် မှီရာရှိကုန်သော။ ဝါ၊ တရားပုဂ္ဂိုလ် ဘုံစသည်တို့ကိုမှီ၍ ဖြစ်ကုန်သော။ သန္နိဋ္ဌာနသံသယာနံ၊ သန္နိဋ္ဌာန်သံသယတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ နာနပ္ပကာရကောသလ္လတ္ထံ၊ အထူးထူး အပြားပြားသော သဘောတို့၌ လိမ္မာစေခြင်းငှါ။ ယမကပ္ပကရဏံ၊ ယမိုက်ကျမ်းကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်၏။

> အဝိပရီတတော ဂဟိတေသု ဓမ္မေသု မူလယမကာဒိဝသေန ပဝတ္တိယမာနာ ဒေသနာ ဝေနေယျာနံ နာနပ္ပကာရကောသလ္လာဝဟာ ပရိညာကိစ္စသာဓနီစ ဟောတိ နဝိပရီတတောတိ အာဟ ဝိပရီတဂ္ဂဟဏံ။ပ။ အာရဒ္ဓန္တိ၊ တေန ကထာဝတ္ထုပကရဏဒေသနာနန္တရံ ယမကပ္ပကရဏ ဒေသနာယ ကာရဏမာဟ။

## ယမိုက်အနုဋီကာ

အဝိပရီတတော၊ မဖောက်ပြန်သောအားဖြင့်။ ဂဟိတေသု၊ ယူအပ်ကုန်သော။ ဓမ္မေသု၊ ခန္ဓာစသောတရား ကုသိုလ်စသော တရားတို့၌။ မူလယမကာဒိဝသေန၊ မူလယမိုက်စသည်တို့၏ အစွမ်းအားဖြင့်။ ပဝတ္တိယမာနာ၊ ဖြစ်စေအပ်သော။ ဒေသနာ၊ ဒေသနာတော်သည်။ ဝေနေယျာနံ၊ ဝေနေယျတို့အား။ နာနပ္ပကာရကောသလ္လာဝဟာ စ၊ အထူးထူးအပြားပြားသော နည်းတို့၌ လိမ္မာခြင်းကို ဆောင်သည်ငှင်း။ ပရိညာကိစ္စသာဓနီစ၊ ပရိညာကိစ္စကို ပြီးစေခြင်းသည်ငှင်း။ ဟောတိ၊ ၏။ ဝိပရီတတော၊ ဖောက်ပြန်သောအားဖြင့်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့သောအနက်ကို။ မနသိကတွာ၊နှလုံးပြု၍။ ဝိပရီတဂ္ဂဟဏံ။ပ။ အာရဒ္ဓန္တိ၊ ဝိပရီတဂ္ဂဟဏံ။ပ။ အာရဒ္ဓံဟူသောစကားကို။ အာဟ၊မိန့်တော်မူ၏။ တေန၊ထိုဝိပရီတဂ္ဂဟဏံ။ပ။ အာရဒ္ဓံဟူသောပါဌ်ဖြင့်။ ကထာဝတ္ထုပကရဏဒေသနာနန္တရံ၊ ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌။ ယမကပ္ပ

ကရဏဒေသနာယ။ ယမိုက်ကျမ်းကိုဟောတော်မူခြင်း၏။ ကာရဏ၊ အကြောင်းကို။အာဟ၊၏။ ။

**မေး။** ။အဘယ့်ကြောင့် ယမိုက်ကျမ်းမည်ပါသနည်း။

**ဖြေ။** ။အနက်အတ္ထအားဖြင့်၎င်း ပါဠိဓမ္မအားဖြင့်၎င်း အစုံအစုံပြု၍ဟောသော ကျမ်းဖြစ်သောကြောင့် ယမိုက်ကျမ်းမည်ပါသည်။

**မေး။** ။အဘယ်သို့အစုံအစုံဖြစ်ပါသနည်း။

**ဖြေ။** ။မူလယမက၌အနုလောမ ပုစ္ဆာသန္နိဋ္ဌာန်အရ ကုသိုလ်အနက်,ပဋိလောမ ပုစ္ဆာသန္နိဋ္ဌာန်အရ ကုသိုလ်မူလအနက်, တစုံ(တနည်း)၎င်းတို့၏ ကုသလ ပါဠိဓမ္မ,ကုသလမူလပါဠိဓမ္မ,တစုံ(တနည်း)အနုလောမပုစ္ဆာ သံသယအရ ကုသိုလ်မူလအနက်, ပဋိလောမပုစ္ဆာသံသယအရ ကုသိုလ်အနက်, တစုံ (တနည်း)၎င်းတို့၏ ကုသလမူလပါဠိဓမ္မ,ကုသလပါဠိဓမ္မ,တစုံ (တနည်း) အနုလောမပုစ္ဆာအနက်,ပဋိလောမပုစ္ဆာအနက်,တစုံ (တနည်း)၎င်းတို့၏ ပါဠိဓမ္မတစုံအားဖြင့် အစုံအစုံဖြစ်ပါသည်။

[**မှတ်ချက်။** ။သန္နိဋ္ဌာန်သံသယအားဖြင့်၎င်း, ပုစ္ဆာဝိဿဇ္ဇနာအားဖြင့်၎င်း, အနုလုံပစ္စနိက်အားဖြင့်၎င်း အစုံအစုံဖြစ်သင့်သေးသည်။ ။ကေမူလယမကစသည် ခန္ဓယမိုက်စသည်တို့၌ ဤနည်းအတူ အစုံအစုံဖြစ်ပုံယူပုံကိုသိအပ်ကုန်ရာသည်]။

ကုသလကုသလမူလသင်္ခါတာနံ ဒွိန္နံ အတ္ထာနံ ဝသေန အတ္ထယမကတ္တိဝါ တေသညေဝ အတ္ထာနံ ဝသေန အနုလောမ ပဋိလောမတော ပဝတ္တပါဠိ ဓမ္မဝသေန ဓမ္မယမကတ္တိဝါ အနုလောမ ပဋိလောမတော ပဝတ္တပုစ္ဆာ ဝသေန ပုစ္ဆာ ယမကတ္တိဝါ တိဝိဓာယ ယမကဘာဝေါ ဝေဒိတဗ္ဗော။ သေသေသုပိ ဧသေဝနယော။ ။

**ယမိုက်အဋ္ဌကထာ။**

ကုသလကုသလမူလသင်္ခါတာနံ၊ ကုသိုလ် ကုသိုလ်မူလဟူ ဆိုအပ်ကုန်သော။ ဒွိန္နံအတ္ထာနံ၊နှစ်ပါးသောအနက်တို့၏။ဝသေန၊အစွမ်းအားဖြင့်။ အတ္ထယမကတ္တိဝါ၊ အတ္ထယမကဟူ၍၎င်း။ တေသညေဝအတ္ထာနံ၊ ထိုကုသိုလ် ကုသိုလ်မူလဟူ ဆိုအပ်ကုန်သော နှစ်ပါးသော အနက်တို့၏သာလျှင်။ ဝသေန၊ အားဖြင့်။ အနုလောမ ပဋိလောမတော၊ အနုလုံပဋိလုံအားဖြင့်။ ပဝတ္တပါဠိဓမ္မဝသေန၊ ဖြစ်သောပါဠိဓမ္မ၏ အစွမ်းအားဖြင့်။ ဓမ္မယမကတ္တိဝါ၊ ဓမ္မယမကဟူ၍၎င်း။ အနုလောမပဋိလောမတော၊ အားဖြင့်၊ ပဝတ္တပုစ္ဆာဝသေန၊ ဖြစ်သောပုစ္ဆာ၏ အစွမ်းအားဖြင့်။

ပုစ္ဆာယမကန္တိဝါ၊ ပုစ္ဆာယမကဟူ၍ရင်း။ တိဝိဓာယ၊ သုံးပါးအပြားဖြင့်။ ယမက ဘာဝေါ၊ ယမက၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သေသေသုပိ၊ ကြွင်းသော ယမကတို့၌လည်း။ ဧသေဝနယော၊ ဤနည်းသာလျှင် နည်းရှိ၏။

မေး။ ။ထိုသို့မူလယမကကေမူလယမကစသောအစိတ်အစိတ်ဖြစ်သောယမကသော ယမိုက်ကျမ်းမည်ခဲ့သော်အပေါင်းဖြစ်သော မူလခန္ဓစသောကျမ်း၊ယမိုက် ဆယ်ကျမ်းလုံးတို့ကား အဘယ်သို့ယမိုက်မည်သနည်း။

ဖြေ။ ။အနက်အားဖြင့်ရင်းပါဠိဓမ္မအားဖြင့်ရင်း အစုံအစုံဖြစ်သော ယမကတို့ဖြင့် ဟောအပ်သောကြောင့် မူလယမက ကေမူလယမက စသော အစိတ် အစိတ်ဖြစ်သောယမကတို့၏ယမိုက်ဟူသောအမည်ကို အပေါင်းဖြစ်သော မူလ,ခန္ဓစသောကျမ်း ယမိုက်ဆယ်ကျမ်းလုံးတို့၌ တင်စား၍ (အဝယ ဝူပစာ)အားဖြင့်ယမိုက်မည်ပါသည်။ ။

[**မှတ်ချက်**။ ။အဝယဝူပစာ၏ အဓိပ္ပါယ်ကို ကျွန်ုပ်တို့ ရေးသား အပ်သော မာတိကာအနုဋီကာ ဝေဒနာတိက်မှာ ယူပါကုန်]။ ။

ယုဂဠသခါတာနံ ယမကာနံ ဝသေန ဒေသိတတ္တာ ဣမေသု ဒသသု ကေကံ ယမကံနာမ။ ။**ယမိုက်အဋ္ဌကထာ**။

ယုဂဠသခါတာနံ၊ အစုံအစုံဟုဆိုအပ်ကုန်သော။ ယမကာနံ၊ ယမကတို့၏။ ဝသေန၊ဖြင့်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဒသသု၊ ဆယ်ပါးကုန်သော၊ ဣမေသု၊ ဤမူလခန္ဓစသော ယမိုက်ကျမ်းတို့တွင်။ ကေကံ၊ တခုတခုသောကျမ်းသည်။ ယမကံနာမ၊ ယမိုက်မည်၏။ ။

အဝယဝေ ပဝတ္တောသော၊ ဝေါဟာရော သမူဟေ ကတော။
တံယထာ စေ သမံစုဏ္ဏံ၊ သမန္တေတ္ထဝယဝံ မတံ။ ။

[ဂုင်းဂါထာ၏အနက်လည်း မာတိကာ အနုဋီကာတွင် ရေးခဲ့ပြီ။ အလိုရှိသူတို ရင်းမှ ယူပါကုန်]။ ။

ဣမေသမ္ပန ယမကာနံ သမူဟဘာဝတော သဗ္ဗမ္ပေတံ ပကရဏံ ယမကန္တိ ပဝုစ္စတိ။ ။

**ယမိုက်အဋ္ဌကထာ**။

ပန၊ ထိုမှတပါး။ ဣမေသံ ယမကာနံ၊ ဤမူလယမိုက်စသော ကျမ်းတို့၏၊ သမူဟဘာဝတော၊ အပေါင်းဖြစ်သောကြောင့်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ ပကရဏံ။ ဤအပေါင်းဖြစ်သော ကျမ်းကို။ ဝါ၊ ဆယ်ကျမ်းလုံးကို။ ယမကန္တိ၊ ယမိုက်ဟူ၍။ပဝုစ္စတိ၊ ဆိုအပ်၏။ ။

**မေး။** ။ယမိုက်ဆယ်ကျမ်းရှိပါလျက် ခန္ဓစသော ယမိုက်ကို ရှေးဦးစွာမဟောဘဲ အဘဲ့ကြောင့် မူလယမိုက်ကို ရှေးဦးစွာ ဟောတော်မူသနည်း။

**ဖြေ။** ။မူလယမိုက်၌ ဟောအပ်သော ကုသိုလ်စသော တရားတို့ကိုသာလျှင် ခန္ဓာစသည်ဖွဲ့၍ ခန္ဓယမိုက်စသည်ကို ဟောရပါသည်။ ထို့ကြောင့် ခန္ဓယမိုက်စသည်ကို ရှေးဦးစွာမဟောဘဲ မူလယမိုက်ကိုသာ ရှေးဦးစွာ ဟောရပါသည်။ ။

ဣဒါနိ မူလယမကေ ဒေသိတေယေဝ ကုသလာဒိဓမ္မေ ခန္ဓဝသေန သင်္ဂဟိတွာ မူလယမကာနန္တရံ ဒေသိတဿ ခန္ဓယမကဿ ဝဏ္ဏနာ ဟောတိ။ ။

**ယမိုက်အဋ္ဌကထာ။**

ဣဒါနိ၊ ယခုအခါ၌။ မူလယမကေ၊ မူလယမိုက်၌။ ဒေသိတေယေဝ၊ ဟောတော် မူအပ်ပြီးသည်သာလျှင် ဖြစ်ကုန်သော။ ကုသလာဒိဓမ္မေ၊ ကုသိုလ်စသော တရားတို့ကို။ ခန္ဓဝသေန၊ ခန္ဓာ၏အစွမ်းအားဖြင့်။ သင်္ဂဟိတွာ၊ တပေါင်းတည်းယူ၍။ မူလယမကာနန္တရံ၊ မူလယမိုက်၏အခြားမဲ့၌။ ဒေသိတဿ၊ သော။ ခန္ဓယမကဿ၊ ခန္ဓယမိုက်၏။ ဝဏ္ဏနာ၊ အဖွင့်သည်။ ဟောတိ၊ ၏။ ။

**မေး။** ။မူလယမိုက်၌ ဥဒ္ဒေသဝါရ နိဒ္ဒေသဝါရ အားဖြင့် နှစ်ပါးရှိရာ၊ နိဒ္ဒေသဝါရကို ရှေးဦးစွာ မဟောဘဲ အဘဲ့ကြောင့် ဥဒ္ဒေသဝါရကို ရှေးဦးစွာ ဟောသနည်း။

**ဖြေ။** ။အကျဉ်းပြအပ်သော ဥဒ္ဒေသ အစဉ်ဖြင့် အကျယ် ပြအပ်သောကြောင့် နိဒ္ဒေသဝါရကို ရှေးဦးစွာ မဟောဘဲ၊ ဥဒ္ဒေသဝါရကိုသာ ရှေးဦးစွာ ဟောပါသည်။ ။

တေသု ဥဒ္ဒိဋ္ဌာနုက္ကမေန နိဒ္ဒိသိတဗ္ဗတ္တာ ဥဒ္ဒေသဝါရော ပဌမော။

**ယမိုက်အဋ္ဌကထာ။**

တေသု၊ ထို နှစ်ပါးသောဝါရတို့တွင်။ ဥဒ္ဒိဋ္ဌာနုက္ကမေန၊ အကျဉ်းပြအပ်ပြီးသော ဥဒ္ဒေသအစဉ်ဖြင့်။ နိဒ္ဒိသိတဗ္ဗတ္တာ၊ အကျယ်ပြအပ်သည်၏ အဖြစ်ကြောင့်။ ဥဒ္ဒေသဝါရော၊ ဥဒ္ဒေသဝါရသည်။ ပဌမော၊ ရှေးဦးစွာ။ ဟောတိ၊ ၏။ ။

[မှတ်ချက်။ ။တိကမာတိကာကို ရှေးဦးစွာ ဟောခြင်း။ ကုသလတိက်ကို ရှေးဦးစွာ ဟောခြင်း။ ကုသလပဒ, အကုသလပဒ, အဗျာကတပဒတို့ကို

ဟောခြင်း။ ဝေဒနာတိက်ကို ဟောခြင်းတို့ကို အမေးအဖြေနှင့်တကွ သာဓက အနက်ပါ မာတိကာအနုဂဏ္ဍိ၌ ပြအပ်ကုန်ပြီ။ ၎င်းမှယူပါကုန်]။ ။

အာရောဂျေ ကုသလံ ဍ္လဋ္ဌ၊ ဝိပါကေ ကုသလော တထာ။
အနဝဇ္ဇမှိ ဆေကေစ၊ ကထိတော ဝါစ္စလိင်္ဂိကော။ ။

**အဘိဓာနပ္ပဒီပိကာ။**

ကုသလံ၊ နပုလ္လိင်ကုသလသဒ္ဒါသည်။ အာရောဂျေ၊ အနာမရှိခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ တထာ။ ထိုမှတပါး။ ကုသလော၊ ပုလ္လိင်ကုသလသဒ္ဒါသည်။ ဍ္လဋ္ဌဝိပါကေ၊ ကောင်းကျိုးအနက်၌။ ဝတ္တတိ၊ ၏။ ဝါစ္စလိင်္ဂိကော၊ ဝါစ္စသို့ လိုက်သော လိင်ရှိသော ကုသလသဒ္ဒါကို။ အနဝဇ္ဇမှိစ၊ အပြစ်မရှိခြင်းအနက်၌၎င်း။ ဆေကေစ၊ လိမ္မာခြင်း အနက်၌၎င်း။ ကထိတော၊ ဆိုအပ်၏။ ။

မေး။ ။အာရောဂျစသော ကုသလသဒ္ဒါ၏ အနက်လေးပါးရှိရာ။ ကုသလာဓမ္မာ ဟူသောပုဒ်၌ ကုသလသဒ္ဒါသည် အဘယ်အနက်၌ ဖြစ်သနည်း။

ဖြေ။ ။အာရောဂျ, ဍ္လဋ္ဌဝိပါက, အနဝဇ္ဇ ဤသုံးနက် ဖြစ်ပါသည်။

[မှတ်ချက်။ ။ဓမ္မသင်္ဂဏီ အဋ္ဌကထာအလို အာရောဂျ, ဍ္လဋ္ဌဝိပါက, အနဝဇ္ဇ ဤသုံးနက်၌ ဖြစ်သည်။ ယမိုက် အဋ္ဌကထာအလို ဍ္လဋ္ဌဝိပါက, အနဝဇ္ဇ ဤ နှစ်နက်၌သာဖြစ်သည်။ ။သတိပြုပါ]။ ။

သွာယ မိဓ အာရောဂျေပိ အနဝဇ္ဇေပိ သုခဝိပါကေပိ ဝဋ္ဋတိ။ ။

**ဓမ္မသင်္ဂဏီအဋ္ဌကထာ ။**

ကုသလာဓမ္မာတိ ကုသလတိကဿ ပဒဘာဇနေ ဝုတ္တလက္ခဏာ အနဝဇ္ဇ သုခဝိပါကာ ကုသလသဘာဝါ။ ။**ယမိုက်အဋ္ဌကထာ။**

သွာယံ-သောအယံ ကုသလသဒ္ဒေါ၊ ထိုကုသလသဒ္ဒါသည်။ ဣဓ၊ ဤကုသလာ ဓမ္မာဟူသောပုဒ်၌။ အာရောဂျေပိ၊ အနာကင်းခြင်းအနက်၌၎င်း။ အနဝဇ္ဇေပိ၊ အပြစ်မရှိခြင်းအနက်၌၎င်း။ သုခဝိပါကေပိ၊ ကောင်းကျိုးအနက်၌၎င်း။ ဝဋ္ဋတိ၊ သင့်၏။ ။

ကုသလာဓမ္မာတိ၊ကား။ ကုသလတိကဿ၊ ကုသလတိက်၏။ ပဒဘာဇနေ၊ ပဒဘာဇနီ၌။ ဝုတ္တလက္ခဏာ၊ ဆိုအပ်ပြီးသော လက္ခဏာရှိကုန်သော။ အနဝဇ္ဇ- သုခဝိပါကာ၊ အပြစ်မရှိသည်ဖြစ်၍ ကောင်းသောအကျိုးကို ဖြစ်စေတတ်

ကုန်သော။ ကုသလသဘာဝါ၊ ကုသိုလ်သဘောရှိကုန်သော တရားတို့သည်။ (ပေါတ္ထိ ကိ°)။ ။

ဓမ္မော သဘာဝေ ပရိယတ္တိပညာ၊
ဉာယေသု သစ္စပ္ပကတီသု ပုညေ၊
ဉေယျေ ဂုဏာစာရသမာဓိသုပိ၊
နိဿတ္တတာပတ္တိသု ကာရဏာဒေါ။ ။

**အဘိဓာနပ္ပဒီပိကာ။**

ဓမ္မော၊ ဓမ္မသဒ္ဒါသည်။ သဘာဝေ၊ သဘောအနက်၌၎င်း။ ပရိယတ္တိ ပညာဉာယေသု၊ ပရိယတ္တိအနက်, ပညာအနက်, အသင့် အနက်တို့၌၎င်း။ သစ္စပ္ပကတီသု၊ သစ္စာအနက်, ပကတိအနက်တို့၌၎င်း။ ပုညေ၊ ကောင်းမှု အနက်၌၎င်း။ ဂုဏာစာရသမာဓီသု၊ ဂုဏ်ကျေးဇူးအနက်, အကျင့်အနက်, သမာဓိအနက်တို့၌၎င်း။ နိဿတ္တတာပတ္တိသု၊ နိဿတ္တအနက်, အာပတ်အနက်တို့၌ ၎င်း။ ကာရဏာဒေါ၊ အကြောင်းစသော အနက်၌၎င်း။ သိယာ၊ဖြစ်ရာ၏။ ။

**မေး။** ။သဘာဝစသောဓမ္မသဒ္ဒါ၏အနက်ဆဲ့သုံးပါးရှိရာ။ကုသလာဓမ္မာ ဟူသော ပုဒ်၌ ဓမ္မသဒ္ဒါသည် အဘယ်အနက်၌ဖြစ်သနည်း။

**ဖြေ။** ။ဓမ္မသင်္ဂဏီ အဋ္ဌကထာအလို နိဿတ္တ နိဇ္ဇီဝအနက်။ ယမိုက် အဋ္ဌကထာ အလို သဘာဝအနက်၌ ဖြစ်ပါသည်။

သွာယမိဓ နိဿတ္တနိဇ္ဇီဝတာယမေဝ ဝဋ္ဋတိ။ ။**ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

သွာယံ-သောအယံ ဓမ္မသဒ္ဒေါ၊ ထိုဓမ္မသဒ္ဒါသည်။ ဣဓာပိ၊ ဤကုသလာ ဓမ္မာ ဟူသော ပုဒ်၌လည်း။ နိဿတ္တနိဇ္ဇီဝတာယမေဝ၊ သတ္တဇီဝမှဆိတ်သော အနက်၌သာလျှင်။ ဝဋ္ဋတိ၊သင့်၏။ ။

ပဋိသေဓေ ဝုဒ္ဓိတဗ္ဘာဝေ၊ အညတ္ထေ သဒိသေပိစ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟပ္ပကေ။ ။

**ကောက္ခရကောသ။**

အကာရော၊ အ-အက္ခရာသည်။ ပဋိသေဓေ၊ တားမြစ်ခြင်းအနက်၌၎င်း။ ဝုဒ္ဓိ-တဗ္ဘာဝေ၊ ကြီးပွါးခြင်းအနက်, တဗ္ဘောအနက်(ပကတိ)အနက်၌၎င်း။ အညတ္ထေ၊ တပါးအနက်၌၎င်း။ သဒိသေ၊ အတူအနက်၌၎င်း။ ဝိရုဒ္ဓေ၊ ဆန့်ကျင်ဘက် အနက်၌၎င်း။ ဂရဟေ၊ ကဲ့ရဲ့ခြင်းအနက်၌၎င်း။ သုညေ၊ ဆိတ်ခြင်းအနက်၌၎င်း။

ဝိရဟော၊ ကင်းခြင်းအနက်၌ဒုင်း။ အပ္ပကော။ အနည်းငယ်အနက်၌ဒုင်း။ ပဝတ္တတိ၊ ဖြစ်၏။ ။

မေး။ ။ပဋိသေဓေသော အ-၏ အနက် ဆယ်ပါးရှိရာ အကုသလာ၌ အ,သဒ္ဒါ အဗျာကတာ၌ အ,သဒ္ဒါတို့ကား အဘယ်အနက်၌ဖြစ်ကြသနည်း။

ဖြေ။ ။အကုသလာ၌ အ,သဒ္ဒါကား ဝိရုဒ္ဓအနက်။ အဗျာကတာ၌ အ,သဒ္ဒါကား အညအနက်၌ဖြစ်ပါသည်။

မေး။ ။ကုသလတိက် မိမ္မသင်္ဂဏီ ကျမ်း၌ သုံးပဒသာ ဟောပါလျက် ယမိုက် ကျမ်း၌ နာမပဒကိုထည့်၍ အဘယ့်ကြောင့် လေးပဒဟောပါသနည်း။

ဖြေ။ ။ယမိုက်ကျမ်း၌ သုံးပဒကိုပေါင်း၍ ပြခြင်းငှါ နာမပဒကိုထည့်၍ လေးပဒ ဟောပါသည်။

ကုသလာဒိသင်္ဂဟတ္ထမေဝစ နာမပဒဿ ဝုတ္တတ္တာ။ ။

**ယမိုက်မူလဋီကာ။**

နာမပဒဿ၊ နာမပဒ၏။ ကုသလလာဒိသင်္ဂဟတ္ထမေဝ၊ ကုသိုလ်အစရှိသော တရားတို့ကို ပေါင်းခြင်းအကျိုးငှါသာလျှင်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ (စတူသု ပဒေသု ဝုတ္တံ)။ ။

မူလံ ဟေတု နိဒါနဉ္စ၊ သမ္ဘဝေါ ပဘဝေနစ။
သမုဋ္ဌာနာဟာရာရမ္မဏာ၊ ပစ္စယော သမုဒယေန စ။ ။

မူလံ၊ မူလဝါရဒုင်း။ ဟေတု၊ ဟေတုဝါရဒုင်း။ နိဒါနဉ္စ၊ နိဒါနဝါရဒုင်း။ သမ္ဘဝေါ၊ သမ္ဘဝဝါရဒုင်း။ ပဘဝေနစ၊ ပဘဝဝါရဒုင်း။ သမုဋ္ဌာနံ၊ သမုဋ္ဌာနဝါရဒုင်း။ အာဟာရော၊ အာဟာရဝါရဒုင်း။ အာရမ္မဏံ၊ အာရမ္မဏဝါရဒုင်း။ ပစ္စယော၊ ပစ္စယဝါရဒုင်း။ သမုဒယေနစ၊ သမုဒယဝါရဒုင်း။ ဣတိ၊ ဤသို့။ ဒသ။ ဆယ်ပါးတို့တည်း။ ။
(ဤ၌ ဝိဘတ်ကိုမငဲ့ဘဲ သရုပ်ရရှိသာ အနက်ပေးသည်)။ ။

ဥဒ္ဒေသဝါရ ပြီး၏။

---

## နိဒ္ဒေသဝါရ

**ဂဏ္ဌိစကား ရှင်းလင်းချက်**

မေး။ ။တီဏေဝ ကုသလမူလာနိ ဟု ဟောတော်မူခဲ့သော် ဒွိဟိတ်၌ရှိသော မူလ နှစ်ပါးသည် အဘယ်သို့ ပါဝင်နိုင်ပါသနည်း။

**ဖြေ။** ။တိဟိတ်၌ရှိသော မူလသုံးပါးဟူသော အပေါင်းကိုဆိုသဖြင့် ဒွိဟိတ်၌ ရှိသော မူလ နှစ်ပါးဟူသော အစိတ်ကိုလည်း ရသောကြောင့် ဒွိဟိတ်၌ ရှိသော ဟိတ်နှစ်ပါးလည်း ပါဝင်နိုင်ပါသည်။

**မေး။** ။အဝသေသာ စသော ပါဠ်ဖြင့် အကုသိုလ်, အဗျာကတတို့မှာ ကုသလမူ သုံးခုမှကြွင်းသောတရားများဖြစ်၍ ကုသိုလ်မည်ရာသည်မဟုတ်တုံလော။ ရှင်းလင်း၍ ပြခဲ့ပါ။

**ဖြေ။** ။အကုသိုလ် အဗျာကတတို့မှာ ကုသလမူ သုံးခုမှကြွင်းသော တရား ဖြစ်သော်လည်း ကုသိုလ် မမည်နိုင်ရာ၊ ဖဿစသော ကုသိုလ် မည်ထိုက် သောတရားတို့သာ ကုသိုလ်မည်ပါသည်။

[**မှတ်ချက်။** ။ထေရော အဘိဓမ္မံ ဘာသတု ဆိုရာဝယ်။ ထေရော အရမထေရ်အများနှင့် ဆက်ဆံသော်လည်း အဘိဓမ္မာကို မရွတ်ဆိုနိုင် သော တောထွက် မထေရ်ကိုမယူရ။အဘိဓမ္မာကို ရွတ်ဆိုနိုင်သော ပညာရှိ ကဝိမထေရ်ကိုသာ ယူရသကဲ့သို့ မှတ်အပ်၏]။ ။

အဝသေသာ ကုသလာဓမ္မာ နကုသလမူလာတိ အဝသေသာ ဖဿာ ဒယော ကုသလာဓမ္မာ ကုသလမူလာနိနာမ န ဟောန္တိ။အထဝါ အဝသေ သာ ဖဿာဒယော ကုသလာဓမ္မာယေဝ နာမ။ နကုသလမူလာနီတိပိ အတ္ထော။ ။**ယမိုက်အဋ္ဌကထာ**။

**အဝသေသာ**။ပ။ မူလာတိ၊ ကား။ အဝသေသာ၊ ကုသလမူ သုံးခုမှကြွင်းကုန် **သော**။ ဖဿာဒယော၊ **ဖဿ** အစရှိကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်မည်ကုန် **သော တရားတို့သည်**။ ကုသလမူလာနိနာမ၊ကုသိုလ်မူလမည်ကုန်သည်။နဟောန္တိ၊ **မဖြစ်ကုန်**။ အထဝါ၊ တနည်းကား။ အဝသေသာ၊ ကုန်သော။ ဖဿာဒယော၊ ကုန်သောတရားတို့သည်။ ကုသလာဓမ္မာယေဝနာမ၊ ကုသိုလ်တရား မည်ကုန် သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ကုသလမူလာနိ၊ ကုသိုလ်မူလ မည်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဣတိပိ အတ္ထော၊ ဤသို့သောအနက်ကိုလည်း။ဝေဒိတဗ္ဗော၊ သိအပ်၏။ ။

**မေး။** ။သင်္ဂိုဟ်ကျမ်းဝယ် စိတ္တဇရုပ် (ပန္နရသ)ဟု ဆိုပါလျက် ကေမူလ ပဋ္ဌိလောမပုစ္ဆာ ကုသိုလ်စိတ္တဇရုပ်ကို ကောက်ရာ၌ အဘယ့်ကြောင့် (သတ္တရသ)ဟုကောက်ပါသနည်း။

**ဖြေ။** ။သင်္ဂိုဟ်ကျမ်းဝယ် ဥပစယ-သန္တတိမပါ၍ (ပန္နရသ)သာ ဖြစ်သည်။ **ဤ၌ကား ဥပစယ-သန္တတိထည့်၍ သတ္တရသဖြစ်ပါသည်**။

မေး။ ။ဥပစယ-သန္တတိထည့်၍ သတ္တရသဖြစ်ခဲ့သော်။ (ဇာယမာနာဒိရူပါနံ။ပ။ ကေဟိစီတိ ပကာသိတံ)ဟူသော သင်္ဂြိုဟ်ကျမ်းဝယ် လက္ခဏရုပ်တို့ကား နကုတောစိသမုဋ္ဌာန် ဆိုသောစကားနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သည်၊ မဟုတ်ပါလော။ ရှင်းလင်း၍ ပြခဲ့ပါ။

ဖြေ။ ။မဆန့်ကျင်ပါ။ ဥပစယ-သန္တတိတို့ကား စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စ ဖြစ်စဉ်ကိုစွဲ၍ ဖြစ်သဖြင့် ပရိယာယ်အားဖြင့် စတုသမုဋ္ဌာနိက ရုပ်သို့ သွင်း၍ သတ္တရသ ဖြစ်ပါသည်။ သင်္ဂြိုဟ်ကျမ်း၌ကား မုချအားဖြင့်ဆို သောကြောင့်ပန္နရသသာ ဖြစ်ပါသည်။

ယေပနကမ္မာဒီဟိ နိဗ္ဗတ္တန္တိ။ တေသံ အဘိနိဗ္ဗတ္တိဘာဝတော ဇာတိ ယာ တပ္ပစ္စယဘာဝဝေါဟာရော အနုမတော။ နပန ပရမတ္ထတော ဇာတိ ဇာယတိ။ **။ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

ယေဓမ္မာ၊ အကြင်ရုပ်တရားတို့သည်။ ကမ္မာဒီဟိ၊ ကံစသောအကြောင်းတို့ ကြောင့်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ တေသံ ဓမ္မာနံ၊ တို့၏။ အဘိနိဗ္ဗတ္တိဘာဝတော၊ ရှေးဦးစွာဖြစ်စ ဖြစ်စဉ်၏ အဖြစ်ကြောင့်။ ဇာတိယာ၊ ဇာတိရုပ်၏။ ဝါ၊ ဥပစယ-သန္တတိရုပ်၏။ တပ္ပစ္စယဘာဝဝေါဟာရော၊ ထိုရုပ်တရားတို့၏ အကြောင်းရှိသည် အဖြစ်ဖြင့် ဖြစ်သောဝေါဟာရကို။ ဝါ၊ စတုသမုဋ္ဌာနိကရုပ်တို့၏အကြောင်းဖြစ်၍ စတုသမုဋ္ဌာနိကဟူသော အမည်ကို။ အနုမတော၊ဝန်ခံအပ်၏။ ပန၊ အနုယမှတပါး ဗျတိရိက်ကိုဆိုဦးအံ့။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ဝါ၊ မုချအားဖြင့်။ ဇာတိ၊ ဇာတိရုပ်သည်။ ဝါ၊ ဥပစယ-သန္တတိ ရုပ်သည်။ နဇာယတိ၊ မဖြစ်။ ။

မေး။ ။ဥပစယ-သန္တတိကို စတုသမုဋ္ဌာနိကကောက်ယူခဲ့သော် လက္ခဏရုပ်ချင်း တူသောဇရတာနှင့် အနိစ္စတာကိုလည်း စတုသမုဋ္ဌာနိက ကောက်ယူ သင့်သည် မဟုတ်ပါလော။ ဖြေရှင်း၍ပြခဲ့ပါ။

ဖြေ။ ။မကောက်ယူသင့်ပါ။ဥပစယ-သန္တတိကားစတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စ ဖြစ်စဉ်ဖြစ်၍ ဇနကသတ္တိရှိစဉ်အခိုက်၌ ဖြစ်ရကား စတုသမုဋ္ဌာနိက အမည်ကို ရသော်လည်း ဇရတာ အနိစ္စတာကား သမုဋ္ဌာနိက ရုပ်တို့၏ ရင့်စဉ်ပျက်စဉ်၌ ဖြစ်ရကား ဇနက သတ္တိငြိမ်းစဲမှုဖြစ်သောကြောင့် စတု သမုဋ္ဌာနိကဟူသောအမည်ကိုမရနိုင်သည့်အတွက် မကောက်ယူသင့်ပါ။ ။

[**မှတ်ချက်။** ။ကျွန်ုပ်တို့သဘောမှာ ကောက်ယူခြင်းကို သဘောကျသည်။ စတုသမုဋ္ဌာနိက ရုပ်တို့၏ ဖြစ်စ ဖြစ်စဉ် ရင့်စဉ်ပျက်စဉ်ဖြစ်၍ရင်း၊ ရုပ်တို့၏ ဗျာပါရ မငြိမ်းစဲမီ ဖြစ်သောကြောင့်ရင်း၊ လက္ခဏာရုပ်ချင်းတူသောကြောင့်ရင်း ကောက် ယူသင့်သည်ဟု ထင်ပေသည်]။ ။

တတ္ထ သိယာ ယထေဝ ဇာတိ ယေသံ ဓမ္မာနံ အဘိနိဗ္ဗတ္တိတပ္ပစ္စယ ဘာဝဝေါဟာရံ အဘိနိဗ္ဗတ္တိဝေါဟာရဉ္စ လဘတိ။ တထာ ပါကဘေဒါပိ ကေသံဓမ္မာနံ ပါကဘေဒါ တပ္ပစ္စယဘာဝဝေါဟာရံ အဘိနိဗ္ဗတ္တိဝေါဟာ ရဉ္စ လဘန္တု ဣဒမ္ပိဒ္ဓယံ ကမ္မာဒိသမုဋ္ဌာနမေဝါတိ ဝတ္တဗ္ဗံ ဘဝိဿတီတိ။ နပါကဘေဒါ တံ ဝေါဟာရံ လဘန္တိ။ ကသ္မာ ဇနကပစ္စယာနုဘာဝက္ခဏေ အဘာဝတော။ ဇနကပစ္စယာနဉ္ဟိ ဥပ္ပါဒေတဗ္ဗဓမ္မဿ ဥပ္ပါဒက္ခဏေယေဝ အာနုဘာဝေါ။ န တတော ဥတ္တရိ။ ။တေဟိစ အဘိနိဗ္ဗတ္တိတဓမ္မက္ခဏသ္မိံ ဇာတိ ပညာယမာနာ တပ္ပစ္စယဘာဝဝေါဟာရံ အဘိနိဗ္ဗတ္တိဝေါဟာရဉ္စ လဘတိ။ တသ္မိံ ခဏေ သဗ္ဘာဝတော။ န ဣတရဒ္ဒယံ။ တသ္မိံ ခဏေ အဘာဝတောတိ နေဝတေံ ဇာယတီတိ ဝတ္တဗ္ဗံ။ ။

**ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

တတ္ထ၊ ထိုအရာ၌။ ဇာတိ၊ သည်။ ယေသံဓမ္မာနံ၊ တို့၏။ အဘိနိဗ္ဗတ္တိ၊ သည်။ ဟောတိ၊ ၏။ တပ္ပစ္စယဘာဝဝေါဟာရဉ္စ၊ ထိုတရားတို့၏ အကြောင်းရှိသည်၏ အဖြစ်ဖြင့် ဖြစ်သော ဝေါဟာရကိုရင်း။ အဘိနိဗ္ဗတ္တိဝေါဟာရဉ္စ၊ အသစ် စက်စက် လက်ဦးစွာဖြစ်သော ဝေါဟာရကိုရင်း။ လဘတိယထေဝ၊ ရသကဲ့သို့သာလျှင်။ တထာ၊ ထိုအတူ။ ပါကဘေဒါပိ၊ ရင့်ခြင်းပျက်ခြင်းတို့သည်လည်း။ ယေသံ ဓမ္မာနံ၊ တို့၏။ ပါကဘေဒါ၊ ရင့်ခြင်းပျက်ခြင်းတို့သည်။ ဟုတွာ၊ဖြစ်၍။ တပ္ပစ္စယဘာဝ ဝေါဟာရဉ္စ၊ ကိုရင်း။ အဘိနိဗ္ဗတ္တိဝေါဟာရဉ္စ၊ ကိုရင်း။ လဘန္တု၊ ရစေကုန်။ ဧဝံ သန္တေ၊ ဤသို့ရကုန်သည်ရှိသော်။ ဣဒံ ဒွယမ္ပိ၊ ဤဇရတာ အနိစ္စတာရုပ် နှစ်ခု အပေါင်းသည်လည်း။ ကမ္မာဒိသမုဋ္ဌာနမေဝ၊ ကံစသော အကြောင်းကြောင့်ဖြစ် သော ရုပ်သည်သာတည်း။ ဣတိ၊ဤသို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ ဘဝိဿတိ၊ ဖြစ် လတ္တံ့။ ဣတိစောဒနာ၊ ဤသို့စောဒနာခြင်းသည်။ သိယာ၊ဖြစ်ရာ၏။ ပါကဘေဒါ၊ တို့သည်။ တံဝေါဟာရံ၊ ကို။ နလဘန္တိ၊ မရကုန်။ ကသ္မာ၊ ကား။ ဇနကပစ္စယာ နုဘာဝက္ခဏေ၊ ဇနက ပစ္စည်း၏ အာနုဘော်ရှိစဉ်ခဏ၌။ အဘာဝတော၊ မရှိခြင်း ကြောင့်။ နလဘန္တိ၊ကုန်။ဟိသစ္စံ၊မှန်၏။ဇနကပစ္စယာနံ၊ ဇနက ပစ္စည်းတို့၏။ ဥပ္ပါ ဒေတဗ္ဗဓမ္မဿ၊ ဖြစ်စေအပ်သောတရား၏။ ဥပ္ပါဒက္ခဏေယေဝ၊ ဖြစ်စဖြစ်စဉ်ခဏ၌ သာလျှင်။ အာနုဘာဝေါ၊အာနုဘော်သည်။အတ္ထိ၊ရှိ၏။တတော၊မှ။ဥတ္တရိ၊ နောက် ၌။ အာနုဘာဝေါ၊သည်။နဟောတိ၊မဖြစ်။ ။စ၊ ဆက်ဦးအံ့။တေဟိ၊ထိုကံစသော ဇနကပစ္စည်းတို့သည်။ အဘိနိဗ္ဗတ္တိတဓမ္မက္ခဏသ္မိံ၊ ဖြစ်စေအပ်သောတရားတို့၏ ဖြစ်ဆဲခဏ၌။ဇာတိ၊ သည်။ ပညာယမာနာ၊ ထင်ရှားသည်ဖြစ်၍။ တပ္ပစ္စယဘာဝ ဝေါဟာရဉ္စ၊ကိုရင်း။အဘိနိဗ္ဗတ္တိဝေါဟာရဉ္စ၊ကိုရင်း။လဘတိ၊ ရ၏။ တသ္မိံ ခဏေ၊၌။ သဗ္ဘာဝတော၊ ရှိသည်၏အဖြစ်ကြောင့်။ လဘတိ၊၏။ ဣတရဒ္ဒယံ၊ ဇာတိမှ တပါးသော။ ဝါ၊ ဥပစယ-သန္တတိမှ တပါးသော ဇရတာ အနိစ္စတာရုပ်နှစ်ခု

အပေါင်းသည်။ တသ္မိံ ခဏေ၊ ၌။ အဘာဝတော၊ကြောင့်။ (တပ္ပစ္စယဘာဝ ဝေါဟာရဥ္စ၊ အဘိနိဗ္ဗတ္တိဝေါဟာရဥ္စ) နလဘတိ၊မရ။ ဣတိတသ္မာ၊ထို့ ကြောင့်။ တေံရူပဒွယံ၊ ဤဇရတာအနိစ္စတာရုပ်နှစ်ခုအပေါင်းသည်။ ဇာယတိ။ဖြစ်၏၊ ဣတိ၊ ဤသို့။နေဝဝတ္တဗ္ဗံ၊မဆိုသင့်ပြီ။ ။

**မေး။** ။ဇရတာ အနိစ္စတာတို့ကို စတုသမုဋ္ဌာနိက ရုပ်မယူခဲ့သော်။ (ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ)စသည်ဖြင့် ဟောတော်မူအပ်သော သုတ္တန်ပါဠိနှင့် ဆန့်ကျင်သည် မဟုတ်လော။ ရှင်းလင်း၍ပြခဲ့ပါ။

**ဖြေ။** ။မဆန့်ကျင်ပါ။ သုတ္တန်ပါဠိ၌ သင်္ခတပဋိစ္စသမုပ္ပန္န ဖြစ်ကြောင်း လာသည် ကား မှန်၏။ ထိုသို့ လာသည်မှာ ၎င်းဇရတာ အနိစ္စတာ တို့ကို စတု သမုဋ္ဌာန်က ရုပ်တို့၏ ရင့်ခြင်း, ပျက်ခြင်း, အခိုက်အတန့်ဖြစ်၍ ပရိယာယ်အားဖြင့် ဟောတော်မူသည်။ မုချအားဖြင့် ဟောတော်မမူ။ သို့အတွက် မဆန့်ကျင်ပါ။ ။

ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နန္တိ အာဂတတ္တာ ဣဒမ္ပိဒွယံ ဇာယတီတိစေ။ န ပရိယာယဒေသိတတ္တာ။ တတ္ထဟိ ပဋိစ္စ သမုပ္ပန္နာနံ ဓမ္မာနံ ဇရာမရဏတ္တာ ပရိယာယေန တံ ပဋိစ္စသမုပ္ပန္နန္တိ ဝုတ္တံ။ ။ **ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

(ဘိက္ခဝေ၊ ရဟန်းတို့။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဝါ၊ ကို။ အနိစ္စံ၊ အမြဲမရှိ။ သင်္ခတံ၊ အကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းတရားကို စွဲ၍ဖြစ်၏)။ ဣတိ၊ ဤသို့။ အာဂတတ္တာ၊ လာသည်၏ အဖြစ်ကြောင့်။ ဣဒမ္ပိဒွယံ၊ ဤဇရတာ အနိစ္စတာရုပ် နှစ်ခုအပေါင်းသည်လည်း။ ဇာယတိ၊ ၏။ ဣတိ၊ ဤသို့။ စေ၊ အကယ်၍ စောဒနာငြားအံ့။ ဣဒံဒွယံ၊ သည်။ နဇာယတိ၊ မဖြစ်။ ကသ္မာ၊ ကား။ ပရိယာယ ဒေသိတတ္တာ၊ ပရိယာယ်အားဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နဇာယတိ၊ မဖြစ်။ ဟိသစ္စံ၊ မှန်၏။ တတ္ထ၊ ထို ဇရာမရဏံစသော ပါဠိ၌။ ပဋိစ္စသမုပ္ပန္နာနံ၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော။ ဓမ္မာနံ။ တို့၏။ ဇရာမရဏတ္တာ၊ ဇရာမရဏ၏ အဖြစ်ကြောင့်။ ဝါ၊ ရင့်စဉ် ပျက်စဉ်၏ အဖြစ်ကြောင့်။ ပရိယာယေန၊ အားဖြင့်။ တံရူပဒွယံ၊ ကို။ ပဋိစ္စသမုပ္ပန္နန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဟောအပ်၏။

**မေး။** ။ဥပစယ သန္တတိ ဇရတာ အနိစ္စတာတို့သည် မုချအားဖြင့်။ (နကုတောစိ သမုဋ္ဌာန်) အကြောင်းကြောင့် မဖြစ်ခဲ့သော် ယုန်ချိုကဲ့သို့ မရှိသော တရားသည်၎င်း နိဗ္ဗာန်ကဲ့သို့ နိစ္စတရားသည်၎င်း ဖြစ်ရာသည် မဟုတ် လော။ ရှင်းလင်း၍ ပြခဲ့ပါ။ ။

ဖြေ။ ။မဖြစ်နိုင်ရာ။ ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တို့ကို မှီ၍ ဖြစ်သောကြောင့် ၎င်းတို့ ထင်ရှားဖြစ်လတ်သော် လက္ခဏာရုပ်တို့လည်း ထင်ရှားဖြစ်သောကြောင့် ယုန်ချိုကဲ့သို့ မရှိသောတရား, နိဗ္ဗာန်ကဲ့သို့ နိစ္စတရားမျိုး မဖြစ်နိုင်ပါ။

ယဒိ ဇေ တယမ္ပေတံ အဇာတတ္တာ သသဝိသာဏံဝိယ နတ္ထိ နိဗ္ဗာနံဝိယ နိစ္စမိတိစေ။ န နိဿယပဋိဗဒ္ဓဝုတ္တိတော။ ပထဝီအာဒိနံ ဟိ နိဿယာနံ ဘာဝေ ဇာတိအာဒိတ္တယံ ပညာယတိ။ တသ္မာ န နတ္ထိ။ တေသဥ္စ အဘာဝေ န ပညာယတိ။ တသ္မာ န နိစ္စံ။ ။

**ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

ယဒိ၊ အကယ်၍။ ပဋိစ္စသမုပ္ပန္နဟု ဟောအပ်သည်။ သိယာ၊ ဖြစ်ငြားအံ့။ ဝေ၊ ဤသို့ ဟောအပ်သည်။ သတိ၊ ရှိသော်။ တေ-တယမ္ပိ၊ ဤဇာတိ ဇရတာ အနိစ္စတာ ရုပ်သုံးခုအပေါင်းသည်လည်း။ အဇာတတ္တာ၊ မဖြစ်သည်၏ အဖြစ်ကြောင့်။ သသဝိသာဏံဝိယ၊ ယုန်ချိုကဲ့သို့။ နတ္ထိ၊ မရှိ။ ဣတိဝါ၊ ဤသို့ရင်း။ နိဗ္ဗာနံဝိယ၊ နိဗ္ဗာန်ကဲ့သို့။ နိစ္စံ၊ မြဲ၏။ ဣတိဝါ၊ ဤသို့ရင်း။ စေမညေ၊ အကယ်၍ အောက်မေ့ငြားအံ့။ နိဿယပဋိဗဒ္ဓဝုတ္တိတော၊ မှီရာဖြစ်သော ပထဝီစသော ရုပ်တို့နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ န၊ ယုန်ချိုကဲ့သို့ မရှိသည်, နိဗ္ဗာန်ကဲ့သို့ မြဲသည်မဟုတ်။ ။ဟိသစ္စံ၊ မှန်၏။ နိဿယာနံ၊ မှီရာဖြစ်ကုန်သော။ ပထဝီအာဒီနံ၊ ပထဝီစသောရုပ်တို့၏။ ဘာဝေ၊ ထင်ရှားရှိလတ်သော်။ ဇာတိအာဒိတ္တယံ၊ ဇာတိစသော ရုပ်သုံးခုတို့၏ အပေါင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိသည်ကား။ န၊ မဟုတ်။ တေသံ၊ ထိုပထဝီစသော မှီရာရုပ်တို့၏။ အဘာဝေ၊ ထင်ရှားမရှိလတ်သော်။ နပညာယတိ၊ မထင်ရှား။ တသ္မာ၊ ကြောင့်။ နိစ္စံ၊ မြဲသည်။ န၊ မဟုတ်။

မေး။ ။ဇရတာ အနိစ္စတာတို့သည် တစုံတခုသော အကြောင်းကြောင့် မဖြစ်ဘဲလျက် သုတ္တန်ပါဠိဝယ် (ဇရာမရဏံ ဘိက္ခဝေ) စသော စကားကို အဘယ့်ကြောင့် ပရိယာယ်အားဖြင့် ဟောပြန်သနည်း။ မဟောဘဲနေလျှင်ကောင်းမည် မဟုတ်ပါလော။ ။

ဖြေ။ ။မဟောဘဲမနေရာ။ မဟောခဲ့သော် ဝေနေယျတို့မှာ ၎င်းတရားတို့ကား (နတ္ထိဘာဝ-နိစ္စဘာဝ)အဖြစ်ဖြင့် မှားသော နှလုံးသွင်းခြင်းသည် ဖြစ်ရာ၏။ ထိုမှားသော နှလုံးသွင်းခြင်းကို တားမြစ်အံ့သောငှါ ဟောတော်မူပါသည်။

တေမွိစ အဘိနိဝေသံ ပဋိသေဓေတုမေဝ ဣဒံ ဝုတ္တံ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နန္တိ။

**ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

စ၊ အကျိုးကိုဆိုဦးအံ့။ တေမွိ အဘိနိဝေသံ၊ဤဇရာတာ အနိစ္စတာ တို့ကား နတ္တိ နိစ္စဟူသော မှားသော နှလုံးသွင်းခြင်းကိုလည်း။ ပဋိသေဓေတုမေဝ၊ တားမြစ်ခြင်းအကျိုးငှါ သာလျှင်။ ဇရာမရဏံ။ ပ ။ ဣဒံဝစနံ၊ ဟူသော ဤစကားကို။ ဝုတ္တံ၊ ဟောအပ်၏။

မေး။ ။ကုသလပဒ ဧကမူလယမက ဧကာက်ရာဝယ် ကုသိုလ်နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သောဆိုရာ။ ယထာရဟ ပြုပုံကို ထင်ရှားအောင် ပြခဲ့ပါ။

ဖြေ။ ။စိတ်ဖြစ်သောအခါ ရုပ်ဖြစ်၏ဆိုသော်လည်း စိတ္တဇရုပ်သတ္တရသ လုံး မဖြစ်နိုင်ချေ။ သက်သက်သောအခါ သုဒ္ဓဋ္ဌကကလာပ်ကို။ ကိုယ်အင်္ဂါ လှုပ်ရှားသောအခါ ကာယဝိညတ္တိနဝကကလာပ်ကို။ နှုတ် အင်္ဂါ လှုပ်ရှားသောအခါ ဝစီဝိညတ္တိဒသက ကလာပ်ကို။ ခေတ် ညီညွတ် သောအခါ လဟုတာဒေကာဒသက ကလာပ်ကို ဖြစ်စေ၏။ ဤသို့ ထိုက်သင့်သလိုဖြစ်သည်ကို ရည်၍ ယထာရဟ ပြုအပ်သောဟု ဆို ပါသည်။

မေး။ ။စိတ္တဇရုပ်တို့သည် စိတ်ကြောင့်ဖြစ်သလော။ (သို့မဟုတ်) စေတသိက် ကြောင့် ဖြစ်သလော။ မဖြစ်သလော။ ရှင်းလင်း၍ ပြပါ။

ဖြေ။ ။စိတ္တဇရုပ်တို့သည် စိတ်ကြောင့်သာဖြစ်သည်လည်း မဟုတ်၊ စေတသိက် ကြောင့်သာ ဖြစ်သည်လည်း မဟုတ်။ စေတသိက်ကြောင့် မဖြစ်သည် လည်း မဟုတ်၊ စင်စစ်ကား စိတ်, စေတသိက် တို့သည် တပေါင်းတည်း တဥပါဒ်တည်း ဖြစ်လျက် ရုပ်ကို ဖြစ်စေသောကြောင့် စိတ်, စေတသိက် နှစ်ပါးစုံကြောင့် ဖြစ်သည်ဟု မှတ်ရပါသည်။

သဗ္ဗေပိဟိ စိတ္တစေတသိကာ ဧကတောဝ ဟုတွာ ရူပံ သမုဋ္ဌာပေန္တိ။ ။

**ပဌာန်းအဋ္ဌကထာ။**

ဟိသစ္စံ၊ မှန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ် စေတသိက်တို့သည်။ ဧကတော၊ တပေါင်းတည်း။ ဟုတွာဝ၊ ဖြစ်ကုန်၍သာ လျှင်။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။

မေး။ ။စိတ်, စေတသိက် နှစ်ပါးစုံကြောင့်ဖြစ်သော ရုပ်ဖြစ်လျက်၊စိတ္တစေတသိ ကဇရုပ် မခေါ်ဝေါ်ဘဲ အဘဲ့ကြောင့် စိတ္တဇရုပ်ဟု ခေါ်ပါသနည်း။

ဖြေ။ ။စိတ် စေတသိက် နှစ်ပါးစုံကြောင့် ဖြစ်သည်ကား မှန်၏။ သို့သော် လည်း၊ လောကီဒေသနာကို ဟောရာဝယ် စိတ်သာ အဓိကပြဋ္ဌာန်း

သောကြောင့် စိတ္တ စေတသိကဇရုပ် မခေါ်ဘဲ စိတ္တဇရုပ်ဟုသာ ခေါ်ပါသည်။

လောကိယဓမ္မဒေသနာယံ ပန စိတ္တဿ အဓိကဘာဝတော တထာဝိဓံ ရူပံ စိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ။ ။**ပဋ္ဌာန်းအဋ္ဌကထာ**။

ပန၊ ထိုသို့ပင်တပေါင်းတည်း ဖြစ်စေအပ်သော်လည်း။ လောကိယဓမ္မဒေသနာယံ၊ လောကီတရားတော်ကို ဟောရာ၌။ စိတ္တဿ၊ စိတ်၏။ အဓိကဘာဝတော၊ လွန်ကဲသည်၏ အဖြစ်ကြောင့်။ တထာဝိဓံ၊ ထိုသို့သဘောရှိသော။ ဝါ၊ စိတ်, စေတသိက်တို့သည် ဖြစ်စေအပ်သော။ ရူပံ၊ ရုပ်ကို။ စိတ္တသမုဋ္ဌာနန္တိ၊ စိတ္တသမုဋ္ဌာန ဟူ၍။ ဝါ- စိတ္တဇရုပ် ဟူ၍။ ဝုစ္စတိ၊ ၏။

**မေး**။ ။ကေမူလယမက၌ ကုသိုလ်နှင့်တူသော မူလရှိ၏ဟုဆိုရာဝယ် အတူတကွ ဖြစ်ခါမျှကို တူသောမူလရှိ၏ဟု ဆိုသလော။ (သို့မဟုတ်) အကြောင်းအကျိုး၏ အဖြစ်ဖြင့်စပ်၍ ဖြစ်သည်ကို တူသောမူလရှိ၏ဟု ဆိုသလော။ အတူတကွ ဖြစ်ခါမျှကို တူသောမူလရှိ၏ဟုဆိုခဲ့သော် အတူဥပါဒ်သော ဥတုဇရုပ် အာဟာရဇရုပ်ကိုလည်း ရခဲ့ရာ၏။ ရှင်းလင်း၍ ပြခဲ့ပါ။

**ဖြေ**။ ။အတူတကွဖြစ်ကာမျှကို တူသောမူလရှိ၏မဆိုလိုပါ။ သို့အတွက် အတူဥပါဒ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့ကို မရနိုင်ပါ။ အကြောင်းအကျိုး၏ အဖြစ်ဖြင့်စပ်၍ ဖြစ်သည်ကိုသာ တူသောမူလရှိ၏ဟု ဆိုလိုပါသည်။

**မေး**။ ။အဘယ်သို့ အကြောင်းအကျိုး၏အဖြစ်ဖြင့် စပ်၍ဖြစ်သနည်း။ရှင်းလင်း၍ ပြခဲ့ပါ။

**ဖြေ**။ ။ဟိဘ်ခြောက်ပါး တရားကား ဟေတုပစ္စည်း အကြောင်းတရား။ စိတ္တဇရုပ်တို့ကား ဟေတုပစ္စယုပ္ပန်အကျိုးတရား။ ဤသို့ အကြောင်း အကျိုး၏အဖြစ်ဖြင့် စပ်၍ဖြစ်ပါသည်။

ယထေဝဟိ ဖဿာဒီနံ အလောဘာဒယော ဟေတုပစ္စယတ္တာ မူလံ၊ တထာ တံသမုဋ္ဌာနရူပဿာပိ။ ။**ယမိုက်အဋ္ဌကထာ**။

ဟိ၊ ထိုစကားကိုထင်ရှားစွာပြဦးအံ့၊ အလောဘာဒယော၊ အလောဘ အစရှိသော တရားတို့သည်။ ဖဿာဒီနံ၊ ဖဿအစရှိကုန်သော တရားတို့၏။ ဟေတုပစ္စယတ္တာ၊ ဟေတုပစ္စည်းဖြစ်သည်၏ အဖြစ်ကြောင့်။ မူလံ၊ မူလသည်။ ဟောန္တိ ယထေဝ၊ ဖြစ်ကုန်သကဲ့သို့လျှင်။ တထာ၊ တူ။ တံသမုဋ္ဌာနရူပဿာပိ၊ ထိုဖဿစသော တရားလျှင် ဖြစ်ကြောင်းရှိသော စိတ္တဇရုပ်၏လည်း။ (ဟေတုပစ္စယတ္တာ မူလံ ဟောန္တိ)။

ဟေတုဘာဝေါ ပန နေသံ သမ္ပယုတ္တာနံ သုပ္ပတိဋ္ဌိတဘာဝသာဓနေ သမ်္ခါတော မူလဘာဝေါ။ ။**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ**။

နေသံ၊ ထိုလောဘစသော တရားတို့၏။ ဟေတုဘာဝေါပန၊ ဟေတုပစ္စည်း အဖြစ်ဟူသည်ကား။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့၏။ သုပ္ပတိဋ္ဌိတဘာဝ သာဓနသင်္ခါတော၊ ခိုင်မြဲစွာတည်သည်၏ အဖြစ်ကိုပြီးစေခြင်းဟု ဆိုအပ်သော။ မူလ ဘာဝေါ၊ အကြောင်း၏ အဖြစ်တည်း။

မေး။ ။အညမညမူလယမကဥ် ယေကေစိ ကုသလာဟု မေးတော်မမူဘဲ အဘယ့်ကြောင့် ယေကေစိ ကုသလမူလေန ကေမူလာဟု မေးတော်မူသနည်း။

ဖြေ။ ။ကုသလ သဒ္ဒါ၏အနက်သည်၊ ကုသလမူလေန ကေမူလသဒ္ဒါ၏ အနက်၌ ဝင်လေပြီးဖြစ်သောကြောင့် ယေကေစိ ကုသလာဟု မေးတော်မမူဘဲ ယေကေစိကုသလမူလေန ကေမူလာဟု မေးတော်မူပါသည်။

အညမညယမကေ ယေကေစိ ကုသလာတိ အပုစ္ဆိတွာ ယေကေစိ ကုသလမူလေန ကေမူလာတိပုစ္ဆာ ကတာ။ ကသ္မာ။ ဣမိနာပိ ဗျဥ္ဇနေန တဿေဝတ္ထဿ သမ္ဘဝတော။ ။**ယမိုက်အဋ္ဌကထာ**။

အညမညယမကေ၊ ၌။ယေကေစိ ကုသလာတိ၊ဟူ၍။ အပုစ္ဆိတွာ၊ မမေးမူ၍။ ယေကေစိကုသလမူလေန ကေမူလာတိ၊ ဟူ၍။ ပုစ္ဆာ၊ အမေးကို။ ကတာ၊ ပြုတော်မူအပ်၏။ ကသ္မာ၊ ဟူမူကား။ ဣမိနာပိ ဗျဥ္ဇနေန၊ ဤယေကေစိကုသလ မူလေန ကေမူလသဒ္ဒါဖြင့်လည်း။ တဿေဝတ္ထဿ၊ ထိုယေကေစိကုသလာ ဟူသော သဒ္ဒါ၏ အနက်၏သာလျှင်။ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်။ (ကတာ)။

[**မှတ်ချက်**။ ။ဣမိနာပိဗျဥ္ဇနေန ပါဌ်ဖြင့်၊ နိဿယဆရာတော်ကား နှစ်နည်း စွဲသည်။ ကုသလပုဒ်ကိုစွဲမှုသင့်မည်။ မူလဋီကာ၌လည်း ပယ်၍ထားသည်။ ကုသလ မူလေန ကေမူလာပါဌ်၏ အနက်သို့ ကုသလာပါဌ်၏ အနက်မဝင်နိုင်။ ကုသ လာပါဌ် အနက်သို့သာ ကုသလမူလေန ကေမူလာပါဌ် အနက်ဝင်နိုင်သည်။ သတိပြုပါ]။

မေး။ ။အညမညမူလယမက အနုလောမ ဝိဿဇ္ဇနာဝယ် မူလာနိယာနိဟု ဟော တော်မူပြီးဖြစ်လျက် အဘယ်အကျိုးငှါ ကုသလမူလာနိဟု ထပ်၍ ဟော ပါသနည်း။

ဖြေ။ ။မူလာနိယာနိဟူသောစကားမှာ သာမညဖြစ်၍ ကုသိုလ်မူလ အကုသိုလ် မူလ အဗျာကတမူလများနှင့် ဆက်ဆံ၍နေသည်။ ဤနေရာ၌ ကုသလ မူလသာ ယူရမည်ဟု အနက်ထူးကိုပြခြင်းငှါ ကုသလမူလာနိဟု ထပ်၍ ဟောပါသည်။

ကုသလမူလာနီတိတ္ထဒံ ပုရိမဿ ဝိသေသနံ။ မူလာနိယာနိ ကေတော ဥပ္ပဇ္ဇန္တိတိ ဟိ ဝုတ္တံ။ တာနိပန ကုသလမူလာနိပိ ဟောန္တိ အကုသလ အဗျာကတာမူလာနိပိ။ဣတိ ကုသလမူလာနီတိ ဝိသေသဒဿနတ္ထမိဒံ ဝုတ္တံ။

**ယမိုက်အဋ္ဌကထာ။**

ကုသလမူလာနီတိဣဒံ၊ သည်။ ပုရိမဿ။ ရှေးဖြစ်သော မူလာနိယာနိ ဟူသော ပုဒ်၏။ ဝိသေသနံ၊ ဝိသေသနတည်း။ ဟိ၊ ထိုစကားကို ထင်ရှားစွာ ပြဦးအံ့။ မူလာနိယာနိကေတော ဥပ္ပဇ္ဇန္တိတိ၊ ဟူ၍၊ ဝုတ္တံ၊ ၏။ ပန၊ ထိုသို့ပင် ဟောတော် မူအပ်သော်လည်း။ တာနိ၊ ထိုမူလတို့သည်။ ကုသလမူလာနိပိ၊ မည်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ အကုသလအဗျာကတမူလာနိပိ၊ မည် ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤ။ ကုသလမူလာနိ၊ ကုသိုလ်မူလ တို့တည်း။ ဣတိ၊ ကြောင့်။ ဝိသေသဒဿနတ္ထံ၊ အထူးကိုပြခြင်းအကျိုးငှါ။ ဣဒံ၊ ဤကုသလမူလာနိ ဟူသောစကားကို၊ ဝုတ္တံ၊ ၏။

**မေး။** ။အညမညယမက ပဋိလောမပုစ္ဆာဝယ်၊ သဗ္ဗေ တေ ကုသလမူလေန ကေမူလာဟု ဟောတော်မမူဘဲ။ အဘယ့်ကြောင့် သဗ္ဗေတေ ဓမ္မာ ကုသလာဟု ဟောတော်မူအပ်သနည်း။

**ဖြေ။** ။သဗ္ဗေတေ ကုသလမူလေန ကေမူလာဟု ပုစ္ဆာကို ဟောတော်မူငြားအံ့။ (အောက်အနုလောမ၌ ဆိုအပ်သော မူလာနိယာနိ။ပ။ ဟူသော မူလ အဖြေသည် ဖြစ်ရာ၏။ထိုသို့မူလ အဖြေဖြစ်ခဲ့သော် အနက်အထူးမရှိရာ။ ထိုသို့ အနက်အထူး မရှိသောကြောင့်) ထိုပုစ္ဆာကို ဟောတော်မမူဘဲ သဗ္ဗေတေဓမ္မာ ကုသလာဟု ပုစ္ဆာကို ဟောတော်မူပါသည်။(အဋ္ဌကထာ အလို)။

**တနည်း**....သန္နိဋ္ဌာန်ဝယ် အညမညမူလ အဖြစ်ကို ဆုံးဖြတ်ပြီးသော တရား၌ ကေ မူလအဖြစ် သံသယမရှိသောကြောင့် သဗ္ဗေတေ ကုသလမူလေန ကေမူ လာဟု ပုစ္ဆာပြုတော်မမူဘဲ သဗ္ဗေဘေဓမ္မာ ကုသလာဟု ပြုတော်မူသည်။ (မူလဋီကာ အလို)။

[**မှတ်ချက်။** ။ဤနည်းကို အမှီပြု၍ မူလမူလနယ အညမညယမက စသည်တို့၌ ပုစ္ဆာအထူးကို သိအပ်ရာသည်]။

တဿေဝ ပဋိလောမပုစ္ဆာယ သဗ္ဗေတေဓမ္မာ ကုသလမူလေန ကေမူ လာတိ အဝတွာ သဗ္ဗေတေဓမ္မာ ကုသလာတိ ဝုတ္တံ။ ကသ္မာ အတ္ထဝိသေ သာဘာဝတော။ ကုသလမူလေန ကေမူလာတိ ဟိ ပုစ္ဆာယ ကတာယ

မူလာနိယာနိ ကေတော ဥပ္ပဇ္ဇန္တီတိ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝိဿဇ္ဇနံ ကာတဗ္ဗံ ဘဝေယျ။ ဝေဠုသတိ အတ္ထဝိသေသာဘာဝေါ ဟောတိ။ ။

**ယမိုက်အဋ္ဌကထာ။**

အညမညမူလတ္တေ ပန နိစ္ဆိတေ ကေမူလတ္တသံသယာဘာဝတော။ သဗ္ဗေတေ ဓမ္မာ ကုသလမူလေန ကေမူလာတိ ပုစ္ဆာ နကတာတိ ဒဋ္ဌဗ္ဗာ။

**ယမိုက်မူလဋီကာ။**

တဿော၊ ထိုအညမညမူလယမက၏ သာလျှင်။ ပဋိလောမပုစ္ဆာယ၊ ၌။ သဗ္ဗေ တေဓမ္မာ ကုသလမူလေန ကေမူလာတိ၊ ဟူ၍။ အဝတ္ဝာ၊ မဟောမူ၍။ သဗ္ဗေတေ ဓမ္မာ ကုသလာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ကသ္မာ၊ ကား။ အတ္ထဝိသေသာဘာဝတော၊ အနက်အထူး၏ မရှိခြင်းကြောင့်။ ဝုတ္တံ၊ ၏။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ကုသလမူလေန ကေမူလာတိ၊ ဟူ၍။ ပုစ္ဆာယ၊ အမေးကို။ ကတာယ၊ ပြုအပ်သည် ရှိသော်။ မူလာနိယာနိ ကေတော ဥပ္ပဇ္ဇန္တီတိ၊ စသည်ဖြင့်။ ဟေဋ္ဌာ၊ အောက်ဖြစ်သော အနုလောမပုစ္ဆာ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝိဿဇ္ဇနံ၊ အဖြေကို။ ကာတဗ္ဗံ။ ပြုအပ်သည်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။ စ၊ ဆက်။ ဝေ၊ ဤသို့မူလာနိယာနိ ကေတော ဥပ္ပဇ္ဇန္တိ စသည်ဖြင့် အဖြေကို ပြုခဲ့သည်။ သတိ၊ ရှိသော်။ အတ္ထဝိသေ သာဘာဝေါ၊ အနက်ထူး၏ မရှိခြင်းသည်။ ဟောတိ၊ ၏။

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ အညမညမူလတ္တေ၊ တပါးသည် တပါး၏ မူလရှိသည်၏ အဖြစ်ကို။ နိစ္ဆိတေ၊ ဆုံးဖြတ်အပ်သည် ရှိသော်။ ကေမူလတ္တသံသယာဘာဝတော၊ တူသော မူလရှိသည်၏ အဖြစ်၌ တွေးတောယုံမှားခြင်း မရှိသည်၏ အဖြစ်ကြောင့်။ သဗ္ဗေတေဓမ္မာ ကုသလမူလေန ကေမူလာတိ၊ ဟူ၍။ ပုစ္ဆာ၊ ကို။ နကတာ၊ ပြုတော်မမူအပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

[မှတ်ချက်။ ။သဗ္ဗေတေဓမ္မာ ကုသလမူလေန ကေမူလာဟု ပုစ္ဆာ ပြုခဲ့သော် မူလာနိယာနိ စသော သန္နိဋ္ဌာန်အဖြေနှင့် အတူထွက်နေ၍ အနက်ထူးမရှိဟု အဋ္ဌကထာ ဆရာပြတော်မူ၏။ ၎င်းစကားမှာ သဗ္ဗေ တေဓမ္မာ ကုသလမူလေန ကေမူလာဟု ပုစ္ဆာပြုသော်ငင်း၊ သဗ္ဗေတေ ဓမ္မာ ကုသလာဟု ပုစ္ဆာပြုသော်ငင်း အဋ္ဌကထာ ပြသကဲ့သို့ မူလာနိ ယာနိ စသော အဖြေမထွက်နိုင်။ အာမန္တာသာ ထွက်နိုင်ရကား မသင့်ဟု မူလဋီကာ ပယ်ထားကြောင်း။ မိမိတို့လည်း မူလဋီကာ အတိုင်းပင် သဘောကျကြောင်း ဂဏ္ဍိဆရာ မှာတော်မူ၏။ ပညာဖြင့် ဆင်ခြင်၍ သင့်နိုးရာကို ယူကြပါကုန်]။

ကုသလမူလဝစနံ ကေမူလဝစနဥ္စ ကုသလဘာဝဒီပကံ နဟောတီတိ ကုသလဘာဝေ သံသယသဗ္ဘာဝါ ပဌမ ဒုတိယ ယမကေသု သဗ္ဗေတေ ဓမ္မာ ကုသလာတိ ပဋိလောမပုစ္ဆာ ကတာ။

**ယမိုက်မူလဋီကာ။**

ကုသလမူလဝစနဥ္စ၊ ကုသလမူလသဒ္ဒါသည်၎င်း။ ကေမူလဝစနဥ္စ၊ သည်၎င်း။ ကုသလဘာဝဒီပကံ၊ ကုသိုလ်၏ အဖြစ်ကိုသာလျှင် ပြတတ်သည်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ ကုသလဘာဝေ၊ ၌။ သံသယသဗ္ဘာဝါ၊ ယုံမှားတွေးတောခြင်း၏ ထင်ရှားရှိခြင်းကြောင့်။ ပဌမ ဒုတိယ ယမကေသု။ ပဌမ ဒုတိယ ယမကတို့၌။ ဝါ၊ မူလယမက ကေမူလယမက တို့၌။ သဗ္ဗေတေဓမ္မာ ကုသလာတိ၊ ဟူ၍။ ပဋိလောမပုစ္ဆာ၊ ကို။ ကတာ၊ အပ်၏။

**မေး။** ။မူလနယနှင့် မူလမူလနယတို့မှာ အနက်ထူး မရှိဘဲလျက် အဘယ်ကြောင့် မူလနယကိုသာ မဟောဘဲ၊ မူလမူလနယကို ထပ်၍ဟောပြန် သနည်း။

**ဖြေ။** ။ရှေးဖြစ်သော မူလသဒ္ဒါ ကေမူလသဒ္ဒါ အညမညမူလသဒ္ဒါ တို့ဖြင့် နောက်ဖြစ်သော မူလသဒ္ဒါကို အထူးပြုခြင်း ဟူသော ဒေသနာ တပါးဖြင့် ထင်ရှားစေခြင်းငှါ မူလမူလနယကို ထပ်၍ ဟောပြန်ပါသည်။

မူလနယေ ဝုတ္တေဧဝ အတ္ထေ ကုသလမူလဘာဝေန မူလမူလဿ ဝိသေသနေန၊ သမာနေန မူလေန အညမညဿ စ မူလေန မူလယောဂ ဒီပနေနစာတိ ဣမိနာ ပရိယာယန္တရေန ပကာသေတုံ မူလမူလနယော ဝုတ္တော။ ။ယမိုက်မူလဋီကာ။

မူလနယေ၊ မူလနယ၌။ ဝုတ္တေ ဧဝ၊ ဟောတော်မူအပ်ပြီးသည်သာလျှင် ဖြစ်ကုန်သော။ အတ္ထေ၊ အနက်တို့ကို။ မူလဿ၊ ၏။ ဝိသေသနေန၊ ဝိသေသန ဖြစ်သော။ မူလယောဂဒီပနေန၊ မူလနှင့်ယှဉ်ခြင်းကို ပြတတ်သော။ ကုသလမူလဘာဝေန စ၊ ကုသိုလ်မူလ၏ အဖြစ်ဖြင့်၎င်း။ မူလဿ၊ ၏။ ဝိသေသနေန၊ သော။ မူလယောဂ ဒီပနေန၊ သော။ သမာနေန၊ တူသော။ မူလေနစ၊ မူလဖြင့်၎င်း။ မူလဿ၊ ၏။ ဝိသေသနေန၊ သော။ မူလယောဂဒီပနေန၊ သော၊ အညမညဿ၊ ၏။ မူလေနစ၊ မူလဖြင့်၎င်း။ ပကာသေတုံ၊ ထင်ရှားပြခြင်းငှါ။ မူလမူလနယော၊ မူလမူလနယကို။ ဝုတ္တော၊ ၏။

ကုသလမူလဘာဝေန မူလဿ ဝိသေသနေန မူလယောဂဒီပနေနစ ပကာသေတုံ ကုသလမူလမူလာတိ၊ ကုသလမူလဘူတာ မူလာ ကုသလ မူလမူလာတိ သမာသယောဇနာ။ မူလဝစနဥ္စ နိဝတ္တေတဗ္ဗ ဂဟေတ

သာခါရဏံ၊ အကုသလာဗျာကတာပိ မူလမေ္မာ အတ္ထီတိ ကုသလမူလ ဘာဝေန မူလမေ္မာ ဝိသေသိတာ။ မူလဂ္ဂဟဏေန စ မူလဝန္တာနံ မူလ ယောဂေါ ဒီပိတော ဟောတိ။ သမာနေန မူလေန မူလာ ဝိသေသနေန မူလယောဂဒီပနေန စ ပကာသေတုံ ဧကမူလမူလာတိ။ အညမညာ မူလေန မူလဘာဝေန မူလာ ဝိသေသနေန မူလယောဂဒီပနေန စ ပကာသေတုံ အညမညမူလမူလာတိ မူလမူလနယော ဝုတ္တောတိ ယောဇနာ။ ။**ယမိုက်အနုဋီကာ**။

မူလာ၊ မူလ၏။ ဝိသေသနေန၊ ဝိသေသနဖြစ်သော။ မူလယောဂဒီပနေန၊ မူလနှင့်ယှဉ်ခြင်းကိုပြတတ်သော။ ကုသလမူလဘာဝေန စ၊ ကုသိုလ် မူလ၏ အဖြစ်ဖြင့်ရင်း။ ပကာသေတုံ၊ ထင်ရှားပြခြင်းငှါ။ ကုသလမူလမူလာတိ၊ ကုသလ မူလမူလာဟူ၍။ မူလမူလနယော၊ မူလမူလနယကို။ ဝုတ္တော၊ ၏။ ကုသလမူလ ဘူတာ၊ ကုသိုလ် မူလဖြစ်၍ ဖြစ်ကုန်သော။ မူလာ၊ မူလတို့တည်း။ ကုသလမူလ မူလာ၊ ကုသိုလ်မူလဖြစ်၍ ဖြစ်ကုန်သော မူလတို့။ ဣတိ၊ ကား။ သမာသယော ဇနာ၊ သမာသ်နှင့်ယှဉ်ခြင်းတည်း။ ဟိ သစ္စံ၊ ၏။ မူလဝစနံ၊ မူလသဒ္ဒါသည်။ နိဝတ္တေတဗ္ဗ ဂဟေတဗ္ဗ သာခါရဏံ၊ နိဝတ္တေတဗ္ဗ ဂဟေတဗ္ဗနှင့် ဆက်ဆံသော သဒ္ဒါတည်း။ အကုသလာဗျာကတာ၊ အကုသိုလ် အဗျာကတ ဖြစ်ကုန်သော။ မူလမေ္မာပိ၊ မူလတရားတို့သည်လည်း။ အတ္ထိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ ကုသလမူလဘာဝေန၊ ကုသိုလ်မူလ၏ အဖြစ်ဖြင့်။ မူလမေ္မာ၊ တို့ကို။ ဝိသေသိတာ၊ အထူးပြုအပ်ကုန်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ မူလဂ္ဂဟဏေန၊ မူလသဒ္ဒါဖြင့်။ မူလ ဝန္တာနံ၊ မူလရှိကုန်သော တရားတို့၏။ မူလယောဂေါ၊ မူလနှင့်ယှဉ်ခြင်းကို။ ဒီပိတော၊ ပြအပ်သည်။ ဟောတိ၊ ၏။ မူလာ၊ ၏။ ဝိသေသနေန၊ သော။ မူလ ယောဂဒီပနေန၊ သော။ သမာနေန၊ တူသော။ မူလေန မူလဘာဝေနစ၊ မူလ၏ အဖြစ်ဖြင့်ရင်း။ ပကာသေတုံ၊ ငှါ။ ဧကမူလမူလာတိ၊ ဟူ၍။ (မူလမူလနယော၊ ဝုတ္တော)။ ။မူလာ၊ ၏။ ဝိသေသနေန၊ သော။ မူလယောဂဒီပနေန၊ သော။ အညမညာ၊ တပါးသည် တပါး၏။ မူလေန မူလဘာဝေနစ၊ မူလ၏ အဖြစ်ဖြင့် ရင်း။ ပကာသေတုံ၊ ငှါ။ အညမညမူလာတိ၊ ဟူ၍။ မူလမူလနယော၊ ကို။ ဝုတ္တော၊ ၏။ ဣတိ၊ ကား။ ယောဇနာ၊ တည်း။

ကုသလမူလဘာဝေနာတိ ဧတံ မူလာ ဝိသေသနေနာတိ ဧတဿ ဝိသေသနံ၊ မူလာ ဝိသေသနေန သဟာပဝတ္တေန ကုသလမူလသဒ္ဒေန သမာနေန မူလေန တဗ္ဗိသေသနဘူတေန မူလာ ဝိသေသနေနစ မူလ ယောဂဒီပနေန စ ဧကမူလမူလသဒ္ဒေန အညမညာ မူလေန တဗ္ဗိ သေသနဘူတေန မူလာ ဝိသေသနေနစ မူလယောဂဒီပနေန စ

အညမညမူလသဒ္ဒေနာတိ ယောဇနာ။ အယံ ပန ယောဇနာ အနုဠီကာယ အသမာနာပိ ဂဟေတဗ္ဗာဝ။

**မစုသာရတ္ထဒီပနီ။**

ကုသလမူလဘာဝေနာတိ တော၊ ကုသလမူလဘာဝေန ဟူသော ဤပုဒ်သည်။ မူလဿ ဝိသေသနေနာတိ တေဿ၊ မူလဿ ဝိသေသနေန ဟူသော ဤပုဒ်၏။ ဝိသေသနံ၊ ဝိသေသနဘည်း။ မူလဿ၊ ၏။ ဝိသေသနေန၊ သော။ သဟပဝတ္တေန ကုသလမူလသဒ္ဒေန၊ တကွ ဖြစ်သော ကုသလမူလသဒ္ဒါဖြင့်။ သမာနေန၊ သော။ မူလေန၊ ဖြင့်။ တပ္ပိသေသနဘူတေန၊ ထိုမူလသဒ္ဒါ၏ ဝိသေသနဖြစ်၍ ဖြစ်သော။ မူလဿ၊ ၏။ ဝိသေသနေန စ၊ လည်းဖြစ်သော။ မူလယောဂဒီပနေန စ၊ မူလနှင့် ယှဉ်ခြင်းကို ပြသည်လည်းဖြစ်သော။ ကေမူလမူလသဒ္ဒေန၊ ကေမူလမူလသဒ္ဒါဖြင့်။ အညမညဿ၊ ၏။ မူလေန၊ သော။ တပ္ပိသေသနဘူတေန၊ သော။ မူလဿ၊ ၏။ ဝိသေသနေနစ၊ လည်းဖြစ်သော။ မူလယောဂဒီပနေနစ၊ လည်းဖြစ်သော၊ အညမညမူလသဒ္ဒေန၊ အညမညမူလသဒ္ဒါဖြင့်။ ဣတိ၊ကား။ ယောဇနာ၊ တည်း။ ပန၊ အထူးကို ဆိုဦးအံ့။ အယံ ယောဇနာ၊ ကို။ အနုဋီကာယ၊ နှင့်။အသမာနာပိ၊ မတူသော်လည်း။ ဂဟေတဗ္ဗာဝ၊ ယူအပ်သည်သာလျှင်တည်း။ ။

[**မှတ်ချက်**။ ။ဂဏ္ဌိဋ္ဌီကား ရှေးဂဏ္ဌိဟောင်း တွင် ကျယ်ဝန်းစွာဆို၏။ ၎င်းမှာရှုလေဟူ၍၎င်း၊ ယခင်အနုမစုပါဌ်တို့ကို နှုတ်တက်ဆောင်၍ စေ့စေ့ငုငုကြံလေဟူ၍၎င်း မှာတော်မူ၏]။

**မေး**။ ။အဗျာကတ ကေမူလယမက အနုလောမသန္နိဋ္ဌာန် အရကောက်ရာဝယ် ပဋိသန္ဓေစိတ် စုတိစိတ်တို့ကို ရုပ်ကိုမဖြစ်စေနိုင်သည့်အတွက် ကြဉ်၍ ကောက်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့်ကြဉ်၍ မကောက်သနည်း။

**ဖြေ**။ ။ပဋိသန္ဓေစိတ် စုတိစိတ်တို့ကား ဘဝင်စိတ်နှင့် ထူးခြားခြင်းမရှိ။ ၎င်းတို့မှာ ပဋိသန္ဓေကိစ္စ စုတိကိစ္စဘပ်သော အခါ ရုပ်ကိုမဖြစ်စေနိုင်သော်လည်း ဘဝင်ကိစ္စဘပ်သောအခါ ရုပ်ကိုဖြစ်စေနိုင်သောကြောင့် ကြဉ်၍ မကောက်သင့်ပါ။

[**မှတ်ချက်**။ ။ဤဥ ဂဏ္ဌိ မေးခွန်းနှင့်အကောက်ကား၊ထန်းတပင် ကောက်နှင့် မညီသဖြင့် မေးခွန်းသီးခြားပြုကာ ဖြေဆိုလိုက်သည်။ ကျွန်ုပ်တို့ကား ထန်းတပင်ကောက်ကိုသဘောကျသည်။သတိပြုပါ] ။

ပဋိသန္ဓိစိတ္တံ ပန စုတိစိတ္တဉ္စ ဧကူနဝီသတိဘာဂ်ဿေဝ အဓေ္ဓာဂတ္တော စိတ္တန္တရံ နဟောတီတိ န တဿ ဝဇ္ဇနံ ကတံ။ ။

**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ**။

ပန၊ အဘို့တပါးကိုဆိုဦးအံ့။ ပဋိသန္ဓိစိတ္တဥ္စ၊ ပဋိသန္ဓေစိတ်သည်၎င်း။ စုတိစိတ္တဥ္စ၊ စုတိစိတ်သည်၎င်း။ ကေ့ုနဝီသတိဘဝင်္ဃေဝ၊ တခုယုတ်နှစ်ဆယ်သော ဘဝင်စိတ်၏ သာလျှင်။ အန္တောဂဓတ္တာ၊ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ စိတ္တန္တရံ၊ စိတ်အထူးသည်။ ဝါ၊စိတ်တမျိုးသည်။ နဟောတိ၊မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ တဿ၊ ထိုပဋိသန္ဓေစိတ် စုတိစိတ်ကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ နကတံ၊ မပြုအပ်။

မေး။ ။ရုပ်ကိုမဖြစ်စေနိုင်သောစိတ်ပေါင်း အဘယ်မျှရှိသနည်း။

ဖြေ။ ။ခပ်သိမ်းသော သတ္တဝါတို့၏ပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏စုတိစိတ်၊ ဒွေပဥ္စဝိညာဏ် တဆယ်၊ အရူပဝိပါက် လေးခု ဤတဆဲ့ခြောက်ခုသော စိတ်တို့ကား ရုပ်ကို မဖြစ်စေနိုင်ပါ။

[မှတ်ချက်။ ။မူလဋီကာဆရာကား၊ ရဟန္တာတို့ စုတိစိတ်သာ မဟုတ်၊ ခပ်သိမ်းသောသူတို့၏ စုတိစိတ်။အနုဋီကာဆရာကား ခပ်သိမ်းသောသူတို့၏ စုတိစိတ်သာမဟုတ်၊ စုတိစိတ်မှရှေး သတ္တရသမစိတ်မှ စ၍စုတိစိတ်တိုင်အောင် ရုပ်ကို မဖြစ်စေနိုင်ဟု ဆို၏]။

သဗ္ဗသတ္တာနဥ္စ ပဋိသန္ဓိစိတ္တံ ခီဏာသဝဿ စုတိစိတ္တံ ဒွေပဥ္စဝိညာဏာနိ စတ္တာရိ အရူပဝိပါကာနီတိ သောဠသစိတ္တာနိ ရူပံ န သမုဋ္ဌာပေန္တိ။

**ဝိဘင်းအဋ္ဌကထာ။**

ဟိသစ္စံ၊၏။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။ပဋိသန္ဓိစိတ္တံ၊ပဋိသန္ဓေစိတ်၎င်း။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ စုတိစိတ္တံ၊ စုတိစိတ်၎င်း။ ဒွေပဥ္စဝိညာဏာနိ၊ဒွေပဥ္စဝိညာဏ်တဆယ်တို့၎င်း။ စတ္တာရိ၊ကုန်သော။အရူပဝိပါကာနိ၊ အရူပဝိပါက်တို့၎င်း။ ဣတိ၊ ဤသို့။ သောဠသစိတ္တာနိ၊ တဆဲ့ခြောက်ပါးသော စိတ်တို့သည်။ရူပံ၊ရုပ်ကို။နသမုဋ္ဌာပေန္တိ၊မဖြစ်စေနိုင်ကုန်။

မေး။ ။ပဋိသန္ဓေစိတ်သည်အဘယ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်သနည်း။

ဖြေ။ ။မှီရာ ဝတ္ထုရုပ်အားနည်းသောကြောင့်၎င်း၊ ထောက်တည်ရာ မရသောကြောင့်၎င်း၊ ပစ္ဆာဇာတပစ္စည်းချို့တဲ့သောကြောင့်၎င်း၊ ဖြစ်သစ်စဉ့်သည်အာဂန္တုဖြစ်သောကြောင့်၎င်း ရုပ်ကိုမဖြစ်စေနိုင်ပါ။ (ဝိဘင်းအဋ္ဌကထာအလို)။

**တနည်း....** ကံအဟုန်ပစ်ချလိုက်သဖြင့်၎င်း၊ ထောက်တည်ရာဝတ္ထုရုပ်မရှိသဖြင့်၎င်း အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

(ပဋ္ဌာန်းအဋ္ဌကထာအလို)

တတ္ထ ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတတာယ ပစ္စယဝေကလ္လတာယ အာဂန္တုကတာယ စ ရူပံ နသမုဋ္ဌာပေတိ။ ။

**ဝိဘင်းအဋ္ဌကထာ**။

တတ္ထ၊ ထိုတဆဲ့ခြောက်ပါးသော စိတ်တို့တွင်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဝတ္ထုနော၊ မှီရာဝတ္ထုရုပ်၏။ ဒုဗ္ဗလတာယစ၊ အားနည်းသောကြောင့်ရင်း။ အပ္ပတိဋ္ဌိတတာယစ၊ ထောက်တည်ရာ မရှိသောကြောင့်ရင်း။ ပစ္စယဝေကလ္လတာယစ၊ အကြောင်းချို့တဲ့ခြင်းကြောင့်ရင်း။ ဝါ၊ ပစ္ဆာဇာတပစ္စည်း ချို့တဲ့ခြင်းကြောင့်ရင်း။ အာဂန္တုကတာယစ၊ ဖြစ်သစ်စ ဧည့်သည် အာဂန္တု ဖြစ်သောကြောင့်ရင်း။ ရူပံ၊ ကို။ နသမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။ ။

ကသ္မာ ပန ပဋိသန္ဓိက္ခဏေ စိတ္တံ စိတ္တဇရူပံ ဇနေတုံ န သက္ကောတီတိ။ ကမ္မဝေဂက္ခိတ္တတာယစေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယစ ဒုဗ္ဗလတ္တာ။ ။

**ပဋ္ဌာန်းအဋ္ဌကထာ**။

ပန၊ အမေးအဖြေကို ဆိုဦးအံ့။ ကသ္မာ၊ ကြောင့်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ စိတ္တံ၊ သည်။ စိတ္တဇရူပံ၊ စိတ္တဇရုပ်ကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်သနည်း။ ဣတိ၊ ဤကားအမေးတည်း။ ကမ္မဝေဂက္ခိတ္တတာယစေဝ၊ ကံသည် ပစ်ချလိုက်သဖြင့်ရင်း။ အပ္ပတိဋ္ဌိတဝတ္ထုတာယစ၊ ထောက်တည်ရာ မှီရာဝတ္ထုရုပ် မရှိသဖြင့်ရင်း။ ဒုဗ္ဗလတ္တာစ၊ အားနည်းသည်၏ အဖြစ်ကြောင့်ရင်း။ (နသက္ကောတိ)။

[မှတ်ချက်။ ။ရဟန္တာတို့၏ စုတိစိတ်၊ ဒွေးပဉ္စဝိညာဉ်တဆယ်၊ အရူပဝိပါက် လေးခုတို့ ရုပ်ကိုမဖြစ်စေနိုင်ခြင်း အကြောင်း အမေးအဖြေကို သာဓကပါဠိ အနက်ဖြင့် သိကြပါကုန်]။

ခီဏာသဝဿ ပန စုတိစိတ္တံ ဝဋ္ဋမူလဿ ဝူပသန္တတ္တာ ရူပံ နသမုဋ္ဌာပေတိ။ ။**ဝိဘင်းအဋ္ဌကထာ**။

ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ စုတိစိတ္တံ၊ သည်။ ဝဋ္ဋမူလဿ၊ ဝဋ်မြစ်၏။ ဝူပသန္တတ္တာ၊ ပြတ်ငြိမ်းပြီးသည်၏ အဖြစ်ကြောင့်။ ရူပံ၊ ကို။ နသမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။

ဒွိပဉ္စဝိညာဏေသု ဈာနင်္ဂံ နတ္ထိ မဂ္ဂင်္ဂံ နတ္ထိ ဟေတု နတ္ထီတိ စိတ္တင်္ဂံ ဒုဗ္ဗလံ ဟောတီတိ စိတ္တင်္ဂဒုဗ္ဗလတာယ တာနိ ရူပံ န သမုဋ္ဌာပေန္တိ။ ။

**ဝိဘင်းအဋ္ဌကထာ**။

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ဒိဗ္ဗစက္ခုဝိညာဏေသု၊ တို့၌။ ဈာနင်္ဂ၊ ဈာနင်သည်။ နတ္ထိ၊ မရှိ။ မဂ္ဂင်္ဂ၊ မဂ္ဂင်သည်။ နတ္ထိ၊ မရှိ။ ဟေတု၊ ဟိတ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ စိတ္တင်္ဂ၊ စိတ်အင်္ဂါသည်။ ဒုဗ္ဗလံ၊ အားနည်းသည်။ ဟောတိ ၏။ ဣတိတသ္မာ စိတ္တင်္ဂဒုဗ္ဗလတာယ၊ ကြောင့်။ တာနိ၊ ထိုဒွေပဉ္စဝိညာဏ်တဆယ်တို့သည်။ ရူပံ၊ ကို။ နသမုဋ္ဌာပေန္တိ၊ ကုန်။

စတ္တာရိ အရူပဝိပါကာနိ တသ္မိံဘဝေ ရူပဿ နတ္ထိတာယ ရူပံ နသမုဋ္ဌာပေန္တိ။ ။ဝိဘင်းအဋ္ဌကထာ။

စတ္တာရိ၊ ကုန်သော။ အရူပဝိပါကာနိ၊ အရူပဝိပါက်စိတ် တို့သည်။ တသ္မိံဘဝေ၊ ထိုအရူပဘုံ၌။ ရူပဿ၊ ၏။ နတ္ထိတာယ၊ မရှိသည်၏ အဖြစ်ကြောင့်။ ရူပံ၊ ကို။ နသမုဋ္ဌာပေန္တိ၊ ကုန်။

မေး။ ။အဗျာကတမူလေန ကေမ္မလာ၌ ပဋိသန္ဓေ ကမ္မဇရုပ်ကိုသာ ကောက်၍ အဘယ့်ကြောင့် ပဝတ္တိကမ္မဇရုပ်ကို မကောက်သနည်း။

ဖြေ။ ။ပဋိသန္ဓေ ကမ္မဇရုပ်ကိုကား စိတ်နှင့်စပ်၍ ဖြစ်သောကြောင့် ကောက်ရသည်။ ပဝတ္တိ ကမ္မဇရုပ်ကိုကား စိတ်ရှိသော်လည်း စိတ်နှင့်စပ်၍ မဖြစ်သောကြောင့် မကောက်ရပါ။

ကသ္မာပနာယံ ဟေတု ပဋိသန္ဓိယမေဝ ကဋတ္တာရူပါနံ ဟေတု ပစ္စယော ဟောတိ။ နပဝတ္တေတိ။ ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓဝုတ္တိတာယ။ ပ။ ပဝတ္တိယံ ပန တေသံ စိတ္တေ ဝိဇ္ဇမာနေပိ ကမ္မပဋိဗဒ္ဓါဝ ပဝတ္တတိ နစိတ္တပဋိဗဒ္ဓါ။ အဝိဇ္ဇမာနေစာပိ စိတ္တေ နိရောဓသမာပန္နာနံ ဥပ္ပဇ္ဇန္တိယေဝ။ ။ပဋ္ဌာန်းအဋ္ဌကထာ။

ပန၊အမေးအဖြေကိုဆိုဦးအံ့။ ကသ္မာ၊ အဘယ့်ကြောင့်။ အယံဟေတု၊ ဤဟိတ်ခြောက်ပါးသည်။ ပဋိသန္ဓိယမေဝ၊ ပဋိသန္ဓေအခါ၌သာလျှင်။ ကဋတ္တာရူပါနံ၊ ကဋတ္တာရုပ်တို့အား။ ဝါ၊ ကမ္မဇရုပ်တို့အား။ ဟေတုပစ္စယော။ ဟေတုပစ္စည်းသည်။ ဟောတိ၊ နည်း။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ ဟေတုပစ္စယော၊ သည်။ နဟောတိ၊ နည်း။ ဣတိ၊ ဤကားအမေးတည်း။ ။ပဋိသန္ဓိယံ၊ ၌။ ကမ္မဇရူပါနံ၊ ကမ္မဇရုပ်တို့၏။ စိတ္တပဋိဗဒ္ဓဝုတ္တိတာယ၊ စိတ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ (ဟောတိနဟောတိ) ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ တေသံ၊ ထိုကမ္မဇရုပ်တို့၏။ စိတ္တေ၊ စိတ်သည်။ ဝိဇ္ဇမာနေပိ၊ ထင်ရှားရှိသော်လည်း။ ကမ္မပဋိဗဒ္ဓါဝ၊ သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ စိတ္တပဋိဗဒ္ဓါ၊ စိတ်နှင့်စပ်သည် ဖြစ်၍။ နပဝတ္တတိ၊ မဖြစ်။ စ၊ ဆက်။ စိတ္တေ၊ သည်။ အဝိဇ္ဇမာနေပိ၊ ထင်ရှားမရှိသော်လည်း။ နိရောဓသမာပန္နာနံ၊ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်တို့အား။ ဥပ္ပဇ္ဇန္တိယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။

**မေး။** ။ကမ္မဇရုပ်တို့သည်အဘယ်ကြောင့်ပဋိသန္ဓေအခါသာစိတ်နှင့်စပ်၍ ပဝတ္တိအခါ စိတ်နှင့်မစပ်သနည်း။

**ဖြေ။** ။ရှေးဦးစွာ သစ်ပင်ပေါက်ရာဝယ်၊ လယ်မြေ ရေရှိသော်လည်း မျိုးစေ့ကြောင့် ပေါက်သကဲ့သို့ရင်း၊ နောက်ထပ်ကြီးပွါးရာဝယ် မျိုးစေ့မရှိသော်လည်း မြေ၏အာနုဘော်ဖြင့် ကြီးပွါးသကဲ့သို့ရင်း၊ ထို့အတူ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့သည် ကံ တဏှာရှိသော်လည်း၊ စိတ်နှင့်စပ်၍ ဖြစ်ကြသည်။ ပဝတ္တိအခါစိတ်ရှိသော်လည်း ကံနှင့်သာစပ်၍ ဖြစ်ကြသည်။

သန္တေပိ ခေတ္တေ အာပေစ ပဌမုပ္ပတ္တိယံ ဗီဇာနုဘာဝေန ရုက္ခုပ္ပတ္တိဝိယ ပဋိသန္ဓိက္ခဏေ စိတ္တာနုဘာဝေန ရူပကာယဿ ဥပ္ပတ္တိ။ ဗီဇေပန ဝိဂတေပိ ပထဝီအာပါနုဘာဝေန ရုက္ခဿ ဥပရူပရိ ပဝတ္တိဝိယ ဝိနာ စိတ္တေန ကမ္မတောဝ ကဋတ္တာရူပါနံ ပဝတ္တိ ဟောတီတိ ဝေဒိတဗ္ဗာ၊ ဝုတ္တမ္ပိစေတံ ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟောတိ။

**ပဌာန်းအဋ္ဌကထာ။**

ခေတ္တေစ၊ လယ်မြေသည်ငင်း။ အာပေစ၊ ရေသည်ငင်း။ သန္တေပိ၊ ရှိသော်လည်း။ ပဌမုပ္ပတ္တိယံ၊ ရှေးဦးစွာဖြစ်ခြင်း၌။ ဗဇာနုဘာဝေန၊ မျိုးစေ့၏ အာနုဘော်ကြောင့်။ ရုက္ခုပ္ပတ္တိ၊ သစ်ပင်ပေါက်ခြင်းသည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေအခါ၌။ စိတ္တာနုဘာဝေန၊ စိတ်၏အာနုဘော်ကြောင့်။ ရူပကာယဿ၊ ရူပကာယ၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ပန၊ အဘို့တပါးကိုဆိုဦးအံ့။ ဗဇေ၊ မျိုးစေ့သည်။ ဝိဂတေပိ၊ ကင်းသော်လည်း။ ပထဝီ-အာပါနုဘာဝေန၊ လယ်မြေရေ၏အာနုဘော်ကြောင့်။ ရုက္ခဿ၊ သစ်ပင်၏။ ဥပရူပရိ၊ အဆင့်ဆင့်။ ပဝတ္တိ၊ သည်။ ဟောတိဝိယ၊ သကဲ့သို့။ စိတ္တေန၊ နှင့်။ ဝိနာ၊ ကင်း၍။ ကမ္မတောဝ၊ ကံကြောင့်သာလျှင်။ ကဋတ္တာရူပါနံ၊ တို့၏။ ပဝတ္တိ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ အပ်၏။ စသစ္စံ၊ မှန်၏။ ကမ္မံ။ပ။ သ္နေဟောတိ၊ ဟူ၍။ တေမွိဝစနံ၊ ဤစကားကိုလည်း။ ဝုတ္တံ၊ ၏။ ။ကမ္မံ၊ ကံသည်။ ခေတ္တံ၊ လယ်မြေတည်း။ ဝိညာဏံ၊ စိတ်ဝိညာဏ်သည်။ ဗီဇံ၊ မျိုးစေ့တည်း။ တဏှာ၊ တဏှာသည်။ သ္နေဟော၊ အစေးတည်း။

**မေး။** ။စိတ်, စေတသိက်, နိဗ္ဗာန်တို့သာ နာမ်မည်၍၊ ရုပ်ကား အဘယ်ကြောင့် နာမ်မမည်သနည်း။

**ဖြေ။** ။စိတ်, စေတသိက်, နိဗ္ဗာန်တို့ကား အမည်နှင့်ကင်း၍ မထင်ရှားသောကြောင့် နာမ်မည်ကြသည်။ ရုပ်ကား အမည်နှင့်ကင်း၍ ထင်ရှားသောကြောင့် နာမ်မမည်ပါ။

နာမယတိ ဝိနာ နာမေန ပါကဋံ နဟောတီတိနာမံ။ ရူပယတိ **ဝိနာ** နာမေန ပါကဋံ ဟောတီတိ ရူပံ။ ။**ယမိုက်မူလဋီကာ။**

နာမေန၊ အမည်နှင့်။ ဝိနာ၊ ကင်း၍၊ ပါကဋံ၊ ထင်ရှားသည်။ နာမယတိ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ နာမံ၊ နာမ်မည်၏။ ။နာမေန၊ နှင့်။ ဝိနာ၊ ၍။ ပါကဋံ၊ သည်။ ရူပယတိ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ရူပံ၊ ရုပ်မည်၏။

**မေး။** ။နာမပဒကေမူလယမကဝိဿဇ္ဇနစဝယ် (အဟေတုကံ နာမံ နာမမူလေန ကေမူလံ) ဟူ၍ရင်း၊ အဟေတုကံ နာမမူလေန ကေမူလံ ဟူ၍ရင်း ပါဌ်နှစ်ထွေရှိရာ အဘယ်ပါဌ်မှန်ပါသနည်း။

**ဖြေ။** ။ပါဌ်နှစ်ထွေစလုံးပင်မှန်ပါသည်။ နာမံပါသောပါဌ်ကို အလွန်ထင်ရှားစေလိုသည့်အတွက် ထည့်၍ ဟောပါသည်။ နာမံမပါသောပါဌ်ကို ယေကေစိ နာမာ ဓမ္မာ ဟူသောပါဌ် ထုတ်နုတ်ပြီးဖြစ်၍ သိလောက်သဖြင့် မထည့်ဘဲ ဟောပါသည်။

[**မှတ်ချက်။** ။ဂဏ္ဍိ၌အမေးတွေရှုပ်၍နေသော်လည်း လိုရင်းသာကောက်၍ ပြလိုက်သည်။ မူလဋီကာ၌ နှစ်ထွေလုံးသင့်ကြောင်း ဆုံးဖြတ်တော်မူ**၏**]။

ယဿံ ပါဠိယံ အဟေတုကံ နာမံ နာမမူလေန ကေမူလံ အဟေတုကံ နာမမူလေန ကေမူလန္တိပါဌော အာဂတော။တတ္ထ ယေကေစိ နာမာဓမ္မာ တိ နာမာနံ ဥဒ္ဒိဋ္ဌတ္တာ အဟေတုကံ သဟေတုကန္တိစ ဝုတ္တေ နာမန္တိစ ဣဒံ ဝိညာယမာနမေဝါတိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ယတ္ထ ပန အဟေတုကံ နာမံ သဟေတုကံ နာမန္တိစ ပါဌော။တတ္ထ သုပါကဋဘာဝတ္ထံ နာမန္တိ ဝုတ္တန္တိ။ ။ **ယမိုက်မူလဋီကာ။**

ယဿံ ပါဠိယံ၊ အကြင်ပါဠိတော်၌၊ အဟေတုကံ။ပ။ ကေမူလန္တိ၊ ဟူ၍။ ပါဌော၊ သည်။ အာဂတော၊ လာ၏။ တတ္ထ၊ ၌။ ယေကေစိနာမာဓမ္မာတိ၊ ဟူ၍။ နာမာနံ၊ နာမ်တို့ကို။ ဥဒ္ဒိဋ္ဌတ္တာ၊ ထုတ်အပ်သည်၏အဖြစ်ကြောင့်။ အဟေတုကံ သဟေတုကန္တိစ၊ ဟူ၍လည်း။ ဝုတ္တေ၊ ဟောအပ်သည်ရှိသော်။ နာမန္တိစ ဣဒံ၊ နာမံဟူသောဤစကားသည်။ ဝိညာယမာနမေဝ၊ သိသာထင်ရှားသည် သာလျှင်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ပန၊ အဘို့တပါးကိုဆိုဦးအံ့။ယတ္ထ၊ အကြင်ပါဠိ၌။အဟေတုကံ နာမံ သဟေတုကံ နာမန္တိစ၊ ဟူ၍လည်း။ ပါဌော၊ သည်။ အာဂတော၊၏။ တတ္ထ၊ ၌။ သုပါကဋဘာဝတ္ထံ၊ အလွန်ထင်ရှားစွာဖြစ်စေခြင်းငှါ။ နာမန္တိ၊ ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ဝေဒိတဗ္ဗံ၊ ၏။ ဣတိ၊ ဤကားအပြီးတည်း။ ။

မူလယမိုက် ပြီး၏။

## ခန္ဓယမိုက်

### ပဏ္ဏတ္တိဝါရ

ဂဏ္ဌိစကား ရှင်းလင်းချက်

**မေး။** ။မူလယမိုက် အခြားမဲ့၌ အာယတနယမိုက် စသည်ကို မဟောဘဲအဘယ့်ကြောင့် ခန္ဓယမိုက်ကို ဟောတော်မူပါသနည်း။

**ဖြေ။** ။အာယတန တဆဲ့နှစ်ပါး၊ ဓာတ်ဘဆဲ့ရှစ်ပါး ရှိသဖြင့် အပြားများရကား ဟောတော်မမူပါ။ခန္ဓာကား ငါးပါးသာရှိ၍ အပြားနည်းသောကြောင့် ခန္ဓယမိုက်ကို ဟောတော်မူပါသည်။ ။

**မေး။** ။အပြားနည်းသောကြောင့် ဟောတော်မူခဲ့လျှင် သစ္စာယမိုက်ကို ဟောသင့်သည် မဟုတ်ပါလော။ ။

**ဖြေ။** ။မဟောသင့်ပါ၊ ခန္ဓယမိုက်ကား နိဗ္ဗာန်မှတပါး အလုံးစုံသော တရားတို့ကို သိမ်းကျုံးမိသောကြောင့် ခန္ဓယမိုက်ကိုသာ ဟောသင့်ပါသည်။ အပ္ပဘေဒတ္တာ။ ။နိဗ္ဗာနဝဇ္ဇာနံ သဗ္ဗဓမ္မာနံ သင်္ဂဟိတတ္တာစ။ ။

**ယမိုက်မူလဋီကာ။**

အပ္ပဘေဒတ္တာ၊ အပြားနည်းသောကြောင့်။ ။နိဗ္ဗာနဝဇ္ဇာနံ၊ နိဗ္ဗာန်သည်ကြဉ်အပ်ကုန်သော။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့ကို။ သင်္ဂဟိတတ္တာစ၊ သိမ်းကျုံးမိသည်၏အဖြစ်ကြောင့်။ (ဝုတ္တံ)။ ။

**မေး။** ။ခန္ဓာကိုလေးပါး ခြောက်ပါး စသည်ဖြင့် အယုတ် အလွန်ဟောတော်မမူဘဲ၊အဘယ့်ကြောင့် ငါးပါးသာ ဟောတော်မူပါသနည်း။

**ဖြေ။** ။အလုံးစုံသောသင်္ခတ တရားတို့ကို တူရာပေါင်း၍ ယူခြင်းကြောင့်၎င်း၊ ငါ, ငါ၏ဥစ္စာဟု စွဲလမ်းခြင်းသည် ခန္ဓာငါးပါးသာလျှင် အတိုင်းအရှည်ရှိသော ကြောင့်၎င်း၊ တပါးသောတရားတို့၏ ခန္ဓာငါးပါးတို့၌ သက်ဝင်ခြင်း ကြောင့်၎င်း၊ လေးပါး ခြောက်ပါး စသည်ဖြင့် အယုတ်အလွန်မဟောဘဲ ငါးပါးသာ ဟောတော်မူပါသည်။ ။

ကသ္မာ ပန ဘဂဝတာ ပဉ္စေဝခန္ဓာ ဝုတ္တာ အနူနာ အနဓိကာတိ။ သဗ္ဗသင်္ခတသဘာဂေကသင်္ဂဟတော အတ္တတ္တနိယဂါဟဝတ္ထုဿ ဧတပ္ပရမတော အညေသဉ္စ တဒဝရောဓတော။ ။

**ဝိဘင်းအဋ္ဌကထာ။**

ကသ္မာ၊ကြောင့်။ ဘဂဝတာ၊သည်။ အနူနာ၊မယုတ်ကုန်သော။ အနဓိကာ၊ မလွန်ကုန်သော။ ပဥ္စဝ၊ငါးပါးသာလျှင်ဖြစ်ကုန်သော။ ခန္ဓာ၊ခန္ဓာတို့ကို။ ဝုတ္တာ၊ နည်း။ သဗ္ဗသင်္ခတသဘာဂေကသင်္ဂဟတောစ၊ အလုံးစုံသော သင်္ခတတရားတို့ကို တူသောအဘို့ဖြင့် ပေါင်း၍ယူခြင်းကြောင့်၎င်း။ အတ္တတ္တနိယဂါဟဝတ္ထုဿ၊ ငါ့ ငါ၏ဥစ္စာဟု စွဲလမ်းခြင်းအကြောင်း၏။ တေပ္ပရမတောစ၊ ထိုခန္ဓာငါးပါးလျှင် အတိုင်းအရှည်ရှိခြင်းကြောင့်၎င်း။ အညေသံ၊ တပါးသောတရားတို့၏။တဒဝရော ဓတောစ၊ ထိုခန္ဓာငါးပါးတို့၌သာလျှင် ဝင်ခြင်းကြောင့်၎င်း။ (ပဥ္စဝ ခန္ဓာ ဝုတ္တာ)။ ။

**မေး။** ။ဝေဒနာက္ခန္ဓာ စသည်ကို ရှေးဦးစွာ မဟောဘဲ အဘယ့်ကြောင့် ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူသနည်း။

**ဖြေ။** ။ယှုလွှယ်စေခြင်းငှါ စက္ခုဝိညာဏ်စသည်တို့၏ အာရုံဖြစ်သော ရုန့်ရင်း ကြမ်းထမ်းသော ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူပါသည်။

[**မှတ်ချက်။** ။ဝေဒနာက္ခန္ဓာ စသည်တို့၌ ရှေ့နောက်ဟောခြင်းအကြောင်း တို့ကို သာဓကပါဠိအနက်ဖြင့် သိကြပါကုန်]။ ။

သုခဂ္ဂဟဏတ္ထံ စက္ခုအာဒီနံ ဝိသယဘူတံ ဩဠာရိကံ ပဌမံ ရူပက္ခန္ဓံ ဒေသေတိ။တတော ဣဋ္ဌာနိဋ္ဌရူပသံဝေဒိတံ ဝေဒနံ၊ ယံ ဝေဒယတိ တံ သဉ္ဇာနာတီတိ ဧဝံ ဝေဒနာဝိသယဿ အာကာရဂ္ဂါဟိကံ သညံ၊ သညာ ဝသေန အဘိသင်္ခါရကေ သင်္ခါရေ တေသံ ဝေဒနာဒီနံ နိဿယံ အဓိ ပတိဘူတဉ္စ ဝိညာဏံ။ ။

**ဝိဘင်းအဋ္ဌကထာ။**

သုခဂ္ဂဟဏတ္ထံ၊ ယှုလွှယ်စေခြင်းငှါ။ စက္ခုအာဒီနံ၊ စက္ခုဝိညာဏ် စသည်တို့၏။ ဝိသယဘူတံ၊ အာရုံဖြစ်၍ဖြစ်သော။ ဩဠာရိကံ၊ ရုန့်ရင်းကြမ်းထမ်းသော။ ရူပက္ခန္ဓံ၊ ကို။ ပဌမံ၊ စွာ။ ဒေသေတိ၊ ပြတော်မူ၏။ တတော၊ မှ။ ဣဋ္ဌာနိဋ္ဌရူပ သံဝေဒိတံ၊ ဣဋ္ဌာရုံအနိဋ္ဌာရုံကို ခံစားတတ်သော။ ဝေဒနံ၊ ကို။ (ဒေသေတိ) ယံ၊ အကြင်ဣဋ္ဌာရုံအနိဋ္ဌာရုံကို။ ဝေဒယတိ၊ ခံစားတတ်၏။ တံ၊ ကို။ သဉ္ဇာနာတိ၊ အမှတ်ပြု၍ သိ၏။ ဣတိဧဝံ၊ သို့။ ဝေဒနာဝိသယဿ၊ ခံစားအပ်သော အာရုံ၏။ အာကာရဂ္ဂါဟိကံ၊ အခြင်းအရာကို ယူတတ်သော။ သညံ၊ ကို။ (ဒေသေတိ) သညာ ဝသေန၊ အမှတ်ပြုသည်၏ အစွမ်းဖြင့်။ အဘိသင်္ခါရကေ၊ ပြုပြင်စီရင်တတ်ကုန် သော။ သင်္ခါရေ၊ တို့ကို။ (ဒေသေတိ) တေသံ ဝေဒနာဒီနံ၊ တို့၏။ နိဿယဉ္စ၊ မှီရာလည်း ဖြစ်သော။ အဓိပတိဘူတဉ္စ၊ အကြီးအမှူးဖြစ်၍လည်း ဖြစ်သော။ ဝိညာ ဏံ၊ ကို။ (ဒေသေတိ)။

**မေး။** ။ရူပက္ခန္ဓော၌ ခန္ဓသဒ္ဒါသည် အဘယ်မျှသော အနက်၌ ဖြစ်သနည်း။

**ဖြေ။** ။ဂုဏ်ကျေးဇူးအနက်, အပေါင်းအစုအနက်, အမည်သညာအနက်, တင်စားခြင်းအနက်။ ဤလေးပါးသော အနက်တို့၌ ဖြစ်ပါသည်။

ခန္ဓော ဂုဏေစရာသိမှိ၊ ပဏ္ဏတ္တိယဉ္စ ရုဠှိယံ။

**အဘိဓာနပ္ပဒီပိကာ။**

ခန္ဓော၊ ခန္ဓသဒ္ဒါသည်။ ဂုဏေ စ၊ ဂုဏ်ကျေးဇူးအနက်၌၎င်း။ ရာသိမှိ၊ အပေါင်းအစုအနက်၌၎င်း။ ပဏ္ဏတ္တိယဉ္စ၊ အမည်ပညတ်အနက်၌၎င်း။ ရုဠှိယံ၊ တင်စားခြင်းအနက်၌၎င်း။ ဝတ္တတိ၊ ဖြစ်၏။

သီလက္ခန္ဓော သမာဓိက္ခန္ဓော။ ။သီလက္ခန္ဓော၊ သီလတည်းဟူသော ဂုဏ်ကျေးဇူး။သမာဓိက္ခန္ဓော။သမာဓိတည်းဟူသော ဂုဏ်ကျေးဇူး။ **(ဂုဏအနက်)**။ ။ အသင်္ချေယျော အပ္ပမေယျော မဟာဥဒကက္ခန္ဓောတွေဝ သင်္ချံ ဂစ္ဆတိ။ ။အသင်္ချေယျော၊ မရေတွက်အပ်။ အပ္ပမေယျော၊ မနှိုင်းယှဉ်အပ်။ မဟာဥဒကက္ခန္ဓောတွေဝ၊ များစွာသော ရေအစုဟူ၍သာလျှင်။ သင်္ချံ၊ သို့။ ဂစ္ဆတိ၊ ၏။ ။**(ရာသိအနက်)**။ ။ အဒ္ဒသ ခေါ ဘဂဝါ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။ ။ဘဂဝါ၊ သည်။ ဂင်္ဂါယ၊ သော။ နဒိယာ၊ ၌။ သောတေန၊ ရေအယဉ်ဖြင့်။ ဝုယှမာနံ၊ မျောသော။ ဒါရုက္ခန္ဓံ၊ သစ်သားအစုကို။ အဒ္ဒသ၊ မြင်ပြီ။ ။**(ပဏ္ဏတ္တိအနက်)**။ ။ ဝိညာဏံ ဝိညာဏက္ခန္ဓော။ ။ဝိညာဏံ၊ ဝိညာဏ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ မည်သလော။ ။**(ရုဠှီအနက်)**။

**မေး။** ။ရူပက္ခန္ဓော၌ ခန္ဓသဒ္ဒါသည် အဘယ်အနက်၌ ဖြစ်သနည်း။

**ဖြေ။** ။ရာသိအနက်၌ ဖြစ်ပါသည်။

သင်္ခါယမိဓ ရာသိတော အဓိပ္ပေတော။ ။**ဝိဘင်း အဋ္ဌကထာ။**

ဣဓ၊ ဤအရာ၌။ သင်္ခါယံ သောအယံ ခန္ဓသဒ္ဒေါ၊ ထိုခန္ဓသဒ္ဒါကို။ ရာသိတော၊ အပေါင်းအစုအနက် အားဖြင့်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

**မေး။** ။အဘယ့်ကြောင့် ခန္ဓာမည်ပါသနည်း။

**ဖြေ။** ။တရားတို့ကို ပေါင်းစု၍ထားသောကြောင့် ခန္ဓာမည်ပါသည်။

**မေး။** ။အဘယ်တရားတို့ကို ပေါင်းစု၍ ထားပါသနည်း။

**ဖြေ။** ။အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သုခုမ, ဩဠာရိက, ဟီန, ပဏီတ, ဒူရ, သန္တိကဖြစ်သော တရားတို့ကို ပေါင်းစု၍ ထားပါသည်။

အတီတာနာဂတံ ရူပံ၊ ပစ္စုပ္ပန္နမထာပရံ။
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ သုခုမောဠာရိကံ တထာ။ ။
ဟီနံ ပဏီတံ ယံ ဒူရေ၊ သန္တိကေ ဝါ တထေကတော။
သဗ္ဗံ ရူပံ သမောဓာယ၊ ရူပက္ခန္ဓောတိ ဝုစ္စတိ။။ ။

**နာမရူပပရိစ္ဆေဒ။**

အတီတံ၊ အတိတ်ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရုပ်သည်ရင်း။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ အထာပရံ၊ ပါး။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန် ဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ အဇ္ဈတ္တံ၊ အဇ္ဈတ္တဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ သုခုမံ၊ သုခုမဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ တထာ၊ ပါး။ ဩဠာရိကံ၊ ဩဠာရိကဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ ဟီနံ၊ သော။ ယံရူပံဝါ၊ သည်ရင်း။ ပဏီတံ၊ သော။ ယံရူပံဝါ၊ သည်ရင်း။ ဒူရေ၊ သော။ ယံရူပံဝါ၊ သည်ရင်း။ သန္တိကေ၊ သန္တိကဖြစ်သော။ ယံရူပံဝါ၊ သည်ရင်း။ အတ္ထိ၊ရှိ၏။ သဗ္ဗံ၊ သော။ တံရူပံ၊ ထိုရုပ်ကို။သမောဓာယ၊ ပေါင်းစု၍။ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။(ဝေဒနာက္ခန္ဓာ စသည်တို့၌လည်း နည်းတူ)။

ပရိညာသုစ န ဝိနာ တီရဏပရိညာယ ပဟာနပရိညာ။ တီရဏာဥ္စ သမ္ပုဏ္ဏာပရာနုဂ္ဂဟာယ အဓိပ္ပေတတ္တာ၊ကာလပုဂ္ဂလောကာသဝိဘာဂမုခေန ခန္ဓာနံ ဝိသုံဝိသုံ သဟာစ ဥပ္ပါဒနိရောဓလက္ခဏပရိဂ္ဂဟဝသေန သာတိသယံ သမ္ဘဝတိ။ ။န အညထာတိ ဣမမတ္ထံ ဒဿေန္တော ဆသု ကာလဘေဒေ သု။ပ။ ပရိညာစ ဝတ္တဗ္ဗာတိ ပဌာနံ ဝတ္တဗ္ဗံ ဥဒ္ဓရတိ။ ။**ယမိုက်အနုဋီကာ**။

စ၊ ဆက်၍ဆိုဦးအံ့။ ပရိညာသု၊သုံးပါးသော ပရိညာတို့တွင်။ တီရဏပရိညာယ၊တီရဏ ပရိညာနှင့်။ ဝိနာ၊ကင်း၍။ ပဟာနပရိညာ၊ ပဟာန ပရိညာသည်။ နဟောတိ၊မဖြစ်၊ စသဉ်္စံ၊မှန်၏။ တီရဏံ၊တီရဏပရိညာကို။ သမ္ပုဏ္ဏာပရာနုဂ္ဂဟာယ၊ ပြည့်စုံစွာသူတပါးတို့အား ချီးမြှောက်ခြင်း၏။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ။ကာလပုဂ္ဂလောကာသဝိဘာဂမုခေန။ ကာလ,ပုဂ္ဂိုလ်, ဘုံတို့ကိုဝေဘန်ခြင်းကိုအမှူးပြုသဖြင့်။ ခန္ဓာနံ၊တို့၏။ဝိသုံဝိသုံစ၊ အသီးအသီးရင်း။ သဟာစ၊ တကွရင်း။ ဥပ္ပါဒနိရောဓလက္ခဏပရိဂ္ဂဟဝသေန၊ ဖြစ်ခြင်း- ချုပ်ခြင်း၏ လက္ခဏာကိုသိမ်းဆည်းသည်၏ အစွမ်းဖြင့်။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ သမ္ဘဝတိ၊ ဖြစ်၏။ အညထာ၊ တပါးသော အခြင်းအရာဖြင့်။ နသမ္ဘဝတိ၊ မဖြစ်။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေန္တော၊ ပြတော်မူလို၍။ ဆသု၊ ခြောက်ပါးကုန်သော။ ကာလဘေဒေသု၊ ကာလအပြားတို့၌။ပ။ ပရိညာစ၊ ပရိညာတို့ကိုလည်း။ဝတ္တဗ္ဗာ၊ဆိုအပ်ကုန်၏။ဣတိ၊သို့။ ပဌာနံ၊ပြဌာန်းသော။ဝတ္တဗ္ဗံ၊ ဆိုအပ်သောစကားကို။ဥဒ္ဓရတိ၊ထုတ်ဆောင်တော်မူ၏။

ယထာ န တိရစ္ဆာနပရိညာယ ဝိနာ ပဟာနပရိညာ။ ဧဝံ တိရစ္ဆာနပရိညာ ဝိနာ ဉာတပရိညာယ။သာစ သုတမယဉာဏမူလိကာတိ ဒေသနာ ကုသလော သတ္ထာ အန္ဒယတော ဗျတိရေကတောစ သမုဒါယာဝယဝပဒတ္ထာဒိ ဝိဘာဂဒဿနမုခေန ခန္ဓေသု ပရိညာပဘေဒံ ပကာသေတုကာမော ပဋ္ဌက္ခန္ဓာတိအာဒိနာ ဒေသနံ အာရဘီတိ။ ။

**ယမိုက်အနုဋီကာ။**

တီရဏပရိညာယ၊ တီရဏပရိညာနှင့်။ ဝိနာ၊ ၍၊ ပဟာနပရိညာ၊ ပဟာန ပရိညာသည်။နဟောတိယထာ၊သို့။ဧဝံတထာ၊ တူ။ဉာတပရိညာယ၊ ဉာတပရိညာ နှင့်။ဝိနာ၊၍။ တီရဏပရိညာ၊သည်။ နဟောတိ၊ မဖြစ်။စ၊ ဆက်၍ဆိုဦးအံ့။သာ၊ ထိုဉာတပရိညာသည်။ သုတမယဉာဏမူလိကာ၊ သုတမယဉာဏ်လျှင်အရင်းရှိ၏။ ဣတိ၊ သို့။ ဒေသနာကုသလော၊ ဒေသနာတော်၌ လိမ္မာတော်မူသော။ သတ္ထာ၊ သည်။ အန္ဒယတောစ၊ အန္ဒယအားဖြင့်၎င်း။ ဗျတိရေကတောစ၊ ဗျတိရေကအား ဖြင့်၎င်း။ သမုဒါယာဝယဝပဒတ္ထာဒိဝိဘာဂဒဿနမုခေန၊ အပေါင်းအစိတ်ဖြစ် သော ပုဒ်အနက်စသည်ကို ဝေဘန်၍ပြခြင်းကို အမှူးပြုသဖြင့်။ ခန္ဓေသု၊ တို့၌။ ပရိညာပဘေဒံ၊ပရိညာအပြားကို။ပကာသေတုကာမော၊ထင်ရှားပြလိုသည်ဖြစ်၍။ ပဉ္စက္ခန္ဓာတိအာဒိနာ၊ ဖြင့်။ဒေသနံ၊ဒေသနာတော်ကို။ အာရဘိ၊အားထုတ်တော် မူ၏။ဣတိ၊သို့။(အာဟ)။ ။

**မေး။** ။ပရိညာသုံးပါး အစဉ်အတိုင်းဖြစ်ပုံကို သေချာစွာပြပါ။

**ဖြေ။** ။ရုပ်သည် ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ ဖဿသည်တွေ့ထိခြင်းလက္ခဏာ ရှိ၏။ အစရှိသဖြင့် သာမညဝိသေသလက္ခဏာတို့ကို သိမ်းဆည်းသော ဉာဏ် ဟူသောကာ်ါ ဝိတရဏ ဝိသုဒ္ဓိသည်ဉာတပရိညာ။ ထိုနောက် သစ္စာ နုလောမ ဉာဏ်တိုင်အောင်သော ဉာဏ်သည် တီရဏပရိညာ။ ဥဒယဗ္ဗယာနုပဿနာမှစ၍ မဂ်တိုင်အောင်သော ဉာဏ်သည် ပဟာန ပရိညာ ဖြစ်ပါသည်။ ။

ရုပ္ပနလက္ခဏံ ရူပံ ဖုသနလက္ခဏော ဖဿောတိ အာဒိနာ သာမည ဝိသေသလက္ခဏပရိဂ္ဂါဟိကာ ဒိဋ္ဌိ ကင်္ခါဝိတရဏဝိသုဒ္ဓိယော ဉာတ ပရိညာ။ တတောပရံ ယာဝါနုလောမာ တီရဏပရိညာ။ ဥဒယဗ္ဗယာ နုပဿနတော ပဋ္ဌာယ ယာဝမဂ္ဂါ ပဟာနပရိညာ။ ။

**ဝိဘင်းမူလဋီကာ။**

ရူပံ၊ ရုပ်သည်။ ရုပ္ပနလက္ခဏံ။ ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ ဖဿော၊သည်။ ဖုသနလက္ခဏော၊ တွေ့ထိခြင်း လက္ခဏာရှိ၏။ ဣတိအာဒိနာ၊ ဖြင့်။ သာမည

ဝိသေသလက္ခဏပရိဂ္ဂါဟိကာ၊ သာမညလက္ခဏာ ဝိသေသလက္ခဏာကို သိမ်းဆည်းတတ်သော။ဒိဋ္ဌိ၊ ဉာဏ်အမြင်ဟု ဆိုအပ်သော။ **ကင်္ခါဝိတရဏဝိသုဒ္ဓိယော၊** တို့သည်။ ဉာတပရိညာ၊ မည်၏။ တတော၊ မှ။ ပရံ၊ ၌။ **ယာဝါနုလောမာ၊**သစ္စာနုလောမဉာဏ်တိုင်အောင်။ တီရဏပရိညာ၊ **မည်၏။ ဥဒယဗ္ဗယာနုပဿနတော၊** ဥဒယဗ္ဗယအနုပဿနာမှ၊ပဋ္ဌာယ၊၍။ ယာဝမဂ္ဂါ၊ **မဂ်တိုင်အောင်။ ပဟာနပရိညာ၊** မည်၏။ ။

**မေး။** ။ဥဒယဗ္ဗယာနုပဿနာဟူသည် အဘယ်တရားကို ဆိုသနည်း။

**ဖြေ။** ။ဆယ်ပါးသော ဝိပဿနာ ဉာဏ်ကို ဆိုပါသည်။ ။

[**မှတ်ချက်။** ။ဉာဏ်ဆယ်ပါး ပါဠိအနက်လွယ်ပြီ]။ ။

**မေး။** ။အဘိဓမ္မာ ဒေသနာသည် အဘိဓေယျကထာ ဖြစ်ခဲ့လျှင် မူလယမိုက်ဝယ် အဘယ်သို့ အဘိဓေယျကထာ ဖြစ်သနည်း။

**ဖြေ။** ။အကြောင်းကို သိမ်းဆည်းခြင်းအဆုံးရှိသော ဉာဏ်သည် ဉာတပရိညာ မည်ရကား အကြောင်းကို ပြတတ်သော မူလယမိုက်ဝယ် ဉာတပရိညာ ဖြစ်ပါသည်။ ။

ပစ္စယပရိဂ္ဂဟပရိယောသာနာ ဉာတပရိညာတိ ပစ္စယဒီပကေန မူလယမကေန ဉာတပရိညံ။ ။**ယမိုက်မူလဋီကာ။**

ပစ္စယပရိဂ္ဂဟပရိယောသာနာ၊ အကြောင်းကိုသိမ်းဆည်းခြင်း အဆုံးရှိသော ဉာဏ်သည်။ ဉာတပရိညာ၊ မည်၏။ ဣတိ၊ သို့။ ပစ္စယဒီပကေန၊ အကြောင်းကိုပြတတ်သော။ မူလယမကေန၊ မူလယမိုက်ဖြင့်၊ ဉာတပရိညံ၊ ကို။(ဝိဘာဝေတွာ ဝိဘာဝေတုံ။ အာရဒ္ဓံ)။

[**မှတ်ချက်။** ။ပရိစ္ဆေဒဝါရစသည်တို့၏ အဓိပ္ပါယ်မှာ ထင်ရှားပြီဖြစ်၍ အမေးအဖြေ မထည့်သွင်းပါ]။

**မေး။** ။စက်ဆိုသည်မှာ ဝန်းဝိုင်းသောကြောင့် ဆိုပါသလော။

**ဖြေ။** ။ဝန်းဝိုင်းသောကြောင့် စက်ဆိုသည် မဟုတ်ပါ။ လှည်းဘီးစက်နှင့် တူသောကြောင့် စက်ဆိုပါသည်။

ရူပံ ရူပက္ခန္ဓောတိ ဝေမာဒိကံ မူလပဒံ နာဘိံ ကတွာ ခန္ဓာတိ ဣဒံ နေမိံ ဝေဒနာက္ခန္ဓောတိအာဒီနိ အရေ ကတွာ စက္ကဘာဝေါ ဝုတ္တောတိ ဝေဒိတဗ္ဗော၊ န မဏ္ဍလဘာဝေန သမ္ဗန္ဓနတော။ ဝေဒနာက္ခန္ဓမူလာဒီသုပိ ဟိ ဟေဋ္ဌိမံ သောဓေတွာဝ ပါဌော အာဂတော နမဏ္ဍလမ္ဗန္ဓေနာတိ။ ။**ယမိုက်မူလဋီကာ။**

ရူပံ ရူပက္ခန္ဓောတိ ဝေမာဒိကံ၊ သော။ မူလပဒံ၊ အရင်းဖြစ်သောပုဒ်ကို။ နာဘိံ၊ ချက်ကို။ ဝါ၊ ပုံတောင်းကို။ ကတွာ၊ ၍။ ခန္ဓာတိဣဒံ၊ကို။ နေမိံ ၊အကွပ်ကို။ ကတွာ၊၍။ ဝေဒနာက္ခန္ဓောတိအာဒိနိ။ တို့ကို။ အရေ၊ အကန့်တို့ကို။ ကတွာ၊၍။ စက္ကဘာဝေ၊ စက်၏အဖြစ်ကို။ ဝါ၊ စက်နှင့်တူသည်၏ အဖြစ်ကို။ ဝုတ္တော၊၏။ ဣတိ၊သို့။ ဝေဒိတဗ္ဗော၊၏။ မဏ္ဍလဘာဝေန၊ ဝန်းဝိုင်းသည်၏ အဖြစ်ဖြင့်။ သမ္ဗဇ္ဈနတော ၊ စပ်ခြင်းကြောင့်၊ နဝုတ္တော၊ အပ်။ ဟိသစ္စံ။ မှန်၏။ ဝေဒနာက္ခန္ဓမူလာဒိသုပိ၊တို့၌လည်း။ ဟေဋ္ဌိမံ၊ အောက် အောက်၌ဖြစ်သောပုဒ်ကို။ သောဓေတွာဝ၊ သုတ်သင်၍သာလျှင်။ ပါဌော၊သည်၊ အာဂတော၊၏။ မဏ္ဍလသမ္ဗန္ဓေန၊ အဝန်းအဝိုင်းကိုစပ်ခြင်းဖြင့်။ နအာဂတော၊မလာ။ (ဣတိ ဝေဒိတဗ္ဗော)။

**မေး။** ။သုဒ္ဓခန္ဓဝါရ ပဋိလောမ၌ ခန္ဓာ ရူပံဟု သာမညသာရှိလျက် အဘယ့်ကြောင့် ရူပံကို ရူပက္ခန္ဓာဟုဝိသေသယောဇနာသနည်း။

**ဖြေ။** ။ရူပံဟု သာမညရှိသည်ကား မှန်၏။ နိဒ္ဒေသဝါရ၌ ရူပက္ခန္ဓာစသည်ဖြင့် ဝိသေသဝေဘန်သောကြောင့်ရူပက္ခန္ဓာဟု ဝိသေသယောဇနာပါသည်။

ခန္ဓာ ရူပန္တိ အာဒီသု ခန္ဓာရူပက္ခန္ဓော ခန္ဓာ ဝေဒနာက္ခန္ဓောတိအတ္ထော ဂဟေတဗ္ဗော။ ကသ္မာ နိဒ္ဒေသဝါရေ ဧဝံ ဝိဘဇိတတ္တာ။

**ယမိုက်အဋ္ဌကထာ။**

ခန္ဓာရူပန္တိအာဒီသု၊တို့၌။ ခန္ဓာ၊ခန္ဓာမည်ကုန်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်သလော။ ခန္ဓာ၊ကုန်၏။ ဝေဒနာက္ခန္ဓော၊ သလော။ ဣတိအတ္ထော၊ ဤသို့သောအနက်ကို။ ဂဟေတဗ္ဗော၊ ယူအပ်၏။ ကသ္မာ၊ ကား။ နိဒ္ဒေသဝါရေ၊ နိဒ္ဒေသဝါရ၌။ဧဝံ၊ဤသို့ ခန္ဓာ ရူပက္ခန္ဓော ခန္ဓာ ဝေဒနာက္ခန္ဓောဟူသော အခြင်းအရာဖြင့်။ ဝိဘဇိတတ္တာ၊ ဝေဘန်အပ်သည်၏အဖြစ်ကြောင့်တည်း။

**မေး။** ။သဒ္ဒါရှိတိုင်း မယောဇနာဘဲ သဒ္ဒါကိုလွန်၍ ယောဇနာခြင်းကား ပါဠိတော်ဝယ် ရူပံ မရှိ၊ ရူပက္ခန္ဓောသာရှိ၏ ဟူသော အနက်သည်ရောက်သည် မဟုတ်ပါလော။

**ဖြေ။** ။ပါဠိတော်၌ ရူပံသာ ရှိသော်လည်း သဒ္ဒါကိုပမာဏမပြု၊ အနက်သာ ပမာဏပြု၍ ယောဇနာသည်။ ပါဠိတော်၌ ရူပက္ခန္ဓောရှိ၍ယောဇနာသည်မဟုတ်ပါ။

ဝစနသောဓနေ ဝိယ ဟိ ဧတ္ထ ဝစနံ န ပမာဏံ။ ယထာယထာ ပန သုဒ္ဓခန္ဓာ လဗ္ဘန္တိ။ တထာတထာ အတ္ထောဝ ပမာဏံ။

**ယမိုက်အဋ္ဌကထာ။**

ဟိသစ္စ၊၏။ ဝစနသောဝနေ၊ သဒ္ဒါကိုသုတ်သင်ရာ၌။ ဝစနံ၊ သဒ္ဒါသည်။ ပမာဏံ၊ပမာဏသည်။ ဟောတိဝိယ၊သို့။ ဧဝံ၊ ဤသုဒ္ဓခန္ဓဝါရ၌။ ဝစနံ၊ သဒ္ဒါ သည်၊ ပမာဏံ၊သည်။ နဟောတိ၊မဖြစ်။ ပန၊စင်စစ်ကား။ ယထာယထာ၊ အကြင်အကြင်သို့သောအခြင်းအရာဖြင့်။ သုဒ္ဓခန္ဓာ၊တို့ကို။ လဗ္ဘန္တိ၊ရအပ်ကုန်၏။ တထာ တထာ၊ ဖြင့်။ အတ္ထော၊ အနက်သာလျှင်။ ပမာဏံ၊တည်း။

**မေး။** ။ပိယရူပ် သာတရူပ်၌ ရုပ်အဋ္ဌဝီသပင်ဖြစ်လျက် န ရူပက္ခန္ဓော ဟု အဘယ့်ကြောင့် ဟောတော်မူသနည်း။

**ဖြေ။** ။ရုပ်အဋ္ဌဝီသပင် ဖြစ်သော်လည်း ပိယရူပ် သာတရူပ် မည်သော ရုပ်အဋ္ဌဝီသကား ချစ်အပ် သာယာအပ်သော အပေါင်းရုပ်ဖြစ်၍ ရူပ အမည်သာ ရသည်။ ရုပ္ပနသဘောမရှိ၍ရူပက္ခန္ဓာအမည်မရ။ ထို့ကြောင့် နရူပက္ခန္ဓောဟု ဟောတော်မူပါသည်။

**တနည်း...**ချစ်အပ် သာယာအပ်သော ရုပ်အဋ္ဌဝီသသည် ပိယရူပ်သို့ ဝင်သည်။ ရုပ္ပနသဘော ရှိသော ရုပ်အဋ္ဌဝီသ သို့ မဝင်။ ထို့ကြောင့် နရူပက္ခန္ဓောဟု ဟောတော်မူပါသည်။

ပိယရူပံ သာတရူပန္တိ။ပ။ တဏှာဝတ္ထုဘူတံ တေဘူမကံ ဝေဒိတဗ္ဗံ။ တသ္မာ ယံ ပဉ္စက္ခန္ဓသမုဒါယဘူတံ ပိယရူပံ သာတရူပံ။ တံ ကေဒေသေန ရူပက္ခန္ဓော ဟောတီတိ အာဟ ပိယရူပံ သာတရူပံ နရူပက္ခန္ဓောတိ။ ။

**ယမိုက်မူလဋီကာ။**

ပိယရူပံ သာတရူပန္တိ၊ ဟူသည်ကား။ပ။ တဏှာဝတ္ထုဘူတံ၊ တဏှာ၏ အာရုံ အဖြစ်ဖြင့် တည်ရာဖြစ်၍ဖြစ်သော။ တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော တရားကို။ ဝေဒိတဗ္ဗံ၊၏။ တသ္မာ၊ ကြောင့်။ ပဉ္စက္ခန္ဓသမုဒါယဘူတံ၊ ခန္ဓာငါးပါး အပေါင်းဖြစ်၍ဖြစ်သော ။ပိယရူပံ၊ ပိယရူပ်သည်။ သာတရူပံ၊ သာတရူပ်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို ပိယရူပ် သာတရူပ်သည်။ ကေဒေသေန၊ တစိတ်တဒေသ အားဖြင့်။ ရူပက္ခန္ဓော၊ သည်။ ဟောတိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ ပိယရူပံ သာတရူပံ န ရူပက္ခန္ဓောတိ၊ ဟူ၍။ အာဟ၊ ၏။

ဧကဒေသေန ရူပက္ခန္ဓော နသမုဒါယဝသေန။ ဣမသ္မိံ ဝိကပ္ပေ ပိယ သဘာဝံ ဘူတုပါဒါယရူပဥ္စ ရူပက္ခန္ဓေန သကလံ ခန္ဓပဉ္စကန္တိ ရူပက္ခန္ဓောတိ ဝုတ္တန္တိ အဓိပ္ပါယော။ ။မဓုဋီကာ။

ဧကဒေသေန၊ တစိတ် တဒေသ အားဖြင့်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်၏။ သမုဒါယဝသေန၊ အပေါင်း၏ အစွမ်းအားဖြင့်။ နရူပက္ခန္ဓော၊ မမည်။ ဣမသ္မိံ

**ဝိကပ္ပေ၊ ၌**။ ပိယသဘာဝံ၊ ချစ်အပ်သော သဘောရှိသော။ ဘူတုပါဒါယရူပဥ္စ၊ ဘူတရုပ်, ဉပါဒါရုပ်သည်ရင်း။ ရူပက္ခန္ဓေန၊ နှင့်တကွ။ သကလံ၊ အလုံးစုံသော။ ခန္ဓပဥ္စကဥ္စ၊ ခန္ဓာငါးပါးအပေါင်းသည်ရင်း။ ရူပက္ခန္ဓော၊ မည်၏။ ဣတိ၊သို့။ ဝုတ္တံ၊ **၏**။ ဣတိ**အယံ**၊ ကား။အဓိပ္ပါယော၊ တည်း။

> ပိယသဘာဝတာယ ဝါ ရူပက္ခန္ဓော ပိယရူပေ ပဝိသတိ။ န ရူပ္ပနသဘာဝေနာတိ ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓောတိ ဝုတ္တံ။
> **ယမိုက်မူလဋီကာ**။

ရူပက္ခန္ဓော၊ သည်။ ပိယသဘာဝတာယဝါ၊ ချစ်အပ်သော သဘောရှိသည်၏ အဖြစ်ဖြင့်။ ပိယရူပေ၊ ၌။ ပဝိသတိ၊ဝင်၏။ ရူပ္ပနသဘာဝေန၊ ရူပ္ပန သဘောအားဖြင့်။ နပဝိသတိ၊ မဝင်။ ဣတိတသ္မာ၊ ကြောင့်။ ပိယ။ပ။ ခန္ဓောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

> ရူပ္ပနဋ္ဌေန ရူပက္ခန္ဓပရိယာပန္နမ္ပိ စက္ခာဒိပိယသဘာဝမတ္တဝစနိစ္ဆာဝသေသရူပမေဝ အနုပ္ပဝိသတိ နရူပက္ခန္ဓန္တိ အာဟ ပိယသဘာဝ။ပ။ နရူပက္ခန္ဓောတိ ဝုတ္တန္တိ။ ။**ယမိုက်အနုဋီကာ**။

ရူပ္ပနဋ္ဌေန၊ ဖောက်ပြန်တတ်သော အနက်သဘောကြောင့်။ ရူပက္ခန္ဓပရိယာပန္နမ္ပိ၊ ရူပက္ခန္ဓာ၌ အကျုံးဝင်သည်လည်းဖြစ်သော။ စက္ခာဒိပိယသဘာဝမတ္တဝစနိစ္ဆာဝသေသရူပမေဝ၊ စက္ခုစသည်တို့သည် ချစ်အပ်သော သဘောမျှကို ဆိုလိုသော ကြွင်းသောရုပ်သို့သာလျှင်။ အနုပ္ပဝိသတိ၊ ဝင်၏။ ရူပက္ခန္ဓံ၊ သို့။ နအနုပ္ပဝိသတိ၊ မဝင်။ ဣတိတသ္မာ၊ ကြောင့်။ ပိယသဘာဝ။ပ။ နရူပက္ခန္ဓောတိ ဝုတ္တန္တိ၊ ဟူ၍။ အာဟ၊ ၏။

**[မှတ်ချက်**။ ။ပိယရုပ် သာတရုပ် ကောက်ရာဝယ် ရုပ်အဌဝီသ ပါသင့် မပါသင့်။ ဝါဒအမျိုးမျိုး ထွက်လျက်ရှိသည်။ ဤ၌ အကျဉ်းမျှ ဖြစ်သောကြောင့် မရေးနိုင်]။

**မေး**။ ။ပိယရုပ် သာတရုပ်ဟူရာဝယ် တဏှာအာရုံပြုသော အခါသာလျှင် မည်သလော။ သို့တည်းမဟုတ် မပြုသော အခါ၌လည်း မည်သလော။

**ဖြေ**။ ။မစားသောအခါ၌လည်း စားခြင်းငှါ ထိုက်သောကြောင့် ဘောဇဉ် ဟူသော အမည်ကိုရသကဲ့သို့ တဏှာအာရုံမပြုသောအခါ၌လည်း ပြုခြင်းငှါထိုက်သောကြောင့် ပိယရုပ် သာတရုပ်ပင် မည်ပါသည်။

> နခန္ဓာ နဝေဒနာက္ခန္ဓောတိဧတ္ထ ပညတ္တိနိဗ္ဗာနသင်္ခါတာ ဓမ္မာ ခန္ဓာ နဟောန္တိ။တေ ယသ္မာ ဝေဒနာက္ခန္ဓောတိပိ နဟောန္တိ။ တသ္မာ အာမန္တာတိ အာဟ။ ။**ယမိုက်အဋ္ဌကထာ**။

နခန္ဓာ နဝေဒနာက္ခန္ဓောတိတ္ထေ၊ ဌ်။ပညတ္တိနိဗ္ဗာနသင်္ခါတာ၊ ပညတ်နိဗ္ဗာန်ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ခန္ဓာ၊ ခန္ဓာတို့သည်။ နဟောန္တိ၊ ကုန်။ တော၊ ထိုပညတ်နိဗ္ဗာန်တို့သည်။ ယသ္မာ၊ ကြောင့်။ ဝေဒနာက္ခန္ဓောတိပိ၊ ဝေဒနာက္ခန္ဓာ ဟူ၍လည်း။ နဟောန္တိ၊ ကုန်။ တသ္မာ၊ ကြောင့်။ အာမန္တာတိ၊ ဟူ၍။ အာဟ၊ ၏။

နခန္ဓာ နဝေဒနာက္ခန္ဓောတိ အာမန္တာတိ ဇေ ခန္ဓသဒ္ဒပဝတ္တိယာ အဘာဝေ ဝေဒနာက္ခန္ဓသဒ္ဒပဝတ္တိယာ စ အဘာဝေါတိ ပဏ္ဏတ္တိသောဓန မတ္တမေဝ ကရောတီတိ ဒဋ္ဌဗ္ဗံနအညဓမ္မသဗ္ဘာဝေါ ဝေတ္ထ ပမာဏံ။ ။ **ယမိုက်မူလဋီကာ။**

**နခန္ဓာ နဝေဒနာက္ခန္ဓောတိ အာမန္တာ**တိပေ၊ ဟူသောအခြင်းအရာဖြင့်။ ခန္ဓသဒ္ဒ ပဝတ္တိယာ၊ ခန္ဓသဒ္ဒါ၏ဖြစ်ခြင်းသည်။ အဘာဝေ၊ မရှိလတ်သော်။ ဝေဒနာက္ခန္ဓ **သဒ္ဒပဝတ္တိယာစ၊ ဝေဒနာက္ခန္ဓ**သဒ္ဒါ၏ဖြစ်ခြင်း၏လည်း။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပဏ္ဏတ္တိသောဓနမတ္တမေဝ၊ အမည်ပညတ်ကို သုတ်သင်ခြင်း မျှကိုသာလျှင်။ ကရောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ အညဓမ္မသဗ္ဘာဝေါဝေ။ ခန္ဓာမည်သော တရားမှတပါးသော တရား၏ ထင်ရှားရှိခြင်းသည်သာလျှင်။ ဧတ္ထ၊ ဌ်။ ပမာဏံ၊ တည်း။

သဒ္ဒဂ္ဂဟဏဉ္စေတ္ထ သဒ္ဒနိဗန္ဓနတ္တာ ပညတ္တိယာ သဒ္ဒသဘာဂတံ ဝါ သန္ဓာယ ကတံ။ပဏ္ဏတ္တိသောဓနံဟောတံ။ တေနာဟပဏ္ဏတ္တိ သောဓနမတ္တ မေဝ ကရောတီတိ။ တေန နိဒ္ဒါရေတဗ္ဗဿ ဓမ္မန္တရဿ အဘာဝံ ဒဿေ တိ။ ။**ယမိုက် အနုဋီကာ။**

စ၊ ဆက်။ ဧတ္ထ၊ ဤ နခန္ဓာ နဝေဒနာက္ခန္ဓောဟူသော ဝါကျ၌။ သဒ္ဒဂ္ဂဟဏံ၊ ခန္ဓသဒ္ဒါကို ယူခြင်းကို။ သဒ္ဒနိဗန္ဓနတ္တာ၊ သဒ္ဒါသို့အစဉ်လိုက်သည်၏အဖြစ်ကြောင့်။ ပညတ္တိယာ၊ အမည်ပညတ်၏။ သဒ္ဒသဘာဂတံဝါ၊ သဒ္ဒါနှင့်တူသည်၏ အဖြစ်ကို လည်း။ သန္ဓာယ၊ ၍။ ကတံ၊ ၏။ ဟိ၊ မှန်၏။ ဧတံ၊ သည်။ ပဏ္ဏတ္တိသောဓနံ၊ အမည်ပညတ်ကို သုတ်သင်ခြင်းမျှတည်း။ တေန၊ ကြောင့်။ ပဏ္ဏတ္တိသောဓနမတ္တ မေဝ ကရောတီတိ၊ ဟူ၍။ အာဟ၊ ၏။ တေန၊ ဖြင့်။ နိဒ္ဒါရေတဗ္ဗဿ၊ ထုတ်ဆောင် အပ်သော။ ဓမ္မန္တရဿ၊ တရားအထူး၏။ အဘာဝံ၊ မရှိခြင်းကို။ ဒဿေတိ၊ ပြ၏။

ယသ္မာ ပိယရူပသာတရူပသင်္ခါတံ ဝါ ရူပံ ဟောတု ဘူတုပါဒါရူပံ ဝါ၊ သဗ္ဗံ ပဉ္စသု ခန္ဓေသု သင်္ဂဟံ ဂစ္ဆတေဝ။ တသ္မာ အာမန္တာတိ ပဋိဇာနာ တိ။ ။**ယမိုက်အဋ္ဌကထာ။**

ယသ္မာ၊ ကြောင့်။ ပိယရူပသာတရူပသင်္ခါတံ၊ သော။ ရူပံဝါ၊ ရုပ်သည်ရင်း။ ဟောတု၊ ဖြစ်စေ။ ဘူတုပါဒါရူပံဝါ၊ သည်လည်း။ ဟောတု၊ စေ။ သဗ္ဗံ၊ အလုံးစုံ

သော ရုပ်သည်။ ပဋ္ဌသု ခန္ဓေသု၊ ငါးပါးသော ခန္ဓာတို့၌။သင်္ဂဟံ၊ သို႕။ ဂစ္ဆတော၊ ရောက်သည်သာတည်း။ တသ္မာ၊ ကြောင့်။ အာမန္တာတိ၊ ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံတော်မူ၏။

ပဏ္ဍတ္တိဝါရ ပြီး၏။

---

## ပဝတ္တိဝါရ

### ဂဏ္ဌိစကား ရှင်းလင်းချက်

**မေး။** ။ပစ္စုပ္ပန္နဝါရကို အဘယ့်ကြောင့် ရှေးဦးစွာ ဟောတော်မူသနည်း။

**ဖြေ။** ။ပစ္စုပ္ပန်တရားကား ခံစားဆဲဖြစ်၍ သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာ ဟောတော်မူပါသည်။

**မေး။** ။ထိုနောက် အတီတဝါရကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

**ဖြေ။** ။အတိတ်တရားကား ခံစားဘူးသော တရားဖြစ်၍ အနာဂတ် တရားထက် သိလွယ်သောကြောင့် အတီတဝါရကို ဟောတော်မူပါသည်။

**မေး။** ။ထိုနောက် အနာဂတဝါရကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

**ဖြေ။** ။သုဒ္ဓဝါရသက်သက်ကိုပြလိုသောကြောင့် အနာဂတဝါရကို ဟောတော်မူပါသည်။ ။(မိဿကဝါရတို့၌လည်း။ နည်းတူမှတ်လေ)။

**မေး။** ။ပဝတ္တိဝါရ၌ ကာလအပြားကို အဘယ့်ကြောင့် ခြောက်ပါးသာ ဟောတော်မူသနည်း။ အတီတပစ္စုပ္ပန္န၊ အနာဂတပစ္စုပ္ပန္န၊ အနာဂတအတီတ သုံးပါးကိုထည့်၍ ကိုးပါးဟောသင့်သည် မဟုတ်ပါလော။

**ဖြေ။** ။ပစ္စုပ္ပန္န,အတီတ, အနာဂတ,ပစ္စုပ္ပန္နာတီတ,ပစ္စုပ္ပန္နာနာဂတ, အတီတာနာဂတ, ကာလခြောက်ပါးတို့ကိုသာ ဟောသင့်ပါသည်။ အတီတ-ပစ္စုပ္ပန္န, အနာဂတပစ္စုပ္ပန္န,အနာဂတအတီတသုံးပါးကို ဆိုအပ်ပြီးသော မိဿက ကာလပဋိလောမနှင့် တူနေသောကြောင့် ထည့်၍ ကိုးပါး မဟောသင့်ပါ။

ကာလဘေဒါ ပနေတ္ထ ဆ ဧဝ ဝုတ္တာ၊ အတီတေန ပစ္စုပ္ပန္နော အနာဂတေန ပစ္စုပ္ပန္နော အနာဂတေန အတီတောတိ ဧတေ ပန တယော ယထာ ဒဿိတာ၊ မိဿကကာလဘေဒါဧဝ တယော န ဝိသုံ ဝိဇ္ဇန္တီတိ န ဂဟိတာ။တတ္ထ တတ္ထ ဟိ ပဋိလောမပုစ္ဆာဟိ အတီတေန ပစ္စုပ္ပန္နာဒယော ကာလဘေဒါ ဒဿိတာ။

ယမိုက်မူလဋီကာ။

ပန့၊ အဘိုတပါးကို ဆိုဦးအံ့။ ဇတ္တ၊ ဤပဝတ္တိဝါရ၌။ ကာလဘေဒါ၊ ကာလအပြားတို့ကို။ ဆဝေ၊ တို့ကိုသာလျှင်။ ဝုတ္တာ၊ အပ်ကုန်၏။ အတီတေန ပစ္စုပ္ပန္နော၊ ၎င်း။ အနာဂတေနပစ္စုပ္ပန္နော၊ ၎င်း။ အနာဂတေနအတီတော၊ ၎င်း။ ဣတိဧတေ တယော၊ ဤသုံးပါးသောကာလတို့ကို။ ယထာ၊ဖြင့်။ ဒဿိတာ၊ပြအပ်ကုန်၏။ တထာ၊ဖြင့်။ ဒဿိတာ၊ ပြအပ်ကုန်သော ကာလတို့သည်။ တယော၊ ကုန်သော။ မိဿကကာလဘေဒါဝေ၊ ပစ္စုပ္ပန္နာတီတ,ပစ္စုပ္ပန္နာနာဂတ,အတီတာနာဂတ ကာလအပြားတို့သာတည်း။ ဝိသုံ၊ အသီးအခြား။ နဝိဇ္ဇန္တိ၊မရှိကုန်။ ဣတိတသ္မာ၊ကြောင့်။ နဂဟိတာ၊မယူအပ်ကုန်။ဟိ၊ထင်စွာပြဦးအံ့။ တတ္ထတတ္ထ၊ ထိုထိုသို့သော ယမက၌။ ပဋိလောမပုစ္ဆာဟိ၊တို့ဖြင့်။အတီတေန ပစ္စုပ္ပန္နာဒယော၊ကုန်သော။ကာလဘေဒါ၊တို့ကို။ဒဿိတာ၊ပြအပ်ကုန်၏။ ။

မေး။ ။ပဏ္ဏတ္တိဝါရ၌ ဝေဒနာက္ခန္ဓမူစသည်ဝယ်။ရှေးရှေးသော ရူပက္ခန္ဓာ စသည်ကို မူလီသွတ်၍ ဟောသကဲ့သို့ ပဝတ္တိဝါရ၌ အဘယ့်ကြောင့် ရှေးရှေးသောခန္ဓာကို မူလီသွတ်၍ မဟောသနည်း။

ဖြေ။ ။မရောသော ကာလအထူးရှိသော ဝါရတို့၌ အနက်ထူးမရှိသောကြောင့် ရှေးရှေးသောခန္ဓာကို မူလီသွတ်၍ မဟောပါ။

ပဝတ္တိဝါရေ ဝေဒနာက္ခန္ဓာဒိမူလကာနိ ပစ္ဆိမေနေဝ သဟ ယောဇေတွာ တီဏိ ဒွေ ဧကန္တိ ယမကာနိ ဝုတ္တာနိ၊ နပုရိမေန။ကသ္မာ အမိဿက ကာလဘေဒေသု ဝါရေသု အတ္ထဝိသေသာဘာဝတော။ ။ယမိုက်မူလအနုဋီကာ။

ပဝတ္တိဝါရေ၊ ၌။ ဝေဒနာက္ခန္ဓာဒိမူလကာနိ၊ ဝေဒနာက္ခန္ဓမူ စသည်တို့ကို။ ပစ္ဆိမေနေဝ၊ နောက်နောက်ဖြစ်သော ခန္ဓာနှင့်သာလျှင်။သဟ၊ တကွ။ ယောဇေတွာ။ယှဉ်၍။ယမကာနိ၊တို့ကို။တီဏိစ၊ တို့ကို၎င်း။ ဒွေစ၊ တို့ကို၎င်း။ဧကဉ္စ၊ကို၎င်း။ ဝုတ္တာနိ၊ ကုန်၏။ ပုရိမေန၊ ရှေးရှေးဖြစ်သောခန္ဓာနှင့်၊ သဟ၊ကွ။ နဝုတ္တာနိ၊ ကုန်။ ကသ္မာ၊ကား။ အမိဿက ကာလဘေဒေသု၊ မရောနှောသောကာလအထူးရှိကုန်သော။ ဝါရေသု၊ဝါရတို့၌။ အတ္ထဝိသေသာဘာဝတော။ အနက်အထူးမရှိခြင်းကြောင့်။(နဝုတ္တာနိ)။ ။

မေး။ ။ဥပ္ပါဒဝါရ,နိရောဓဝါရတို့၌ ပဝတ္တိအခါ နာမ်ရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်, ချုပ်ခြင်း ဘင်ရှိပါလျက် ဥပ္ပါဒနိရောဓ အဖြစ်ကို ဟောတော်မမူဘဲ အဘယ့်ကြောင့် ပဋိသန္ဓေအခါ နာမ်ရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်နှင့် စုတိအခါ နာမ်ရုပ်တို့၏ ချုပ်ခြင်း ဘင်ကိုသာ ဟောတော်မူသနည်း။

ဖြေ။ ။ပဝတ္တိအခါ နာမ်ရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်, ချုပ်ခြင်းဘင်ရှိသော်လည်း မျက်စိတမှိတ်၌ ကုဋေတသိန်းခန့်ဖြစ်ပျက်ရကား၊ အလွန်လျင်မြန်သဖြင့်

ဝေဘန်၍ ပြခြင်းငှါ မလွယ်။ သို့အတွက် ဥပ္ပါဒနိရောဓ အဖြစ်ကို ဟော တော်မမူပါ။ ပဋိသန္ဓေအခါ အသစ်ဖြစ်သော နာမ်ရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ, စုတိအခါ ဖြစ်သောနာမ်ရုပ်တို့၏ ပျက်ခြင်းဘင်ကိုသာ ပြခြင်းငှါ လွယ်ကူသဖြင့် ၎င်းတို့ကိုသာ ဥပ္ပါဒနိရောဓ အဖြစ်ဖြင့် ဟောတော်မူပါ သည်။

သကလေပိ ဟိ ဣမသ္မိံ ခန္ဓယမကေ တတ္ထတတ္ထ ဥပ္ပန္နာနံ ပဝတ္တေ ယာဝမရဏာ ခန္ဓာနံ အပရိယန္တေသု ဥပ္ပါဒနိရောဓေသု ဝိဇ္ဇမာနေသုပိ လဟုပရိဝတ္တာနံ ဓမ္မာနံ ဝိနိဗ္ဘောဂံ ကတွာ ဥပ္ပါဒနိရောဓေ ဒဿေတုံ နသု ကရန္တိ ပဝတ္တိယံ ဥပ္ပါဒနိရောဓေ အနာမသိတွာ အဘိနဝံ ဝိပါက ဝဋ္ဋံ နိပ္ဖါဒယမာနေန နာနာကမ္မေန နိဗ္ဗတ္တာနံ ပဋိသန္ဓိခန္ဓာနံ ဥပ္ပါဒံ ဒဿေတုံ သုခန္တိ ပဋိသန္ဓိဥပ္ပါဒဝသေနေဝ ဥပ္ပါဒဝါရော ကထိတော။ ဥပ္ပန္နဿ ပန ဝိပါကဝဋ္ဋဿ ပရိယောသာနေန နိရောဓံ ဒဿေတုံ သုခန္တိ မရဏကာ လေ နိရောဓဝသေန နိရောဓဝါရော ကထိတော။ ။**ယမိုက်အဋ္ဌကထာ**။

ဟိ၊ခဲ့ဦးအံ့။ သကလေပိ၊ အလုံးစုံလည်းဖြစ်သော။ ဣမသ္မိံ ခန္ဓယမကေ၊၌။ တတ္ထတတ္ထ၊၌။ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော ပုဂ္ဂိုလ်တို့၏။ ပဝတ္တေ၊ပဝတ္တိအခါ၌။ ယာဝမရဏာ၊ စုတိတိုင်အောင်။ ခန္ဓာနံ၊တို့၏။ အပရိယန္တေသု၊အပိုင်းအခြားမရှိ ကုန်သော။ဥပ္ပါဒနိရောဓေသု၊ဖြစ်ခြင်းချုပ်ခြင်းတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ထင်ရှား ရှိကုန်သော်လည်း။လဟုပရိဝတ္တာနံ၊ လျင်သော အပြန်ရှိကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ဝိနိဗ္ဘောဂံ၊ ခွဲခြားဝေဘန်ခြင်းကို။ကတွာ၊ပြု၍။ ဥပ္ပါဒနိရော ဓေ၊တို့ကို။ ဒဿေတုံ၊ငှါ။ နသုကရံ၊ မလွယ်။ဣတိတသ္မာ၊ကြောင့်။ ပဝတ္တိယံ၊၌။ ဥပ္ပါဒနိရောဓေ၊တို့ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ အဘိနဝံ၊ အသစ်ဖြစ်သော။ ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ်ကို။ နိပ္ဖါဒယမာနေန၊ ပြီးစေတတ်သော။ နာနာကမ္မေန၊ ကြောင့်။ နိဗ္ဗတ္တာနံ၊ ဖြစ်ကုန်သော။ ပဋိသန္ဓိခန္ဓာနံ၊ ပဋိသန္ဓေခန္ဓာတို့၏။ ဥပ္ပါဒံ၊ ဖြစ်ခြင်းကို။ ဒဿေတုံ၊ ငှါ။ သုခံ၊ လွယ်၏။ ဣတိတသ္မာ၊ ကြောင့်။ ပဋိသန္ဓိဥပ္ပါဒ ဝသေနေဝ၊ပဋိသန္ဓေ,ဥပါဒ်၏ အစွမ်းဖြင့်သာလျှင်။ဥပ္ပါဒဝါရော၊ဥပ္ပါဒဝါရကို။ကထိ တော၊ ဟောအပ်၏။ ပန၊ ဥပ္ပါဒဝါရမှ တပါး, နိရောဓဝါရကို ဆိုဦးအံ့။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ဝိပါကဝဋ္ဋဿ၊၏။ ပရိယောသာနေန။ အဆုံးဖြစ်သော စုတိဖြင့်။ နိရောဓံ၊ ချုပ်ခြင်းကို။ ဒဿေတုံ၊ငှါ။ သုခံ၊ လွယ်၏။ ဣတိတသ္မာ၊ ကြောင့်။ မရဏ ကာလေ၊ စုတိအခါ၌။ နိရောဓဝသေန၊ ချုပ်ခြင်း၏အစွမ်းဖြင့်။ နိရောဓဝါရော၊ ကို။ ကထိတော၊၏။

မေး။ ။ဥပ္ပဇ္ဇတိ၌ ဥပ္ပါဒတော ယာဝ နိရောဓဂမနာ စသည်ဖြင့် ပဋ္ဌာန်း အဋ္ဌကထာဖွင့်သောကြောင့် ခဏတ္တယသမင်္ဂီကို ကောက်သင့်လျက် **အဘယ့်ကြောင့် ဥပ္ပါဒက္ခဏကိုသာ ကောက်ပါသနည်း။**

ဖြေ။ ။ပဋ္ဌာန်းအဋ္ဌကထာ အလိုအားဖြင့် ခဏတ္တယသမင်္ဂီကို ကောက်သင့်သကဲ့သို့ ဖြစ်သော်လည်း မကောက်ရပါ။ ဥပ္ပါဒက္ခဏကိုသာကောက်ရပါသည်။ ၎င်းကိုသာရည်၍ ဖွင့်ပါသည်။

ဥပ္ပဇ္ဇတီတိ ဥပ္ပါဒတော ယာဝနိရောဓဂမနာ ဥဒ္ဓံ ပဇ္ဇတိ နိဗ္ဗတ္တတီတိ အတ္ထော။ အတ္ထာနံ လဗ္ဘတိ။ ဥပ္ပါဒါဒယော တယောပိ ခဏေ ပါပုဏာ တီတိ ဝုတ္တံ ဟောတိ။

**ပဋ္ဌာန်းအဋ္ဌကထာ။**

ဥပ္ပဇ္ဇတီတိ၊ကား။ ဥပ္ပါဒတော၊ ဥပါဒ်မှ။ ယာဝနိရောဓဂမနာ၊ ဘင်ရောက်သည်တိုင်အောင်။ ဥဒ္ဓံ၊ အထက်၌။ ပဇ္ဇတိ၊ ရောက်တတ်၏။ နိဗ္ဗတ္တတိ၊ဖြစ်၏။ ဣတိ အယံ၊ကား။ အတ္ထော၊တည်း။ (အတ္ထာနံ၊တို့ကို၊ လဗ္ဘတိ၊ရအပ်၏)။ ဥပ္ပါဒါဒယော၊ကုန်သော။ တယောပိ ခဏေ၊ သုံးပါးသော ခဏတို့သို့လည်း။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊သို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊၏။

ယာဝနိရောဓဂမနာ ဥဒ္ဓံ ပဇ္ဇတီတိစ ဥပ္ပါဒါဒယော။ပ။ ပါပုဏာတီတိစ ဝစနေဟိ ခဏတ္တယသမင်္ဂီ အာပဇ္ဇတီတိ အနုညာတံ ဝိယ ဟောတိ။ ဥပ္ပါဒက္ခဏသမင်္ဂီယေဝ ပန ဧဝံ ဝုတ္တောတိ ဒဋ္ဌဗ္ဗော။

**ပဋ္ဌာန်းမူလဋီကာ။**

ယာဝ ။ပ။ ပဇ္ဇတီတိစ၊၎င်း။ ဥပ္ပါဒါဒယော။ပ။ ပါပုဏာတီတိစ၊၎င်း။ ဝစနေဟိ၊စကားတို့ဖြင့်။ ခဏတ္တယသမင်္ဂီ ႏ ခဏတ္တယသမင်္ဂီသို့။ အာပဇ္ဇတိ၊ရောက်၏။ ဣတိ၊သို့။ အနုညာတံဝိယ၊ ခွင့်ပြုအပ်သကဲ့သို့။ ဟောတိ၊၏။ ပန၊အဘုံ။ ဥပ္ပါဒက္ခဏသမင်္ဂီယေဝ၊လျှင်တည်း။ ဧဝံ၊သို့။ ဝုတ္တော၊၏။ ဣတိ၊သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

မေး။ ။ဥပါဒ်ခဏသာ ယူရမည် ဖြစ်လျှင် ဥပ္ပါဒက္ခဏံ ပါပုဏာတိ မဆိုဘဲ တယောပိခဏာ ဟု ဆိုခြင်းသည် အဘယ်သို့ သင့်ပါသနည်း။

ဖြေ။ ။အတိတ်လည်းမဟုတ်၊ အနာဂတ်လည်း မဟုတ်သော ခဏတစ်ကိုကို ခဏတ္တယ ဆိုသဖြင့် အသင့်ပင် ဖြစ်ပါသည်။

အနတီတံ န အနာဂတံ ခဏေကဒေသံ ခဏတ္တယန္တိ ဝုတ္တံ။

**မဏိသာရ်ဏာ မူလဋီကာ။**

အနတီတံ၊အတိတ်လည်းမဟုတ်သော။ န အနာဂတံ၊ အနာဂတ်လည်း မဟုတ်သော။ ခဏေကဒေသံ၊ ခဏတစ်ကိုကို၊ ခဏတ္တယန္တိ။ ခဏတ္တယဟူ၍။ ဝုတ္တံ၊၏။

မေး။ ။ဇီဝိတဆက္ကဆိုသည်ကား အဘယ်တရားများကို ဆိုသနည်း။

ဖြေ။ ။မူလဋီကာ အလိုအားဖြင့် ဇီဝိတနဝက ကလာပ်တွင် ဂန္ဓ ရသ ဩဇာကို ကြည့်၍ ဇီဝိတဆက္ကဟု ဆိုပါသည်။

မေး။ ။ကမ္မဇကလာပ် လေးစည်းဟူရာ၌အဘယ်ကလာပ်များကိုဆိုပါသနည်း။

ဖြေ။ ။မူလဋီကာအလိုအားဖြင့် စက္ခုသတ္တက, သောတသတ္တက, ဝတ္ထုသတ္တက, ဇီဝိတဆက္ကလေးပါးကို၊အဋ္ဌကထာအလိုအားဖြင့် စက္ခုဒသက, သောတ-ဒသက, ဝတ္ထုဒသက, ဇီဝိတနဝက လေးပါးကို ဆိုပါသည်။

မေး။ ။အတိတ်စသော တဆဲ့တပါးသော ရုပ်တို့ကို ပေါင်း၍ ရူပက္ခန္ဓာဟုဆိုခဲ့သော် ဇီဝိတနဝကသည် ပစ္စုပ္ပန်သာဖြစ်ခဲ့၏။အတိတ်စသည် မဖြစ်ခဲ့။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ရူပက္ခန္ဓာမည်သနည်း။

ဖြေ။ ။သမုဒ္ဒသဒ္ဒါသည် တစိတ်တဒေသသော သမုဒ္ဒရာ၌ ဖြစ်သကဲ့သို့ ခန္ဓသဒ္ဒါသည်တခုခုသောခန္ဓာ၌ ရုဠှီအားဖြင့် ဖြစ်သောကြောင့် ရူပက္ခန္ဓာမည်ပါသည်။

ဝေဒနာဒီသုပေကေကသ္မိံ၊ ခန္ဓသဒ္ဒေါတု ရုဠှိယာ။
သမုဒ္ဒါဒေကဒေသေတု၊ သမုဒ္ဒါဒိရဝေါ ယထာ။

**သစ္စသံခေပ အဋ္ဌကထာ။**

သမုဒ္ဒါဒိရဝေါ၊ သမုဒ္ဒစသောသဒ္ဒါသည်။ သမုဒ္ဒါဒေကဒေသေတု၊ သမုဒ္ဒရာစ သောတစိတ်တဒေသ၌။ ရုဠှိယာ၊ရုဠှီအားဖြင့်။ဝတ္တတိယထာ၊ဖြစ်သကဲ့သို့။ တထာ၊ တူ။ ခန္ဓသဒ္ဒေါ၊ ခန္ဓသဒ္ဒါသည်။ ဝေဒနာဒီသုပိ၊ ဝေဒနာစသော ခန္ဓာတို့တွင် လည်း။ ဧကေကသ္မိံ၊ တခုခုသော ခန္ဓာ၌။ ရုဠှိယာ၊ ရုဠှီအားဖြင့်။ ဝတ္တတိ၊ ၏။

မေး။ ။ (ပုရိမကောဋ္ဌာသနှင့် အရတူသော)ဟု ကောက်ရာဝယ်။ အဘယ်၏ ပုရိမကောဋ္ဌာသ ဖြစ်သနည်း။

ဖြေ။ ။သရူပဒဿန ဝိဿဇ္ဇနာ၏ ပုရိမကောဋ္ဌာသ ဖြစ်ပါသည်။ (တနည်း) ပရိပုစ္ဆာပဥှာ၏ ပုရိမကောဋ္ဌာသ ဖြစ်ပါသည်။

တံဝိဿဇ္ဇနဿ ပန ပုရိမကောဋ္ဌာသေန သဒိသတ္တတာယ ပုရေ ပဥှော ပစ္ဆိမကောဋ္ဌာသသဒိသတ္တတာယ ပစ္ဆာပဥှောတိ စ နာမံ ဝုတ္တံ။

**ယမိုက်မူလဋီကာ။**

ပန၊ ထိုမှတပါး။ တံဝိဿဇ္ဇနဿ၊ ထိုသရူပဒဿနဝိဿဇ္ဇနာဖြင့် ဖြေခြင်း ရှိသော ပဥှာ၏။ ပုရိမကောဋ္ဌာသေန၊ ပုရိမကောဋ္ဌာသနှင့်။ သဒိသတ္တတာယ၊

တူသောအနက်ရှိသည်၏ အဖြစ်ကြောင့်။ ပုရေပဥ္စောတိ စ၊ ပုရေပဥ္စာဟူ၍ရင်း။ ပစ္ဆိမကောဋ္ဌာသသဒိသတ္ထတာယ၊ ပစ္ဆိမကောဋ္ဌာသနှင့် တူသော အနက်ရှိသည်၏ အဖြစ်ကြောင့်။ ပစ္ဆာပဥ္စောတိ စ၊ ပစ္ဆာပဥ္စာဟူ၍ရင်း။ နာမံ၊ ကို။ ဝုတ္တံ၊ ၏။

တံသရူပဒဿနေန ဝိဿဇ္ဇနံ တံဝိဿဇ္ဇနံ။ တံ ဝါ ယထာ ဝုတ္တံ ဝိဿဇ္ဇနံ တေဿာတိ တံဝိဿဇ္ဇနော။ ။**ယမိုက်အနုဋီကာ**။

တံသရူပဒဿနေန၊ ထိုသရုပ်ကို ပြခြင်းဖြင့်။ ဝိဿဇ္ဇနံ၊ ဖြေဆိုခြင်းတည်း။ တံဝိဿဇ္ဇနံ၊ ထိုသရုပ်ကိုပြ၍ ဖြေဆိုခြင်း။ ဝါ၊ ကား။ တေဿ၊ ထိုပဥ္စာအား။ ယထာ ဝုတ္တံ၊ အကြင်အကြင်ဆိုအပ်ပြီးသော။ တံသရူပဒဿနံ၊ ထိုသရူပဒဿန ဟုဆိုအပ်သော။ ဝိဿဇ္ဇနံ၊ ဝိဿဇ္ဇနာသည်။ အတ္ထိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော၊ ထိုပဥ္စာသည်။ တံဝိဿဇ္ဇနော၊ မည်၏။

မေး။ ။ပုရိမကောဋ္ဌာသဟူသည် သန္နိဋ္ဌာန်ပုဒ်၏ အရကိုဆိုသလော၊ သို့မဟုတ် သန္နိဋ္ဌာန်ပုဒ်ကိုပင် ဆိုသလော။

ဖြေ။ ။ဝိဿဇ္ဇနာပုဒ်ကို မဆိုလို၊ သန္နိဋ္ဌာန် ဥဒ္ဒေသပုဒ်ကို ဆိုပါသည်။

ပုရိမကောဋ္ဌာသေနာတိ ပုရိမေန ဥဒ္ဒေသပဒေန။

**ယမိုက်အနုဋီကာ**။

ပုရိမကောဋ္ဌာသေနာတိ၊ ကား။ ပုရိမေန၊ ရှေ့ဖြစ်သော။ ဥဒ္ဒေသပဒေန၊ ဥဒ္ဒေသပုဒ်ဖြင့်။

သဒိသတ္ထတာ စ သန္နိဋ္ဌာနသံသယပဒဝိသေသံ အဝိစာရေတွာ ဧကေန ပဒေန သင်္ဂဟိတဿ ခန္ဓဿ ဥပ္ပါဒနိရောဓလာဘသာမညမတ္တေန ပုရေပဥ္စာ ဒဋ္ဌဗ္ဗာ။ ။**ယမိုက်မူလဋီကာ**။

စ၊ ဆက်။ သဒိသတ္ထတာ၊ ပုရိမကောဋ္ဌာသနှင့်တူသော အနက်ရှိသည်၏ အဖြစ်ကို။ သန္နိဋ္ဌာန သံသယ ပဒဝိသေသံ၊ သန္နိဋ္ဌာန် သံသယဟူသောပုဒ် အထူးကို၊ အဝိစာရေတွာ၊ မစီစစ်မူ၍။ ဧကေန၊ သော။ ပဒေန၊ ပြခြင်းမပြခြင်း သောယမကပုဒ်ဖြင့်။ သင်္ဂဟိတဿ၊ ပေါင်း၍ ယူအပ်သော။ ခန္ဓဿ၊ ခန္ဓာ၏။ ဥပ္ပါဒ နိရောဓ လာဘသာမညမတ္တေန၊ ဖြစ်ခြင်း ချုပ်ခြင်းကို ရခြင်းဖြင့် တူသည်၏ အဖြစ်မျှဖြင့်။ ပုရေပဥ္စာ၊ ကို။ ဒဋ္ဌဗ္ဗာ၊ ၏။

မေး။ ။တုစ္ဆပဥ္စာ ဟူသည် အဘယ်ပဥ္စာကို ဆိုသနည်း။

ဖြေ။ ။(တုစ္ဆ ပဉ္စောတိပိ ဝုစ္စတိ) ဟု အဋ္ဌကထာ လာရကား မောဃပဥ္စာကိုပင် ဆိုပါသည်။

**မေး။** ။ပဋိစ္စပဝိဿဇ္ဇနာနှင့် ပဋိသေဓဝိဿဇ္ဇနာတို့ အဘယ်သို့ ထူးခြားသနည်း။

**ဖြေ။** ။သန္နိဋ္ဌာန်ပုဒ်၏ အနက်ကို ပယ်သည်ကား ပဋိစ္စပဝိဿဇ္ဇနာ။ သံသယပုဒ်၏ အနက်ကို ပယ်သည်ကား ပဋိသေဓဝိဿဇ္ဇနာ။ ဤသို့ထူးပါသည်။

သန္နိဋ္ဌာနတ္ထသောဝ ပဋိက္ခိပနံ ပဋိက္ခေပေါ၊ သံသယတ္ထနိဝါရဏံ ပဋိသေဓောတိ အယံ ပဋိက္ခေပပဋိသေဓာနံ ဝိသေသော။

**ယမိုက်မူလဋီကာ။**

သန္နိဋ္ဌာနတ္ထဿဝ၊ သန္နိဋ္ဌာန်ပုဒ်၏ အနက်ကိုသာလျှင်။ ပဋိက္ခိပနံ၊ ပယ်ခြင်းသည်။ ပဋိက္ခေပေါ၊ ပဋိက္ခေပမည်၏။ သံသယတ္ထနိဝါရဏံ၊ သံသယပုဒ်၏ အနက်ကို တားမြစ်ခြင်းသည်။ ပဋိသေဓော၊ ပဋိသေဓမည်၏။ ဣတိ အယံ၊ ကား။ ပဋိက္ခေပပဋိသေဓာနံ၊ တို့၏။ ဝိသေသော၊ အထူးတည်း။

**မေး။** ။ပါဠိဂတိဝိဿဇ္ဇနာ, ပဋိသေဓဝိဿဇ္ဇနာတို့ကား သန္နိဋ္ဌာန်အရသာရှိ၍ သံသယအရမရှိကုန်ရကားအတူတူပင် ဖြစ်သည်မဟုတ်ပါလော။

**ဖြေ။** ။မတူပါ။ ခန္ဓာတို့၏ဖြစ်ခြင်း ချုပ်ခြင်းကို မြစ်ခြင်းကိုတားမြစ်၍ ဖြေသည်ကား (ဝါ) ပဋိသေဓ န, အက္ခရာကိုပယ်၍ ဖြေသည်ကား ပါဠိဂတိဝိဿဇ္ဇနာ။ ခန္ဓာတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကိုမြစ်၍ ဖြေသည်ကား (ဝါ) ပဋိသေဓနော ဟု ဖြေသည်ကား ပဋိသေဓ ဝိဿဇ္ဇနာတို့ဖြစ်၍ ထူးခြားပါသည်။

ဥပ္ပတ္တိနိရောဓပဋိသေဓဿ ပဋိသေဓနတ္ထံ ပါဠိဂတိယာ ဝိဿဇ္ဇနံ၊ ဥပ္ပတ္တိနိရောဓာနမေဝ ပဋိသေဓနတ္ထံ ပဋိသေဓေန ဝိဿဇ္ဇနံ ကတန္တိ ဝေဒိတဗ္ဗံ။ ။**ယမိုက်မူလဋီကာ။**

ဥပ္ပတ္တိနိရောဓပဋိသေဓဿ၊ ခန္ဓာတို့၏ဖြစ်ခြင်းချုပ်ခြင်းကို တားမြစ်ခြင်းကို။ ပဋိသေဓနတ္ထံ၊ တားမြစ်ခြင်းငှာ။ ပါဠိဂတိယာ၊ ပါဠိဂတိဖြင့်။ ဝိဿဇ္ဇနံ၊ ဖြေဆိုခြင်းကို။ ကတံ၊ ပြုအပ်၏။ ဥပ္ပတ္တိနိရောဓာနမေဝ၊ ခန္ဓာတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကိုသာလျှင်။ ပဋိသေဓနတ္ထံ၊ ငှါ။ ပဋိသေဓေန၊ ပဋိသေဓအားဖြင့်။ ဝိဿဇ္ဇနံ၊ ကို။ ကတံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

**ပဝတ္တိဝါရ ပြီး၏။**

---

## ပရိညာဝါရ

**ဂဏ္ဍိစက ဘုန်းရှင်းလင်းချက်**

**မေး။** ။ပဝတ္တိဝါရ၌ ပုဂ္ဂလ, ဩကာသ, ပုဂ္ဂလောကာသဟု သုံးဝါရကို ဟောတော်မူပါလျက် ပရိညာဝါရ၌ အဘယ့်ကြောင့် ပုဂ္ဂလဝါရကိုသာ ဟောတော် မူသနည်း။

**ဖြေ။** ။အဖြေတူသောကြောင့် သုံးဝါရကို မဟောဘဲ ပုဂ္ဂလဝါရကိုသာ ဟောတော်မူပါသည်။

**တနည်း....**ပရိညာကိစ္စဟူသည် ပုဂ္ဂိုလ်အားသာလျှင်ဖြစ်သည်။ ဩကာသ၌မဖြစ်၊ ထို့ကြောင့် ပုဂ္ဂလဝါရကိုသာ ဟောပါသည်။

ပုဂ္ဂလဝါရော ဩကာသဝါရော ပုဂ္ဂလောကာသဝါရောတိ ဣမေသု ပန တီသု ပုဂ္ဂလဝါရောဝ လဗ္ဘတိ။နဣတရေ ဒွေ။ကိံ ကာရဏာ သဒိသ ဝိဿဇ္ဇနတာယ။ ။**ယမိုက်အဋ္ဌကထာ။**

ပုဂ္ဂလဝါရော၊ ၎င်း။ ဩကာသဝါရော၊ ၎င်း။ ပုဂ္ဂလောကာသဝါရော၊ ၎င်း။ ဣတိဣမေသုတီသု၊ ဤသုံးပါးသောဝါရတို့တွင်။ ပုဂ္ဂလဝါရောဝ၊ ပုဂ္ဂလဝါရကိုသာလျှင်။ လဗ္ဘတိ၊ ၏။ ဣတရေ၊ ကုန်သော။ ဒွေ၊ တို့ကို။ နလဗ္ဘန္တိ၊ ကုန်။ ကိံကာရဏာ၊ ကား။ သဒိသဝိဿဇ္ဇနတာယ၊ တူသော အဖြေရှိသည်၏အဖြစ်ကြောင့်။ (နလဗ္ဘန္တိ)။

**မေး။** ။ပရိညာဝါရ၌ ပဝတ္တိဝါရကဲ့သို့ စုတိ ပဋိသန္ဓေကို မဟောမူ၍ အဘယ့်ကြောင့်ပဝတ္တိကိုသာ ဟောသနည်း။

**ဖြေ။** ။စုတိပဋိသန္ဓေအခါ၌ ပရိညာကိစ္စ မရှိသောကြောင့်။ ဝါ၊ မဖြစ်သောကြောင့်မဟောပါ။ ပဝတ္တိအခါကိုသာ ဟောတော်မူပါသည်။ ။ စုတိပဋိသန္ဓိက္ခဏေ ပရိညာကိစ္စဿ အဘာဝါ။

**ယမိုက်အဋ္ဌကထာ။**

ရူပက္ခန္ဓပရိဇာနနဿ အဘာဝါ။ ။**ယမိုက်အနုဋီကာ။**

စုတိပဋိသန္ဓိက္ခဏေ၊ စုတိပဋိသန္ဓေခဏ၌။ ပရိညာကိစ္စဿ၊ ပရိညာကိစ္စ၏။ အဘာဝါ၊မရှိခြင်းကြောင့်။

ရူပက္ခန္ဓပရိဇာနနဿ၊ရူပက္ခန္ဓာကိုသိခြင်း၏။ အဘာဝါ၊ ကြောင့်။ (အာမန္တာတိစ ကတံ)။

**မေး။** ။ယော ရူပက္ခန္ဓံ ပရိဇာနာတိဝယ် အောက်မဂ္ဂဋ္ဌာန် တို့လည်း ရူပက္ခန္ဓာကို သိဆဲ ဖြစ်လျက်၊ ၎င်းတို့ကို မကောက်မူ၍ အဘယ့်ကြောင့် အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ကောက်သနည်း။

ဖြေ။ ။အောက် မဂ္ဂဋ္ဌာန်တို့လည်း ရူပက္ခန္ဓာကို သိဆဲဖြစ်သည်ကား မှန်၏။ သို့သော်လည်း ၎င်းတို့ကား ပရိညာကိစ္စ အပြီးသို့မရောက်ကုန်။ ဤ၌ ပရိညာကိစ္စ အပြီးသို့ ရောက်သော အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ရည်၍ ဟောတော်မူသော ကြောင့် ၎င်းကိုသာ သာတိသယနည်းအားဖြင့် ကောက်ရပါသည်။

[မှတ်ချက်။ ။သာတိသယနည်း အဓိပ္ပါယ်ကို ကျွန်ုပ်တို့ရေးသားအပ်သော ဓာတုကထာ အနုဂဏ္ဍိမှ ယူပါကုန်]။

ပရိဇာနာတီတိ ပဋ္ဌေသု အနုလောမနယေ ပရိညာကိစ္စဿ မတ္ထကပ္ပတ္တံ အဂ္ဂမဂ္ဂသမင်္ဂိံ သန္ဓာယ အာမန္တာတိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ပရိဇာနာတီတိပဋ္ဌေသုတို့၌။ အနုလောမနယေ၊ အနုလောမနယ၌။ ပရိညာကိစ္စဿ၊ ပရိညာကိစ္စ၏။ မတ္ထကပ္ပတ္တံ၊ အထွတ်အထိပ်သို့ ရောက်သော။ ဝါ၊ အပြီးအဆုံးသို့ရောက်သော။ အဂ္ဂမဂ္ဂသမင်္ဂိံ၊ အရဟတ္တမဂ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ရည်၍။ အာမန္တာတိ၊ ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

မေး။ ။ယေစ ပုထုဇ္ဇနာ မဂ္ဂံ နပဋိလဘိဿန္တိ၌ အလျှင်းပင် မဂ်ကိုမရလတ္တံ့ သည်ကို မရလတ္တံ့ဟု ဆိုသလော။သို့မဟုတ် တဘဝ နှစ်ဘဝ စသည်၌ မရလတ္တံ့သည်ကို မရလတ္တံ့ဟု ဆိုသလော။ ရှင်းလင်း၍ပြပါ။ ။

ဖြေ။ ။တဘဝ နှစ်ဘဝစသည်၌ မဂ်ကိုမရလတ္တံ့သည်ကို မဆိုလို။ များသော အားဖြင့် မဂ်ကိုဘယ်အခါမျှ မရလတ္တံ့သော သံသရာ သစ်ငုတ် မြေစောင့် သတ္တဝါ များကိုသာ ဆိုပါသည်။ ။

ဝဋ္ဋခါဏု နာမေသော သတ္တော ပထဝီဂေါပကော ယေဘုယျေန ဧဝ ရူပဿ ဘဝတော ဝုဋ္ဌာနံ နတ္ထိ။ ။

**သုတ်သီလက္ခန် အဋ္ဌကထာ။**

ဝဋ္ဋခါဏုနာမ၊ သံသရာသစ်ငုတ် မည်သော။ ဧသော သတ္တော၊ ဤသတ္တဝါ သည်။ ပထဝီဂေါပကော၊ မြေစောင့်တည်း။ ယေဘုယျေန၊ များသောအားဖြင့်။ ဧဝရူပဿ၊ ဤသို့သဘောရှိသောသူအား။ ဘဝတော၊ ဘဝမှ။ ဝုဋ္ဌာနံ၊ ထခြင်း သည်။ နတ္ထိ၊ မရှိ။ ။

ဝဋ္ဋခါဏုနာမေသောတိ ဣဒံ ဝစနံ နေယျတ္ထံ၊နနီတတ္ထံ။တထာ ဟိ ပပဉ္စသူဒနီယံ တံပနေသ ကေသွိံ ယေဝ အတ္တဘာဝေ နိယတော။ ဥဒါဟု အညသ္မိမ္ပိ၊ ကေသ္မိံ ယေဝ နိယတော။ အာသေဝနဝသေန ပန ဒေဝ သိကာံ ဒိဋ္ဌိံ ရောစေတိ ဝေါတိဝုတ္တံ၊အကုသလံ ဟိ နာမေတံ အဗလံ ဒုဗ္ဗလံ။ နကုသလံဝိယ မဟာဗလံ။တသ္မာ ကေသ္မိံ ယေဝ အတ္တဘာဝေ နိယတောတိ

ဝုတ္တံ။ အညထာ သမ္မတ္တနိယာမောဝိယ မိစ္ဆတ္တနိယာမောပိ အစ္စန္တိကော, သိယာ။ နစအစ္စန္တိကော, သိယာ ယဒိ ဧဝံ ဝဋ္ဋခါဏုစောဒနာ ကထန္တိ အာဟ အာသေဝနဝသေနာတိ။တထာ ဟိ ယထာ သကိံ နိမုဂ္ဂေါ နိမုဂ္ဂေါ သေ ဗာလောတိ ဝုတ္တံ။ ဧဝံ ဝဋ္ဋခါဏုစောဒနာယ ဒီပေတိ။ ပစ္စယေ ပဋိစ္စ အယံ တံ တံ ဒဿနံ ဩက္ကန္တောပန ကဒါစိ တပ္ပဋိပက္ခေ ပစ္စယေ ပဋိစ္စ တတောပိ သီသုက္ခိပနမဿ ဟောတီတိ နဝတ္တဗ္ဗံ။ တသ္မာ ဧဝရူပဿဟိ ယေဘုယျေန ဘဝတော ဝုဋ္ဌာနံနာမ နတ္ထီတိ ဝုတ္တံ။ ။

သုတ်သီလက္ခန်ဋီကာ။

ဝဋ္ဋခါဏုနာမေသောတိ ဣဒံဝစနံ၊ ဝဋ္ဋခါဏုနာမေသော ဟူသော ဤစကားသည်။ နေယျတ္ထံ၊ ဆောင်၍သိအပ်သော အနက်ရှိသောစကားတည်း။ နနီတတ္ထံ၊ တိုက်ရိုက် သိအပ်သော အနက်ရှိသောစကားမဟုတ်။ တထာဟိ တတောဧဝ၊ ထိုကြောင့်သာလျှင်။ ပပဉ္စသူဒနီယံ၊ ပပဉ္စသူဒနီ မည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ၌။ တံပနေသ။ပ။ ရောစေတိ ဝေါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တံ၊ ထိုဝဋ္ဋခါဏုနာမေသဟူသော စကားကို။သေ ဧသော၊ဤသူသည်။ကေသိဉ္စိ ယေဝ အတ္တဘာဝေ၊ တခုသော ကိုယ်၏ အဖြစ်၌သာလျှင်။နိယတော၊ မြဲသလော။ဥဒါဟု၊ ထိုသို့မဟုတ်။ အညသ္မိံ၊ တပါးသောကိုယ်၏ အဖြစ်၌။ နိယတော၊ မြဲသလော။ ဣတိ၊ ဤကား အမေးတည်း။ကေသိဉ္စိယေဝ၊ တခုသောကိုယ်၏ အဖြစ်၌သာလျှင်။နိယတော၊မြဲ၏။ ပန သစ္စံ၊မှန်၏။ အာသေဝနဝသေန၊ အဖန်တလဲလဲ ထုံအပ်သည်၏ အစွမ်းဖြင့်။ ဒေဝသိကံ၊ နေ့တိုင်း။ ဒိဋ္ဌိံ၊ အယူကို။ ရောစေတိဝေ၊ နှစ်သက်သည်သာတည်း။ ဟိ၊ ချဲ့ဦးအံ့။ ဇော် အကုသလံနာမ၊ ထိုအကုသိုလ်မည်သည်။ အဗလံ၊ အားမရှိ။ ဒုဗ္ဗလံ၊ နည်းသောအားရှိ၏။ ကုသလံ ဝိယ၊ ကုသိုလ်ကဲ့သို့။ နမဟာဗလံ။ များသော ကြီးသော အားမရှိ။ တသ္မာ၊ ကြောင့်။ ကေသိဉ္စိယေဝ အတ္တဘာဝေ နိယတောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ အညထာ၊ တပါးသောအခြင်းအရာဖြင့်။ (အတ္ထေဂယှမာနေ)သမ္မတ္တနိယာမောဝိယ၊ သမ္မတ္တနိယာမတရားကဲ့သို့။ မိစ္ဆတ္တနိယာမောပိ၊ မိစ္ဆတ္တနိယာမ တရားသည်လည်း။ အစ္စန္တိကော၊ ကေန္တိကသည်။သိယာ၊ဖြစ်ရာသလော။ အစ္စန္တိကော၊ ကေန္တိကသည်။ နစသိယာ၊ မဖြစ်ရာ။ ယဒိ နသိယာ၊ အကယ်၍ကေန္တိကမဖြစ်ငြားအံ့။ဧဝံ၊ ဤသို့ကေန္တိကမဖြစ်သည်။ သတိ၊ ရှိသော်။ ဝဋ္ဋခါဏုစောဒနာ၊ ဝဋ္ဋခါဏုစောဒနာသည်။ ကထံ၊ အသို့နည်း။ ဣတိ၊ဤသို့သော အမေးကိုနှလုံးသွင်း၍။ အာသေဝနဝသေနာတိ၊ ကို။ အာဟ၊ ၏။တထာတံဝစနံ၊ ထိုစကားသည်။ဟိသစ္စံ၊မှန်၏။ သေဗာလော။ ဤသူမိုက်သည်။ သကိံ၊ တကြိမ်။ နိမုဂ္ဂေါ၊နစ်မြုပ်သည်ရှိသော်။နိမုဂ္ဂေါ၊နစ်မြုပ်သည်မည်၏။ ဣတိ၊ သို့။ဝုတ္တံ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံတထာ၊ တူ။ ဝဋ္ဋခါဏုစောဒနာယ၊ ဖြင့်။ ဒီပေတိ၊ ပြတော်မူ၏။ အယံ၊ ဤသူမိုက်သည်။ ပစ္စယေ၊ အယူကိုဖြစ်စေတတ်သော အကြောင်း

တရားတို့ကို။ ပဋိစ္စ၊ အစွဲပြု၍။ တံတံဒဿနံ။ ထိုထိုအယူသို့။ ဩက္ကန္တော၊ သက်ဝင်ယုံကြည်၏။ ကဒါစိ၊ တရံတခါ။ တပ္ပဋိပက္ခေ၊ ထို၏ဆန့်ကျင်ဘက် ဖြစ်ကုန်သော။ ပစ္စယေ၊ တို့ကို။ ပဋိစ္စ၊ ၍။ တံတံဒဿနံ၊ သို့။ ဩက္ကန္တော၊ ၏။ တတောပိ၊ ထိုအခါမှစ၍လည်း။ အဿ၊ ထိုသူမိုက်အား။ သီသုက္ခိပနံ၊ ဦးခေါင်းပေါ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ နဝတ္တဗ္ဗံ၊ မဆိုအပ်။ တသ္မာ၊ ကြောင့်။ ဧဝရူပဿ၊ ဤသို့သဘောရှိသော သူမိုက်အား။ ယေဘုယျေန၊ များသောအားဖြင့်။ ဘဝတော၊ ဘဝသံသရာမှ။ ဝုဋ္ဌာနံနာမ၊ ထခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

ခန္ဓယမိုက် ပြီး၏။

---

## အာယတနယမိုက်

### ပဏ္ဏတ္တိဝါရ

ဂဏ္ဌိစကား ရှင်းလင်းချက်

မေး။ ။စက္ခာယတနသည်လည်း ဓမ္မပင်မည်ခဲ့၏။ ထိုသို့ဖြစ်လျက် ဓမ္မာယတန တခုတည်းကိုသာ ဟောတော်မမူဘဲ၊ အဘယ့်ကြောင့် အာယတနတဆဲ့နှစ်ပါး ဟောတော်မူသနည်း။

ဖြေ။ ။ခြောက်ပါးသော ဝိညာဏ်အပေါင်းတို့ဖြစ်ရာ ဒွါရအာရုံတို့ကို ပိုင်းခြားမှတ်သားစေခြင်းငှါ အာယတန တဆဲ့နှစ်ပါး ဟောတော်မူပါသည်။

စက္ခာဒယောပိ ဟိ ဓမ္မာဝေ။ ဧဝံ သတိ ဓမ္မာယတနမိစ္စေဝ အဝတွာ ကသ္မာ ဒွါဒသာယတနာနိ ဝုတ္တာနီတိစေ။ ဆဝိညာဏ ကာယပ္ပဝတ္တိဒွါရာ ရမ္မဏဝဝတ္ထာနတော။ ။ဝိဘင်းအဋ္ဌကထာ။

ဟိ၊ ချဲ့ဦးအံ့။ စက္ခာဒယောပိ၊ စက္ခုအစရှိသည်တို့သည်လည်း။ ဓမ္မာဝေ၊ ဓမ္မတို့သည်သာလျှင်တည်း။ ဧဝံသတိ၊ သော်။ ဓမ္မာယတနမိစ္စေဝ၊ ဓမ္မာယတနကိုသာလျှင်။ ဝါ၊ ဓမ္မာယတနတခုတည်းကိုသာလျှင်။ အဝတွာ၊ မဟောမူ၍။ ကသ္မာ၊ ကြောင့်။ ဒွါဒသာယတနာနိ၊ တဆဲ့နှစ်ပါးသော အာယတနတို့ကို။ ဝုတ္တာနိ၊ သနည်း။ ဣတိ၊ သို့။ စေ၊ အကယ်၍ စောဒနာငြားအံ့။ ဆဝိညာဏကာယပ္ပဝတ္တိဒွါရာရမ္မဏဝဝတ္ထာနတော၊ ခြောက်ပါးသော ဂိညာဏ်အပေါင်းတို့၏ ဖြစ်ရာဒွါရအာရုံကို ပိုင်းခြား မှတ်သားသောကြောင့်။ (ဝုတ္တာနိ)။

မေး။ ။ဒွါရအာရုံတို့ကို တပေါင်းတည်း ဟောတော်မမူဘဲ အဘယ့်ကြောင့် အသီး ပိုင်းခြား၍ ဟောတော်မူသနည်း။

ဖြေ။ ။အာယတနကို ဟောတော်မူခြင်းမှာ ဒွါရအာရုံတို့ကို ဝေဘန်၍ ပြခြင်းငှါ ဟောတော် မူရကား ဒွါရအာရုံတို့ကို အသီးပိုင်းခြား၍ ဟောတော်မူပါသည်။

ဒွါရာလမ္ဗဏဝိဘာဂဒဿနတ္ထာ ဟိ အာယတနဒေသနာ။

**ဝိဘင်း အနုဋီကာ။**

ဟိ၊ အကျိုးကိုဆိုဦးအံ့။ အာယတနဒေသနာ၊ အာယတနကို ဟောတော်မူခြင်းသည်။ ဒွါရာလမ္ဗဏဝိဘာဂဒဿနတ္ထာ၊ ဒွါရအာရုံကို ဝေဘန်၍ ပြခြင်းအကျိုးရှိ၏။

**မေး။** ။အဘယ့်ကြောင့် အာယတနမည်သနည်း။

**ဖြေ။** ။စိတ်စေတသိက်တို့ လုံ့လပြုရာ (ဝါ) မိမိတို့၏ ကိစ္စကို ပြုရာဖြစ်သော ကြောင့် အာယတန မည်ပါသည်။

**တနည်း**....ဒွါရအာရုံ၌ ဖြစ်ကုန်သော စိတ်စေတသိက်တို့ကို ချဲ့တတ်သောကြောင့် အာယတန မည်ပါသည်။

**တနည်း**....ရှည်စွာသော သံသရာဝဋ်ဆင်းရဲကို ဆောင်တတ် ဖြစ်စေတတ်သော ကြောင့် အာယတန မည်ပါသည်။

စိတ္တစေတသိကာ ဓမ္မာ အာယတန္တိ ဝါယမန္တိ ဧတ္ထ စက္ခုရူပါဒီသူတိ အာယတနာနိ။ ။တေ ဝါ အာယဘူတေ ဓမ္မေ တနောန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ။ ။အာယတံ ဝါ သံသာရဒုက္ခံ နယန္တိ ပဝတ္တယန္တီတိ အာယတနာနိ။

ဧတ္ထ စက္ခုရူပါဒီသု၊ဤစက္ခုဒွါရရူပါရုံစသည်တို့၌။စိတ္တစေတသိကာ၊ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အာယတန္တိ၊ ဝါယမန္တိ၊ လုံ့လပြုတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ အာယတနာနိ၊ အာယတနမည်ကုန်၏။ ဝါ၊ ကား။ အာယဘူတေ၊ ထိုဒွါရအာရုံတို့၌ဖြစ်၍ ဖြစ်ကုန်သော။ တေဓမ္မေ၊ ထိုစိတ်စေတသိက်တရားတို့ကို။ တာနိ၊ ထိုစက္ခုဒွါရ ရူပါရုံစသည်တို့ကို။ တနောန္တိ ဝိတ္ထာရေန္တိ၊ ချဲ့တတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ အာယတနာနိ၊ ကုန်၏။ ဝါ၊ ကား။ အာယတံ၊ ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာဝဋ်ဆင်းရဲကို။ နယန္တိပဝတ္တယန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ အာယတနာနိ၊ ကုန်၏။

ဝါယမန္တီတိ အတ္တနော ကိစ္စံ ကရောန္တီစ္စေဝ အတ္ထော။

**ဝိဘင်းမူလဋီကာ။**

ဝါယမန္တီတိ၊ ကား။ အတ္တနော၊ မိမိ၏။ ကိစ္စံ၊ကိစ္စကို။ ကရောန္တိဝေ၊ပြုကုန်သည် သာတည်း။ဣတိအယ၊ကား။အသော၊ထိုဝါယမန္တိဟူသောပုဒ်၏။အတ္ထော၊တည်း။

**တနည်း....စိတ်စေတသိက်တို့၏** နေရာဖြစ်သောကြောင့်ရင်း၊ တည်ရာဖြစ်သော ကြောင့်ရင်း။ စုဝေးရာ ဖြစ်သောကြောင့်ရင်း။ အကြောင်းဖြစ်သော ကြောင့်ရင်း။ အာယတနမည်ပါသည်။

သဥ္ဇာတိဒေသေ ဟေတုမှိ၊ ဝါသဋ္ဌာနာကရေသုစ။
သမောသရဏဋ္ဌာနေစ၊ ယတနံ ပဒပူရဏေ။ ။

**အဘိဓာနပ္ပဒီပိကာ။**

အာယတနံ၊ အာယတနသဒ္ဒါသည်။ သဥ္ဇာတိဒေသေ၊ ဖြစ်ရာအနက်၌ရင်း။ ဟေတုမှိ၊အကြောင်းအနက်ရင်း။ ဝါသဋ္ဌာနာကရေသုစ၊ နေရာအနက်, တည်ရာ အနက်တို့၌ရင်း။ သမောသရဏဋ္ဌာနေစ၊စုဝေးရာအနက်၌ရင်း။ပဒပူရဏေ၊ပုဒ်ပြည့် ခြင်းအနက်၌ရင်း။သိယာ၊၏။

[**မှတ်ချက်။** ။ရင်းခြောက်ပါးသောအနက်တို့တွင် ပဒပူရဏအနက်၌ မဖြစ်။ကြွင်းသောအနက်ငါးပါးတို့၌သာ ဖြစ်သည်ဟုမှတ်]။ ။

တန္နိဿယာရမ္မဏဘာဝေန တတ္ထေဝ ဥပ္ပတ္တိတော။ ။(**သဥ္ဇာတိ ဒေသ**)။ ။တေသံ အဘာဝေ အဘာဝတော။ ။(**ဟေတု**)။ ။ တဒါယတ္တဝုတ္တိတာယ။ ။(**ဝါသဋ္ဌာန**)။ ။တန္နိဿိတတ္တာ တဒါ ရမ္မဏတ္တာစ။ ။(**အာကရ**)။ ။တတ္ထ တတ္ထ ဝတ္ထုဒွါရာရမ္မဏဝသေန သမောသရဏတော။ ။(**သမောသရဏဋ္ဌာန**)။ ။

**ဝိဘာင်းအဋ္ဌကထာ။**

တန္နိဿယာရမ္မဏဘာဝေန၊ ထိုစက္ခုပသာဒစသည်လျှင် မှီရာအာရုံရှိသည်၏ အဖြစ်ဖြင့်။ တတ္ထေဝ၊ ထိုစက္ခုပသာဒစသည်တို့၌သာလျှင်။ ဥပ္ပတ္တိတော၊ ဖြစ်ခြင်း ကြောင့်။ ။တေသံ၊ ထိုစက္ခုအစရှိသည်တို့၏။ အဘာဝေ၊ မဖြစ်သည်ရှိသော်။ တေသံ၊ထိုစိတ်စေတသိက်တို့၏။အဘာဝတော၊မဖြစ်ခြင်းကြောင့်။ ။တဒါယတ္တ ဝုတ္တိတာယ၊ ထိုစက္ခုပသာဒစသည်တို့နှင့်စပ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်။ ။ တန္နိဿိတတ္တာစ၊ ထိုစက္ခုပသာဒစသည်ကိုမှီ၍ ဖြစ်သောကြောင့်ရင်း။ တဒါ ရမ္မဏတ္တာစ၊ ထိုစက္ခုပသာဒစသည်ကိုအာရုံပြုသောကြောင့်ရင်း။ ။တတ္ထတတ္ထ၊ ထိုထိုသို့သော စက္ခုပသာဒစသည်၌။ ဝတ္ထုဒွါရာရမ္မဏဝသေန၊ မှီရာဒွါရအာရုံ၏ အစွမ်းအားဖြင့်။သမောသရဏတော၊စုဝေးသောကြောင့်။ ။

**မေး။** ။အာယတနတဆဲ့နှစ်ပါးတို့တွင် စက္ခုစသောခြောက်ပါးကို အဘယ့်ကြောင့်ရှေးဦးစွာ ဟောတော်မူသနည်း။

**ဖြေ။** ။အဇ္ဈတ္တိကဏ၏အဖြစ်ဖြင့်ငှင်း၊ဝိသယီ၏အဖြစ်ဖြင့်ငှင်းအဇ္ဈတ္တိကာယတနတို့ကိုသာလျှင် ရှေးဦးစွာပြသင့်သောကြောင့် ဟောတော်မူပါသည်။
အဇ္ဈတ္တိကဘာဝေနေဝစ ဝိသယီဘာဝေနစ အဇ္ဈတ္တိကာနံ ပဌမံ ဒဿေတဗ္ဗတံ ဒဿေတိ။ ။**ဝိဘင်းမူလဋီကာ**။

အဇ္ဈတ္တိကဘာဝေနေဝစ၊ အဇ္ဈတ္တိကဏ၏အဖြစ်ဖြင့် သာလျှင်ငှင်း။ ဝိသယီဘာဝေနစ၊ဝိသယီ၏ အဖြစ်ဖြင့်ငှင်း။ အဇ္ဈတ္တိကာနံ၊ အဇ္ဈတ္တိကာယတနတို့၏။ ပဌမံ၊ ရှေးဦးစွာ။ ဒဿေတဗ္ဗတံ၊ ပြအပ်သည်၏အဖြစ်ကို၊ ဒဿေတိ၊ပြ၏။

**မေး။** ။အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင် အဘယ်ကြောင့် စက္ခာယတနကို ရှေးဦးစွာ ဟောတော်မူပါသနည်း။

**ဖြေ။** ။သနိဒဿနသပ္ပဋိဃရုပ်ကိုအာရုံပြုသဖြင့် ထင်ရှားသောကြောင့် စက္ခာယတနကို ရှေးဦးစွာ ဟောတော်မူပါသည်။

[**မှတ်ချက်။** ။သောတာယတနစသည်၊ ဗာဟိရာယတန စသည်တို့ကို အစဉ်အတိုင်း ဟောခြင်းအကြောင်းတို့ကို အမေးအဖြေနှင့်တကွ သာဓကပါဠိအနက်ကို ထောက်၍သိကြပါကုန်]။

အဇ္ဈတ္တိကာယတနေသု သနိဒဿနသပ္ပဋိဃာရမ္မဏတ္တာ စက္ခာယတနံ ဝိဘူတန္တိ တံ ပဌမံ ဝုတ္တံ။ တဒနန္တရံ အနိဒဿနသပ္ပဋိဃာရမ္မဏာနိ ဃာတရာနိ။ တတ္ထာပိ အသမ္ပတ္တဂ္ဂါဟကသာမညေန စက္ခာယတနာနန္တရံ သောတာယတနံဝုတ္တံ။ ဃာတရေသု သီဃတရံ အာရမ္မဏဂ္ဂဟဏသမတ္ထတ္တာ ဃာနာယတနံ ပဌမံ ဝုတ္တံ၊ပုရတော ဌပိတမတ္တဿ ဟိ ဘောဇနာဒိကဿ ဂန္ဓော ဝါတာနုသာရေန ဃာနေ ပဋိဟညတိ။တဒနန္တရံ ပန ပဒေသဝုတ္တိသာမညေန ဇိဝှါယတနံ ဝုတ္တံ။ တတော သဗ္ဗဋ္ဌာနိကံ ကာယာယတနံ၊ တတော ပဉ္စန္နမ္ပိ ဂေါစရဂ္ဂဟဏသမတ္ထံ မနာယတနံ။ ။**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**။

အဇ္ဈတ္တိကာယတနေသု၊ အဇ္ဈတ္တိကာယတနခြောက်ပါးတို့တွင်။ စက္ခာယတနံ၊ သည်။ သနိဒဿနသပ္ပဋိဃာရမ္မဏတ္တာ၊ သနိဒဿနသပ္ပဋိဃရုပ်လျှင် အာရုံရှိသောကြောင့်။ ဝိဘူတံ၊ ထင်ရှား၏။ ဣတိတသ္မာ၊ ကြောင့်။ တံ၊ ကို။ ပဌမံ၊ စွာ။ ဝုတ္တံ၊ ၏။ ။တဒနန္တရံ၊ ထိုစက္ခာယတန၏ အခြားမဲ့၌။ အနိဒဿနသပ္ပဋိဃာရမ္မဏာနိ၊ အနိဒဿနသပ္ပဋိဃလျှင် အာရုံရှိကုန်သော။ ဃာတရာနိ၊ ဤမှတပါးသော အာယတနတို့ကို။ ဝုတ္တာနိ၊ ကုန်၏။ တတ္ထာပိ၊ တွင်လည်း။ အသမ္ပတ္တဂ္ဂါဟက

သာမညေန၊ အသမ္ပတ္တဂ္ဂါဟကချင်း တူသဖြင့်။ စက္ခာယတနာနန္တရံ၊ ၌။သောတာယတနံ၊ ကို။ ဝုတ္တံ၊ ၏။ ။ဣတရေသု၊ တို့တွင်။ သီဃတရံ၊ လျင်မြန်စွာ။ အာရမ္မဏဂ္ဂဟဏသမတ္ထတ္တာ၊ အာရုံကို ယူခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကြောင့်။ ဃာနာယတနံ၊ ကို။ ပဌမံ၊ စွာ။ ဝုတ္တံ၊ ၏။ ။ဟိ၊ မှန်၏။ ပုရတော၊ ရှေ့မှ။ ဌပိတမတ္တဿ၊ ထားကာမျှဖြစ်သော။ ဘောဇနာဒိကဿ၊ ဘောဇဉ်အစရှိသည်၏။ ဂန္ဓော၊ အနံ့သည်။ ဝါတာနုသာရေန၊ လေသို့အစဉ်လျှောက်သဖြင့်။ဃာနေ၊ ဃာနပသာဒ၌။ ပဋိဟညတိ၊ ထိခိုက်၏။ ပန၊ ကား။ တဒနန္တရံ၊ ထိုဃာနာယတန၏ အခြားမဲ့၌။ ။ပဒေသဝုတ္တိသာမညေန၊ ကိုယ်၏တစိတ်တဒေသဖြစ်ချင်း တူသဖြင့်။ ဇိဝှါယတနံ၊ ကို။ ဝုတ္တံ၊ ၏။ ။တတော၊ မှ။ သဗ္ဗဋ္ဌာနိကံ၊ အလုံးစုံသောကိုယ်၌ပြန့်နှံ့တတ်သော။ ကာယာယတနံ၊ ကို။ ဝုတ္တံ၊ ၏။ ။တတော၊ မှ။ ပဉ္စန္နမ္ပိ၊ ငါးပါးသော ပသာဒရုပ်တို့၏ လည်း။ ဂေါစရဂ္ဂဟဏသမတ္ထံ၊ အာရုံကို ယူခြင်းငှါစွမ်းနိုင်သော။ မနာယတနံ၊ ကို။ ဝုတ္တံ၊ ၏။

**မေး။** ။ဒိဗ္ဗစက္ခု၊ ပညာစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု၊ ဓမ္မစက္ခုဟု စက္ခုငါးပါးရှိရာ ဒိဗ္ဗစက္ခုနှင့် ပညာစက္ခုနှစ်ပါးကိုသာ အဘယ့်ကြောင့် သရုပ်ထုတ်၍ ဟောတော်မူပါသနည်း။

**ဖြေ။** ။ဒိဗ္ဗစက္ခု ပညာစက္ခု နှစ်ပါးသာ နီးစပ်၍ ဟောတော်မူပါသည်။ ကြွင်းသုံးပါးတို့ကား အလွန်ဝေးသောကြောင့် ဟောတော်မမူပါ။

ဣတရေသံ ဗ္ဗေ သုဝိဒူရဘာဝတော။ ။တတ္ထ တံ ဝုစ္စတေ အတ္ထဒ္ဒယမေဝ ဝတွာ ပါရိသေသေနာတိ။ ဣတရေသံ ဗ္ဗေ သုဝိဒူရဘာဝတော။ ။

## ယမိုက်အနုဋီကာ။

ဗ္ဗေ၊ ဤငါးပါးသောစက္ခုတို့တွင်။ဣတရေသံ၊ဤဒိဗ္ဗစက္ခု၊ပညာစက္ခုမှတပါးကုန်သော စက္ခုတို့၏။ သုဝိဒူရဘာဝတော၊ အလွန်ဝေးသောကြောင့်တည်း။

တတ္ထ၊ ထိုငါးပါးသော စက္ခုတို့တွင်။ ပါရိသေသေန၊ ပါရိသေသနည်းအားဖြင့်။ ဝတွာ၊ ဟောတော်မူ၍။ တံအတ္ထဒ္ဒယမေဝ၊ ထိုဒိဗ္ဗစက္ခု၊ ပညာစက္ခုဟူသော အနက်နှစ်ပါးကိုသာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။

**မေး။** ။သမ္မာဝါစာစသောဝိရတိသုံးခုတို့ကိုအဘယ့်ကြောင့်သီလက္ခန္ဓဆိုသနည်း။

**ဖြေ။** ။သမ္မာဝါစာစသော ဝိရတိသုံးခုတို့ကား။ ဝိရတိသီလ အဖြစ်ဖြင့် ဇာတ်တူရကား သီလက္ခန္ဓဖြင့် သင်္ဂြိုဟ်အပ်သောကြောင့် သီလက္ခန္ဓဆိုပါသည်။

သမ္မာဝါစာဒယော တယော သီလမေဝ။ တသ္မာ တေ, သဇာတိတော သီလက္ခန္ဓေန သင်္ဂဟိတာ။ ။ဝိဘင်းအဋ္ဌကထာ။

သမ္မာဝါစာဒယော၊ သမ္မာဝါစာအစရှိကုန်သော။ တယော၊ သုံးပါးတို့သည်။ သီလမေဝ၊ သီလသာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသမ္မာဝါစာအစရှိသည်တို့ကို။ သဇာတိတော၊ ဇာတ်တူသောအားဖြင့်။ သီလက္ခန္ဓေန၊ သီလက္ခန္ဓဖြင့်။ သင်္ဂဟိတာ သင်္ဂြိုဟ်ရေတွက်အပ်ကုန်၏။

မေး။ ။သမ္မာသမာဓိမှာ သမာဓိဖြစ်၍ သမာဓိက္ခန္ဓဆိုတန်စေ။ သမ္မာဝါယာမ သမ္မာသတိတို့ကို သမာဓိက္ခန္ဓဆိုခြင်းမှာ အသို့သင့်နိုင်အံ့နည်း။

ဖြေ။ ။သင့်ပါသည်။ သမာဓိသည် မိမိသဘောအားဖြင့် အာရုံသို့မတက်ရောက်နိုင်။ ဝီရိယဖြင့် အားထုတ်ခြင်း၊ သတိဖြင့် မမေ့လျော့ခြင်း အကူအညီရမှသာ တက်ရောက်နိုင်သည်။ ထို့ကြောင့် သမာဓိကို သဘောအားဖြင့် သမာဓိက္ခန္ဓ၊ ဝီရိယ သတိ တို့ကို သမာဓိအားလျော်ကပ်သော ကြိယာအားဖြင့် (ဝါ) သမာဓိ၏ အကူအညီဖြင့် သမာဓိက္ခန္ဓဆိုပါသည်။

သမ္မာဝါယာမာဒီသု ပန တီသု သမာဓိ အတ္တနော ဓမ္မတာယ အာရမ္မဏေ ဧကဂ္ဂဘာဝေန အပ္ပေတုံ နသက္ကောတိ။ ဝီရိယေန ပဂ္ဂဟကိစ္စေ သာဓေန္တေန သတိယာစ အပိလာပနကိစ္စေ သာဓေန္တိယာ လဒ္ဓူပကာရော ပန သက္ကောတိ။ပ။တသ္မာ သမာဓိယေဝေတ္ထ သဇာတိတော သမာဓိက္ခန္ဓေန သင်္ဂဟိတော၊ ဝါယာမသတိယော ပန ကြိယတော သင်္ဂဟိတာ ဟောန္တိ။

## ဝိဘင်း အဋ္ဌကထာ။

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ သမ္မာဝါယာမာဒီသု၊ သမ္မာဝါယာမ အစရှိကုန်သော။ တီသု၊ သုံးပါးတို့၌။ သမာဓိ၊ သည်။ အတ္တနော၊ ၏။ ဓမ္မတာယ၊ သဘောအားဖြင့်။ အာရမ္မဏေ၊ ၌။ ဧကဂ္ဂဘာဝေန၊ တည်ကြည်သည်၏ အဖြစ်ဖြင့်။ အပ္ပေတုံ၊ ဖြစ်စေခြင်းငှါ။ နသက္ကောတိ၊ နိုင်။ ဝီရိယေန၊ သည်။ ပဂ္ဂဟကိစ္စေ၊ အားထုတ်ခြင်းကိစ္စကို။ သာဓေန္တေနစ၊ ပြီးစေသဖြင့်ရင်း။ သတိယာ၊ သတိသည်။ အပိလာပနကိစ္စေ၊ မမေ့လျော့ခြင်းကိစ္စကို။ သာဓေန္တိယာစ၊ ပြီးစေသဖြင့်ရင်း။ လဒ္ဓူပကာရော၊ ရအပ်သော အထောက်အပံ့ရှိသည်။ ဟုတ္ဝာ၊ ၍။ သက္ကောတိ၊ ၏။ပ။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤသုံးပါးသော တရားတို့တွင်။ သမာဓိယေဝ၊ ကိုသာလျှင်။ သဇာတိတော၊ မိမိသဘောအားဖြင့်။ သမာဓိက္ခန္ဓေန၊ ဖြင့်။ သင်္ဂဟိတော၊ ၏။ ဝါယာမသတိယော ပန၊ ဝါယာမ သတိတို့ကိုကား။ ကြိယတော၊ သမာဓိအား လျော်ကပ်သော ကြိယာအားဖြင့်။ သင်္ဂဟိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

**မေး။** ။ပညာက္ခန္ဓ၌ သမ္မာဒိဋ္ဌိကို ပညာပင်ဖြစ်၍ ပညာက္ခန္ဓဟု ဆိုတန်စေ။ သမ္မာ သင်္ကပ္ပကို ပညာက္ခန္ဓဟု ဆိုခြင်းကား အသို့သင့်နိုင် အံ့နည်း။

**ဖြေ။** ။သင့်ပါသည်။ ပညာသည်သဘောအားဖြင့် အနိစ္စစသော အာရုံကို ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်။ ဝိတက်သည် ပြန်လှန်၍ ပေးမှသာလျှင် တတ်နိုင်သည်။ ထိုကြောင့် သမ္မာဒိဋ္ဌိကို သဘောအားဖြင့် ပညာက္ခန္ဓ၊ သမ္မာ သင်္ကပ္ပကို ပညာနှင့်တူသော ကိစ္စအားဖြင့် ပညာက္ခန္ဓ ဆိုပါသည်။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေသုပိ ပညာ အတ္တနော ဓမ္မတာယ အနိစ္စံ ဒုက္ခံ အနတ္တာတိ အာရမ္မဏံ နိစ္ဆေတုံ နသက္ကောတိ။ ဝိတက္ကေန ပန အာကောဋေတွာ အာကောဋေတွာ ဒိန္နေ သက္ကောတိ။ပ။ တသ္မာ ဧတ္ထ သမ္မာဒိဋ္ဌိ ယေဝ သဘာဝတော ပညာက္ခန္ဓေန သင်္ဂဟိတာ။ သမ္မာသင်္ကပ္ပေါ ပန ကြိယတော သင်္ဂဟိတော ဟောတိ။

**ဝိဘင်း အဋ္ဌကထာ။**

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေသုပိ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့တွင်လည်း။ ပညာ၊ သည်။ အတ္တနော၊ ၏။ ဓမ္မတာယ၊ ဖြင့်။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ သို့။ အာရမ္မဏံ၊ ကို။ နိစ္ဆေတုံ၊ ငှါ။ နသက္ကောတိ၊ နိုင်။ ဝိတက္ကေန ပန၊ သည်ကား။ အာကောဋေတွာ အာကောဋေတွာ၊ ပြောင်းပြန်၍ ပြောင်း ပြန်၍။ ဒိန္နေ၊ ပေးအပ်သည်ရှိသော်။ သက္ကောတိ၊ ၏။ပ။ တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ၌။ သမ္မာဒိဋ္ဌိယေဝ၊ ကိုသာလျှင်။ သဘာဝတော၊ မိမိသဘောအားဖြင့်။ ပညာက္ခန္ဓေန၊ ဖြင့်။ သင်္ဂဟိတော၊ ၏။ သမ္မာသင်္ကပ္ပေါပန၊ ကိုကား။ ကြိယတော၊ ပညာနှင့်တူသော ကိစ္စအားဖြင့်။ သင်္ဂဟိတော၊ သည်။ ဟောတိ၊ ၏။

**မေး။** ။အနန္တ မဟုတ်ဘဲလျက် သီလစသည်ကို အဘယ့်ကြောင့် ဂန္ဓ ဆိုသနည်း။

**ဖြေ။** ။အနန္တ မဟုတ်သော်လည်း ပြန့်နှံ့ ထင်ရှားသော အနက်ကြောင့် ဂန္ဓ ဆိုပါသည်။

သီလဂန္ဓောတိအာဒီနိ ဝါယနဋ္ဌေန သီလာဒီနံ ယေဝ နာမာနိ။

**ယမိုက်အဋ္ဌကထာ။**

သီလဂန္ဓောတိအာဒီနိ၊ သီလဂန္ဓောအစရှိသည်တို့သည်။ ဝါယနဋ္ဌေန၊ ပြန့်နှံ့ ထင်ရှားတတ်သော အနက်သဘောကြောင့်။ သီလာဒီနံယေဝ၊ သီလအစရှိသည် တို့၏လျှင်။ နာမာနိ၊ အမည်တို့တည်း။

ဝါယနဋ္ဌေနာတိ ပသာရဏဋ္ဌေန ပါကဋဘာဝဋ္ဌေနဝါ။

**ယမိုက်မူလဋီကာ။**

ဝါယနင္ဆေနာတိ၊ ကား။ ပသာရဏင္ဆေန ပါကင္ဌဘာဝင္ဆေန ဝါ၊ ပြန့်နှံ့၍ဖြစ်သော အနက်သဘောကြောင့်။

ဝါယနံ သဝိသယေ ဗျာပေတွာ ပဝတ္တနံ။ပ။ ယသ္မာ ပန သဝိသယဗျာပနံ တတ္ထ ပသင္ဌဘာဝေါ ပါကင္ဌဘာဝေါ ဝါ ဟောတိ။ တသ္မာ ပသာရဏင္ဆေန ပါကင္ဌဘာဝင္ဆေန ဝါတိ ဝုတ္တံ။အတ္တနော ဝတ္ထုဿ သူစနံဝါ ဝါယနံ။

**ယမိုက်အနုဋီကာ။**

သဝိသယေ၊ မိမိအာရုံ၌။ ဗျာပေတွာ၊ ပြန့်နှံ့စေ၍။ ဝါယနံ ပဝတ္တနံ၊ ဖြစ်ခြင်းတည်း။ပ။ ပန၊ ဆက်၍ဆိုဦးအံ့။ ယသ္မာ၊ ကြောင့်။ သဝိသယဗျာပနံ၊ မိမိတို့အာရုံ၌ ပြန့်နှံ့ခြင်းသည်။တတ္ထ၊ ထိုအာရုံ၌။ ပသင္ဌဘာဝေါ ဝါ၊ပြန့်နှံ့သောအဖြစ်သည်၎င်း။ ပါကင္ဌဘာဝေါဝါ၊ ထင်ရှားသောအဖြစ်သည်၎င်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပသာရဏင္ဆေန ပါကင္ဌဘာဝင္ဆေန ဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဝါ၊ ကား။ အတ္တနော၊ မိမိ၏။ ဝတ္ထုဿ၊ဝတ္ထုကို။ သူစနံ၊ ပြခြင်းသည်။ ဝါယနံ၊ ဝါယန မည်၏။

ဂန္ဓေတိ အတ္တနော ဝတ္ထုံ သူစေတီတိ ဂန္ဓော။ ။အတ္တနော၊ ၏။ ဝတ္ထုံ၊ မှီရာဝတ္ထုကို။ ဂန္ဓေတိ သူစေတိ၊ ပြတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဂန္ဓော၊ ၏။

မေး။ ။အရသာမဟုတ်ဘဲလျက် အတ္ထ စသည်ကို အဘယ့်ကြောင့် ရသဆိုပါသနည်း။

ဖြေ။ ။အရသာ မဟုတ်သော်လည်း ချိုမြိန်သာယာအပ်သော အနက်သဘောကြောင့် အတ္ထ စသည်ကို ရသ ဆိုပါသည်။

အတ္ထရသောတိ အာဒီနိပိ သာဒုမဓုရင္ဆေန အတ္ထာဒီနံ ယေဝ နာမာနိ။

**ယမိုက်အဋ္ဌကထာ။**

အတ္ထရသောတိအာဒီနိပိ၊ တို့သည်လည်း။ သာဒုမဓုရင္ဆေန၊ ချိုမြိန်သာယာအပ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ အတ္ထာဒီနံယေဝ၊ အတ္ထ အစရှိသည်တို့၏သာလျှင်။ နာမာနိ၊ အမည်တို့တည်း။

ရသန္တိ အဿာဒေန္တိ တံတံ သတ္တာတိ ရသော။ ။သတ္တာ၊ တို့သည်။ တံတံ၊ ထိုထိုတရားကို။ ရသန္တိအဿာဒေန္တိ၊ သာယာတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ရသော၊ မည်၏။

ပဏ္ဏတ္တိဝါရ ပြီး၏။

## ပဝတ္တိဝါရ

**ဂဏ္ဌိစကား ရှင်းလင်းချက်**

**မေး။** ။စက္ခာယတနမှု၌ သဒ္ဒါယတနမှုလီသွတ်၍ ဟောသင့်သလော၊ မဟောသင့်သလော။မဟောသင့်က စက္ခာယတနမူလကာနိ ကောဒသ ဟူသော အဋ္ဌကထာစကားကို အဘယ်သို့ ယူရအံ့နည်း။

**ဖြေ။** ။မဟောသင့်ပါ။ သို့သော်လည်း စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဥပါဒိန္န ဖြစ်သော ဝဋ္ဋတရား၏ဖြစ်ခြင်း ချုပ်ခြင်းကို ဟောရာဖြစ်သော ပဝတ္တိ ဝါရ၌ သဒ္ဒါယတနအတွက် ဝိဿဇ္ဇနာ မရသော်လည်း ပုစ္ဆာမှ ရသည်ကို သင်္ဂြိုဟ်၍ ဟောတော်မူသည်ဟု ယူရပါသည်။

ပဝတ္တိဝါရေ စက္ခာယတနမူလာနိ ကောဒသာတိ ပဋိသန္ဓိ စုတိဝသေန ဥပါဒိန္နပဝတ္တာယ ဥပ္ပါဒနိရောဓဝစနေ တေသို့ံ အလဗ္ဘမာနဝိဿဇ္ဇနမ္ပိ သဒ္ဒါယတနေန သဒ္ဓိံ ယမကံ ပုစ္ဆာမတ္တလာဘေန သင်္ဂဟေတွာ ဝဒတီတိ ဒဋ္ဌဗ္ဗံ။ ။**ယမိုက်မူလဋီကာ**။

ပဝတ္တိဝါရေ၊ ၌။ စက္ခာယတနမူလာနိ ကောဒသာတိ၊ ဟူသော စကားကို။ ပဋိသန္ဓိစုတိဝသေန၊ ဖြင့်။ ဥပါဒိန္နပဝတ္တာယ၊ ဥပါဒိန္နဖြစ်သော ဝဋ္ဋတရား၏။ ဥပ္ပါဒနိရောဓဝစနေ၊ ဖြစ်ခြင်းချုပ်ခြင်းကို ဟောရာဖြစ်သော။ တေသို့ံ၊ ထိုပဝတ္တိဝါရ၌။ အလဗ္ဘမာနဝိဿဇ္ဇနမ္ပိ၊ မရအပ်သော အဖြေရှိသော်လည်း။ သဒ္ဒါယတနေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ယမကံ၊ ကို။ ပုစ္ဆာမတ္တလာဘေန၊ ပုစ္ဆာမျှကိုရခြင်းဖြင့်။ သင်္ဂဟေတွာ၊ ၍။ ဝဒတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

**မေး။** ။အဘယ်ကြောင့် သဒ္ဒါယတန၏ ဝိဿဇ္ဇနာကို မဟောသနည်း။

**ဖြေ။** ။ပဋိသန္ဓေအခါ မရကောင်းသောကြောင့် မဟောပါသည်။

**မေး။** ။စက္ခာယတနသာဖြစ်၍ သောတာယတန မဖြစ်ကောင်းသော ဩပပါတိက၌ ဒုဂ္ဂတိအဟိတ်ကိုသာ ကောက်၍ အဘယ်ကြောင့် သုဂတိ အဟိတ်ကို မကောက်သနည်း။

**ဖြေ။** ။သုဂတိဘုံ၌ ကြီးသော အာနုဘော်ရှိသောကံကြောင့် ဖြစ်ကုန်သော ဩပပါတိကတို့အား စက္ခု, သောတ စသောဣန္ဒြေချို့တဲ့ခြင်း မရှိသော ကြောင့် သုဂတိအဟိတ်ကို မကောက်ရပါ။

သုဂတိယံ မဟာနုဘာဝေန ကမ္မုနာ နိဗ္ဗတ္တမာနာနံ ဩပပါတိကာနံ ဣန္ဒြိယဝေကလ္လာယောဂတော စက္ခုသောတဃာနာလာဘော သံသေဒဇာနံ၊ ဘာဝါလာဘော ပဌမကပ္ပိကဩပပါတိကာနံ ဝသေနပိ။ ။**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**။

သုဂတိယံ၊ သုဂတိဘုံ၌။ မဟာနုဘာဝေန၊ ကြီးသောအာနုဘော် ရှိသော။ ကမ္မုနာ၊ ကံကြောင့်။ နိဗ္ဗတ္တမာနာနံ၊ ဖြစ်ကုန်သော။ ဩပပါတိကာနံ၊ တို့၏။ ဣန္ဒြိယဝေကလ္လာယောဂတော၊ ဣန္ဒြေချို့တဲ့ခြင်းနှင့် မယှဉ်ခြင်းကြောင့်။ စက္ခုသောတဃာနာလာဘော၊စက္ခု, သောတ, ဃာနကို မရခြင်းသည်။သံသေဒဇာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ ဟောတိ၊ ၏။ ဘာဝါလာဘော၊ ဘာဝကိုမရခြင်းသည်။ ပဌမကပ္ပိကဩပပါတိကာနံ၊ ကမ္ဘာဦး၌ဖြစ်သော ဥပပါတ်တို့၏။ ဝသေနပိ၊ လည်း။ ဟောတိ၊ ၏။

[မှတ်ချက်။ ။ဩပပါတိက, သံသေဒဇ, ဂဗ္ဘသေယျက မည်ကြောင်းကို ဝစနတ္ထဖြင့်ရှင်း၊ သာဓကဖြင့်ရှင်း သိကြပါကုန်]။ ။

ဥပပါတော နေသံ အတ္ထီတိ ဩပပါတိကာ။ (ဝစနတ္ထ)။ ။

နေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဥပပါတော၊ ကိုယ်ထင်ရှားဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိဘသ္မာ၊ ကြောင့်။ ဩပပါတိကာ၊ မည်ကုန်၏။ ။

ဥက္ကံသပရိစ္ဆေဒဝသေန စေတ္ထ ဝိသိဋ္ဌဩပပါတိကော ဂဟိတော။
ယထာ အဘိရူပဿ ကညာ ဒါတဗ္ဗာတိ။ ။

**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ။**

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ၌။ ဥက္ကံသပရိစ္ဆေဒဝသေန၊ လွန်သော အပိုင်းအခြားအားဖြင့်။ ဝိသိဋ္ဌဩပပါတိကော၊ ထူးသောဥပပါတ်ကို။ ဂဟိတော၊ ယူအပ်၏။ယထာ၊ကား။ အဘိရူပဿ ကညာ ဒါတဗ္ဗာတိ၊ အစရှိသည့်တည်း။အဘိရူပဿ၊ အလွန်အဆင်းလှသော။ ဝါ၊ အမျိုးစည်းစိမ် ဂုဏ်သိမ်အားဖြင့် ထူးသော သတို့သားအား။ ကညာ၊ အလွန်အဆင်းလှသော။ ဝါ၊ အမျိုးစည်းစိမ် ဂုဏ်သိမ်အားဖြင့်ထူးသော သတို့သမီးကို၊ ဒါတဗ္ဗာ၊ ပေးအပ်၏။ ။

ကမလကုဟရဂဗ္ဘမလာဒိသံသေဒဋ္ဌာနေသု ဇာတာ သံသေ ဒဇာ။ ။

**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ။**

ကမလကုဟရဂဗ္ဘမလာဒိသံသေဒဋ္ဌာနေသု၊ ကြာတိုက် ဝမ်း အညစ်အကြေး အစရှိသော အညှိအရပ်တို့၌။ဇာတာ၊ ဖြစ်ကုန်သည်တို့တည်း။သံသေဒဇာ၊တို့။ ။

မေး။ ။ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိစသည်၌။ ဂဗ္ဘသေယျကကို ကောက်ရာ၌ ရှင်း ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေအခါ၌ စက္ခာယတန မရှိခဲ့သည်မဟုတ်ပါလော။ အသို့သင့်ပါအံ့နည်း။

ဖြေ။ ။ပဋိသန္ဓေအခါ၌ မရှိသည်ကား မှန်၏။သို့သော်လည်း ပစ္စုပ္ပန် သုံးပါးတို့တွင် ခဏပစ္စုပ္ပန်,သန္တတိပစ္စုပ္ပန်တို့ကို မယူဘဲ, အဒ္ဓါပစ္စုပ္ပန်ကို ယူရသော ကြောင့် သင့်ပါသည်။

အဒ္ဓါပစ္စုပ္ပန္နန္တောဂတတ္တာ။
ပစ္စုပ္ပန္နံ တိဓာ ဝုတ္တံ၊ ခဏာသန္တတိအဒ္ဓတော။
တတ္ထ ဟိ ခဏသမ္ပတ္တံ၊ ပစ္စုပ္ပန္နခဏာဒိကံ။ ။
ကေဒ္ဒေသန္တတိဝါရ၊ ပရိယာပန္နမ္ပိ တံ ပန။
သန္တတိပစ္စုပ္ပန္နန္တိ၊ အာဟု သန္တတိကောဝိဒါ။
ကေဘာဝပရိစ္ဆိန္နံ၊ ပစ္စုပ္ပန္နန္တိ ပစ္ဆိမံ။ ။

**အဘိဓမ္မာဝတာရ။**

အဒ္ဓါပစ္စုပ္ပန္နန္တောဂတတ္တာ၊ အဒ္ဓါပစ္စုပ္ပန်၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် တည်း။

ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်ကို။ ခဏာသန္တတိအဒ္ဓတော၊ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်အားဖြင့်။တိဓာ၊ သုံးပါးအပြားရှိ၏ဟူ၍။ ဝုတ္တံ၊ ၏။ ဟိ၊ အကျယ်ကိုဆိုဦးအံ့။ တတ္ထ၊ ထိုတွင်။ ခဏသမ္ပတ္တံ၊ ခဏနှင့်ပြည့်စုံသောပစ္စုပ္ပန်ကို။ ပစ္စုပ္ပန္နခဏာဒိကံ၊ ခဏပစ္စုပ္ပန်ဟူ၍။ဝုတ္တံ၊ ၏။ ကေဒ္ဒေသန္တတိဝါရပရိယာပန္နံ၊ တခုနှစ်ခုသော စိတ်အစဉ်ဝါရ၌အကျုံးဝင်သော။ တံ ပန၊ ထိုပစ္စုပ္ပန်ကိုကား။ သန္တတိကောဝိဒါ၊ သန္တတိ၌ လိမ်မာသောပညာရှိတို့သည်။ သန္တတိ ပစ္စုပ္ပန္နန္တိ၊ သန္တတိပစ္စုပ္ပန်ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ ကေဘာဝပရိစ္ဆိန္နံ၊ တဘာဝဖြင့် ပိုင်းခြားအပ်သော ပစ္စုပ္ပန်ကို။ ပစ္စုပ္ပန္နံပစ္ဆိမန္တိ၊ နောက်ဆုံးဖြစ်သော အဒ္ဓါပစ္စုပ္ပန်ဟူ၍။အာဟု၊ ဆိုကုန်ပြီ။ ။

**မေး။** ။စက္ခာယတနသာဖြစ်၍ သောတာယတန မဖြစ်မီ စုတိလတ္တံ့သော ပုဂ္ဂိုလ်တို့သည် သဟိတ်ပဋိသန္ဓေမနေဘဲ အဟိတ်ပဋိသန္ဓေနေကြောင်းကို အဘယ်ကိုထောက်၍ သိရပါသနည်း။

**ဖြေ။** ။ဣန္ဒြိယ ယမိုက် မူလဋီကာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့ကို ထောက်၍သိရပါသည်။

ဂဗ္ဘသေယျကာနဉ္စ အနုပ္ပန္နေသု စက္ခာဒီသု စဝန္တာနံ အဟေတုကပဋိသန္ဓိကတာ၊ သဟေတုကပဋိသန္ဓိကာနံ ကာမာဝစရာနံ နိယမတော သစက္ခုကာဒိဘာဝဒဿနေန ဒဿိတော ဟောတိ။ ။

**ယမိုက်မူလဋီကာ။**

စ၊ ဆက်၍ဆိုဦးအံ့။ စက္ခာဒီသု၊ စက္ခုန္ဒြေအစရှိသည်တို့သည်။ အနုပ္ပန္နေသု၊ မဖြစ်ကုန်မီ။ စဝန္တာနံ၊ စုတေကုန်သော။ ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျက သတ္တဝါတို့၏။ အဟေတုကပဋိသန္ဓိကတာ၊ အဟိတ်ပဋိသန္ဓေရှိသည်၏အဖြစ်ကို။ ဒဿိတာ၊ ၏။ သဟေတုကပဋိသန္ဓိကာနံ၊ သဟိတ်ပဋိသန္ဓေ ရှိကုန်သော။ ကာမာဝစရာနံ၊တို့၏။ နိယမတော၊ မြဲသောအားဖြင့်။ သစက္ခုကာဒိဘာဝဒဿနေန၊

စက္ခုန္ဒြေနှင့် တကွဖြစ်ခြင်းစသည်၏ အဖြစ်ကိုပြသဖြင့်။ ဒဿိတော၊သည်။ ဟောတိ၊၏။ ။

အဋ္ဌဟိ သဟေတုကမဟာဝိပါကေဟိ ကာမာဝစရဒေဝေသု စေဝ မနုဿေသု စ ပုညဝန္တာနံ ပဋိသန္ဓိ ဟောတိ။ ။

**ဝိဘင်းအဋ္ဌကထာ။**

အဋ္ဌဟိ၊ ကုန်သော။ သဟေတုကမဟာဝိပါကေဟိ၊ သဟိတ်မဟာဝိပါက်တို့ဖြင့်။ ကာမာဝစရဒေဝေသုစေဝ၊ တို့၌ငှင်း။ မနုဿေသုစ၊ တို့၌ငှင်း။ ပုညဝန္တာနံ၊ ကောင်းမှုရှိသော သူတို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ဟောတိ၊၏။ ။

စက္ခုပ္ပတ္တိဝိဗန္ဓကကမ္မပဋိဗာဟိတသာမတ္ထိယေန ဒိန္နပဋိသန္ဓိနာ ဝိပါကေန ဥတ္တ- ရေနာပိ ဝါ ကမ္မေန အနုပ္ပါဒေတဗ္ဗစက္ခုကော ဇစ္စန္ဓော နာမ။ ။

**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။**

စက္ခုပ္ပတ္တိဝိဗန္ဓကကမ္မပဋိဗာဟိတသာမတ္ထိယေန၊ စက္ခုဖြစ်ခြင်းကို တားမြစ်တတ်သော ကံသည် တားမြစ်အပ်သောအစွမ်းရှိသော။ ဒိန္နပဋိသန္ဓိနာပိ ဝါ၊ ပေးအပ်သော ပဋိသန္ဓေကြောင့်ငှင်း။ ဥတ္တရေန၊သော။ကမ္မေနပိဝါ၊ကံကြောင့်ငှင်း။ အနုပ္ပါဒေတဗ္ဗစက္ခုကော၊ မဖြစ်စေအပ်သော စက္ခုရှိသောသူသည်။ ဇစ္စန္ဓော နာမ၊ ဇစ္စန္ဓမည်၏။ ။

သစက္ခုကာနံ အသောတကာနန္တိ အပါယေ ဇာတိဗဓိရဩပပါတိကံ သန္ဓာယ ဝုတ္တံ။ ။**ယမိုက်အဋ္ဌကထာ။**

သစက္ခုကာနံ အသောတကာနန္တိ၊ ဟူသည်ကား။ အပါယေ၊ အပါယ်ဘုံ၌။ ဇာတိဗဓိရဩပပါတိကံ၊ ပဋိသန္ဓေအားဖြင့် နားပင်းသော ဩပပါတိကကို။ သန္ဓာယ၊၍။ဝုတ္တံ၊၏။ ။

မေး။ ။ဈာနာယတနမူလီ အနုလောမ သန္နိဋ္ဌာန်၌ ဩပပါတိက ပုဂ္ဂိုလ်ကို အဘယ်ကြောင့် မကောက်သနည်း။

ဖြေ။ ။ကာမဘုံ၌ဈာနချို့သော ဩပပါတိက ပုဂ္ဂိုလ် မရှိကောင်းသောကြောင့် မကောက်ပါသည်။

ကာမဓာတုယံပန အဈာနကော ဩပပါတိကော နတ္ထိ။ ။

**ယမိုက်အဋ္ဌကထာ။**

ပန၊ အဘိုတပါးကိုဆိုဦးအံ့။ ကာမဓာတုယံ၊ ကာမဓာတ်၌။ **အဈာနကော**၊ ဈာနချို့သော။ဩပပါတိကော၊သည်။နတ္ထိ၊မရှိ။ ။

ဒုဂ္ဂတိယံ ပန စက္ခုသောတဘာဝါလာဘော ဒိန္နမ္ပိ ဝသေန၊ ဃာနာ လာဘော သံသေဒဇာနမေဝ ဝသေန၊ နဩပပါတိကာနံ ဝသေနာတိ ဒဋ္ဌဗ္ဗံ။ ။**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ**။

ပန၊ အဘိုတပါးကိုဆိုဦးအံ့။ ဒုဂ္ဂတိယံ၊ ဒုဂ္ဂတိဘုံ၌။ စက္ခုသောတဘာဝါလာဘော။ စက္ခုသောတဘာဝကို မရခြင်းသည်။ဒိန္နမ္ပိ၊ နှစ်ပါးစုံသော သံသေဒဇ ဩပပါတိကတို့၏လည်း။ ဝသေန အစွမ်းအားဖြင့်။ဟောတိ၊၏။ဃာနာလာဘော၊ ဃာန ကိုမရခြင်းသည်။ သံသေဒဇာနမေဝ၊ သံသေဒဇတို့၏သာလျှင်။ ဝသေန၊ ဖြင့်။ဟောတိ၊၏။ဩပပါတိကာနံ၊တို့၏။ဝသေန၊ဖြင့်။နဟောတိ၊မဖြစ်။ဣတိ၊သို့။ ဒဋ္ဌဗ္ဗံ၊၏။ ။

**မေး**။ ။သင်္ဂြိုဟ် ဆရာသည် သံသေဒဇဩပပါတိကတို့အား ဩမကအားဖြင့် စက္ခုသောတ ဃာန ဘာဝတို့ကိုမရအပ်ဟုသာမညအားဖြင့် ဆိုပါလျက်, ဃာနမရခြင်းသည် သံသေဒဇအားသာဟု အဘယ့်ကြောင့် ခွဲခြမ်း၍ ယူသနည်း။

**ဖြေ**။ ။တပေါင်းတည်း ညွှန်ပြအပ်သော အရာပင်ဖြစ်သော်လည်း တစိတ်တဒေသအားဖြင့် စပ်သင့်သောကြောင့် သံသေဒဇအား ခွဲခြမ်း၍ ယူရပါသည်။ ။(ယထာလာဘနည်းဟူလို)။ ။

ကေယောဂနိဒ္ဒိဋ္ဌဿပိ ကေဒေသော သမ္ဗန္ဓံ လဘတိ။ ။

**ယမိုက်အနုဋီကာ**။

ကေယောဂနိဒ္ဒိဋ္ဌဿပိ၊ တပေါင်းတည်းညွှန်ပြအပ်သော အရာဌာန၏လည်း။ ကေဒေသော၊ တစိတ်တဒေသသည်။ သမ္ဗန္ဓံ၊ စပ်ခြင်းကို။ လဘတိ၊၏။ ။

**မေး**။ ။သစက္ခုက အဃာနက ကောက်ရာ၌ ရူပပုဂ္ဂိုလ်ကို ကောက်ခြင်းသည် နှာခေါင်းမရှိ၍ပင် ကောက်သလော။

**ဖြေ**။ ။အသွင်သဏ္ဌာန် ဖြစ်သော နှာခေါင်းကားရှိ၏။ ဃာနပသာဒဃာန ဝိညာဏ်မရှိ။အနံ့ကိုမသိ။ သို့အတွက်ကောက်ပါသည်။ ။

ဃာနံ အတ္ထိ,ဃာနပသာဒေါစ ဃာနဝိညာဏဥ္စ နတ္ထိ။တသ္မာ ဂန္ဓံ နဇာနန္တိ။ ။

**ဇိနာလင်္ကာရဋီကာ**။

ဃာနံ၊ နှာခေါင်းသည်။ အတ္ထိ၊ရှိ၏။ ဃနပသာဒေါစ၊သည်၎င်း။ ဃာန ဝိညာဏဥ္စ၊ သည်၎င်း။ နတ္ထိ၊မရှိ။ တသ္မာ၊ကြောင့်။ ဂန္ဓံ၊အနံ့ကို။ နဇာနန္တိ၊ မသိကုန်၏။

**မေး**။ ။နှာခေါင်းရှိလျက် အဘယ်ကြောင့် ဃာနပသာဒ မဖြစ်သနည်း။

ဖြေ။ ။ဗြဟ္မာတို့မှာ နှာခေါင်းရှိသော်လည်း ကာမရာဂဒ္ဓတပ်ခြင်း ကင်းသော ဘာဝနာဖြင့် ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့၌ တပ်ခြင်းမရှိရကား ၎င်းတို့မှီရာ ပသာဒတို့၌လည်း တပ်ခြင်း မရှိသောကြောင့် ဃာနပသာဒ မဖြစ်ပါ။

ဃာနာဒိတ္တယံ နတ္ထိ ဗြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန ဂန္ဓရသ ဖောဋ္ဌဗ္ဗေသုပိ ဝိရတ္တတာယ တဗ္ဗိသယပသာဒေသုပိ ဝိရာဂဘာဝတော။ ။

**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။**

ဗြဟ္မာနံ၊ တို့အား။ ကာမဝိရာဂဘာဝနာဝသေန၊ ကာမဂုဏ်၌တပ်ခြင်း ကင်းသောဘာဝနာ၏ အစွမ်းအားဖြင့်။ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗေသုပိ၊ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့၌လည်း။ ဝိရတ္တတာယ၊ တပ်ခြင်းကင်းသည်၏ အဖြစ်ကြောင့်။ တဗ္ဗိ သယပသာဒေသုပိ၊ ထိုဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့၏ မှီရာဖြစ်သော ပသာဒတို့၌လည်း။ ဝိရာဂဘာဝတော၊ တပ်ခြင်းမရှိသောကြောင့်။ (ဃာနာဒိတ္တယံ၊သည်။နတ္ထိ၊မရှိ)။

အဂန္ဓကာနံ အရသကာနံ အဖောဋ္ဌဗ္ဗကာနန္တိ ယောဇနာ ဝေဒိတဗ္ဗာ။

**ယမိုက်အဋ္ဌကထာ။**

အဂန္ဓကာနံ။ ပါနန္တိ၊ဟူ၍။ ယောဇနာ၊ ယောဇနာခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

မေး။ ။ဂန္ဓာယတန မူလိ၌ အဂန္ဓကာနံစသည်ဖြင့် ဝိဘင်းထွက်ခဲ့လျှင် ပုဂ္ဂိုလ်တို့အား ဂန္ဓမရှိသလော။

ဖြေ။ ။ရူပပုဂ္ဂိုလ်တို့အား ဂန္ဓရှိ၏။ သို့သော်လည်း ဃာနာယတနမရှိ၍ အာ ယတနကိစ္စမပြီးသောကြောင့်ဂန္ဓရှိသည်ဟု မဆိုနိုင်ပါ။

ဂန္ဓာဒီနိ စေတ္ထ အာယတနဘူတာနေဝ အဓိပ္ပေတာနိ။ တသ္မာ သရူပ ကာနံ သဂန္ဓကာနန္တိ အာယတနဝသေနေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤဂန္ဓာယတနယမကအစရှိသည်တို့၌၊ ဂန္ဓာဒီနိ၊ ဂန္ဓအစရှိသည်တို့ကို။အာယတနဘူတာနေဝ၊ အာယတနဖြစ်၍ ဖြစ်ကုန်သည်တို့ကို သာလျှင်။ အဓိပ္ပေတာနိ၊ အလိုရှိအပ်ကုန်၏။ တသ္မာ၊ ကြောင့်။ သရူပကာနံ၊ ရူပါယတနနှင့် တကွဖြစ်ကုန်သော။ သဂန္ဓကာနံ၊ ဂန္ဓာယတနနှင့်တကွဖြစ်ကုန် သော။ ဣတိ၊သို့။ အာယတနဝသေန၊ဖြင့်။ ဧတ္ထ၊ တို့၌။အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ယသ္မာ ပန ရူပဓာတုပရိယာပန္နာနံ သတ္တာနံ ဃာနာယတနာဒီနိ မဘာဝေန ဂန္ဓာယတနာဒီနိ အာယတနာနိကိစ္စံ နကရောန္တိ။ တသ္မာ ရူပဓာတုယာ ဆ အာယတနာ နဝ ဓာတုယောတိ အာဒိ ဝုတ္တံ။

**ဝိဘင်းအဋ္ဌကထာ။**

ပန၊ ဆက်၍ဆိုဦးအံ့။ ယသ္မာ၊ကြောင့်။ ရူပဓာတုပရိယာပန္နာနံ၊ ရူပဓာတ်၌ အကျုံးဝင်ကုန်သော၊ သတ္တာနံ၊ တို့အား။ ဃာနာယတနာဒီနံ၊ ဃာနာယတနစသည်တို့၏။ အဘာဝေန၊ မရှိသဖြင့်။ ဂန္ဓာယတနာဒီနိ၊ ဂန္ဓာယတနအစရှိသည်တို့သည်။ အာယတနာဒိကိစ္စံ၊ အာယတနစသော ကိစ္စကို။နကရောန္တိ၊ကုန်။ တသ္မာ၊ ကြောင့်။ ရူပဓာတုယာ ဆ အာယတနာ နဝဓာတုယောတိအာဒိ၊ ကို။ဝုတ္တံ၊၏။

**မေး။** ။ရူပဘုံ၌ရှိသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့ကို ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနမဖွဲ့ဘဲ, အဘယ်ကြောင့် ဓမ္မာယတနဖွဲ့သနည်း။

**ဖြေ။** ။ဓမ္မသဘာဝကိုမလွန်သောကြောင့်၎င်း၊ မနောဝိညာဏဓာတ်၏ အာရုံ၏အဖြစ်သို့ ရောက်သောကြောင့်၎င်း၊ဓမ္မာယတန၌ အကျုံးဝင်သည်ကို ပြု၍ ဓမ္မာယတန ဖွဲ့ရပါသည်။ (ဓာတ်၌လည်းနည်းတူ)။

ဓမ္မသဘာဝါ နာတိဝတ္တနတော မနောဝိညာဏဿ စ ဝိသယဘာဝူပဂမနတော ဓမ္မာယတနန္တောဂဓေ ကတွာ ပဥ္စာယတနာနီတိ ပါဠိယံ ဝုတ္တံ။ ။**ဝိဘင်းအနုဋီကာ**။

ဓမ္မသဘာဝါနာတိဝတ္တနတော၊ တရားသဘောကိုမလွန်နိုင်သည်၏ အဖြစ်ကြောင့်၎င်း။ မနောဝိညာဏဿ၊ မနောဝိညာဏ်၏။ ဝိသယဘာဝူပဂမနတော၊ အာရုံ၏အဖြစ်သို့ ရောက်သောကြောင့်၎င်း။ ဓမ္မာယတနန္တောဂဓေ၊ ဓမ္မာယတန၌ အကျုံးဝင်သည်တို့ကို။ ကတွာ၊ ပြု၍။ ပဥ္စာယတနာနီတိ၊ ဟူ၍။ ပါဠိယံ၊ ၌။ ဝုတ္တံ၊၏။

တေသု ဟိ ဇီဝိတကာယာယတနယမကေသု တိဏ္ဏံ ပုစ္ဆာနံ အာမန္တာတိ ဝိဿဇ္ဇနေန ဘဝိတဗ္ဗံ။ ပစ္ဆိမပုစ္ဆာယ သကာယကာနံ အဃာနကာနံ ဥပပဇ္ဇန္တာနန္တိ အာဒိနာတိ။ ။**ယမိုက်မူလဋီကာ**။

ဟိ၊ ထိုစကားကို ထင်ရှားစွာပြဦးအံ့။တေသု၊ ထိုဃာနာယတနမူလက တို့၌။ ဇီဝိတကာယာယတနယမကေသု၊ တို့၌။ တိဏ္ဏံ၊ ကုန်သော။ ပုစ္ဆာနံ၊ တို့၏။ အာမန္တာတိဝိဿဇ္ဇနေန၊ အာမန္တာဟူသော အဖြေသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပစ္ဆိမပုစ္ဆာယ၊ အဆုံးဖြစ်သော ပုစ္ဆာ၏။ သကာယကာနံ။ပ။ အာဒိနာ၊ သော။ ဝိဿဇ္ဇနေန၊ သည်။ ဘဝိတဗ္ဗံ၊ ၏။ ဣတိ၊ ဤသို့သိအပ်၏။

ယထာ စက္ခုသောတာနိ ရူပဘဝေ ဃာနဇိဝှါဟိ ဝိနာ ပဝတ္တန္တိ။န ဧဝံ ဃာနဇိဝှါ အညမညံ ဝိနာ ပဝတ္တန္တိ။ဒ္ဝိန္နမ္ပိ ရူပဘဝေ အနုပ္ပဇ္ဇနတောတိ ဧဝံ ဝိသုံ ဝိသုံ ကာမဘဝေ အပ္ပဝတ္တိဝသေန တေသံ သဟစရိတာ ဝုတ္တာ။ ၄ ။

**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**။

စက္ခုသောတာနိ၊ စက္ခုသောတတို့သည်။ ရူပဘဝေ၊ ရူပဘုံ၌။ ဃာနဇိဝှါဟိ၊ ဃာနဇိဝှါတို့နှင့်။ ဝိနာ၊ ကင်း၍။ ပဝတ္တန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတူ။ဃာန ဇိဝှါ၊ တို့သည်။ အညမညံအချင်းချင်း။ ဝိနာ၊ ကင်း၍။ နပဝတ္တန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ ကား။ ဒွိန္နမ္ပိ၊ နှစ်ပါးသောဃာနဇိဝှါတို့၏လည်း။ ရူပဘဝေ၊ ၌။ အနုပ္ပဇ္ဇန တော၊ မဖြစ်ခြင်းကြောင့်။ (နပဝတ္တန္တိ) ဣတိ ဧဝံ သို့။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ကာမဘဝေ၊ ၌။ အပ္ပဝတ္တိဝသေန၊ ကင်း၍ မဖြစ်ခြင်း၏အစွမ်းဖြင့်။ တေသံ၊ ထို ဃာနဇိဝှါတို့၏။ သဟာစရိတာ၊ တကွဖြစ်သည်ကို။ ဝုတ္တာ၊ ၏။

အာယတနယမိုက် ပြီး၏။

---

## ဓာတုယမိုက်

### ဂဏ္ဌိစကားရှင်းလင်းချက်

**မေး။** ။အဘဲ့ကြောင့် ဓာတ်မည်သနည်း။

**ဖြေ။** ။သံသရာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သောကြောင့်၎င်း၊ သံသရာ ဝဋ်ဆင်း ရဲကို ပြီးစေကာမျှဖြစ်သောကြောင့် ၎င်း၊ သတ္တဝါတို့ကို ဆောင်အပ် သောကြောင့် ၎င်း၊ သတ္တဝါ တို့သည် သံသရာဝဋ်ဆင်းရဲကို ပြီးစေအပ် သောကြောင့် ၎င်း၊ သံသရာဝဋ်ဆင်းရဲကို ထားရာဖြစ်သောကြောင့် ၎င်း၊ ကိုယ်အစိတ်ဖြစ်သော ဓာတ်တို့ကဲ့သို့။ ဝါ၊ ကျောက်အစိတ် ဓာတ်တို့ကဲ့သို့ ဖြစ်သောကြောင့် ၎င်း ဓာတ်မည်ပါသည်။

ဝိဒဟာတိ ဝိဓာနဉ္စ ဓီယတေ စ ဝိဓီယတေ။
တောယ ဓီယတေ တွေ၊ ဣတိ ဝါ ဓာတုသမ္မတာ။
သရီရသေလာဝယဝါ၊ ဓာတုယောဝိယ ဓာတုယော။

**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။**

သံသာရဒုက္ခံ၊ သံသရာဝဋ်ဆင်းရဲကို။ ဝိဒဟာတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ ဝါ၊ ကြောင့် ၎င်း။ သံသာရဒုက္ခံ၊ ကို။ ဝိဓာနဉ္စ၊ ပြီးစေကာမျှသည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာဝါ၊ ကြောင့် ၎င်း။ သတ္တေဟိ၊ တို့သည်။ ဓီယတေ၊ ဆောင်အပ်၏။ ဣတိတသ္မာဝါ၊ ကြောင့် ၎င်း။ တောယ ဓမ္မဇာတိယာ၊ ဖြင့်။ သတ္တေဟိ၊ တို့သည်။ သံသာရဒုက္ခံ၊ ကို။ ဝိဓီယတေ၊ ပြီးစေအပ်၏။ ဣတိတသ္မာ ဝါ၊ ကြောင့် ၎င်း။ တွေ၊ ၌။ သံသာရဒုက္ခံ၊ ကို။ ဓီယတေ၊ ထားအပ်၏။ ဣတိ တသ္မာဝါ၊ ကြောင့်၎င်း။ ဓာတုသမ္မတာ၊ ဓာတ်ဟုသမုတ်အပ်၏။ သရီရသေလာ ဝယဝါ၊ ကိုယ်၏ ကျောက်၏အစိတ်ဖြစ်ကုန်သော။ ဓာတုယောဝိယ၊ ဓာဘ်တို့ကဲ့ သို့။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏။

ဓာတွတ္တော နာမ သဘာဝတ္တော၊ သဘာဝတ္တော နာမ သုညတတ္တော၊ သုညတတ္တောနာမ နိဿတ္တတ္တော။ ။ဝိဘင်းအဋ္ဌကထာ။

ဓာတွတ္တောနာမ၊ ဓာတ်၏အနက်မည်သည်ကား။ သဘာဝတ္တော၊ သဘောဖြစ်သောအနက်တည်း။ သဘာဝတ္တောနာမ၊ သည်ကား။ သုညတတ္တော၊ သတ္တဇီဝမှဆိတ်သောအနက်တည်း။ သုညတတ္တောနာမ၊ သည်ကား။ နိဿတ္တတ္တော၊ သတ္တဇီဝ မဟုတ်သော အနက်တည်း။

မေး။ ။သုတ္တန်အဘိဓမ္မာဝယ် ဟောအပ်သော အာရမ္ဘဓာတ် သုတဓာတ် စသော များစွာသော ဓာတ်တို့ရှိပါလျက် အဘယ့်ကြောင့် တဆဲ့ရှစ်ပါးသာ ဟောတော်မူသနည်း။

ဖြေ။ ။ပြဆိုအပ်သော ဓာတ်တဆဲ့ရှစ်ပါးတွင် အကျုံးဝင်သည့်အတွက် ၎င်းတို့ကို သီးခြားမဟောဘဲ တဆဲ့ရှစ်ပါးသာ ဟောတော်မူပါသည်။

သဘာဝတော ဝိဇ္ဇမာနာနံ သဗ္ဗဓာတူနံ တဒန္တောဂဓတ္တော။
**ဝိဘင်းအဋ္ဌကထာ။**

သဘာဝတော၊ သဘောအားဖြင့်။ ဝိဇ္ဇမာနာနံ၊ ထင်ရှားရှိကုန်သော။ သဗ္ဗဓာတူနံ၊ ခပ်သိမ်းသောဓာတ်တို့၏။ တဒန္တောဂဓတ္တော၊ ထိုဓာတ်တို့၌ အတွင်းဝင်သည်၏ အဖြစ်ကြောင့်တည်း။

မေး။ ။စက္ခုဝိညာဏဓာတ်စသည်၌ အာရုံ၏အမည်ကိုယူ၍ ရူပဝိညာဏစသည် မခေါ်မူ၍ အဘယ့်ကြောင့် ဝတ္ထု၏အမည်ကို ယူ၍ စက္ခုဝိညာဏဓာတ်စသည်ခေါ်သနည်း။

ဖြေ။ ။ရူပါရုံစသည်ကား အခြားဝိညာဏ်များနှင့်ဆက်ဆံသောကြောင့် အာရုံဖြင့် ရူပဝိညာဏဓာတ် စသည်မခေါ်နိုင်ပါ။ စက္ခုဝတ္ထု စသည်မှာ အခြားဝိညာဏ်တို့နှင့် မဆက်ဆံ။ ထိုမဆက်ဆံသော ဝတ္ထုဖြင့်သာ စက္ခုဝိညာဏ် စသည်ခေါ်နိုင်ပါသည်။

ရူပါဒီနံ ပစ္စယာနံ အညဝိညာဏသာဓာရဏတ္တာ အသာဓာရဏေန ဝတ္ထုနာ စက္ခုဝိညာဏံ သောတဝိညာဏန္တိနာမံ ဥဒ္ဒဋ္ဌံ။ ။
**မဏိသာရမဉ္ဇူသာဋီကာ။**

ရူပါဒီနံ၊ ရူပါရုံအစရှိကုန်သော။ ပစ္စယာနံ၊ အကြောင်းတို့၏။ အညဝိညာဏသာဓာရဏတ္တာ၊ တပါးသောဝိညာဏ်နှင့်ဆက်ဆံသောကြောင့်။ အသာဓာရဏေန၊ တပါးသော ဝိညာဏ်နှင့်မဆက်ဆံသော။ ဝတ္ထုနာ၊ ဝတ္ထုဖြင့်။ စက္ခု

ဝိညာဏံ သောတဝိညာဏန္တိ၊ စက္ခုဝိညာဏ် သောတဝိညာဏ်ဟူ၍။ နာမံ၊ အမည်ကို။ ဥဒ္ဓဋ္ဌံ၊ ထုတ်ဆောင်အပ်၏။

အသာဓာရဏေန နာမံ ဥဒ္ဓဋ္ဌံ ဘေရိသဒ္ဒေါ ယဝင်္ကုရောတိ ယထာ။ ။
**ဓမ္မသင်္ဂဏီအနုဋီကာ။**

အသာဓာရဏေန၊ မဆက်ဆံသောဝတ္ထုဖြင့်။ နာမံ၊ အမည်ကို။ ဥဒ္ဓဋ္ဌံ၊ ထုတ်ဆောင်အပ်၏။ ဘေရိသဒ္ဒေါ ယဝင်္ကုရောတိယထာ၊ ဘေရိသဒ္ဒေါ ယဝင်္ကုရော အစရှိသည်တို့ကဲ့သို့တည်း။ ဘေရိသဒ္ဒေါ၊ စည်ကြီးသံ။ ယဝင်္ကုရော၊ မုယောညွန့်။

စက္ခုဝိညာဏန္တိ ကာရဏဘူတဿ စက္ခုဿ ဝိညာဏံ စက္ခုတော ဝါ ပဝတ္တံ စက္ခုသ္မိံ ဝါ နိဿိတံ ဝိညာဏန္တိ စက္ခုဝိညာဏံ။ ။**ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

စက္ခုဝိညာဏန္တိ၊ ကား။ ကာရဏဘူတဿ၊ အကြောင်းဖြစ်၍ ဖြစ်သော။ စက္ခုဿ၊ စက္ခုပသာဒ၏။ ဝိညာဏံ၊ ဝိညာဏ်တည်း။ ဝါ၊ ကား။ စက္ခုတော၊ မှ။ ပဝတ္တံ၊ ဖြစ်သော။ ဝိညာဏံ၊ တည်း။ ဝါ၊ ကား။ စက္ခုသ္မိံ၊ ၌။ နိဿိတံ၊ မှီသော။ ဝိညာဏံ၊ တည်း။ ဣတိတသ္မာ၊ ကြောင့်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်မည်၏။

**မေး။** ။အဘယ်ကြောင့် မနောဓာတ်မည်သနည်း။

**ဖြေ။** ။အလွန်အကဲနှင့်တကွ သိခြင်းကိစ္စ အထူးမထင်ဘဲလျက် သိကာမျှ ဖြစ်သောကြောင့် မနောဓာတ် မည်ပါသည်။

မနောယေဝ ဓာတု မနောဓာတု။ ။**ဓမ္မသင်္ဂဏီအဋ္ဌကထာ။**

မနောယေဝ၊ သိကာမျှဖြစ်သော။ ဓာတု၊ ဓာတ်တည်း။ မနောဓာတု၊ သိကာမျှဖြစ်သောဓာတ်။

အညေသံ စိတ္တာနံ သဘာဝသုညတသဗ္ဘာဝါ မနောဓာတုဘာဝေါ အာပဇ္ဇတီတိစေ။န။ ဝိသေသသဗ္ဘာဝါ။

စက္ခုဝိညာဏာဒီနဉှိ စက္ခာဒိနိဿယတာ စက္ခာဒီနံ သဝိသယေသု ဒဿနာဒိပဝတ္တိဘာဝတော စ ဝိသေသော၊ မနောဝိညာဏဿ ပန အနညနိဿယမနောပုဗ္ဗင်္ဂမတာယ အညနိဿယဝိညာဏဿ အနန္တရပစ္စယတ္တာဘာဝေန မနောဒွါရနိဂ္ဂမနမုခဘာဝါဘာဝတော စ သာတိသယဝိဇာနနကိစ္စတာ ဝိသေသော။

တဗ္ဗိသေသာဘိရဟိတာ မနောမတ္တာ ဓာတု မနောဓာတူတိ တိဝိဓာ မနောဓာတု ဧဝ ဝုစ္စတိ။ န ဝိသေသမနော။
**ဓမ္မသင်္ဂဏီမူလဋီကာ။**

**အညေသံ၊** မနောဓာတ်မှ တပါးကုန်သော။ စိတ္တာနံ၊ တို့၏။ သဘာဝသုညတ သဗ္ဘာဝါ၊ သဘော၏အဖြစ် ကာရက, ဝေဒက စသည်မှ ဆိတ်သည်၏အဖြစ်၏ ထင်ရှားရှိခြင်းကြောင့်။ မနောဓာတုဘာဝေါ၊ သည်။ အာပဇ္ဇတိ၊ ရောက်ခဲ့ရာ၏။ ဣတိ၊ သို့။ စေ၊ အကယ်၍မေးငြားအံ့။ န အာပဇ္ဇတိ၊ မရောက်။ ဝိသေသသဗ္ဘာ-ဝါ၊အထူး၏ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း။

**ဟိ၊** ချဲ့ဦးအံ့။ စက္ခုဝိညာဏာဒီနံ၊ တို့၏။ စက္ခာဒိနိဿယတာစ၊ စက္ခုဝတ္ထု စသည်လျှင် မှီရာရှိသည်၏အဖြစ်ကြောင့်ရင်း။ စက္ခာဒီနံ၊ စက္ခုဝတ္ထု စသည်တို့၏။ သဝိသယေသု၊ မိမိအာရုံတို့၌။ ဒဿနာဒိပဝတ္တိဘာဝတာစ၊ မြင်ခြင်းစသည်တို့၏ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဝိသေသော၊ ထူးသည်။ ဟောတိ၊ ၏။ ။ ပန၊ အဘို့တပါးကိုဆိုဦးအံ့။ မနောဝိညာဏဿ၊ ၏။ အနညနိဿယမနောပုဗ္ဗင်-မတာယ၊ တပါးသော မှီရာရှိသောစိတ်လျှင် ရှေ့သွားရှိသည်မဟုတ်သော ကြောင့်ရင်း။ အညနိဿယဝိညာဏဿ၊ တပါးသောမှီရာရှိသောဝိညာဏ်၏။ အနန္တရပစ္စယတ္တာ၊ သည်၏ အဖြစ်ကြောင့်ရင်း။ ပနောဒ္ဒါရနိဂ္ဂမနမုခဘာဝါ-ဘာဝတောစ၊ မနောဒွါရ၏ ကင်းခြင်း၏ အကြောင်း၏အဖြစ် မရှိခြင်းကြောင့် ရင်း။ သာတိသယဝိဇာနနကိစ္စတာ၊ အလွန်အကဲနှင့်တကွ သိခြင်းကိစ္စရှိသည်၏ အဖြစ်သည်။ ဝိသေသော၊ သည်။ ဟောတိ၊ ၏။

တဗ္ဗိသေသဝိရဟိတာ၊ ထိုဆိုအပ်ပြီးသော အထူးမှကင်းခြင်းကြောင့်။ မနော မတ္တာ၊ သိခြင်းမျှဖြစ်သော။ ဓာတု၊ တည်း။ မနောဓာတု၊ ဓာတ်။ ဣတိ၊ သို့။ တိဝိဓာ၊ သုံးပါးအပြားရှိသော။ မနောဓာတုဝေ၊ ကိုသာလျှင်။ ဝုစ္စတိ၊ ၏။ ဝိသေ သမနော၊ ထူးသောစိတ်ကို။ နဝုစ္စတိ၊ မဆိုအပ်။

မနောဒ္ဒါရနိဂ္ဂမနပဝေသနမုခဘာဝတော ပန မနောဓာတုယာ ဝိဇာ နနဝိသေသဝိရဟော ဒဋ္ဌဗ္ဗော။ ။**ဓမ္မသင်္ဂဏီမူလဋီကာ**။

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ မနောဒ္ဒါရ နိဂ္ဂမန ပဝေသန မုခဘာဝတော၊ မနောဒွါရ၏ ကင်းခြင်း ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ မနောဓာတု ယာ၊ ၏။ ဝိဇာနန ဝိသေသ ဝိရဟော၊ သိခြင်းအထူးမှ ကင်းခြင်းကို။ ဒဋ္ဌဗ္ဗော၊ ၏။

တတောဝေ မနောဝိညာဏန္တိပိ နဝုစ္စတိ။ နဟိ တံ ဝိညာဏံ မနတော ပဝတ္တံ မနသော ပစ္စယော။ နာပိ မနသော ပစ္စယဘူတံ မနတော ပဝတ္တံ ဒဿနာဒီနံ ပန ပစ္စယော။ တေဟိစ ပဝတ္တံ တေသံ ပုရေစရံ အနုစရဉ္စာ တိ။ ။**ဓမ္မသင်္ဂဏီမူလဋီကာ**။

တတောဝေ၊ ထိုသိခြင်းအထူးမှ ကင်းခြင်းကြောင့်သာလျှင်။ မနောဝိညာ ဏန္တိပိ၊ မနောဝိညာဏ် ဟူ၍လည်း။ နဝုစ္စတိ၊ မဆိုအပ်။ ဟိယသ္မာ၊ အကြင့် ကြောင့်။ တံဝိညာဏံ၊ ထိုမနောဓာတ်ဟု ဆိုအပ်သော ဝိညာဏ်သည်။ မနတော၊

စိတ်မှ။ ဝါ၊ ကြောင့်။ ပဝတ္တံ၊ ဖြစ်သည်ဖြစ်၍။ မနသော၊ စိတ်၏။ ပစ္စယော၊ အကြောင်းသည်။ နဟောတိ၊ မဖြစ်။ မနသော၊ ၏။ ပစ္စယဘူတံ၊ အကြောင်း ဖြစ်သည်ဖြစ်၍။ မနတော၊ မှ။ ဝါ၊ ကြောင့်။ ပဝတ္တံ၊ သည်။ နာပိဟောတိ၊ ဖြစ်လည်းမဖြစ်။ ပန၊ စင်စစ်သော်ကား။ ဒဿနာဒီနံ၊ စက္ခုဝိညာဏ် စသည်တို့၏။ ပစ္စယော၊ အကြောင်းဖြစ်၍ငြင်း။ တေဟိ၊ ထိုစက္ခုဝိညာဏ် စသည်တို့ကြောင့်။ ပဝတ္တဉ္စ၊ ဖြစ်၍ဖြစ်သည်ငြင်း။ တေသံ၊ ထိုစက္ခုဝိညာဏ် စသည်တို့၏။ ပုရေစရံ၊ ရှေ့သွားသည်ငြင်း။ အနုစရဉ္စ၊ နောက်လိုက်သည်ငြင်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ (မနောဝိညာဏန္တိပိ နဝုစ္စတိ)။

ယဒိ မနောဓာတု မနောဝိညာဏန္တိ န ဝုစ္စတိ။ ဆ ဝိညာဏ ကာယာတိ ကထံ မနောဓာတုယာ တတ္ထ သင်္ဂဟောတိ။သင်္ဂဟောဝေ ပရိယာယဒေသနတ္တာ။ အတ္ထိ ဟိ ဧသ ပရိယာယော၊မနနမတ္တံ ဝိညာဏံ မနော ဝိညာဏန္တိ။ ။**ဓမ္မသင်္ဂဏီအနုဋီကာ**။

မနောဓာတု၊ မနောဓာတ်သည်။ မနောဝိညာဏန္တိ၊ မနောဝိညာဏ်ဟူ၍။ ယဒိနဝုစ္စတိ၊ အကယ်၍ မဆိုအပ်သည် ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မဆိုအပ်သည် ရှိသော်။ ဝိညာဏကာယာ၊ ဝိညာဏကာယ တို့သည်။ ဆ၊ ခြောက်ပါးတို့တည်း။ ဣတိ၊ သို့။ ကထံ၊ အဘယ်သို့လျှင်။ မနောဓာတုယာ၊ ၏။ တတ္ထ၊ ထိုဝိညာဏ ကာယ၌။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဟောတိ၊ နည်း။ ဣတိ၊ ဤသို့ မေးငြားအံ့။ သင်္ဂဟောဝေ၊ ရေတွက်အပ်သည်သာတည်း။ ကသ္မာ၊ ကား။ ပရိယာယဒေသနတ္တာ၊ ပရိယာယ်ဒေသနာ ဖြစ်သောကြောင့်တည်း။ ဟိသစ္စံ၊ ၏။ ဧသ ဧသော၊ ဤသို့ ရေတွက်ခြင်းသည်။ ပရိယာယော၊ ပရိယာယ်တည်း။ မနနမတ္တံ၊ သိခြင်းမျှဖြစ်သော။ ဝိညာဏံ၊ တည်း။ မနောဝိညာဏံ၊ ညာဏ်။ ဣတိ၊ ဤကား အဖြေတည်း။

မနောယေဝ ဝိသိဋ္ဌ ဝိဇာနန ကိစ္စယောဂတော ဝိညာဏံ မနောဝိညာဏံ၊ မနသော ဝါ ဝိညာဏံ မနောဝိညာဏံ။

**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**။

မနောယေဝ၊ သည်ပင်လျှင်။ ဝိသိဋ္ဌ ဝိဇာနန ကိစ္စယောဂတော၊ အထူးသဖြင့် သိခြင်းကိစ္စနှင့် ယှဉ်ခြင်းကြောင့်။ ဝိညာဏံ၊ တည်း။ မနောဝိညာဏံ၊ ညာဏ်။ ဝါ၊ ကား။ မနသော၊ ၏။ ဝိညာဏံ၊ တည်း။ မနောဝိညာဏံ၊ ညာဏ်။

မနောဧဝ ဓာတု မနောဓာတူတိ ဝေသဒ္ဒေါ မတ္တသဒ္ဒတ္ထော ဒဋ္ဌဗ္ဗော။ ဝိသေသနိဝတ္တနတ္ထော ဟိ သော ဝိညာဏဿာတိ။

**ဓမ္မသင်္ဂဏီမူလဋီကာ**။

**မနောဓာတု** မနောဓာတူတိ၊ ၌။ **ဝေသဒ္ဒေါ**၊ ကို။ မတ္တသဒ္ဒတ္ထော။ မတ္တ **သဒ္ဒါ**အနက်ရှိ၏ဟု။ ဒဋ္ဌဗ္ဗော၊ ၏။ ဟိ၊ ဆက်၍ဆိုဦးအံ့။ သော၊ ထိုမတ္တသဒ္ဒါသည်။ **ဝိညာဏဿ** ၏။ ဝိသေသနိဝတ္တနတ္ထော၊ အထူးကိုနစ်စေခြင်း အနက်ရှိ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

[**မှတ်ချက်**။ ။ဤ၌ အမေးအဖြေကို အကျယ်မပြခြင်းကား၊ စာသင်သား တို့ လွန်စွာ ကျေးဇူးမများသောကြောင့်ရင်း၊ ကျမ်းလေးအံ့ စိုးသောကြောင့်ရင်း မပြပါသည်]။

**မေး**။ ။ပဝတ္တိဝါရ၌ သဒ္ဒဓာတ်, စက္ခုဝိညာဏဓာတ် စသော ခြောက်ပါးသော ဓာတ်တို့ကို အဘယ့်ကြောင့် ဟောတော်မမူသနည်း။

**ဖြေ**။ ။သဒ္ဒဓာတ် စက္ခုဝိညာဏဓာတ် စသောဓာတ်ခြောက်ပါးတို့မှာ ပဋိသန္ဓေ အခါ စုတိအခါ၌ မရကောင်းသောကြောင့် မဟောပါသည်။

တိဝိဓသတ္တာနုဂ္ဂဟာယ အဓိပ္ပေတတ္တာ။ နာမ ရူပ တဒုဘယ သံမုဋ္ဌ ဝသေန ဟိ တိက္ခ နာတိတိက္ခ မုဒိန္ဒြိယဝသေန သံခိတ္တ မဇ္ဈိမ ဝိတ္ထာရ ရုစိဝသေန စ တိဝိဓာ သတ္တာ။

**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ**။

**တိဝိဓသတ္တာနုဂ္ဂဟာယ**၊ သုံးပါးအပြားရှိသော ပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်း၏။ **အဓိပ္ပေတတ္တာ**၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ အကျယ်ကိုဆိုဦးအံ့။ နာမ ရူပ တဒုဘယ သံမုဋ္ဌဝသေန စ၊ နာမ်၌ တွေဝေသော ပုဂ္ဂိုလ်၊ ရုပ်၌ တွေဝေသောပုဂ္ဂိုလ်၊ နာမ်, ရုပ်နှစ်ပါး၌ တွေဝေသောပုဂ္ဂိုလ်တို့၏ အစွမ်း အားဖြင့်ရင်း။ **တိက္ခ** နာတိတိက္ခ မုဒိန္ဒြိယ ဝသေန စ၊ ထက်သောဣန္ဒြေရှိသော ပုဂ္ဂိုလ်၊ မထက်လွန်းသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်၊ နုသောဣန္ဒြေရှိသော ပုဂ္ဂိုလ်တို့ ၏ အစွမ်းအားဖြင့်ရင်း။ သံခိတ္တ မဇ္ဈိမ ဝိတ္ထာရ ရုစိဝသေန စ၊ အကျဉ်းကို အလို ရှိသောပုဂ္ဂိုလ်၊ အလယ်အလတ်ကို အလိုရှိသောပုဂ္ဂိုလ်၊ အကျယ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်ရင်း။ ဣတိ၊ သို့။ တိဝိဓာ၊ သုံးပါးအပြားရှိကုန်သော။ သတ္တာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ဓာတုယမိုက်ပြီး၏။

---

## သစ္စယမိုက်

### ဂဏ္ဌိစကား ရှင်းလင်းချက်

**မေး**။ ။အဘယ့်ကြောင့် သစ္စာ မည်သနည်း။

**ဖြေ**။ ။မဖောက်မပြန် မှန်သောကြောင့် သစ္စာမည်ပါသည်။

[မှတ်ချက်။ ။မှန်ပုံမှာ ဒုက္ခသစ္စာသည် သတ္တဝါတို့ကို နှိပ်စက်တတ်သော အဖြစ် မြဲသောအားဖြင့် မှန်သည်။သမုဒယသစ္စာသည် ဒုက္ခသစ္စာ၏ အကြောင်း ၏အဖြစ် မြဲသောအားဖြင့် မှန်သည်။ နိရောဓသစ္စာသည် သင်္ခါရတို့၏ ငြိမ်းအေး ရာ၏အဖြစ် မြဲသောအားဖြင့် မှန်သည်။ မဂ္ဂသစ္စာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သည်၏ အဖြစ်မြဲသောအားဖြင့် မှန်ပါသည်]။

နာဗာဓကံ ယတော ဒုက္ခံ၊ ဒုက္ခာ အညံ န ဗာဓကံ။
ဗာဓကတ္တနိယာမေန၊ တတော သစ္စမိဒံ မတံ။ ။
တံ ဝိနာ နာညတော ဒုက္ခံ၊ န ဟောတိ န စ တံ တတော။
ဒုက္ခဟေတုနိယာမေန၊ ဣတိ သစ္စံ ဝိသတ္တိကာ။ ။
နာညာ နိဗ္ဗာနတော သန္တိ၊ သန္တံ န စ န တံ ယတော။
သန္တဘာဝနိယာမေန၊ တတော သစ္စမိဒံ မတံ။ ။
မဂ္ဂါ အညံ န နိယျာနံ၊ အနိယျာနော န စာပိ သော။
တစ္ဆနိယျာနဘာဝတ္တာ၊ ဣတိ သော သစ္စသမ္မတော။

**ဝိဘင်းအဋ္ဌကထာ။**

ယတော၊ အကြင်ကြောင့်။ ဒုက္ခံ၊ သည်။ အဗာဓကံ၊ သတ္တဝါတို့ကို မနှိပ်စက် တတ်သည်။ န ဟောတိ၊ မဖြစ်။ ဒုက္ခာ၊ မှ။ အညံ၊ သော။ ဗာဓကံ၊ နှိပ်စက် တတ်သော တရားသည်။ နအတ္ထိ၊ မရှိ။ တတော၊ ထိုကြောင့်။ ဗာဓကတ္တနိယာ မေန၊ နှိပ်စက်တတ်သောအဖြစ် မြဲသောအားဖြင့်။ ဣဒံ ဤဒုက္ခကို။ သစ္စံ၊ သစ္စာဟူ၍။ မတံ၊ သိအပ်၏။ ။တံ၊ ထိုတဏှာကို။ ဝိနာ၊ ကြဉ်၍။ အညတော၊ တပါးသောအကြောင်းကြောင့်။ ဒုက္ခံ၊ သည်။ န ဟောတိ၊ မဖြစ်။ တတော၊ ထိုတဏှာကြောင့်။ တံ၊ ထိုဒုက္ခသည်၊ န ဟောတိ၊ မဖြစ်သည်ကား။န စ၊ မဟုတ်။ ဣတိ တသ္မာ၊ ကြောင့်။ ဒုက္ခဟေတုနိယာမေန၊ ဒုက္ခ၏အကြောင်း မြဲသောအား ဖြင့်။ ဝိသတ္တိကာ၊ တဏှာကို။ သစ္စံ၊ ၍။ မတံ၊ ၏။ ။နိဗ္ဗာနတော၊ နိဗ္ဗာန်မှ။ အညာ၊ သော။ သန္တိ၊ သင်္ခါရတရားတို့၏ ငြိမ်းရာသည်။ ယတော၊ ကြောင့်။ န အတ္ထိ၊ မရှိ။ တံ၊ ထိုနိဗ္ဗာန်သည်။ သန္တံ၊ သင်္ခါရတရားတို့၏ ငြိမ်းရာသည်။န၊ မဟုတ်သည်ကား။ န စ ဟောတိ၊ မဖြစ်။ တတော၊ ကြောင့်။ သန္တဘာဝ နိယာမေန၊ သင်္ခါရတရားတို့၏ ငြိမ်းအေးရာ၏အဖြစ် မြဲသောအားဖြင့်။ ဣဒံ၊ ဤနိဗ္ဗာန်ကို။ သစ္စံ၊ ၍။ မတံ၊ ၏။ ။မဂ္ဂါ၊ အရိယာမဂ်မှ။ အညံ၊ သော။ နိယျာနံ၊ ဝဋ်ဆင်းရဲမှထွက်မြောက်တတ်သောတရားသည်။ ယတော၊ ကြောင့်၊ န အတ္ထိ၊ မရှိ။သော၊ ထိုအရိယာမဂ်သည်။ အနိယျာနော၊ ဝဋ်ဆင်းရဲမှ မထွက်မြောက်စေ တတ်သော တရားသည်။ နစာပိ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ တစ္ဆနိယျာန

ဘာဝတ္တာ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေခြင်းမြဲသည်၏ အဖြစ်ကြောင့်။ သော၊ ထိုအရိယာမဂ်ကို။ သစ္စသမ္မတော၊သစ္စာဟု သမုတ်အပ်၏။ ။

**မေး။** ။သစ္စာကို အယုတ်အလွန်အားဖြင့် ဟောတော်မမူဘဲ အဘယ်ကြောင့် လေးပါးသာ ဟောတော်မူသနည်း။ ။

**ဖြေ။** ။လေးပါးမှတပါးသော သစ္စာမရှိသောကြောင့်၎င်း၊လေးပါးတို့တွင်လည်း နုတ်ပယ်အပ်သော တရားမရှိသောကြောင့်၎င်း သစ္စာကို အယုတ်အလွန် မဟောဘဲ လေးပါးသာ ဟောတော်မူပါသည်။

**တနည်း။** ။သံသရာဝဋ္ဋဆင်းရဲ၏ဖြစ်ခြင်းပဝတ္တိ၊ ၎င်း၏ဖြစ်ကြောင်းပဝတ္တက၊ ၎င်း၏ဆုတ်နစ်ခြင်းနိဝတ္တိ။ ၎င်း၏ဆုတ်နစ်ကြောင်း နိဝတ္တကတို့ကို အကျိုးအကြောင်းအားဖြင့် ဆက်စပ်ပြလို၍ သစ္စာလေးပါးကို ဟောတော်မူပါသည်။

ကသ္မာ ပန စတ္တာရေဝ အရိယသစ္စာနိ ဝုတ္တာနိ အနူနာနိ အနဓိကာနီတိ စေ။ အညဿာသမ္ဘဝတော။ အညတရဿစ အပနေယျာဘာဝတော။ ။**ဝိဘင်းအဋ္ဌကထာ။**

ကသ္မာ၊အဘယ့်ကြောင့်။ အနူနာနိ၊မယုတ်ကုန်သော။အနဓိကာနိ၊မလွန်ကုန်သော။ စတ္တာရေဝ၊ လေးပါးသာလျှင် ဖြစ်ကုန်သော။ အရိယသစ္စာနိ၊ တို့ကို။ ဝုတ္တာနိ၊သနည်း။ဣတိစေ၊ဤသို့မေးငြားအံ့။ စေဝံသတိ၊သော်။အညဿ၊လေးပါးမှတပါးသောသစ္စာ၏။ အသမ္ဘဝတောစ၊ မဖြစ်သင့်သောကြောင့်၎င်း။ အညတရဿ၊ တပါးပါးသောသစ္စာ၏။ အပနေယျာဘာဝတောစ၊ မပယ်အပ်သည်၏ အဖြစ်ကြောင့်၎င်း(စတ္တာရေဝ ဝုတ္တာနိ)။ ။

အပိစ ပဝတ္တိမာစိက္ခန္တော ဘဂဝါ သဟေတုကံ အာစိက္ခိ။ နိဝတ္တိဉ္စ သဥပါယံ။ဣတိပဝတ္တိနိဝတ္တိတဒုဘယဟေတူနံ တပ္ပရမတော စတ္တာရေဝ ဝုတ္တာနိ။ ။**ဝိဘင်းမူလဋီကာ။**

အပိစ၊တနည်းကား။ ပဝတ္တိံ၊သံသရာဝဋ္ဋဆင်းရဲ၌ ဖြစ်ခြင်းကို။ အာစိက္ခန္တော၊ ကြားတော်မူသော။ ဘဂဝါ၊သည်။ သဟေတုကံ၊အကြောင်းနှင့်တကွ။ အာစိက္ခိ၊ ကြားတော်မူ၏။ နိဝတ္တိဉ္စ၊ သံသရာဝဋ္ဋဆင်းရဲမှ ဆုတ်နစ်ရာကိုလည်း။ အာစိက္ခန္တော၊ သော။ ဘဂဝါ၊ သည်။ သဥပါယံ၊ အကြောင်းနှင့်တကွ။အာစိက္ခိ၏။ ဣတိ၊သို့။ပဝတ္တိနိဝတ္တိတဒုဘယဟေတူနံ၊ သံသရာဝဋ္ဋဆင်းရဲ၌ဖြစ်ခြင်း၊သံသရာဝဋ္ဋဆင်းရဲမှဆုတ်နစ်ခြင်း၊ ထိုနှစ်ပါးတို့၏အကြောင်းတို့၏။ တပ္ပရမတော၊ထိုသို့သော အတိုင်းအရှည်သာရှိသည်၏အဖြစ်ကြောင့်။ စတ္တာရေဝ၊တို့ကိုသာလျှင်။ ဝုတ္တာနိ၊ ကုန်၏။

မေး။ ။ဒုက္ခ၏ အကြောင်းများစွာရှိလျက် အဘယ်ကြောင့် သမုဒယသာ အကြောင်းဟု ဟောပါသနည်း။

ဖြေ။ ။ပြဋ္ဌာန်းသောထူးသော အကြောင်းဖြစ်သောကြောင့် သမုဒယကိုသာ အကြောင်းဟု ဟောပါသည်။

ကသ္မာ ပန အညေသုပိ ဒုက္ခဟေတူသု သန္တေသု တဏှာယေဝ ဒုက္ခသမုဒယောတိ ဝုတ္တောတိ ပဓာနကာရဏတ္တာ။ ကမ္မဝိစိတ္တတာဟေတုဘာဝေန ဟိ ကမ္မဿ သဟာယဘာဝူပဂမနေနစ ဝိစိတ္တတာ ကာရဏတ္တာ တဏှာ ဒုက္ခဿ ဝိသေသကာရဏန္တိ။ ။

**အဘိဓမ္မတ္ထဝိဘာဝနိဋီကာ။**

ပန၊ဆိုဦးအံ့။ ကသ္မာ၊ကြောင့်၊အညေသုပိ၊ ကုန်သော။ဒုက္ခဟေတူသု၊ ဒုက္ခ၏ အကြောင်းတို့သည်။ သန္တေသု၊ ရှိကုန်ပါလျက်။ တဏှာယေဝ၊ ကိုသာလျှင်။ဒုက္ခသမုဒယောတိ၊ ဒုက္ခ၏အကြောင်းဟူ၍။ ဝုတ္တော၊နည်း။ ဣတိ၊ ဤကားအမေးတည်း။ပဓာနကာရဏတ္တာ၊ပြဋ္ဌာန်းသောအကြောင်းဖြစ်သောကြောင့်တည်း။ ။ ဟိသစ္စံ၊ မှန်၏။ ကမ္မဝိစိတ္တတာဟေတုဘာဝေန စ၊ ကံဆန်းကြယ်သည်၏ အဖြစ်၏ အကြောင်း၏ အဖြစ်ဖြင့်ရင်း။ ကမ္မဿ၊၏။ သဟာယဘာဝူပဂမနေနစ၊ အပေါင်းအဘော်၏အဖြစ်သို့ကပ်ရောက်သည်၏ အဖြစ်ဖြင့်ရင်း။ ဝိစိတ္တတာ ကာရဏတ္တာ၊ ဆန်းကြယ်သောအကြောင်း၏အဖြစ်ကြောင့်။ တဏှာ၊သည်။ ဒုက္ခဿ၊ ၏။ ဝိသေသကာရဏံ၊ ထူးသောအကြောင်းတည်း။ ဣတိ၊ ဤကား အဖြေတည်း။ ။

## သစ္စာအနက် တဆဲ့ခြောက်ချက်

ဒုက္ခဿ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော။ ဣမေ စတ္တာရော ဒုက္ခဿ ဒုက္ခဋ္ဌာ တထာ အဝိတထာ အနညထာ။ ။သမု-ဒယဿ အာယူဟနဋ္ဌော၊နိဒါနဋ္ဌော၊ သံယောဂဋ္ဌော၊ ပလိဗောဓဋ္ဌော။ ပ။ နိရောဓဿ နိဿရဏဋ္ဌော၊ ဝိဝေကဋ္ဌော၊ အသင်္ခတဋ္ဌော၊ အမတ-ဋ္ဌော။ပ။ မဂ္ဂဿ နိယျာနဋ္ဌော၊ ဟေတွဋ္ဌော၊ ဒဿနဋ္ဌော၊ အဓိပတေ-ယျဋ္ဌော။ ဣမေ စတ္တာရော မဂ္ဂဿ မဂ္ဂဋ္ဌာ တထာ အဝိတထာ အန-ညထာ။ ။**ဝိဘင်းအဋ္ဌကထာ။**

ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ နှိပ်စက်ခြင်းအနက်။ သင်္ခတဋ္ဌော၊ အကြောင်းတရားတို့သည်ပြုပြင်အပ်သောအနက်။ သန္တာပဋ္ဌော၊ ပူပန်စေတတ်သောအနက်။ ဝိပရိဏာမဋ္ဌော၊ ဖောက်ပြန်သောအနက်။ ဣတိ၊ သို့။ စတ္တာရော၊

ကုန်သော။ ဒုက္ခဿ၊ ၏။ ဒုက္ခင္ဟော၊ ဒုက္ခ၏ အနက်တို့သည်။ တထာ၊ မှန်ကုန်၏။ အဝိတထာ၊ မချွတ်ယွင်းကုန်။ အနညထာ၊ တပါးသော အခြင်းအရာဖြင့်မဖြစ်ကုန်။ ။သမုဒယဿ၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌော၊ ဒုက္ခသစ္စာကို ဖြစ်စေခြင်းအနက်။ နိဒါနဋ္ဌော၊ ဒုက္ခ၏ အကြောင်းရင်းဖြစ်သောအနက်။ သံယောဂဋ္ဌော၊ ဝဋ္ဋဆင်းရဲနှင့်ယှဉ်စေခြင်းအနက်။ ပလိဗောဓဋ္ဌော၊ မဂ်ဖိုလ်ကို တားမြစ်တတ်သောအနက်။ပ။ နိရောဓဿ၊ နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊ ဝဋ္ဋဆင်းရဲမှထွက်မြောက်ရာ ဖြစ်သောအနက်။ ဝိဝေကဋ္ဌော၊ သင်္ခါရတရားတို့၏ ဆိတ်ရာဖြစ်သောအနက်။ အသင်္ခတဋ္ဌော၊ အကြောင်းတရားတို့သည် မပြုပြင် အပ်သောအနက်။ အမတဋ္ဌော၊ စုတေခြင်းမရှိသောအနက်။ပ။ မဂ္ဂဿ၊ မဂ္ဂ သစ္စာ၏။နိယျာနဋ္ဌော၊သံသရာဝဋ္ဋဆင်းရဲမှထွက်မြောက်ခြင်းအနက်။ဟေတွဋ္ဌော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအနက်။ ဒဿနဋ္ဌော၊ နိဗ္ဗာန်ကိုမြင်ခြင်း အနက်။ အဓိပတေယျဋ္ဌော၊ သမ္ပယုတ်တရားတို့ကို အစိုးရခြင်းအနက်။ဣတိ၊ သို့။ စတ္တာရော၊ ကုန်သော။ မဂ္ဂဿ၊ ၏။ မဂ္ဂဋ္ဌာ၊ တို့သည်။ တထာ၊ ကုန်၏။ အဝိ-တထာ၊ ကုန်။ အနညထာ၊ ကုန်။

ဩဠာရိကတ္တာ သဗ္ဗသာဓာရဏတ္တာစ သုဝိညေယျန္တိ ဒုက္ခသစ္စံ ပဌမံ ဝုတ္တံ၊တဿေဝ ဟေတုဒဿနတ္ထံ တဒနန္တရံ သမုဒယသစ္စံ၊ ဟေတုနိရောဓာ ဖလနိရောဓောတိ ဉာပနတ္ထံ တတော နိရောဓသစ္စံ၊ တဒဓိဂမူပါယဒဿ နတ္ထံ အန္တေ မဂ္ဂသစ္စံ။ **။ဝိဘင်းအဋ္ဌကထာ။**

ဩဠာရိကတ္တာစ၊ ရုန့်ရင်းသည်၏ အဖြစ်ကြောင့်၎င်း။ သဗ္ဗသာဓာရဏတ္တာစ၊ အလုံးစုံသော သတ္တဝါတို့အား ဆက်ဆံသည်၏အဖြစ်ကြောင့်၎င်း။ သုဝိညေယျံ၊ သိလွယ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဒုက္ခသစ္စံ၊ ကို။ ပဌမံ၊ စွာ။ ဝုတ္တံ၊ ၏။ တဿေဝ၊ ထိုဒုက္ခသစ္စာ၏သာလျှင်။ ဟေတုဒဿနတ္ထံ၊ အကြောင်းကိုပြခြင်းငှါ။ တဒနန္တရံ၊ ထိုဒုက္ခသစ္စာ၏အခြားမဲ့၌။ သမုဒယသစ္စံ၊ ကို။ ဝုတ္တံ၊ ၏။ ဟေတု နိရောဓာ၊ အကြောင်း၏ချုပ်ခြင်းကြောင့်။ ဖလနိရောဓော၊ အကျိုး၏ချုပ် ခြင်းသည်။ ဟောတိ ၏။ ဣတိ၊ သို့။ ဉာပနတ္ထံ၊ ငှါ။ တတော၊ မှ။ နိရောဓ သစ္စံ၊ ကို။ ဝုတ္တံ၊ ၏။ တဒဓိဂမူပါယဒဿနတ္ထံ၊ ထိုနိရောဓသစ္စာကိုသိရခြင်း၏ အကြောင်းကိုပြခြင်းငှါ။ အန္တေ၊ အဆုံး၌။ မဂ္ဂသစ္စံ၊ ကို။ ဝုတ္တံ၊ ၏။

တတ္ထ ကိဥ္စာပိ ဒုက္ခဒုက္ခံ သင်္ခါရဒုက္ခံ ဝိပရိဏာမဒုက္ခန္တိ တီသုပိ ဒုက္ခ သဒ္ဒေါ ပဝတ္တတိ။ သောပန ဒုက္ခဒုက္ခတော အညတ္ထ ပဝတ္တမာနော အည နိရပေက္ခော န ပဝတ္တတီတိ။ သုဒ္ဓဋ္ဌေတ္ထ ဒုက္ခပဒံ အညနိရပေက္ခံ ဂဟေတွာ ပဏ္ဏတ္တိသောခနံ ကရောတိ။ တေန နိပ္ပရိယာယတော ဒုက္ခ သဘာဝတ္တာ ဧဝ ယံ ဒုက္ခဒုက္ခံ တသ္မိံ ဒုက္ခဒုက္ခေ သော ဒုက္ခသဒ္ဒေါ။ ။

**ဝိဘင်းမူလဋီကာ။**

ဒုက္ခဒုက္ခံ၊ ဒုက္ခဒုက္ခရင်း။ သင်္ခါရဒုက္ခံ၊ သင်္ခါရဒုက္ခရင်း။ ဝိပရိဏာမဒုက္ခံ၊ ဝိပရိဏာမဒုက္ခရင်း။ ဣတိ၊ သို့။ တိသုပိ၊ သုံးပါးသောဒုက္ခတို့၌လည်း။ ဒုက္ခသဒ္ဒေါ၊ ဒုက္ခသဒ္ဒါသည်။ ကိစ္စာပ် ပဝတ္တတိ၊ အကယ်၍ကားဖြစ်၏။ (ဇာတိပိ ဒုက္ခာတိ အာဒိနာ၊ နည်းဖြင့်လည်း။ ဇာတိအာဒီသု၊ ဇာတိဒုက္ခစသည်တို့၌။ ကိစ္စာပိ ပဝတ္တတိ၊ ၏)။ ပန၊ ထိုသို့ပင်ဖြစ်သော်လည်း။ သော၊ ထိုဒုက္ခသဒ္ဒါသည်။ ဒုက္ခဒုက္ခတော၊ ဒုက္ခဒုက္ခမှ။ အညတ္ထ၊ တပါးသောဒုက္ခတို့၌။ ပဝတ္တမာနော၊ ဖြစ်သည်ရှိသော်။ အညနိရပေက္ခော၊ သင်္ခါရစသောပုဒ်တပါးကိုငဲ့ခြင်းကင်းသည်ဖြစ်၍။ နပဝတ္တတိ၊ မဖြစ်။ ဧတ္ထ၊ ဤပဏ္ဏတ္တိဝါရ၌။ သုဒ္ဓံ၊သက်သက်သော။ ဒုက္ခပဒံ၊ ဒုက္ခဟူသောပုဒ်ကို။ အညနိရပေက္ခံ၊ သင်္ခါရစသောပုဒ်တပါးကိုငဲ့ခြင်းကင်းသည်ကို။ ဂဟေတွာ၊ ၍။ ပဏ္ဏတ္တိသောခန်၊ ပညတ်ကိုသုတ်သင်ခြင်းကို။ ဘဂဝါ၊ သည်။ ကရောတိစ၊ ပြုလည်း ပြုတော်မူ၏။ တေန၊ ထို့ကြောင့်။ နိပ္ပရိယာယတော၊ မုချအားဖြင့်။ ဒုက္ခသဘာဝတ္တာဝေ၊ ဒုက္ခသဘောရှိသည် ဖြစ်၍သာလျှင်။ယံဒုက္ခဒုက္ခံ၊ သည်။ အတ္ထိ၊ ၏။ တသ္မိံ ဒုက္ခဒုက္ခေဝ၊ ၌သာလျှင်။ သေ ဒုက္ခသဒ္ဒေါ၊ သည်။ ပဝတ္တတိ၊ ဖြစ်၏။ ။

ဋ္ဌတရမ္ပန အရိယသစ္စဒွယံ သိယာ ဒုက္ခံ အနိစ္စတော။ န ပန ယဿ ပရိညာယ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ။ တထဋ္ဌေန သဗ္ဗာကာရေန ပန ဉပါဒါနက္ခန္ဓပဥ္စကံ ဒုက္ခဋ္ဌေဝ အရိယသစ္စဥ္စ၊ အညတြ တဏှာယ မဂ္ဂသမ္ပယုတ္တာ ဓမ္မာ သာမညဖလာနိစ ယဿ ပရိညတ္တံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ။တထဋ္ဌေန နေဝ ဒုက္ခံ န အရိယသစ္စံ။ ။

**ဝိဘင်းအဋ္ဌကထာ။**

ဋ္ဌတရံ၊ ဤမှတပါးသော။ အရိယသစ္စဒွယမ္ပန၊ သမုဒယသစ္စာ မဂ္ဂသစ္စာ နှစ်ပါးတို့၏ အပေါင်းသည်ကား။ အနိစ္စတော၊ အနိစ္စဖြစ်သောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်သည်။ သိယာ၊ ဖြစ်ရာ၏။ ယဿ၊ အကြင်အရိယသစ္စာကို။ ပရိညာယ၊ ပိုင်းခြား၍သိစေခြင်းငှါ။ ဘဂဝတိ၊ မြတ်စွာဘုရားအထံတော်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ သုံး၏။ တထဋ္ဌေန ပန၊ ထိုပရိညာကိစ္စ၏ အဖြစ်အားဖြင့်ကား။ နအရိယသစ္စံ၊ အရိယသစ္စာမမည်။ သဗ္ဗာကာရေနပန၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်ကား။တဏှာယ၊ တဏှာကို။ အညတြ၊ ၍။ဉပါဒါနက္ခန္ဓပဉ္စကံ၊ ဉပါဒါနက္ခန္ဓာငါးပါးတို့၏ အပေါင်းသည်။ ဒုက္ခဋ္ဌေဝ၊ လည်းမည်၏။ အရိယသစ္စဥ္စ၊ လည်းမည်၏။ မဂ္ဂသမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်ရင်း။ သာမညဖလာနိစ၊ ကိုသည်ရင်း။ ယဿ၊ အကြင်အရိယသစ္စာ၏။ ပရိညတ္တံ၊ ငှါ။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုဿတိ၊၏။ တထဋ္ဌေန၊ ထိုပရိညာကိစ္စ၏ အဖြစ်အားဖြင့်။ နေဝဒုက္ခံ၊ လည်းမမည်။ နအရိယသစ္စံ၊ လည်းမမည်။

အဝသေသံ ဒုက္ခသစ္စန္တိ ဒုက္ခဝေဒနာယ စေဝ တဏှာယ စ ဝိနိမုတ္တာ တေဘူမကဓမ္မာ ဝေဒိတဗ္ဗာ။ ။**ယမိုက်အဋ္ဌကထာ**။

အဝသေသံ ဒုက္ခသစ္စန္တိ၊ ကား။ ဒုက္ခဝေဒနာယစေဝ၊ ဒုက္ခဝေဒနာမှုရင်း။ တဏှာယစ၊ တဏှာမှုရင်း။ ဝိနိမုတ္တာ၊ လွတ်ကုန်သော။ တေဘူမကဓမ္မာ၊ ဘုံသုံးပါး၌ဖြစ်သော တရားတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ။

မဂ္ဂသဒ္ဒေါစ ဖလင်္ဂေသု မဂ္ဂဖလတ္တာ ပဝတ္တတိ။ နမဂ္ဂကိစ္စသဗ္ဘာဝါ။ ပရိနိဋ္ဌိတနိယျာနကိစ္စာနိ ဟိ တာနိ။နိယျာနဝါစကော စေတ္ထ မဂ္ဂသဒ္ဒေါ နနိယျာနဖလဝါစကော။ ။**ယမိုက်မူလဋီကာ**။

မဂ္ဂသဒ္ဒေါစ၊ မဂ္ဂသဒ္ဒါသည်လည်း။ ဖလင်္ဂေသု၊ သမ္မာဒိဋ္ဌိစသော သာမညဖလအင်္ဂါတို့၌။ မဂ္ဂဖလတ္တာ၊ မဂ်၏အကျိုးဖြစ်သောကြောင့်။ ပဝတ္တတိ၊ ဖြစ်၏။ မဂ္ဂကိစ္စသဗ္ဘာဝါ၊ မဂ်၏ကိစ္စထင်ရှားရှိခြင်းကြောင့်။ နပဝတ္တတိ၊ ဖြစ်သည်မဟုတ်။ ဟိသစ္စံ၊ မှန်၏။ တာနိ၊ ထိုသာမညဖလအင်္ဂါတို့သည်။ ပရိနိဋ္ဌိတနိယျာနကိစ္စာနိ၊ ပြီးပြီးသော သံသရာဝဋ်မှ ထွက်မြောက်ခြင်းကိစ္စရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤသစ္စယမိုက်၌။ မဂ္ဂသဒ္ဒေါ၊သည်။နိယျာနဝါစကော၊ သံသရာဝဋ်မှ ထွက်မြောက်တတ်သော အနက်ကိုဟောသည်။ ဟောတိ၊ ၏။ နိယျာနဖလဝါစကော၊ သံသရာဝဋ်မှ ထွက်မြောက်တတ်သောတရား၏ အကျိုးဟူသော အနက်ကိုဟောသည်။ နဟောတိ၊ မဖြစ်။

